



www.burmeseclassic.com
ဒါကိုတာ လေယာဉ်ပျံနှင့် ပြန်ရှဲပါလာသော
ပြည်ထောင်စုဘဏ်မှ ဦးဦးကျော်ထွန်းအား
သတင်းထောက်များ ဝိုင်းအုံကာ မေးနေကြ
Regd. No. 11 Telegrams "Hanthawaddy"
Box No. 777 Telephone No. South 266
HANTHAWADDY
SATURDAY 25 JUNE 1954
၁၉၅၄–ခုနှစ်အတွင်းက ဝေဟင်ခရီး၌
လေယာဉ်စီး၍ ဂျင်ဝဝစီ ဓားပြတိုက် - တာ(၄၁)
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်း

㊕ မောင်မောင်မြင့်အား စီစဉ်မွမ်းမံတည်းဖြတ်သည်။


## အယ်ဒီတာအဖွဲ့

ဦးသန့်

နန္ဒာမိုးကြယ်

ကေလတ်

## ထုတ်ဝေသူ

ဒေါ်ပြုံး(မြဲ-၀၂၉၆၀)

အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

## ပုံနှိပ်သူ

ဝင်းထွန်းပုံနှိပ်တိုက်(မြဲ-၀၄၈၃၉)

အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

**အယ်ဒီတာအဖွဲ့ နှင့် ဖြန့်ချိရေး**

**လာဘ်မိုးစွေစာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၁



BURMESE CLASSIC

## ဒို့တာဝန်အရေး သုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့ သဘောထား

- ပြည်ပအားကို ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုး တက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင် ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာ ရည် မြင့်မားရေး။


www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ရဲအာရာဂိုတာဦး တည်ထောင်ခဲ့သည်။

# မြစ်မှ

မဂ္ဂဇင်း

# မာတိကာ

BURMESE CLASSIC .com

၂၀၁၃ ခုနှစ်၊ ဧပြီလ၊ အမှတ် (၂၁၁)

## ကဗျာ မြစ်မှ

မြိုးထိန်၊ ရဲမြင့်နောင်၊ မြတ်နိုးဆု(တမာမြေ)၊ ပုသိမ်မောင်ကြေးရည်၊ မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)၊ ပုသိမ်မောင်သောင်းယဉ်၊ လှုပြုံးနိုင်(မန္တလေး)၊ မင်းထက်သားညီ(တောင်ငူ)။

## ကာတွန်း မြစ်မှ

မြေဇာ၊ သူရိန်၊ ရန်ကြီးအောင်၊ ကိုငယ်၊ စိုးလွင်အောင်၊ မြင့်သန်း(မင်္ဂလာဒုံ)၊ သိမ်းထွဋ်။ HMW(Myanmar)။

## စာပေသုခမ သတင်းလွှာ

မြစ်မှစာအုပ်စင်
ကသာဝိနီ ---------- ၂၅
သုခမသတင်းလွှာ
အမ်ကော ---------- ၂၇

## အခန်းဆက် ရသမြစ်မှ

ထောင်မှူးများ အလိုရှိသည်(၇၃)
ဗဟိုစော ---------- ၆၂
သိဒ္ဓိရှင်နေအေး(၃)
ကျော်မြသန်း ---------- ၇၂
ကျားပွဲနှင့် ကြံ့လိုက်ပွဲ(၄)
ဖိုးကျော ---------- ၈၆
တန်းမြင့်ဂျင်(၆)
ပဥ္စလက် ---------- ၉၄
နဂါးမင်းသမီးနှင့် ကြင်ယာတော် ရန်ဘက်ချစ်သူ(၄)
ဂန္ဓာရီမောင်မောင် ---------- ၁၀၄
မောင်အေးချမ်း မိန်းမခိုးစဉ်က(၂)
မင်းပဲ့နှန်းထိပ် ---------- ၁၂၂
ဒရုံးသမားရဲ့အောင်ပွဲ(ဇာတ်သိမ်း)
ကာတွန်းကြည်ဝင်း ---------- ၁၃၆

## ရယ်စရာ မြစ်မှ

မြစ်မှုဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ---------- ၂၉

www.burmeseclassic.com

www.burmeseclassic.com

## ရသ ပြစ်မှု

**မုဆိုးနှင့် သားကောင်**
ခင်မောင်အေး(မြနန္ဒလေး) ---------- ၄၆
**ရေလောင်းမိသော အဆိပ်ပင်**
ဝင်းသောင်(ရမည်းသင်း) ---------- ၁၁၆
**လျှို့ဝှက်သည်းဖိုဆန်တဲ့ပြစ်မှု**
ကျော်မင်းနိုင် ---------- ၁၃၄
**မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ**
တောင်တွင်းတင်အေး ---------- ၁၄၈
**ကံဇာတာ ရပ်စေချိန်မို့လား**
ဝေအိုကို ---------- ၁၅၄
**အတုံးလိုက်သည်**
ဘုန်းဝေ ---------- ၁၅၈
**အလွတ်စုံထောက်မြဒင်နှင့် မာယာရှင်**
ဇော်မော်လင်း ---------- ၁၆၆
**သပေါင်းခြောက်ဆယ်ကြာ ဘီလူးကျွန်းမှာ**
မြသိန်း ---------- ၂၀၂
**ဟောဝန်မြို့တန်း လွမ်းအောင်ဖန်**
လေးမောင် ---------- ၂၀၈
**သကြိန်ရေလား မျက်ရည်လား**
အေးရွှေ(ကေတုမတီ) ---------- ၂၃၂
**သဖန်းပုတ်တောမှာ…တစ်ညတာ**
စောထူးပွဲ ---------- ၂၄၄
**မြွတ်တောမှာ တောင်ပံကြွေ**
ညွှားဦး(အိမ်မဲ) ---------- ၂၅၂
**ပီတောက်ရဲ့ ဆုတောင်းများ**
ကိုဖိုးတင်အောင် ---------- ၂၅၈
**ောင်တန်းပြာနဲ့ ဂုဏ်**
တော်ရေချမ်း(သန်လျင်) ---------- ၂၆၂
**ောင်တမျက်ရည်**
ောင်ထည်ဝါ(ပျော်ဘွယ်) ---------- ၂၆၆

## နိုင်ငံရပ်ခြားသတင်း ပြစ်မှု

**အမျိုးသမီး သုံးဦးကို သတ်ခဲ့သည့် တရားခံ**
မောင်ကောင်းယဉ် ---------- ၉၅
**ဆရာဝန် မညွှန်ဘဲ ပိန်ဆေးစားသူ သေဆုံးသွား**
ဦးဦးသိန်း ---------- ၁၀၁
**အချစ်အတွက်ကြောင့် ရာထူးမှ နှုတ်ထွက်သွားသော ထောက်လှမ်းရေး အကြီးအကဲ**
ဦးဦးသိန်း ---------- ၁၀၃
**ကဗျာနှင့် ကံကြမ္မာ ဆယ်ကျော်သက်နှင့် မိဘနှစ်ပါး**
မောင်မဟာ ---------- ၁၀၅
**တစ်ဦးသေဆုံး ၁၄ ဦး ဒဏ်ရာရသည့် ထိုင်းမီးရထား**
မောင်ကောင်းယဉ် ---------- ၁၆၂
**ရာထူးအရှိန်အဝါသုံးကာမသောင်းကျန်းခဲ့သည့်**
ညိုမင်းလွင်(မော်ကျွန်း) ---------- ၁၆၂
**တစ္ဆေနှင့် ပက်ပင်းတိုးသည့် USA စတား**
ညိုမင်းလွင်(မော်ကျွန်း) ---------- ၂၃၀
**မွမ်ဘိုင်းအကြမ်းဖက်သမားကို ကွပ်မျက်လိုက်ပြီ**
မောင်မောင်စန်းထွေး ---------- ၂၄၀
**သစ်ပင်ပေါ်ရောက်နွားကို ကယ်တင်ခဲ့သည့် မီးသတ်အဖွဲ့**
ညိုမင်းလွင်(မော်ကျွန်း) ---------- ၂၄၀

## တစ်မျက်နှာ ပြစ်မှု

**ရင်ထဲကာမီး**
မြတ်စော(အင်းစိန်) ---------- ၃၃
**ဒေါက်တာရဲနိုင်**
ချိုသာ ---------- ၃၄
**ကြိုးပျော့**
ပိုက်မင်းဝေ ---------- ၃၅
**ကိုယ့်ဝမ်းနာ ကိုယ်သာသိ**
ကိုကိုအောင်(မြကန်သာ) ---------- ၃၆
**ပန်းပိတောက်လေး သိပါစေ**
ကိုဖိုးတင်အောင် ---------- ၃၆
**သူခိုး**
မောင်မြင့်မား(ဘိုကလေး) ---------- ၃၅
**လုပ်ပိုင်ခွင့်**
ရှစ်ခွင်ကျော်(ဖောင်တော်သီ) ---------- ၃၅

www.burmeseclassic.com

www.burmeseclassic.com


တွက်နည်းများနှင့်လူ
မောင်မြင့်အောင် ------------------------- ၁၆၅
မိဘနဲ့ သားသမီး
ထက်အောင်ထူး ------------------------- ၁၈၅
မွေးနေ့လက်ဆောင်
အသခ်ယာ ------------------------- ၂၁၁
ကျင့်သား
ဝိုက်မင်းဝေ ------------------------- ၂၁၇


## ဥပဒေ ပြစ်မှု

BURMESE CLASSIC .com


သူ့စည်း ကိုယ့်စည်း
လင်းမြင့်(ဥပဒေ) ------------------------- ၃၆
လ.ဝ.က ညီနောင်များနှင့် ဇနီးမောင်နှံစုံများ
မြတ်မင်း ------------------------- ၅၂
ဥပဒေရေးရာ သုတအဖြာဖြာ
စလင်း-ဦးအောင်သိန်း ------------------------- ၅၇
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
ဦးစောလှိုင် ------------------------- ၆၈
ရာဇဝတ်ပြစ်မှုဥပဒေနှင့် မကင်းသော လက်ဆွဲမှု
ကေတီ-အောင်သိန်း ------------------------- ၁၆၃
ပြစ်မှုနှင့် ကာလစည်းကမ်းသတ်ပြဿနာ
ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ) ------------------------- ၁၇၃
ခြောက်လှန့်တောင်းယူမှုဆိုင်ရာ ဥပဒေများ
ဝသုန်ဟိန်းထက် ------------------------- ၂၄၂


## နိုင်ငံရပ်ခြား ရာဇပြစ်မှု


အဝတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
လှမိုး(ပညာရေး) ------------------------- ၈၁
အသားထဲက...လောက်
မာန်သစ်နီ ------------------------- ၁၈၆
ရွှေရောင်လွှမ်းတဲ့ မဟာ့ရာတစ်ပွင့်
နန်းထိုက်စိုး(နိုင်ငံခြားဘာသာသိပ္ပံ) ------------------------- ၁၉၄
လျှပ်တစ်ပြက်တိုက်ကွက်
ဘနင်း(မြန်မာပြည်) ------------------------- ၂၀၆


## မျက်နှာဖုံးအထူးဆောင်းပါး ပြစ်မှု


၁၉၅၄-ခုနှစ်အတွင်းက ဝေဟင်ခရီး၌ လေယာဉ်စီး၍
၇၂၄၀၀ဝိ/ ဓားပြတိုက် ------------------------- ၄၁
နိုင်ငံတော်အစိုးရ လေကြောင်းသယ်ယူပို့ဆောင်ရေးဌာန ပိုင်
လေယာဉ်ပေါ်မှ ငွေ ၇ သိန်း လုယူမှု ------------------------- ၄၃


## ဗေဒင် ပြစ်မှု


သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာ စောယုနွယ် ------------------------- ၂၇၂



အယ်ဒီတာအဖွဲ့နှင့် ကြော်ငြာဖြန့်ချိရေး

**လာဘ်မိုးငွေ စာပေ**

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၁၀၀ ကျပ်



မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - DEEP BLUE၊ မယ်(DOVE)
အလင်းရောင်၊ မယု(သင်းနိုင်)၊
အောင်မျိုးသန့်၊ Glory၊ တင်မိုးနိုင်
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း။
အတွင်းပန်းချီ - ကျော်ဦး။ K.N၊ ကျော်ဝင်းမောင်၊
ဖိုးအောင်၊ သန့်ဇော်သစ်၊ စကျွဲ၊
မောင်ဇော်၊ အောင်နိုင်လတ်၊ ပညတ်၊
ညီညီလွင်။


www.burmeseclassic.com

www.burmeseclassic.com




ဟော့...လာစမ်း ဝက်ဝံကောင်
လာခဲ့စမ်း၊ မင်းနဲ့ငါ
တစ်ပွဲတစ်လမ်း စမ်းကြရအောင်
ကိုင်း...ဖေ့သားကွ"

ခင်မောင်အေး(မန္တလေး) -------- ၄၆



"ဟိုလေ...အပြင်မှာ
သတင်းတွေအမျိုးမျိုး ထွက်နေတာကွယ့်
တင်မောင်ဦးကို
သတ်ပစ်လိုက်ပြီ ဆိုပြီးတော့လေ"

ဗဟိုဓော ---------------- ၆၂



"မှန်ပါ့ဘုရား
တပည့်တော်အတွက်
သိပ်တာဝန်လေးမှာစိုးလို့
တပည့်တော် စုလို့လုပ်ရတာပါဘုရား"

ကျော်မြသန်း ---------- ၇၂



"ဒီမှာ ညအိပ်ရမယ် ဆာဂျင်ကြီး
သေချာ ဒီမှာကြည့်
ကျွဲလင်မယား
မြူးတူးတိုက်ခိုက်သွားကြတာ"

မိုးကျော ---------------- ၈၆


www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့
လုပ်ကို မလုပ်ချင်လို့ပေါ့
ဒါမျိုး...
ဝါသနာမပါဘူး ကိုယ့်လူ"
ပဥ္စလက် -------------- ၉၅



"ကဲ...ကဲ
အကျွန်ုပ် ကိုယ်ရောင်ဖျောက်လိုက်ရင်
အကျွန်ုပ်ကို
ရှာတွေ့နိုင်ပါ့မလား"
ဂန္ဓာရီမောင်မောင် -------- ၁၀၅



"ဒါနဲ့...
မောင်မိုး ကိုထွန်းတင်ကို
သတ်ပစ်ရလောက်အောင်
ဘာနာကျည်းချက်တွေ ရှိလဲဟင်"
ဝင်းသောင်(ရမည်းသင်း) --- ၁၁၆



"ကဲ...ပုကြီး
မောင်လှတင်ကတော့
ပြန်ပေါင်းချင်သတဲ့၊
နင့်ဘက်က ဘယ်လိုလဲ ဆိုစမ်းပါဦး"
မင်းဟိန်းထိပ် ----------- ၁၂၂

www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ဘာကွ
မင်းတို့က ဆရာကြီးနဲ့ ဝါကိုပါ
တိရစ္ဆာန်ဖြစ်အောင်
ပြောလိုက်တာလား"

ကျော်မင်းနိုင် ------------ ၁၃၅



BURMESE CLASSIC .com

"ဟုတ်ကဲ့ပါ ဆရာ
ကျွန်တော် မှန်တာပြောပါ့မယ်၊
ကျွန်တော်တို့နှစ်ယောက်က
သယ်ပေးရတဲ့ လူတွေပါ"

ဟောင်ကျွင်းဟင်ဒေး---------- ၁၅၈



"ယောက်ျား
အိမ်ရှေ့မယ် ရဲတွေရောက်နေတယ်တော့
တော်ကို မေးနေတယ်၊
ထစမ်းပါဦး"

ဝေဒီကို ------------- ၁၇၅



ည ဆယ်နာရီထိုးပြီ၊
ရတဲ့ငွေ ခြောက်ထောင်က
ထပ်ပြီးတိုးမလာသေးဘူး။
စိတ်တွက်နဲ့ တွက်ကြည့်သေးတယ်။

ဘုန်းဝေ -------------- ၁၇၈

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို
ပုလိပ်အင်စပက်တော်ဆိုတာ
ပတ်ဝန်းကျင်က လူတွေက
သိနေကြလို့ဗျ"

ဇော်မော်လင်း ---------- ၁၆၆



"ဟဲ့...မိမိ၊ လူမှားနေပြီ၊
အဲဒီမမဟာ မိမို့ကို
ဆရာဝန်ဆီ ပို့ခဲ့တဲ့
မမမြိုင်လေ..."

BURMESE CLASSIC .com

ကာဖျွန်းကြည်ဝင်း ---------- ၁၇၆



ဒေသတွင်း
အုတ်ဖုတ်မီးဖိုထဲတွင်
လူများစွာကို အရှင်လတ်လတ်
မီးဖုတ်သတ်ခဲ့ကြပါသည်။

မာန်သစ်နိုး ------------- ၁၈၆




"ဟော့...ဒီမှာတွေ့လား
မင်းအရိုးတွေ ဖုံးသွားအောင်လို့
ငါ စပါယ်ရှယ်အသားတွေ
ထည့်ယူလာတယ်"

နန်းထိုက်ခိုး(နိုင်ငံခြားဘာသာသိမ့်) --- ၁၉၆

www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ဝါငေါ် မဝါငေါ်

ဖြိုးထိန်

* ခင်ရေ ...
မတွေ့မမြင်ရလေ
တွေ့ချင်လေပဲ
မင်းနဲ့ကြွေခဲ့ရတဲ့
နွေနှောင်းညတွေကို သတိရတယ် ...။

* ကြာခဲ့ပြီ ...
တစ်ခါက
သာယာဝတီငရဲခန်းများ
ဖြတ်သန်းရတဲ့အခါ
ဘုံရိပ်သာမှာ
ဝါဆိုခဲ့စဉ်တုန်းကပေါ့ ...။

* ဟိုအဝေးက
နီးထနေတဲ့ တောင်တန်းများ
စိမ်းမြမြတောတန်းများ
တောင်ကျချောင်းများ
လယ်ကွင်းပြင်များ
မြင်ကွင်းများကား
နေ့စဉ်ဝင်းပ ဖြားယောင်းကြ ...။

* အဲဒီမှာ
ဟိုတုန်းက
ရေဒီယိုမရှိ
တီဗွီမရှိ
သတင်းစာမရှိ
ဂျာနယ်မဂ္ဂဇင်းမရှိ
ကဗျာဆိုင်မရှိ
သေတင်းကုပ်မရှိ
ဟိုတယ်မရှိ
တည်းခိုခန်းမရှိ

မရှိ
မရှိ
မရှိ ...။

* သာယာဝတီ မှော်ရုံတောမှာ
ချစ်သူကိုယ်စား
ပိတောက်ကိုရှာ
ဘယ်မှာမှမတွေ့
တမြေ့မြေ့ကြေကွဲ
ငှက်မဲ့နွေထဲမှာ
ကြေကွဲသစ်ပင် ဝတ်လစ်စလစ် ...။

* ပိတောက်ချစ်သူမှာ
ဖော်ကွဲဥသြငှက်ပမာ
နွေကိုကြိုဆိုတမ်းတ
နှမ်းလျှအိမ်လွမ်းနှာ
နွေနှောင်းညဦးသံသရာ ...။

* ခင်ရေ ...

www.burmeseclassic.com



# အိပ်မက်ထဲက အဝါရောင်ပန်းချီကား

ရဲမြင့်နောင်

* မနိုင်ရက်ပါဘူးလေ ...
ထူးခြားဆန်းကြယ်စွာ ရင်တံဆိပ်ခတ်နှိပ်ခဲ့ရတဲ့
အိပ်မက်ပန်းချီကားတစ်ချပ်
ဆေးသားအဝါရောင်နဲ့ လွှမ်းခြုံလို့
အုံ့မခန်း တသသစွဲမက်နေတုန်းမှာ
ဝရုန်းသုန်းကားနဲ့ ခုတ်ချက်ခါချလိုက်တဲ့
အဝါရောင်ဆေးပြောက်ဆေးစက်တွေက
ဒီတစ်စ ဟိုတစ်ကွက်ဖြစ်လို့
ရက်ရက်စက်စက် ပြန့်ကျဲထွက်ကျနေကြတယ်။

* တမေ့တမောနဲ့တော့ တပ်မက်လိုချင်ခဲ့ပါရဲ့
ဒါပေမဲ့ သူကလည်း သူ့နေရာသူနေ
ကိုယ်ကလည်း ကိုယ့်ခြေရာကိုယ်နေလို့
တွေဝေတိမ်းမူး မျှော်လွင့်ခဲ့ရရှာတဲ့
ဝါကျင့်ကျင့် ရွက်ကြွေတွေအတွက်
'လက်ဆေးမိုး'ကတော့ စေတနာထားရွာချပေးပါတယ်
'အခါမဲ့မိုး'စိုစိုမှာ ငြိုးသလိုဖြစ်သွားတာကြောင့်
လန်းပြာဝေရမယ့်အစား
ပန်းအညှာပါ ကြွေကျမြေခသွားခဲ့ရပေါ့။

* မနိုးထပါစေနှင့်လေ ...
ပျော်ခွင့်လေးခဏတာ ပေးထားတဲ့
အိပ်မက်လေးထဲမှာပဲ
လဲလျောင်းနားနေပျော်မွေ့ရင်း
ပန်းချီကားတွင်းက အဝါရောင်တွေကိုပဲ
ငွဲမြဲစွာနဲ့
တရှိုက်မက်မက် မြင်ယောင်မြတ်နိုးနေပါရစေလား ...။



www.burmeseclassic.com

www.burmeseclassic.com

* 'ငှ'တော့ရွှေလူး၊ 'ပိတောက်'တွေဖူးလို့
နှစ်ကူးသင်္ကြန် ရောက်ခဲ့ပြန်ပြီ။

* 'ပိတောက်'ကလည်း
ကာစ်နှစ်ဆို ဆိုသလောက်ကို
ရွှေရောင်တွေတောက်၊ ဂုဏ်တွေမောက်လို့။

* 'ငှ'တွေကလည်း
ပင်လုံးကျွတ်နေ၊ အလှဝေလျက်
အငွမ်းတုန်ပွင့်၊ လန်းလန်းစွင့်လို့။

* အခါနွေတစ်ထောက်
ရွှေရောင်တောက် အလှဝေဖြာ
ရွှေပိတောက်နဲ့ မေငုဝါ
ဃန်းညီအစ်မ ချိန်သင့်စွာ
ရှင်လန်းဖြာ နှစ်သစ်ကိုကြို
မြင်ရသူ ရွှေရင်ဖိုလို့
အတာရေ စိုစိုအောက်မှာ
'ပိတောက်'လည်းဝေ 'ငှ'လည်းဝေ
ရနံ့မွှေးမွှေး ပန်းဖွေးဖွေး ...။

# ရွှေရောင်လွှမ်းတဲ့အာတာ


မြတ်နိုးသူ(တာမာမြေ)





www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်နှာ

မောင်မောင်မျိုးသစ်(ရန်ကုန်တက္ကသိုလ်)

* နွေထဲမှာ အလိုက်သင့်နဲ့
မပွင့်ခဲ့လျှင် အကောင်းသား။

* ခုများတော့လေ ...
မနေနိုင်၊ မထိုင်နိုင်နဲ့
နိုင်ဝတ်လွှာဆွဲခွာချလို့
အလှရွှေ ဝေအပြမှာတော့
ဘဝနာစရာ တစ်ပင်လုံးရယ်
ချူးချူးကျသွား။ ။

၁။ [illegible]


www.burmeseclassic.com

* ရွှေရောင်ခြည်ဆင်း၊ ဖျန်းပက်ပြန့်ကျဲ
သီချင်းထဲမှာ၊ ပိတောက်သံစဉ် လှိုင်းထလို့
အလွမ်းထဲမှာ၊ ပိတောက်သံစဉ် ထိန်တောက်လို့
အချစ်ထဲမှာ ပိတောက်သံစဉ် ရင်ခုန်လို့
သကြိန်ထဲမှာ ပိတောက်သံစဉ် စီးမျောလို့ ...။

* လွတ်လပ်ခံစား ခန္ဓာရင်ထဲ
တသစ္စဲမက် ရင်းနှီးမြှုပ်နှံ
ညစ်ညမ်းပုပ်လျောင် အညီအဟောင်များ
သောင်ထွန်းမခံ ကြွင်းစမကျန်
သံသယကင်း စွန့်ကြဉ်အသစ်အသစ်
နှစ်ကူးရွှေလမ်း ပန်းပိတောက်သစ္စာ
ငြိမ်းချမ်းကမ္ဘာ လန်းဆန်းစွတ်စို ...။

# ရွှေနှစ်သစ်

ပုသိမ်မောင်ကြေးရည်





www.burmeseclassic.com

* ပုန်းညက်,ခတ္တာ
ရွှေယင်းမာနှင့် ဒွာညိုပေါက်လဲ
ခဝဲ,သဖင်၊ ရန့်လွင်စွ
စံပယ်,ကံ့ကော်၊ ရေပျော်ရွှေကြာ
စကားဝါ,မြတ်လေး။ မွှေးပျံ့စုံလင်
ဂုဏ်အင်ပြည့်လျှမ်း။ ပန်းအလှတွေ
ဝေဝေဆာဆာ၊ ရာသီဆယ့်နှစ်လ
အလှသွေးဆင့်၊ ပွင့်တတ်ကြပါတယ်။

* ပွင့်သမျှပန်း
လန်းသမျှဝေ၊ အလှတွေလည်း
ရွှေပန်းပိတောက်၊ သင်္ကြန်ရောက်လျှင်
ပျောက်သွားမှာစိုး။ မြတ်တနိုးနှင့်
မြန်မာ့ရိုးရာ၊ အတာပွဲကြီး
ရွှေထီးကိုဆောင်း၊ ရွှေရည်လောင်းလျက်
ထက်အောက်ပြည့်ခွင်၊ အလှဆင်သည့်
မြင်သမျှရွှေ၊ သင်းထုံပေစွ
မြန်မာ့နှစ်ဦး။ လတန်ခူးကို
ကြည်နူးရွှင်ပျ ကြိုဆိုလိုက်ရပြန်ပါတယ် ...။

# မင်္ဂလာပါပိတောက်ဝါ

ပုသိမ်မောင်သောင်းယဉ်



www.burmeseclassic.com



# နွေဦးတွင်

**လှပြုံးနိုင်(မန္တလေး)**

* နှော့သည် နှော့သည်၊ လေရူးသည်ကား
မတည်ငြိမ်လျှာ၊ ရော်ရွက်များနှင့်
တောဖျားမြိုင်တန်း၊ ပိုအောင်လွမ်းဖော်
မကျွမ်းဖော်သို့၊ ကျွမ်းဖော်သို့။

* ကျော့သည်ကျော့သည်၊ ခါခါချို၍
လီလီတွန်ကျူ၊ ငှက်ငယ်မြူးသည့်
နွေဦးရာသီ၊ နွေပီပီတွင်
မသီဖော်သို့၊ သီဖော်သို့။

* ဆော့သည်ဆော့သည်၊ ဆုံခွဆိပ်၌
ကတောက်သံကြွေး၊ ဟိုဒီပြေး၍
မြီးမွေးစုတ်ဖွား၊ ရှဉ့်ညိုများတည့်
မသွားဖော်သို့၊ သွားဖော်သို့။



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကြန်မိုးရဲ့ ရယ်သံချိုချို

မင်းထက်သားညီ(တောင်ငူ)

* နွေဆိုတဲ့အပူရှပ်ကို ပယ်ဖျက်ဖို့
သင်္ကြန်ရက်တို့ အပြေးလာကြတဲ့အခါ
အေးမြတဲ့လေပြည်မွှေးနဲ့
သူ့အပေါင်းအဖော် သင်္ကြန်မိုးပါ,ပါလာလို့
နှလုံးသားဟာ လျှောင်လှပ်
အပျော်အပြုံးဓာတ်ရှပ်တို့ နိုးထလာကြ။

* နွေကို ကြွေတဲ့ပိတောက်တွေက
သင်္ကြန်မယ်တွေကို အလှတိုးစေဖို့ ပုံပိုးတော့
ငှက်တွေကလည်း အားကျမခံ
နွေရဲ့မာန်မာနတွေကို အရှိန်မြှင့်ပေး
အဝါရောင်အသွေးအသားနဲ့ ဖြည့်စွက်ခြယ်သလိုက်ရဲ့။

* နွေလေပြည်ထဲ
အလွမ်းတွေပဲ ပျံ့ဝဲမနေစေဖို့
သင်္ကြန်တေးတို့ကို သီကျူးတီးခတ်လိုက်တော့
နွေလေပြည်ရှုရှိုက်တဲ့ ချစ်သူတွေရဲ့ရင်မှာ


* ဟော . . . ကြည့်စမ်းပါဦး
နွေကဗျာတွေထဲက နွေအပျိုမ
အပြင်လောကမှာ ကခုန်ပျော်ပါးနေပြီ
နွေအပျိုမရဲ့ အလှတရားတွေကြောင့်
ရင်အစုံဟာ ဖွေ့ဖွေ့ခုန်
မာန၊ ဒေါသ၊ လောဘတွေကိုတောင်
ခေတ္တခဏ အတိတ်မေ့သွားပြီပေါ့
နွေအပျိုမရဲ့ ကကြိုးကကွက်ဆန်းတွေကို
သင်္ကြန်မိုးကပါ ငေးမဝ ရှုမဝဖြစ်ရ
မိုးစက်အဖြူရောင်တွေနဲ့ သင်္ကြန်းမိုးက
ပက်ဖျန်းကျီစယ်လိုက်ရဲ့
အဲဒီ တစ်ခဏအတွင်း
နွေအပျိုမရဲ့ အပြုံးချိုချိုကို မြင်ရသလို
သင်္ကြန်မိုးရဲ့ ရယ်သံခါခါကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




ကာတွန်း: ရန်ကြီးအောင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com


ရှင့်သမီးကိုလက်ထပ်ယူဖို့
တောင်းရမ်းလာတဲ့ပါဒီ..သူငယ်က
စီးပွားရေးမှာနိုင်တယ်ဆို့လားရှင့်..
ဘာလို့ငြင်းပယ်လိုက်ရတာတုံး...
စီးပွားရေးမှာ
နိုင်လေမယ့်-စာရိတ္တမှာ
နိုင်မယ်မထင်လို့ပေါ့ကွ

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## ကောင်းမြတ်(ခရာတော)စုစည်းပူဇော်သည့် သာသနာ့အမွေအနှစ်များ

ဘုဒ္ဓနှစ်နှိတဝရ M.A(Buddhism) တည်းဖြတ်၍ ကောင်းမြတ်(ခရာတော) စုစည်းပူဇော်ထားသည့် စာအုပ်ဖြစ်၏။ ထိုစာအုပ်မှာ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ မွေ့ကား မြကင်းတောင် အေးရိပ်ငြိမ်တောရဆရာတော်ကြီး ဘုဒ္ဓသာသန(ကမ္ဘာ့နာစရိယ) စွမ်းဆောင်ကြိုးပမ်းတော်မူခဲ့သော သာသနာ့အမွေအနှစ်များ ဖြစ်၏။

အေးရိပ်ငြိမ်တောရဆရာတော်ကြီးသည် ယိုယွင်းပျက်စီးနေသော စေတီတန်ဆောင်း၊ ကန်ကျောင်းဇရပ်၊ သိမ်၊ တံတားများကို လုံ့လစိုက်ထုတ်၍ ဒကာ၊ ဒကာမများ၏ သဒ္ဓါတရားကို အထောက်အပံ့ယူကာ စဉ်ဆက်မပြတ် ပြုပြင်ခဲ့သည်။ ပြုပြင်ခဲ့သမျှ စေတီများ၊ အသစ်တည်ဆောက်ပူဇော်ခဲ့သော စေတီတော်များ၏ အရေအတွက်ကိုမှာလည်း များပြားလှ၏။ စေတီပုထိုး၊ လိုဏ်ဂူ၊ ဇရပ်၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် စသည့် သာသနာပြုလုပ်ငန်းများကို စုစည်း၍ ထုတ်ဝေလိုက်သော စာအုပ်ဖြစ်ပေသည်။ အဆိုပါစာအုပ်ကို ရွှေပြည်သာစာပေမှ တန်ဖိုး ၁၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်သည်။

## ဦးသိန်းအောင်(မြန်မာစာ)၏ ခင်ပွန်းကြီးဆယ်ပါး၊ စကားကြီးဆယ်ခွန်း၊ မြန်မာ့စကားဇာစ်မြစ် ၁၀၀

ဤစာအုပ်အား ခင်ပွန်းကြီးဆယ်ပါး၊ စကားကြီးဆယ်ခွန်း၊ မြန်မာ့စကားဇာစ်မြစ် ၁၀၀ စသဖြင့် အခန်းသုံးခန်း ဖွင့်ကာ တစ်ခန်းချင်းကို ကျယ်ပြန့်စွာ ရှင်းလင်းဖွဲ့ဆို ရေးသားထားပေသည်။

မိမိတို့သည် ဘာသာစကား၏ ဇာစ်မြစ်ကို သိထားမှ သူနေရာနှင့်သူ ချိန်ထိုးပြောဆိုတတ်ကြမည် ဖြစ်ပြီး စကားအစုအဝေးတို့၏ နောက်ကွယ်တွင် အဓိပ္ပာယ်များစွာတို့ ဖော်ဆောင်နေကြကြောင်း တွေ့မြင်ရပေသည်။ လေးနက်သော မြန်မာစကားတို့၏ သိမ်မွေ့မှု၊ မယဉ်ကျေးမှု အလက်ာနှင့် ဂုဏ်ရသတို့ ပြောင်မြောက်ပုံမှာ အံ့ဩဖွယ်ကောင်းသည်နှင့်အမျှ နှစ်သက်မြတ်နိုးဖွယ်လည်း ကောင်းရာပေသည်။ ဤစာအုပ်သည် အဆိုပါအချက်အလက်တို့ကို အခြေခံ၍ ရေးသားထားခြင်း ဖြစ်ပေရာ မြန်မာစာ၊ မြန်မာစကားကို ထိရောက်လေးနက်စွာ လိုက်စားသူတို့ လက်စွဲပြုသင့်သည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။ ဤစာအုပ်ကို သုခဘုံစာပေက တန်ဖိုး ၁၀၀၀/-ကျပ် သတ်မှတ်ကာ ဖြန့်ချိလိုက်သည်။

## မောင်တွေးထက်၏ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီနှင့် အခြားဝတ္ထုတိုများ

တစ်ချိန်ဘစ်ခါက အတိုဆုံးဝတ္ထု၊ ဝတ္ထုတို၊ စာပေဝေဖန်ရေး၊ စာပေအင်တာဗျူး စသဖြင့် စာပေလောကဥ ထဲထဲဝင်ဝင်လှုပ်ရှားခဲ့သော လူငယ်စာရေးဆရာ မောင်တွေးထက်၏ မဂ္ဂဇင်းဝတ္ထုတိုများ စုစည်းမှုဖြစ်ပေသည်။ ထိုစာအုပ်နှင့် ပတ်သက်၍ ဆရာနန္ဒာမိုးကြယ်က "ယခုဖော်ပြသည့် ဝတ္ထုတိုကလေးများမှာ ခေတ်တွေ ကွာခြားသွားသည့်အတွက် ဟာကောင်းဟာနေလိမ့်မည်။ သို့ရာတွင် ယခုအနေအထားအရ ဟာနေသည်တို့မှာ ပုံနှိပ်ထုတ်ဝေခဲ့သည့် အောက်ခြေမှတ်တမ်းကလေးများကို ကြည့်ရင်း ဪ. . .အဲသည်တုန်းက အခြေအနေဟာ အဲသည်လို ဖြစ်နေခဲ့ပါလား"ဟူ၍ နားလည်နိုင်ကြမည်ဟု ဆိုထားသည်။

ဆရာချစ်ကိုကိုယုကလည်း "ဆရာမောင်တွေးထက်သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီကိစ္စကိုပင် ခရေစေ့တွင်းကျ မသိသောလူကြီးကို သရော်ထားသည်မှာ စာသားနည်းနည်းဖြင့် ရုပ်လုံးပေါ်လွင် ထိမိလှပါသည်။ လူကြီးများအနေဖြင့် လွဲမှားသော အသိများ လူငယ်လေးများအား လက်ဆင့်မကမ်းသင့်ကြောင်း" ရေးသားထားပါသည်။ ဤစာအုပ်၌ "အမှားပြုခြင်း"မှသည် "တန်ဖိုးမဲ့"ထိ အတိုဆုံးဝတ္ထုပေါင်း (၂၆)ပုဒ်၊ "အပေးအယူ"မှသည် "လှုပ်လီလှုပ်လဲ့ည"အထိ ဝတ္ထုတိုပေါင်း (၁၁)ပုဒ်တိတိကို ဖော်ပြထားရာ မတူကွဲပြားသော ရသကို ခံစားရလိမ့်မှာ သေချာလှပေသည်။ ဤစာအုပ်၏ မျက်နှာဖုံးကို ဗဂျီလင်းဝဏ္ဏမှ ရေးဆွဲပေးထားပြီး စိတ်ကြိုက်စာပေ ဦးမျိုးညွန့်၏ မွမ်းမံမှုဖြင့် ရသမယ်လိုဒီစာပေမှ တန်ဖိုး ၂၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## မောင်ညိုအေး(ပန်းတော)၏
## နလုံးသွေးစက် ရင်ထက်အကွရာ

လုံးချင်းအချစ်ဝတ္ထုရှည်လိုင်း၌ နိုင်မာစွာရပ်တည်ခဲ့သော ဆရာမောင်ညိုအေး(ပန်းတော)၏ ထူးခြားစွာ ပေါ်ထွက်လာသည့် တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှု နောက်ခံဝတ္ထုတိုများ ဖြစ်လေသည်။ ဤစာအုပ်နှင့် ပတ်သက်၍ စာရေးသူက -

"လူ့ဘဝ၏ ရေပွက်ပမာ တစ်ခဏတာလေး အတွင်း ကျောင်းသားလူငယ်ဘဝတွင် ကြုံတွေ့ခဲ့ရသော သွေးပူက်အိပ်မက်များ၊ မျှော်လင့်အားကိုးရသော တရားမျှတခြင်း၊ ကြားချင်ခဲ့သော ငြိမ်းချမ်းရေးဂီတသံများကို ရိုးသားစွာ မှတ်တမ်းတင်လိုက်ခြင်းသာ ဖြစ်ပါသည်"ဟု ဆိုထားသည်။ ဆိုထားသည့်အတိုင်းပင် ကျောင်းသားလူငယ်တို့ ဖြတ်သန်းခဲ့ရသော အဖြစ်အပျက်များ၊ စီးကျခဲ့ရသော သွေးစက်များတို့မှာ အားလုံးအတွက် မမေ့ကောင်းစရာ ပုံရိပ်များပင် ဖြစ်ချေသည်။

ဤစာအုပ်တွင် ကုန်းကြောင်းတောမှာ ချယ်ရီပွင့်နဲ့တယ်၊ မှုန်ကြေရှက်ကြေ၊ ပက်စီ၊ မွန်းသူ့ငည်ကြည်၊ အထွန်း၊ ခြင်ဆိုက်ကုံကော်၊ ပန်းစိမ်းပန်ခဲ့သူ၊ တိမ်ခိုးနဲ့မင်းရေး၊ နှစ် ၉၀ အတွက် ငွေရတုအလွမ်း စသည့် ဝတ္ထုတိုပေါင်း (၉)ပုဒ်တိတိ ပါဝင်သည်။ မျက်နှာဖုံးပန်းချီကို အောင်မှ ဖန်တီးပေးထားပြီး UNION PUBLISHINC HOUSE မှ တန်ဖိုး ၁၅၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်သည်။

---

## ကပ္ပတိန်သာစိန်၏
## ခေတ်တစ်ခေတ်၏ လွှတ်တော်သို့

စာရေးဆရာ ကပ္ပတိန်သာစိန်သည် တပ်မတော် ရေတပ်တွင် ဗိုလ်မှူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ နိုင်ငံခြားသင်္ဘောကပ္ပတိန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ၊ ဘဝအတွေ့အကြုံများကို ရေးသားလျက် စာအုပ်များ ထုတ်ဝေခဲ့သူ၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် "ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ" မှ ကျောက်တော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးခံရသူ ဖြစ်သည်။

ဤစာအုပ်သည် တစ်စတစ် ပြောင်းလဲလာနေသော နိုင်ငံရေးကို အကဲခတ်လျက် စာပေရသဖြင့် မှတ်တမ်းပြုထားခြင်းဟု ဆိုနိုင်သည်။ အထူးသဖြင့် ဒီမိုကရေစီခေတ်၊ လွှတ်တော်ခေတ်ဟူ၍ ပြောဆိုပြောင်းလဲမှုတွင် နိုင်ငံရေးပါတီတစ်ခု၏ ပါဝင်လှုပ်ရှားမှု ရှုန်းကန်ရမှုတို့ကို စာဖတ်ပရိသတ်တို့ မျှဝေခံစားနိုင်ကြစေရန် တင်ပြထားခြင်းဖြစ်ပြီး၊ လွှတ်တော်ကာလ အတွေ့အကြုံများအား ထဲထဲဝင်ဝင်သိလိုသူများအတွက် ဖတ်ရှုသင့်ဖတ်ရှုထိုက်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။ ဤစာအုပ်အား ခအောင်သီဟစာပေမှ တန်ဖိုး ၁၅၀ဝိ/-ကျပ် သတ်မှတ်လျက် ထုတ်ဝေလိုက်သည်။

---

## မောင်ညီဦး(က-စ-လ)၏ ကံကောင်းခြင်း
## လက်ဆောင်နှင့် အခြားဝတ္ထုတိုများ

စာရေးဆရာ မောင်ညီဦး(က-စ-လ)သည် စာရေးကောင်းသူတစ်ယောက်ဖြစ်ပေရာ မဂ္ဂဇင်းစာမျက်နှာများပေါ်၌ ၎င်း၏ ဝတ္ထုတိုလက်ရာများကို မကြာခဏဆိုသလို တွေ့မြင်ရလေ့ရှိသည်။ သူ၏ ပုံနှိပ်ဖော်ပြပြီး ဝတ္ထုတိုများကို ပြန်လည်စုစည်းထုတ်ဝေရာတွင် ဤ"ကံကောင်းခြင်းလက်ဆောင်နှင့် အခြားဝတ္ထုတိုများ"မှာ ပွဲဦးထွက်ဟုဆိုရပေမည်။

ဤစာအုပ်၌ ဆရာမောင်ခန်းကြည်မြတ်နှင့် ဆရာနန္ဒာမိုးကြယ်တို့က အမှာစာရေးသားချီးမြှင့်ထားကြပြီး စာရေးသူ၏ ရင်ဖွင့်စကားကိုလည်း တခုတ်တရ ဖော်ပြထားပေသည်။ ထို့နောက် မေတ္တာစစ်နဲ့ ကံကြမ္မာ၊ ခဲလုံး၊ ကံကောင်းခြင်းလက်ဆောင်၊ နှင်းအတူ ထာဝရ သွေးသစ်ပြောင်းသော လက်ဝှန်းသောင်းပြင်၊ ခြကြီးနှုံပြိုဝယ်၊ မထင်သောအရိပ်၊ ပါဖြူလေးရဲ့ ချစ်သက်ခသာ၊ မာနပြိုင်၊ ဝေဒနာဖြူစင် လှပ်အားရှုအ၊ ကျွန်မသမက်က သာကောတသား၊ သွေးစကား...စသဖြင့် ဝတ္ထုတို(၁၁)ပုဒ်တိတိ ဖော်ပြထားရာ တစ်ပုဒ်ချင်းစီမှာပင် အလှရသများ ထင်ဟပ်နေပေသည်။ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်ပုံကို ပန်းချီတော်နိုင်ထွန်းမှ အလှဆင်ထားပြီး ပုပ်ဖြူစာပေမှ တန်ဖိုး ၁၂၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ကာသစ်နီ



www.burmeseclassic.com

www.burmeseclassic.com

## ပန်းချီစိန်ကြီး၏ ချစ်စရာဘီလူးများ ပန်းချီပြပွဲ(၂)

ပန်းချီစိန်ကြီးရဲ့ "ချစ်စရာဘီလူးများ"လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲကို အမှတ်(၁၄၃)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားတဲ့ အားမာန်သစ်ပန်းချီပြခန်းမှာ (၁၁-၁-၂၀၁၃)ကနေ (၁၈-၁-၂၀၁၃)ရက်နေ့အထိ ခင်းကျင်းပြသခဲ့ပါတယ်။

ပန်းချီစိန်ကြီးဟာ ၁၉၉၉ ခုနှစ်ကတည်းက ချစ်စရာဘီလူးပုံတွေကို ရေးဆွဲခဲ့တာ ဖြစ်ပြီး ၂၀၁၂ ခုနှစ်၊ မေလ ၁၈ ရက်ကနေ ၂၂ ရက်နေ့အထိ GS Gallery မှာ ချစ်စရာဘီလူးများ(၁)ဆိုတဲ့ နာမည်နဲ့ ပထမအကြိမ်ပြသခဲ့ပြီး အခု ပြသတဲ့ပွဲကတော့ အမှတ်(၂) ဖြစ်ပါတယ်။ အဲသည်ပွဲကို ပန်းချီမြတ်နိုးသူအပေါင်း သွားရောက်ကြည့်ရှု ခံစားကြတဲ့ အကြောင်း သိရှိရပါတယ်။

---

## စိမ့်နေခြည်၊ ဟေမာန်ထွန်း၊ မို့မို့ကျော်လွင်တို့၏ အင်တာနက်ချစ်သူနဲ့ အချစ်ရဲ့ကိုကို မိတ်ဆက်ပွဲ

ခရေဇီဗီဒီယိုထုတ်လုပ်ရေးက စိမ့်နေခြည်၊ ဟေမာန်ထွန်း၊ မို့မို့ကျော်လွင်တို့ရဲ့ "အင်တာနက်ချစ်သူနဲ့ အချစ်ရဲ့ကိုကို" VCD, Karaoke ထုတ်လုပ်ဖြန့်ချိခြင်း၊ တနယ်ဝင်းမိတ်ဆက်ပွဲအခမ်းအနားကို (၂၉-၁၂-၂၀၁၂)ရက်၊ ညနေ နေ့လယ် က ရန်ကုန်မြို့ရှိ စီးတီးစတားဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှူးမှာ အလွမ်းသီချင်းရေးတဲ့မောင်ကျော်ဇောက မိတ်ဆက်စကားပြောကြားခဲ့ပြီး၊ ဒါရိုက်တာ ညီညီ(လဝန်းသစ်)က သီချင်းခွေ အစ,အဆုံး စီစဉ်ခဲ့ရပုံအကြောင်းကို ပြောကြားခဲ့ပါတယ်။ အဲသည်သီချင်းခွေမှာ ဆရာ ရွှေပြည်အေး၊ စန္ဒရားလှထွတ်၊ စန္ဒရားချစ်ဆွေ၊ မောင်မောင်လတ်၊ တက္ကသိုလ်မောင်တင့်နွယ်၊ ကိုလေးလွင်၊ မောင်ဥက္ကာ၊ ရေနံ့သာဝင်းမောင်၊ မောင်စိတ္တ၊ နေထွဏ်းဦးတို့ ရေးဖွဲ့ထားတဲ့ နာမည်ကြီးသီချင်းဟောင်းတွေ ပါဝင်ပြီး သရုပ်ဆောင်တွေ ဖြစ်ကြတဲ့ မင်းသူ၊ ဖိုးသောကြာ၊ လင်းတနည်ဇော်၊ ကိုရဲနဲ့အဖွဲ့တို့က ပါဝင်သရုပ်ဆောင်ပေးထားကာ Natural Music Band မှ တီးခတ်ပေးထားပါတယ်။

---

## ကမ်းလက်များ ပရဟိတအဖွဲ့၏ ပထမဆုံးအကြိမ် စာပေဟောပြောပွဲ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်မှာရှိတဲ့ ကမ်းလက်များ ပရဟိတအဖွဲ့(နေပြည်တော်)ရဲ့ စီစဉ်မှုနဲ့ တဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်တည်ဆောက်ရေးအတွက် ပထမဆုံးအကြိမ် စာပေဟောပြောပွဲကို (၅-၁-၂၀၁၃)ရက်နေ့ ည(၇း၀၀)နာရီက ဝန်ထမ်းများနေထိုင်ရာ အဆိုပါရပ်ကွက်မှာ အောင်မြင်စွာ ကျင်းပခဲ့ပါတယ်။

အဆိုပါ စာပေဟောပြောပွဲမှာ စာရေးဆရာ ထက်ခေါင်၊ ရိုးမြင့်(လယ်ဝေး)၊ နန္ဒာပိုးကြယ်၊ မောင်လှမျိုး(ချင်းချောင်းဦး)နဲ့ မောင်ဆန္ဒ(လယ်ဝေး)တို့က ဟောပြောခဲ့ကြပါတယ်။ အခမ်းအနားမှူးအဖြစ် စာရေးဆရာမ တင်မိနိုင်က ဆောင်ရွက်ပြီး ကမ်းလက်များ ပရဟိတအဖွဲ့(နေပြည်တော်) ဥက္ကဋ္ဌ ဦးဝင်းမြကျော်က ပရဟိတအဖွဲ့ဖြစ်ပေါ်လာပုံကို ရှင်းလင်းခဲ့ပါတယ်။ သည်အသင်းကလေးမှာ အတွင်းရေးမှူး ကိုမောင်မောင်အပါအဝင် ကိုထွန်းထွန်းနိုင်(ကဗျာဆရာဝေမိုးအောင်)၊ ကိုနိုင်ထွန်း(ဗီဒီယိုဒါရိုက်တာနိုင်ထွန်း)၊ ကိုဇော်ဝင်း၊ ကိုအောင်ကျော်မိုး စသူတို့ အပါအဝင် ပရဟိတအဖွဲ့ဝင်တွေရဲ့ လှုပ်ရှားတက်ကြွနေမှုတွေကို အံ့မခန်းတွေ့မြင်ခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## Rock သီချင်း ခပ်ပြင်းပြင်းတွေနဲ့ Dလူရဲ့ တစ်နေ့ တေးစီးရီးမိတ်ဆက်ပွဲ

Rock တေးသီချင်းတွေနဲ့ ဂီတလောကထဲကို စတင်ခြေချလာတဲ့ Dလူရဲ့ "တစ်နေ့" လို့ အမည်ပေးထားတဲ့ တေးစီးရီး မိတ်ဆက်ပွဲအခမ်းအနားကို (၂၈-၁၂-၂၀၁၂) သောကြာနေ့ နံနက်(၁၀း၀၀)နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ 'စီးတီးစတားဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

"တစ်နေ့"တေးစီးရီးမှာ Dလူကိုယ်တိုင် ရေးသားထားတဲ့ အလွမ်းလွန်တေး၊ နာကျင်ခဲ့သူ၊ ခြေဖြာ၊ ကျေနပ်တယ်၊ ငါ့ရဲ့ကောင်းကင်၊ လူ၊ ဟေ့ ညီလေး၊ သယ်ဆောင်ရာ၊ သွားတော့၊ မသိ၊ တစ်နေ့…စတဲ့ တေးသီချင်း (၁၁)ပုဒ် ပါဝင်ပြီး တေးသီချင်းတွေကို DORON Band မှ တီးခတ်ပေးကာ CMP တေးထုတ်လုပ်ရေးက ဖြန့်သွားမယ့်အကြောင်း သိရှိရပါတယ်။

---

## MISS CHRISTMAS 2012 ပြိုင်ပွဲကျင်းပ

မြန်မာမော်ဒယ် Management က ကြီးမှူးကျင်းပတဲ့ MISS CHRISTMAS 2012 ပြိုင်ပွဲကို (၂၄-၁၂-၂၀၁၂)ရက်နေ့ ညပိုင်းက ရန်ကုန်မြို့ရှိ ချက်ထရီယမ်ဟိုတယ် Poll Side မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါပြိုင်ပွဲမှာ ပြိုင်ပွဲဝင် အယောက်(၃၀)က အားကစားဝတ်စုံ၊ မြန်မာ့ရိုးရာဝတ်စုံတွေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အကဲဖြတ်ဒိုင်လူကြီးများအဖြစ် အကယ်ဒမီထွန်းအိန္ဒြာဗို၊ အကယ်ဒမီအိန္ဒြာကျော်ဇင်၊ သန္တာလှိုင်၊ ဆရာမ သီရိစံ၊ မိတ်ကပ် ခင်စန်းဝင်းနဲ့ တာဝန်ရှိသူတွေ ဆောင်ရွက်ပြီး အကဲဖြတ်အမှတ်ပေးခဲ့ကြပါတယ်။ အဲသည် MISS CHRISTMAS 2012 ဆုကို ဟယ်လင်မျိုးကိုကလည်းကောင်း၊ ဒုတိယဆုကို ဂျာထွယ်ကလည်းကောင်း၊ တတိယဆုကို သဇ္ဇါမာရိုင်းရာတို့မှ ရရှိခဲ့ကြပါသတဲ့။

---

## 'သူခိုးကြီးကာလည' ကာတွန်းပေါင်းချုပ် မိတ်ဆက်ပွဲ

ပြီးမောက်သာစာပေရဲ့ ဒုတိယမြောက်စာအုပ်အဖြစ် ကာတွန်းဆရာတွေဖြစ်ကြတဲ့ အော်ပီကျယ်၊ ဇော်မောင်၊ စောမင်းဝေ၊ မောင်မောင်အောင်၊ အောင်မော်၊ ကျော်သူရိန်၊ နိုင်လင်းတို့ ရေးဆွဲထားတဲ့ "သူခိုးကြီးကာလည ကာတွန်းပေါင်းချုပ်" စာအုပ်မိတ်ဆက်ပွဲကို (၃၁-၁၂-၂၀၁၂) တနင်္လာနေ့က ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ Home မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှာ ဆရာမောင်မိုးသူက အမှတ်တရစကား ပြောကြားပေးခဲ့ပြီး ဆရာကာတွန်းအော်ပီကျယ်က သူခိုးကြီး ကာလည ကာတွန်းပေါင်းချုပ်စာအုပ်နဲ့ ပတ်သက်သည်တို့ကို ပြောကြားခဲ့ပါတယ်။ အဲသည်ကာတွန်းပေါင်းချုပ်မှာ ၂၀၁၂ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ရက်က မူဆယ်မြို့နဲ့ တရုတ်ပြည် ကြယ်ဂေါင်မှာ ကျင်းပပြုလုပ်တဲ့ ကာတွန်းပြကွက်တွေနဲ့ ကာတွန်းပြပွဲကျင်းပနေချိန်မှာ လက်ပံတောင်းတောင် အရေးအခင်းပေါ်ပေါက်ခဲ့တဲ့အကြောင်း၊ သည့်အတွက် ကာတွန်းဆရာတွေက အဆိုပါအရေးအခင်းနဲ့ပတ်သက်ပြီး ခံစားရေးဆွဲခဲ့တဲ့ ကာတွန်းတွေစုစည်းလို့ သူခိုးကြီးကာလည အမှတ်တရအဖြစ် ထုတ်ဝေခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အဲသည် ကာတွန်းပေါင်းချုပ်စာအုပ်ရဲ့ တန်ဖိုးဟာ ၄၀၀၀/-ကျပ်နှုန်း ဖြစ်ပါကြောင်း။

www.burmeseclassic.com



## ရောဂါနဲ့ ဆေး

ရွာတကာ့ရွာတွေ မြောက်မြားစွာ ရှိကြသည့်အနက် ရွှေ..ဒုန်းတော ရွာက အခြားရွာတွေနှင့်မတူ အတော်ကလေးကို ပြားနားလွန်းလှသည်။

ထိုခြားနားမှုက အခြားမဟုတ်၊ အယူအဆ အစွဲအလမ်း ကြီးမားလွန်းခြင်းပင် ဖြစ်ပါသတည်း။

ရွာအရှေ့ပိုင်း ရေကန်ပေါင်တစ်ဖက်စွန်းမှာတော့ ဘီလူး မယ်တော်အရုပ်ကြီးတစ်ရုပ်ရှိသည်၊ ရွာသူရွာသားများအဖို့ ဆရာ ဝန်တွေ၊ ဗိန္ဒောဆရာတွေ၊ အပ်ပုန်းဆရာတွေထက် (ကျန်းမာရေး နှင့် ပတ်သက်လာပါက) ဘီလူးမယ်တော်ရုပ်တုကြီးကို လွန်စွာမှ အားကိုးကြသည်။ သည်လိုမျိုး အားကိုးအားထားပြုလောက် အောင်လည်း ဘီလူးမယ်တော်ရုပ်တုကြီးက စွမ်းတယ်ဆိုပဲ။

"မယ်တော်ကြီးရဲ့ စွမ်းချက်ကတော့ အံ့သြကို ကုန်နိုင် ..ယ်ကွာပါပဲလားကွာ၊ မင်းတို့ ဟိုကဖော်သမား ဖဲသမားညွန့်တင် ... သိတယ်မဟုတ်လား"

"ဟာ ... ရပ်သိရွာသိ၊ မွေးတောင်သိနေမှတော့ သည်မေးခွန်းကို မေးဖို့မလိုပါဘူးဗျာ။ ဒင်း ... ဘာဖြစ်လို့လဲ၊ မယ်တော်ကြီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"ပတ်သက်တာမှ သိပ်ကိုပတ်သက်တာပေါ့ကွာ။ နှစ်ရှစ် အသုဘဖဲဝိုင်းတကာရှာပြီး ပိုကာဒေါင်းနေတော့ အညှောင်း တွေကမိ၊ မျက်စိတွေက မှုန်လာတယ်ဆိုပဲ။ ဒီကြားထဲ အစား အသောက်ကလည်း ပက်စက်တဲ့နေရာမှာ နှစ်ယောက်မရှိဘူးဆို တော့ ဘယ်ကရလာတဲ့ ..ောဟာက်သားလည်း မသိပါဘူးကွာ၊ နင်းပြဲစားလိုက်တာ အမှု..မှု..ကန်ပြီး ဘာဆိုဘာမှ မမြင်ရတော့ ဘူးဆိုပဲ၊ အဲသည်မှာ သင်းရဲ့မိန်းမ မိနှင်းက ဘယ်သူပေးလိုက် တဲ့အကြံလည်း မသိဘူး။ သူ့လင် ကဖော့ဖဲသမား ညွန့်တင် အတွက် မြို့ကနေ ဒိုင်ရိုမျက်မှန်တစ်လက် ဝယ်လာပြီး ဘီလူး မယ်တော်ကြီးကို မျက်မှန်တပ်ပေးလိုက်သတဲ့"

"ဟုတ်လား ... ဒါဆို ဘယ်လိုဆက်ဖြစ်သတုံး"

"ဘယ်လိုဆက်ဖြစ်ရမှာတဲ့လဲ၊ ညွန့်တင်မျက်လုံးတွေ အားလုံးကောင်းသွားတယ်ဆိုပဲ"

"တော်တော်တော့ ထူးပေတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ်လည်း ဘီလူးမယ်တော်ရုပ်တု၏အစွမ်းက ရွှေပန်းတောတစ်ရွာတည်းသာမဟုတ်၊ ရွာနီးချုပ်စပ်သို့တိုင် ပျံ့နှံ့လျက်ရှိတော့သည်။

"ကိုယ့်ရဲ့ခန္ဓာ ဘယ်နေရာမှာ ရောဂါဖြစ်နေသလဲ။ ကိုယ်ဖြစ်တဲ့နေရာကို မှတ်ထားပြီး ဘီလူးမယ်တော်ကြီးရဲ့ ခန္ဓာက နေရာကို နှိပ်နယ်ဆုတောင်းပေးမယ်ဆိုရင် ရောဂါပျောက်ပြီသာ မှတ်ပေတော့ . . ."

သည့်အတွက်ကြောင့်လည်း ဘီလူးမယ်တော်ကြီးအား ပူဇော်ဆက်သသူတွေ များလာခဲ့တော့သည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လှည်းဖြင့်တစ်ဖုံ၊ လှေဖြင့်တစ်နည်း ရောက်လာကြသူတွေဆိုသည်မှာ နည်းမှ မနည်း။

ခါးကိုက်သူအဖို့ ဘီလူးမယ်တော်ကြီး၏ ခါးနေရာကို နှိပ်နယ်ကာ ခါးနာဝေဒနာ၊ ခါးကိုက်ဝေဒနာ သက်သာစေကြောင်း ဆုတောင်းပေးရသည်။

"တကယ်စွမ်းတဲ့ ဘီလူးမယ်တော်ကြီးပဲကွာ၊ ဈေးထဲက ပေါ်ချောင်ကောင်းရလို့ ဝယ်ချက်တဲ့ ရက်လွန်ဝက်သားတွေကို အားရပါးရတီးလိုက်တာ အိမ်သာထဲကကို မထွက်ရတော့ဘူး။ ဝမ်းကိုက်တာလေ . . . ဝမ်းကိုက်တာ၊ ဘယ့်ကလောက်တောင် ဆိုးသလဲဆိုတော့ အစိုအရွှဲတွေနဲ့အတူ သွေးစသွေးနတွေတောင် ပါလာတယ်။ ဒါနဲ့ပဲ ဘီလူးမယ်တော်ကြီးဆီ ရောက်လာပြီး ပါလာတာလေးတွေ ကပ်လို့ မယ်တော်ကြီးရဲ့ ဝမ်းဗိုက်ကိုပွတ်ရင်း နှိပ်ရင်း 'ဝမ်းကိုက်ပျောက်ပါစေ၊ ဝမ်းကိုက်ပျောက်ပါစေ' လို့ ဆုတောင်းလိုက်တာ ခြေဖျားလက်ဖျားတွေအေး၊ ဒူးတွေချောင်၊ အဆစ်အမြစ်တွေ ကိုက်ခဲပြီး တရားလွန်ကိုက်နေတဲ့ ဝမ်းဟာ ပိန်းကြာပက်ပေါ် ရေမစိုတဲ့အလား ချက်ချင်းကို ပျောက်သွားတော့တာပဲ"

ဒါက ကိုယ်တွေ့ကြုံရာမှ အယုံကြီးယုံကြည်သွားပြီဖြစ်သော တရုတ်ဝင်းမောင်၏ စကား။ ထန်းသမား ငပိန်ကျူတော့ တစ်မျိုး။

"ကျုပ်လည်း ဘီလူးမယ်တော်ကြီး စွမ်းတယ်ဆိုတာကို အကယ်ယုံကြည်လက်ခံတယ်ဗျို့။ တရုတ်ဝင်းမောင် မတိုင်ခင်က ဘယ်ကဘယ်လို ဖြစ်တယ်မသိဘူး။ ထန်းတက်နေရင်းကနေ အသံက လေပေါ့ တပူးပူးတဝေါဝေါ ဆိုသလို ထွက်နေတယ်။ ခန်းမင်ပေါ်ကဆင်းတော့ သူတစ်ပါးပြောတာတွေ ကောင်းကောင်းမကြားရဘူး။ အဲဒါနဲ့ ကျုပ်မိန်းမမိညွှက်ရဲ့ ဦးဆောင်စီစဉ်နဲ့ ဘီလူးမယ်တော်ကြီးဆီ ရောက်ခဲ့တယ်။ မယ်တော်ကြီးရဲ့ နားစိုက်ထဲ လက်ညှိုးတစ်ချောင်းစီသွင်းရင်း ဝေဒနာသက်သာပျောက်ကင်းလိုတဲ့အကြောင်း ဆုတောင်းလိုက်တာ ဘာပြော



ကောင်းမလဲဗျာ။ နားထဲလေတွေထွက်နေတာတွေ တုံ့ခနဲကို ရပ်သွားတော့တာပဲ"

သည်လိုနှင့်ပင် ရွှေပန်းတော ဘီလူးမယ်တော်ရုပ်တု၏ ဂုဏ်သတင်းမှာ လှူချင်းဆောင်၍ ပျံ့နှံ့သည်ထက် ပျံ့နှံ့သွားပါလေတော့၏။

××× ×××

ဆကာကြီးကျွဲသိုး ဆိုသူက ရွှေပန်းတောညွှန့်တင်နှင့် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့။

ကဇော်ကိုလည်း ကြိုက်သည်။

ဖဲရိုက်တာလည်း ဝါသနာထုံသည်။

သည်တော့ ကျွဲသိုးရှိရာ ဆကာကြီးသို့ ညွှန့်တင် သွားတတ်သလို၊ ညွှန့်တင်ရှိရာ ရွှေပန်းတောသို့လည်း ကျွဲသိုး လာတတ်သည်။

သည်တစ်ခေါက် ရွှေပန်းတောမှာ အသုဘတစ်ခုပေါ်သည်။ ကွယ်လွန်သူက တရုတ်ဝင်းမောင်၏ ဘကြီး။ သည်တော့ တရုတ်ဝင်းမောင်ဆိုသည်က ပေသီးခေါက်ဝါသနာပါသူပီပီ အသုဘရက်လည်စရိတ် ရရန်အတွက် ညွှန့်တင်နှင့်တိုင်ပင်ပြီး ဖဲဝိုင်းယောင်သည်။ သည်တော့ ရတနာရှိရာ ရတနာစုသည့်



www.burmeseclassic.com

www.burmeseclassic.com

အလား အညှီရှိရာ ယင်အုံသည့်သဖွယ် အသုဘအိမ်သို့ ဖဲသမားတွေ ဝင်လာမစဲ တသဲသဲ ဖြစ်နေတော့သည်။ သည်အထဲမှာ ဆကာကြီးကျွဲသိုးလည်း ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာခဲ့သည်။

ရောက်ပြီး သိပ်မကြာလှ။ ဖဲဝိုင်းသို့ပင် မဝင်ရသေး။ ဆကာကြီး ကျွဲသိုးတစ်ယောက် မျက်စိမျက်နှာပျက်နေသည်။ ချွေးတွေတဒီးဒီးကျနေသည်။ ပါးစပ်ကလည်း တအင်းအင်း တအဲအဲ ဖြစ်နေသည်။

သူ့မှာက ရောဂါတစ်ခုရှိသည်။

ခါတိုင်းရက်တွေမှာ ရောဂါက အသွောင့်မပြုလင့်ကစား သည်ကနေ့ကျခါမှ ဝေါက်ခနဲ ပေါ်ထွက်လာလေတော့ သင်းခမျာ နေရ,ထိုင်ရ,အခံရ ခက်ရှာပေမည်။ သည်တော့ ရှာခံဖြစ်သော ညွှန့်တင်လည်း မနေသာ။

"ဗျို့ ... ကိုကျွဲသိုး။ မပူနဲ့ .. မပူနဲ့။ ခင်ဗျားရဲ့ရောဂါ ဝေဒနာအတွက် ဘာဆိုဘာမှ မပူနဲ့တော့။ ကျုပ်တို့ ရွှေပန်းတောမှာ ဘီလူးမယ်တော်ကြီးရှိနေပြီပဲဟာ။ ဘယ်နေရာ ဘာဖြစ်သလဲ၊ ဖြစ်တဲ့နေရာ ဘီလူးမယ်ဆော်ကို နှိပ်ပေးပြီး ဆုသာတောင်း။ ဟပ်ချလောင်းဆို ပျောက်ကရောပဲ"

"အေး ... ဟုတ်တယ်၊ ညွှန့်တင်ပြောတာ ဟုတ်တယ်။ ကိုင်း ... ကိုကျွဲသိုး၊ ဘီလူးမယ်တော်ကြီးဆီ ခုပဲသွားပေတော့"

"မဖြစ်နိုင်ပါဘူးဗျာ၊ မဖြစ်နိုင်ပါဘူး"

"ဘာကွ ... ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ကျုပ်တို့ ရွှေပန်းတောဂုဏ်ဆောင် ဘီလူးမယ်တော်ကြီးဆိုတာ နယ်နယ်ရရ မဟုတ်ဘူး။ ခင်ဗျားဖြစ်တဲ့နေရာကိုသာ မယ်တော်ကြီးဆီ သွားနှိပ်လိုက်ပေတော့။ ချက်ချင်း,လက်ငင်း ပျောက်ကိုပျောက်ရမယ်"

"မဖြစ်ပါဘူးဗျာ"

"ဟာ ... ခင်ဗျားတော်တော်ခက်ပါလား ကိုကျွဲသိုး။ မဖြစ်နိုင်ရအောင် ခင်ဗျားရဲ့ ရောဂါဝေဒနာက ဘာမို့လို့လဲ"

အဲသည်အခိုက် ဝေဒနာရှင် ဆကာကြီးကျွဲသိုးလည်း သူ့အထုပ်ကိုသူ ဖြေဖြေပိုက်သည်။ သူ့စကားဆုံးလေတော့ အသုဘမသာဝိုင်းသည် မသာဝိုင်းနှင့် မတူတော့။ ဟပါးပါး တဟားဟားနှင့် ရယ်မောသံများ လျှံထွက်လာကြလေတော့၏။ ဆကာကြီးကျွဲသိုးစကားက အောက်ပါအတိုင်း။

"ဘာဖြစ်ရမှာလဲဗျ။ ကျုပ်ဖြစ်တဲ့ရောဂါက သေးကျတာဗျ .. သေးကျတာ။ အဲဒါ ဘယ်နေရာသွားနှိပ်ရမှာတဲ့လဲ"

• • •

## ဖဲသမားစိတ်ဓာတ်

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မီတာ ၂၀၀ အပြေးပြိုင်ပွဲ၌ ကိုညွှန့်တင်ဆိုသူသည် ပြိုင်ပွဲဝင်များကို အပြတ်အသတ်ကျော်ဖြတ်ကာ လျင်မြန်သောအဟုန်ဖြင့် ရှေ့ဆုံးမှ ပန်းဝင်လာခဲ့ရာ ဩဘာလက်ခုပ်သံများ မြိုင်ဆိုင်သွားတော့သည်။ ဤတွင် သတင်းထောက်တစ်ယောက်က ကိုညွှန့်တင်အား အင်တာဗျူးလေ၏။

"ဒီပြိုင်ပွဲမှာ ရှေ့ဆုံးကနေ လွတ်လွတ်ကျွတ်ကျွတ် ဦးဆောင်ပြီး ပန်းဝင်လာတာ အံ့ဩစရာပါပဲ။ ဒါနဲ့ အရင်က ပြိုင်ပွဲတွေဘာတွေ ဝင်ခဲ့ဖူးလား"

"ဟင့်အင်း ... တစ်ကြိမ်မှ ပြိုင်ပွဲမဝင်ခဲ့ဖူးပါဘူး"

"ဒါဖြင့် ... သည်ပြိုင်ပွဲကိုဝင်ဖို့ အလေ့အကျင့်တွေတော့ ရှိခဲ့ဖူးမှာပေါ့"

"ဟင့်အင်း ... တစ်ခါမှ မလေ့ကျင့်ခဲ့ဖူးပါဘူး"

"ဒါဖြင့် ... ခင်ဗျားတို့မျိုးရိုးမှာ ပြိုင်ပွဲဝင်သမားတွေ ရှိခဲ့ဖူးမှာပေါ့"

"ဟင့်အင်း ... တစ်ယောက်မှ မရှိခဲ့ပါဘူး"

"အံ့ဩစရာတော့ကောင်းနေပြီဗျာ။ သည်လိုဆိုရင် သည်အပြေးပြိုင်ပွဲမှာ ဘယ်လိုမျိုး စိတ်မာန်သွင်းပြီး ယှဉ်ပြိုင်ခဲ့တာတဲ့တုံး"

"ဟုတ်ကဲ့ ... တာစထွက်ကတည်းက ကျွန်တော့်နောက်မှာ ရဲတွေလိုက်လာပြီဆိုတဲ့ စိတ်အတွေးကိုသွင်းပြီး တစ်ရှိန်ထိုးပြေးခဲ့လို့ပါ"

"အယ် ..."

(ကိုညွှန့်တင်ကား ဖဲသမားဖြစ်၏။)

• • •

## ကံစွမရှိပါဘူး

ရုပ်ရှင်ကစ်ရုံးစ္ဆည်း ကိုတောကျော်ပြောင်းလာသည်မှာ ဘာမျှမကြာသေး။

ဆံပင်တွေသာမက နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတို့ ရှည်နေသဖြင့် ဆံသဆိုင်ကိုရှာရာ မကြာခင်မှာပင် လမ်းထိပ်တစ်နေရာ၌ ဆံသဆိုင်တစ်ဆိုင်ကို သွားတွေ့လေ၏။

"ဆံပင်ညှပ်မယ်၊ ပြီးတော့ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေးတို့ပါ အပြောင်ရှင်းချင်တယ်"

"ရပါတယ်။ ကဲ ... ဆုံလည်ကုလားထိုင်ပေါ်တက်"

ဆံသဆရာလည်း ဦးစွာ ဆံပင်ကိုညှပ်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com





ပြီးလေသော် မှတ်ဆိတ်မွေးတို့ကို ပြောင်စင်အောင် ရိတ်လေ၏။ ထို့နောက် အံဆွဲအတွင်းမှ ဂေါ်လီလုံးကလေးတစ်လုံးထုတ်လျက်

"ကဲ ... နောင်ကြီး နှုတ်ခမ်းမွေးတွေ ပြောင်စင်သွားရလေအောင် ဒီဂေါ်လီလုံးကလေးကို ပါးချောင်ထဲထည့်ထားပေးပါ"

ကိုတောကျော်လည်း ဂေါ်လီကို ငုံထားလိုက်၏။ သည့်အတွက် ပါးမှာ ဖောင်းသွားလေရာ ဆံသဆရာအဖို့ လွန်စွာရိတ်ကောင်းသည့် အနေအထား ဖြစ်သွားလေတော့၏။ ငုံထားသည့်ဘက်ရိတ်ပြီး ကျန်တစ်ဖက်ပြောင်းငုံလေသော် ပြောင်စင်အောင် ရိတ်ပေးလိုက်နိုင်၏။ ကိုတောကျော်လည်း ပြောင်စင်သွားသည့်အနေအထားကို ကြည့်ပြီးနောက် ဂေါ်လီလုံးကို ပြန်ထုတ်ပေးရင်း ...

"အိုကေပဲဗျာ။ ဒါနဲ့ တစ်ခုလောက် မေးပါရစေဦး"

"ဘာများတုံး ... မေးပါ၊ မေးပါ"

"တကယ်လို့ ငုံထားတဲ့ဂေါ်လီလုံးလေးကို မတော်တဆ မျိုချလိုက်မိရင် ပြဿနာပဲနော်"

"ကိစ္စမရှိပါဘူးဗျာ၊ တခြားလူတွေလည်း မကြာခဏဆိုသလို မျို့မျိုချတတ်မိကြပါတယ်။ ဒါပေမဲ့လည်း သူတို့ ဝမ်းနုတ်ဆေးစားပြီးတဲ့အခါ ပြန်ပြီး လာ့လာပေးတတ်ကြပါတယ်"

"ဗွီး ..."

• • •

## အကောင်းဆုံး သက်သေခံ

ကျွဲသိုးနှင့် ဖက်တီးတို့ သူငယ်ချင်းနှစ်ယောက် ယမကာဆိုင်တွင် ဝိုင်းဖွဲ့ရင်း ခပ်ထွေထွေရှိလာချိန်တွင် အငြင်းအခုန်ဖြစ်လာကြသည်။

"ဟေ့ကောင် ဖက်တီး၊ မင်းပြောတဲ့စကားတွေဟာ ကြာလေ မဟုတ်လေပဲ။ မင်း ရူးများရူးနေပြီလား"

"ဘာ ... ကွ၊ ငါမရူးဘူး။ မင်းသာရူးတာ။ မင်းရူးလို့သာ ငါ့စကားတွေကို သဘောမပေါက်ဘဲ ဖြစ်နေတာ"

"ဟေ့ကောင် ... ငါမရူးဘူး။ မင်းသာ အရူး"

"နေပါဦး ကျွဲသိုးရဲ့။ မင်းက မရူးဘူးဟုတ်လား။ ဘာနဲ့ မရူးဘူးဆိုတာကို သက်သေပြနိုင်မလဲ"

"ဟား ... ဟား ... ဟား ... ဟား။ ပြနိုင်တာပေါ့။ ကျွဲသိုးမရူးဘူးဆိုတာကို ကောင်းကောင်းကြီး သက်သေပြနိုင်သပေါ့။ ဟောဒီမှာကြည့် ..."

ကျွဲသိုးလည်း သူ့စကားအဆုံး၌ ၎င်း၏အိတ်ကပ်ကို နှိုက်ကာ စာရွက်တစ်ရွက် ကမ်းပေးလိုက်၏။

"သေသေချာချာဖတ်ကြည့်နော်၊ စိတ်ကျန်းမာရေးဆေးရုံက ငါ့မှာ အရူးရောဂါမရှိတဲ့အကြောင်း ဆေးရုံဆင်းသက်မှတ်မှာ ရေးပေးလိုက်တာ။ ဒါ ... ငါ့အတွက် အကောင်းဆုံးသက်သေခံမဟုတ်လို့ ဘာဟုတ်ရမှာလဲ။ မင်းမှာ ဒါမျိုးရှိလို့လား အရူးရဲ့"

"သေ ... ဟ"


မြို့မေတ္တာခံယူမယ့်

**ကိုရွှေတောသား**



www.burmeseclassic.com

www.burmeseclassic.com



# ရင်ထဲကာမီး

ရန်ကုန်မြို့ ဆွမ်းလောင်းဓမ္မာရုံ တစ်ခုတွင် ဆွမ်းသိမ်းအောင်ပွဲအဖြစ် ဓမ္မပူဇာတရားပွဲသဘင်တွင် နာမည်ကြီးဆရာတော်များ ကြွရောက်တရားဟောမည်ဖြစ်ပါ၍ တစ်ရက်ကြိုတင်ပြီး ဝေယျာဝစ္စ လုပ်ကိုင်နေကြ၏။ လမ်းပိုးချောင်းများ တန်းစီစိုက်နေသူများ၊ သာသနာ့အလံများ တန်းစီစိုက်နေသူများ၊ ဆရာတော်ကြီးများ ဓာတ်ပုံကားချပ်စိုက်နေသူများ အလုပ်ရှုပ်နေစဉ် ဓမ္မာရုံအပေါ်ထပ်မှာလည်း နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တရားဓမ္မများကို စကားဝိုင်းဖွဲ့၍ သိသလောက်၊ တတ်သလောက် ဟောပြောနေကြသည်။

ထိုအထဲတွင် ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာဖြစ်သူ ဦးချမ်းသာက တရားဓမ္မများကို ရွှန်းရွှန်းဝေအောင် ဟောပြောနေသည်။ လူအများကလည်း အထင်ကြီးလေးစားကြသည်။ ဦးချမ်းသာက အပိဋကာ၊ တဟော၊ ကံ၊ ရုပ်နာမ်၊ သစ္စာ ငါးပါး သိသရာစက်လည်ပုံ၊ ပြတ်ပုံကို နားလည်နဲ့ ရှင်းပြနေသည်။

ငါ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ ပရမတ် ခွဲခြားသိရမယ်။ ဘဝကို ရှုံ့မုန်းတဲ့စိတ်၊ ကြောက်ရွံ့တဲ့စိတ်၊ သံဝေဂဉာဏ်၊ ဘာဝနာဉာဏ် ဖြစ်ပြီး လိုချင်တပ်မက်သော ငါစွဲပြတ်ပြီး တစ်မဂ်၊ တစ်ဖိုလ် ရမှာဖြစ်တယ်။ နို့မဟုတ်ဘဲ ကုသိုလ်၊ အကုသိုလ်တွေလုပ်၊ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ အားထုတ်တော့ ဘဝတွေ ပြောင်းပြီး အဝိယ်လေးဘုံမှာ ခေါင်းတွေ ပြောင်းကြရတယ်"

"ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့ ဘဝတွေက အတ္တစိတ်ကြောင့် မရှိတာကို ရှိတာလုပ်၊ မပိုင်တာကို ပိုင်တယ်ထင်၊ သားတွေ့သမီးတွေနဲ့ သာယာပျော်ရွှင်နေကြတဲ့ ခဏတာ သုခနိဗ္ဗာန်ကို စွဲနေတယ်။ စိတ်ဆိုတဲ့ ခိုင်းနေတာကို ဒီခန္ဓာကိုယ်ကြီးက လိုက်လုပ်နေရတယ်။ ဘုရား၊ ကျောင်း၊ ဓမ္မာရုံများနဲ့ ဆေးရုံ၊ ဆေးခန်း၊ အချုပ်တရားရုံး၊ ထောင်စသည်ဖြင့် လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟစိတ်ကြောင့် ဖြစ်ပေါ်လာရတယ်။ ဓမ္မမိတ်ဆွေတို့ ... ကျုပ်တို့က သံသရာ ခရီးသွားတွေဆိုတာ့ သညာက ဖုံးထား၊ လိမ်ထားတယ် မဟုတ်လားဗျာ"

ထိုစဉ် လူတစ်ယောက် အောက်မှနေ၍ လှမ်းအော်ပြောနေသည်။

"ဆရာတို့ရေ ... မီးလောင်နေတယ်ဗျို့"

ဦးချမ်းသာက ဓမ္မမိတ်ဆွေများကို

"တရားရှိကြပါ။ သဗ္ဗေသင်္ခါရာ အနိစ္စာတိ။ ဘုရား ... ဘုရား ကိလေသာ သောက၊ ဗျာပါဒတွေ ကြားမနိုးစေနဲ့။ ဒုက္ခ သစ္စာတွေပဲလို့ နှလုံးသွင်းမှန်ပါစေ"

အောက်ကလူက စိုးရိမ်စွာဖြင့် ထပ်အော်ပြောပြန်သည်။

"ဆရာတို့ရေ ... မီးကများတယ်ဗျို့။ မီးသတ်ကားတွေ အများကြီးသွားနေတယ်။ ဦးချမ်းသာတို့လမ်းမှာ လောင်နေတာ အိမ်တွေကုန်ပြီဗျို့"


ထိုအခါ ဦးချမ်းသာမှာ တုန်လှုပ်သွားသည်။ ဣန္ဒြေမဆောင်နိုင်တော့ပေ။ အငှားကားကို ပြေးပြေးလွှားလွှား လှမ်းခေါ်ရင်း ပြောလိုက်ပုံက -

"ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့ရေ၊ ခန္ဓာဝန်ရှိသရွေ့ ... တဏှာဆိုတဲ့ ကိလေသာကို ပယ်သတ်ဖို့ မမေ့ကြနဲ့။ စိတ်သာနှင့်ဓာ ဘုရားဟောတဲ့ ... ဘုရား ဘုရား"

မြတ်ထော(အောင်းထိန်)

www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာရဲနိုင်

ချိုသာ

ကျုပ်အရင်တုန်းက မင်္ဂလာတောင်ညွန့်မြို့နယ်မှာ နေထိုင်ခဲ့ပြီး၊ မောင်မင်္ဂလာ(တောင်ညွန့်)ကလောင်နာမည်နဲ့ ဖြစ်ရပ်မှန်မှတ်တမ်းတွေကို တော်တော်များများ ရေးခဲ့ဖူးပါတယ်။ စခန်းက နယ်ထိန်းအရာရှိနဲ့ ဘပ်ဖွဲ့ဝင်(အခြားအဆင့်)တွေနဲ့ ခင်မင်ရင်းနှီးပါတယ်။

* * *

တစ်ညနေ အင်းစိန်၊ ဖော့ကန်မှာနေထိုင်တဲ့ ကဗျာဆရာမောင်နိုင်မာနဲ့ ကျုပ် မြို့ထဲမှာဆုံကြလို့ ကျုပ်နေထိုင်တဲ့ ကန်တော်ကလေး(မြောက်ပိုင်း)ရပ်ကွက်၊ ဒိုဘီဝင်းအတွင်းကို ရောက်ဖူးအောင် အလည်သဘောမျိုး ဖိတ်ခေါ်သွားပါတယ်။ မောင်နိုင်မာ ဆေးပြင်းလိပ်တိုကလေးခဲပြီး ကျုပ်ခေါ်ဆောင်သွားတဲ့ ဖထီးဂျမ်းဂဲဘီ (တောအရက်ပုန်းဆိုင်)ကို လိုက်ပါလာပါတယ်၊ တကယ်တော့ ကဗျာဆရာတွေဆိုတာ နယ်မရှောင်တဲ့ ကြယ်ကြောင်ပဲပေါ့။ အခြေအနေမဲ့များ၊ ဒိုဘီကုလားများ ကြားမှာ ထုံးစံအတိုင်း ကဗျာဆရာမောင်နိုင်မာ မြူးမြူးကလေးနဲ့ လိုက်လျောညီထွေ ခံစားနေပါတယ်။ တစ်ခါမှမရောက်ဖူးတဲ့ ပတ်ဝန်းကျင်သစ်ကို ရောက်ဖူးလို့ ကျုပ်ကို ကျေးဇူးတင်ကြောင်း ပြောပါတယ်၊ မှောင်ပမ်းတော့ ကျုပ်တို့ ရန်ကုန်ဘူတာကြီးဘက် နောက်ပြန်ဆုတ်ကြရတာပေါ့။

* * *

မော်လမြိုင်(စာပို့)ရထားဆိုက်ချိန်မို့ မောင်နိုကုန်သ
ထုကြီး ပုရွက်ဆိတ်အုံ တုတ်သိုးပေါ့။

ကျုပ်ကလည်း သိတယ်။ သူကလည်း သိတ
ကျုပ်ဘာ၊ သူဘာ။ စက်ဘီးပေါ်ကလူကို . . .

"ဒါ . . . ကဗျာဆရာမောင်နိုင်မာ၊ အင်းစိန်ပြန်ဖို့ လ
စရိတ်မရှိဘူး"

ကျုပ် နှုတ်ဆက်တွေ ကာရန်တွေ မသုံးဘူး။ တဲ့ပြော
တယ်။

ပြန်မှာကျပ်ငွေ (၁၀)ရတယ်။ ကျုပ် မောင်နိုင်မာ့လက်
ထည့်လိုက်တယ်။ မောင်နိုင်မာက စာပေလောကမှာ မွတ
ဒေါက်တာရဲနိုင် . . . တဲ့။ ဒေါင်မာကွာ . . . ။


ချို

(ဆရာတင်မိုး၊ ဆရာမောင်နိုင်မာ အမှတ်တရပွဲ
၇-၂၀၀၂ နေ့သို့ . . .)



www.burmeseclassic.com

www.burmeseclassic.com



# ကြိုးပွဲ

■ ပိုက်မင်းဝေ

ကိုသောင်းနိုင်တစ်ယောက် ငိုက်
ငိုက်စိုက်နှင့် ဖခင်ဖြစ်သူ ဦးဖိုးထင်တို့
နှင့်အတူ ဝင်လာသည်။ ကွပ်ပျစ်ပေါ်တွင်
ထိုင်၍ ကြက်ကလေးများကို အစာ
ကျွေးနေသော ဦးဖိုးထင်က -

"မောင်သောင်းနိုင် ... ဘာဖြစ်
လာတုံး"

"မပြောချင်ပါဘူး အဖေရာ။ ကျွန်
တော့်ယောက္ခမကြီးပေါ့။ ပြီးခဲ့တဲ့အပတ်
က ရောက်တယ်။ အခု သူ့သားတွေဆီပြန်
သွားမယ်တဲ့"

"သြော် ... ပြန်ချင်လည်း ပြန်ပါ
စေ။ သွားရယ်"

"တွဲတေးနဲ့ ဗန်းမော် နည်းတဲ့ခရီး
မဟုတ်ဘူး ဟိုတစ်ခါတုန်းကလည်း လမ်း
စရိတ်ထည့်ပေးမယ်၊ ခဏနေပါဦးဆိုတော့
မနေနိုင်ဘူးဆိုပြီး သူ့အဝတ်ထုပ်ကြီး
ဆွဲပြီး ပြန်သွားလေရဲ့။ အဲဒါလည်း
ဘယ်လိုဘယ်လို ရောက်သွားလဲတော့
မသိဘူး ဟိုမှာလည်း အကြာကြီးမနေ
ဘဲ ပြန်ရောက်လာတာပဲ"

"သားသမီးသံယောဇဉ်ကိုး သား

"မဟုတ်ပါဘူး အဖေရာ။ ကျွန်
တော်ကျွေးမွေးစောင့်ရှောက်ထားနိုင်ပါ
တယ်၊ အသက်ကလည်းကြီးပြီ သည်မှာ
ပဲ နေဆိုတာ သူမှမနေတာ။ ပျာယာခတ်
နေတာပဲ"

"ကဲ ... ကဲ၊ ငါ့သား မင်းသည်မှာ
ခဏထိုင်ဦး"

ဦးဖိုးထင်က ပြောပြောဆိုဆိုနှင့်
အစာစားနေသော ကြက်သားအုပ်မကြီး
ဆီသို့ လျှောက်သွားရင်း ကြက်ပေါက်
လေး လေးငါးခြောက်ကောင်လောက်ဖမ်း
ပြီး တောင်းနှင့်အုပ်ထားလိုက်သည်၊ ကျန်
သည့် လေးငါးခြောက်ကောင်လောက်ကို
ဖမ်းပြီး ခြင်းထဲထည့်လိုက်ပြီး အိမ်နောက်
ဖေးဘက်ထွက်သွားလိုက်သည်၊ ကိုသောင်း
နိုင်သည် ဦးဖိုးထင်လုပ်သမျှကို ကြည့်နေ
လေသည်။ ဦးဖိုးထင် အိမ်ရှေ့ပြန်ရောက်
တော့ နောက်ဖေးဘက် ယူသွားသော
ကြက်ကလေးများ ထားခဲ့သည်ထင်၏။
လက်ဗလာနှင့်။ ကြက်မကြီးကတော့ ဆူ
ညံစွာအော်ဟစ်လျက်။

"ကဲ ... မောင်သောင်းနိုင်၊ ကြက်
မကြီးကို သေသေချာချာကြည့်ကွာ။ အိမ်
ရှေ့မှာရှိတဲ့ ကြက်ကလေးတွေဆီမှာပဲနေ
မလား၊ အိမ်နောက်ဖေးဘက်က ကြက်
ကလေးတွေဆီပဲ သွားမလား ကြည့်ကွာ"

မောင်သောင်းနိုင်လည်း ကြက်မ
ကြီးအား ကြည့်နေလိုက်သည်။ ကြက်မ
ကြီးမှာ အိမ်နောက်ဘက်သို့သွားလိုက်၊
အိမ်ရှေ့ဘက်သို့သွားလိုက်နှင့် ပျာယာ
ခတ်နေသည်။

"တွေ့လား မောင်သောင်းနိုင်၊
အဲဒါ တိရစ္ဆာန်ကွ။ နောက်ထပ်ကြည့်ဦး"

ဟုဆို၍ ဆန်ကွဲလက်တစ်ဆုပ်ခန့်
ယူ၍ အိမ်ရှေ့တွင်အုပ်ထားသော ကြက်
ခြင်းတောင်းတွင် ပုံထားလိုက်သည်၊ ကြက်မ
ကြီးအိမ်ရှေ့ရောက်တော့ ဆန်ကွဲပုံအား
မစားနိုင်ဘဲ ခြေထောက်နှင့်ယက်၍ အော်
လေသည်။ ပြီးတော့ နောက်ဖေးဘက်သို့
ထွက်သွားလေသည်။

"ကဲ .. ရှင်းပြီလား မောင်သောင်း
နိုင်။ အစာဘယ်လောက်ပဲပုံပုံ မရဘူးကွ။
မေတ္တာ ... မိဘမေတ္တာ။ ကြက်တွေကို
သည်အတိုင်းထားပြီး မင်းညနေမှပြန်လာ
ကြည့်လည်း သည်အတိုင်းပဲ နေမှာပဲ"

"ကျွန်တော် သဘောပေါက်ပါပြီ
အဖေ"


ပိုက်မင်းဝေ

(၁၉၉၅ ခုနှစ်တွင် ကွယ်လွန်သွား
သော အဘွားသို့ ...)



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ့်ဝမ်းနာ ကိုယ်သာသိ

ကိုကိုအောင်(မြကန်သာ)

"မင်္ဂလာပါ ဆရာကြီး"

"မင်္ဂလာပါ တပည့်တို့၊ ကဲ・・・ ထိုင်ကြ၊ ထိုင်ကြ"

စာသွားတန်းအခန်းသို့ ကျောင်းအုပ်ဆရာကြီး ဦးလှဘုန်းမော် ဝင်ရောက်လာစဉ် တပည့်လေးများနှင့် ဆရာကြီးတို့၏ အပြန်အလှန် နှုတ်ဆက်သံကို ကြားရသည်။

"ကဲ・・・သားတို့ သမီးတို့ကို ဆရာကြီး စာမသင်ခင် စကားနည်းနည်း ပြောချင်တယ်ကွယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အေး・・・ဒီအချိန်ဟာ သားတို့၊ သမီးတို့ သိကြတဲ့အတိုင်း လပတ်စာမေးပွဲလည်း နီးလှပြီ။ တကြိုးစားကြပါ။ အိမ်မှာလည်း စာကြည့်ကြတယ်မဟုတ်လား"

"ကြည့်ပါတယ် ဆရာကြီး"

"ဟုတ်ပြီ။ စာမေးပွဲတွေ တစ်နှစ်တစ်တန်းအောင်မှ ဘွဲ့တွေရကြမယ်။ ဒီတော့ သမီးတို့ သားတို့ ရည်မှန်းထားတဲ့ ဆရာဝန်ကြီးတွေ၊ စစ်ဗိုလ်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ ဖြစ်ကြမယ် မဟုတ်လား။ ကိုင်း・・・တပည့်တို့ မဖြစ်ချင်ကြဘူးလားဟေ့"

"ဖြစ်ချင်ပါတယ် ဆရာကြီး"

တပည့်လေးများ၏ အားတက်သရော ပြိုင်တူဖြေကြားလိုက်သံမှာ ကျောင်းခေါင်မိုး သက်ငယ်ပျစ်များ လွင့်သွားမလား အောက်မေ့ရသည်။ အပြစ်ကင်းစင်စွာ အဖြူထည်မျက်နှာလေးများနှင့် တက်ကြွနေသော တပည့်လေးများ၏ မျက်နှာကို ကြည့်ကာ ဆရာဦးလှဘုန်းမော် ကြည်နူးရသည်။ ပြီးမှ ရှေ့ခုံတွင် ထိုင်နေသော တပည့်မလေးအား

"ကဲ・・・သမီးညိုညို ထပါဦး။ သမီးကြီးရင် ဘာလုပ်မှာလဲ။ ဘာရည်မှန်းချက်ထားလဲ"

"ဆရာဝန်မကြီးလုပ်ပါမယ် ဆရာကြီး"

"အေး・・・ကောင်းတယ်၊ ကောင်းတယ်။ ဒီလိုရည်မှန်းချက်ထားပြီး ဖြစ်အောင်ကြိုးစားရမယ်နော်"

⁘

တစ်နေ့ ကျောင်းတက်ချိန်တွင်

"ဆရာကြီး"

"ဟဲ့・・・သမီးညိုညို ဘာဖြစ်လို့လဲ။ ငိုထားတာလား။ မျက်လုံးတွေရဲလို့ ပြောစမ်း ဆရာကို・・・"

ဆရာဦးလှဘုန်းမော် မေးလိုက်မှ တပည့်လေး ညိုညို၏ ဖိုးပြင်ထဲသို့ မျက်ရည်ဥလေးများ လိမ့်ဆင်းလာသည်။ ရှိုက်သံလေးတစ်ချက် ထွက်ပေါ်လာပြီး -

"မနေ့က ဆရာကြီး သမီးတို့ကို ရည်မှန်းချက်တွေမေးတာ အမေ့ကို ပြန်ပြောပြခဲ့တယ် ဆရာကြီး"

"ဪ・・・ဒါဖြင့် သမီးရယ်။ ကဲ အဲဒီတော့ သမီးအမေက ဘာပြန်ပြောလဲ"

ညိုညိုက တစ်ချက်ရှိုက်လိုက်ကာ မျက်ရည်များကို လက်ဖမိုးနဲ့ ပွတ်သုတ်လိုက်ရင်း -

"အဟင့်・・・အမေကပြောတယ် ဆရာကြီး။ ဟုတ်မှာပါ့မလားတဲ့။ မင်းဆရာသမားတွေဟာ ကိုယ့်သားသမီး ကိုယ့်တပည့် ကောင်းစားတာကို မြင်ချင်တွေ့ချင်ကြတာပေါ့။ ဒါပေမဲ့ ညည်း လေးတန်းအောင်အောင် ကျောင်းထွက်ရမယ်။ အမေနဲ့အတူ ဈေးရောင်းရမယ်တဲ့ ဆရာကြီး"

---

ကိုကိုအောင်(မြကန်သာ)

---



www.burmeseclassic.com

www.burmeseclassic.com

# ပန်းပိတောက်လေး သိပါစ

❒ ကိုဖိုးတင်အောင်

သည်အချိန်ရောက်ရင် ကျွန်တော့်စိတ်တွေ ဖေါက်ဖေါက်လာတယ် ဆိုတဲ့ သီချင်းကို ငါကြားဘူးတယ်၊ သည်လိုမျိုးဘဲ သည်အချိန် သည်အခါမျိုးဆိုရင် မင်းလဲရောက်လာတော့မယ်ဆိုတာ ငါသိသားပဲ၊ သည်အချိန် သည်ကာလဟာ မင်းရဲ့ အခွင့်ထူးခံ ကာလပဲမဟုတ်လား။

သည်အတွက် ငါ့အနေနဲ့ ဘာမှမနာလိုစရာမဖြစ်ပါဘူး၊ မင်းနဲ့ငါက မျိုးနွယ်တူတဲ့ ညီအစ်ကိုတွေပဲလေ။ သည်လောက်တော့ ငါနားလည်ပါတယ်၊ စကားတစ်ခွန်းရှိတယ်၊ သင့်ရဲ့ စိတ်ထားသည် အပြင်တွင်ဖြောင့်နေသော်လည်း အတွင်းမှာ မကောက်မိစေနဲ့တဲ့။

မင်းနဲ့ ပတ်သက်ဘာရင် ငါ့စိတ်တွေကိုတော့ ဘယ်တော့မှ မကောက်စေရဘူးဆိုတာကိုတော့ဖြင့် မင်းယုံထားပေါ့ပါ၊ သည်လိုအချိန် သည်လိုကာလမျိုးဆိုဟာ စိတ်ကောင်းမွေးနိုင်မှ တော်ရုံကတာ။ ပြောလို့ပြောတာ မဟုတ်ပါဘူး။ မင်းရောက်လာခဲ့ပြီဆိုရင် လူတွေအားလုံးက ငါတို့ကို မေ့ပစ်လိုက်ကြတယ်၊ အရာရာမှာ မင်းကိုပဲ ဦးစားပေးကြတာမျိုး၊ ဘယ်၊ ကလေးကအစ လူကြီးအဆုံးပေါ့။

မင်းကလဲ အဲသည်လို လူတွေအရေးပေးတာကို ကြိုက်လို့နဲ့တူပါတယ်၊ ဒိုကိုတောင်မှ အပေါက်မလုပ်ချင်တော့ဘူးလေ၊ ရပါတယ်။ အခွင့်အရေးဆိုတာ ပုတ်တက်မှ ရတာမျိုးဟုတ်လား၊ တစ်ခါတော့ရှိပါရဲ့ ဘယ်အခွင့်အရေးမျိုးမဆို နှစ်ခါလာရိုးထုံးစံမရှိပါဘူး၊ လာခဲ့ရင်လဲ အဲသည့်အခွင့်အရေးဟာ ဘာတန်ဘိုးရှိတော့မှာလဲ၊ ဒါကိုတော့ဖြင့် မင်းအနေနဲ့မြဲမြဲမှတ်။

ဘယ်ကိစ္စမဆို တရားအသိရှိမှ အသိတရားဆိုတာ ရှိတာပါ၊ ငါ့အနေနဲ့ ပြောရရင်၊ နေ့နေရတဲ့အခိုက်မှာတော့ တစ်ခဏတာကောင်းစားရမဲ့ အလုပ်မျိုးကိုမလုပ်ချင်ဘူး။ တစ်ဘဝတာကောင်းစားရမဲ့ အလုပ်မျိုးကိုပဲ လုပ်ချင်တယ်၊ သူကရေရှည်ခံတယ်လေ။

ငါကတော့ကွာ လိုချင်တာကို မရခဲ့ရင်တောင်မှ လိုအပ်တာတော့ ရနိုင်ရမယ်လို့ ထင်ထားတဲ့သူပါ။

သည်အချိန် သည်ကာလက မင်းဘာတွေပဲလုပ်လုပ် ဟုတ်နေတဲ့အချိန်၊ ဟုတ်ရေတဲ့ကာလ၊ လူတွေကလဲ မင်းမှ မင်းဆိုတော့ မင်းအနေနဲ့ တို့ကိုအဖက်မလုပ်တာဟာ အဆန်းမဟုတ်ပါဘူး။

သည်လိုပဲ ငါတွက်ထားပါတယ်၊ ဒါပေမဲ့ ဘယ်သူမဆိုပေါ့လေ၊ အချိန်တန်ရင် အိမ်ပြန်ရမြဲပါ။ မင်းအနေနဲ့ ဘယ်လောက်များ ရက်ကြာကြာနေနိုင်မှာတဲ့သဲ၊ အနှစ်ကျန်မှ အစစ်အမှန်ဖြစ်တာမျိုးပါတယ်။

အခုဆိုရင် မင်းနေရမဲ့ ရက်တွေက တဖြည်းဖြည်းနဲ့ ဆုတ်လို့လာပြီလေ၊ နက်ဖြန်သဘက်ရောက်တာနဲ့ မင်းပြန်သွားရတော့မယ်၊ မင်းနေခဲ့တဲ့နေရာကိုပဲ မင်းပြန်သွားရမှာပေါ့။

ဘာမှ ဝမ်းနည်းနေစရာမလိုပါဘူး။ လောကခံရဲ့ အကြောင်းတရားတွေကို သိထားခဲ့ရင် စိတ်သက်သာရာရပါတယ်၊ မိမိကိုယ်ကို စိတ်ပျက်ခြင်းဟာ တနည်းအားဖြင့်တော့ လောကကြီးကို အရှုံးပေးလိုက်တာပါပဲ။

မင်းမရှိတော့လဲ လူတွေက မင်းအလွမ်းပြေ တို့ဆီကိုရောက်လာကြမှာပါပဲ၊ ဒါတွေက ဖြစ်ရိုးဖြစ်စဉ်တွေပါ။

အေးပေါ့လေ၊ မင်းအနေနဲ့ တစ်နှစ်တစ်ခါရောက်လာနိုင်အောင်တော့ ကြိုးစားဦးပေါ့ မင်းလာမဲ့ရက်ကို တို့အနေနဲ့ ဝမ်းပမ်းတာသာ စောင့်ကြိုနေမှာပါ၊ ဒါဟာ တို့ရင်ထဲက မှန်သော စကားတွေပါ။

သည်လိုနဲ့ သင်္ကြန်ရက်ကြီးကလဲ ပြီးဆုံးလို့ သွားခဲ့ပါပြီ၊ ပိတောက်ပန်းလေးလဲသူ့အချိန် သူ့ကာလကုန်သွားပြီဖြစ်တဲ့ အတွက် လာရာလမ်းကို ပြန်သွားခိုက်မှာ ငုဝါပန်းလေးကတော့ ရင်ထဲက ပြောချင်တဲ့ စကားလက်ကျန်လေးတွေနှင့်အတူ ဒွေးတမြေ့မြေ့နှင့် ကျန်ရစ်ခဲ့ရရှာတာကတော့ အမှန်ပါ။

ပိတောက်လဲပန်း၊ ငုလဲပန်းပါ၊ ပန်းချင်းအတူတူ ဘယ်သူကများ အသက်တစ်ချောင်း ရှင်သန်ဖို့အရေးလောက်ပိုရှိ ကို့ရုပ်မလဲ၊ ဒါတွေသာ ပိတောက်ပန်းလေး သိခဲ့ရင်ပေါ့ သည်လိုပဲ ငုဝါပန်းလေး တွေးမိနေရဲ့။

ကိုဖိုးတင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# သူ့စည်းကိုယ့်စည်း

လင်းမြင့် (ဥပဒေ)

မော်တော်ယာဉ်စည်းကမ်း၊ မော်တော်ယာဉ်မောင်းသူ (ဒရိုင်ဘာ) စည်းကမ်း၊ မော်တော်ယာဉ်နောက်လိုက် (စပါယ်ယာ)စည်းကမ်း၊ မော်တော်ယာဉ်ပေါ်စီးနင်းလိုက်ပါသူများ စည်းကမ်း၊ လမ်းစည်းကမ်း၊ စကြံပလက်ဖေါင်းပေါ် လမ်းလျှောက်သူများစည်းကမ်း၊ လမ်းမကြီးပလက်ဖေါင်းပေါ် လမ်းလျှောက်သူများစည်းကမ်း၊ လမ်းကြား (ထဲ)ပလက်ဖေါင်းပေါ်လမ်းလျှောက်သူများစည်းကမ်း၊ စည်ပင်သာယာလမ်းစည်းကမ်း၊ ဈေးစည်းကမ်း၊ ဌာနဆိုင်ရာစည်းကမ်း၊ ကုမ္ပဏီစည်းကမ်း၊ ဝန်ထမ်းစည်းကမ်း၊ အသင်း၊ အဖွဲ့၊ ပါတီစည်းကမ်း၊ ယာဉ်ထိန်းရဲ၊ စည်ပင်ရဲ၊ ရဲတပ်ဖွဲ့စည်းကမ်း၊ တရားဥပဒေစည်းမျဉ်း၊ စည်းကမ်းများသည် သူ့နေရာနှင့်သူ အံဝင်ခွင်ကျရှိနေပြီး ပြဋ္ဌာန်းအတည်ပြုထားပြီး ဖြစ်ပါသည်။

လူ့လောကတွင် အလားတူပင်၊ "ဘီလူးစည်း၊ လူ့စည်း" ဟူ၍ သူ့စည်း ကိုယ့်စည်းရှိသကဲ့သို့ ဘာသနာတော်တွင်လည်း ဝေယျာဝစ္စအဖွဲ့စည်းကမ်း၊ အကျိုးတော်ဆောင်အဖွဲ့စည်းကမ်း၊ ဂေါပကအဖွဲ့စည်းကမ်း၊ ယောဂီကျင့်ဝတ်စည်းကမ်း၊ ရှင်ကျင့်ဝတ်စည်းကမ်း၊ ရဟန်းတော်ကျင့်ဝတ်စည်းကမ်း၊ သိက္ခာပုဒ်များသည်လည်း အသီးသီးရှိနေပြီး ပြဋ္ဌာန်းအတည်ပြုထားပြီး ဖြစ်ပါသည်။

မော်တော်ယာဉ် မောင်းနှင်သူများသည် ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို နားလည်ရမည်ဖြစ်သကဲ့သို့ မော်တော်ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်ထိန်းသိမ်းနိုင်သူများ ဖြစ်ကြရပါမည်။ ယာဉ်မောင်းနေစဉ် အသောက်အစားအပျော်အပါး ကင်းရပါမည်။ ထို့ပြင် စိတ်ရှည်သည်းခံနိုင်စွမ်းရှိရပါမည်။ မျက်စိလျင်၊ နားပါးသူများဖြစ်ကြရပါမည်။ ဘေးကလိုက်ပါသူ ခရီးသည်၊ စပယ်ယာ၊ ယာဉ်နောက်လိုက်တို့၏ မြှောက်ထိုးပင့်ကော်မှုကိုလည်း ရှောင်ရှားနိုင်ရပါမည်။ မြန်မာ့ဆိုရိုးစကားကဲ့သို့ "ယောက်ျားဖောင်စီး မိန်းမဦးနေ" ချိန်သည် အသက်အန္တရာယ်နှင့် အလွန်နီးကပ်ပါသည်။

သက်ဆိုင်ရာမှ မော်တော်ယာဉ်ပေါ်တွင် ကပ်ထားသကဲ့သို့ "သင့်အား သင့်ရဲ့ မိဘ၊ ဇနီးသားသမီးများက စောင့်မျှော်နေကြပါသည်။ မစဉ်းစား၊ မချင့်ချိန်ဘဲ ဂမူးရူးထိုး မိုက်ရူးရဲလုပ်မှုကြောင့် မိမိအသက်သာမက မိမိမောင်းနှင်နေသည့် မော်တော်ယာဉ်ပေါ်ပါ ခရီးသည်များ၏ အသက်ပေါင်းများစွာ အခြားယာဉ်ပေါ်ပါသူများ၏ အသက်ပေါင်းများစွာ စတေးခံရသည့်သာဓကများသည်လည်းရှိပြီးဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မော်တော်ယာဉ်မောင်း တစ်ဦးသည် သူတစ်ပါးအား နာကျင်အောင်၊ နစ်နာအောင် အရမ်းပေါ်လျော့စွာ အများပြည်သူဆိုင်ရာ လမ်းပေါ်၌ ယာဉ်မောင်းလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၂၇၉ အရ ၂နှစ်ထိ ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်ပါသည်။

ထို့အတူ လူ့အသက်ဘေးဖြစ်အောင် အရမ်းပေါ့လျော့စွာပြုလုပ်လျှင် ယင်းဥပဒေပုဒ်မ-၃၃၆ အရ ၁နှစ်ထိ ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်ပါသည်။ အလားတူ လူ့အသက်လုံခြုံရေးကို ဘေးဖြစ်အောင် အရမ်းပေါ့လျော့စွာ ပြုလုပ် နာကျင်စေလျှင် ယင်းပုဒ်မ-၃၃၇ အရ ၂ နှစ်ထိ ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်ပါသည်။

ထို့အပြင် လူ့အသက် လုံခြုံရေးကိုဘေးဖြစ်အောင် အရမ်းပေါ့လျော့စွာ ပြုလုပ်၍ အပြင်းအထန် နာကျင်စေလျှင် ၅ နှစ်ထိ ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်ပါသည်။ မော်တော်ယာဉ်ကြောင့် ထိခိုက်ဒဏ်ရာရလျှင် အထက်ပါပြစ်မှုများ ကျူးလွန်သဖြင့် အထက်ပါပုဒ်မများအရ ပြစ်ဒဏ်များ မလွဲမသွေကို ခံရမည်ဖြစ်ပါသည်။

အကယ်၍ မော်တော်ယာဉ်ကြောင့် ထိခိုက်သေဆုံးသွားလျှင် အရမ်းပေါ့လျော့သေစေမှုကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)အရ ၇ နှစ်ထိ ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်ပြီး သေစေတန်ရာကို သိလျက်ပြုလုပ်က ထောင်ဒဏ်တိုး၍ ဆယ်နှစ်ထိချမှတ်ခံရမည်ဖြစ်ပါသည်။

မော်တော်ယာဉ်မောင်းသူ အချို့သည် အဆိုပါပြစ်မှုနှင့် ပြစ်ဒဏ်များကို သိလျက်၊ မြင်လျက်၊ ကြားလျက်၊ ကြုံဖူးပါလျက်နှင့် မော်တော်ယာဉ်ပေါ်ရောက်၍ စတီယာရင်ခွေကိုင်မိသည်နှင့် အားလုံးမေ့ပျောက်သွားကြပါတော့သည်။

အရမ်းပေါ့လျော့စွာ မဆင်မခြင်မောင်းနှင်မှုကြောင့် မော်တော်ယာဉ်တိုက်မှုဖြစ်ပြီး ထိခိုက်ဒဏ်ရာရသေဆုံးသည်နှင့် တပြိုင်နက် လုပ်ရဲလျှင် ခံရဲရမည်ဖြစ်သော်လည်း ရင်မဆိုင် မဖြေရှင်းကြဘော့ဘဲ ကိုယ်လွတ်ရုန်းထွက်ပြေးကြသည်သာ များပါသည်။

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့က မြေးအကြီးဖြစ်သူ ကိုခန့် (၁၀နှစ်)မှတ်ပုံတင်ကိစ္စအတွက် တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံးသမီးကြီးဖြစ်သူ မခိုင်နှင့်လိုက်သွားပြီး အိမ်ရှိရာသို့ ပြန်ရန် အခွန်လွတ်ဈေးရှေ့ကားမှတ်တိုင်မှ အမှတ် (၃၉)ယာဉ်ကြီးလိုင်း မော်တော်ယာဉ်ကို စီးနင်းလာရာ ရုပ်ရှင်ရုံအနီး မီးပွိုင့်နား အရောက်တွင် စီးလာသော မော်တော်ယာဉ်မှာ ရှေ့မှယာဉ်တစ်စီးကြောင့် ကမန်းကတန်း ဘရိတ်အုပ်လိုက်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ထိုင်ခုံနေရာမရ၍ ရှေ့ရှိ ထိုင်ခုံလက်တန်းကိုကိုင်၍ ရပ်နေသော်လည်း ယာဉ်မောင်း၏ ကမန်းကတန်း မဆင်မခြင် ဘရိတ်အုပ်မှုကြောင့် လက်တန်းကိုင်ထားသော လက်မှာ လွတ်ထွက်သွားပြီး ရှေ့က အရှိန်နှင့် ရှေ့ဆုံးမှ ထိုင်ခုံလက်တန်းနှင့် ခါးကို ဝင်ဆောင့်မိပါတော့သည်။

နဂိုကတည်းက ခါးရိုးကျိုးပေါင်းဒူးအရွတ်နာနေ၍ခြေထောက်မကောင်းဖြစ်နေရာမှ ခါးမှာ ထိခိုက်မိသည့်ဒဏ်ကြောင့် အတော်နာသွားပါသည်။ ခါးနာနေ၍ ကျွန်တော်က ယာဉ်မောင်းကလည်း ကားကိုဘယ်လို မောင်းတာလဲဟု အော်ပြောလိုက်ပါသည်။ ယာဉ်မောင်းအနေဖြင့် ယာဉ်ရှေ့နောက်ဝဲယာကြည့်၍ ဆင်ဆင်ခြင်ခြင်မောင်းနှင်ပါက ယခုလိုဖြစ်စရာမရှိပါ။ ယခုကိစ္စ သူ့တွင်တာဝန်ရှိပါသည်။ မတော်းလည်း မတောင်းပန်၊ ဘာဖြစ်သွားသေးလဲ မမေး၊ ယာဉ်နောက်လိုက်ကလည်း ဘာဖြစ်တာလည်း ဘာလည်းလာမကြည့်၊ လာမမေးပါ။ အတော်ကြာမှ ယာဉ်မောင်းက မကြားတကြား ယာဉ်မောင်းကို အပြစ်ပြောဘာပဲဟု ပြန်ပြောသံကြားရပါသည်။

အလားတူပင် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့က စီးပွားရေးဘဏ် (၄)တွင် ရုံးပင်စင်တိုးမြှင့်ရရှိရေးကိစ္စ စုံစမ်းပြီး သန်လျင်-နေးကုန် ပြေးဆွဲနေသော ယာဉ်ကြီးလိုင်း ၁၃၉ အထူးယာဉ်ပေါ်သို့အတက်တွင် မဟ်တတ်ရပ်စီးသူများ အတော်ပါပါသည်ကိုတွေ့ရသော်လည်း ကိုယ်က အရင်လိုနေ၍ တက်စီးလိုက်ပါသည်။ မနေ့ကခါးနာထား၍ သိပ်မရပ်ချင်ဘဲ အနားရှိ ထိုင်ခုံမှလူအထက်ကို စောင့်ကြည့်နေစဉ် စပယ်ယာက ကားခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ဘက်ရွှေ့ပေးပါဟု အော်ပြောပါသည်။ ခါးနာ ခြေထောက်ကလည်း မကောင်း၍ နေရာက မရွှေ့ချင်ကာမှ ရပ်နေသူ အများကြီးရှိရာမှ လူထပ်တင်ချင်သဖြင့် ကျွန်တော်အား ရွှေ့ခိုင်းခြင်းဖြစ်ရာ ကျွန်တော်က မရွှေ့ပေးနိုင်ဘူးဟု ပြန်ပြောပါသည်၊ ယာဉ်နောက်လိုက်က ချိုချိုသာသာမပြောဘဲ ယာဉ်မောင်းကို မရွှေ့ပေးနိုင်ဘူးပြောနေတယ်ဟု လှမ်းတိုင်ပါသည်။ ထိုအခါ ကျွန်တော်က တိုင်ချင်ရာတိုင်ဟု ပြောပါသည်။ ထို့နောက် ယာဉ်နောက်လိုက်က ခင်ဗျား ကဘာလဲဟု မေးရာ ကျွန်တော်က ပြည်သူတစ်ယောက်အနေနဲ့ တိုင်မယ်ဟုပြောရာ ယာဉ်မောင်းကပါ တိုင်ချင်ရာတိုင်ဟုထပ်ပြော၍ ကျွန်တော်က ယာဉ်မောင်းကို နာမည်မေးရာ မပြောဘဲ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ ကားမှတ်တိုင်တွင် ရပ်ပေးပြီး ဆင်းခိုင်းပါသည်။

ဟော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့အနေနှင့်ရော ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အနေနှင့်ပါ အထူးကားများတွင် ထိုင်ခုံမဲ့လူတင်ခြင်း၊ ထိုင်ခုံများ၊ Air con များ၊ တံခါးများ ပျက်စီးခြင်း သည့်လိုင်းကားယာဉ် တစ်စီး၏ အင်္ဂါရပ်နှင့်မညီသည့် ယာဉ်များကို လိုင်းထွဲပိတ်သိမ်းသည်အထိ အရေးယူမည်ဟု သတင်းစာဂျာနယ်များတွင် ဖတ်ရှုရသော်လည်း ပန်းပန်ချက်ရှိပါသည်၊ ရိုးရိုး ၅၀ိ/- ၁၀ိ/- တန်ယာဉ်လိုင်းကားများအကြား ထိုင်ခုံ တံခါး Air con မလာပါ။ ဘာကြောင့် အထူးကား အမည်တပ်သည်လည်း မသိပါ။ ထူးသည်က ကားဂိတ်တွင် ရိုးရိုးကားတစ်စီးလာလျှင် အထူးယာဉ် ၄၊၅ စီးဆိုက်လာပါသည်။ တစ်နေရာ တစ်နေရာ ကျောက်ချရပ်ပါသည်။ ယာဉ်စီးခ ၂၀ိ/- လူပိုမတင်ပါ။ ထိုင်ခုံ စေ့သာတင်ပါသည်ဟု စာတမ်းကပ်ထားသော်လည်း ထိုင်ခုံစေ့နီးပါး မတ်တတ်ရပ်နေကြရပါသည်။ နေ့စဉ် လိုင်းကားဖြင့် ခရီးသွားနေရသူများအဖို့ ၅၀ိ/-တန်၊ ၁၀ိ/-တန် လိုင်းကားများများ ပြေးဆွဲစေချင်ကြပါသည်။

လမ်းမကြီးများပေါ်တွင် ယခုအခါ မြို့တော်စည်ပင်မှ အချိန်ကန့်သတ်၊ နေရာကန့်သတ်၊ မြို့နယ်ကန့်သတ်ခွင့်ကြံနေသော်လည်း ယခင်က ပလက်ဖောင်းပေါ်တွင် လမ်းလျှောက်၍ မရပါ။ ယခုလည်း ကန့်သတ်ချိန်ကုန်လျှင် ပလက်ဖောင်းအပြည့် ဈေးခင်းရောင်းကြ၍ လူများ ပလက်ဖောင်းပေါ် လမ်းလျှောက်၍မရပါ။ ပို၍ဆိုးသည်ကား လမ်းတွင်း (လမ်းကြား)ပလက်ဖောင်းများတွင် အိမ်ရှေ့ဈေးဆိုင်များသည် ပလက်ဖောင်းအပြည့် အမိုးမိုးဆိုင်ဟူ ဆိုင်ခင်း၍ ဈေးရောင်းကြရာ လမ်းသွားလမ်းလာများမှာ ပလက်ဖောင်းပေါ်လမ်းမလျှောက်ဘဲ ကားလမ်းဆင်းလျှောက်ပါက မော်တော်ယာဉ်များက ဒါကို နားမလည်ပါ။ မညှာမတာ အရမ်းမောင်းကြပါသည်။

မိုးရာသီဖြစ်၍ လမ်းမကြီးများပေါ်က မျဉ်းကြားများမှာ ပျောက်သလောက်ဖြစ်နေပါသည်။ မိုးရာသီကုန်၍ သက်ဆိုင်ရာက မျဉ်းကြားအသစ်ပြန်ဆွဲလျှင်လည်း မော်တော်ယာဉ်များက မျဉ်းကြားရယ်ဟု ရပ်ပေး ဦးစားပေးသွားနိုင်သူက အလွန်နည်းပါသည်။ မျဉ်းကြားနားနီးလာလျှင် ယာဉ်မောင်းများက ကားကို ပို၍မောင်းကောင်းကြပါသည်။ မျဉ်းကြားပဲဟု ယာဉ်ကိုမလေးမစား မလုပ်ကြပါနဲ့ဟု ကျွန်တော်လို ခါးနာ၊ ခါးအရိုးကျိုးပေါင်း ဒူးအရွတ်နာ၊ အရွယ်ရသူများက အကြံပြုရမလိုဖြစ်နေပါသည်။

သက်ဆိုင်ရာက နည်းအမျိုးမျိုးဖြင့် ပညာပေး၊ အရေးယူပြစ်ဒဏ်များချမှတ်နေသော်လည်း စည်းကမ်းမလိုက်နာသူများကရှိနေမြဲဖြစ်နေမြဲဖြစ်ပါသည်။

လောကတွင် သူ့စည်းသူမဖောက်ဘဲ လုံခြုံ၊ ကိုယ့်စည်းကိုယ်မဖေါက်ဘဲ လုံခြုံကြလျှင် ကောင်းပါ၏။

ဆွေမျိုးတစ်မျိုး၊ အမျိုးတစ်မျိုး၊ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ပြည်ဘက်စုံ ဖွံ့ဖြိုးတိုးတက်မြင့်မားမှုကို "စည်းကမ်း"ဆိုသည့် ပေတံဖြင့်တိုင်းတာ‌ရေ့ရှိပါသည်။

"စည်းမရှိ၊ ကမ်းမရှိ" ဟု အပြောခံရလျှင် "ဆဲ"တာထက် နာဖို့ကောင်းပါသည်။ စည်းကမ်းရှိတဲ့ အမျိုး၊ စည်းကမ်းရှိတဲ့လူမျိုး၊ စည်းကမ်းရှိတဲ့ ပြည့်ဝတဲ့ တိုင်းပြည်ဖြစ်ဖို့ လိုပါသည်။ "စည်းကမ်း" သည်ကား လူ့တန်ဖိုးပင်ဖြစ်ပါသည်။

လင်းမြင့် (ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

၁၉၅၄–ခုနှစ်အတွင်းက

# ဝေဟင်ခရီးသည် လေယာဉ်စီး၍ ၇၂၄၀၀၀ိ ဓားပြတိုက်

ကက်နာပုံးဆောင်းပါး

**သည်ရဲကို သေနတ်နှင့်ချိန်၍ လမ်းဦးဆင်းခိုင်းပြီး ငွေသတ္တာ ၇ လုံး ယူခြင်း**

ဗမာပြည်တွင် တကြိမ်မျှ မဖြစ်ဘူးသေးသော ပြည်တွင်းလေကြောင်း သယ်ယူပို့ဆောင်ရေးဌာန ခရီးသည်တင်လေယာဉ်ပျံပေါ်မှ ငွေ ၇ သိန်းကျော် ဓမြတိုက်သွားသည့် သတင်းတရပ် ဇွန်လ ၂၅ ရက်နေ့က ထွက်ပေါ်လာသဖြင့် သက်ဆိုင်ရာဌာနများသို့ မယုံတယုံနှင့် စုံစမ်းခဲ့ရာ ကောဋ္ဌာပာလ ဟုတ်ဘဲ တကယ်ဖြစ်ပျက်သည်ကို သိရကြောင်း။

ထိုလေယာဉ်ပျံပေါ်တွင် စစ်တွေနှင့် ကျောက်ဖြူသွားမည့် ခရီးသည် ၁၄ ဦး ပါ၏။ ၎င်းအနက် စစ်တွေသွား ခရီးသည် ၄ ဦးဖြစ်သော စင်ရုံးချုပ်မှ ဗိုလ်ကြီးကျော်သာ၊ ရန်ကုန်မြို့လမ်း ၂၀ နံပါတ် ၃၄ နေ ကိုလှကျော်၊ မောင်မောင်နှင့် အစိန်တို့ဖြစ်ပြီး ကျောက်ဖြူသွားမည့် ခရီးသည်များမှာ ပြည်ထောင်စုဘဏ် ငွေကြေးတာဝန်ခံတစ်ဦးဖြစ်သည့် ဦးဦးကျော်ထွန်း။ ရန်ကုန်တက္ကသိုလ်မှ ဦးကျော်၊ မစ္စတာ ချက်ကရာဘတီး၊ ဦးလှတင်၊ ဦးအောင်သန်းထွန်း၊ ဦးသန်းဆွေ၊ ဦးကြင်၊

စနေနေ့ထုတ်ဝေသည်။ တင်းယန်ပြုပြင်း။

Established 1889.
Regd No. 11 Telegrams "Hanthawaddy"
P.O. Box No. 777 Telephone No. South 266

ဟံသာဝတီ

The HANTHAWADDY

Vol. 18 No. 205 ... SATURDAY 26 JUNE 1954

## ဝေဟင်ခရီးသည်လေယာဉ်စီး၍ ၇၂၄၀၀၀ိဒမြတိုက်ပုံ

### လေသူရဲကိုသေနတ်နှင့်ချိန်၍လမ်းဦးဆင်းခိုင်းပြီးငွေသေတ္တာ ၇ လုံးယူခြင်း

စုံစမ်းသိရှိရသည်မှာ ထိုနေ့ နံနက် ၆ နာရီ ၁၀ မိနစ် အချိန်ခန့်တွင် ရန်ကုန်မြို့မှ စစ်တွေ ကျောက်ဖြူ သွားသော နိုင်ငံတော် လေကြောင်း သယ်ယူပို့ဆောင်ရေးဌာနမှ ကိုတာ လေယာဉ်အမှတ်(X.y.a.c.t)လေယာဉ်ပျံသည် မင်္ဂလာဒုံ လေဆိပ်မှ ထွက်ခွာသွားသည်ဆိုကြောင်း။

ပြည်ထောင်စု ဗုဒ္ဓသာသနာ့ကောင်စီမှ ဦးခမ္မဗလ၊ ဗိုလ်ချုပ်လမ်း နံပါတ် ၂၇ နေ ကိုမဲနှင့် မအညိုတို့ဖြစ်ကြောင်း။ ကိုလှကျော်၊ မောင်မောင်နှင့် အစိန်တို့မှာ အိမ်နံပါတ်နှင့် နာမည်များကို လိမ်ပေးသွားကြခြင်းဖြစ်ကြောင်း။




www.burmeseclassic.com

www.burmeseclassic.com



ဇွန်လ ၂၅ ရက်နေ့က ကျောက်ဖြူနှင့် စစ်တွေသို့သွားသော လေယာဉ်ပျံအား ဓါးပြတိုက်ခံရပြီးသည့်နောက် မင်္ဂလာဒုံလေယာဉ်ပျံကွင်းသို့ ပြန်အရောက် တွေ့မြင်ရပုံ



ဒါကိုတာ လေယာဉ်ပျံနှင့် ပြန်၍ပါလာသော ပြည်ထောင်စုဘဏ်မှ ဦးဦးကျော်ထွန်းအား သတင်းထောက်များ ဝိုင်းအုံကာ မေးနေကြစဉ်

## ဓါးမြတိုက်ပုံ

၎င်းလေယာဉ်ပျံကို လေယာဉ်မောင်းသူ ကပ္ပတိန် အေအီးဟဲယားက မောင်းနှင်ပြီး မင်္ဂလာဒုံလေဆိပ်မှ ထွက်ခဲ့ရာ ကောင်းကင်ပေါ်သို့ရောက်၍ ၁၅ မိနစ်ခန့်အကြာတွင် ခရီးသည် ဟန်ဆောင်ကာ လိုက်ပါလာကြသည့် ကုကျော်၊ မောင်မောင်၊ အစိန်ဆိုသူ ၃ ဦးက ရုတ်တရက် အသင့်ဆောင်ယူလာကြသည့် ခြောက်လုံးပြူးသေနတ်များကိုထုတ်၍ လေသူရဲ မစ္စတာ အေအီးဟဲယားကို ချိန်ထားသည့်အပြင် ကျန်ခရီးသည်များအား မလှုပ်ရန် ချိန်ရွယ်ထားသည်ဆိုကြောင်း။

လေယာဉ်ပျံမောင်းသူမှာ အာမှုမထားနိုင်ဘဲ ၎င်းတို့ ခုစေခိုင်းသည့်အတိုင်း လေယာဉ်ပျံကို ဆက်မောင်းလာရာ ပုသိမ်မြို့ အနောက်ဘက် မိုင် ၃၀ ခန့်အကွာ(လေယာဉ်မြေပုံအမှတ် ၁၆၅၅၀၉၄၃၀ အနေရှိ) ကံကြီးရွာအနီး သောင်ကမ်းပေါ်သို့ အရောက်တွင် လေယာဉ်ပျံကို ဆင်းခိုင်းတော့သည်ဆိုကြောင်း။

လေယာဉ်ပျံမောင်းသူမှာ ၎င်းတို့ ခုခိုင်း သည့်အတိုင်း သောင်ကမ်းပေါ်သို့ ဆိုးဆင်းမပေး လိုက်ရ၏။ ဤတွင် ၎င်းလူဆိုးတို့သည် ခရီးသည် များထံမှ ဘာပစ္စည်းမျှ မယူဘဲ ဦးကျော်ထွန်း နှင့် ပါလာသည့် ကျောက်ဖြူငွေတိုက်သို့ ပို့ရန်ဖြစ် သော ငွေ ၇၂၄၁၀၀ ပါ သေတ္တာ ၁၄ လုံးကို သယ်ချသည်ဆိုကြောင်း။

## သယ်ချသွားမှု ထွက်ခွာပုံ

လူဆိုးများသည် ငွေသေတ္တာများကို လေယာဉ်ပျံပေါ်မှ သယ်ချပြီး တောစပ်တွင်းသို့ ထွက်သွားတော့မှ လေယာဉ်ပျံသည် ၉ နာရီခွဲ အချိန်တွင် ခရီးသည်များပို့ရန် ပြန်ထွက်ခွာသွား ရသည်ဆိုကြောင်း။

ဤကိစ္စနှင့် ပတ်သက်၍ နံနက် ၁၁ နာရီအချိန်တွင် လေယာဉ်သူရဲ မစ္စတာ အေအီး ဟဲယားထံမှ ရန်ကုန် မင်္ဂလာဒုံ လေယာဉ်ကွင်းသို့ ဝိုင်ယာလက်ဖြင့် ဓါးမြတိုက်ခံရသော သတင်းကို အကြောင်းကြားကြောင်း။

ထိုလေယာဉ်ပျံမှာမူ ခရီးသည်များအား ပို့ပြီးနောက် ရန်ကုန်မြို့သို့ ထိုနေ့ညနေ ၄ နာရီ ကျော်ကျော်အချိန်ခန့်တွင် ပြန်လည်ဆိုက်ရောက် လာကြောင်း။

လေယာဉ်ပျံကွင်းတွင် ထိုလေယာဉ်ပျံ နှင့်အတူ ပြန်ပါလာသော ပြည်ထောင်စုဘဏ် ငွေကြေးတာဝန်ခံတစ်ဦးဖြစ်သူ ဦးကျော်ထွန်းနှင့် လေယာဉ် မောင်းသူ ကပ္ပတိန်ဟဲယားတို့အား ရဲအဖွဲ့က စစ်ဆေးရန် ခေါ် သွားကြောင်း။

ဤလေယာဉ်ပျံ ဓါးမြမှုနှင့် ပတ်သက်၍ ရန်ကုန်ရဲအ ပမာပြည် စုံထောက်ဌာနများတို့မှ တရားခံများမိရန်အတွက် ငွေအမြောက်အမြား အကုန်ခံကာ အပူတပြင်း လိုက်လံစုံစမ်း လျက်ရှိနေသည်ဆိုကြောင်း။

*(၁၉၅၄-ခုနှစ်၊ ဇွန်လ ၂၅ ရက်၊ စနေနေ့ ဟံသာဝတီသတင်းစာပါ ဆောင်းပါးကို မူရင်းသတင်း အတိုင်း ပြန်လည်ဖော်ပြထားသည်)*



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်အစိုးရ လေကြောင်းသယ်ယူပို့ဆောင်ရေးဌာနပိုင် လေယာဉ်ပေါ်မှ

# ငွေ(၇)သိန်းလုယူမှု

၃၆-ခုနှစ်၊ မတ်လ ၉ ရက်၊ သောကြာနေ့ မြန်မာ့အလင်းသတင်းစာမှ)




မြန်မာပြည် ရာဇဝတ်မှု ရာဇဝင်တွင် တကြိမ်တခါမျှ ...ွားပေါ် ပေါက်ခဲ့ခြင်း မရှိခဲ့ဘူးသေးသော လေယာဉ်ပျံ ...န်းနေခိုက်.လူဆိုးများ စီးနင်းတိုက်ခိုက်ခဲ့သည့် လေကြောင်း ... ဒမြမှုကြီးမှာ လွန်ခဲ့သည့် ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၅ ရက် ...ာ ဖြစ်ပွားပေါ် ပေါက်ခဲ့ပြီး အဆိုပါ ဒမြမှုကြီးနှင့်ပတ်သက်၍ ...ောင်းဘအသီးသီးတွင်လည်း ထိုစဉ်အခါက အကျယ်တဝင့် ...ပြုပါရှိခဲ့ကြကြောင်း။

ထိုသို့ စစ်တွေ ကျောက်ဖြူသွား နိုင်ငံတော် အစိုးရ ...ကြောင်းသယ်ယူပို့ဆောင်ရေးဌာနပိုင် ဒိပ်စ်ဝိုင်ခအာစီတီ အမှတ်အသားပါသည့် လေယာဉ်ပျံပေါ်တွင် အစိုးရဘဏ္ဍာတော်ငွေပေါင်း ၇၂၄,၁၀၀ိ ကျပ်ကို လုယက်တိုက်ခိုက်ခဲ့သော ဒမြမှုကြီးတွင် ပါဝင်သူ ၃ ဦးအနက် တဦးဖြစ်သူ ကောအင်ဒီအို ဘပ်မဟာမှူး စောသိန်းကျော်(ခေါ်)ခေါင်းကြီး(ခေါ်)တီးနိုးဆိုသူမှာ မတ်လ ၅ ရက်နေ့က ပုသိမ်မြို့ခရိုင်ရဲဝန်ရုံးရှိ စုံထောက်ဘက် ရဲဌာနသို့ ၎င်း၏ကိုယ်ရေးရာဇဝင်များ အစစ်ဆေးခံရန်နှင့် လွတ်ငြိမ်းချမ်းသာခွင့် လက်မှတ်များယူရန် ရောက်ရှိလာသည်ကို တွေ့ရှိရကြောင်း။



www.burmeseclassic.com

www.burmeseclassic.com

### ငပုတောနယ်သား

အဆိုပါ စောသိန်းကျော်အကြောင်းနှင့် ပတ်သက်၍ စုံစမ်းသိရှိရသည်မှာ စောသိန်းကျော်မှာ ပုသိမ်ခရိုင် ငပုတော မြို့နယ် ကျောက်တန်းလေးရွာဇာတိဖြစ်၍ အသက် ၃၅ နှစ်ခန့် ရှိပြီး ဦးပန်းလေး ဒေါ်ဆော်လေးတို့၏ သားသမီး ၃ ဦး ရှိသည့် အနက် ဒုတိယသားအလတ်ဖြစ်၍ ၎င်း၏ဇနီးမှာ အရိုးတန်း ရွာမှ နော်ကီးဆိုသူ ဖြစ်ကြောင်း။

### လင်းယုန်တပ်နှင့်ပေါင်းခဲ့ရသည်ဆိုခြင်း

လွန်ခဲ့သည့် ၁၉၅၀ ခုနှစ် ကေအင်ဒီအိုများ ဆူပူ သောင်းကျန်းစအချိန်တွင် စောသိန်းကျော်မှာ ပုသိမ်ခရိုင်ကျုံ ပျော်မြို့ အပိုင်အထောင်ရွာရှိ ဗိုလ်လင်းယုန် ဦးစီးသော ကေအင်ဒီအိုတပ်သို့ ဝင်ရောက်ကာ တပ်စုံမှူးအဖြစ် ဆောင် ရွက်လျက် အထောင်နှင့် ပဒေါက်ကုန်းရွာများတွင် တနှစ်ခန့်မျှ နေထိုင်ခဲ့ကြောင်း၊ ၎င်းနောက် ဇနီးဖြစ်သူ နေရပ်ဖြစ်သော အရိုးတန်းရွာသို့ ပြန်လာပြီး ခေတ္တအနားယူ နေထိုင်ခဲ့ပြီးနောက် ၁၉၅၄ ခုနှစ်တွင် ပုသိမ်အနောက်ပိုင်း သင်္ဘောကျွန်းရဲရွာနှ အပိုင် ပုဂံဖို့ရွာသို့ ရောက်ရှိပြီး ဗိုလ်လင်းယုန်တပ်များနှင့်အတူ ပူးပေါင်းလျက် အစိုးရတပ်များကို တိုက်ခိုက်ခဲ့ရကြောင်း။

### လေယာဉ်ဒမြတိုက်ရန်အကြံ

ထိုသို့နေထိုင်ခဲ့စဉ်အတွင်း တနေ့တွင် ကေအင်ဒီအို ခေါင်းဆောင်များဖြစ်သော ဗိုလ်ကျော်အေးနှင့် အငြိမ်းဆိုသူတို့ ရောက်ရှိလာကြပြီး တော်လှန်ရေးအတွက် ခဲယမ်းမီးကျောက် များနှင့် လက်နက်များ ဝယ်ယူရန်အတွက် ငွေလိုကြောင်း ပြော သဖြင့် စောသိန်းကျော်က ငွေရအောင် မည်သို့ရှာမည်ကို မေးရာ ဗိုလ်ကျော်အေးနှင့် အငြိမ်းတို့က လေယာဉ်ပျံကို ဒမြ တိုက်ရန် ပြောဆိုကြကြောင်း။ ထိုနောက်တနေ့တွင် စောသိန်း ကျော်မှာ ဗိုလ်ကျော်အေးနှင့်အတူ လှေတစင်းကိုငှား၍ ကတက်ချောင်းရွာမှ မြောင်းမြမြို့သို့ ထွက် ခွာလာကြကြောင်း။ မြောင်းမြမြို့မှတဆင့် ရန်ကုန်မြို့သို့ လေယာဉ်ပျံဖြင့် လိုက်ပါလာ ကြပြီး တရုပ်တန်းတွင် ခေတ္တတည်းခိုနေကြလျက် အငြိမ်းက လည်း နောက်တနေ့တွင် သင်္ဘောဖြင့် ရန်ကုန်မြို့သို့ လိုက်ပါ လာကြောင်း။

### ခရီးသည်များအတွက်တာဝန်ယူရသူ

ထိုသို့ ရန်ကုန်မြို့တွင် နေထိုင်ခဲ့စဉ်အတွင်း ဗိုလ်ကျော် အေးမှာ မြို့တွင်းသို့ထွက်လျက် လေယာဉ်ပျံဖြင့် ငွေပို့မည့် သတင်းကို လိုက်လံစုံစမ်းပြီး တနေ့တွင် ဗိုလ်ကျော်အေးက လေယာဉ်ပျံသတင်း စုံစမ်းပြီးခဲ့ကြောင်း အားလုံးလိုက်ဖို့ရန်သာ ရှိတော့ကြောင်းနှင့် လေယာဉ်ပျံလက်မှတ်များလည်း ယူပြီး ကြောင်းများကို ပြောပြကြောင်း။ သို့နှင့် နောက်တနေ့ ၂၅-၆-၅၄ ရက်နေ့ နံနက်တွင် စစ်တွေ၊ ကျောက်ဖြူသွား လေယာဉ်ပျံ တွင် အခြားခရီးသည် ၁၂ ယောက်ခန့်နှင့်အတူ လိုက်ပါလာခဲ့ ကြသည်ဆိုကြောင်း။ လေယာဉ်ပျံမှာ မင်္ဂလာဒုံလေဆိပ်မှ ထွက် လာခဲ့ပြီးနောက် ၁၅ မိနစ်ခန့်အကြာတွင် စီစဉ်ထားသည့် အတိုင်း လေယာဉ်မှူးအား ဗိုလ်ကျော်အေးက ၆ လုံးပြူးနှင့် သွားရောက်ချိန်ရွယ်ထားလျက် စောသိန်းကျော်နှင့် အငြိမ်းတို့ က ခရီးသည်များအတွက် တာဝန်ယူကာ သေနတ်များဖြင့် ချိန်ထားကြရသည်ဆိုကြောင်း။

ထို့နောက် ဗိုလ်ကျော်အေးက လေယာဉ်မှူးအား ပုသိမ်ခရိုင်အနောက်ဘက် ကမ်းခြေရှိ မကျည်းစင်ရွာအနီး ငင်လယ်ကမ်းစပ် သဲသောင်ပြင်ပေါ်သို့ လေယာဉ်ပျံကို အဆင်း ခိုင်းပြီး ပြည်ထောင်စုဘဏ်မှ ကျောက်ဖြူ ငွေတိုက်အတွက် ထုတ်ယူလာသော အစိုးရဘဏ္ဍာတော်ငွေပေါင်း ၃၂၄,၀၀၀ ကျပ်ကို တိုက်ခိုက်လုယူခဲ့ကြသည်ဆိုကြောင်း။ အဆိုပါငွေများ ကို ပုသိမ်အနောက်ပိုင်း ကေအင်ဒီအိုဝစ်မင်းကြီး စောဇီနီမှ လက်သို့ ပေးအပ်ခဲ့ပြီး ကတက်ချောင်းရွာသို့ ပြန်လာခဲ့သည် ဆိုကြောင်း။

### ပါလာသောလက်နက်များ

နောက် ၂ ရက်ခန့်အကြာတွင် ကတက်ချောင်းရွာသို့ ဗိုလ်ကျော်အေး ရောက်ရှိလာပြီး လက်နက်ခဲယမ်းမီးကျောက် များ ဝယ်ယူရန် သထုံဘက်သို့ သွားမည်ဟု ပြောသဖြင့် ဗိုလ်ကျော်အေးနှင့်အတူ လိုက်ပါသွားပြီး ဟင်္သာတခရိုင် ကုန်း ပြင်ရွာသို့အရောက်တွင် သထုံသို့ မလိုက်တော့ဘဲ ကတက် ချောင်းရွာသို့ ပြန်လာခဲ့သည်ဆိုကြောင်း။ ထိုသို့နေထိုင်လာခဲ့ ရာမှ ကေအင်ဒီအိုများ၏ သူပုန်စခန်းများကို စိတ်ပျက်လာကာ လွန်ခဲ့သော ဖေဖော်ဝါရီလအတွင်းက အမေရိကန်နိုင်ငံဖယ်နှင့် အင်္ဂလိပ်ရိုင်ဖယ် ၅ လက် ခြောက်လုံးပြူး ၁ လက် ဘရင်းဂန်း ၁ လက် ယမ်းတောင့်အချို့နှင့်အတူ ပုသိမ်မြို့ တပ်မဟာ အမှတ် ၈ တွင် လက်နက်ချ ဝင်ရောက်လာခြင်း ဖြစ်သည်ဟု သိရှိရကြောင်း။

*(လေယာဉ်ပေါ်မှ ငွေ ၃ သိန်း လုယူခဲ့သူ ကေအင်ဒီအိုတပ်မဟာမှူး ပုသိမ်မြို့တွင် လက်နက်ချဝင် ခြင်း ဒမြတိုက် ယူပုံနှင့် ငွေကို သူပုန်စစ်မင်းကြီးလက်သို့ ပေးအပ်ရပုံ ပြောပြခြင်း၊ ၁၉၅၆-ခုနှစ်၊ မတ်လ ၉ ရက် သောကြာနေ့၊ မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးတို မူရင်းသတ်ပုံအတိုင်း ပြန်လည်ဖော်ပြထားသည်)*



www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသမီးသုံးဦးကို သတ်ခဲ့သည့် တရားခံ

မလေးရှားနိုင်ငံတွင် အသက် ၄၆ နှစ်အရွယ်ရှိ ဝမ်ကျောက်ဆိုသူသည် ပြီးခဲ့သည့်သုံးနှစ်က အမျိုးသမီးသုံးဦးကို သတ်မှုဖြင့် တရားရုံးချုပ်က အပြစ်ပေးလိုက်သည်။ သေဆုံးသူနှင့် သတ်သူ အားလုံးမှာ တရုတ်လူမျိုးများ ဖြစ်သည်။

တရားခံသည် ယီရှစ်အိမ်ရာတွင်နေထိုင်သော သူ၏ အသက် ၄၂ နှစ် အရွယ်ချစ်သူ၊ အဆိုပါ အမျိုးသမီး၏ အသက် ၁၇ နှစ်အရွယ် သမီးနှင့် အခန်းဖော် အသက် ၃၆ နှစ်အရွယ်တစ်ဦးကို သတ်ခဲ့ခြင်းဖြစ်သည်။ အသက် ၁၅ နှစ်အရွယ် အမျိုးသမီးတစ်ဦး ဒဏ်ရာရခဲ့သေးသည်။ အဆိုပါ လူသတ်မှုကျူးလွန်ချိန်တွင် တရားခံသည် စိတ်ကျရောဂါဖြစ်သည်ဟု စစ်ဆေးတွေ့ရှိရသည်။ ကာလအတန်ကြာစစ်ဆေးပြီး



တရားခံကို အနှစ် ၂၀ ထောင်ဒဏ် အပြစ်ပေးလိုက်သည်။

မောင်ကောင်းယဉ်

The Star 1.12.12

## မလေးရှားမှာ သေဆုံးရသည့် ကိုရီးယားလူငယ်

တောင်ကိုရီးယားနိုင်ငံမှ အသက် ၁၁ နှစ်အရွယ် လူငယ်သည် ဂျော့တောင်းမြို့တွင် မော်တော်ကား မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ရသည်။ မိသားစုဝင်များ ဝမ်းနည်းပူဆွေးကြပြီး အသုဘအခမ်းအနားကို မိတ်ဆွေ ၁၅ ဦးခန့်နှင့် မိသားစုဝင်များဖြင့်သာ ကျင်းပကြရသည်။

ခရစ်ယာန်ဘာသာ ထုံးစံအတိုင်း သင်္ဂြိုဟ်ကြပြီး ပြာများကို ကိုရီးယားနိုင်ငံသို့ သယ်ယူကြမည်ဖြစ်သည်။ ဝတ်စုံနက်များ ဆင်မြန်းထားသည့် ဆွေမျိုးများက ဝတ်ပြုဆုတောင်းခြင်းနှင့် ဘာသာ ရေးခေါင်းဆောင်များက ဆုမွန်ခြွေခြင်းများ ပြုကြသည်။ အလည်အပတ်လာရင်း ဝမ်းနည်းဖွယ် ကားမတော်တဆ ကြုံရမှုဖြစ်သည်။

မောင်ကောင်းယဉ်

The Star 10.12.12



## မပေါက်ကွဲသေးသော ဗုံးနှစ်လုံး မြေအောက်မှတွေ့



မလေးရှားနိုင်ငံ၊ ဂျိုဟာဘာရူမြို့တွင် ခြံတစ်ခြံ၏အကာအရံတည်ဆောက်ရန် မြေကိုတူးဆွစဉ် အသုံးပြုနိုင်သည့် မပေါက်ကွဲသေးသော ဗုံးနှစ်လုံးကို တွေ့ရသည်။ ပါကစ္စတန် အလုပ်သမားနှစ်ဦးက တွေ့ရှိခဲ့ပြီး ကန်ထရိုက်ထံယူဆောင်ကာ ပြသသည်။ ထိုအခါ ကန်ထရိုက်က စိတ်လှုပ်ရှားစွာဖြင့် ပြသသောဗုံးကို အပိုးတန်ပစ္စည်းဟု ယူဆကာ ရောင်းစားပါက ငွေကြေးများစွာရနိုင်သည်ဟု ဝမ်းမြောက်ခဲ့သေးသည်။ သို့ရာတွင် အသေအချာ စိစစ်ရာတွင် မပေါက်ကွဲသေးသော ဗုံးမှန်းသိသဖြင့် အလုပ်သမားကို အသေအချာ သတိဖြင့် ကိုင်တွယ်ချထားရန် ညွှန်ကြားသည်။ ဆက်လက်၍ အိမ်ရှင်ကို အကြောင်းကြားသည်။ အိမ်ရှင်က အသက် ၆၇ နှစ် အရွယ်ရှိပြီး အဆိုပါခြံဝင်းကို သိုလှောင်ရုံပြုလုပ်ရန် လျာထားကြောင်း။ ခြံကိုဝယ်ယူထားသည်မှာ ဆေးလသာရှိသေးကြောင်း ပြောဆိုသည်။

ထိတ်လန့်အံ့ဩဖွယ် ဖြစ်သဖြင့် ရဲတပ်ဖွဲ့သို့ အကြောင်းကြားရာ ရဲတပ်ဖွဲ့က စစ်ဆေးလျက်ရှိသည်။ ဗုံးနှစ်လုံးမှာ မြေအောက် ခပ်တိမ်တိမ်သာ မြှုပ်နှံထားသည်ကို တွေ့ရသည်။ အလားတူ မသင်္ကာဖွယ်တွေ့ရှိပါက ရဲတပ်ဖွဲ့သို့ အကြောင်းကြားရန် ရဲတပ်ဖွဲ့က အသိပေးထုတ်ပြန်ထားသည်။

မောင်ကောင်းယဉ် (The Star 10.12.12)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မုဆိုး နှင့် သားကောင်

ခင်မောင်အေး (မန္တလေး)

မန္တလေး-မတ္တရာကားလမ်းနံဘေးတွင်
ဝသုန္ဒရ ရဲကင်းရှိသည်။ ဝသုန္ဒရနှင့် ဒဟတ်တောရွာသည်
ငါးမိုင်ခန့်ဝေးသည်။ ရဲတပ်ကြပ်ချုပ်တင်က ဒဟတ်တောရွာရှိ
ဘကြီးဖောတ်သူ ဘဘိုးရှ၏ အိမ်သို့ရောက်လာသည်။
မန္တလေးသို့သွားပြီးအပြန်တွင် ဘဘိုးရှ၏အမယ်ကြီး ဒီးစံမယ်
အတွက် သူဆေးဝယ်လာသဖြင့် လာပို့ပေးခြင်းဖြစ်ပါသည်။
ဒီးစံမယ် ဗေးဘက်ခုနှစ်ဆယ်ရှိနေပြီမို့ သက်ကြီးရွယ်အိုတို့
ဖြစ်တတ်စမြဲရောဂါပေါ်နေသဖြင့် ခံစားနေရသည်။ လူအိုဖြစ်၍
အရိုးတွေ အဆစ်တွေနာသည်။ အကြောတက်သည်။
အားနည်းပြီး မလှုပ်ချင်မကိုင်ချင်ဖြစ်မည်။ အစားအသောက်
တွေ့သည့်အခါ ဟားပွဲနေနေသာသာ တံတွေးတွေနင်ပြီး
အော့ချင်အန်ချင်နေသည်။ ထို့ကြောင့် ဘဘိုးရှက
သူကျမြို့တက်သည့်အခါ အားဆေးဝယ်လာဖို့ မှာမှနေ၍
လှမ်းမှာထားခြင်း ဖြစ်၏။
သွေးဆေးအမည်က ပန်းတစ်ထောင်ဟု ခေါ်သည်။
တပ်ကြပ်ချုပ်တင်က မဆေးရောသဖြင့် လာပို့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒဟတ်တောရွာသည် လေသာတောင်ကြောနှင့်နီးသည်။ လယ်လုပ်ငန်း၊ ယာလုပ်ငန်းများ စိုက်ပျိုးလုပ်ကိုင်ကြသည်။ တောင်ပေါ်တက်လျက် သစ်ဝါးခုတ်၍အသက်မွေးဝမ်းကျောင်းကြသည်။ တပ်ကြပ်ချစ်တင် ဘဘိုးရအိမ်သို့ ရောက်ရှိနေသည့်အချိန်မှာ ဘဘိုးရနှင့် သူ့သား မောင်လှိုင်တို့ မရှိကြ။ တောင်ပေါ်တက်၍ ဝါးခုတ်နေကြဆဲဖြစ်၏။ ရိုးစံမယ်က သူမ၏တူ တပ်ကြပ်ချစ်တင်ကို နေ့လယ်စာကျွေးသည်။ နေ့လယ်စာ စားသောက်ပြီးနောက် တပ်ကြပ်ချစ်တင်က ရိုးစံမယ်ကို နှုတ်ဆက်လျက် ဝသုန္ဓရသို့ပြန်ရန် ဒဟတ်တောရွာမှ ထွက်လာခဲ့၏။ ရွာအထွက်ရောက်တော့မှ ဂန္ဓမာရွာသို့ ဝင်စရာရှိသေးသည်ကို သတိရသွားမိ၏။ ဂန္ဓမာကျေးရွာသည် ဒဟတ်တောရွာနှင့် ထမ်းပိုးထမ်းလောက်တွင် တည်ရှိပြီး လေသာတောင်ခြေတောစပ်နှင့်နီးနီးကပ်ကပ်တည်ရှိသည်။ ဟိုးလွန်ခဲ့သော နှစ်များစွာက ဂန္ဓမာလူသားစား ကျားတစ်ကောင် သောင်းကျန်းခဲ့ဖူးသည်။ ဂန္ဓမာရွာထိပ်တွင် တောင်ကျစမ်းပေါက်တစ်ခုရှိပြီး အောက်ဖက်လျှိုအနိမ့်အတွင်းသို့ စမ်းပေါက်မှ မပြတ်ထွက်ရှိနေသော ရေများကျဆင်းသွားပါက ဝါးတစ်ရိုက်ခန့်အမြင့်ရှိ ရေတံခွန်တစ်ခုဖြစ်ပေါ်နေသည်။ ရေတံခွန်ရေကျသံသည် ပတ်ဝန်းကျင်တွင်တဝေါဝေါ မြည်ဟည်းလျက်ရှိ၏။

တပ်ကြပ်ချစ်တင်အား ရဲစခန်းမှ စခန်းမှူးက ဂန္ဓမာရွာသူကြီးထံသို့ စာတစ်စောင်ပို့ခိုင်းလိုက်ခြင်းဖြစ်လေသည်။ ဂန္ဓမာရွာသည် ဒဟတ်တောရွာနှင့် လေးမိုင်ပိုပိုခန့်ကွာလှမ်း၏။ တောင်ခြေတွင် တည်ရှိသည့် ရွာများဖြစ်သဖြင့် သစ်တောများထူထပ်၏။ မွန်းတိမ်းနေ၏အလင်းတန်းများသည်ပင် သစ်ပင်များ၏ အခြေအထိ တိုးဝင်နိုင်ခြင်းမရှိ။ ဥတုကမပူမအေး။ အိုက်စပ်စပ်ဖြစ်နေသည်။ တပ်ကြပ်ချစ်တင်သည် ရိုးစံမယ်ကျွေးလိုက်သည့် နေ့လယ်စာကို တစ်ဝကြီးစားလာခဲ့သည်။ ဘဘိုးရ၏တပည့် လှံ့မုဆိုး ပွေဒင်ထိုး၍ရထားသော တောဒက်သားဆီပြန်၊ ခရမ်းသီး မီးဖုတ်သုပ်၊ ဆူးပုပ်ရွက်ကြီးနှင့်ပဲကြီးနှပ်၊ ချဉ်ပေါင်ဟင်းချိုတို့ဖြင့် ဗိုက်လေးအောင်စားထားသည်မို့ အိုးတိုးအင့်တင့်ပင် ဖြစ်နေလေသည်။ သည်အထဲ ငရုတ်သီးထောင်းကလည်း ပါသေးသည်မို့ တပ်ကြပ်ချစ်တင် လျှာတွေအာတွေပင် ပူနေဆဲဖြစ်၏။ ခရီးရောက်အောင် မသွားရသေးမီ ချွေးတွေနှင့်စိုရွှဲနေပြီ။ လျှောက်လှမ်းရင်းမှ ခပ်လှမ်းလှမ်းတောစပ်မှ အသံဗလံတွေ ရုတ်တရက် ကြားလိုက်ရ၏။ လှမ်းကြည့်လိုက်သည့်အခါ လူနှစ်ယောက် အမောတကော ဒရောသောပါးပြေးလွှားလာကြသည်ကို မြင်ရသည်။ လက်တွင်း၌ ထင်းခုတ်ဓားတိုတစ်ချောင်းစီကိုင်လာကြ၏။ သူတို့မျက်နှာကို မြင်လိုက်ရသည်နှင့် ကြီးမားသော အန္တရာယ်တစ်စုံတစ်ရာ ကြုံတွေ့ခဲ့မှန်း သိသာသည်။

"ဆရာတို့ ဘာဖြစ်တာလဲဗျို့"

တပ်ကြပ်ချစ်တင်က လှမ်းမေးလိုက်သည်။ ရွာသားနှစ်ယောက်က တပ်ကြပ်ချစ်တင်၏ အမေးကို ရပ်နား၍ မဖြေမပေးနိုင်ကြ။ မရပ်မနား ဆက်လက်ပြေးလွှားသွားကြရင်းကသာ လှမ်းအော်ပြောကြားသွားသည်။

"မဖြေအားဘူး ဆရာလေးရေ့ ပြေး . . ပြေး . . နောက်ကြောင်းသာ ပြန်ပြေးပေတော့။ ကျုပ်တို့ နောက် . . နောက်မှာ . ."

တပ်ကြပ်ချစ်တင်က စကားကိုပင် ဆုံးအောင် ပြောမသွားနိုင်ဘဲ ခြေကုန်နှင့်သွားကြသည့် ရွာသားနှစ်ယောက် ပြေးထွက်လာသည့်နောက်သို့ လှမ်းကြည့်လိုက်၏။ တောစပ်မှ ထွက်လာသည်ကား ဝက်ဝံမည်းကြီးတစ်ကောင်ဖြစ်ပေသည်။ လေးဘက်ပစ်၍ တလိမ့်လိမ့်နှင့် ပြေးလိုက်လာခြင်းဖြစ်၏။ ဝက်ဝံကြီး၏ ဦးတည်ရာလမ်းကြောင်းပေါ်တွင် တပ်ကြပ်ချစ်တင်ရောက်ရှိနေပြီ ဖြစ်သည်။ တာဝန်ချိန်ကုန်သည်နှင့် ရုတ်တရက် ထွက်လာခဲ့ခြင်းဖြစ်သဖြင့် ရဲဝတ်စုံဝင်ဆင်ထားခြင်းဖြစ်သော်လည်း တပ်ကြပ်ချစ်တင်တွင် လက်နက်ပါမလာ။

ယခုတော့ ဝက်ဝံမည်းကြီးတစ်ကောင်နှင့် မလွှဲမရှောင်သာ ရင်ဆိုင်နေရပြီလေ။ ယခုအချိန်မှ ထွက်ပြေး၍လည်း လွတ်နိုင်တော့မည်မဟုတ်ပေ။ တစ်ခဏချင်း ဝက်ဝံက သူ့အနီးရောက်လာတော့မည်ဖြစ်ပါသည်။ လေးဘက်ပစ်၍ ပြေးလာသည့်အခါ ဝက်ဝံတို့က အပြေးမြန်သည်။ ရှောင်လို့လည်း မလွတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

…သည့်အတူတူ လာမည့် …ကို ပြေး၍တွေ့လိုက်တော့ … ရုတ်ခြည်း အနီးအပါး … တစ်စုံတစ်ရာတွေ့လိုတွေ့ … ရှာကြည့်လိုက်သည့်အခါ …ကြင်းကျောက်တစ်တုံး၏ … အရွဲ့များကို တွေ့မြင်ရ …သည်။ကိုင်ရလွယ်သောအရွယ် … ဘော်လီဘောတစ်လုံး … ကျောက်တုံးတစ်တုံးကို …ကောက်ယူလိုက်သည်။ ဘော …အရွယ် ကျောက်တုံးက …တ်နှစ်ဖက်အတွင်း စေးစေး …ပိုင်ကိုင်၍ကောင်းသည်။ …ပ်ကြပ်ချစ်တင်သည် ရဲတပ် …ဘော်လီဘောအသင်းတွင် …က်ရွေးစင်တစ်ဦးဖြစ်သည်။ …ဘောလီဘောမဟုတ်စေကာမူ …ကြင်းကျောက်တုံးကို လက် …မှန်မှန်အသုံးပြုနိုင်မည် သေ …သည်။ ကျောက်တုံးကို …က်နှစ်ဖက်ဖြင့် ဆ၍ ဆ၍ …ကိုင်ထားရင်း ဝက်ဝံ …ည်းကြီးကို မျက်နှာချင်းဆိုင် … အသံကုန်အော်ဟစ်ကြုံး …လိုက်သည်။

"ဟေ့ . . လာစမ်း ဝက် …ကောင်၊ လာခဲ့စမ်း၊ မင်းနဲ့ငါ …ပွဲတစ်လမ်း စမ်းလိုက်ကြရ …အောင်၊ ကိုင်း . . ဖေ့သားကွ"

ရဲအထူးတပ်ဖွဲ့ ကွန်မန်ဒို …တန်းတွင် နည်းပြဆရာရဲ တပ်ကြပ်ကြီး သိန်းဒင်၏ ကိုယ်ဖိလက်ဖိ သင်ကြားလေ့ကျင့်ပေးခဲ့သော သင်ခန်းစာများကို ပြန်နွှေးနေလိုက်သည်။ ရန်သူနှင့် အနီးကပ်လုံးထွေးတိုက်ပွဲတွင် ရန်သူအငိုက်မိအောင် အသုံးပြုသော မထင်မှတ်သော တိုက်ကွက်များ။ ကောင်းကင်ကို ကျောပေး၍ လေးဘက်ထောက်လျက် ကုန်းကုန်းကုန်း ကုန်းနှင့်ပြေးလာသည့် ဝံမည်းကြီးသည် တပ်ကြပ်ချစ်တင်၏ အနီး ဆယ်ကိုက်လောက်သို့ ရောက်အလာတွင် ရုတ်တရက် ရပ်တန့်သွား၏။ ဝက်ဝံကြီး ရန်သူကို တွေ့မြင်သွား၍ ဖြစ်၏။ ထို့ကြောင့်ပင် ဝံမည်းကြီးက ရန်သူအား တိုက်ခိုက်ရန် ခြေနှစ်ချောင်းပေါ်တွင် အားပြုလျက် ထရပ်လိုက်သည်။ ချွန်ထက်သော လက်သည်းများရှိသော လက်အစုံကို ဆန့်တန်းကာကျယ်ကျယ်လောင်လောင် မာန်ဖီဟိန်းဟောက်သည်။

"ဂူ . . ဂရား . . ဂရား"

တပ်ကြပ်ချစ်တင်၏ ရှေ့တွင် မတ်တတ်ရပ်လျက်ရှိသည့် ဝံမည်းကြီးသည် ခြောက်ပေခန့်မြင့်သည်။ ဟိမဝန္တာဝက်ဝံမျိုးဖြစ်၏။ မြင်းဝံဟုလည်း ခေါ်သည်။ အရပ်အမြင့်ငါးပေခွဲခန့်မှ ခြောက်ပေအထိ ရှိသည်။ အမြီးတိုကလေး သုံးလက်မခန့်ပါရှိ၏။ မည်းနက်သည့် အမွေးထူထူများရှိပြီး ရင်ဝတည့်တည့်၌ လခြမ်းကွေး သဏ္ဌာန်အမွေးဖြူများပေါက်နေသည်။ ပေါင်နှစ်ရာမှ နှစ်ရာ့ငါးဆယ်ခန့်အထိ ခန္ဓာကိုယ်အလေးချိန်ရှိသည်။ အမြင်အာရုံ အကြားအာရုံ အားနည်းသည်။ အနံ့ခံစွမ်းအားအလွန်ကောင်းပြီး နှစ်မိုင်ခန့်အကွာမှ ပျားလပို့ရှိ ပျားရည်ရနံ့ကို ကောင်းစွာခံနိုင်သည်။ ချွန်ထက်သော လက်သည်းရှည်များအသုံးပြုကာ သစ်ပင်ကို ကျွမ်းကျွမ်းကျင်ကျင်တက်နိုင်ပြီး ရေလည်းကောင်းစွာကူးနိုင်သည်။ ပျားအုံကို ဖွဲ့ရာတွင် ပျားများမည်မျှ ဝိုင်းတုပ်တုပ် ထူထဲသောအမွေးများကြောင့် ပျားတပ်ဒဏ်ကို ကာကွယ်နိုင်ပေသည်။

ဝက်ဝံမည်းကြီးက တပ်ကြပ်ချစ်တင်အား ကုတ်ဖဲ့တိုက်ခိုက်ရန် ရှေ့သို့ မိုးတိုးမတ်တတ် တိုးဝင်လာသည်နှင့်တစ်ပြိုက်နက်တည်း တပ်ကြပ်ချစ်တင်သည် လက်နှစ်ဖက်ဖြင့် တဆဆကိုင်ထားသော ကျောက်တုံးနှင့် ဝံမည်းကြီး၏ လခြမ်းသဏ္ဍာန်ရင်ဝသို့ အားကုန်ထုတ်၍ ပစ်ပေါက်လိုက်၏။ ပစ်အားကလည်း ထိရောက်သည်။ ကျောက်တုံး၏အရှိန်အဟုန်က ဝံမည်းကြီးအား နောက်ဘက်သို့ ယိမ်းယိုင်သွားစေကာ ဝံမည်းကြီး၏ခြေလှမ်း ပျက်သွားရ၏။ သို့ပင်ဖြစ်စေကာမူ ဝက်ဝံမည်းကြီးသည် တပ်ကြပ်ချစ်တင်ထံသို့ ဦးတည်ခုန်တိုးလိုက်သည်။ တပ်ကြပ်ချစ်တင်က ဘယ်ခြေတစ်လှမ်းဆုတ်၍ကိုယ်ကိုတစောင်းလှည့်လျက် ရှောင်ပေးလိုက်သည့်အခါ တောကောင်ကြီးသည် သူ့အရှိန်နှင့် သူ့ခန္ဓာကိုယ်က လေးလံသဖြင့် ဟန်ချက်ပျက်၍ အားလွန်လဲကျသွား၏။ ရသည့်အခွင့်အရေးကို အလဟဿမဖြစ်စေရဘဲ တပ်ကြပ်ချစ်တင်သည် သူပစ်ခဲ့သည့် ကျောက်တုံးကို ပြေးကောက်ယူလိုက်သည်။ ဝံမည်းကြီး လဲကျနေရာမှ ပြန်ထမလာနိုင်မီ ချစ်တင်သည် ကျောက်တုံးကို စုံကိုင်လျက် ဝံမည်းကြီး၏ ကျောကုန်း၊ ဦးဆက်နှင့် မိရာ မိရာနေရာများကို အဆက်မပြတ် အချက်ပေါင်းများစွာ ထုရိုက်ပစ်လိုက်သည်ဖြစ်ရာ ဝံမည်းကြီးသည် နာနာကျည်းကျည်းဟစ်အော်၍ နေရာမှ ကုန်းရုန်းထလိုက်သည်။ ရုတ်တရက်မှ အလေးချိန်ပေါင်တစ်ရာ့သုံးဆယ့်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သည့် တပ်ကြပ်ချစ်တင်က ဝံမည်းကြီး၏ ကျောပေါ်တက်ခွစီး၍ ထုရိုက်နေခြင်းကြောင့် ချက်ချင်းပြန်မထနိုင်၊ သို့တစေ ခွန်အားချင်းက များစွာကွာခြား၍ ပြန်လည်ထရုန်းလာနိုင်ခဲ့၏။ ဒေါသဟူးဟူးထန်လျက် "ဂူး . . ဂရား . . ဂရား" မာန်ဖီအော်ဟစ်လျက် ချစ်တင်အား တုံ့ပြန်တိုက်ခိုက်သည်။

ဝံမည်းကြီးသည် ဒေါသထွက်လိုက်သဖြင့် ပါးကိုက်ခန့်အကွာသို့ လွင့်ထွက်သွားသော ချစ်တင်သည် ဝံကြီး၏လက်သည်းချွန်များကို ကမန်းကတန်း တိမ်းရှောင်လိုက်ရ၏။

သို့စေကာမူ အင်္ကျီတစ်ခြမ်းစုတ်ပြဲပြီး လက်ယာနံစောင်းမှ အရေခွံအလွှားလိုက် လန်သွားသည်။ နီရဲသော သွေးများ ရဲခနဲထွက်လာသည်။ သွေးသံရဲရဲဖြင့်တွေ့ရပြီဖြစ်၍ ဝံမည်းကြီးက ဒေါသကြီးသည်ထက် ကြီးလာကာ ချစ်တင်ကို တစ်ဟုန်ထိုး ပြေးလာတိုက်ခိုက်သည်။ မိမိခန္ဓာကိုယ်မှ သွေးထွက်သွားပြီဖြစ်၍ သွေးဆူနေပြီဖြစ်သော ချစ်တင်သည် ရှေ့တည့်တည့်မှ ခုန်ထိုးလိုက်သော ဝံမည်းကြီးအား ကိုယ်ကိုတိမ်းပတ်လှည့်၍ ရှောင်ထွက်လိုက်သည်။ ဝံမည်းကြီးအားလွန်ပြီး ဟန်ချက်ပျက်ပြားလျက် တစ်ဖက်စောင်းနင်းလဲကျသွားပြန်သည်။ ချစ်တင်ကလည်း သည့်အခွင့်အရေးကို အရအမိ အသုံးချသည်။ ကျောက်တုံးကို ခုန်၍ ပြေးကောက်ကာပြီး ဝံမည်းကြီး၏ လက်ကုပ်ကို အားကုန်သုံးလျက် တစ်ချက်ပြီးတစ်ချက် ထုနှက်ပစ်လိုက်ပြန်သည်။ ဝံမည်းကြီးကလည်း လက်နောက်ပြန်ဆွဲ၍ ချစ်တင်ကို ဘုတ်ဆွဲလိုက်သည့်အတွက် တင်ပါးတစ်ခြမ်း ဖြန်းကနဲကွဲသွားသည်။ သွေးများရဲခနဲ ပန်းထွက်သွား၏။ သွေးပွက်ပွက်ဆူသွားသော ချစ်တင်ကကျောက်တုံးကို ခေါင်းပေါ်သို့ လက်အစုံကိုင်မြှောက်၍ တိုက်ကွက်ကို အမြန်ဆုံးရှာလိုက်သည်။

သူ့ခေါင်းကိုယ်သေအသတ် ချင်းလဲ၍ အပိုင်နိုင်ရတော့မည်လေ။

ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ချလိုက်သည်။ ရုတ်တရက် အားယူကာ မတ်ကင်ရပ်လိုက်၏။

ဝမ်းခေါင်းသံဖြင့် သံကုန်ဟစ်အော်တိုက်ကွက်ဖော်လိုက်သည်။

"ဟိတ် . . ဟေ့ယောက်ျား ရော့"

မထင်မှတ်သော မနုဿရန်သူက သူ့ကို ကျောက်တုံးတစ်တုံးနှင့်ထုနှက်တိုက်ခိုက်လာသဖြင့် အနာတရဖြစ်နေသော ဝက်ဝံသည် ချစ်တင်၏ အော်သံကြောင့် တွေခနဲတစ်ချက်ဖြစ်သွားသည်။ သည့်နောက် မနုဿရန်သူအား ရင်မဆိုင်မတွေ့ဘဲ ဆတ်ခနဲ နောက်သို့ ပြန်လှည့်၍ လာလမ်းအတိုင်း ထွက်ပြေးသွားသည်။ သို့စဉ်တိုင် ဝံမည်းကြီးသည် မြန်မြန်သွက်သွက် မပြေးနိုင်တော့။ ကြီးမားလေးလံသော ခန္ဓာကိုယ် တလှုပ်လှုပ်နှင့်သာ သွားနိုင်လေသည်။

ချစ်တင်သည် သူ၏ ရှပ်အင်္ကျီကိုဆုတ်ဖြဲလျက် နံစောင်းမှ ဒဏ်ရာကို အရေးပေါ်ပတ်တီးစည်းနှောင်လိုက်သည်။ အင်္ကျီစနှင့် စည်းနှောင်ထားမှပင် သွေးအထွက်နည်းသွားသည်။ တင်ပါးမှ ကွဲသွားသော ဒဏ်ရာက စပ်ဖျင်းဖျင်းနာကျင်နေသည်။ ဝံမည်းကြီး၏လက်သည်းများက အပေါ်ယံကိုသာ ရှပ်၍ ကုတ်ခြစ်သွား၍ သက်သာသွားသည်။ အောင်းငါ အသားနှင့်ကပ်နေပြီမို့ သွေးထွက်အဆိုက်အတန့်မျှ ရပ်နေသည်။ မကြာမီပင် ခြေသံတဖုတ်ဖုတ်နှင့် ပြေးလာသည့် မှာသားနှစ်ယောက် သူ့အပါးသို့ ရောက်လာ၏။

"ရဲဘော်ကြီး၊ ဘာဖြ… သွားသေးလဲဟင်"

တင်ဦးက မေးသည်။

"ဝဇိရ ရဲဘော်ကြီးတ… ကိုယ်လုံး သွေးတွေ ဒီလော… ထွက်နေတာ ဘာဖြစ်သွားသေ… လဲလို့ မင်းကို မေးတာတ… . . ချီးမှပဲ"

"ဟာ - ပတင်ရ၊ ငါ… လည်းသွေးတွေ ဒီလော… ထွက်နေတာ မြင်တာပေါ့။ ကျ… ပဲများသွားသလားလို့ပါ"

"ဘုတ်ပါတယ် ရဲဘော်… ကြီးရယ်၊ ဝံမည်းကြီးနဲ့ ရဲဘော်… ကြီး လုံးထွေးတိုက်ခိုက်နေတာ… မြင်ပေမယ့်လို့ ဖြန်းခနဲ … မလာရဲဘူးလေ။ ထင်းခုတ်ဓား… မတိုနဲ့ ကျုပ်တို့လည်း ဘာ… မလုပ်ဝံ့တာဘော့ခွင့်လွှတ်။ … ကူချင်ပေမယ့် အခွင့်မသာ… မကူနိုင်တာ စိတ်ယဲဘယ်လို… မထားပါနဲ့ခင်ဗျာ"

ဝဇိုးဆိုသူက စိတ်ရင်… အမှန်ဖြင့် ပြောသည်။

"ရပါတယ်ဗျာ . . ကျွ… တော့်ရဲ့ဒဏ်ရာက အပေါ်… ယံကပ်ပါ။ ထားလိုက်ပါတော့… ကိုင်း လာကြ၊ ဝံနောက်ဆက်… လိုက်ကြရအောင်၊ လိုက်ခဲ့… ကြ"



www.burmeseclassic.com

www.burmeseclassic.com

ဤသို့မေးလိုက်သည့်အခါ နှစ်ဦးစလုံး ခပ်သွက်သွက် လေး *အဖြေပေး၏။*

"လိုက်ဝံ့ပါတယ်ဗျာ၊ ရဲ ဘော်ကြီး ဘာလက်နက်မှမပါ ဲ ကျောက်တုံးတစ်တုံးတည်း ဒီလောက်ကြီးတဲ့ တော ကောင်ကို ရင်ဆိုင်ဝံ့တာ ကျွန် တော့် မျက်မြင်ပဲ။ ရဲဘော်ကြီး သတ္တိကိုတော့ ဩချတယ်။ ဘော်ရှေ့က ရှိလို့ ကျွန်တော် တို့ ဘာမှမကြောက်တော့ဘူး ခင်ဗျ"

တပ်ကြပ်ချစ်တင်က ဦး ဆောင်လျက် ဝံမည်းကြီးထွက် ပြေးသွားရာနောက်သို့ ဆက် လိုက်သွားကြသည်။ ဝက်ဝံကြီး ပြေးထွက်သွားသောစွပ်ကြောင်း ကို ထင်ရှားစွာမြင်တွေ့ရသည်။ တပ်ကြပ်ချစ်တင်ကျောက်တုံး နှင့်ထုနှက်ထား၍ ဝက်ဝံကြီး သည်း သွေးယွက်သံယိုဖြစ်နေ လေပြီ၊ ရှာသားနှစ်ယောက် တ်အားယက်သန်စွာ ထင်း တ်ဓားမကိုယ်စီကိုင်စွဲလျက် ဝံ့ဝံ့လိုက်ပါလာကြသည်။ ဆိုးနှင့်သားကောင် တစ်လှည့် စ်ပြန်ပေပဲလေ။ ခပ်စော က မနုဿလူသားတွေက သားကောင်တွေ။ ဝံမည်းကြီး က မုဆိုး။ အခုအခိုက်အတန့် ဝံမည်းကြီးက သားကောင်၊ လူသားများက မုဆိုးပေါ့။

ဝံမည်းကြီးသည် တော *စပ်ကိုဖြတ်ကျော်လျက် ဂန္ဓမာ* ရှာထိပ်ရှိ တောင်ကျစမ်းပေါက် သို့ ဦးတည်သွားနေသည်။ ဝံ ကြီး၏ ခြေရာစွပ်ကြောင်းနှင့် အမှတ်များကို ကြည့်ရှုလိုက်ပါ ကြသည်။ တပ်ကြပ်ချစ်တင်နှင့် ရှာသားနှစ်ယောက် တောင် ကျစမ်းပေါက်သို့ ရောက်လာ ကြ၏။ စမ်းပေါက်သို့ရောက်ပြီး ရေတံခွန်အောက်သို့ ငုံ့ကြည့် လိုက်သည့်အခါ ဒဏ်ရာဗလပွ နှင့် ဝက်ဝံမည်းကြီးကို ရေတံ ခွန်အောက်တွင် မြင်တွေ့လိုက် ရသည်။ ဒဏ်ရာရသားကောင် တို့၏သဘာဝအတိုင်း ရေစိမ် နေခြင်း ဖြစ်သည်။ တပ်ကြပ် ချစ်တင်တို့က အချိန်ဖြုန်းမနေ တော့။ ရေတံခွန်အောက်တွင် ရေစိမ်လျက်ရှိသော ဝံမည်းကြီး ကို ကြီးမားဆိုသည့် ကျောက် တုံးများကို ရှာဖွေကာ အပေါ် စီးမှ ဝိုင်းဝန်းပစ်ခတ်ကြသည်။ အားအင်ကုန်ခမ်းချည့်နဲ့နာကျင် လျက်ရှိသည့် တောကောင် သည် ကျောက်တုံးများကိုပင် ရှောင်နိုင်ခြင်းမရှိတော့ဘဲ ဖြစ် သွားရ၏။ ပြန်လှန်ခုခံဖို့မှုဝေး စွ ဖြစ်၏။ ဦးခေါင်းပေါ်၊ ကျော ကုန်းပေါ်နှင့်တစ်ကိုယ်လုံး အနှံ့ ကျောက်တုံးများတစ်တုံးပြီး တစ်တုံး ကျရောက်လာခြင်း ကြောင့် ဝံမည်းကြီးမခံမရပ်နိုင် *တော့ဘဲ လဲကျသွားသည်။*

ဝံမည်းကြီးလဲကျသွား သည်နှင့်တစ်ပြိုင်နက် တပ် ကြပ်ချစ်တင်သည် ရှာသားနှစ် ယောက်ကိုခေါ်ဆောင်ကာ ရေ တံခွန်အောက်ခြေသို့ ပြေးဆင်း သွားကြသည်။ ဝံမည်းကြီးကား လက်အစုံကို ဖြည်းညင်းစွာ ခွေ့ ရမ်းရုံမှအပ မတ်တတ်ပင်မရပ် နိုင်တော့ဘဲ ဝမ်းခေါင်းသံဖြင့် "ဂူး . . ဂူး . . ဂရား . . ဂရား" ဟုသာ မာန်ဖီအော်ဟစ်နိုင် တော့သည်။

တပ်ကြပ်ချစ်တင်က ရှာ သားတစ်ဦးထံမှ ထင်းခုတ်ဓား မကို ဆွဲယူလျက် တုံးလုံးလဲ လျက်ရှိသော ဝံမည်းကြီး၏ နှာနုကို အားကုန်ခုတ်ဖြတ် လိုက်သည်။ သွေးများဝေါခနဲ ပန်းထွက်လျက် ဝံမည်းကြီး စူး စူးဝါးဝါး အော်ဟစ်လျက် သက်ကိုပင် ငွေ့ရမ်းခြင်းမပြု နိုင်တော့ဘဲ ငြိမ်သွားသည်။ ရှာ သားတစ်ယောက်ကလည်း ထင်းခုတ်ဓားဖြင့် ဝံမည်းကြီး၏ ပါးစောင်ကို ပြေးပိုင်းလိုက်ပြန် သည်။ ငေါ်ကမူ ဝါးတစ်ပြောင်း ကို နုတ်လျက် ဝါးချွန်တစ်ခုပြု လုပ်၍ ဝံမည်းကြီး၏ လခြမ်း သဏ္ဍာန်အဖြူကွက်တည့်တည့် သို့ အားပါးတရ ထိုးထည့်လိုက် ၏။ ထက်မြလှသော ဝါးချွန် သည် ဝံမည်း၏ နှလုံးကို နက် နက်ရှိုင်းရှိုင်း ထိုးဖောက်စူးဝင် သွားသည်။ သွေးများကား ရေ တံခွန်အတွင်း ရဲရဲနီအောင် လှည့်ပတ်စီးဆင်းဝဲလှည့်နေ သည်။ ပွဲသိမ်းသွားပြီ။

အန္တရာယ်အပေါင်း ချုပ် ငြိမ်းသွားပြီ။ တပ်ကြပ်ချစ်တင် ၏ သူမတူသော ရဲရင့်စွန့်စားမှု ကို ဝသုန္ဒရ ရဲကင်းစခန်းမှူးနှင့် ရဲဘော်များအားလုံး ဂုဏ်ယူ မှတ်တမ်းတင်ကြမည်က မလွဲ။ ဒဟတ်တော မုဆိုးကြီးဘဘိုးရ ကလည်း ဝမ်းပန်းတသာ အသိ အမှတ်ပြုလိမ့်မည်မှာ အသေ အချာပါ။

ကျွန်တော်ကမူ တပ် ကြပ်ချစ်တင်၏ ရဲရဲဝံ့ဝံ့ရင်ဆိုင် ယှဉ်ပြိုင်အနိုင်ယူခဲ့ခြင်းနှင့် မည် သည့်လက်နက်မျှမပါ၊ လက် ဗလာချည်းဖြင့် ပေါင်နှစ်ရာ ကျော်အလေးချိန်ရှိပြီး ခြောက် ပေးနီးပါးမြင့်မားသည့် ဝက်ဝံ မည်းကြီးကို သတ်ဖြတ်နိုင်ခြင်း အတွက် စာတစ်ပုဒ်ရေးသား ဂုဏ်ပြုလိုက်ရပါသည်။

(ဝသုန္ဒရ ရဲကင်းစခန်းမှ မုဆိုး (ကို)ချစ်တင်သို့)

**ခင်မောင်အေး(မန္တလေး)**



www.burmeseclassic.com

www.burmeseclassic.com

# လဝကညီနောင်များ နှင့် ရှိနိုးမောင်နှံစုံများ

**မြတ်မင်း**

၁၉၅၈ ခုနှစ် နှစ်ဦးတွင် လူဝင်မှုကြီးကြပ်ရေးဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံခြားသားထိန်းသိမ်းရေး Foreigner Control နှင့် နိုင်ငံခြားသား မှတ်ပုံတင်လုပ်ငန်း Foreigner Registration ကို နိုင်နိုင်နင်းနင်းဆောင်ရွက်ရေး ဦးတည်ချက်များ ဖြစ်သည်။

ယင်းသို့ တိုးချဲ့ဖွဲ့စည်းလိုက်ရာတွင် ထိုစဉ်က အသက် ၂၀ ဝန်းကျင် လူငယ်များ အရေအတွက်က များပြားလှသည်။ အများစုမှာ တက္ကသိုလ်ပညာ တစ်ပိုင်းတစ်စဖြင့် ဝင်ရောက်လာသူများ ဖြစ်ကြသည်။

စာရေးသူလည်း ၁၀–၂–၁၉၅၈ တွင် လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဝင်ရောက်လာရာ ပထမဆုံး Posting တာဝန်ချထားခြင်းခံရမှုအနေဖြင့် ပန်းဆိုးတန်းလမ်း အမှတ် ၉၂/၉၈ ပထမထပ်၌ ဖွင့်လှစ်ထားသော နိုင်ငံခြားသားမှတ်ပုံတင် ရုံးသို့ ရောက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းနောက် ၂၈-၇-၁၉၅၈ ခုနှစ်၌ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးရုံးရှိ စုံစမ်းထောက်လှမ်းရေးဌာန Intelligence သို့လည်းကောင်း၊ ရန်ကုန်ရေဆိပ်တာဝန် Foreshore Section နှင့် မင်္ဂလာဒုံလေဆိပ်တာဝန် Airport Duty များ ထမ်းဆောင်ခဲ့ရသည်။ ထို့နောက် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ၊ လားရှိုး၊ တန့်ယန်း၊ ကွမ်းလုံ၊ ပန်ယန်း စသည်များသို့ ပြောင်းရကာ ၁၉၆၆ ခုနှစ်နှောင်းပိုင်းတွင် ရန်ကုန်သို့ ပြန်ပြောင်းပြီး၊ ၂၄-၆-၇၆ တွင် စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့။ ၁၀-၁၀-၁၉၇၈ တွင် စစ်ကိုင်းတိုင်းရုံး။ ၂၀-၈-၈၃ တွင် ချင်းပြည်နယ်၊ မတူပီမြို့။ ၂၈-၉-၈၃ တွင် ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နှင့် ၁-၇-၈၅ တွင် ရန်ကုန်သို့ အကြိမ်ကြိမ်အခါခါ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

လူဝင်မှုကြီးကြပ်ရေးအရာရှိ Immigration Official ဘဝတွင် ဌာနတွင်းသို့ ရောက်ရှိလာသောသူများအနက် ထူးခြားစွာ ညီအစ်ကိုရင်းများ အတူရောက်ခဲ့ကြောင်းကိုလည်း ပြန်ပြောင်းသတိရမိပါသည်။

ပထမညီအစ်ကိုတွဲမှာ ဦးခင်မောင်အောင်၊ ဦးအေးကိုနှင့် ဦးတင်ထွေးတို့ဖြင့်ကြသည်။ ပခုက္ကူသားများဖြစ်သည်။ ညီအစ်ကိုသုံးယောက်စလုံး အရပ်ခပ်ပြတ်ပြတ်များ ဖြစ်သည်။ ငယ်ပေါင်း ဦးတင်ထွေးသည် ၁၉၅၉ ခုနှစ်ထဲ၌ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်ရုံး လက်အောက်ခံ အနေးကင်း Slow Squad တစ်ခုသို့ ပြောင်းသွားခဲ့သည်။ သိပ်မကြာမီ ဦးတင်ထွေးတစ်ယောက် ကိုင်ဆိုင်သော စတင်းဂန်းသေနတ်အား မြေတွင်ထောက်ကာ အနားယူနေခိုက် မတော်တဆ မောင်းပြုတ်ပြီး ကျည်ထွက်သွားခြင်းကြောင့် မေးစေ့မှ ဝင်သွားသည့် ကျည်ဆန်က အသက်သွား အတော်များများ ပြုတ်သွားကြောင်း သိရပါသည်။ နောက်ပိုင်း အလုပ်မှလည်း နုတ်ထွက်သွားလေသည်။

ထိုညီအစ်ကိုသုံးယောက်ထဲမှ အကြီးဆုံး ဦးခင်မောင်အောင်သည် ၁၉၆၁ ခုနှစ်၌ လားရှိုးခရိုင်၊ မူဆယ်ကင်းစခန်းသို့ ပြောင်းရသည်။ နောက်ပိုင်း တောင်ငူခရိုင်ရုံးသို့ရောက်ကာ ၁၉၇၀ ခုနှစ်များ၌ ရန်ကုန်ရေဆိပ်တာဝန်ကျခဲ့သည်။ ထိုမှ ပခုက္ကူသို့ ပြောင်းရကြောင်း သိရပြီး အဆက်အသွယ်ပြတ်ကာ ကွယ်လွန်သွားသည်ဟု သတင်းကြားရသည်။

သုံးယောက်ထဲမှ အလတ် ဦးအေးကိုလည်း ဟိုပြောင်းဒီပြောင်းနှင့် နယ်ဒေသအနေဖြင့် ၁၉၇၈ ခုနှစ်များ၌ မကွေး (၁၄) (နိုင်ငံခြားသား မတရားဝင်ရောက်မှု ကာကွယ်ရေးနယ်မြေ) မြိတ်မြို့၌ တာဝန်ကျခဲ့သည်။ နောက်ဆုံးတွင် လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် သက်ပြည့်အငြိမ်းစား ယူသွားပါသည်။

ဒုတိယညီအစ်ကိုတွဲက ဦးသိန်းအောင်နှင့် ဦးအေးသိန်းတို့ ဖြစ်သည်။ ၎င်းတို့မှာ ဓနုဖြူဇာတိများ ဖြစ်၍ ဓနုဖြူညီနောင်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ဦးသိန်းအောင်သည် နောက်ဆုံးဦးစီးအရာရှိရာထူးဖြင့် သန်လျင်မြို့နယ်မှူးအဖြစ် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားသည်။ ဦးအေးသိန်းက လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် သက်ပြည့်အငြိမ်းစားတစ်ဦးအဖြစ် ရှိနေပါသည်။

တတိယအတွဲက အမြွှာညီအစ်ကိုဖြစ်ပါသည် ...။ (ဦးအောင်သိန်း)နှင့် (ဦးအောင်သိန်း)ဟု အမည်တွင်ကြသည်။ စာရေးသူသည် ၁၉၇၆ ခုနှစ်မှ ၁၉၈၀ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းအတွင်း တာဝန်ကျခဲ့စဉ် ဦးအောင်သိန်းက ခန္တီးမြို့နယ်မှူးအဖြစ်လည်းကောင်း၊ ဦးအောင်သိန်းက ကောလင်းမြို့နယ်မှူးအဖြစ်လည်းကောင်း တစ်တိုင်းတည်း ဆုံမိခဲ့ရပါသည်။

စတုတ္ထတွဲ ညီအစ်ကိုကလည်း (ဦးဖုန်းမြင့်)နှင့် (ဦးဖုန်းတင့်) အမြွှာညီအစ်ကိုတို့ ဖြစ်ကြသည်။ ၎င်းတို့နှင့်တွဲ၍ တာဝန်မကျခဲ့ဖူးပါ။ ဦးဖုန်းမြင့်က ဗဟန်းမြို့နယ်မှူးအဖြစ် တာဝန်ယူခဲ့ဖူးကြောင်း မှတ်မိပါသည်။

ပဉ္စမညီအစ်ကိုနှစ်ယောက်က ... (ဦးထွန်းရီ)နှင့် (ဦးထွန်းစီ)တို့ဖြစ်သည်။ ဦးထွန်းရီသည် ၁၉၇၀ ပြည့်နှစ်များ၌ ကျောက်တံတားမြို့နယ်မှူးအဖြစ်နှင့် ဦးထွန်းစီက မန္တလေးမြို့ပေါ်က မြို့နယ်တစ်မြို့နယ်၏ ဦးစီးမှူးအဖြစ်လည်းကောင်း တာဝန်ကျဖူးပါသည်။ နှစ်ယောက်စလုံး လူတော်များဟု သတ်မှတ်ခံရသည်။

ဆဋ္ဌမတွဲ ညီအစ်ကိုက (ဦးအောင်စိုး)နှင့် (ဦးခင်မောင်သန်း)တို့ ဖြစ်သည်။ ဦးအောင်စိုးက စာရေးသူတို့နှင့် ၁၉၅၈ ခုနှစ်ကတည်းက ဌာနသို့ရောက်လာသူဖြစ်ကာ လက်ထောက်ညွှန်ကြားရေးမှူး (ရန်ကုန်တိုင်း ဒုတိယတိုင်းဦးစီးဌာနမှူး) အဖြစ် နောက်ဆုံးတာဝန်ယူကာ အငြိမ်းစားယူသွားပြီး ယခုတော့ ကွယ်လွန်သွားရှာသည့် ငယ်သူငယ်ချင်းဖြစ်သည်။

ဦးခင်မောင်သန်းကမူ ၁၉၇၄ ခုနှစ်ခန့်က ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူလာသည့် ဗိုလ်မှူးကြီးလှမောင်(နောင်သော် နိုင်ငံတော်ကောင်စီဝင်ဖြစ်သွားသူ)နှင့် အတူပါလာသော တပ်မတော်မှ တပ်ကြပ်ကြီးဖြစ်သည်။ ဘွဲ့ရပညာတတ်ဖြစ်ခြင်းကြောင့် နောက်ဆုံး ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူသွားသူဖြစ်သည်။ အင်းလျားကန်စောင်းတွင် နံနက်တိုင်း ကျန်းမာရေးအတွက် လမ်းလျှောက်နေဆဲ အရပ်ပုပု၊ အသားဖြူဖြူနှင့် ပုဂ္ဂိုလ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သတ္တမတွဲ ညီအစ်ကိုက (ဦးတင့်အောင်)နှင့် (ဦးမောင်ကို)တို့ ညီနောင်ဖြစ်သည်။ နှစ်ယောက်စလုံး ဌာနတွင်းသို့ ၁၉၅၆ ခုနှစ်ကတည်းက ရောက်နှင့်သူများ ဖြစ်သည်။ သထုံသားများဖြစ်သည်။ ဦးတင့်အောင်သည် အလွန်အေးဆေးစွာ နေထိုင်ပြောဆိုတတ်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်ပိုင်း၌ အငြိမ်းစားယူသွားပြီ ဖြစ်သည်။

ညီဖြစ်သူ ဦးမောင်ကို (လဝက/၁၀၉၆)နှင့် အလွန်ရင်းနှီးပါသည်။ ကျောက်မဲတွင် တာဝန်ကျစဉ်က စာရေးသူကို ညီငယ်ရင်းပမာ စောင့်ရှောက်သူ ဖြစ်ပါသည်။ ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် အငြိမ်းစားယူသွားသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ သားသမီးများရှိရာ သားသုံးယောက်ကို ထူးထူးခြားခြား (ဝမ်းကို) (တူးကို) (သရီးကို)ဟု အမည်ပေးထားကြောင်းလည်း ကောင်းစွာမှတ်သားမိပါသည်။

အဋ္ဌမညီနောင်တွဲက ဦးစိုးမြင့်နှင့် ဦးတိုးမြင့်တို့ ဖြစ်သည်။ ဦးစိုးမြင့်က ၁၉၅၈ ခုနှစ် နှစ်ဦးပိုင်းက ဌာနတွင်းသို့ ဝင်ရောက်လာသူဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် စာရေးသူနှင့် ရန်ကုန်ရေဆိပ် တာဝန်ထမ်းဆောင်သူဖြစ်ကာ တာချီလိတ် (မကဖ–၈)သို့ ပြောင်းရွှေ့သွားပြီးနောက် ကွယ်လွန်သွားရှာသည်။

ညီဖြစ်သူ ဦးတိုးမြင့်က ယခုတိုင် စာရေးသူနှင့် အဆက်အသွယ်မပြတ်သူ ဖြစ်သည်။ ၁၅–၆–၆၀ တွင် လူဝင်မှုကြီးကြပ်ရေးမှူးရာထူးဖြင့် ဌာနသို့ ရောက်ရှိလာကာ ၁၉၉၃ ခုနှစ်တွင် ဦးစီးအရာရှိရာထူးဖြင့် အငြိမ်းစားယူကာ ဦးတိုး(တက္ကသိုလ)ဟူသော ကလောင်အမည်ဖြင့် စာပေလောက၌ လှုပ်ရှားနေသူ ဖြစ်ပါသည်။

နဝမမြောက် ညီအစ်ကိုရင်းအတွဲတွင် ညီအစ်ကိုသုံးယောက် ပါဝင်ပတ်သက်သည်။ မော်လမြိုင်သားများဖြစ်လင့်ကစား ဖခင်ဖြစ်သူ မွန်အမျိုးသားကြီး ဦးရွှေဖြိုးသည် လားရှိုးခရိုင်ရဲဝန်ရုံးတွင် ရုံးအုပ်ကြီးအဖြစ် တာဝန်ကျခဲ့သဖြင့် လားရှိုးမြို့တွင်ပင် သက်ဆုံးတိုင်နေသွားသူ ဖြစ်သည်။ အန်ကယ်ဦးရွှေဖြိုး၏ သားအကြီးဆုံးက ဦးသန်းထွန်းဖြစ်သည်။ ပျော်ပျော်နေ သေခဲသမား၊ စာရေးသူနှင့် ၁၉၆၄ မှ ၁၉၆၆ ခုနှစ်ထိ ပန်ဆန်းနယ်စပ်စခန်း၌ တာဝန်ကျသူဖြစ်ကာ ကွယ်လွန်သွားပါပြီ။

"ဒယ်နီရေ ... ဒယ်နီက ကချင်၊
မသာနီးအေးက ရှိုင်ဆိုတော့
မွေးထားတဲ့ကလေးတွေက ဘာလူမျိုးလို့ခေါ်ရမလဲ"
ဟု ကျီးစယ်မေးသည်ကို
"ပြည်ထောင်စုသားပေါ့"
ဟု မဆိုင်းမငံ့ ဖြေကြားဖူးပါသည်။

ညီအကြီးက ဦးဘစိန်ဖြစ်သည်။ ထိုစဉ်က ဟိုပန်မြို့နယ်မှူးတာဝန်ယူသူဖြစ်သည်။ ဦးဘစိန်သည်လည်း နောက်ပိုင်း ဌာနဆိုင်ရာ အရေးယူမှုတစ်ရပ်ခံရကာ ရာထူးတစ်ဆင့်နှိမ့်ခြင်းခံရပြီး ရန်ကုန်လူဝင်မှုကြီးကြပ်ရေးဝန်ရုံးသို့ ရောက်ရှိလာသည်။ ၁၉၇၄ ခုနှစ်တွင် ထိုစဉ်က ဝန်ထမ်းရေးရာအဖွဲ့တွင် ဗဟိုပြည်သူ့အလုပ်သမားကောင်စီ၏ ကိုယ်စားလှယ်အဖြစ် ပူးတွဲတာဝန်ထမ်းဆောင်သည့် စာရေးသူက Recommendation ပေးသောအခါမှ မူလလူဝင်မှုကြီးကြပ်ရေးရာထူး ပြန်ရသွားသည်။ ထို့နောက် ကချင်ပြည်နယ်၊ ဗန်းမော်သို့ ပြောင်းရွှေ့သွားကာ ကွယ်လွန်သွားရှာသည်။ ညီအငယ်ဆုံး ကိုသိန်းဖံက လားရှိုးမြို့ လူဝင်မှုကြီးကြပ်ရေးဝန်ထောက်ရုံးတွင် စာရေးကြီးအဖြစ် တာဝန်ထမ်းဆောင်သွားကာ ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း၌ ကွယ်လွန်သွားကြောင်း သတင်းရရှိခဲ့ပါသည်။

လူဝင်မှုကြီးကြပ်ရေးဌာနသို့ ၁၉၅၈ ခုနှစ်ဆန်းက ဝင်လာသူများထဲ၌ ရေစက်ဆုံ၍ ဇနီးမောင်နှံဘဝရောက်သွားသည့် စုံတွဲများအကြောင်း ဆက်ချင်ပါသည်။ နံပါတ်စဉ်(၁)မှ (၁၀)ထိ စာရေးသူမှတ်သားမိသည့် အစီအစဉ်အတိုင်း ဖော်ပြရပါမည်။

စုံတွဲအမှတ်(၁)

ကိုကျော်မြင့်နှင့် မခင်သိန်း။ နှစ်ယောက်စလုံး Sunshine ရုံးဟုခေါ်သော ပန်းဆိုးတန်းလမ်းရှိ အမှတ် ၉၂/၉၈ ပထမထပ်တွင် တည်ရှိခဲ့သော နိုင်ငံခြားသားမှတ်ပုံတင်ရုံးတွင် ဆုံသူများဖြစ်သည်။ ကိုကျော်မြင့်(ကျော်ကျော်)က လူဝင်မှုကြီးကြပ်ရေးမှူး၊ မခင်သိန်း (အသိန်း)က အထက်တန်းစာရေး၊ ကျော်ကျော်က ကပြားသွေးပါသူ၊ မခင်သိန်းက



www.burmeseclassic.com

www.burmeseclassic.com

ရပိုင်သူ။ တူးဖြိုးသည့် ဖူးစာဖက်များ ဖြစ်သည်။ ကျော်ကျော်က နောက်ပိုင်း ဌာနမှထွက်ကာ ပညာရေးဌာနသို့ ပြောင်းသွားသည်။ မခင်သိန်းက ရုံးအုပ်ရာထူးဖြင့် သက်ပြည့်အငြိမ်းစားယူသွားကာ စင်ကာပူတွင် အခြေချထားသည့် ဗိသုကာ အင်ဂျင်နီယာသမီး၏ မိဘကျေးဇူးဆပ်မှုကို အပြည့်အဝခံယူကာ ပျော်ရွှင်စွာရှိနေကြသည်။

စုံတွဲအမှတ်(၂)

ဌာနတွင်းသို့ ၁၉၅၈ ခုနှစ်တွင် စတင်ရောက်ရှိစဉ်ကတည်းက ဖန်းမောင်နံနှစ်ယောက်က (မောင်မောင်ကြီး)နှင့် (မရင်မေ)တို့ ဖြစ်သည်။ နှစ်ယောက်စလုံး ငွေစာရင်းဌာနခွဲတွင် အထက်တန်းစာရေးများ ဖြစ်ကြသည်။ ထိုစဉ်က သားအကြီးဆုံးမှာ ယခုအခါ ဗိုလ်တထောင်မြို့နယ်၏ မြို့နယ်ဆရာဝန်ကြီး ဖြစ်နေပါပြီ။ သမီးကြီးကမူ အမေရိကားတွင် ငွေစာရင်းကိုင်အရာရှိဘဝနှင့် အခြေချကာ မိဘနှစ်ပါးကို အမေရိကန်နိုင်ငံအနှံ့ အလည်အပတ်ခရီးပင် ခေါ်ယူပို့ဆောင်ပြီးဖြစ်သည်။ ထိုစုံတွဲနှင့် မကြာမကြာ ဆုံမိနေပါသေးသည်။ နှစ်ယောက်စလုံး အငြိမ်းစားရုံးအုပ်ကြီးများ ဖြစ်နေပါပြီ။

စုံတွဲအမှတ်(၃)

နှစ်ယောက်စလုံး ၁၉၅၈ ခုနှစ်က လူဝင်မှုကြီးကြပ်ရေးဝန်ရုံး ငွေစာရင်းဌာနခွဲ အထက်တန်းစာရေးများ ဖြစ်ကာ လုပ်ဖော်ကိုင်ဖက်ဘဝမှ ဖန်းမောင်နံ ဖြစ်သွားသူများဖြစ်သည့် (ကိုအောင်သန်း)နှင့် (လွင်လွင်နိုင်)တို့ ဖြစ်သည်။ လွင်လွင်နိုင်သည် အမျိုးသမီးဝန်ထမ်းများထဲ၌ အရပ်ရှည်သူအဖြစ် လူသိများသည်။ ကိုအောင်သန်းကမူ စာရေးဝန်ထမ်းလိုင်းမှ အမှုဆောင်ဝန်ထမ်းလိုင်း ပြောင်းလိုက်ပြီး ဦးစီးအရာရှိရာထူးဖြင့် အငြိမ်းစားယူကာ ယခုအခါ လူဝင်မှုကြီးကြပ်ရေးဌာန၏ နှစ်စဉ်ထုတ်ဝေနေသည့် ရွှေတံခါးမှူးမဂ္ဂဇင်း၏ အယ်ဒီတာချုပ်တာဝန် ယူထားသူ စာရေးဆရာ (မောင်စေတနာ) ဖြစ်ပါသည်။ ငယ်ပေါင်းမိတ်ဆွေ လွင်လွင်နိုင်မှာတော့ ကွယ်လွန်သွားပြီဟု ကိုအောင်သန်းပြော၍ သိရပါသည်။

စုံတွဲအမှတ်(၄)

အနေအထိုင် အေးဆေးတည်ငြိမ်သည့် နောင်တော်နှင့် အစ်မတော်တို့ဖြစ်သော ဦးမင်းသူနှင့် ဒေါ်ခင်နွဲ့ရင်တို့ ဖြစ်သည်။ ၁၉၆၀ ခုနှစ်လွန်နှစ်များတွင် ဦးမင်းသူ(ထိုစဉ်က အမည်မှာ ဦးမြင့်ဆွေ/D-form ဦးမြင့်ဆွေ)သည် မြိတ်မြို့တွင် တာဝန်ကျစဉ်က ဆုံခဲ့သော ဖူးစာရှင်ဖြစ်သည်။ ဦးမင်းသူသည် ဧရာဝတီတိုင်း ဦးစီးဌာနမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သူ ဖြစ်ကာ ဒေါ်ခင်နွဲ့ရင်က ထိုထက်စော၍ အငြိမ်းစားယူခဲ့သော အထက်တန်းစာရေးကြီး ဖြစ်ပါသည်။ ဦးမင်းသူသည် တခြားသူမဟုတ်ဘဲ စာရေးဆရာ တက္ကသိုလ်မင်းသူပင်တည်း။

စုံတွဲအမှတ်(၅)

လူဝင်မှုကြီးကြပ်ရေးဌာန၌ ထိုစဉ်ကာလ(၁၉၅၉)က လူဝင်မှုကြီးကြပ်ရေး လက်ထောက်[illegible]တွင် ထူးခြားစွာ [illegible] ဦးတည်းသာ ရှိခဲ့သည့် အမျိုးသမီးအရာရှိမှာ (ဒေါ်ကြည်အောင်) ဖြစ်ပါသည်။ ၎င်းသည် ဌာနတွင် တရားစွဲဌာနခွဲ၌ တာဝန်ကျစဉ် လုပ်ဖော်ကိုင်ဖက် ဦးအောင်မြင့်(အထက်တန်းစာရေး)နှင့် ဖူးစာဆုံကာ အကြောင်းပါခဲ့သူ ဖြစ်သည်။ ကိုအောင်မြင့် [illegible] မြန်မာ့ကြယ်ငါးပွင့် [illegible]သို့ ပြောင်းသွားပြီး ကွယ်လွန်သွားကာ ဒေါ်ကြည်အောင်ကို အငြိမ်းစား လူဝင်မှုကြီးကြပ်ရေးမှူးအဖြစ် ဆုံတွေ့နေရပါသေးသည်။

စုံတွဲအမှတ်(၆)

သည်စုံတွဲက ၁၉၇၀ ပြည့်နှစ်ခန့်က လူဝင်မှုကြီးကြပ်ရေးဝန်ရုံး တရားစွဲဌာနခွဲတွင် အတူတာဝန်ကျသောအခါမှ မေတ္တာမျှကာ ဖန်းမောင်နံ ဖြစ်သွားသည့် စာရေးသူ၏ငယ်သူငယ်ချင်း (မောင်မောင်အေး)နှင့် (မစိန်လှ)တို့ ဖြစ်သည်။ မောင်မောင်အေးသည် စာရေးသူနှင့်အတူ (၁၅-၉-၁၉၇၃)တွင် လူဝင်မှုကြီးကြပ်ရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်း ခံရသူဖြစ်သည်။ ထိုစဉ်က တော်လှန်ရေးကောင်စီခေတ်တွင် ရှားရှားပါးပါး ရာထူးတိုးသည့်အကြိမ် ဖြစ်ပါသည်။ မောင်မောင်အေးသည် ဦးစီးအရာရှိရာထူးဖြင့် အငြိမ်းစားယူသွားကာ အငြိမ်းစားယူသည့် ဇနီးသည် (မစိန်လှ)နှင့် သာကေတတွင် နေထိုင်ကာ ကံမကောင်းစွာဖြင့် လေဖြတ်ခံထားရသည့်ပုဂ္ဂိုလ် ဖြစ်နေပါသည်။

စုံတွဲအမှတ်(၇)

စုံစမ်းရေးဌာန Intelligence တာဝန်ကျသော လူဝင်မှုကြီးကြပ်ရေးမှူး ဦးမြတ်ကြွယ်သည် ၁၉၅၈ ခုနှစ်ထဲတွင် ဌာနခွဲရုံးခန်းချင်း တစ်ဆက်တစ်စပ်တည်းရှိသော ပြည်ပြန်ဝင်ဗီဇာထုတ်ထားရေးဌာနခွဲ Re-entry Visa ဌာနမှ အထက်တန်းစာရေး မြင့်မြင့်သန်းနှင့် မေတ္တာမျှကာ ဖန်းမောင်နံဘဝ ရောက်ခဲ့သူများ ဖြစ်သည်။

လွန်ခဲ့သည့် နှစ်နှစ်ခန့်က စာရေးသူနေထိုင်ရာ ရွှေဂုံရိပ်မွန်အိမ်ရာအနီး ရွှေဂုံတိုင်မီးပွိုင့်အနီးရှိ လမ်းထောင့်တွင် ရဟန်းတော်တစ်ပါးနှင့် ဆုံမိသောအခါ ရဟန်းတော်က စာရေးသူကို နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်က "မြတ်ကြွယ်လေ"ဟု ဖြစ်ပါသည်။ စာရေးသူလည်း ချက်ချင်းမှတ်မိသွားပြီး "ဘယ်နှဝါ ရပြီလဲ၊ ဘယ်မှာ သီတင်းသုံးနေတော်မူပါလဲ"ဟု မေးသည်ကို ရဟန်းတော်က "မြောင်းတကာမှာ လေးဝါရပြီ"ဟု မိန့်ပါသည်။

ရဟန်းတော်က ဆက်လက်ပြီး "မမြင့်သန်းလည်း မရှိတော့ဘူး"ဟု ပြောကြားပါသည်။ စာရေးသူလည်း လမ်းမပေါ်၌ပင် ဒူးထောက်ချ ရှိခိုးပြီး အင်္ကျီအိတ်ထဲသို့ နှိုက်ကြည့်လိုက်ရာ လွယ်လင့်တကူပါလာသော ငါးထောင်တန် ငွေစက္ကူကို နဝကမ္မအဖြစ် လှူလိုက်မိခဲ့သည်။ မြောင်းတကာရွာသည် မှော်ဘီမြို့နယ်ထဲမှ ရွာကြီးဖြစ်ကာ စာရေးသူ၏ အမေနှင့် အဘိုးတို့၏ ဇာတိရွာလည်းဖြစ်ပါသည်။

ဦးမြတ်ကြွယ်သည် မှော်ဘီမြို့နယ်မှူးအဖြစ် တာဝန်ယူခဲ့သူဖြစ်ကာ စာရေးသူ၏ ညီမဝမ်းကွဲတော်သူ မြောင်းတကာရွာတွင်နေထိုင်သူ (မြင့်မြင့်ကြည်)ကိုလည်း သိကျွမ်းသူ ဖြစ်နေပါသည်။ လွန်ခဲ့သည့် တစ်လခန့်က ညီမ မြင့်မြင့်ကြည်နှင့် တယ်လီဖုန်းအဆက်အသွယ်ပြုသည့်အခါမှ ဦးမြတ်ကြွယ်လည်း ရဟန်းဘဝနှင့်ပင် ကွယ်လွန်သွားခဲ့ကြောင်း ဝမ်းနည်းစွာ သိရပါသည်။

## စုံတွဲအမှတ်(၈)

ထူးခြားသော တိုင်းရင်းသား ဇနီးမောင်နှံစုံတွဲ ဖြစ်ပါသည်။ ၁၉၅၈ ခုနှစ် ဆန်းပိုင်းတွင် ဌာနတွင်းသို့ ဝင်ရောက်လာခဲ့သူ ကရင်တိုင်းရင်းသား စောဒယ်နီယယ်စံဒွေးတစ်ယောက် ၁၉၆၁ ခုနှစ် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ပြောင်းရွှေ့သွားသောအခါ နဖူးစာရွာလည်ပြီး စစ်တွေဇာတိ ရခိုင်အမျိုးသမီး မသာနိုးအေးနှင့် တွေ့ဆုံကာ အိမ်ထောင်ထူခဲ့သူဖြစ်သည်။

ဒယ်နီရယ်စံဒွေးကို စာရေးသူက အများခွတ်၍ (ဒယ်နီ)ဟု ခေါ်သလို ၎င်းကလည်း ငယ်သူငယ်ချင်းဖြစ်သူ စာရေးသူကို ၁၉၇၁ မှ ၁၉၇၆ ထိ ထိုစဉ်က လပ်းစဉ်ပါတီ၏ ကျောက်တံတားပါတီယူနစ်နယ်မြေတွင် ပါဝင်သော လူဝင်မှုကြီးကြပ်ရေးဌာန၏ ပါတီစိတ်အတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းကို ဂုဏ်ပြုသောအားဖြင့် Boss ဟု ပြောင်းလဲခေါ်ခဲ့ရာ အငြိမ်းစားယူသွားသည်အထိဖြစ်သည်။

ရင်းနှီးသော သူငယ်ချင်းကြီးအား "ဒယ်နီရေ ... ဒယ်နီက ကရင်၊ မသာနိုးအေးက ရခိုင်ဆိုတော့ မွေးထားတဲ့ကလေးတွေက ဘာလူမျိုးလို့ ခေါ်ရမလဲ"ဟု ကျီးစယ်မေးသည်ကို "ပြည်ထောင်စုသားပေါ့"ဟု မဆိုင်းမင့် ဖြေကြားဖူးပါသည်။ ရိုးသားတည်ကြည်ပြီး၊ အရာရာကို အကောင်းမြင်တတ်သူ ဒယ်နီကြီးသည် အငြိမ်းစားယူပြီးနောက် ၂၀၀၁ ခုနှစ်ခန့်က ကွယ်လွန်သွားသဖြင့် သင်္ဂြိုဟ်ရာသို့ လိုက်ပါပို့ဆောင်ခဲ့ရပါသည်။

## စုံတွဲအမှတ်(၉)

အလုံ ကျူရှင်ကျောင်း(ယခု အထက-၄ အလုံ)တွင် ကျောင်းနေစဉ်ကတည်းက ငယ်သူငယ်ချင်း (ကျော်ခင်)သည်လည်း ၁၉၅၈ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးဌာနသို့ စာရေးကြီးအဖြစ် ဝင်ရောက်ခဲ့သူ ဖြစ်သည်။ ငယ်သူငယ်ချင်းများက (ကျော်ခင်)ကို (တရုတ်ကျော်ခင်)ဟု နောက်ပြောင်ခေါ်ခဲ့ကြပါသည်။ ကျော်ခင်လည်း တခြားသူများကို အားကျစရာ တစ်ဌာနတည်းမှ (မလှနွယ်)နှင့် အိမ်ထောင်ကျသူ ဖြစ်သည်။ ယခုအခါ လင်မယားနှစ်ယောက်စလုံး၊ သားသမီးများပါ စင်ကာပူနိုင်ငံသို့ ပြောင်းရွှေ့အခြေချနေကြောင်း သိရပါသည်။

## စုံတွဲအမှတ်(၁၀)

၁၉၆၀ ခုနှစ်၊ ဇူလိုင်လထဲတွင် ရန်ကုန်လေဆိပ် တာဝန်ကျကာလ ပြီးဆုံး၍ လူဝင်မှုကြီးကြပ်ရေးဝန်ရုံး (ရုံးချုပ်)သို့ ပြန်လည်ရောက်ရှိလာသောအခါ Posting ချခံရသည့်ဌာနက D.P.R ခေါ် အမြဲနေခွင့်ရသော နိုင်ငံခြားသားများ၏ မိုရိုသူများအား မြန်မာနိုင်ငံ၌ ဆက်လက်နေခွင့်ပြုပေးရသည့် ဌာနခွဲသို့ ဖြစ်သည်။

ထိုစဉ်က တာဝန်ခံအရာရှိမှာ လူဝင်မှုကြီးကြပ်ရေးဝန်ထောက် ဦးတင်မြင့် ဖြစ်သည်။ ဆရာသည် ဗမာအမျိုးသားဖြစ်သည်။ ထိုဌာနခွဲတွင် အတူတာဝန်ကျနေသော ရခိုင်အမျိုးသမီး ဒေါ်ခင်လှနှင့် မေတ္တာမျှကာ ဘဝလက်တွဲဖော်များ ဖြစ်သွားကြသည်။၏

ဆရာဦးတင်မြင့်သည် ဗဟိုနိုင်ငံရေးတက္ကသိုလ်သို့ ပြောင်းသွားကာ နောက်ဆုံး ၁၉၈၈ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သလို အစ်မကြီး ဒေါ်ခင်လှကလည်း သက်ပြည့်သည်အထိ ဌာနတွင် တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားဘဝကို ခံယူလျက်ရှိဆဲ ဖြစ်ပါတော့သည်။

လူဝင်မှုကြီးကြပ်ရေးအရာရှိဘဝကို ဖြတ်သန်းလာခဲ့ရသူ စာရေးသူသည် လုပ်ဖော်ကိုင်ဖက်များကို သတိရတိုင်း စာမူလေးများ ရေးသားဂုဏ်ပြုလေ့ရှိပါသည်။

ယခုစာမူတွင် ဖော်ပြထားသော ညီအစ်ကိုရင်းများ၏အကြောင်းနှင့် စုံတွဲများ၏အကြောင်းမှာ စိတ်ထဲတွင် မှတ်သားမိထားသမျှသာ ဖြစ်ပါသည်။ ကျန်ကောင်းကျန်စရာများ ရှိနိုင်ပါသည်ဟု ရိုးသားစွာ ဝန်ခံရင်း အပေါင်းအသင်း ညီအစ်ကိုမောင်နှမများကို ဂုဏ်ပြုလိုက်ရပါတော့သည်။

မြတ်မင်း



www.burmeseclassic.com

www.burmeseclassic.com

# ဥပဒေရေးရာ

## သုတအဖြာဖြာ

### စလင်း-ဦးအောင်သိန်း

စီရင်ထုံးများကို လေ့လာခြင်း ကျင့်ထုံးဆိုင်ရာ အခြေခံသိကောင်း စရာများ၊ ဥပဒေရေးရာ သုတအဖြာဖြာ ခေါင်းစီးများဖြင့် ဥပဒေဆောင်းပါးများ ရေးသားလာရာ ပြစ်မှုမဂ္ဂဇင်းတွင်ပင် ပုဒ်ရေ ရှစ်ဆယ်ဝန်းကျင်ရှိလိမ့်မည် ထင်သည်။

စီရင်ထုံးများကို လေ့လာခြင်း ခေါင်းစီးအောက်တွင် အကြောင်းအရာ အလိုက် ခေါင်းစဉ်လေးများ ပေးခဲ့ပါ သည်။ ဥပမာ-လူသတ်မှုတစ်မှုတွင် သက်သေခံနာရီလေးက စ,ပြီး ကွင်း ဆက်လိုက်ရာမှ တရားခံပေါ်သွားသည် ကို "စကားပြောသောနာရီလေး"ဟု သည်းကောင်း၊ ထူးခြားသည့် ကိုယ်ဝန် ဆောင်မိန်းကလေးသေဆုံးမှုကို "ဘုံ ဘဝ ကြုံကြုံရခုလို"ဟုလည်းကောင်း၊ ခေါင်းစဉ်လေးများတပ်ကာ ရေးဖွဲ့တင်ပြ ခဲ့ပါသည်။ စာရေးသူလိုက်ပါခဲ့သည့် အမှုအခင်းလေးများကိုလည်း ဆီလျော် သလို ထည့်သွင်းတင်ပြခဲ့ပါသည်။ စာဖတ်သူများ ဗဟုသုတရစေ၊ ဥပဒေ နယ်ပယ်အသီးသီးမှ လူငယ်-မောင်မယ် လေးများအတွက် အထောက်အပံ့ဖြစ် စေရန် ရည်သန်တင်ပြခဲ့ခြင်း ဖြစ်ပါ သည်။ နောက်တစ်ကြောင်းမှာလည်း ဖြစ်ရပ်မှန်များထဲက ဘဝသင်ခန်းစာ များရစေပြီး ရှောင်နိုင်၊ ရှောင်နိုင်ရန် လည်းရည်ရွယ်ပါသည်။

ရစည်း၍ စာအုပ်ထုတ်ဝေမည် ပြုသောအခါ မဂ္ဂဇင်းအဟောင်းများ အပြည့်အစုံသိမ်းဆည်းမထားမိခြင်း၊ အဟောင်းဆိုင်များသို့ သွားရောက်ရှာ ဖွေရာ၌လည်း လိုအပ်သည့် စာအုပ် ရှာမရခြင်းတို့ကြောင့် ရှိသမျှ ရသမျှ ဖြင့်ပင် စာအုပ်ထုတ်ဖြစ်ခဲ့ပါသည်။

ကျင့်ထုံးဆိုင်ရာ အခြေခံ သိကောင်းစရာများနှင့် ပတ်သက်၍မူ အနည်းအကျဉ်းသာ တင်ပြနိုင်ခဲ့ပါသည်။ နောင်အလျဉ်းသင့်သည့်အခါဆက်လက် တင်ပြသွားပါမည်။ ဥပဒေရေးရာ သုတ အဖြာဖြာခေါင်းစီးအောက်တွင် ရေးသား တင်ပြလိုသည့် ဆန္ဒပြင်းပြနေသည့် အတွက် ကျင့်ထုံးအပိုင်းကို မတင်ပြ နိုင်ခြင်းဖြစ်ပါသည်။ ဥပဒေရေးရာ သုတအဖြာဖြာခေါင်းစီးဖြင့် တင်ပြရာ တွင် သီးခြားခေါင်းစဉ်ပေး ရေးသားခြင်း မရှိပါ။ အဓိကရည်ရွယ်သည်မှာ တရားစီရင်ရေးနယ်ပယ်တွင် အရည် အသွေးပိုင်း၊ အရည်အချင်းပိုင်းတို့တက် မြင့်မားလာစေရန်ဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင် စီရင်ထုံးများ၊ လက်တွေ့ ဆောင်ရွက်ရာမှ တွေ့ကြုံရသည့် အတွေ့အကြုံများပါ ပေါင်းစပ်တင်ပြ ထားပါသည်။ မမှားသင့်သည့် အမှား များကို တရားသူကြီးများ မှားယွင်းဆုံး ဖြတ်သည့်အတွက် အထက်အဆင့်မြင့် ရုံးကပြင်ဆင်ခဲ့ရသည်များ အကျိုး ဆောင်များအပိုင်း၌လည်း အရည်အ ချင်းပိုင်းအားနည်း၍ အမှုသည်များ ရသင့်သည့် အခွင့်အရေးအပိုင်း၌လည်း အရည်အချင်းပိုင်းအားနည်း၍ အမှု သည်များ ရသင့်သည့် အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com

မရခြင်း၊ နှစ်နာဆုံးရှုံးမှု မဖြစ်သင့်ဘဲ နှစ်နာဆုံးရှုံးရခြင်းများကို တင်ပြရေးသားခဲ့ပါသည်။ ဤသို့ရေးသားတင်ပြရာတွင် ရာဇသတ်ကြီးပါ ပုဒ်မများအရ အရေးယူသည့် ပြစ်မှုများ၊ လောင်းကစား၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး၊ လူကုန်ကူးမှုတားဆီးရေး စသည်ဖြင့် အထူးဥပဒေများအရ အရေးယူသည့် ပြစ်မှုများနှင့် ပတ်သက်ပြီး တင်ပြခဲ့ပါသည်။

သိသင့် မှတ်သားသင့်သည်ကို ရွေးချယ်တင်ပြခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဥပဒေအရ ပြစ်ဒဏ်ဖော်ပြရာတွင် "အကန့်အသတ်မရှိ ထောင်ဒဏ်"ဆိုသော စကားရပ်ပါရှိပါသည်။

နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ချမှတ်လိုက်သည်ဟု ခရိုင်တရားသူကြီး၏ ဆုံးဖြတ်ချက်ကို ယခင်တရားရုံးချုပ်မှ တရားသူကြီး၏ အာဏာကို နှစ်အကန့်အသတ်မရှိ ချမှတ်နိုင်သည့် အခွင့်အာဏာပေးထားခြင်းသာဖြစ်သည်။ အနည်းဆုံး ထောင်ဒဏ် × × ×မှ အများဆုံး × × ×ထိ ဟူသော အသုံးအရ [illegible]သည့် ထောင်ဒဏ်ကာလ အပိုင်းအခြား ဖော်ပြရမည်ဟု လမ်းညွှန်ခဲ့ပါသည်။ ထိုစီရင်ထုံးထွက်ပြီးနောက် နှစ်အနည်းငယ်အကြာတွင် နှစ်အကန့်အသတ်မရှိထောင်ဒဏ်ချမှတ်လိုက်သည်ဟူသော ခရိုင်တရားသူကြီး၏ အမိန့်ကို တရားရုံးချုပ်မှပင်အတည်ပြုခဲ့ပြန်ပါသည်။

စီရင်ထုံးနှစ်ခု နှစ်မျိုးဖြစ်နေရာ မည်သည့် စီရင်ထုံးကိုသာ လိုက်နာရမည်ဟု လမ်းညွှန်သော စီရင်ထုံးမထွက်သေးပါ။ မည်သည့်အဆင့်၊ မည်သည့် တရားရုံးကမဆို ဆုံးဖြတ်ချက်တစ်ခုသည် ဥပဒေအရ မှားယွင်းနေသည့်တိုင် အထက်အဆင့်မြင့်ရုံးက ပယ်ဖျက်ခြင်းမရှိလျှင် အတည်ဖြစ်နေပါသည်။

စာဖတ်သူများ မှတ်မိကောင်း မှတ်မိမည်ထင်ပါသည်။ နန်းကြာမုံအမှုတွင် တရားရုံးချုပ်ကပင် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဥပဒေအရ ထောင်ဒဏ် (၁၉)နှစ်ချမှတ်သည်ကို အတည်ပြုခဲ့ပါသည်။ နန်းကြာမုံ အထူးအယူခံဝင်ရောက်ခြင်းမရှိပါ။ ပူးတွဲတရားခံကသာ အထူးအယူခံဝင်ခဲ့ပါသည်။ အထူးအယူခံတွင် နန်းကြာမုံအတွက်ပါ ထည့်သွင်းသုံးသပ်ပြီး အပြီးအပြတ်လွှတ်ခဲ့သောအမှုဖြစ်ပါသည်။

ဥပဒေရေးရာ သုတအဖြာဖြာဟူသော ခေါင်းစဉ်ဖြင့်ရေးသားခဲ့သည့် ဥပဒေဆောင်းပါးများကို စာအုပ်အဖြစ် ထုတ်ဝေရန် ရည်ရွယ်ထားပါသည်။ "လောကပြတင်းစာပေမှ လင်းမြတ်(မြန်မာစာ)က စာအုပ်ထုတ်ချင်သည်ဆိုပြီး အရေးပေါ်တောင်းဆိုသဖြင့် ရွေးချယ်ချိန်မရဘဲ ကြုံရာပြစ်မှုမဂ္ဂဇင်းအဟောင်းများ ပေးလိုက်ပါသည်။ ကွန်ပျူတာစီပြီး အစီအစဉ်လေးလုပ်ပေးပါဆိုကာ အပ်နှံပြီး ရက်တိုလေး

ချိန်းသွားပြန်ပါသည်။ ဥပဒေရေးရာ
သုတအဖြာဖြာဟု ဆောင်းပါးအားလုံ
ခေါင်းစဉ်တစ်ညီတည်းဆိုက မာတိကာ
ကြည့်မကောင်း ဖြစ်တော့မည်
ထို့ကြောင့် ကွန်ပျူတာလည်း အမှာ
အယွင်းစစ်၊ ရေ့နောက်အစီအစဉ်လည်
ဆီလျော်အောင်လုပ်၊ ဖတ်ရင်းနဲ့ခေါင်းစ
အမည်လေးပါအပ်ပေးအားလုံးကိုတစ်
တည်း တစ်ပြိုင်တည်း ရက်ပိုင်းလေ
အတွင်း ဆောင်ရွက်ပေးလိုက်ရပါသည်

စာအုပ်ထွက်လာသောအ
အဆင်ပြေပြေလေး တွေ့ရ၍ ဝမ်းသာ
သည်။ မကြော်ငြာဘဲနှင့်ပင် အထိ
အလျောက် ရောင်းအားကောင်းပြ
ဝယ်ယူဖတ်ရှု အားပေးကြသည်
တွေ့ရသောအခါ ကြည်နူးဝမ်းသာဖြစ်
ပြန်ပါသည်။ အရင်ကထုတ်ဝေခဲ့သည
မြန်မာနိုင်ငံတရားစီရင်ထုံးများ ဖိုင်ဂျက်(
(ပြစ်မှု၊ တရားမ)၊ စီရင်ထုံးများကို
လာခြင်းစာအုပ်နှစ်အုပ်ကို စာရေး
ကိုယ်တိုင် အချိန်ယူပြီး စီစဉ်ထုတ်
ခဲ့ရာ အတွေ့အကြုံမရှိသည့်အတွ
အပြင်အဆင်ပိုင်း၊ သေသပ်လှပ
အပိုင်းတွင် အားနည်းခဲ့ပါသည်။ သို့သေ
ဝယ်ယူအားပေးသူများ ရှိနေသ
အတွက် ကျေးဇူးတင်ရပါသည
စာဖတ်သူ၊ ဝယ်ယူအားပေးသူများ
ထမင်းရှင်၊ ကျေးဇူးရှင်အဖြစ် အမှန်
ကျေးဇူးတင်ပါသည်။ ဝယ်ယူဖတ်
အားပေးသူမရှိပါက ဝါသနာမည်မျှ
ပါစေ စေတနာ မည်မျှထားပါ
အကောင်အထည်ဖော်နိုင်မည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဥပဒေရေးရာ သုတအဖြာဖြာ ခေါင်းစီးဖြင့် ရေးသားခဲ့သည့် ကျန်သော ဆောင်းပါးများကို တူရာတူရာ အုပ်စုဖွဲ့၍ စာအုပ်အဖြစ်ဆက်လက်ထုတ်ဝေသွားရန်ရည်ရွယ်ထားပါသည်။ အနည်းဆုံးတစ်နှစ်လျှင် နှစ်အုပ်လောက်ထုတ်ဝေနိုင်အောင် ကြိုးစားသွားပါမည်။

အထူးဥပဒေ အရေးအတွက်သည်များပါသည်။ အားလုံးကို ရေးသားတင်ပြနေလျှင် ဆုံးမည်လည်းမဟုတ်၊ စိတ်ဝင်စားကြမည်လည်း မဟုတ်၍ ဤဆောင်းပါးဖြင့် ဥပဒေရေးရာ သုတအဖြာဖြာ ခေါင်းစီးတပ်ရေးသားခြင်းကို အဆုံးသတ်တော့မည်ဟု ရည်သန်ထားပါသည်။ စာရေးသူလက်ရှိအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်နေရာ တရားမမှုများသာ ရှိနေပါသည်။ တရားမမှုများကိုရေးသားတင်ပြလိုသော်လည်း မဂ္ဂဇင်းအာဘော်နှင့် ကိုက်ညီမှုမရှိသည့်အတွက် အခက်အခဲရှိနေပါသည်။

ယခုဆောင်းပါးတွင် ယခင်က ရေးသားတင်ပြခဲ့ဘူးခြင်း မရှိသေးသည့် ကလေးသူငယ် အမှုအခင်းကို ဆွေးနွေးတင်ပြလိုပါသည်။ ပြစ်မှုဆိုင်ရာ (ရာဇသတ်ကြီး)ဥပဒေ-အထွေထွေကင်းလွတ်ရမြဲအချက်များတွင် (၇)နှစ်အောက်ကလေး၏ပြုလုပ်မှုသည်ပြစ်မှုမမြောက်ကြောင်း၊ (၇) နှစ်နှင့် (၁၂)နှစ်ကြား ကလေးနှင့်ပတ်သက်၍ ဉာဏ်အမြော်အမြင်နှင့် အကျိုးပြည်သို့သက်ရောက်မည်ကို ဆင်ခြင်နိုင်စွမ်းပေါ်မူတည်၍ ကင်းလွတ်ရမြဲအချက်တွင် အကျုံးဝင်-မဝင် ဆုံးဖြတ်ရန် ပြဋ္ဌာန်းထားပါသည်။

ကလေးသူငယ်တွေ ဘာကြောင့် အမှုအခင်းဖြစ်ရသလဲ။

ဆင်းရဲသောမိဘများက မွေးဖွားသည့် ကလေးတွေ အမှုပိုဖြစ်သလား။

ပညာပတတ်သော မိဘများက မွေးဖွားသည့် ကလေးတွေ အမှုဖြစ်တာများသလား။

ငွေကြေးကြွယ်ဝချမ်းသာသော မိဘများ၏ သားသမီးများကော အမှုဖြစ်သလား။ ဘယ်လိုနည်းလမ်းသုံးပြီး ပညာပေးမလဲ။

ဆင်းရဲသော မိဘများကမွေးသည့် သားသမီးကလေးတွေ အမှုပိုဖြစ်သလားဆိုလျှင် မမှန်ပါဟုသာ ဖြေရပါမည်။ ဤနေရာတွင် နှစ်ပိုင်းခွဲခြားတင်ပြမှုအဆင်ပြေမည်။ တောလက်ကျေးရွာများ၌ ကလေးသူငယ်မှုခင်းများ မရှိသလောက်ပင်။ အများစု ဆင်းရဲကြပါသည်။ အမှုအခင်းဖြစ်ခြင်းသည် မိဘများ ဆင်းရဲခြင်းနှင့် တောလက်ကျေးရွာများတွင် ဆက်စပ်မှုမရှိဟု ဆိုချင်ပါသည်။ မြို့ကြီးပြကြီးများ၌ အဖြေမည်သို့ရှိမည်နည်း။

လူနေမှုစံနစ် မတူသည်ကိုလည်း ထည့်သွင်းစဉ်းစားရပါမည်။ တောလက်ကျေးရွာများ၌ တစ်ဦးနှင့်တစ်ဦး သိကျွမ်းခင်မင်ကြသည်။ ထောက်ထားစရာ မျက်နှာတွေရှိသည်။ လူကြီးများက ဆိုဆုံးမနိုင်ခွင့်ရှိသည်။ မြို့ကြီးပြကြီးတွေမှာ ထိုသို့မရှိ။ နောက်တစ်ကြောင်းမှာ ကျေးလက်တောရွာများ၌ ဆင်းရဲချမ်းသာ ကွာဟမှု၊ မြို့ကြီးပြကြီးတွေလောက်မရှိ။ လိုချင်တပ်မက်စရာ အသုံးအဆောင်ပစ္စည်း၊ အသစ်အဆန်းတွေကလည်း တောလက်ကျေးရွာနှင့် မြို့ကြီးပြကြီးတွေကြားမှာ ကွာခြားမှုရှိနေပြန်သည်။ မြို့ကြီးပြကြီးရှိ ကလေးသူငယ်များသည် အမှုအခင်းဖြစ်ပွားရန် တောလက်ကျေးရွာရှိ ကလေးသူငယ်များထက် အလားအလာများနေခြင်းဖြစ်သည်။

ပညာတတ် မိဘများကမွေးသောကလေးသူငယ်များနှင့် ပညာမတတ်သောမိဘများက မွေးသည့် ကလေးသူငယ်များ အမှုအခင်းအဖြစ်များသည်ကို တွေ့ရပါသည်။ အကြောင်းရင်းမှာ မွေးသည့် ကလေးများကို သင်ကြားပြသ ဆုံးမမှုအပိုင်း၌ အခြေခံကွာခြားမှုများကြောင့် ဖြစ်ပါသည်။

ငွေကြေးကြွယ်ဝချမ်းသာသော မိဘများက မွေးသည့် ကလေးသူငယ်များအပိုင်းတွင် မိဘများသည် ပညာတတ်မိဘလား၊ ပညာမတတ်သော မိဘလား။ ကြွယ်ဝချမ်းသာခြင်းသည် ပုံမှန်ကြီးပွားခြင်းလော သို့မဟုတ် တစ်နည်းနည်းဖြင့် အခွင့်ကောင်းကြုံပြီး ကြီးပွားခြင်းလားဆိုသည်ကို ထည့်သွင်းစဉ်းစားရပါမည်။

အချို့မိဘများသည် မျိုးရိုးအလိုက် ကြွယ်ဝချမ်းသာလာကြသည်။ ပညာလည်းတတ်ကြသည်။ မျိုးရိုးအလိုက်ပင် လူမိုက်များဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသူတို့ကပေါက်ဖွားလာသည့် ကလေးသူငယ်များသည် မဟုတ်မခံစိတ်၊ မျိုးစီဇစိတ်ကြောင့် အမှုအခင်းဖြစ်တတ်သည်။ ဆန့်ကျင်ဘက်အားဖြင့် မျိုးရိုးကောင်းပြီး ကြွယ်ဝချမ်းသာသော မိဘအသိုင်းအဝိုင်းမှ ဆင်းသက်လာသော ကလေးသူငယ်များသည် ဗီဇဆိုးသော ကလေးများနှင့် ပေါင်းသင်းရာမှ အမှုအခင်းများ ဖြစ်တတ်သည်ကိုလည်း တွေ့ရတတ်ပါသည်။

ညောင်လေးပင်မြို့လေးမှာ နေတုန်းက ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်လေးကိုတွေးမြင်မိသည်။ အလယ်တန်းကျောင်းသား ဆယ့်သုံးလေးနှစ်အရွယ် ကောင်လေး ထိုကောင်လေး မိဘတွေနဲ့နေရာက ရထားလမ်းသာခြားသည်။ အဝင်အထွက်ရှိသည်၊ ထို့ကြောင့် ကောင်လေးကိုလည်း သိနေသည်။ ချစ်စရာချောချောလှလှလေး။ အဲဒီကောင်လေး ဓါးထိုးခံရသည်။

ဓါးနဲ့ထိုးတဲ့ ကောင်လေးကိုတော့ မသိပါ။ သူ့မိဘတွေနဲ့ကျ သိကျွမ်းရင်းနှီးသည်။ အဲဒီကောင်လေးက ညာဉ်မကောင်း။ ဆိုးသွမ်းသည်။ သွားလေရာ ဓါး-လက်နက်ပါသည်။ စက်ဘီးနဲ့သွားရင်း လာရင်းက ဟို ချောချော ကောင်လေး စားသောက်ဆိုင်တစ်ခုမှာ တစ်လုံးဂျိုင့်လေးနဲ့ ဝယ်နေတာတွေ့သည်၊ အဲဒီကောင်လေး ပြန်မယ့်လမ်းကကြိုပြီးစောင့်သည်။ တွေ့တော့ ဓါးနဲ့ထိုးလိုက်သည်။ ကောင်လေးဆုံးသွားသည်။ တစ်မြို့လုံးနီးပါး စိတ်မကောင်းဖြစ်ရသည်။ ကလေးနှစ်ယောက်ရဲ့ ဖခင်တွေက ပညာတတ်ဘွဲ့ရတွေဖြစ်သည်။ ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်ကြတော့။

နောက်ကောင်လေးတွေ တစ်ဖက်ဆယ်ယောက်၊ ကိုးယောက်၊ အုပ်စုဖွဲ့ ရိုက်နှက်ကြတာ ဖြစ်ပွားသေးသည်။ ပညာတတ် မြို့မျက်နှာဖုံး လူကြီးမိဘများ၏ သားလေးတွေပါသည်။ လူငယ်ချင်း အပြောအဆို အဆင်မပြေရာမှ ခင်ရာ ခင်ရာသူငယ်ချင်းတွေ ဝင်ပါလာကြပြီး အုပ်စုဖွဲ့ရိုက်နှက်ကြခြင်းဖြစ်သည်။

ရန်ကုန်မြို့ကြီးမှာ ကလေးသူငယ်တွေမှုခင်းဖြစ်တာ နယ်နှင့်မတူ။ အလစ်သုတ်ခြင်း၊ ခိုးဝှက်ခြင်းများ ဖြစ်လေ့ရှိသည်။ မိဘများဆင်းရဲ၍ စားဝတ်နေရေး မပြေလည်သည့်အတွက် ကျောင်းထွက်ခြင်းဖြစ်သည်။ ကျောင်းနေအရွယ် ကျောင်းမနေရတော့ အားလပ်နေသည်။ အားလပ်ချိန်ကို မကောင်းမှု ဒုစရိုက် လုပ်ရန်အတွက် အသုံးချသည်။ သူ့ပတ်ဝန်းကျင်မှာ ကောင်းအောင် သွန်သင်ဆုံးမမည့် ပုဂ္ဂိုလ်မရှိ။ မကောင်းမှုပြုလုပ်ရန်အတွက် နည်းပေး လမ်းပြ ပြုလုပ်မည့်သူများသာ ဝန်းရံနေသည်။

ကလေးသူငယ်များသည် တွေးခေါ်ဆင်ခြင်နိုင်မှုနည်းသည်။ ကောင်းကျိုး ဆိုးပြစ်ကို မဝေခွဲနိုင်ကြ။ အလွယ်တကူ ဖြားယောင်းသွေးဆောင်နိုင်သည်။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဖြစ်သည်။ အရောင်ဆိုးရလွယ်သည်။ အတုမြင် အတတ်သင်လွယ်သည်။ သိချင်စိတ်၊ စမ်းသပ်လိုစိတ်ပြင်းပြသည်။ ထို့ကြောင့် ဆေးလိပ်၊ အရက်ရောင်းဆိုင်း ဝယ်နိုင်းခြင်းမျိုးကို ဥပဒေအရပင် အချို့နိုင်ငံများ၌ တားမြစ်ထားသည်။

အင်တာနက် အသုံးပြုခြင်းသည် ကောင်းသည့်အပိုင်း အကျိုးရှိသည့်အပိုင်းကို အသုံးပြုပါက ကောင်းမွန်ပါသည်။ သို့သော် အကျိုးယုတ်စေသည့် အပိုင်းများအတွက် အသုံးပြုပါက မကောင်းပါ။ လူငယ်လေးများကို ကြပ်မတ်ပြီး အသုံးပြုစေသင့်ပါသည်။ မဖွယ်မရာ ပြုကျင့်သောသတင်းများ ကလေးသူငယ်များကြား ဖြစ်ပွားနေသည်ကို မကြာမကြာ ကြားသိနေရသည်။

ယနေ့လူငယ်များသည် အနာဂတ်တွင် လူကြီးများဖြစ်လာမည်ကား မလွှဲကေန်တည်း။ လူငယ်များသည် လူကြီးများ၏ နေရာတွင် ဝင်ရောက်တာဝန်ယူကြရမည်လည်း ဖြစ်ပေသည်။ ထို့ကြောင့် ယနေ့လူငယ်များ အရည်အချင်းပြည့်ဝ၍ ကိုယ်ကျင့်တရားကောင်းမွန်ကာ မျိုးချစ်စိတ်ရှိရန် အရေးကြီးပေသည်။ သို့မှသာ သက်ကြီးရွယ်အိုများဖြစ်တော့မည့် ယနေ့လူကြီးများအဖို့ဘာယာစိုပြေနိုင်ပေလိမ့်မည်။ လူငယ်လူရွယ်များ အရည်အချင်း ပြည့်ဝရေး ကိုယ်ကျင့်တရား ကောင်းမွန်ရေး မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေးတို့အတွက် ဝိုင်းဝန်းကြိုးစား အကောင်အထည်ဖော်ကြရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပေသတည်း။

စလင်း-ဦးအောင်သိန်း



www.burmeseclassic.com

www.burmeseclassic.com

## လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

လိပ်ခေါင်းရောဂါမှန်လျှင် ဒိဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အ.ျားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် တားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာပကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂
၃၃-၁၄လမ်းကြား ၈၀-၈၁ လမ်းကြား အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅

ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

®

Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanmar

အမှတ် (၁၉)၊ အင်းဝ (၇)လမ်း၊ (၆) ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၈၀၃၂၈၅၂

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မယိုစေ ထောင်မှူးများ အလိုရှိသည်

အပိုင်း(၇၃)

**သည်းထိတ်ရင်ဖို**

တူးတူးတို့ရေ ...

အဲလို တင်မောင်ဦးကို ကြိုးပေးမယ့်အချိန်က ဘဖြည်းဖြည်း နီးကပ်လာလေ၊ တာဝန်မှူးဖြစ်တဲ့ ကိုယ်အိပ်မပျော်နိုင်အောင် ဖြစ်နေခဲ့တယ်။ ဘယ်လူးလိုက်၊ ညာလွန့်လိုက်နဲ့ အိပ်ရာပေါ်မှာ မျက်လုံးတွေကြောင်ပြီး တစ်မှေးမှကို မရခဲ့ဘူး။ စိတ်ထဲကတော့ တင်မောင်ဦးကို သနားနေမိတယ်။

ခြေဒ် ... လူတစ်ယောက်ကို အရှင်လတ်လတ် သတ်ပစ်ကြတော့မှာပါလား။ စိတ်ထဲမှာတော့ သူ့ကို မသေစေချင်ဘူး။ ခက်တာက ကိုယ်ကလည်း တန်ခိုးရှိတဲ့ ကယ်တင်ရှင်မဟုတ်။ တာဝန်မှူးကျလို့သာ ဒီတစ်ညလုံးစောင့်နေရတာ။

တင်မောင်ဦးကျူးလွန်ခဲ့တဲ့အပြစ်တွေ ဘယ်လောက်ကြီးလဲ ကိုယ်မသိ။ သူ့အပြစ်တွေက သေဒဏ်ကျခံနိုင်လောက်အောင် ဖြစ်မှုမြောက်မမြောက်လည်း ကိုယ်မပြောတတ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတစ်ယောက် ကိုယ့်မျက်စိရှေ့တွင် အသတ်ခံရတော့မည်ကိုတော့ မလိုလားတာ အမှန်ပဲဗျ။

အကယ်၍သာ အကျဉ်းထောင်လက်စွဲဥပဒေတွင် ကြိုးပေးသည့်နေ့တွင် တာဝန်မှူးကျသူ ထောင်မှူးက 'ဒေါက်ဖြုတ်' ရမည်ဟု ပြဋ္ဌာန်းထားခဲ့ပါက ကိုယ်မလုပ်နိုင်။ အပြတ်ငြင်းပစ်မည်။ မရလျှင် အလုပ်မှ နုတ်ထွက်သွားမည်။

ပစ်ကွင်းတဲ့ရောက်နေတဲ့ ရန်သူကို သေနတ်မောင်းဖြုတ်ပစ်ခတ်ပါက ပစ်မှတ်ကို မလွဲမသွေ ထိမှန်မယ်ဟု ဘယ်သူမှ ကံသေကံမ မပြောနိုင်။ လွဲချင်လွဲသွားနိုင်သေးတယ်။ ကြိုးပေးတဲ့စနစ်က ဒီလိုမဟုတ်ပါ။ မီးရထားသံလမ်းလွှဲ ခလုတ်နဲ့တူတဲ့ ဒေါက်တံဂျဲဆွဲဖြုတ်လိုက်တာနဲ့ တစ်ပြိုင်နက် ကြိုးသမား မတ်တတ်ရပ်နေတဲ့ အောက်ခံသံပြားကြီးနှစ်ချပ် ဝုန်းခနဲ ပွင့်ကျသွားတော့တယ်။ ကြိုးသမားရဲ့ ခန္ဓာကိုယ်ဟာလည်း အောက်ကလိုဏ်ခေါင်းထဲကို အတားအဆီးမဲ့ ပြုတ်ကျသွားရတယ်လေ။ အဲဒီအခါ အကျဉ်းသား



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ လည်ပင်းမှာ စွပ်ထားတဲ့ ကြိုးကွင်းလျှောက လည်မျိုကို အောက်ပြုတ်ကျတဲ့ အလေးချိန်နဲ့ ဆောင့်ညှစ်ဆွဲသလိုဖြစ်သွားရင်း အသက်နဲ့ကိုယ် အိုးစားကွဲပါလေရော။

ဆိုလိုချင်တာက ပစ်ကွင်းထဲက ရန်သူကို သေနတ်မောင်းဖြုတ် သတ်တာက သေဖို့မသေချာပေမဲ့ ကြိုးစင်ပေါ်က ဒေါက်မောင်းဖြုတ်သတ်တာက သေဖို့ ရာနှုန်းပြည့် သေချာတယ်ဆိုတာပါပဲ။ ဒီ.တော့ လူတစ်ယောက်အပေါ်မှာ ဘာရန်ငြိုးမှမရှိဘဲ သွေးအေးအေးနဲ့ ဒေါက်ဖြုတ်သတ်ဖို့ကိုတော့ ကိုယ်မလုပ်ရက်တာ အမှန်ပဲဗျ။

"ဦးသောကြာနဲ့အဖွဲ့ ရောက်ပါပြီ ဆရာ"

မနက်သုံးနာရီကျော်လောက်မှာ ထင်ပါရဲ့။ ထောင်ပိုင်ရုံးခန်းအဝက တပ်ကြပ်ကြီး ဦးစိုးတင့်ရဲ့ သတင်းပို့သံကြားလိုက်ရတယ်။ ကိုယ်အိပ်ရာက အမြန်ထပြီး သွားကြည့်လိုက်တော့ တံခါးကြီးထဲမှာ သတိအနေအထားနဲ့ ရပ်နေကြတဲ့ ဝန်ထမ်းကြီးလေးယောက်ကို တွေ့ရတယ်။

တပ်ကြပ်ကြီးဦးသောကြာ ဦးဆောင်တဲ့ တပ်ကြပ်အဖွဲ့ ဖြစ်ပါတယ်။ သူတို့အားလုံးဟာ ထောင်အတွေ့အကြုံရှိတဲ့ လုပ်သက်ရင့် ဝန်ထမ်းတွေ ဖြစ်တဲ့ အပြင် လေးယောက်လုံး ကိုယ်လုံးကိုယ်ထည် သန်မာတောင့်တင်းကြတာကို သတိပြုမိလိုက်တယ်။

ထောင်ပိုင်လေး ဆရာဦးကြည်က သူတို့လေးယောက်ကို ရုံးခန်းထဲခေါ်ပြီး အသေးစိတ်ညွှန်ကြားတယ်။ သူတို့တာဝန်က ဘူးသစ်အောက်ထပ်ခန်းထဲက တင်မောင်ဦးကို ကြိုးဝင်အရောက် ခေါ်ဆောင်လာဖို့ပဲ။ တကယ်လို့ တင်မောင်ဦးက အသာတကြည်မလိုက်ဘဲ ရုန်းကန်နေရင် အတင်းဖမ်းချုပ်ခေါ်လာကြဖို့ ညွှန်တယ်။ ခေါ်လာရမယ့်လမ်းကြောင်းက ဘူးသစ်အောက်ထပ် အတွင်းတံခါးကြီးကနေ ထောင်အတွင်းထဲဝင်လာဖို့ပဲ။ ပြီးမှ (၁)မျှော်စင်နှင်းဆီခြံနားမှာရှိတဲ့ ကြိုးစင်ပေါ်ရောက်အောင် ပို့ပေးဖို့ပဲ။

ဦးသောကြာတို့အဖွဲ့ ထွက်သွားတော့ မနက်သုံးနာရီခွဲနေပြီ။ သူတို့နဲ့အတူ ဆေးမှူးဦးကြည်မောင်ကိုပါ ဆေးသေတ္တာနဲ့ ထည့်ပေးလိုက်တယ်။ မတော်တဆ ရုန်းကန်ရင်း ဒဏ်ရာရခဲ့ရင် ချက်ချင်းကုသပေးနိုင်အောင်ပေါ့။

ကိုယ်ကတော့ တံခါးမကြီးထဲမှာပဲ ထိုင်စောင့်နေရတယ်။ ရင်ထဲမှာတော့ တထိတ်ထိတ်နဲ့ပေါ့လေ။ အဲဒီလူတွေ အဆင်မှပြေပါ့မလား။ ကိုယ်ညဦးပိုင်းကတော့ ထောက်လှမ်းရေးအဖွဲ့နဲ့ ပထမအခေါက်ရောက်သွားတုန်းက ပုံစံမျိုးဆိုသိပ်မလွယ်ဘူး။ တင်မောင်ဦးက ရုပ်ရည်ချောမောသလောက် ဇလက တောင့်ပါဘိသနဲ့။ တန်ပြန်ခုခံတိုက်ခိုက်မှဖြင့် ဒုက္ခ။

ဒါပေမဲ့ တကယ်လက်တွေ့မှာတော့ ကိုယ်ထင်ထားတာနဲ့ တခြားစီပါ။ ဆရာဦးကြည်က မနက် ၃း၄၅ နာရီမှာ ရောက်လာတဲ့ မြို့နယ်တရားသူကြီး၊ ထောင်ဆရာဝန်ကြီးတို့နဲ့အတူ ထောင်ထဲဝင်သွားတာ တွေ့ရတယ်။

ကြိုးပေးတာကို တစ်ခါမှ မမြင်ဖူးသေးတဲ့ ကိုယ်လည်း အခွင့်သာတုန်း ကြည့်မှဆိုပြီး ထောင်ထဲလှမ်းဝင်လိုက်တယ်။ အတော်ခပ်လှမ်းလှမ်းမှာ မီးခိုးတလူလူတက်နေတဲ့ ထမင်းချက်ဖိုကြီးကို လှမ်းမြင်ရတယ်။ လေအဝှေ့နဲ့ လွင့်ပါလာတဲ့ လုံးတီးဆန်နံ့က ကိုယ့်နှာဝမှာ ဂွာလူကျီစယ်လာတယ်။

ဩော် ... အကျဉ်းသားတွေအတွက် နံနက်စာတောင် ကျက်နေပါရောလား။ ဒါပေမဲ့ ဒီနံနက်စာကို တင်မောင်ဦးတစ်ယောက် စားရတော့မှာ မဟုတ်ပါလေ။

ကိုယ်က ဘူးဝတံခါးကြီးရဲ့ လက်ဝဲဘက် (၁)မျှော်စင်အောက်မှ ကြိုးစင်ဆီကို လှမ်းမျှော်ကြည့်မိတယ်၊ လင်းထိန်နေတဲ့ အောက်မီးရောင်အောက်မှာ ဆရာဦးကြည်နဲ့ တရားသူကြီး၊ ဆရာဝန်ကြီးတို့ အဖွဲ့နှင့် ဝန်ထမ်းတချို့ တွေ့ရတယ်။ ကြိုးစင်ပေါ်က သံရက်မတန်းမှာ မနီလာကြိုးတန်းလန်းဖြစ်နေတာကို မြင်ရတယ်။

ကြိုးပေးဖို့ အဆင်သင့်ဖြစ်နေပါလေပြီ။

"ဟော ... လာပြီ"

ဝန်ထမ်းတစ်ယောက်ရဲ့ အသံကြောင့် ကိုယ်ညာဘက်လှည့်ကြည့်လိုက်မိတယ်။ ဟုတ်ပါတယ်။ ကြိုတင်လွှတ်လိုက်တဲ့ ဝန်ထမ်းကြီးတွေက ပုံစံအကျႌလုံချည်ဖြူဝတ်ထားတဲ့ ကြိုးသမားကို ထောင်ကျရုံးဘက်က တရွေ့ရွေ့ဆွဲခေါ်လာတာကို တွေ့လိုက်ရတယ်။

ဒါပေမဲ့ ကြည့်ရတဲ့မြင်ကွင်းက တစ်မျိုးကြီးဖြစ်နေတယ်၊ တကယ်ဆို ဝန်ထမ်းတွေက ကြိုးသမားရဲ့ လက်မောင်းနှစ်ဖက်ကို ဘယ်ညာဆွဲပြီး လျှောက်ခေါ်လာရမှာ မဟုတ်လား၊ ခုတော့ ကြိုးသမားခန္ဓာကိုယ်က ပျော့ခွေနေပြီး ဒယ်ဥ်တိုက်ဆွဲခေါ်လာရသလို ဖြစ်နေတယ်။ ဒါတင်မက နောက်ကပါလာတဲ့ ဝန်ထမ်းက ဒယ်ဥ်တိုက်ပါလာတဲ့ ခြေထောက်တွေကိုတောင် ဆွဲမထားလာရသေးတယ်။ ပြောရရင် လမ်းမလျှောက်နိုင်တဲ့ ကြိုးသမားကို ဝန်ထမ်းတွေပွေ့ခေါ်လာသလိုပါပဲ။

ကိုယ့်စိတ်ထဲ ရုတ်တရက်သံသယဝင်လာမိတယ်။ ကြိုးပေးခါနီးမှ စွပ်ပေးရမယ့်ခေါင်းစွပ်ကြီးကိုပါ အပြီးစွပ်လာတာဆိုတော့ သူ့မျက်နှာကိုပါ မမြင်ရတော့ဘူးပေါ့။ ပြီးတော့ သူ့ကိုယ်ခန္ဓာကလည်း



www.burmeseclassic.com

www.burmeseclassic.com

ခွေပြီး လဲပြိုတော့မလို ဒယီးဒယိုင် နေတာဆိုတော့ ဒီလူ အသက်မှရှိသေး သားလို့တောင် တွေးမိသေးတယ်ဗျ။

ဒါကြောင့် သူတို့နောက်က ကပ် ကိုက်လာတဲ့ ဆေးမှူးဦးကြည်မောင်ကို သာလက်တို့ခေါ်ပြီး ခပ်တိုးတိုးမေးရ တယ်။

"ဆရာကြည်မောင်"

"ဟုတ်ကဲ့ ဆရာ"

"ခင်ဗျား တင်မောင်ဦးကို အိပ် ဆေးထိုးပြီးမှ ခေါ်လာခဲ့တာလား"

"အာ ... ဆရာနှယ်။ ဦးသော ကြာတို့လေးယောက် အခန်းထဲဝင်ပြီး တာ .. တင်မောင်ဦးလို့ခေါ်ရင်း လက် ဆောင်းနှစ်ဖက်ကို ချုပ်ကိုင်လိုက်တာနဲ့ ဒီလူတစ်ခါတည်း ပျော့ခွေသွားတာဆရာ ရေး ကြောက်စိတ်ပဲ လွန်ကဲနေယို့လား စိတ်လျှော့လိုက်လို့ပဲလား မပြောတတ် ဘူး သူ့ပုံစံက ဆရာမြင်တဲ့အတိုင်းပဲ လေ။ ဒီအထိရောက်အောင်တောင် နည်းပွေ့ချီခေါ်လာရတာလေ"

"ဟာ ... ဒီလောက်တောင်ပဲလား ဗျ"

ကြားရတဲ့စကားက ကိုယ့်ကိုမယုံ ကြည်နိုင်လောက်အောင်ကို အံ့အားသင့် စေခဲ့တာကလား။ ကြည့်လေ၊ မနေ့ညဦး ပိုင်းက ထောက်လှမ်းရေးတွေနဲ့ ကိုယ် ရောက်ခဲ့တုန်းက တင်မောင်ဦးရဲ့ လေသံ ဲ တနုံပန်က 'ကျုပ်ကိုလာမထိနဲ့နော်၊ ကွဲသွားမယ်၊ ဘာမှတ်လဲ' ဆိုတဲ့ တကယ့် တာမထီစိတ်ဓာတ်မျိုးဗျ၊ အခု လက်တွေ မှာ ဝန်ထမ်းတွေ ဖမ်းချုပ်လိုက်တာနဲ့ ပျော့ခွေသွားတယ်ဆိုတော့ အင်း ..., ဆိုတာ တကယ်တမ်းသေရတော့မယ် န်းသိလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ရှိ မှုစိတ်ဓာတ်အားတွေ ယိမ်းယိုင်ပြိုဆင်း သွားတယ် ထင်ပါရဲ့။

"ဟိုမှာ ကြိုးပေးတော့မယ်ဆရာ"

ဦးကြည်မောင်က လှမ်းပြောရင်း ကြိုးစင်ဘက် ခပ်သုတ်သုတ်ထွက်သွား တယ်။ ဒီတော့မှ ကိုယ်လည်း သတိဝင် လာပြီး ကြိုးစင်ဆီ အမြန်ဆုံး လျှောက် လာခဲ့တယ်။ ဒီတော့မှ ကိုယ်လည်းသတိ ဝင်လာပြီး ကြိုးစင်ဆီ အမြန်ဆုံးလျှောက် လာခဲ့တယ်။ ကိုယ်ရောက်တော့မှ တင် မောင်ဦးကို ပွေ့ထူပြီး ကြိုးစင်ပေါ်တောင် တင်နေကြပြီ။ သူ့လက်နှစ်ဖက်ကို နောက်ပြန်ကြိုးချည်လိုက်ကြပြီး ခြေနှစ် ဖက်ကိုလည်း ကြိုးခိုင်ခိုင်တုပ်ချည်လိုက် ကြတယ်။ ပြီးမှ အပေါ်သံရက်မတန်းမှာ တွဲလွဲချထားတဲ့ မနီလာကြိုးကွင်းကို လည်ပင်းမှာ စနစ်တကျစွပ်ပေးလိုက်ကြ တယ်။

ကြိုးပေးဖို့ အသင့်ဖြစ်နေပါလေပြီ။

အဲဒီအချိန်မှာ ဆရာထောင်ပိုင် လေး ဦးကြည်က ကြိုးစင်ပေါ်တစ်လှမ်း ချင်းတက်လာနေတယ်။ ထောင်မှူးကြီး ဦးကျော်လှိုင်က ဒေါက်မောင်းဘေးတွင် အဆင်သင့်ရပ်စောင့်နေတယ်။ သူ့နောက် နားမှာ အကျဉ်းသားမောင်မောင်က ဒူး တစ်ဖက်ထောက်ပြီး ထိုင်နေတာ တွေ့ရ တယ်။

အချိန်က နံနက် ၄ နာရီထိုးပြီးလို့ မိနစ်စွန်းနေပြီ။

ဆရာဦးကြည်က ကြိုးစင်ထိပ်မှာ ရပ်လိုက်တယ်။ သူ့ညာဘက်လက်ကို ဘောင်းဘီအိတ်ထဲ ထည့်ထားတယ်။ သူ က ကြိုးသမားကို ရိုက်ကြည့်လိုက်တယ် ဆိုရင်ပဲ ဘေးနှစ်ဖက်ကနေ ဖမ်းထိန်း ထားတဲ့ ဝန်ထမ်းနှစ်ယောက်က အသာ နောက်ဆုတ်လိုက်ကြတယ်။

"တင်မောင်ဦး"

ဆရာဦးကြည်က ခေါ်လိုက်တယ်။

"ဟုတ်ကဲ့ ထောင်ပိုင်ကြီး"

တင်မောင်ဦးက ဖြေတယ်။ ကိုယ့် စိတ်ထဲ အကျုံ့ဝင်သွားမိတယ်၊ ကိုယ်တွေး ထင်ထားသလို တင်မောင်ဦးက သတိ လက်လွတ်ဖြစ်မနေလို့ပဲ။

"မင်း ဘာပြောစရာရှိသေးလဲ"

ဆရာဦးကြည်က မေးတယ်။

"ဟုတ်ကဲ့ .. ကျွန် .. ကျွန်တော်"

တင်မောင်ဦးစကားမဆုံးခင် ဆရာ ဦးကြည်က ဘောင်းဘီအိတ်ထဲက လက် ကိုင်ပဝါအဖြူကို လျှပ်တစ်ပြက်ဆွဲထုတ် ကာ ဝှေ့ရမ်းလိုက်သည်နှင့် အကျဉ်းသား မောင်မောင်က ဒေါက်ဖြုတ်ချလိုက်တော့ သည်။

"ဒိန်း ... ဝုန်း ... ဂျိန်း ... ဂျမ်း .. ဂျမ်း ... ဂျမ်း"

ဒေါက်ဖြုတ်သံ၊ အောက်ခံသံပြား ကြီးနှစ်ချပ် ပွင့်ကျသွားသံ၊ အောက်ဘေး နံရံနှစ်ဖက်ကို ရိုက်ခတ်သံတို့ဟာ ထောင် အုတ်ရိုးနံရံမှာ ကျယ်လောင်စွာပဲ့တင်ထပ် သွားတယ်။

"အား .. အစ် ... အစ် .. အီး ... ဟီး"

တစ်ချိန်တည်းမှာ မြေအောက် တိုက်ခန်းထဲ ပြုတ်ကျသွားတဲ့ တင်မောင် ဦးရဲ့ နာကျင်စွာညည်းတွားသံကိုပါ ဆက် တိုက်ကြားလိုက်ရတယ်၊ အဲဒီနောက်မှာ တော့ ပတ်ဝန်းကျင်မှာ လူသူမရှိသလို ငြိမ်သက်သွားတော့တယ်။ အဲဒီနောက် မှာတော့ ပတ်ဝန်းကျင်မှာ လူသူမရှိသလို ငြိမ်သက်သွားတော့တယ်။ တစ်ထောင် လုံးလည်း အပ်ကျသံကြားရမတတ် တိတ်ဆိတ်လို့သွားတယ်။

"အားလုံးကောင်းပါတယ်ခင်ဗျား"

အတော်ခပ်လှမ်းလှမ်း အိပ်ဆောင် ထဲက ညကင်းဘာယာရဲ့ အော်သံသဲ့သဲ့ ကိုကြားလိုက်ရတော့မှ သတိပြန်ဝင်လာ ကြတယ်။ အဲဒီညကင်းဘာယာရဲ့ အော် သံဟာ ညတိုင်းကြားနေကျဖြစ်ပေမဲ့ လည်း အခုချိန်မှာတော့ ကြားရတာ စိတ် ထဲအတွေးတစ်မျိုးဝင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီဘာသာနယ်၊ လူတစ်ယောက်လုံး သေနေမှပဲ အားလုံးကောင်းနိုင်ပါတော့မလား"လို့။

အချိန်အတော်လေးကြာတော့မှ ထောင်ဆရာဝန်ကြီး ဒေါက်တာသန်းထွန်းက ပြေတိုက်ခန်းထဲဆင်းပြီး တွဲလောင်းဖြစ်နေတဲ့ တင်မောင်ဦးကို စစ်ဆေးတယ်။ လိုအပ်တာတွေ သေချာအောင် စစ်ဆေးကြည့်ပြီးမှ ခေါင်းတစ်ချက်ညိတ်ပြလိုက်တယ်။

"သူသေပြီ"

ဒေါက်တာသန်းထွန်းရဲ့ အတည်ပြုချက်ရတာနဲ့ အလောင်းကို ကြိုးဖြုတ်ပြီး သဂြိုဟ်ဖို့ စီစဉ်ကြတယ်၊ ကိုယ်က ဆက်ကြည့်မနေတော့ဘဲ တံခါးကြီးပြန်ပြီး ထိုင်စောင့်နေလိုက်တယ်။ ရုပ်အလောင်းထောင်ထဲက ထွက်တဲ့အချိန်ကို မှတ်တမ်းတင်ရမှာမဟုတ်လား။

မနက် ၄း၃၀ နာရီမှာ အလောင်းကို ကားနဲ့ဘင်ထုတ်လာတယ်။ ကြံတောမှာ မီးသဂြိုဟ်ရမှာလေ။ ကိုယ်က ထောင်ပုံစံ(၅၇) နံနက် လူပေါင်းအစီရင်ခံစာအုပ်မှာ 'လူသေ(၁)ထွက်'လို့ ရေးသွင်းပြီး အကျဉ်းဦးရေစာရင်းထဲက တစ်ယောက်အနုတ်ပြထားလိုက်တယ်။

ရင်ထဲမှာတော့ ဖော်ပြဖို့ အလွန်ခက်ခဲတဲ့ဝေဒနာတစ်ခုကို တနုံ့နုံ့ခံစားနေရတယ်။ ဒါပေမဲ့ အံ့ဩစရာကောင်းတာက ကိုယ့်ဘဝမှာ ပထမဆုံးကြုံတွေ့ရတဲ့ ကြိုးပေးမှုဖြစ်ပေမဲ့လည်း၊ တစ်ချက်ကလေးမှ ထိတ်လန့်တုန်လှုပ်တာ မခံစားခဲ့ရတာပါပဲ၊ ရင်ထဲမှာ ဖြစ်ပေါ်နေတာက သေသူကြီးသမားကို အရမ်းသနားနေမိတာ တစ်ခုပဲဗျ။

"ခင်ဗျားတို့ ဒါကိုအပြင်မှာ မပြောကြနဲ့နော်"

မနက်ထောင်ဖွင့်ချိန်မှာ ထောင်မှူးကြီးဦးကျော်လှိုင်က ကိုယ်တို့တာဝန်ကျအဖွဲ့ကို သတိပေးစကားပြောတယ်။ ကိုယ်တို့လည်း သဘောပေါက်ပါတယ်။ အမှန်တော့ ဒီဖြစ်ရပ်ဟာ အဲဒီအချိန်က တကယ့်ထိပ်တန်းလျှို့ဝှက်ပဲ မဟုတ်လားဗျာ ...။

× × ×

"ရှော်ဖီကို သတ်ပစ်လိုက်ပြီဆို"

ကောလာဟလသတင်းဆိုတာကလည်း ကြောက်စရာကောင်းလှသဗျ။ ကြမ်းပိုးက လိပ်ဖြစ်သွားတတ်ပြီး ပုရွက်ဆိတ်ကလည်း ဆင်ပြောင်ကြီးလောက်ဖြစ်သွားတတ်တာမျိုးလေ။

အဲဒီ ကိုယ်တာဝန်မှူးကျတဲ့ ၂၆–၆–၇၆ ရက်နေ့ရဲ့ နောက်တစ်ရက် စနေနေ့ဟာ ကိုယ့်နားရက်ဖြစ်တယ်လေ။ ထုံးစံအတိုင်း မြို့ထဲသွားပြီး သူငယ်ချင်းတွေနဲ့ တွေ့တာပေါ့ဗျာ။ အဲဒီမှာ သူငယ်ချင်းတစ်ယောက်က မေးလိုက်တာပါ။

တကယ်ဆို ရှော်ဖီက အဲဒီအချိန်က တွဲဘက်ထောင်မှာရှိနေတာလေ။ သေဒဏ်ကျထားတာလည်း မဟုတ်ဘူး။ သူက စီးပွားရေးမှုသက်သက်ပဲ၊ ကျောင်းသားတင်မောင်ဦး ကြိုးပေးခံရတာနဲ့ ရှော်ဖီနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး။ ဒါပေမဲ့ ကောလာဟလတို့ရဲ့ ထုံးစံအတိုင်း ကျိုးကန်းက ဗျိုင်းဖြစ်သွားတတ်တာမျိုးပေါ့လေ။

ကိုယ်ဟာ ဘဝမှာ ကြိုးပေးတာကို မျက်ဝါးထင်ထင် ပထမဆုံးမြင်ရတာမို့လို့ ထိတ်လန့်တုန်လှုပ်ရမှာဖြစ်ပေမဲ့ တကယ်လက်တွေ့မှာတော့ အဲလိုခံစားချက်မျိုး တစ်ချက်ကလေးမှ မခံစားခဲ့ရဘူးဗျ။ ပြောရရင် ဒါဟာ အတော့်ကို အံ့ဩစရာကောင်းတဲ့ကိစ္စပါ။ ဒါပေမဲ့ သေသူကြိုးသမားအပေါ်မှာတော့ သနားကရုဏာသက်လို့မဆုံးနိုင်တော့အောင်ပါပဲ။

အဲလို ကြိုးပေးတဲ့နေ့က ကြောက်ရလန့်ရမှန်းမသိခဲ့တဲ့ကိုယ်ဟာ နောက်ထပ်တစ်ကြိမ် တာဝန်မှူးကျတဲ့နေ့မှာတော့ မယုံကြည်နိုင်လောက်အောင် တုန်လှုပ်ချောက်ချားဖွယ် သည်းထိတ်ရင်ဖိုဖြစ်ရပ်တစ်ခုနဲ့ ထိပ်တိုက်ရင်ဆိုင်ခဲ့ရပါရောလားဗျာ။

အဲဒီတုန်းက အင်းစိန်ဗဟိုထောင်ကြီးမှာ ထောင်မှူးအင်အား မလုံလောက်လို့ စာရေးအဆင့်(၁) ကိုစံညွန့်ကို ထောင်ဘူးဝတံခါးကြီး တာဝန်ချထားခဲ့သေးသဗျ။ တာဝန်မှူးကျတဲ့ ထောင်မှူးက ကိုစံညွန့်ကို နေ့လယ် ၁၂ နာရီကနေ ၂ နာရီအထိ ထမင်းစားလဲဝင်ပေးရတယ်။

အဲဒီနေ့က ကိုယ်တာဝန်မှူးကျလို့ ကိုစံညွန့်နေရာမှာ ထမင်းစားလဲထိုင်ပေးခဲ့ရတယ်။ ထောင်ဘူးဝတံခါးကြီးက အဲဒီကာလမှာ ပထမတံခါးက သံတိုင်တံခါးဖြစ်ပြီး ဒုတိယကတော့ အလုံပိတ်သစ်သားတံခါးမဟုတ်လား။ သံတိုင်တံခါးကြီးဆိုတော့ ဘူးထဲကနေ ထောင်အပြင်ဘက် အတော်ခပ်ဝေးဝေးထိ မြင်နိုင်တယ်လေ။

နေ့လယ် ၁ နာရီလောက် လူရှင်းချိန်မှာ အသက်ငါးဆယ်ကျော်အရွယ် အမျိုးသမီးကြီးသုံးယောက် တံခါးကြီးနားကပ်လာတာတွေ့ရတယ်။ တံခါးတာဝန်ကျ တပ်ကြပ်စိန်သန်းက အနားကပ်သွားပြီး မေးတယ်၊ ခဏနေတော့ စိန်သန်းက ကိုယ့်ဆီတန်းလျှောက်လာတာ တွေ့ရတယ်။

"တင်မောင်ဦးကိစ္စ မေးချင်လို့တဲ့၊ အဲဒါ တာဝန်မှူးနဲ့ တွေ့ပါရစေတဲ့ဆရာ"

"ဟေ ..."

ကိုယ်ထိုင်နေရာက ထရပ်မိအောင် တထိတ်တလန့်ဖြစ်သွားမိတယ်။ ရင်ထဲမှာလည်း တဒိန်းဒိန်းနဲ့၊ တာဝန်မှူးမရှိဘူးပြောရအောင်ကလည်း လက်မောင်းမှာ တာဝန်မှူးလက်ပတ်ကြီးနဲ့။ မှုထုး



www.burmeseclassic.com

www.burmeseclassic.com

တော့တဲ့အခုံး ကိုယ့်ကိုယ်ကို ရဲဆေးတင်ပြီး တံခါးမကြီးနား လျှောက်သွားလိုက်မိတယ်။

''ဘာကိစ္စရှိလို့များပါလဲ''

ကိုယ်က ဘာမှမသိသလို ပုံစံမျိုးနဲ့ မေးလိုက်တယ်။ ဖြူဖြူဝဝ အမျိုးသမီးကြီးတစ်ဦး သံတိုင်နားကပ်လာကာ လေသံတိုးတိုးနဲ့ …

''အန်တီတို့က တင်မောင်ဦးရဲ့ အဒေါ်တွေပါ''

''ဩော် … ဘယ်တင်မောင်ဦးလဲခင်ဗျာ''

ကိုယ်က စဉ်းစားဟန်မေးလိုက်တယ်။

''ကျောင်းသားတင်မောင်ဦးပါ''

''ဒါဆို တွဲဘက်ထောင်မှာ ရှိမှာပေါ့။ ထောင်ဝင်စာတွေ့ချင်လို့များလား''

အမျိုးသမီးကြီးက ကိုယ့်မျက်နှာကို မျက်တောင်မခတ် သေချာစွာစူးစိုက်ကြည့်ရင်း …

''မဟုတ်ပါဘူးကွယ်။ ဟိုလေ … အပြင်မှာ သတင်းတွေအမျိုးမျိုးထွက်နေတာကွယ့်။ တင်မောင်ဦးကို သတ်ပစ်လိုက်ပြီ ဆိုပြီးတော့လေ။ အဲဒါ ဟုတ်မဟုတ် လာစုံစမ်းကြတာပါ''

အဲဒီ တဒင်္ဂလေးမှာ ကိုယ့်ရင်ထဲမှာ မွန်းကျပ်ပြီး နဖူးဆံစပ်မှာ ချွေးစေးတွေ စို့တက်လာတယ်။ စိတ်တွေ အယောက်ကယက်နဲ့ ဘယ်လိုပြန်ဖြေရမှန်းမသိအောင် ဖြစ်နေတယ်။ တကယ်ဆို အဲဒီကိစ္စက ထိပ်တန်းလျှို့ဝှက်ပြစ်နေတော့ ကိုယ့်မှာပြောပိုင်ခွင့်မှ မရှိတာ။ စကားများအောင် အတော်လေး ဂရုစိုက်ထိန်းသိမ်းနေရာမဟုတ်လား။

အဲဒီတုန်း တစ်နေ့က ထောင်မှူးကြီးဦးကျော်လှိုင်ပြောတဲ့စကားကို သွားသတိရမိတယ်။

''တင်မောင်ဦးကိစ္စ သူ့အိမ်သားတွေနဲ့ ကျွန်တော်တို့ လူကြီးတွေတွေ့ပြီး ဖြေရှင်းပြီးသွားပြီဗျ''

ကိုယ့်ဦးနှောက်ထဲ လင်းခနဲဖြစ်သွားပြီး အမျိုးသမီးကြီးကိုကြည့်လိုက်တယ်။ မျက်လုံးခြောက်လုံးက ကိုယ့်မျက်နှာဆီစူးစိုက်ကြည့်နေကြတယ်။

''ဟို … အန်တီတို့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး လူကြီးတွေနဲ့ တွေ့ပြီပြီ မဟုတ်လား''

ကိုယ်က ပုံမှန်လေသံနဲ့ ပြောလိုက်တယ်။

''လူကြီးတွေဆိုတာ ဘယ်သူလဲဟင်''

အမျိုးသမီးကြီးက မေးတယ်။

''ဟို … ထောင်ပိုင်တို့ ထောင်မှူးကြီးတို့ပါ''

''အန်တီတို့ ထောင်ပိုင်နဲ့ တွေ့ပါရစေကွယ်''

ပြဿနာကမပြီးသေး။ တစ်ဆင့်တက်လာပြန်တယ်။ ထောင်ပိုင်မရှိဘူး ငြင်းလို့ကလည်း ဖြစ်မယ်မထင်။ သူတို့ကလည်း အလျှော့ပေးမယ့်ပုံမပေါ်။

''ခဏလေးနော်''

ကိုယ်က အဲလိုပြောရင်း ထောင်ပိုင်ရုံးခန်းထဲ လှမ်းအကဲခတ်လိုက်တယ်။ ဆရာဦးကြည် အေးဆေးထိုင်နေတာတွေ့ရတယ်။ ကိုယ်စိတ်ဆုံးဖြတ်ပြီး ရုံးခန်းထဲ ဝင်သွားတယ်။ ဆရာဦးကြည်က လှမ်းကြည့်တယ်။

''ဘာကိစ္စလဲ''

ကိုယ်က စနစ်တကျအလေးပြုလိုက်ပြီ …

''ဆရာ .. ဟို … တင်မောင်ဦးရဲ့ အဒေါ်တွေ ရောက်နေတယ်။ အဲဒါ ဆရာနဲ့တွေ့ချင်လို့တဲ့''

ဆရာဦးကြည်က ဘာမှမပြောဘဲ ရုံးခန်းပြတင်းပေါက်ကနေ အပြင်ဘက်ကို ခပ်တွေတွေလေး လှမ်းကြည့်တယ်။ ခဏနေမှ ညာဘက်အံဆွဲကိုဖွင့်ပြီး ငါးသုံးလုံးစီးကရက်ဘူးကို ထုတ်လိုက်တယ်။ စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ပြီး မီးခိုးငွေ့တွေကို မျက်နှာကြက်ဆီမှော့ပြီး မှုတ်ထုတ်နေတယ်။ အတော်လေးကြာမှ -

''အေး … လွှတ်လိုက်ပါ''

ကိုယ်အလေးပြုပြန်ထွက်လာပြီး တပ်ကြပ်စိန်သန်းကို တံခါးလေးဖွင့်ပြီး အမျိုးသမီးကြီးသုံးယောက်ကို ဝင်ခွင့်ပြုဖို့ ပြောလိုက်တယ်။ သူတို့ တံခါးကြီးထဲရောက်တော့ ကိုယ်ထောင်ပိုင်ရုံးခန်းဝထိ လိုက်ပို့ပေးလိုက်တယ်။ ပြီးမှ ကိုယ့်နေရာမှာ ပြန်ထိုင်နေမိတယ်။

အချိန် ၁၀ မိနစ်လောက်ကြာတော့ အမျိုးသမီးကြီးသုံးယောက် ထောင်ပိုင်ရုံးခန်းထဲက အေးအေးဆေးဆေး ပြန်ထွက်လာကြတာ တွေ့ရတယ်။ တပ်ကြပ်စိန်သန်းက တံခါးလေးပြန်ဖွင့်ပေးလိုက်တယ်။ အမျိုးသမီးကြီးသုံးယောက်မှာ နောက်ကို တစ်ချက်မှ ပြန်လှည့်မကြည့်ကြတော့ဘဲ ထောင်အဓိပတိလမ်းမကြီးအတိုင်း တရွေ့ရွေ့လျှောက်ထွက်သွားကြတယ်။

ဆရာဦးကြည်ကို လှမ်းအကဲခတ်ကြည့်တော့ သူ့အမူအရာက ထုံးစံအတိုင်း ဘာမှမဖြစ်သလို အေးတိအေးစက်ပါပဲ။

ကိုယ့်ရင်ထဲမှာတော့ မအေးနိုင်။ ကိုယ့်စိတ်ကို ထိတ်လန့်တုန်လှုပ်စေတဲ့ အန်တီကြီးသုံးယောက် ဘာလို့ ရုံးခန်းထဲက အေးအေးဆေးဆေး ပြန်ထွက်သွားကြရပါသလဲ။ ဆရာဦးကြည်က သူတို့ကို ဘယ်လိုဆန်းကြယ်တဲ့စကားများ ပြောကြားခဲ့ပါသလဲ။

အဲဒီ ပဟေဠိရဲ့အဖြေကို ယနေ့တိုင်အောင် ကိုယ်မသိတတ်နိုင်ခဲ့ပါတကား။

*(ဆက်လက်ဖော်ပြပါမည်။)*

ဗဟိုစေ



www.burmeseclassic.com

www.burmeseclassic.com

အမှုတွေပြေအေးစေမယ့်

# ဥပဒေအမေးအဖြေ

ဦးစောလှိုင် [B.A(Hist:) H.G.P., R.L

## တရားသူကြီးများ အချိန်မရွေး ကွင်းဆင်းစစ်ဆေးနိုင်သလား

ဆရာခင်ဗျား . . .

ကျွန်တော်ဟာ ဥပဒေပညာကို ဝါသနာပါတဲ့အလျောက် ဥပဒေဘာသာရပ်နဲ့ စာပေးစာယူသင်ကြားနေတဲ့ ဒုတိယနှစ် အဝေးသင်တက္ကသိုလ်ကျောင်းသား ဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဥပဒေပညာပေးပါတဲ့ ဝတ္ထု၊ ဆောင်းပါး၊ ရုပ်ရှင်ဗီဒီယိုတွေကို မပြတ်လေ့လာ ကြည့်ရှုနေပါတယ်။

အဲဒီမှာ ထူးထူးခြားခြား ရုပ်ရှင်နှစ်ကား ကြည့်ဖြစ်ခဲ့ပါတယ်။

ပထမကားထဲမှာဆိုရင် တရားခွင်မှာ လူသတ်မှုစစ်ဆေးနေတဲ့ တရားသူကြီးနဲ့ နှစ်ဖက်ရှေ့နေတွေဟာ သင်္ချိုင်းထဲမှာသွားပြီး သေသူရဲ့အလောင်းကို ပြန်ဖော်ကြပါတယ်။ သူတို့နဲ့ပါလာတဲ့ မှုခင်းဆရာဝန်က သေသူရဲ့အဆုတ်ကို ဖြတ်တောက်ယူဆောင်ခဲ့ပြီး ဓာတ်ခွဲစမ်းပါတယ်။ နောက်ဆုံးမှာ သေသူဟာ ရေနစ်သေဆုံးခဲ့တာမဟုတ်ဘဲ အသတ်ခံရပြီး ရေထဲပစ်ချထားခံရတာဆိုပြီး အမှုမှန်ပေါ်ပေါက်လာပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယရုပ်ရှင်ကားကလည်း လူသတ်မှုပါပဲ။ လူတစ်လုံး မမှတ်မိနိုင်လောက်အောင် ခုတ်ဆီလောင်းပြီး မီးရှို တ်ခံခဲ့ရတဲ့အမှုပါ။ နှစ်ဖက်သက်သေတွေ စစ်ဆေးပြီးလို့ က်ချရတော့မယ့်အချိန်ကျမှ တရားခံရှေ့နေက သေဆုံးသူ န် အလောင်းဖော်စစ်ဆေးပေးဖို့ တောင်းဆိုလာပါတယ်။

တရားခံရှေ့နေရဲ့ တင်ပြမှုက ကျိုးကြောင်းဆီလျော် တရားသူကြီးနဲ့အဖွဲ့ဟာ သုသာန်ထဲ ကွင်းဆင်းပြီး ာင်းကိုပြန်ဖော်ကြပါတယ်။ အတူပါလာတဲ့ သွားဆရာဝန် သေသူရဲ့ သွားတွေကိုစစ်ဆေးပြီး အသတ်ခံရတဲ့သူဟာ သကစစ်ဆေးခဲ့သူမဟုတ်ဘဲ အခြားတစ်ယောက်ဖြစ်နေ လို့ ဆိုပါတယ်။ ဒါကြောင့် တရားသူကြီးက အဲဒီအမှုကို ်းပြီး အသစ်ပြန်စစ်ဆေးဖို့ပ အမိန့်ချမှတ်လိုက်တယ်။

ကျွန်တော့်စိတ်ထဲ ဘဝင်မကျတာတစ်ခုက အဲဒီရုပ်ရှင် တွေမှာ အမှုတွေ တရားရုံးတော်ရှေ့ရောက်ပြီး နှစ်ဖက် သေတွေ စစ်ဆေးပြီးတဲ့အပြင် နှစ်ဖက်အပြီးသတ်လျှောက် က်တွေပေးပြီး စီရင်ချက်ချခါနီးမှ တရားသူကြီးတွေ ကွင်း စစ်ဆေးတဲ့အချက်တွေကိုပါ။

ကျွန်တော်သိချင်တာက ခုလို တရားသူကြီးတွေ ကွင်း စစ်ဆေးတာဟာ ဥပဒေနဲ့အညီ ဟုတ်ပါရဲ့လား။ တရားခွင် စစ်ဆေးနေတဲ့အမှု ဘယ်အခြေအနေမှာပဲဖြစ်စေ အချိန်မရွေး ဆင်းစစ်ဆေးနိုင်ပါသလား။ အကယ်၍ အဲလိုစစ်ဆေးပိုင် ရင် ဘယ်ဥပဒေပုဒ်မအရ ဆိုတာကိုပါ ဖြေကြားပေးဖို့ ရပ်ခံအပ်ပါတယ်။

လေးစားစွာဖြင့်
မောင်လေးအောင်
ဥပဒေဒုတိယနှစ်၊ အဝေးသင်တက္ကသိုလ်။

ကိုလေးအောင်ခင်ဗျား ...

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ–၅၃၉(ခ)အရ ပြစ်မှုနဲ့ ဆိုင်တဲ့ အရပ်ဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်း ပြဋ္ဌာန်းချက်နဲ့အညီ တရားသူကြီးတွေ ကွင်းဆင်းစစ်ဆေး ယ်။

တရားရုံးတော်ရှေ့မှာ စစ်ဆေးနေတဲ့ ပြစ်မှုတစ်ခုဟာ ခြေအနေ၊ ဘယ်အဆင့်ကိုပဲရောက်နေပါစေ ပြစ်မှုကျူး နေရာကိုပဲဖြစ်ဖြစ်၊ သက်သေထွက်ဆိုချက်တွေ လျော် မြတ်မှု ရှိမရှိ ချင့်ချိန်နိုင်ဖို့အတွက် သွားရောက်စစ်ဆေး ပ်တယ်လို့ ထင်မြင်တဲ့နေရာကိုဖြစ်ဖြစ်၊ တရားရုံးတော် သွားရောက်စစ်ဆေး ကြည့်ရှုနိုင်တယ်လို့ အတိအလင်း ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

အဲဒီလိုကွင်းဆင်းစစ်ဆေးတဲ့အခါ တရားသူကြီးတစ်ဖွဲ့ တည်းသွားလို့မရပါဘူး။ နှစ်ဖက်အမှုသည်တွေ၊ ရှေ့နေရှေ့ရပ် တွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ ဖိတ်ခေါ်ပြီး သူတို့တွေနဲ့အတူ သွားရောက်စစ်ဆေးရမယ်လို့ ပြဋ္ဌာန်းပါရှိပါတယ်။

ကဲ ... ဒီလောက်ဆိုရင် ကိုလေးအောင် ဘဝင်မကျ ဖြစ်နေတာတွေ ရှင်းသွားပြီ ထင်ပါရဲ့။

××× ××× ×××

## ရှေ့နေအသစ်ပြောင်းငှားတော့မယ်ဆိုရင်

ဆရာခင်ဗျား ...

ကျွန်တော့်ညီဟာ သူငယ်ချင်းအချင်းချင်း မူးယစ် သောက်စားပြီး အပြန်အလှန်စကားများကြရာက ကျွန်တော့်ညီ လှမ်းပစ်လိုက်တဲ့ ဖန်ခွက်ဟာ တစ်ဖက်လူရဲ့ နဖူးကို ထိမှန်ပြီး တစ်လက်မလောက် ပြဲသွားတယ်လို့ ဆိုပါတယ်။ အဲဒီကိစ္စနဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၂၅ အရ အရေးယူခံရလို့ အာမခံ ကိစ္စ၊ ရှေ့နေငှားရမ်းတဲ့ကိစ္စကအစ ကျွန်တော်ပဲ ဦးဆောင်လုပ် ကိုင်ခဲ့ရပါတယ်။

တရားခွင်မှာ အမှုစစ်ဆေးတော့ ကျွန်တော့်ညီပစ်လိုက် တဲ့ဖန်ခွက် တရားလိုရဲ့နဖူးကို ထိမှန်တယ်လို့ ဘယ်သက်သေ တစ်ဦးတစ်ယောက်ကမှ မထွက်ဆိုခဲ့ပါဘူး။ မျက်မြင်သက်သေ လည်းမရှိဘူးဆိုပါတော့။

ဒါကြောင့် ရှေ့နေက ပြောပါတယ်၊ ကျွန်တော့်ညီအခြေ အနေကောင်းတယ်။ ပြစ်မှုထင်ရှားမရှိလို့ စွဲချက်မတင်မီတောင် တရားရှင်လွတ်နိုင်တယ်လို့ ရှင်းပြပါတယ်။ ရှေ့နေစကားအရ ညီလေးအတွက် ဝမ်းသာမိပေမဲ့ အဲဒီရှေ့နေရဲ့ လုပ်ငန်းဆောင် ရွက်မှုအပေါ် လုံးဝအားမရနိုင်ဘူး ဖြစ်မိတယ်။

ကြည့်လေ ဆရာ၊ အမှုကို တရားရုံးတင်တဲ့နေ့တစ်ရက် ပဲ သူကိုယ်တိုင် ရောက်လာပြီး နောက်ရုံးချိန်းတွေမှာတော့ သူ့တပည့်အလုပ်သင်ရှေ့နေပေါက်စလေးတွေကိုပဲ လွှတ်နေ တယ်လေ။ မကျေနပ်လို့ သူ့တပည့်တွေမေးကြည့်တော့ သူတို့ ဆရာ ခရိုင်ရုံး၊ တိုင်းရုံးတို့မှာ ရုံးချိန်းရှိလို့ချည်းပဲ အဖြေပေး ကြတယ်။

ဒါထက်ပိုဆိုးတာက ရုံးချိန်းနေ့မှာ ညီလေးက သူသင် ပေးထားခဲ့သလို အပြစ်မရှိဘူးလို့ ငြင်းဆိုခဲ့ပေမဲ့ တရားရုံးက တရားရှင်မလွှတ်တဲ့အပြင် ရိုက်မှုနဲ့ အပြစ်ရှိတယ်ဆိုပြီး စွဲချက် တောင်အတင်ခံလိုက်ရပါတယ်။ အဲဒါထက်ပိုပြီးဆိုးတာက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

အရေးကြီးတဲ့ ရုံးချိန်းနေ့မှာလည်း သူကိုယ်တိုင်မလာဘဲ အလုပ်သင်ရှေ့နေလေးကိုပဲ လွှတ်လိုက်တာပါပဲ။

ဒီရှေ့နေကောင်းကယ်ဆိုလို့ ကျွန်တော်ကြိုးစားဆက်သွယ်ပြီး ငှားထားခဲ့တာပါ။ ခုတော့ အလုပ်အပေါ် အလေးမထားဘဲ ခပ်ပေါ့ပေါ့ကိုင်တွယ်နေတဲ့ သူ့ကို ကျွန်တော်အတော့်ကို စိတ်ကုန်နေပါပြီ ဆရာရယ်။ နောက်ရှေ့နေအသစ်တစ်ယောက်နဲ့ အမြန်လဲချင်နေပါတယ်။

ဒါကြောင့်မို့ သူ့ကို လွှဲအပ်ထားတဲ့ ရှေ့နေပါဝါကို ပြန်ရုပ်သိမ်းလိုက်ချင်ပါပြီ။ အဲဒါ ကျွန်တော်တစ်ယောက်တည်း သဘောနဲ့ ဆောင်ရွက်လို့ ရမရ၊ အကယ်၍ ရရင် ဘယ်လိုနည်းလမ်းနဲ့ ဆောင်ရွက်ရမယ်ဆိုတာ အမြန်ဆုံး ဖြေကြားပေးပါခင်ဗျား။

အစဉ်လေးစားလျက်
ဦးမြအောင်
၄ ရပ်ကွက်၊ သာကေတ။

ဦးမြအောင်ခင်ဗျား ...

ရှေ့နေရှေ့ရပ်များရဲ့ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနဲ့ အခွင့်အရေးတွေကို တရားရုံးချုပ်ရှေ့နေများ ကောင်စီက ၁၉၉၀ ပြည့်နှစ်မှာ ထုတ်ဝေခဲ့တဲ့စာအုပ် အပိုဒ်(၆၀)မှာ ...

''ရှေ့နေရှေ့ရပ်များသည် အကြောင်းအမျိုးမျိုးကြောင့် မိမိအား ငှားရမ်းခြင်းကို ရပ်စဲသောအခါ မိမိဆောင်ရွက်ပေးခဲ့ရသော လုပ်အားများအတွက် ကျသင့်သောအခကြေးငွေကိုယူပြီး အလွယ်တကူလိုက်လျှော့ပေးသင့်ပါတယ်'' လို့ ပါရှိတာတွေ့ရပါတယ်။

ဒါကြောင့် ဦးမြအောင်အနေနဲ့ ရှေ့နေအသစ်လဲလှယ်နိုင်ခွင့်ရှိပါတယ်။ ဒါပေမဲ့ အမှုထက်ဝက်ပြီးနေရင် ရှေ့နေခကိုလည်း တစ်ဝက်ပေးခဲ့ရပါမယ်။ အခု ဦးမြအောင်ရဲ့ညီ အမှုဟာ စွဲချက်တင်ပြီးလို့ တရားခံကို စစ်တာနဲ့ အမှုရဲ့သုံးပုံတစ်ပုံ ရောက်သွားမှာပါ။ ဒါကြောင့်မို့ ရှေ့နေခကိုလည်း သုံးပုံတစ်ပုံ ပေးချေပြီးမှ ရှေ့နေအသစ်လဲလှယ်နိုင်ပါလိမ့်မယ်။

ရှေ့နေခနဲ့ပတ်သက်ပြီး အမှုသည်က ဥပဒေနဲ့အညီ ရှေ့နေခပေးဖို့ ပျက်ကွက်ရင် ရှေ့နေကတရားစွဲဆိုနိုင်သလို၊ အမှုသည်ကလည်း နှစ်ဦးသဘောတူလုပ်ထားတဲ့ ပဋိညာဉ်စာချုပ်ကို ဖောက်ဖျက်ရင် ရှေ့နေကို တရားစွဲဆိုနိုင်ပါတယ်။ ဒါဟာ ဥပဒေကပေးအပ်ထားတဲ့ တန်းတူညီမျှ အခွင့်အရေးပါပဲ။

ရှေ့နေနဲ့အမှုသည် ဆက်ဆံရေးမှာ ရှေ့နေက သူ့ကိုယ်ရေးကိုယ်တာကိစ္စကြောင့် အမှုကို နောက်ရှေ့နေဆီလွှဲအပ်ပြီး ပါဝါရုပ်သိမ်းနိုင်ပါတယ်။ ဒီလိုပဲ အမှုသည်ကလည်း ရှေ့[...]
မကြိုက်ရင် ကျသင့်တဲ့ ရှေ့နေခပေးပြီး ရှေ့နေအသစ် [...]
ငှားရမ်းနိုင်ပါတယ်။

ဒါပေမဲ့ အခု ဦးမြအောင်ညီလေးရဲ့အမှုမှာက သုံး[...]
ပုံတောင် ရောက်နေပြီဆိုတော့ ကျန်တဲ့နောက်ဆုံးတစ်ပုံ [...]
တိုလေးအတွက် လက်ခံဆောင်ရွက်ပေးမယ့် ရှေ့နေအ[...]
ငှားရမ်းရရှိဖို့ အတော်ခဲယဉ်းမယ်ထင်ပါတယ်။ အမှုအစပို[...]
မသိဘဲ အဆုံးပိုင်းကို လိုက်ပေးမယ့် ရှေ့နေရှားနိုင်ပါ[...]
ဒါမျိုးက လက်ရှိရှေ့နေ ရုတ်တရက်ကွယ်လွန်သွားမှ ဆက်[...]
ပေးတတ်တာမျိုးမို့လို့ပါ။


နောက်တစ်ခုက အလုပ်သင်ရှေ့နေကိစ္စပါ။ အခု[...]
ပါနေတဲ့ ရှေ့နေကြီးတွေမှန်သမျှ အလုပ်သင်ရှေ့နေအ[...]
တက်လာတဲ့သူချည်း ဖြစ်ပါတယ်။ ခရိုင်တို့ တိုင်းတို့ ရုံး[...]
နဲ့ တိုက်ဆိုင်နေရင် ရှေ့နေကြီးတွေကိုယ်တိုင် မသွားမဖြစ် [...]
ကြရပါတယ်။ အဲဒါကြောင့်လည်း ရှေ့နေကြီးတွေက မြို့[...]
တွေကို သူတို့ကိုယ်စားလွှတ်နိုင်မယ့် အလုပ်သင်ရှေ့နေလေ[...]
မွေးထားရပါတယ်။

ဆိုလိုတာက နောက်ထပ်ရှေ့နေအသစ် ငှားရမ်း[...]
အလုပ်သင်ရှေ့နေတွေ လိုအပ်ရင် လွှတ်နေဦးမှာပါပဲ။ ပြီး[...]
အမှုရဲ့နောက်ဆုံးတစ်ပုံကို ဆောင်ရွက်ချင်တဲ့ရှေ့နေလည်း[...]
ပါလိမ့်မယ်။

အဲဒါကြောင့် အကောင်းဆုံးက အမှုဖြစ်စဉ်အစ[...]
ကို ကျေကျေညက်ညက်သိနေတဲ့ လက်ရှိရှေ့နေကိုပဲ စိတ်[...]
မချောက်စေအောင် ဆက်လက်အသုံးပြုတာပဲ ဖြစ်ပါတယ်[...]
ဦးမြအောင်ညီရဲ့အမှု နိဂုံးဟာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိ[...]
အကြောင်း အကြံပြုလိုက်ပါရစေ။

အောင်မြင်[...]

ဦးစောလှိုင် [B.A(Hist:) H.G.P.,[...]





www.burmeseclassic.com

www.burmeseclassic.com

## လာဘ်မိုးစွေ စာပေ

# ကောင်ပြုန် မဂ္ဂဇင်း

# ပြစ်မှု မဂ္ဂဇင်း

ကြော်ငြာဖြန့်ချိရေး နှင့် အယ်ဒီတာရုံးအဖွဲ့

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၃)

**ယခင်လမှအဆက်**

ဒုတိယလမ်းကြောင်းထက် ပထမလမ်းကြောင်းကို သဘောမတွေ့ ဖြစ်ရသည်။

အလုပ်တစ်ဖက်၊ ကျောင်းစာတစ်ဖက်။

အလုပ်ချိန်နှင့် ကျောင်းချိန်ကလည်း တစ်ဆက်တစ်စပ်တည်း။

အလုပ်ကဆင်းသည်နှင့် ကျောင်းကို အပြေးအလွှား သွားရမည်။ နားချိန်မရှိ။

အပြေးအလွှားကနေ ထွက်လာသည့်ဈေးကိုပင် အချိန်လု၍ သုတ်ရမည့် အနေအထား။

ဟိုမရောက် သည်မရောက် ကြားပေါက်ယိုမှာကို စိုးရိမ်သည်။

လွင်ဦးက ပထမလမ်းကြောင်းကို သဘောကျသည်။

မိဘတွေကို ပြန်လည် မထောက်ပံ့နိုင်သည့်တိုင် သူ့စရိတ်နှင့်သူ အဆင်ပြေမည့်လမ်းကြောင်းဖို့ သဘောကျသည်။

သူက သူ၏ ဝီရိယနှင့် ကြိုးစားမှုကို ယုံကြည်သည်။ ပညာရေးအတွက် အနှောင့်အယှက် ဖြစ်စရာ မရှိဟု ထင်မြင်သည်။

ဦးသိန်းမောင်က ပထမလမ်းကြောင်းကို လုံးဝ သဘောမတူ။

ဒုတိယလမ်းကြောင်းကို သဘောတွေ့သလို ရှိသော်လည်း မကြိုက်ပြန်။

ဘုန်းကြီးကျောင်းမှာ နေပြီး တက္ကသိုလ် တက်ရမည့်အတွက် ပတ်ဝန်းကျင်မှာ သားဖြစ်သူ မျက်နှာငယ်လေမလားဆိုသည့် မိဘမေတ္တာစေတနာ အစိုးရိမ်လွန်ကဲနေပြန်သည်။

ပုဇွန်တောင်ကနေ တက္ကသိုလ်နယ်မြေရှိရာ ကမာရွတ်အထိ သွားရမည့် ခရီးတာ၏ အချိန်ကုန်လှမန်းဖြစ်ပြီး စာကျက်ချိန် နည်းသွားမည်ကိုလည်း စိုးရိမ်ပြန်သည်။

ဘုန်းကြီးကျောင်းမှာ နေရထိုင်ရတာက ဘော်ဒါနေသလို လွတ်လွတ်လပ်လပ် နေလို့မဖြစ်။

တစ်ဖက်တစ်လမ်းမှ ကျောင်းဝေယျာဝစ္စများကို ကူညီရမည်။

သည်အကိုင်းနေရင် မသင့်လျော်သလို သမျှတော်ဘက်သို့ ပြန်ပဲ့ရမည့် အကြောင်းကြောင်းသောတွေ ရှိနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့သားအဖနှစ်ယောက် မည်သို့မည်ပုံ သဘောထား အတိုင်းအဆင် မြူကြစေကာမူ ဆရာတော်ကို ပြန်လည်လျှောက်ထားဖို့ကျတော့ ဦးသိန်းမောင်မှာ အလျှောက်ရ ခက်နေပြန်သည်။

ဆရာတော်ကို ရှိသေလေးစားရသလို မိရိုးဖလာ အစဉ်အဆက်အရ စိုးရွံ့စိတ် ရှိရပြန်သည်။

နောက်ဆုံးတွင် ပရိယာယ်သွယ်၍ ပထမ တစ်နှစ်တာလောက် စမ်းကြည့်ပါရစေဟု လျှောက်တင်လိုက်ရသည်။

သို့တစေ ဆရာတော်က လက်မခံ။

လူဆိုတာ ကိုယ့်အခြေအနေ၊ ကိုယ့်အကြောင်း၊ ကိုယ့်အပွင့်ရေးကို အမှန်မြင် အမှန်သိဖို့ လိုကြောင်း၊ ဝမရှိဘဲ ဝိလုပ်ရင် ဟိုမရောက်ဒီမရောက် ဖြစ်တတ်ကြောင်း အလုမ်းကျယ်လွန်းလျှင် အလယ်လပ်တတ်ကြောင်း ဥပမာစကားအကြောင်း အကျိုးပြုတွေ ပြောပြီး လွင်ဦးကို ဦးတည်၍ မေးခွန်းထုတ်လိုက်သည်။

ဆရာတော်မေးလိုက်သည့် မေးခွန်းက တိုတိုတုတ်တုတ်။

"လွင်ဦး"

"မှန်ပါ့ဘုရား"

"မင်း ဘုရားကြီးကျောင်းကနေ တက္ကသိုလ် တက်ရမှာ ရှက်သလား"

"မရှက်ပါဘူး ဘုရား"

"ကဲ... ဒါဆိုပြီးရော၊ ဒကာကြီး ပြန်တော့"

ကိစ္စပြတ်သွားပြီ၊ နောက်ထပ် အတွန့်တက် လျှောက်တ ်စကား တင်လျှောက်ရန် မရှိတော့။

သည်လိုနှင့် လွင်ဦးမှာ ဘုန်းကြီးကျောင်းနေ တက္ကသိုလ်ကျောင်းသား ဖြစ်လာရသည်။

လမ်းစရိတ်၊ မုန့်ဖိုး၊ စာအုပ်ဖိုးနှင့် ကျောင်းလခအပြင် လွင်ဦးအတွက် အိမ်မှ အခြားစရိတ် ထောက်ပံ့စရာ မလို၊

ဒါကိုပင် ဆရာတော်က ဘာဝန်ယူမည် ပြောသည်။

ဆရာတော်က ကျောင်းထမင်း၊ ကျောင်းဟင်း၊ စားပြီးကို ကျောင်းကို မှီခိုနေထိုင်ရင်း ဝေယျာဝစ္စကို လုပ်ရမည်။

ဒါမှ သံသရာ ဝန်ထုပ်ဝန်ပိုး လျော့ပြီး ကုသိုလ်လည်း ရ၊ ဝမ်းလည်း ဖြစ်မည်။ နို့မဟုတ်လျှင် သံသရာကြေးကိုယ့်ပေါ်မှာ တင်ပါကြောင်း ပြော၍ တတ်စွမ်းသမျှ ကျောင်းဝေယျာဝစ္စများ လုပ်ဖို့ ပြောသည်။

ဒါကိုတော့ သူလည်း သဘောပေါက်ပြီးသားမို့ သူ့အတွက် အပန်းမကြီး။

ဒါ့အပြင် ဆရာတော်က အိပ်ရာထ အိပ်ရာဝင် ဝတ်မပျက် ဘုရားဝတ်ပြုရမည်။

ညအိပ်ရာဝင်ခါနီး ငါးပါးသီလယူပြီး အနည်းဆုံး နာရီဝက်ခန့် ပုတီးစိပ်ရမည်။

ပုတီးစိပ်သည့်အခါ ဝတ်ကျေတန်းကျေ မဟုတ်ဘဲ သမာဓိရအောင် စိတ်ပါလက်ပါ တည်တည်ငြိမ်ငြိမ် ပုတီး စိပ်ရမည်ဟု ဆုံးမဩဝါဒပေးသည်။

"အေး သမာဓိတည်အောင် ပုတီးစိပ်နိုင်ရင် မင်းရဲ့လောကီ ပညာရေးမှာလည်း အထောက်အပံ့ ဖြစ်လိမ့်မယ်။ မင်းရဲ့ ဘဝတစ်သက်တာမှာ စွဲစွဲမြဲမြဲ မှတ်ထားဖို့က ဘာကိုလုပ်လုပ် သူများပြောလို့ လုပ်တာမျိုး မဖြစ်စေနဲ့။ ကိုယ်ရင်က ဖြစ်တဲ့ အသိစိတ်ဓာတ်နဲ့ ယုံယုံကြည်ကြည်လုပ်"

"တင်ပါ့ အရှင်ဘုရား၊ အရှင်ဘုရား၏ အဆုံးအမ တပည့်တော်တည်အောင် ထိန်းပါ့မယ် ဘုရား"

လွင်ဦးမှာ တက္ကသိုလ်ကျောင်းသားဘဝ အသက် (၁၈) နှစ် မပြည့်တတ်မီကပင် သဘောမျှသာ မဟုတ်သော မနောပါသည့် ပုတီးစိပ် အလေ့အကျင့်ကောင်းနှင့် ရှုပ်ထွေးခဲ့ရသည်ပါ။

ကျောင်းပိတ်၍ အိမ်ပြန် နေထိုင်သည့်အခါတွင်လည်း ဘုရားရှိခိုးနှင့် ပုတီးစိပ် ဝတ်မပျက်ခဲ့။

ကျောင်းတွင် နေရထိုင်ရ၊ စားရသောက်ရသည်များ အားလုံး အဆင်ပြေသည်။ ကျောင်းမှာ ဆွမ်း ငှ် ဆွမ်းဟင်း ပေါလျှံသည်။

ပေါရုံမဟုတ်၊ လျှံနေသောကြောင့် မလုံမလောက်ခြိုးခြံ၊ စားရသောက်ရသည် ဟူ၍ မရှိ။

ဘကြီးဘုန်းကြီးကို ကိုးကွယ်သူအသိုင်းအဝိုင်းက ကောင်းသလို ငွေကြေးပြည့်စုံသူတွေ များသည့်အလျောက် လိုလေသေးမရှိ ပြည့်စုံသည်။

သူက ဥဏ်သွက်ဥဏ်ထက်သည့် အလျောက် ကျောင်းစာကို အပတ်တကုတ် မကြိုးစားရ၊

ရရှိသည့် အချိန်ပိုများကို ကျောင်းဝေယျာဝစ္စ ကိစ္စဟူသမျှ ပါဝင် လုပ်ကိုင်သောကြောင့် မျက်နှာမငယ်ရသည့်ပြင်



www.burmeseclassic.com

www.burmeseclassic.com

…တော်ကြီးကအမေ ကွယ်ရာတွင်ရော …ပါ ခိုးကျူးမကားဖြင့် အမွှမ်းတင် …သည်။

သူ့ဇာတ်ကို တစ်ခုတော့ ပြောစရာ …သည်။

ကျောင်းမှာ အပေါင်းအသင်း …ည်ရရ မထားသလို တက္ကသိုလ်၏ …ဟ်အပါး အပန်းအဝိုင်းနှင့် ကင်းကင်း …တ်လွတ် နေထိုင်ခဲ့ခြင်းပင် ဖြစ်၏။

ထိုသို့ နေထိုင်ခဲ့သည့်မှာလည်း သူ့ …ကြောင်းနှင့်သူ။

ဘယ်မှာနေသလဲဆိုသည့် အမေး …မြဲရန် ဝန်လေးသည့် အကြောင်းမှာ …ဒီက။

ဘုန်းကြီးကျောင်းမှာ နေရသည် … ပြောရမှာ ရှက်လို့တော့ မဟုတ်။ …ထားအပ်သည့် အထင်သေးမှု ရိုက် …လာရင်း ကိုယ်သာလျှင် စိတ်အား …မှာ ဖြစ်ရမှာမို့ အခြေအနေအရ …ပေါင်းအသင်း၊ အသိုင်းအဝိုင်းနှင့် …တွေးအောင် ခပ်ကင်းကင်းပင် …ထိုင်ခဲ့သည်။

တစ်ခုလည်း ကောင်းသည်ဟု ဆို …သည်။

အပေါင်းအသင်းများနှင့် သွား …လာဟယ်နေသည့် အချိန်မဖဲ့ရ …ကြောင့် စာကြည့်ချိန် ပိုရသည်။

ပထမနှစ် စာမေးပွဲကို လွယ်လွယ် … စိတ်ကြိုက် ဖြေဆိုနိုင်ခဲ့သည်။

ကျောင်းပိတ် အိမ်အပြန်တွင် စိတ် … စိတ်လေးစရာ မကပ်စွဲဘဲ စိတ် …ပေါ့ပေါ့ဖြင့် အိမ်ပြန်နိုင်ခဲ့သည်။

အိမ်ပြန်ရောက်တော့လည်း စိတ်ချမ်းမြေ့စရာနှင့် ကြုံခဲ့လိုက်ရသောကြောင့် ဘုန်းကြီးကျောင်းနှင့် တက္ကသိုလ်ကျောင်းမှာ အနေကုတ်ကုတ် နေခဲ့ရသည်ကို အတိုးချပြီး စိတ်လွတ်ကိုယ်လွတ် နေထိုင်လည်ပတ်နေလိုက်သည်။

ဖခင်ဖြစ်သူ၏ ပွဲစားလုပ်ငန်းမှာ အတော်လေး အခြေအနေ ကောင်းနေသောကြောင့် အိမ်ပေါင် ကိစ္စပြေလည်သည်အထိ ဖြစ်လာသည်ကို သိရသည်။

ကြွေးမြီအားလုံးတော့ မကင်းရှင်းသေး။

ကြွေးပူရှင်းသွားပြီမို့ ကျန်နေသေးသည့် ကြွေးအေးကိစ္စက အကြောင်းမဟုတ်တော့။

အိမ်ပေါင်ထားရသည့် ကြွေးပူက အတိုးရှိသည်။

ဆွေမျိုးများဆီက ဆွဲလွဲထားသည့် ကြွေးအေးက ဖဲ့ဆပ်သွားလို့ ရသည်။

ဖခင်ဖြစ်သူက ဒီအခြေအနေကို ပြောပြသည်မှာ အကြောင်းမဲ့တော့ မဟုတ်။ အကြောင်းကို အခြေခံ၍ ပြောလာခြင်း ဖြစ်သည်။

သားဖြစ်သူ ဒုတိယနှစ် ကျောင်းပြန်တက်သည့်အခါ ဘုန်းကြီးကျောင်းကနေ ကျောင်းမတက်တော့ဘဲ တက္ကသိုလ်အဆောင်တွင်နေ၍ ကျောင်းတက်ရန် အကြောင်းကို ပြောချင်သောကြောင့် ဖြစ်၏။

စီးပွားရေး အခြေအနေပိုင်သွားစဉ်ကတောင် အဆောင်ကနေ ကျောင်းသားအဖြစ် ကျောင်းတက်စေချင်သည့် ဆန္ဒ ပြင်းပြလွန်းသည့် ဖခင်ကြီးက အခြေအနေ ကောင်းလာပြီ ဖြစ်သည့်အလျောက် တက္ကသိုလ် ကျောင်းတော်သားကြီး ပီပီသသ ကျောင်းတက်စေချင်သည့်ဆန္ဒကို ပြန်လည် ထုတ်ဖော်ပြောဆိုလာသည်။

လွင်ဦးက လက်ရှိအခြေအနေတွင် အသားကျနေပြီ ဖြစ်သည့်အလျောက် အဆောင်နေ ကျောင်းသားအဖြစ် မနေလိုတော့သည့်အပြင် ယခုအခေါက် ကျောင်းပြန်ဖွင့်ရင် စက်ဘီးယူသွားပြီး စက်ဘီးနှင့် ကျောင်းတက်ရန် စိတ်ကူးထားသည်။

ဟိုစဉ်တုန်းက အခုလို ကားတွေ မရှုပ်။ စက်ဘီးကို ဟိုငေးသည်ငေး ငေးပြီး စီးလို့ပင် ရသည်။

စက်ဘီးနှင့် ကျောင်းတက်သည့်အတွက် အသွားအပြန် ကားစောင့်ရသည့်အချိန်ကုန် သက်သာသွားမည်။

မိသားစုက ထောက်ပံ့ရမည့် စရိတ်လည်း သက်သာမည်။

လွင်ဦးက လူငယ်ပေမယ့် ချင့်ချင့်ချိန်ချိန်၊ တိုင်းတိုင်းဆဆ အတွေးအခေါ် ရှိသူပါ။

တကယ်တော့ သူ့စိတ်ကူးမှန်သည်ဟု ဆိုရပါမည်။

လောကနိယာမ သဘောက ဘာမဆို တည်တံ့နေသည်။ မြဲနေသည်ဟူ၍ မရှိ။

ရွေ့လျား ပြောင်းလဲနေသည့် သဘောသာ ရှိသည်။

ကံကြမ္မာအလှည့်အပြောင်း ဆိုသည်ကို တရားသေ တွက်လို့ မရသလို မထင်မှတ်ရသော အပြောင်းအလဲများ ဖြစ်ရှိတတ်သည့်မှာလည်း မှတ်သုန်ရာ



www.burmeseclassic.com

www.burmeseclassic.com

သိ ပင်လယ်ပြင်ပမာသို့နှယ် ရှိပါချေ၏။

မှတ်သုန်၏ ပင်လယ်ပြင်မှာ ငြိမ်သက်ခြင်းနှင့် ဆုံစည်းနေရာမှ ရုတ်တရက် မငြိမ်မသက် လေသွင်း လှုပ်ရှား အနေအထားသို့ ကူးပြောင်းသွားတတ်၏။

အညိုကျနေသော အသားကျနေသော လွင်ဦး၏ တည်ငြိမ်နေသော ဘဝကို လှုပ်ခတ်သွားစေသည့် ကံကြမ္မာအလှည့်အပြောင်း တစ်ခု ရိုက်ခတ်မှုနှင့် ကြုံဆုံလိုက်ရ၏။

ပြင်းထန်သော ရိုက်ခတ်မှုက သူ၏ဘဝကို အတော်ကြီး လှုပ်ရှားသွားစေခဲ့သည်။

ဒုတိယနှစ် စာမေးပွဲဖြေဆိုရင်လပိုင်းအလို။

သံကြိုးစာရွက်ကို ကိုင်ပြီး ငိုင်ကျသွားသည်။ ရင်ထဲမှာ ဘလုပ်လုပ် လှုပ်ခတ်သွားသည်။

ကြေကွဲဝမ်းနည်းရခြင်း၊ မျက်ရည်များမှာ မျက်အိမ်တွင်းမှ ထွက်အံ စီးကျလာသည်။

အစားပြန်မရနိုင်သော ဆုံးရှုံးခြင်း။

မမာမကျန်း ဖြစ်နေကြောင်း၊ သတင်းမကြား စာမလာဘဲ ဆုံးပြီဆိုတော့မှ သံကြိုးစာဖြင့် အသိပေးလာသည်။

အမေဆုံးပြီ။

ဆရာတော်ကို လျှောက်ထားပြီး ရရာ ကားကြုံစီးပြီး ပြန်ခဲ့ရသည်။

သက်တောင့်သက်သာ မဟုတ်သော ကုန်တင်လော်လီကြီးပေါ် လူရောစိတ်ပါ ယိမ်းထိုးလိုက်ခဲ့ရသည်။

မိခင်ကြီးကို အပြစ်မတင်သာပေမယ့် အစ်ကိုကြီးကိုတော့ မကျေမနပ် အပြစ်တင်လိုက်မိသည်။

သေကောင်ပေါင်းလဲ ဖြစ်အောင် ကျန်းမမာ ဖြစ်နေစဉ် ဘာလို့များ အကြောင်း မကြားရသလဲဟု။

သူ မရောက်ခင်ကတည်းက ခန်းခြောက်နေသည့် အမေ၏ မျက်ရည်များမှာ သူရောက်သွားသည်နှင့် ပြန်လည်ယိုစီး ထွက်အံလာသည်။

အဲဒီတော့မှ သူ့ဆီ ဘာလို့ အကြောင်းမကြားသလဲ ဆိုသည့် ပြစ်တင်စောမိသည်ကို နောင်တရသွားသည်။

ရုတ်တရက် ပြင်းပြင်းထန်ထန် နှလုံးရောဂါ ထိုးနှက်မှုဒဏ်ကို ခံလိုက်ရသည်မှ သတိနှင့်အသိ လွင့်ပျောက်သွားသည်။

ဆေးရုံ ချက်ချင်း တင်သည်။ ဘစ်ရက်ပဲ ခံသည်။

သူ့ထံကို အကြောင်းကြားဖို့ အချိန်မရလိုက်။

ဖြစ်ပြီးမှာတော့ ဘာမှ မတတ်နိုင်။ ရှေ့ရေးကိုသာ စဉ်းစားရတော့မည်။

သူ တက္ကသိုလ်ရောက်ပြီးမှ အလုပ်လောဘကြီးလွန်းသည်ကို အမေ ပြောပြ၍ သိရသည်။

ဖခင်ကြီးက အသက်အရွယ်နှင့် မမျှအောင် အလုပ် လောဘဇောတိုက်နေသည်မှာ ဘယ်သူ့ကြောင့်ဆိုသည်ကို သိနေသည့် သူက ပို၍ စိတ်ထိခိုက်မှု ခံစားနေရသည်။

သူ့အတွက် ဖခင်ကြီး ဝန်ထုပ်ဝန်ပိုး ပုံပိုးခဲ့သလို ကျန်ရစ်သူ မိခင်ကြီးပေါ်သို့ ထိုဝန်ထုပ်ဝန်ပိုးကို ပြောင်းမ[...]တော့ဟု ဆုံးဖြတ်လိုက်သည်။

ဒုတိယနှစ် စာမေးပွဲကိုတော့ [...]မည်။

စာမေးပွဲ ဖြေပြီးရင်တေ[...]တက္ကသိုလ် ပရဝုဏ်ကို သူ ကျော[...]တော့မည်။

ဒါပေသိ သူက ထိုအကြောင်း[...]ဘာမှမပြောသေး။ ပြောရန် အချိန်အ[...]လည်း မဟုတ်သေး။ ကျောင်းပိတ်ပြ[...]ထိုကိစ္စကို ပြောမည်ဟု ဆုံးဖြတ်လို[...]သည်။

ခုနေပြောရင် မိခင်ကြီးခမျာ တ[...]ပူပေါ် နှစ်ပူဆင့်ရုံပဲ ရှိမည်။

အသုဘကိစ္စပြီးသည်နှင့် [...]လည်အောင်ပင် မနေရဘဲ ရန်ကု[...]ပြန်ခဲ့ရသည်။

သူ၏ဆန္ဒကြောင့်တော့ မဟု[...]

အမေအပါအဝင် အားလုံး၏[...]ကြောင့်။

ရက်လည်ဆွမ်းသွတ်ပြီးသည်အ[...]မနေတော့ဘဲ စာမေးပွဲကိစ္စအတွ[...]အမြန်ဆုံး ပြန်ရန် အားလုံး ဝိုင်းဝန်းတ[...]တွန်းကြသည်။

ဖခင်ကြီး မရှိတော့ပြီဆိုသည့်အ[...]က သူ၏ ရင်ကို ပူလောင်စေခဲ့သည်[...]

သူမှာ ပို၍ သတိရစရာ အကြေ[...]ရှိနေသည်။

မနှစ်က ကျောင်းသို့အပြန်[...]ဖခင်ကြီးကိုယ်တိုင် ဘူတာသို့ လိုက်[...]သည်။

ခုတစ်ခေါက်တွင် အစ်ကိုကြီး[...]သူက လိုက်ပို့သည်။



www.burmeseclassic.com

www.burmeseclassic.com

ခံစားမှု မတူညီသလို ပုံ၍ သတ်ရစေသည်။

ဆရာတော်၏ ရှေ့မှောက်သို့ ရောက်သည့်အခါ ဖခင်ကြီး အဖြစ်အပျက်ကို မျက်ရည်ဝိုင်းလျက် လျှောက်တင်ခဲ့ရသည်။

ဆရာတော်က လောကီရေးရာနှင့် ဆက်စပ်သည့် စကား မဆို။

တရားစကားများဖြင့် ကြေကွဲမှု သွေးနေမှုကို နှစ်သိမ့်ပေးသည်။

သူ၏ ပညာရေး ခရီးဆက်ရန် အတွက် အားပေးယံုံ အားပေးစကား ပြောပြီး ဖြေဆိုရန်နီးနေပြီဖြစ်သည့် စာမေးပွဲကို အာရုံစိုက်ရန် လမ်းညွှန် ဆုံးမသည်။

ဒုတိယနှစ်စာမေးပွဲကိုလည်း ကျိန်းသေပေါက် အောင်မည်ဟု ပြောရမည် သို့အောင် အားပါးတရ ကျေကျေနပ်နပ်ကြီး ဖြေဆိုနိုင်ခဲ့သည်။

စာမေးပွဲကို စိတ်ကြိုက် ဖြေဆိုနိုင်ခဲ့စေကာမူ သူ့မှာ ရာနှုန်းပြည့် ဝမ်းမသာနိုင်။

တက္ကသိုလ်မှာ နောက်ဆုံး ဖြေဆိုရသည့် 'စာမေးပွဲဟု ဆိုရမည့် ခံစားမှု ရှိနေပြီမို့ ကြိုးစားပမ်းစား ဖြေဆိုနိုင်ပေသိ ရာနှုန်းပြည့် ပမ်းသာပီတိ ကြည်နူးမှုကို မခံစားနိုင်။

ဖခင်ကြီး မရှိတော့ပြီ ဖြစ်သည့် အလျောက် အိမ်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဖြေရှင်းရမည့် တာဝန် ကျလာပြီ။

ဘွဲ့ရသည်အထိ တက္ကသိုလ်ပညာရေး ဆက်ရန် အခြေအနေ မပေးတော့။

ဒုတိယနှစ် အောင်ပြီးရင် နေရင်းဒေသမှာ အလယ်တန်းပြ ဆရာအလုပ်လောက်တော့ ရည်မှန်းနိုင်သည်။

မြို့ပေါ်မှ မရနိုင်သည့်တိုင် မြို့နှင့် မနီးမဝေးနေရာလောက်မှာတော့ ရနိုင်ဖို့ သေချာသည်။

ကိုယ့်ဒေသနှင့် ဝေးဝေးလံလံ မသွာရမည့် ကျောင်းဆရာ အလုပ်ကို ဝင်လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

အိမ်ပြန်တော့မည့်အကြောင်း ဆရာတော်အား လျှောက်ထားရသည်။

ဆရာတော်က သူ၏ ပညာရေး ခရီးဆက်ရန် ဘယ်လိုအစီအစဉ် ရှိသည်ကို အမေးအမြန်း ရှိလာသည်။

သူက နောက်နှစ် ကျောင်းဆက်မတက်တော့ဘဲ သူတို့ဒေသမှာ အလွယ်တကူ ရနိုင်မည့် မူလတန်းပြဆရာပဲ ဖြစ်ဖြစ်၊ အလယ်တန်းပြဆရာပဲဖြစ်ဖြစ် ရသည့်အလုပ် ဝင်လုပ်ပြီး အိမ်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ကူညီရတော့မည့်အကြောင်း လျှောက်တင်လိုက်သည်။

"နေပါဦး လွင်ဦးရဲ့ မင်းတို့အိမ်အခြေအနေက ဒီလောက်တောင် ဖြစ်နေလို့လား"

"မှန်ပါဘုရား အခြေအနေ အဆိုးကြီး မဟုတ်ပေမယ့် အမေ့အိမ်ထိုင်ဝင်ငွေက တပည့်တော်ရဲ့ ကျောင်းစရိတ်ကို ထောက်ပံ့နိုင်လောက်တဲ့ အခြေအနေ မရှိပါဘူး ဘုရား"

"နို့နေပါဦး၊ မယ်စိန်ရင်တို့ သားအမိက စားရေးသောက်ရေးအတွက် ပြဿနာ ရှိနေသလား။ လွှန်းမောင်လည်း ရှိနေသားပဲဟာ။ သူလည်း တစ်ဖက်တစ်လမ်းက တာဝန်ယူလိမ့်မယ်ပေါ့။ သူ့အခြေအနေလည်း အသင့်အတင့် ကောင်းနေသားပဲဟာ"

"မှန်ပါဘုရား၊ တပည့်တော် အတွက် သိပ်တာဝန်လေးမှာစိုးလို့ တပည့်တော် ခုလို လုပ်ရမှာပါဘုရား"

"အေး...ဒါဆိုကောင်းပြီ၊ မင်း ကျောင်းစရိတ်အတွက် လိုအပ်တာ အားလုံး ငါ တာဝန်ယူမယ်။ ဒီတော့ မင်းကျောင်းဆက်တက်ရမယ်။ မင်းအမေသိကိုပါ စာရေးလိုက်မယ်"

"တပည့်တော်အတွက် အရှင်ဘုရားမှာ..."

"မတော်ပြီ ဘာမှ ထပ်ပြောစရာ မလိုဘူး။ ငါပြောတဲ့အတိုင်း လုပ်ရမယ်၊ မင်း အခု အိမ်ပြန်၊ ကျောင်းဖွင့်ဖို့ တစ်ပတ်အလိုမှာ ပြန်လာခဲ့၊ ငါပြောတဲ့ အတိုင်း မလုပ်ရင် မင်းတို့ ငါ့ဆီကို သေတစ်ပန် သက်တစ်ဆုံး မလာကြနဲ့တော့"

ဆရာတော်က အပြတ်ပြောပြီး ထသွားသည်။

သည်သို့မှ ဘွဲ့ရသည်အထိ ကျောင်းဆက်နေ ဖြစ်သွားသည်။

သူ၏ငယ်စဉ် ဘဝပေး အခြေအနေမှာ အဆိုးနှင့် အကောင်း ဒွန်တွဲလျက်။

သို့ဖြစ်၍ ရှိုးသားကြိုးစားသူ လူငယ်တစ်ယောက် အဖြစ် ရပ်တည်ခဲ့သူဟု သတ်မှတ်ရမည်ပါ။

လေးနှစ်တာကာလ၊ ဘကြီး ဘုန်းတော်ကြီးနှင့် အနီးကပ်နေခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် တစ်နေ့နှစ်ကြိမ် မှန်မှန် ဘုရားပတ်ပြုခြင်းနှင့် ပုတီးစိပ်ခြင်း အလေ့အကျင့်ကောင်းကို ရရှိခဲ့သည်။

ဤသည်မှာ သူ၏ ငယ်စဉ်တဝနှင့် ကွဲ့ရသည်အထိ လှုပ်ရှားခဲ့ရသော အခြေအနေပင် ဖြစ်၏။

♛ ♛ ♛

(နှစ်)

သူ အလုပ်ရသည့် ကာလမှာ လုပ်ခွင်အခြေအနေ ကောင်းသည့် ကာလ။

သယ်တန်းအောင်လျှင်ပင် စာရေးတစ်နေရာကို အလွယ်တကူ ရနိုင်သည့် ကာလ။

ကျောထောက်နောက်ခံလည်း ရှိမည်။ ဘွဲ့တစ်ခုလည်း ရမည်ဆိုလျှင် အငယ်တန်း အရာရှိပေါက်စ၊ ရာထူးနေရာကို ရဖို့ အခက်အခဲ သိပ်မရှိလှ။

အလွယ်တကူ မဟုတ်သည့်တိုင် ကြိုးစားမှုအား သိပ်မစိုက်ဘဲ ရနိုင်သည်။

နောက်ဆုံးနှစ် စာမေးပွဲ ပြီးသည့်နောက် ဆရာတော်က အိမ်ပြန်ခွင့် ပေးသည်။

သို့ပါစေ စာမေးပွဲအောင်စာရင်း မထွက်မချင်း ဘာအလုပ်မှ ဝင်မလုပ်သေးဘဲ နေထိုင်ရန်နှင့် စာမေးပွဲ အောင်စာရင်းထွက်ချိန်တွင် ပြန်လာရမည်ဟု မှာလိုက်သည်။

ဆရာတော်နှင့် အနေပြောလာသည့်အလေ့အကျင့် ဆရာတော်၏ သဘောကို အပေါ်ယံမဟုတ် ထဲထဲဝင်ဝင် သိနေပြီ။

ဆရာတော်သည် စကားပြောရာတွင် တိုးပေါင်း ပြတ်ယင်သလို အကြောင်းမဲ့ စကားမျိုးပြောလေ့ပြောထမရှိ။

သူ့အား ကိုးကွယ်သူ ဒကာများနှင့် ဆက်ဆံရာတွင်လည်း ထိုအတိုင်းပင်။

ဆရာတော်သည် ပမိုယတ်ကျွမ်းဝင် နှစ်ပသလို ဝိနည်းသိက္ခာပုဒ် ထိန်းသိမ်းသည့် နေရာတွင်လည်း စံပြုရသူ ဖြစ်၏။

စာချတော်သလို တရားအဟော အပြောလည်း ကောင်းသည်။

ဒကာရင်းများနှင့် ဆက်ဆံရာတွင်ပင် အပိုစကားပြောလေ့ပြောထ မရှိ။

ကိုယ့်ကို ကြည်ညိုလာအောင် အပြောအဆိုမျိုးလည်း ဘယ်တော့မှ မပြော။

စာမဖတ်လျှင် ပုတီးစိပ်သည်။

စကြံလျှောက်ရင်း မေတ္တာဘာဝနာ ပွားများသည်။

တရားဓမ္မအကြောင်း. အမေးအမြန်း ရှိလာရင်တော့ မနောမှာ သဘော အကြည်ပေါက်သွားသည်အထိ ပြောဟောလေ့ ရှိသည်။

တရားဓမ္မနှင့်မဆိုင်လျှင် တိုရှင်းလိုရင်းပဲ အချိန်ပေးသည်။

"မကောင်းမှုရှင်၊ ကောင်းမှုသွင်။ စိတ်ရင်းဖြူဖြူထား"

ဆရာတော်၏ လက်ကိုင်ဆောင်ပုဒ် ဖြစ်၏။

"ကုသိုလ်နှင့် မဇ္ဈိမယကို မပွားနှင့်၊ မုဒိတာကို ပွား"

"စိတ်ထား မဖြူရင် မလှူနဲ့"

"စိတ်ထားမဖြူစင် မသန့်စင်ဘဲ ဒါနပင်ပြုပြု၊ သီလပင် ဆောက်တည် ဆောက်တည် ဘာဝနာကမ္မဋ္ဌာန်းပင် စီးဖြန်း စီးပြန်း ပြည့်ဝသော အကျိုး မရှိနိုင်"

ဆရာတော်က သူ့ကိုလည်း ဤသို့ပင် လမ်းညွှန် ဆုံးမခဲ့သည်။

လောကီကိစ္စကိုပဲလုပ်လုပ် လောကုတ္တရာအမှုကိုပဲပြုပြု စိတ်ဖြူစင်ဖို့သည် အဓိက။ အကျိုးမရှိသော အလုပ်သည် ဘယ်တော့မှ ကုသိုလ် မဖြစ်။

လာလမ်းကောင်းပြီး ပြန်လမ်းဖြောင့်ချင်ရင် စိတ်ကို ဖြူစင်အောင် ထား။

ဒါပေမယ် သူကတော့ ...။

♛ ♛ ♛

စာမေးပွဲအောင်စာရင်း ထွက်ပြီးသည်နှင့် သူ ရန်ကုန်ကို ပြန်ရောက်လာသည်။

ဆရာတော်က စာမေးပွဲအောင်စာရင်းထွက်ရင် ပြန်လာဖို့ မှာလိုက်သည်မှာ အကြောင်းရှိသည်။

ဆရာတော်အား လေးမြတ်ကြည်ညို ကိုးကွယ်သည့် ဆရာတော်၏ ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံထားသူ မင်းကြီးအဆင့် အရာရှိကြီး တစ်ယောက် ရှိသည်။

ထိုအရာရှိကြီးက လွင်ဦး၏ ရိုးသားကျိုးနွံပုံ၊ ကျောင်းဝေယျာဝစ္စကို စိတ်လိုလက်ရ လုပ်ကိုင်တတ်ပုံ၊ ပညာရေးကို အပတ်တကုတ် ကြိုးစားပုံများကို တွေ့ပြီး လွင်ဦးကို သဘောကျနေသည်။

သူ၏ ပညာရေးအတွက် ဆရာတော်က တာဝန်ယူထားသည်ကိုလည်း သိသည်။

သူ၏ ကျောင်းစရိတ်ကို ထောက်ပံ့ပါရစေဟု ဆရာတော်ကိုပင် လျှောက်ထားဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်က သူ့ကိုစွန့်ပစ်သက်၍ မည်သူ့အကူအညီကိုမှ မပြောဆိုစဖူးခဲ့။

သူ၏ အလုပ်ကိစ္စနှင့် ပတ်သက်၍လည်း လေသံသော်မှ မဟာစဖူးခဲ့။

ကျောင်းကိစ္စပြီးလျှင် သူ့တာဝန် ပြီးပြီ။ ဘဝရှေ့ရေးဆက်ဖို့ ကိစ္စအတွက် သူ့ တာဝန်နှင့်သူ ရှိပစေဟု သဘောထားခဲ့သည်။

သို့စေကာမူ ပစ္စည်းလေးပါး ဒါယိကာကြီးက ဆရာတော်ထံ ခွင့်ပန်၍ လျှောက်တင် စကားစခဲ့သည်။

လွင်ဦးဘွဲ့ရလျှင် အလုပ်အကိုင် နေရာကောင်းလေး ရဖို့အတွက် ကူညီခွင့်ပြုရန် လျှောက်ထားခဲ့၍ ဆရာတော်က သူ့ကို အကြောင်းပြုပြီး လုပ်ကိုင်ပေးရတာမျိုးတော့ မဖြစ်ပါစေနှင့်ဟု အမိန့်ရှိခဲ့သည်။

ဆရာတော်၏ ဒါယိကာကြီးက လွင်ဦး၏ ရိုးသားကျိုးနွံမှုနှင့် ကြိုးစားအားထုတ်မှုကို အကြောင်းပြု၍ မျိုးကောင်းဖြစ်လာမည့် အပင်ကို ရှင်သန်အောင် မြေတောင်မြှောက်ပေးလိုသည့် ဆန္ဒကြောင့် တာဝန်ယူရခြင်း ဖြစ်ပါသည်ဟု ဆရာတော်ကို လျှောက်ထားသောကြောင့် ဆရာတော်က ဆိတ်ဆိတ်နေလိုက်သည်။

ထိုကိစ္စကို အကြောင်းပြု၍ လွင်ဦးကို အောင်စာရင်း ထွက်ရင် ရန်ကုန်ပြန်လာဖို့ မှာလိုက်ခြင်း ဖြစ်၏။

မင်းကြီး၏ အရှိန်အဝါနှင့် ကူညီဆောင်ရွက်ပေးမှုကြောင့် လစာ နှစ်ရာကိုးဆယ်ရသည့် ပစ္စည်းသိုလှောင်ရေးဌာနတွင် အလုပ်ဝင်ခဲ့ရသည်။

သူ၏အထက်မှာ အရာရှိကြီး သုံးဦးရှိသည်။

သူနှင့်တန်းတူ လက်ထောက် စတိုကီပါ သုံးယောက်ရှိသည်။

ပစ္စည်းအမျိုးအမည်များသလို ပစ္စည်းတွေလည်း အစုံလိုက်၊ အပုံလိုက် ရှိနေသည်။

သူ့အတွက် ကံကြမ္မာအလှည့်အပြောင်းမှာ အကောင်းဘက်သို့ အလေးသာသွားပြန်သည်။

ဂိုဒေါင်ကြီးသုံးလုံးအပြင် အချို့အမာခံ ပစ္စည်းများမှာ ခြံဝန်းထဲတွင် ပြည့်နက်နေသည်။

ပစ္စည်းအဝင်က တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါလောက် ရှိသော်လည်း ပစ္စည်းအထုတ်မှာမူ နေ့စဉ်ရှိသည်။

အလုပ်စဝင်ဝင်ချင်း ပစ္စည်း အမျိုးအမည်အခေါ်အဝေါ်နှင့် ဘယ်ဂိုဒေါင်တွင် ဘယ်လိုပစ္စည်းများ ထားရှိသည်ကိုလည်းကောင်း၊ ပစ္စည်းများ ထားသိုပုံကိုလည်းကောင်း လေ့လာရသည်။

နှစ်လတာကာလအတွင်း တိတိကျကျ လုပ်ငန်းတာဝန်မယူရသေးဘဲ လေ့လာစရာ ရှိသည်များကို လေ့လာရင်း လူကြီးများ ခိုင်းသည့်အလုပ်များကို တိုစပ်စပ်၊ သည်းကပ်စပ် လုပ်ပေးရသည်။

သူက သချ်ာသမား ဖြစ်သောကြောင့် စာရင်းအင်းများ ပြုစုရေးမှတ်ဖွဲ့စည်းရာတွင် အမှားအယွင်းမရှိ သေသပ်သည်။

ရိုးသားကြိုးစား၊ ကျိုးနွံသည့် သူ့စရိုက်အတိုင်း နေထိုင် လုပ်ကိုင်ခဲ့သောကြောင့် ကိုတောင်းသော အချိန်ကာလအတွင်းမှာပင် လုပ်ဖော်ကိုင်ဖက်များ၏ ခင်မင်မှုကို ရရှိလာသည်။

သူ၏ပထမဆုံး လစာငွေကို ဆရာတော်အား ကပ်လှူခဲ့သည်။

ဆရာတော်က ကပ်လှူသည်ကို လက်ခံပြီး ကျောင်းဝေယျာဝစ္စ အသုံးစရိတ်ကိုင်တွယ်ရသည့် ဦးအောင်သိန်းထံ ပေးအပ်လိုက်သည်။

"မင်းက ကျောင်းရိပ်ကို ခိုလှုံပြီး နေရတဲ့အတွက် မင်းအလှူငွေကို ကျောင်းစရိတ်ထဲကိုပဲ ထည့်၊ ငါ့ကို သီးခြားလှူတာ မဖြစ်စေနဲ့" ဟု အမိန့်ရှိပြီး ကျောင်းစရိတ်ထဲ ထည့်ခိုင်းလိုက်သည်။

ဆရာတော်က အလုပ်အကိုင် ရနေပြီဖြစ်တဲ့အတွက် ကျောင်းတွင် ဆက်နေရန် မသင့်တော်ကြောင်း၊ နေရေးထိုင်ရေးအတွက် အဆင်ပြေအောင် ကိုယ့်ဘာသာကိုယ် ဖန်တီးရမည့်အကြောင်းပါ ပြောလာသည်။

လောလောဆယ် မဟုတ်သေးပေမယ့် တစ်လ၊ နှစ်လအတွင်း ကိုယ့်ဘာသာကိုယ် ရပ်တည်နိုင်အောင် စီစဉ်ဖို့ ပြောသည်။

ထိုသို့ ဆရာတော်အမိန့်ရှိသည်ကို ကြားလိုက်ရသည့်အခါ သူ၏စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

သေသေချာချာ ပြန်ပြီး စဉ်းစားတော့မှ ဆရာတော် ပြောသည်ကို သဘောပေါက်ရသည်။

ကျောင်းသားဘဝ၌ ကျောင်းရိပ်ကို ခိုနေရသည်က တစ်မျိုး။

ဆရာတော်ကလည်း ထားလိုသင့်သည်။

အလုပ်အကိုင်နှင့် အတည်အကျဖြစ်လာပြီမို့ သူများတွေက တစ်မျိုးတစ်



www.burmeseclassic.com

www.burmeseclassic.com

မည် ပြောလာမည်ကို ဆရာတော်က မလိုလား။

အထူးသဖြင့် ဆရာတော်နှင့် ပတ်သက်နေသောကြောင့် ဆရာတော်က အပြောရှိရသည်ကို သဘောပေါက်ရသည်။

ဆရာတော်ပြောတာ မှန်သည်။

အစစ၊ အရာရာ ဆရာတော်ကို ချည်း အားပြုမှီခိုနေလို့ မကောင်း။

ကိုယ့်ဝမ်းကိုယ်စကိုလည်း ထုတ်ဦးမှ ဖြစ်မည်။

အိမ်တွေဘာတွေ သီးခြားငှားနေလောက်အောင် အခြေအနေ မရှိစေကာမူ တစ်ကိုယ်ရေ ဖာစ်ကာယ၊ လခပေးနေရာရရင် ဖြစ်သည်။

စားရေးအတွက်က ပြဿနာ မရှိ၊ ဆိုင်မှာ စားလို့ ရသည်။

သူနှင့်အတူ တွဲလုပ်ရသည့် စာရေးကြီး ဦးကြည်မောင်ကို အကျိုးအကြောင်း ပြောပြီး အကူအညီ တောင်းရသည်။

စာရေးကြီး ဦးကြည်မောင်က လောလောဆယ် နေချင်သပဆိုရင် သူ့အိမ်မှာ နေလို့ရကြောင်း၊ သူတို့မှာ လင်မယားနှစ်ယောက်နှင့် သားတစ်ယောက်သာ ရှိကြောင်း၊ အားနာရမည့် သက်ကြီးရွယ်အိုနှင့် ရွယ်တူတန်းတူ မိန်းကလေး မရှိကြောင်း၊ ခေတ္တခဏ နေထိုင်သည့်အတွက် လခဟူ၍လည်း ပေးစရာ မလိုကြောင်းပြော၍ လတ်တလော ပြဿနာကို အကူအညီပေးနိုင်သည့်အကြောင်း ပြောသည်။

"ကိုလွင်ဦး သီးခြားနေဖို့အတွက် စပေါ်တွေ ဘာတွေ များများစားစား မပေးရတဲ့ အခန်းမျိုး ရှာကြတာပေါ့၊ ကျုပ်အိမ်က ပဒုန်ဆယ်၊ ပေလေးဆယ် သီးခြားအိမ်ကလေးပဲ၊ ကိုလွင်ဦး တစ်ကိုယ်ရေတစ်ကာယ နေဖို့ ဘာမှ အခက်အခဲ မရှိဘူး"

"ဟုတ်ကဲ့၊ ကျွန်တော့်မှာ တခြား အားကိုးစရာ အဆက်အသွယ်လည်း မရှိပါဘူး။ ကျွန်တော့်ရဲ့ အနေအထိုင်၊ အကျင့်စရိုက်ကို သိတဲ့ ဦးလေးကြည်ကိုပဲ အားကိုးရမှာမို့ အကူအညီ တောင်းရတာပါ။ ဦးလေးကြည် ပြောသလို နေဖို့အတွက် ဦးလေးကြည်ဇနီးနဲ့ တိုင်ပင်ပြောဆိုကြည့်ပါဦး၊ နှစ်ဦး သဘောတူညီတာက ပိုကောင်းပါတယ်"

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောပါရစေ၊ ကျွန်တော် ခေတ္တနေထိုင်တဲ့ ကာလအတွက် အိမ်လခသဘော မဟုတ်ပါဘူး၊ ကလေး မုန့်ဖိုးသဘော တစ်လငါးဆယ် ပေးပါရစေ။ ဒါကိုမှ လက်မခံရင်တော့ ကျွန်တော် နေလို့ဖြစ်မယ် မထင်ဘူး"

သူက သူ့သဘောထားကို ပွင့်ပွင့်လင်းလင်း ပြောပြသည်။

ဦးကြည်မောင်ကလည်း သူပြောသည့်အတိုင်း တိုင်ပင်ကြည့်မည်ဟု ပြောသည်။

နောက်တစ်နေ့ ဦးကြည်မောင်ထံမှ စကားပြန်ရသည်။

တနင်္ဂနွေနေ့တွင် အိမ်ကို လာကြည့်ဖို့နှင့် သူ့ဇနီးဖြစ်သူနှင့် တွေ့ဆုံကြဖို့။

အဆင်ပြေမည့် အခြေအနေ ပေးလာပြီ။

သီးခြားအငှားအခန်းလေး မရခင်တော့ ကျောတစ်ခင်းစာ နေရာမှာ ဖြစ်သလို နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တနင်္ဂနွေနေ့ ဦးကြည်မောင် ပေးထားသည့် လိပ်စာအတိုင်း ဥက္ကလာသို့ ရောက်သွားသည်။

ဦးကြည်မောင်တို့ အိမ်ကလေးမှာ ခနိုမိုး၊ ဝါးထရံကာ ပျဉ်ခင်းအိမ်ကလေး ဖြစ်စေကာမူ သပ်သပ်ရပ်ရပ် ရှိသည်။

ဖိနပ်ချွတ်ကပြင်မှာ ပက်လက်ကုလားထိုင် တစ်လုံး လက်တန်း မပါသော ကြိမ်ကုလားထိုင်တစ်လုံး ရှိသည်။

ဧည့်ခန်းတွင် စားပွဲကုလားထိုင် ဘာဘာညာညာတွေ မရှိ၊ စာရေးစားပွဲပုကလေး တစ်လုံးပဲ ရှိသည်။

အပြင်ရှင်းသည်။ သူ ရောက်သွားတော့ ဧည့်ခန်းမှာ ဖျာချောခင်းပြီး နေရာပေးသည်။

ဘုရားစင်ကို ထရံကာအပြင်သို့ ထုတ်ထားသောကြောင့် ဧည့်ခန်းနှင့် မရောထွေးဘဲ သီးခြားသဖွယ် ရှိနေသည်။

ဘုရားစင်မှာ မကြီးပေမယ့် သန့်စင်သည်။

ပုတီးအကြီး နှစ်ကုံးနှင့် အသေးတစ်ကုံး၊ ချိတ်ဆွဲထားသည့်ကြောင့် ဦးကြည်မောင်တို့ မိသားစုမှာလည်း ပုတီးသမားများ ဖြစ်လိမ့်မည်ဟု ခန့်မှန်းရသည်။

သူ့အတွက် ရေနွေးကြမ်းတစ်အိုးနှင့် ရိုးရိုးပင် ဧည့်ခံသည်။

ရိုးသားမှု ဆောင်သည့်သဘော။

ဦးကြည်မောင်၏ဇနီး ဒေါ်မြပွင့်မှာ အသွားပြု၍ ဥပမိရုပ် သန့်ပြန့်သည်။ သဘောသကာယပြည့်ဝမည့် အရိပ်အယောင် ထင်သည်။ စကားပြော အေးသည်။

ဇွေ့လဆက်ရန်


ကျော်မြသန်း



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်မှ ဖြစ်ရပ်မှန် မှုခင်းများ




**လှမိုး(ပညာရေး)**

ကျွန်တော်သည် ဤ'ပြစ်မှု'မဂ္ဂဇင်းကြီးတွင် ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေကြီးဟု ·ကင်ပွန်းတပ်ခံရသော အင်္ဂလန်နိုင်ငံ၊ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ စုံထောက်ကျော်များ ခက်ခက်ခဲခဲဖော်ထုတ်ခဲ့ရသော ဖြစ်ရပ်မှန်မှုခင်းများ။ ပြင်သစ်နိုင်ငံမှ အမျိုးသားဆူရီတေး စုံထောက်အဖွဲ့မှ ဖော်ထုတ်ခဲ့သော မှုခင်းများနှင့် နိုင်ငံတကာ ရဲအဖွဲ့က ဖော်ထုတ်ခဲ့ရသော မှုခင်းများအကြောင်းကို အခါအားလျော်စွာ မြန်မာဘာသာပြန်ဆိုရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤဖြစ်ရပ်မှန်မှုခင်းများကို ဖတ်ရှုခဲ့ရသော ကျွန်တော် ကျောင်းသားဟောင်းရဲအရာရှိကြီးတစ်ယောက်ကမူ ယနေ့ကမ္ဘာတွင် စူပါပါဝါနိုင်ငံကြီးဟု သတင်းမီဒီယာများကဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စု၏ လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော အက်(ဖ်)ဘီအိုင်အဖွဲ့မှ စုံထောက်ကျော်များ ဖော်ထုတ်ခဲ့သော မှုခင်းများကိုလည်း ရေးသားဖော်ပြပေးပါဟူ၍ဆိုကာ အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့အကြောင်း ရေးသားထားသည့် စာအုပ်များကို ကျွန်တော့်အား ပေးခဲ့ပါသည်။

သို့သော် ... အကြောင်းကြောင်းကြောင့် ထိုစာအုပ်များမှ ဖြစ်ရပ်မှန်မှုခင်းများကို ဘာသာပြန်ဆိုရေးသားခဲ့ခြင်း မပြုခဲ့ပါ။ ယခုမှပင် မြန်မာဘာသာပြန်ဆိုရေး



www.burmeseclassic.com

www.burmeseclassic.com

သွားခဲ့ပါသည်။ ယနေ့ စူပါပါဝါဟု ကင်ပွန်းတပ်ခံရသော အမေရိကန်ပြည်ထောင်စုအစိုးရ၏ လက်အောက်ခံအဖွဲ့အစည်းများအနက် အင်္ဂလိပ်ဘာသာဖြင့် အတိုကောက်စာလုံးသုံးလုံးစီဖြင့် ခေါ်ဆိုကြ၍ လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်သော အဖွဲ့အစည်းကြီးနှစ်ခုမှာ စီအိုင်အေခေါ် [Central Intelligence Agency] ခေါ် ဗဟိုစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် ကျန်အဖွဲ့အစည်းတစ်ခုမှာ အက်(ဖ်)ဘီအိုင် [Federal Bureau of Investigatcons] ခေါ် ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေးအဖွဲ့ကြီးပင် ဖြစ်ပါသည်။

ယင်းအဖွဲ့ကြီးနှစ်ဖွဲ့အနက် စီအိုင်အေအဖွဲ့ကြီး အမေရိကန်ပြည်ထောင်စုတစ်ဝှန်းလုံးရှိ နိုင်ငံခြားသံရုံးများ၊ စပိုင်များ၊ အမေရိကန်ပြည်ထောင်စုရှိ ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် ကြံရွယ်နေသူများ၊ အကြမ်းဖက်သမားများ၊ အမေရိကန်အစိုးရအား ပြင်ပအကူအညီနှင့် ဖြုတ်ချရန် ကြံစည်သူများကို စုံစမ်းထောက်လှမ်း၍ လိုအပ်သလိုအရေးယူဆောင်ရွက်ရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းကြီးတစ်ဖွဲ့ ဖြစ်ပါသည်။

အက်(ဖ်)ဘီအိုင်သည် ပြည်ထောင်စုစုံစမ်းထောက်လှမ်းရေး ဗျူရို၏ ပထမအင်္ဂလိပ်အက္ခရာများကို ယူထားခြင်းဖြစ်ပြီး ယင်းစကားလုံးများကို ထိုအဖွဲ့ကြီး၏ ဆောင်ပုဒ်အဖြစ် သတ်မှတ်ထား၏။ F.B.I. အက္ခရာသုံးလုံးကို Fidelity – သစ္စာရှိခြင်း၊ Bravery – ရဲရင့်ခြင်းနှင့် Integrity –သမာဓိရှိခြင်းဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုထားသော အဖွဲ့အစည်းကြီးလည်း ဖြစ်သည်။ ထိုအဖွဲ့အစည်းကြီး၏ စုံထောက်များသည် အဖွဲ့ကြီး၏ ဆောင်ပုဒ်အတိုင်း နေထိုင်ပြုမူကျင့်ကြံကြရသည်၊ သူတို့သည် အက်(ဖ်)ဘီအိုင်အဖွဲ့ကြီး၏ ဂုဏ်သိက္ခာကို မိမိတို့အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ကြရသည်ဟု သိရသည်။ အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးမှာ နိုင်ငံရေးနှင့် လုံးဝပတ်သက်ခြင်းမရှိသော ရာဇဝတ်မှုခင်းများကိုသာ စုံစမ်းထောက်လှမ်းရသည်ဟု ဆိုသည်။ ဤအဖွဲ့အစည်းကြီးကို ခရစ်နှစ် ၁၉၀၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု သမ္မတ သီအိုဒိုရုစဗဲ့ လက်ထက်၌ စတင်ဖွဲ့စည်းခဲ့ခြင်းသာဖြစ်ရာ ကမ္ဘာ့မှုခင်းသမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်သော အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ်စုံထောက်အဖွဲ့နှင့် ပြင်သစ်နိုင်ငံမှ အမျိုးသားသူရဲဘော စုံထောက်အဖွဲ့ကြီးတို့ထက် သက်တမ်းအလွန်နုသည်ဟု သိရ၏။ သို့သော် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ကြီးကို နိုင်ငံတကာ စုံထောက်အဖွဲ့များက မော့ကြည့်ကြရသည်။

မှတ်တမ်းများအရ အက်(ဖ်)ဘီအိုင်အဖွဲ့ကို ပထမအမည်ပေးခဲ့စဉ်ကမူ 'စုံစမ်းထောက်လှမ်းရေးအဖွဲ့' "Bureau of Investigation" ဟူ၍ သာမန်အမည်သာ ပေးထားခဲ့ရာ သမ္မတဖရင်ကလင်ရုစဗဲ့ လက်ထက် ၁၉၃၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကစ၍ အက်(ဖ်)ဘီအိုင်ဟူသော အမည်ကို စတင်အသုံးပြုခဲ့၏။ သို့ဖြစ်၍ အက်(ဖ်)ဘီအိုင်အဖွဲ့သည် အမေရိကန်ပြည်ထောင်စုသမိုင်း၌ အထင်ရှားဆုံးနှင့် ဒုတိယကမ္ဘာစစ်ကြီးမားဆုံး သမ္မတကြီး ဖရင်ကလင်ရုစဗဲ့လက်ထက်တွင် အထူးထင်ရှားခဲ့သည်။ ယင်းအဖွဲ့ကြီးသည် အမေရိကန်ပြည်ထောင်စု အတွင်းရှိ ရာဇဝတ်မှုခင်းများကိုသာ ကိုင်တွယ်စုံစမ်းထောက်လှမ်းအရေးယူခဲ့ပြီး နိုင်ငံတကာ အရေးအခင်းများနှင့်မူ ခပ်ကင်းကင်း ခပ်ကွာကွာ ဆက်စပ်မှုမရှိခဲ့။ သို့သော် အက်(ဖ်)ဘီအိုင်အဖွဲ့ကြီး ဟိုးဟိုးကျော်ဖြစ်ခြင်းမှာ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့နိုင်ငံကြီးများတွင် စူပါပါဝါဟုကင်ပွန်းတပ်ခံရသော နိုင်ငံကြီးဖြစ်လာသောကြောင့် ဖြစ်၏။ ဤကဲ့သို့ဖြစ်လာသဖြင့် လူနေမှုစနစ်ပြောင်းလဲလာရာ ဆင်းရဲခြင်း၊ တော်မှတ်ခေါင်းပါးခြင်း၊ ပညာသင်ခွင့်မရခြင်း၊ ကျန်းမာရေးချို့တဲ့ခြင်း စသော လူမှုရေးဒုက္ခအပေါင်းတို့ ကြုံတွေ့လာကြတော့သည်။

လူနေမှုစနစ် ကွာဟမှု ကြီးထွားလာရာ လက်တစ်ဆုပ်စာ လူနည်းစုများသာ အခွင့်ထူးခံလူတန်းစားများ ဖြစ်လာခဲ့ရသည်။ ပြည်သူလူထုအများစုမှာ ဆင်းရဲမွဲတေခြင်းတည်းဟူသော "လူမှုဒုက္ခအပေါင်းတို့နှင့် ကြုံတွေ့ကြရတော့၏။ ဤသည်တို့နှင့်တစ်ဆက်တည်း အကျင့်စာရိတ္တပျက်ပြားခြင်း၊ ဒုစရိုက်လုပ်ငန်းများ တစ်နေ့တခြား တိုးတက်လာခြင်း၊ ရာဇဝတ်မှုထူပြောခြင်းတို့မှာ အတောမသတ်နိုင်အောင် များပြားလာလေရာ လူသတ်မှု (မိနစ် ၂၀ အတွင်း လူတစ်ယောက်ကျ အသတ်ခံနေရသည်ဟု စာရင်းဇယားများအရ သိရ၏။) မိန်းကလေးငယ်များအား စော်ကားသောအမှု၊ ဓားပြမှု၊ ပြန်ပေးဆွဲမှု၊ ဖောက်ထွင်းမှု၊ မော်တော်ကားခိုးမှုများ တစ်နေ့တခြားများပြားလာသည်။ ဤဖြစ်ရိုးဖြစ်စဉ် အမှုအခင်းများသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် မကြုံဘူး၊ မကြားဘူးသော လူသတ်မှုများ ပေါ်ပေါက်ခဲ့သည်။ အပြစ်မဲ့ပြည်သူများ၊ ကျောင်းသူကျောင်းသားများအား အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သည့် အမှုများ၊ လူအများအား ဆက်တိုက်အကြောင်းမဲ့သတ်ဖြတ်သည့် Serial Killer များ ပေါ်ပေါက်လာခဲ့ရသည်။ သားသမီးဖြစ်သူများက မိဘမောင်နှမ၊ မိသားစုအား သွေးအေးအေးဖြင့် အကြောင်းမဲ့သတ်ဖြတ်မှုများလည်း ကြုံလာရသည်။ ဤသို့ ကြောက်ခမန်းလိလိ များပြားပူပြောသော ဒုစရိုက်



www.burmeseclassic.com

www.burmeseclassic.com

ရာဇဝတ်မှုများကို စုံစမ်းခြင်း၊ ထောက်လှမ်းခြင်း၊ ရှာဖွေခြင်း၊ သဲလွန်စရှာခြင်း၊ ဟောပစ်ဆေးခြင်း စသည်တို့ကို အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးက တစ်စိုက်မတ်မတ် ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ နေ့စဉ်တကျ သိပ္ပံနည်းကျ စုံစမ်းထောက်လှမ်းခဲ့ကြသည်။

ယနေ့ မျက်မှောက်ခေတ်တွင် ရာဇဝတ်မှုခင်းများနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လှုပ်ရှားမှုများကို စုံစမ်းထောက်လှမ်းရေးလုပ်ငန်းနှင့် ပတ်သက်လာလျှင် အမေရိကန်ပြည်ထောင်စု၏ အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးသည် ကမ္ဘာပေါ်တွင် စနစ်အကျဆုံး၊ အတိကျဆုံး၊ အသေအချာဆုံး၊ အခိုင်မာဆုံး စုံထောက်အဖွဲ့ကြီးဖြစ်သည်ဟူ၍ မှုခင်းသုတေသီအများက တညီတညွတ်တည်း ဖော်ထုတ်ချီးကျူးခဲ့ကြသည်။ စတင်တည်လာသည့်နှစ်ပေါင်း ၉၀ ကျော်အတွင်း လူအားငွေအားဖြင့် တည်ဆောက်ခဲ့ရာ ယနေ့ဆိုလျှင် အက်(ဖ်)ဘီအိုင်စုံစမ်းထောက်လှမ်းရေး အဖွဲ့ကြီးတွင် လူအင်အားသုံးသောင်းနီးပါး များပြားလာခဲ့ပြီး အသုံးစရိတ်များလည်း အံ့မခန်း တိုးတက်လာခဲ့သည်။ အက်(ဖ်)ဘီအိုင်စုံထောက်အတတ်သင်ကျောင်းမှာလည်း တိုးတက်လာသည့်ခေတ်နှင့်အပြိုင် စုံစမ်းထောက်လှမ်းမှုအသာရပ်များကို ပို့ချလျက်ရှိရာ ထူးထူးဆန်းဆန်း မနောဖြင့်သတင်းပေးပို့သည့် (Telepathy)နည်းစနစ်၊ မနောဖြင့်ထောက်လှမ်းသည့် နည်းစနစ်များကိုသာ လေ့ကျင့်ပျိုးထောင် သုတေသနပြုလျက်ရှိသည်ဟု သတင်းများက ဖော်ပြခဲ့သည်။

အက်(ဖ်)ဘီအိုင်စုံစမ်းထောက်လှမ်းရေး ဌာနချုပ်သည် အမှုများ ထောက်လှမ်းရာတွင် စုံထောက်ဦးရေအများဆုံး၊ ငွေကြေးအမြောက်အမြားအသုံးပြု၍ စုံစမ်းထောက်လှမ်းသော ဌာနတစ်ခုဖြစ်သည့်အကြောင်းကို ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မှန်ပါသည်။ အက်(ဖ်)ဘီအိုင်သည် ဒုစရိုက်သမားတစ်ယောက်၊ သို့မဟုတ် ပြစ်မှုကျူးလွန်သူ တရားခံတစ်ယောက် ဖမ်းဆီးရမိရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရဲအဖွဲ့များ၊ စုံထောက်အဖွဲ့များနှင့် ဆက်သွယ်၍ စုံစမ်းထောက်လှမ်းခဲ့လေ့ရှိသည်။ ယနေ့ ကမ္ဘာသည် တစ်နေ့တခြား ကျဉ်းမြောင်းလာသည်ဟု ဆိုနိုင်ပါသည်။ လမ်းပန်းအဆက်အသွယ် ချောမွေ့၍ နိုင်ငံတကာနှင့် သွားလာရေးမှာ အတားအဆီးမရှိ မြန်ဆန်လှသည်။ နာရီပိုင်းအတွင်းမှာပင် နိုင်ငံတစ်နိုင်ငံမှ ပြစ်မှုကျူးလွန်သူတရားခံတစ်ယောက်သည် အခြားနိုင်ငံတစ်နိုင်ငံသို့ ခြေရာဖျောက်၍ ထွက်ပြေးလွတ်မြောက်သွားနိုင်သည်။ ခေတ်မီနည်းပညာအမျိုးမျိုး အသုံးပြု၍ ရုပ်ပြောင်းရုပ်လွှဲ ပြုလုပ်၍ ခြေရာဖျောက်နိုင်ကြပါသည်။

သို့သော် ထိုတရားခံများကို အက်(ဖ်)ဘီအိုင်သည် ကမ္ဘာကျယ်ဝန်းသရွေ့ ခြေရာခံလိုက်ကာ ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်။ သာဓကအားဖြင့် ကမ္ဘာကျော်လုပ်ကြံမှုကြီးတစ်မှုဟူ၍လည်းကောင်း၊ ဂန္ထဝင်လုပ်ကြံမှုကြီးတစ်မှုဟူ၍လည်းကောင်း မှုခင်းသမိုင်းတွင် မှတ်တမ်းတင်ထားရသော ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်(လ်)ဆုရှင် လူမည်းခရစ်ယာန်ဘုန်းတော်ကြီး ဒေါက်တာမာတင်လူသာကင်း လုပ်ကြံသတ်ဖြတ်မှုတွင် လူသတ်တရားခံအား ဖမ်းဆီးရမိရေးအတွက် အက်(ဖ်)ဘီအိုင်စုံစမ်းထောက်လှမ်းရေးဌာနသည် စုံထောက် ၃၀၁၄ ယောက်တို့ကို ချက်ချင်းတာဝန်ပေးခဲ့ပြီး ထိုစဉ်က (၁၉၆၈ ခုနှစ်) ဒေါ်လာငွေ တစ်သန်းလေးသိန်း အကုန်အကျခံကာ စုံစမ်းထောက်လှမ်းမှု ပြုလုပ်ခဲ့သည်။ ထို့ကြောင့်လည်း ဒေါက်တာမာတင်လူသာကင်း လုပ်ကြံခံရပြီး မိနစ်အနည်းငယ်အတွင်းမှာပင် တရားခံကို ခြေရာခံနိုင်ခဲ့ကြသည်။

ယင်းတရားခံကို ဖမ်းဆီးရမိရေးအတွက် အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့ဝင်တို့သည် ခရီးအကွာအဝေး မိုင်ပေါင်း

---

**မှတ်တမ်းများအရ အက်(ဖ်)ဘီအိုင်အဖွဲ့ကို ပထမအမည်ပေးခဲ့စဉ်ကမူ "စုံစမ်းထောက်လှမ်းရေးအဖွဲ့" "Bureau of Investigation" ဟူ၍ သာမန်အမည်သာပေးထားခဲ့ရာ သမ္မတဖရင်ကလင်ရုစဘဲလက်ထက် ၁၉၃၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ကစ၍ အက်(ဖ်)ဘီအိုင်ဟူသော အမည်ကို စတင်အသုံးပြုခဲ့၏။**

---



www.burmeseclassic.com

www.burmeseclassic.com

ငါးသိန်းနီးပါး ဆက်သွယ်ထောက်လှမ်းခဲ့ရပြီး တရားခံအား အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဟီသရိုးလေဆိပ်တွင် စကော့တလန်ယာဒ်စုံထောက်အဖွဲ့၏ အကူအညီနှင့် ဖမ်းဆီးနိုင်သည်။ ဤမှုခင်းကြီး ဖော်ထုတ်နိုင်အောင် စုံစမ်းထောက်လှမ်းခဲ့မှုသည် အက်(ဖ်)ဘီအိုင်အဖွဲ့ကြီးအဖို့ ကမ္ဘာ့နိုင်ငံအသီးသီးအပေါ် ဩဇာတိက္ကမ ရှိခဲ့ရသည်ဟုဆိုသည်။ ထိုမှုခင်းကြီး၏ ဖြစ်စဉ်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။

'ဒေါက်တာမာတင်လူသာကင်း' သည် လူမည်းခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ သူသည် လူဖြူ၊ လူမည်း အသားအရောင်ခွဲခြားမှုနှင့် လူတိုင်းတန်းတူရည်တူ အခွင့်အရေးရစေရန် တိုက်ပွဲဝင်နေသူ ဖြစ်သည်။ သူသည် ဤအခွင့်အရေးများ ရရှိရေးအတွက် အမေရိကန်ပြည်ထောင်စု တစ်နံတစ်လျားကို လှည့်လည်၍ ဟောပြောခြင်းစည်းရုံးခြင်း ပြုခဲ့ရာ လူမည်းတို့၏ အားကိုးအားထားပြုရာ ကိုးကွယ်ဆည်းကပ်ရာ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။

သူ့အား ၁၉၂၉ ခု၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၊ ဂျော်ဂျီယာပြည်နယ်၊ အတ္တလန္တာမြို့တွင် ဖွားမြင်ခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် သူသည် ခရစ်ယာန်ဘုန်းတော်ကြီးအဖြစ် ခံယူခဲ့ပြီး၊ အတ္တလန္တာမြို့ 'အီဘင်နီဇာ' ဘက်ပတစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဘုန်းတော်ကြီးဖြစ်လာသည်။ သူသည် အမေရိကန်ပြည်ထောင်စု၏ လူဖြူ၊ လူမည်း ခွဲခြားမှု ကျင့်ဝတ်နှင့် လူမှုရေးဆိုင်ရာ အားနည်းမှုကို မြင်သူဖြစ်၏။ သို့ဖြစ်၍ ဤလူမှုရေးခွဲခြားဆက်ဆံမှုကို မာတင်လူသာကင်းက ဆန့်ကျင်ခဲ့သည်။ ဤသို့ ဆန့်ကျင်ဆန္ဒပြမှုများကြောင့် မကြာခဏ အဖမ်းခံရသည်။ လူမည်းများက ချစ်ခင်ကြည်ညိုသော်လည်း လူဖြူများကြားတွင်မူ မာတင်လူသာကင်းအား မုန်းတီးသူ တစ်နေ့တခြား များလာသည်။ ၁၉၆၄ ခုနှစ်တွင်မူ နိုဘယ်(လ်)ငြိမ်းချမ်းရေးဆုကြီးကို ချီးမြှင့်ခြင်းခံရသည်။ သူ၏ ကြိုးစားမှုကြောင့် လူဖြူ၊ လူမည်းများကြားတွင် ခွဲခြားမှုများ အတော်အသင့် ရပ်ဆိုင်းသွားသည်။ လူဖြူအချို့ကပါ မာတင်လူသာကင်းအား အပြစ်မမြင်ဘဲ ထောက်ခံလာကြပေတော့၏။

သို့သော် သူ့အားမုန်းတီးသူ လူဖြူများလည်း ရှိနေသည်။ ၁၉၆၈ ခု၊ ဧပြီလ ၄ ရက်နေ့တွင် မာတင်လူသာကင်းနှင့် ဇနီးသည် အမေရိကန်ပြည်ထောင်စု၊ တင်နက်ဆီပြည်နယ်၊ ဟင်းဖစ္စမြို့၊ လောင်ရိမ်းတည်းခိုခန်းတွင် တည်းခိုနေကြ၏။ ထိုအချိန်က အသက် ၃၈ နှစ်အရွယ် ဂျွန်ဝစ်လက်ဆိုသူသည် အထက်ဖော်ပြပါ တည်းခိုခန်းနှင့် မျက်နှာချင်းဆိုင်တည်းခိုခန်း၌ တည်းခိုနေသည်။ သူသည် နာမည်ပေါင်းအမြောက်အမြားရှိသူ ဖြစ်၏။ သို့သော် သူ၏နာမည်အမှန်မှာ 'ဂျိမ်း(စ်)အာလ်ရေး'ဖြစ်သည်။ သူ့တွင် ၃၀. ဝ၆ ရိုင်ဖယ်တစ်လက် ပါလာသည်။ ထိုသေနတ်ဖြင့်ပင် သူနေထိုင်သည့် တည်းခိုခန်း ပြတင်းပေါက်မှ ဒေါက်တာမာတင်ကင်းတို့ ဇနီးမောင်နှံတည်းခိုနေသော တည်းခိုခန်းသို့ စောင့်ကြည့်ခဲ့သည်။ မာတင်လူသာကင်း လသာခန်းသို့ ထွက်လာစဉ် သေနတ်ဖြင့် အသေအချာချိန်ကာ ပစ်ခတ်ခဲ့သည်။

သူသည် ခေတ္တခဏစောင့်ကြည့်ပြီး တည်းခိုနေရာမှ အလျင်အမြန်ထွက်ခွာသွားခဲ့သည်။ ဒေါက်တာမာတင်လူသာကင်း လုပ်ကြံမှုမှာ ရှုပ်ထွေး၍ တရားခံ ဖမ်းဆီးရမိရေးမှာလည်း အချိန်အတော်အသင့် ကြာခဲ့သည်။ အက်(ဖ်)ဘီအိုင် စုံထောက်တို့သည် လူသတ်သမား ငှားရမ်းနေထိုင်ခဲ့သည့် အခန်းမှ လက်[...] စံရရှိသွားသည်။ ထိုလက်ဗွေမှာ တ[...] က မစ်ဇူရီပြည်နယ်အကျဉ်းထောင်[...] နှစ်ပေါင်းနှစ်ဆယ် အကျဉ်းကျခံနေ[...] ထွက်ပြေးလွတ်မြောက်သွားသော အ[...] သား ဖြစ်နေသည်။

နောက်ဆုံးတွင် လူသတ်သ[...] ဂျိမ်း(စ်)အား လန်ဒန် ဟီသရိုးလေ[...] တွင် ဖမ်းဆီးရမိသည်။ ဂျိမ်း(စ်)အာလ်[...] ကလည်း သူ မာတင်လူသာကင်း[...] သတ်ခဲ့ကြောင်း လွယ်လွယ်ပင် [...] ချက်ပေးခဲ့၏။ ရာဇဝတ်ရုံးတော်က[...] သတ်သမား ဂျိမ်း(စ်)အာလ်ရေး[...] ထောင်ဒဏ် ကိုးဆယ့်ကိုးနှစ် ကျခံ[...] အမိန့်ချမှတ်ခဲ့ပါကြောင်း။

## လူမိုး(ပညာ[...]

ကျမ်းကိုး


(၁) The FBI - Nobody Know[...] by F.J. Cook





www.burmeseclassic.com

www.burmeseclassic.com



# သူခိုး

■ မောင်မြင့်မား(ဘိုကလေး)

ကိုသီတာ စဉ်းစားသည်။ ငွေဒါလောက်အများကြီးထဲမှာ ပျောက်တာက တစ်သောင်းကျော်လေး။ တစ်ခုတော့ရှိသည်။ ပျောက်တဲ့ငွေက မနေ့က ရုံးဆင်းခါနီး ကမန်းကတန်း အံဆွဲထဲထည့်ပြီး ထွက်လာတာဆိုတော့ ခိုးတဲ့သူခိုးကလည်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ အံဆွဲဖွင့်ပြီး အလွယ်တကူတွေ့တဲ့ငွေပဲ ယူသွားတာဟု သဘောပေါက်သည်။

တော်သေးသည်။ သူခိုးကိုပဲ ကျေးဇူးတင်ရမလို။ ဒါပေမဲ့ ကိုသီတာ ဒီလိုမျိုး ပျောက်လေ့ပျောက်ထမရှိ။ တစ်ခါတလေ စားပွဲပေါ်မှာ ငါးရာတစ်ထောင် ကျန်နေတာတောင် နောက်နေ့ ဒီအတိုင်းရှိနေသည် ရုံးမှာက ရုံးသူရုံးသားအချင်းချင်း ခြေဆော့လက်ဆော့ လုပ်တတ်သူမရှိ။ ကောက်ရလျှင်တောင် ပြန်ပေးကြသည်။

ခုဟာက ဌာနအလိုက် စိုက်ပျိုးရေးကော်မတီများက နေ့စဉ်ရောင်းရငွေများကို ဘဏ်သို့သွင်းချိန်မရသောကြောင့် နောက်နေ့မှသွင်းမည်ဆိုပြီး အံဆွဲကိုသော့ခတ်ကာ ထားခဲ့မိသော ငွေများထဲမှ တစ်သောင်းကျော်သာ ပျောက်ခြင်းဖြစ်သည်။ အံဆွဲထဲမှာ အမှန်တကယ်ရှိတာက နှစ်သိန်းကျော်သည်။

ကိုသီတာ ရုံးရောက်ရောက်ချင်း အံဆွဲမဖွင့်မီ လက်ဖက်ရည်သွားသောက်ပြီး အံဆွဲဖွင့်ကြည့်မှ မနေ့က သော့ခတ်ရန် မေ့သွားကြောင်း သတိထားမိသည်။ တစ်ခါတလေ ဒီလိုပဲ မေ့တတ်သည်။ ဒါပေမဲ့ အပျောက်အရှမရှိ။ ခုတစ်ခါပဲ ဒါမျိုးကြုံဖူးသည်။

ကိုသီတာ၏ ပြဿနာသည် တိုးတိုးတိတ်တိတ်နှင့် တစ်ရုံးလုံးသိသွားသည်။ စိုက်ပျိုးရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးက ကိုသီတာအားခေါ်ကာ တိုးတိုးတိတ်တိတ် ဆွေးနွေးကြသည်။ ဥက္ကဋ္ဌကြီးက –

"ကဲ … ကိုသီတာ၊ ငွေကြေးကိစ္စနဲ့ ပတ်သက်ရင်တော့ ခင်ဗျားကို စိတ်ချထားပြီးသား။ ဒါကြောင့်မို့လို့လည်း … ခင်ဗျားကို ဒီနေရာထားတာ။ ကျုပ်တို့က အဆင်ပြေသလို ထုတ်သုံးတာ၊ စည်းကမ်းမရှိဘူး"

"ဟုတ်ပါတယ် ဥက္ကဋ္ဌကြီး။ ဒါမျိုး ကျွန်တော်လည်း တစ်ခါမှ မကြုံဖူးဘူး။ စာရင်းအင်းနဲ့ ငွေနဲ့ တိတိကျကျဆိုတော့ ကျွန်တော့်အမှား မတွေ့ဖူးပါဘူး။ ခုဟာက တစ်သောင်းအုပ်တွေစုပြီး တစ်သိန်းကို သားရေကွင်းနဲ့ ချည်ထားတာ။ ကျွန်တော်ချည်ထားသလို မဟုတ်ဘဲ လက်ရာပျက်နေလို့ စစ်လိုက်မှ တစ်သောင်းနဲ့ အုပ်ပျက်ရာရာအထုပ်ထဲက ခြောက်ရာလောက် ရှော့နေတယ်"

အတွင်းရေးမှူးက –

"အေးပါဗျာ။ ခင်ဗျားငွေကိုင်တာကြာပါပြီ။ တစ်ခါမှ သံထွက်မလာပါဘူး။ ခုလည်း မထင်ဘဲ ဖြစ်သွားတာ မဟုတ်လား။ မဖြစ်စလောက်လေးပါဗျာ။ ပြန်သာထည့်ထားလိုက်။ နောက်အံဆွဲသော့သေသေချာချာခတ်"

ဥက္ကဋ္ဌကြီးက ပြုံးပြုံး ပြုံးပြုံးဖြင့် ကိုသီတာကို ကြည့်ကာ –

"ကိုသီတာ ခင်ဗျားစိတ်မဆိုးနဲ့နော်။ ခင်ဗျားကို ကြိုပြောထားတာ၊ တစ်ခုပြောစရာရှိလို့"

"ပြောပါ ဥက္ကဋ္ဌကြီး"

"ခင်ဗျားက ငွေရေးကြေးရေးနဲ့ ပတ်သက်လာရင် တိကျတယ်၊ မှန်ကန်တယ်။ ခင်ဗျားလည်း သူများပစ္စည်း ဘယ်တော့မှ မဟုတ်တာမလုပ်ဘူး …၊ ဒါပေမဲ့ ခုခင်ဗျားပစ္စည်း အခိုးခံရတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ခင်ဗျားလည်း သူခိုးပဲ"

"ဗျာ …"

"ဟုတ်တယ်လေ။ ကိုသီတာစဉ်းစားကြည့်။ တစ်ချိန်က သူများငွေတစ်သောင်းကျော်ကို ခင်ဗျားက သူများဆီက ခိုးခဲ့လို့ ခု သူများက ခင်ဗျားဆီက ပြန်ခိုးတာလေ။ အဲဒီတော့ …"

"ဗျာ …"

မောင်မြင့်မား(ဘိုကလေး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညနေစာ ထမင်းစားပြီးချိန်တွင် တုံးမောင်းထိုးလူစုပြီး တစ်အိမ်လျှင် စောင်နှစ်ထည်၊ ဆားတစ်ပေါင်၊ မီးခြစ်တစ်ဘူး၊ အပ်တစ်ချောင်း၊ အပ်ချည်တစ်လုံးတို့ကို ပေးဝေသည်။ ထိုပစ္စည်းဝေငှသောအလုပ်ကို သူကြီး၊ ဂြိုလနှင့် ထန်မန်းတို့က တိုင်ပင်ပြီး ဝေပေးကြသည်။ စိန်တောက်တို့ကမူ အဂ္ဂုသဘောသာ ကြည့်နေရသည်။

အပျိုလေးများကို မှန်ဝိုင်း၊ ကလစ်ဘီး၊ ရောင်စုံပုတီးစေ့များ၊ လူပျိုကာလသားများကို မောင်းချခါးကလေးတစ်လက်စီ၊ ကလေးများကို ဆံပင်ခေါင်းစည်းရန် ရောင်စုံပိုးချည်ပွများ ပေးရသည်။ ထိုအထဲတွင် ပါးရဲထိုးထားသော အဘွားကြီးတစ်ယောက်က သူလည်း မျက်နှာပါသည်၊ ခေါင်းဖြတ်ထားသူမဟုတ်၊ သူ့မျက်နှာကိုကြည့်ရန် အပျိုများကိုပေးသော မှန်ဝိုင်းလေးတစ်ခု ပေးပါဟု ဂြိုလကို နောက်သဖြင့် အားလုံးရယ်လိုက်ကြသည်မှာ ပန်တစ်ခုလုံး သောသောည်သွားသည်။

ရပ်သူရွာသား ကလေးသူငယ်များပါ ပစ္စည်းရကြသဖြင့် အားလုံးပျော်ရွှင်နေကြသည်။ ဘက်တက်ကြွကြွနှင့် တစ်ယောက်ကိုတစ်ယောက် နောက်ကြပြောင်ကြ၊ အသစ်ရသော စောင်ကိုပတ်၍ ကကြခုန်ကြနှင့် တစ်ညဦးလုံး ပွဲကျနေကြသည်။

မနက်မိုးလင်းသောအခါ စိန်တောက်တို့အဖွဲ့က ရွာနှင့်မဝေးသော တောင်ကုန်းတစ်ခုကို နေရာရွေး၍ ပြည်စောင့်ရဲစခန်း ဆောက်ကြသည်။ သစ်ဝါးပေါသောအရပ် ါင် လက်ဆောင်လည်းရထားကြ

ကလေးတွေကအစ တစ်ရွာလုံးဝိုင်း ကူဆောက်လုပ်လိုက်ကြသဖြင့် ရဲစခန်းမှာ တစ်နေ့တည်း အပြီးအစီးသို့ ရောက်သွား၏။

ယခင်အဆက်ဆက်က သူတို့ရွာတွင် လက်နက်ကိုင်တပ်ဖွဲ့ မရှိသဖြင့် စိန်တောက်တို့ လာရောက်နေသည်ကို တစ်ရွာလုံးက ဂုဏ်ယူနေကြသည်ဟု သူကြီးက ပြော၏။ သည်လိုနှင့် စိန်တောက်တို့အဖွဲ့မှာ အိန္ဒိယပြည်၊ အာသံနယ်နှင့် လေးမိုင်တစ်ဖာလုံခန့်သာဝေးသော ဝေလွှန်စွန်ခေါင်(ဝေးလွှန်စွန်ခေါင်) ရွာတွင် စတင်ပြီး တာဝန်ထမ်းဆောင်ကြရလေ၏။

ရွှေခဲပြန်လာသည်ကို မြင်သည်နှင့် စိန်တောက်က . . .

"ရွှေခဲ . . . ဘာလဲကွ ဘာဖြစ်တာတဲ့လဲ"

"ဘာမှ မဟုတ်ဘူး ဆာဂျင်၊ ရွာပြင်မြောက်ဘက်မှာ ကြံ့တစ်ကောင်တွေ့လို့ သွားလိုက်ဖို့ လူစုကြတာတဲ့၊ အဲဒါ သူကြီးက ကျအောင်မင်း(ဆာဂျင်)လည်း သူနဲ့အတူ ကြံ့လိုက်ပါရမယ်၊ လိုက်ခဲ့ပါပြောတယ်"

ဟု ပြောသည်။

"ဟေ . . . ဟုတ်လား၊ ဒါဆို ဟန်ကျတာပဲ၊ ကြံ့ကိုမမြင်ဖူးတော့ ငါနဲ့ ဘက်ထီးကြီးတို့ လိုက်သွားကြမယ်၊ ကြံ့ရတော့လည်း ဝေစုရတာပေါ့ကွာ၊ မင်းနဲ့ ရဲဘော်တွေ စခန်းနေခဲ့ကြ"

ဟု ပြောရင်း စိန်တောက်နှင့် ဘက်ထီးတို့ ရွာဘက်ဆင်းလိုက်လာကြသည်။

သူကြီးနှင့်တွေ့တော့ နာဂသူကြီး





www.burmeseclassic.com

www.burmeseclassic.com

က လိုရင်းသာ ပြော၏။

"ကျအောင်မင်း၊ ဒီကောင်က ဒီနယ်တစ်ဝိုက်မှာ ကျက်စားပေမဲ့ ခုလိုရွာနားတော့ တစ်ခါမှ မလာဖူးဘူး။ သူ့မိန်းမကိုကြောက်လို့ ပြေးမိပြေးရာပြေးရင်းက ရောက်လာတာဖြစ်မယ်"

ဟု ဆို၏။

"ကြံ့ကောင်ဆိုပြီး ဘယ်လိုလုပ် မိန်းမကြောက်ရတာလဲ"

တစ်နှစ်ကျော်ကြာပြီဖြစ်သဖြင့် စိန်တောက်က ဂြိုလ်သင်ပေးထားသော နာဂစကားဖြင့် မေးလိုက်၏။

"ကြောက်ရတာပေါ့။ ကြံ့မက ကြံ့ထီးထက်ဆိုးတယ်။ ပိုကြောက်ဖို့ကောင်းတယ်။ အလျင် သုံးလေးနှစ်က သူ့ယောက်ျားကို အလိုမရတာနဲ့ စိတ်ဆိုးပြီး လိုက်တိုက်တာ ကျွဲရိုင်းသုံးလေးကောင်သေတယ်။ ငါတို့တစ်ရွာလုံး ကျွဲရိုင်းသွားတွေ လိုက်သွားတာပဲ။ ငါ့အိမ်က ကျွဲခေါင်းတွေ တွေ့တယ်မှတ်လား"

ကြံ့လိုက်ရန် အတူသွားကြမည်ဖြစ်သော စိန်တောက်တို့ကို သူကြီးက ကြံ့ကောင်တွေ၏သဘာဝနှင့် ကြံ့အကြောင်း ပြောပြသည်။

ကြံ့မများသည် အဖော်လိုစိတ်ဝင်လာလျှင် အလွန်ကြမ်းတမ်းလာသည်။ အနံ့ခံပြီး ကြံ့ထီးကို လိုက်ရှာ၏။ များသောအားဖြင့် ကြံ့ထီးများမှာ တစ်ကောင်တည်းသာ နေတတ်ကြသည်။ ကြံ့ထီးကို မြင်သည်နှင့် ကြံ့မသည် တစ်ဟုန်ထိုး ပြေးဝင်၍။ ကြံ့ထီးက ရုတ်တရက်လန့်ပြီး ထွက်ပြေး၏။ ပြေးမလွတ်။ ကြံ့မကြီးသည် ကြံ့ထီးကို ကိုယ်ချင်းပူးတိုက်၏။ သုံးလေးလက်မသာရှိသော သူ၏ ဦးချိုဖြင့် ကြံ့ထီးကို ကြမ်းကြမ်းတမ်းတမ်း ဝှေ့ခတ်တိုက်သည်။ သွေးထွက်သံယို အနာတရဖြစ်သည်ထိ ဝှေ့ခတ်တိုက်ခိုက်သည်။ သို့မှသာ ထုံထိုင်းအေးစက်နေသော ကြံ့ထီး၏ ဆန္ဒစိတ်သည် နိုးကြွလာ၏။ ထိုအခါမှ ကြံ့ထီးသည် ကြံ့မ၏ အလိုဆန္ဒကို ဖြည့်ဆည်းပေးသည်။ တစ်ခါတစ်ခါတွင် ကြံ့မများသည် အလိုဆန္ဒမပြည့်မချင်း ဝှေ့ခတ်တိုက်ခိုက်သဖြင့် သေသည်အထိပင် ဖြစ်တတ်သည်။

ထို့ကြောင့် ကြံ့ထီးများသည် ကြံ့မများကို ကြောက်တတ်ကြသည်။ မလွှဲမရှောင်သာတော့မှ အမိခံ၏။ ထိုအခါ ထွက်မပြေးရဲတော့ဘဲ ကြံ့မနှင့် အတူတကွ ကြံ့မဆန္ဒအတိုင်း နေနေရသည်။ ကြံ့တို့၏ သဘာဝမှာ အထီးနှင့်အမ ကြမ်းကြမ်းတမ်းတမ်း တိုက်ခိုက်ကြပြီးမှ ပေါင်းဖော်လေ့ရှိကြသည်။ ကြံ့ထီးတို့က မိတ်လိုက်လိုသော ဆန္ဒဖြစ်ပေါ်လာလျှင် ကြံ့မများအား အနံ့ဖြင့်လည်းကောင်း၊ အသံဖြင့်လည်းကောင်း ဆက်သွယ်၍ ပေါင်းဖော်နေတတ်ကြသည်။ သို့သော် ကြာကြာမဟုတ်၊ ရက်ပိုင်းမျှသာ။

ကြံ့မများ၏ ဗီးကပ်၊ ဗီးလွယ်ရသော ကာလမှာ ၁၈ လ ကြာသည်။ မွေးပေါက်ပြီး တစ်နှစ်၊ နှစ်နှစ်ထိ ကြံ့ကလေးများသည် မိခင်နှင့် မခွဲမခွာနေတတ်ကြသည်။ မိခင်ကြီးသွားရာနောက်က အမြဲကပ်ပါနေတတ်သည်။ ကြံ့များသည် အထီးဖြစ်ဖြစ်၊ အမဖြစ်ဖြစ် ရေစိမ်တတ်ကြသည်။ ရွှံ့အိုင်များတွင် ကျွဲများကဲ့သို့ ရွှံ့လူး၊ နွံလူးတတ်ကြသည်။ ထို့ကြောင့် ကျွဲရိုင်းများ၏ ရွှံ့အိုင်နွံအိုင်ကို ကြံ့များက လာလုတတ်ကြ၏။ တွေ့သမျှ ကျွဲရိုင်းများကို ဝှေ့ခတ်တိုက်ခိုက်တတ်ကြ၏။

ကုန်းသတ္တဝါများထဲတွင် ဆင်ကလွဲလျှင် အကြီးမားဆုံး တိရစ္ဆာန်ဖြစ်သည်။ ကြံ့ထီး၏ ရှေ့နောက်ဆိုင် ပေါက်နေသော ဦးချိုတို့မှာ လုံ့သွားတမျှ ချွန်ထက်သည်။ ရှေ့ဦးချိုမှာ ၁၀ လက်မကျော်ရှည်ပြီး၊ နောက်ဦးချိုမှာ လေးလက်မခန့်သာ ရှည်သည်။ ကြံ့ချိုနှင့် တစ်ချက်မိသွားလျှင် မည်သည့်သတ္တဝါမျှ

အသက်ရှင်နိုင်ရန် အခွင့်အလမ်းမရှိတေ
ပေ။

ထို့ကြောင့် ကျွဲရိုင်းများသည် ကြ
ရသည်နှင့်၊ သို့မဟုတ် ကြံ့သတ္တဝါလာ
ကြားသည်နှင့် သူတို့ရွှံ့အိုင်ကို စွန့်ခွာ
ပြေးကြရသည်။

အတ္တဘောကြီးသလောက် ဒေါ
ကြီးသော၊ ကြမ်းကြုတ်သော၊ ကြ
ကြုတ်သလောက် လျင်မြန်သော ကြံ့
ကြီးသည် သူ့ရှေ့ရှိ ရန်သူကို အမိအ
မသေမချင်း လိုက်ပြီးတိုက်ခိုက်တ
သည်။ ဤသည်မှာလည်း မျိုးမ
တိရစ္ဆာန်များကိုသာ မဟုတ်။ ကြံ့ထီး
ကောင် တွေ့မိကြလျှင်[illegible] တစ်ကော
သော်လည်းကောင်း၊ [illegible]ဟုတ်
ကောင်စလုံးသော်လည်းကောင်း
သည်အထိ တိုက်ခိုက်တတ်ကြသ
ထို့ကြောင့် ကမ္ဘာပေါ်က သူတို့ မျိုး
ဆုံးလုမတတ် ဖြစ်ရသောအကြောင်း
ခုမှာ ဤသို့ တွေ့မရှောင် သေအေ
တိုက်ခိုက်တတ်ကြသော အကြောင်း
ခုလည်း ပါလေသည်။

ကြံ့ကောင်ကို မမြင်ဖူး၍ သူကြီး
ကြံ့လိုက်သွားရာတွင် သူတို့နှစ်ယော
လည်း လိုက်ပါပါရစေဟု သူကြီးကို
တောက်က ပြော၏။ သူကြီးက လိုက်
ပြုသည်။ ယခု ထမင်းစားပြီးလျှင် အ
ထွက်ကြမည်။ တစ်ရက်၊ နှစ်ရက်
ရိက္ခာယူသွားရမည်။ သို့သော် ကြ
တွေ့ဖို့ ရဖို့ကတော့ မသေချာဟု ဆို
သည်။ ကြံ့သတ္တဝါများမှာ အတ္တ
ကိုယ်ခန္ဓာကြီးသလောက် အပြေး
သည်။ တစ်ခုအားရှိစရာကောင်းသ
မှာ မည်သည့်အန္တရာယ်နှင့်တွေ့
အကြောက်လွန်ကာ မစားမသော
မနားမနေ ပြေးခြင်းမရှိ၊ ရွှံ့နွံအိုင်ကိုလ
အလွန်နှစ်သက်ကြရာ ရွှံ့နွံအိုင်တွေ
တော့ ရေဆင်းစိမ်တတ်ကြသည်၊
နေတတ်ကြသည်။ ဤအချက်သည်



www.burmeseclassic.com

www.burmeseclassic.com

ယခု သူကြီးတို့ ကြံ့ကိုတွေ့နိုင်သော အချက်ဟု ဆိုသည်။ ဖွဲကောင်းကောင်းနှင့်လိုက်ကြလျှင် ရနိုင်သည်ဟု ဆိုသည်။ ကြံ့နောက်ကို သူတို့ လိုက်ရဲ၊ လိုက်ဝံ့ကြမည်မှာလည်း စိန်တောက်တို့တွင် အဝေးလက်နက်ခေါ်သော သေနတ်ပါခြင်းကြောင့်ဟု ဆိုပြန်သည်။

သည်လိုနှင့် သူကြီးက ခရီးရှည် လိုက်မည့်သူတွေကို ရှာထားမည်၊ တောင်ယာမီးရှို့ချိန်ဖြစ်သဖြင့် ရွာတွင် လိုက်မည့်သူနည်းသည်။ သို့သော် သူကြီးက ရအောင်ရှာထားမည်၊ သူ့ သူကြီးဘဝတွင် ကြံ့တစ်ကောင်ရှူးသည်ဆိုလျှင် ဂုဏ်ဒြပ်ကြီးမားသည်ဟူသော အစွဲအလမ်းနှင့် တက်ကြွနေသည်။ ဘက်ထီးနှင့် စိန်တောက်တို့မှာ သူကြီးတို့အဖွဲ့နှင့် ကြံ့မရမချင်း လိုက်ကြရမည်ဖြစ်သဖြင့် ဆန်တစ်ယောက်တစ်ပြည်၊ ငါးသေတ္တာအသေး တစ်ယောက်သုံးလုံး၊ ထမင်းဟင်းချက်ရန် ဒန်အိုးငယ်နှစ်လုံး၊ 'နာဂတောင်တန်းတွင် ဘယ်ကိုသွားသွား ညအိပ်ညဉ့်နေသွားတိုင်း ယူသွားလေ့ရှိကြသော ဘာဘူစောင် တစ်ယောက်တစ်ထည်ကို ကျောပိုးအိတ်ထဲထည့်ကာ သူကြီးတို့အဖွဲ့နှင့် ကြံ့လိုက်ထွက်လာကြသည်။

သူတို့အဖွဲ့မှာ လူဆယ်ယောက်ပါ၏။ ကြံ့ကောင်ကို တွေ့ဖူးမြင်ဖူးသော ရွာမုဆိုးအဘိုးအိုကြီးတစ်ယောက်ကမူ ''ခုလောက်ဆို မင်းတို့လူစုနေကြတာနဲ့ကို ကြံ့က ဟိမဝန္တာရောက်သွားနှင့်ပြီ'' ဟု ဆိုသဖြင့် လိုက်ပါမည့်သူ နည်းသွားသည်ဟု သူကြီးက ပြောသည်။

သို့သော် သူကြီးကမူ စိန်တောက်တို့မှာ သေနတ်ပါသဖြင့် ရကိုရရမည်၊ သူနတ်ဖေဒင်ကြည့်လာသည် ဆို၏။ သူတို့ နာဂတွေမှာ ငှက်ပျောဖက်ဗေဒင်၊ သစ်ရွက်ဗေဒင်၊ နှီးဗေဒင်တွေနှင့် ဗေဒင်တွေက အများသား။ ပြီးတော့ အတိတ်နိမိတ်။ ဤနှစ် စိန်တောက်တို့ တောင်အောက်က ရောက်လာကြသည့်မှာလည်း အတိတ်နိမိတ်ကောင်းသည်၊ အိမ်ထောင်စုတိုင်း စောင်၊ ဆား စသည် လက်ဆောင်ပစ္စည်းများ ရကြသည်။ နောက်ဆို စာသင်ကျောင်းနှင့် ဆေးရုံလည်း ပြည်ထောင်စုအစိုးရက ဆောက်ပေးဦးမည် ဖြစ်သဖြင့် မရကြတာ၊ မတွေ့ကြရတာ ကြာပြီဖြစ်သော ကြံ့တစ်ကောင်ကို မုချရရမည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က သူတို့နယ်တွင် ကြံ့တစ်ကောင်ရခဲ့ကြသည်မှာလည်း ဤလိုအချိန်။ ကြံ့ကိုရလျှင် တစ်နယ်လုံး အုတ်အော်သောင်းတင်းဖြစ်သွားအောင် ကြံ့ပွဲကြီးလုပ်ရမည်။ သူတို့ ကြံ့တစ်ကောင်ရခဲ့ကြစဉ်က ခရစ်ယာန်သာသနာပြု ဘုန်းကြီးတစ်ယောက် လားဝန်တင်တွေနှင့် သူတို့ရွာကိုရောက်လာပြီး စောင်တွေ၊ လက်ဆောင်တွေ လာပေးသောနှစ်မှာ ကြံ့တစ်ကောင် ရခဲ့ကြသည်။ ဟိုဘက်နိုင်ငံကို ကြံ့ချို၊ ကြံ့သွေး၊ ကြံ့ရိုးတွေ သွားရောင်းကြရာ စောင်နှင့် ဆား၊ အဝတ်အထည်များကို လူဆယ့်ငါးယောက် မနိုင်မနင်း ထမ်းချလာခဲ့ကြရသည်ဟု သူကြီးက စိန်တောက်တို့ကို အတိတ်ဖတ်၍ ပြောပြသည်။

နေမွန်းစောင်းကြီးအချိန်လောက်တွင် ကြံ့ခြေရာဟုပြောသော ခြေရာကြီးများကို တောင်ကျချောင်းနားတစ်နေရာတွင် တွေ့ကြရသည်။ ကြံ့ခြေရာကိုကြည့်ပြီး လိုက်လာကြ၏။ ချောင်းကမ်းပါး တစ်နေရာ၌မူ ကြံ့ခြေရာကို ထင်တင်ရှားရှားပင် တွေ့ရ၏။ ခြေသည်းသုံးခုသည် မြေမာထဲ၌ပင် လက်တစ်ဆစ်နီးပါး နစ်ဝင်နေသည်။ ကြံ့ကောင်တို့သည် ခြေသည်းသုံးခုသာ ရှိကြသည်ဆို၏။ ဆက်လက်၍ လိုက်လာကြ၏။

နွေနှောင်းကာလပင် ဖြစ်သော်လည်း နေညိုသွားသည်နှင့် အအေးဓာတ်က ဝင်လာသည်။ ငှက်မျိုးစုံနှင့် တောတိရစ္ဆာန်များ၏ သံစုံတီးဝိုင်းကြီးကို ကြားလာရ၏။ ရေတံခွန်တစ်ခု စီးဆင်းနေသံကို မနီးမဝေး၌ ကြားရပြီး မျောက်မျက်ကွင်းဖြူနှစ်ကောင် သဖန်းသီးများကို မြိန်ရေရှက်ရေ စားနေကြသည်။

နေရောင်ကို တစ်ဖက်တောင်တန်း သစ်ပင်ဖျားပေါ်၌ မြင်ရချိန်တွင် ရှံ့အိုင်တစ်ခုနားအရောက်မှာ အူထွက်နေသော ကျွဲရိုင်းတစ်ကောင်ကို ခွေးအ,များ ဝိုင်းအုံစားနေကြသည်ကို တွေ့ရ၏။ လူတွေကို မြင်သဖြင့် ခွေးအ,များ အလျှိုအလျှိုလစ်ပြေးသွားကြသည်။

''ဒါ . . . ဒါ ကြံ့ဆင်ကြီး ဝှေ့သွားလို့ အူပွင့်သေသွားတဲ့ ကျွဲရိုင်းကြီးပဲ ဆာကျင်ကြီး။ ဒီနေရာက ကြံ့လင်မယား အဖော်ပြုသွားကြတဲ့နေရာပဲ။ လာ . . . ကြည့်ကြရအောင်''

သူကြီးက ပြောပြောဆိုဆိုနှင့် ရှံ့နွံအိုင်နား ဆင်းသွားသဖြင့် စိန်တောက်တို့လည်း ဆင်းလိုက်လာကြသည်။ ထိုအချိန်မှာ ရှေ့ပြေးအဖွဲ့က သူကြီးကို နာဂဘာသာနှင့် လှမ်းပြောနေကြသည်။ သူကြီးက ''အိုင်း . . . အိုင်း'' ဟု ပြန်ပြောသည်။

နာဂများက ကျွဲရိုင်းခေါင်းကိုဖြတ်ပြီး သစ်ပင်တစ်ပင်၏ ကိုင်းတစ်ကိုင်းတွင် ဆွဲချိတ်ထားလိုက်ကြသည်။ ပြီး . . ခွေးအတွေထားခဲ့သော ကျွဲရိုင်းကိုယ်ပေါ်က အသားတွေကို လှီးသူလှီး၊ ဖြတ်သူဖြတ်၊ ထင်းခြောက်တွေကို ရှာသူရှာနှင့် မီးမွှေးသူမွှေး လုပ်နေကြသည်။

''ဒီမှာ ညအိပ်ရမယ် ဆာကျင်ကြီး။ သေချာ ဒီမှာကြည့်။ ကြံ့လင်မယား မြူးထူးတိုက်ခိုက်သွားကြတာ''

ကမ်းပါးစောင်းက ရှံ့နွံတွေနှင့် တိုက်ပွတ်ထားသောနေရာ၊ ဦးချိုရာ၊ ကျောက်တုံး၊ ကျောက်လုံးများတွင် ရှံ့နွံတွေ ကပ်ကာ ကစဉ့်ကလျားဖြစ်နေ၏။

''ကြံ့တွေဟာ ကျွဲတွေလိုပဲ ရှံ့လူး



www.burmeseclassic.com

www.burmeseclassic.com

အိုင် စိမ်တတ်တယ်။ တစ်နေ့လုံး အရိပ်ကောင်းကောင်းမှာ အိပ်နားနေပြီး ညနေကျရင် ရွံ့နွံအိုင်ထဲ ဆင်းပြီး မြူးထူးကြတယ်''

နာဂသူကြီးပြောပြသည်မှာ အမှန်ပင်ဖြစ်၏။ ကြွတို့၏ တစ်နေ့တာဟုခေါ်ဆိုရမည့် အချိန်သည် နေဝင်မိုးချုပ်ခါနီးမှ အစပြုသည်။ ထိုအချိန်၌ ကြွတို့သည် ရေအိုင်၊ ရွံ့အိုင်ရှိရာတွင် နာရီကြာကြာ ရွံ့လူး ရေစိမ်၍ မြူးထူးပျော်ပါးတတ်ကြသည်။ သူတို့၏ကျက်စားနေထိုင်ရာမှ ဆယ်မိုင်ကျော်ဝေးသော ရွံ့နွံအိုင်သို့ မြူးထူးပျော်ပါးရန် လာတတ်ကြသည်။ ထိုသို့ မြူးထူးပျော်ပါးရာတွင်လည်း ကြမ်းကြမ်းတမ်းတမ်း ပျော်ပါးတတ်ကြ၏။

သည်ညသည်မှာ အိပ်ကြရမည်ဆိုသဖြင့် ဘက်ထီးက ကျောက်တုံးဖိုခနောက်နှင့် ထင်းခြောက်တွေစုကာ တောင်ကျချောင်းဘေး သဲခုံပေါ်တွင် ညနေစာထမင်းချက်ရန် လုပ်ရ၏။ နာဂအဖွဲ့သားများကို ထမင်းမချက်ကြဘူးလားဟု မေးသောအခါ သူတို့မှာ ကျက်ပြီးသားပါသည်ဟု ပြော၏။ မနက်ကပင် ချက်လာကြပြီး သူတို့၏ ကျောပိုးခေါင်းသိုင်း ပလိုင်းခြင်းတွင် ထည့်လာကြသည်ဟု ထင်၏။

အမှန်က သူတို့မှာ ဘာထမင်းမှ မပါ။ ထမင်းစားမည်ဟု ဝိုင်းစုကြသောအခါ ခေါင်ဘူးတွေကိုသာ ကိုယ်စီကိုယ်င ထုတ်ကြ၏။ ပြီး ... ကျွဲသားကင်နှင့် ခေါင်ရည်သောက်ကြ၏။ စိန်တောက်တို့ကိုလည်း တိုက်သည်။ ဘက်ထီးချက်ထားသော ထမင်းကို စားရန်ခေါ်သော်လည်း မရ။ သူကြီးက မစားဟု အကြိမ်ကြိမ်ငြင်းသည်။ သူတို့သည် ခေါင်ရည်သောက်ပြီး ခေါင်ဖတ်ကို ကျွဲသားကင်နှင့် မြိန်ရေရှက်ရေ စားကြသည်။ စိန်တောက်နှင့် ဘက်ထီးတို့ကလည်း ငါးသေတ္တာဘူးကို မဖွင့်ဘဲ ကျွဲကိုင်းသားကင်နှင့်ပင် စားလိုက်ကြသည်။

နာဂတို့မှာ ခေါင်ရည်နှင့် ခေါင်ဖတ်ပါလျှင် ထမင်းမလိုဟု သူကြီးက ပြော၏။ သူတို့သည် တစ်ရက်နှစ်ရက် ခရီးတွေကို ဤသို့ပင် ခေါင်ရည်၊ ခေါင်ဖတ်တို့နှင့် နေနိုင်ကြသည်ဆို၏။

နေဝင်သွားပြီးဖြစ်သဖြင့် ချောင်းဘေးက သဲသောင်ပေါ်တွင် မီးဖိုကြီးဖိုကြရသည်။ စိန်တောက်နှင့် သူကြီးတို့က မနက်ဖြန် ဆက်လိုက်ကြရမည့် ကြွခြေရာသွားရာကို ရွံ့နွံအိုင်နားတွင် လှည့်ပတ်ရှာကြရသည်။ ကြွသွားရာတွေ၍ အိပ်ရမည့် သဲသောင်သို့ ပြန်လာကြသည်။ နာဂတွေက ကျွဲသားကို မီးကင် ကျပ်တိုက်နေကြ၏။

''သူကြီး ...''

စိန်တောက်၏ အခေါ်ကို သူကြီးက ''ဘာလဲ''ဟူသောသဘောနှင့် မေးဆတ်ပြ၏။

''သူကြီးရွာမှာတုန်းကပြောတော့ ကြွကြီးက သူ့မိန်းမကိုကြောက်လို့ ပြေးမိပြေးရာ ထွက်ပြေးရင်းက ခင်ဗျားတို့ရွာဘက် ရောက်လာတာဆို။ ခု ဘယ်လိုဖြစ်လို့ သူ့မိန်းမရှိတဲ့ ရွံ့အိုင်ထဲ ပြန်လာရတာလဲ။ သူ့မိန်းမကို ခုတော့ မကြောက်တော့ဘူးဆိုတဲ့ သဘောလား''

''မကြောက်လို့ မဟုတ်ဘူး။ မနေနိုင်လို့ ရွံ့နွံအိုင်ကိုလာတာ''

''ဘယ်လို ဘယ်လိုမနေနိုင်တာလဲ''

''ကြွမကိုကြောက်လို့ တစ်နေ့လုံး ပြေးနေရတော့ ပန်းပြီပေါ့။ ဒီတော့ ညနေမှာ ရေသောက်ရေချိုးဖို့၊ ရွံ့နွံလူးဖို့ ရေနွံခံပြီး ဒီရေအိုင်ကို ရောက်လာတာ။ ဒီနားတစ်ဝိုက်မှာ သူရေစိမ်နိုင်တဲ့ ရွံ့နွံအိုင်က ဒီမှာပဲ ရှိတယ်ဆိုတာ သူသိတယ်''

''ကြွမကြီးကို သတိရလို့ ပြန်လာတာကော မဖြစ်နိုင်ဘူးလား။ လူတွေလိုလေ''

''မဟုတ်ဘူး။ သူက ရေစိမ်ဖို့လ
တာပါ။ အဲဒါ ကြွမကြီးကလည်း ည
ကျရင် ဒီကောင် ဒီရွံ့အိုင်ပဲ လာလိမ့်မ
ဆိုတာသိလို့ ဒီမှာလာစောင့်ပြီး အမိဖ
တာ။ အလျင်နေ့တွေက သူတို့ လုံးထွေ
သတ်ပုတ်ခဲ့ကြတဲ့ ရေအိုင်ရွံ့အိုင်တွေဟ
ဒီရေအိုင်မဟုတ်ဘူး။ တစ်နေရာမှာဖြ
မယ်''

နာဂသူကြီးက စိန်တောက်ကို ရှ
ပြသည်။

ထိုညက အဖွဲ့သားများအားလုံး
သောင်ပြင်တွင် စုအိပ်ကြသည်။ စုအိပ်
ကြသည့် လေးဘက်လေးတန်းတွင် မီ
ဖိုကြီးတွေ ဖိုထားကြ၏။ ညဦးကြက်
သန်းခေါင်ကြက်၊ မိုးလင်းကြက် စသည့်
ကြက်တွန်သံများကို ကာလအတိုင်
အတာထား၍ သူကြီးက ကင်းချထာ
သည်။

... ... ...

နောက်တစ်နေ့ မနက်မှာ ကြွထ
မယား စုံတွဲခွတ်သွားကြသော ခြေရာ
ခံ၍ လိုက်လာကြသည်။ ကြွလင်မယာ
ဆွဲချိုးစားသွားကြသော သစ်ရွက်သစ်ခ
အကျိုးအကြေတွေကိုကြည့်၍ လိုက်လာ
ကြရ၏။ ခြေရာပျောက်၍ ရှက်ကြေတော
ထဲ ရောက်လာကြသည်။ သို့သော် ရှ
ကြေမျိုးပေါ်က သစ်ကိုင်းသစ်ခ
အခြောက်များကို နင်းသွားကြသော ခြ
ရာများကို တွေ့ကြရသည်။ ပြီး သစ်ပ
သစ်ကိုင်းအချို့တွင် ကိုယ်လုံးနှင့် ဝင်တိ
သွားသော ရွံ့နွံများကိုလည်း သူတို့သွ
လမ်းအတိုင်း တွေ့နေကြရသည်။

တစ်နေရာတွင် သူကြီးက သ
ရွက်ဖားဖားကြီးရှိ သစ်ကိုင်းတစ်ကိုင်း
သူ၏ အောင်လုံရှည်နှင့်ယမ်းပြီး ဖြ
လိုက်သည်။ နောက်ကိုတစ်ချက် လှ
ကြည့်ပြီး 'ဖက်ယားပင်'ဟုပြောသ
ဤဖက်ယားရွက်နှင့် လူအသားတို့



www.burmeseclassic.com

www.burmeseclassic.com

သည်းထဲ၊ အူထဲထိ ယားတတ်သည်။ ား၍ ကုတ်ခြစ်လျှင် အသားပေါက်၍ သားထဲက သွေးထွက်လာသော် ည်း အယားမပြေတတ်။ ဤသစ်ယား ုက်မျိုးကို သတိထား၍ ရှောင်ရမည်ဟု ြာသည်။

တောင်ဆင်းတစ်နေရာတွင် သစ် ့သီးစားနေကြသော ဝက်ဝံနှစ်ကောင် ည် လူရိပ်ကျသဖြင့် ချက်ချင်းခုန်ဆင်း ျောက်သွားကြသည်။ သစ်ပင်ပေါ်ရှိ ရှူး ှင့် မျောက်လွှဲကျော်၊ မျောက်မောင်းမ ားကမူ အသံနှင့်သာ အော်ဟစ်နေကြ ၏။

ကြွသွားရာလမ်းကိုကြည့်၍ လိုက် ာကြရာ တောင်အောက် စိမ့်မြိုင်နား တစ်နေရာမှာ ကြွချေးပုံတစ်ပုံကို တွေ့ရ ည်။ ထိုကြွချေးပုံကို နာဂတစ်ယောက် က လက်ညှိုးနှင့် ထိုးနှစ်ကြည့်၏။ ခဏ ကြာမှာ ကြွချေးပုံထဲက လက်ညှိုးကို ်နုတ်၍ သူကြီးကို ခေါင်းခါပြသည်။

ဤကြွချေးပုံမှာ နေပြောက်မထိုး ဖြင့် အငွေ့ယံသာ အစိမ်းလို ပျော့နေ ော်လည်း ဤနေ့မနက်က ချေးပုံ ှတ်။ ချေးပုံမှာ အေးစက်နေပြီးဟု ူကြီးကို ပြောသည်။ အကယ်၍ ဤ နေ့မနက်က ကြွချေးပါချခဲ့လျှင် ချေးပုံမှာ နွေးနေမည်။ လက်ညှိုးနှင့် ထိုးကြည့်သူ ာ ပြော၏။

သာမန်အားဖြင့် ကြွကောင်တို့ ည် အန္တရာယ်တစ်ခုခု၊ သို့မဟုတ် ကြွ ်မုဆိုးတို့၏ လိုက်ခြင်းကို မခံရလျှင် ူတို့ကျက်စားနေရာ နယ်မြေတစ်ဝိုက်၏ ်နေရာတည်း၌သာ ချေးပါတတ်ကြ ည်။ ထို့ကြောင့်လည်း ကြွချေးပုံမှာ ှင့်နှစ်ပေခန့်ရှိပြီး အဝိုင်းအဝန်းမှာ ပေခန့်ထိ ပတ်လည်စုပုံနေတတ် ည်။ အန္တရာယ်တစ်ခုခုနှင့် မတွေ့မချင်း ေရာသို့လာ၍ ချေးပါတတ်သည်။ ချေးပုံမှာ သွားရင်းလာရင်း၊ သို့မ ဟုတ် ပြေးရင်းလွှားရင်း မအောင့်နိုင်ဘဲ ပါချခဲ့သော ချေးပုံဟုဆို၏။

အချိန်မှာ နေမွန်းတည့်ခါနီးပြီ။ လူ တွေလည်း ဗိုက်ဆာလာကြပြီ။ ကြွခြေ ရာမှာလည်း ယခုထိ ပျောက်ပျက်မသွား သေးဘဲ တွေ့မြဲတွေ့နေရသေးသဖြင့် ခဏနားပြီး ထမင်းချက်စားကြရန် ရေစီး သံကြားရာ စမ်းချောင်းနားသို့ ဆင်းလာ ကြ၏။

သူကြီးက ဤစိမ့်မြိုင်တောကြီးမှာ စမ်းချောင်းလည်း ရှိသည်။ အကယ်၍ ဤစမ်းချောင်း၌ ရွှံ့နွံအိုင်များသာ ရှိနေ လျှင် ယခုလို နေ့ခင်းကာလ၌ ကြွတို့ သည် ဗိုက်မျှင်း၍ ဤစိမ့်မြိုင်ကြီးထဲ တစ် နေရာရာ၌ ရှိနေနိုင်သည်။ ကြွတို့သည် ညနေချမ်းကိုစောင့်၍ ရွှံ့လူးပျော်ပါးရန် အချိန်ကို ငံ့လင့်နေကြလိမ့်မည်။ ထို့ ကြောင့် သတိဝီရိယရှိထားကြရန်ပြော၏။

စမ်းချောင်းနားကိုရောက်၍ စိန် တောက်တို့ ထမင်းချက်ရန် လုပ်ကြသော အခါ သူကြီးက ထမင်းမချက်ရန် ပြော၏။ အကြောင်းမှာ ဤနေရာသည် ကြွလင် မယား ခိုအောင်းနေရာဖြစ်နိုင်သည်။ စိန် တောက်တို့ ထမင်းချက်ကြသဖြင့် မီးခိုးနံ့ ရသွားလျှင် ကြွလင်မယား ထွက်ပြေး သွားနိုင်သည်။ မနေ့က သူတို့ ထမင်း ချက်ကြ၊ ကျွဲရိုင်းသား ကင်စားကြသဖြင့် မီးခိုးနံ့၊ လူနံ့ရပြီး ထို့ရွှံ့နွံအိုင်သို့ ပြန်မလာ တာ ဖြစ်သည်ဟု အတပ်ဆိုနေပြန်သည်။

ကြွကောင်များသည် တောထဲ၌ တောမီးကြီးလောင်လာလျှင် မိုင်ပေါင်းများ စွာကပင် တောမီးနံ့ကို ရတတ်ကြသည်။ ထို့ကြောင့်လည်း ကြွများသည် အခြား သော တောတိရစ္ဆာန်များလို တောမီးကြီး ပိုင်းပတ်အလောင်ခံရ၍ သေသောကြွဟူ ၍ တစ်ကောင်မှ မရှိဟုဆိုသည်။ တခြား ချေ၊ ဒိုင်၊ ဆတ်၊ ဝက်၊ ပြောင်၊ ငှ င်၊ ကျားတို့သည်ပင် တစ်ခါတစ်ခါ တောမီး လောင်ကျွမ်းထားသော မီးလောင်ပြင်တွင် သူတို့တွေ့ဖူးကြသည်ဆို၏။

သူကြီးက မီးမမွေးရ၊ ထမင်းမချက် ရဟုဆိုသဖြင့် စိန်တောက်တို့၊ ဘက်ထီး တို့မှာ သူတို့လိုပင် ကျွဲရိုင်းသားကျပ် တိုက်၊ ခေါက်ရည်၊ ငါးသေတ္တာ တစ် ယောက်တစ်ဘူးနှင့် အာသာပြေလိုက်ကြ ရသည်။ စားပြီးသည်နှင့် ကြွခြေရာကို လိုက်ရှာကြပြန်၏။ သူကြီးတို့ နာဂအဖွဲ့ က ခန့်မှန်းကြသည်မှာ ကုန်ခဲ့သောညက ကြွလင်မယားသည် ဤစမ်းချောင်းရှိ ရေ အိုင်၊ ရွှံ့အိုင် တစ်နေရာရာတွင် ရွှံ့လူး၊ ရေစိမ်သွားကြလေသလားအထင်နှင့် ရှာ ကြည့်ကြ၏။ ရွှံ့ပျော့နှင့် မြက်တောတွင် ကြွခြေရာကိုတော့ တွေ့ကြရ၏။

သို့သော် ဤစမ်းချောင်းမှာ ဒူး လောက်သာ ရေရှိသဖြင့် ကြွဆင်ကြီးများ ရေစိမ်ရွှံ့လူး မြူးထူးပျော်ပါးနိုင်လောက် သော ရေအိုင်မရှိသဖြင့် စမ်းချောင်းဘေး ရှိ ကျူတောကြီးကို ဝင်တိုးဖြတ်သွားကြ သော စွပ်ကြောင်းရာကြီးကို တွေ့ကြရ ၏။ ကြွများသည် ချုံတောများ၊ ကျူ တောများကို မည်သည့်အခါမှ ကွေ့ပတ် ရှောင်ရှားလမ်းရှာ၍ မသွားဘဲ သူတို့၏ ကိုယ်ခန္ဓာ အတွဲဘောကြီးအားကိုးနှင့် တိုးတိုက်၍သာ သွားတတ်ကြ၏။ တစ်ခါ တစ်ခါ သူတို့ရှေ့က ခြေကျော်မသွားနိုင် သော သစ်တုံးများ ကန့်လန့်ခံနေလျှင် ထိုသစ်တုံးကို ရှောင်ရှားကွေ့ပတ်မသွား ဘဲ သူတို့၏ သန်မာသော ဦးချို ကြီးမား သော ခွန်အားတို့နှင့် သစ်တုံးကြီးကို ကျုံး ထိုးကော်မြှောက်ကာ နောက်သို့ လွှင့်ပစ် ခဲ့ပြီး သွားတတ်ကြသည်။

ထို့ကြောင့်လည်း ကြွမများနောက် ကလိုက်ပါလာတတ်ကြသော ကြွကလေး များသည် သစ်တုံးပိ၍ သေနေသည်ကို တွေ့ကြရဖူးသည်ဆို၏။ ပြီးတော့ ကြွမ ကြီးသည် သစ်တုံးကို ကော်မြှောက်ပစ်ချ သလို သားသမီးများကိုလည်း အကြိမ် ကြိမ်အခါခါ ကော်မြှောက်ပစ်ချ၍ ကစား



www.burmeseclassic.com

www.burmeseclassic.com

တတ်ကြသည်ဆို၏။

ကြွေများမှာ ကောင်ရေနည်းပါး၍ မျိုးပွားနှုန်းခေါင်းပါးသည်မှာ ကြွေလိုက်မုဆိုးတို့ကြောင့်လည်း တစ်ကြောင်းပါသလို ကြွေမကြီးသည် ရှေ့နောက်မဆင်ခြင်ဘဲ သူ့နောက်၌ သူ့ကလေးပါလာသည်ကို အမှတ်မထားမိဘဲ သစ်တုံးများကို နောက်သို့ ပစ်ချသလို၊ သေသည်အထိ ပစ်မြှောက်ကစားတတ်သော အကြောင်းလည်း ပါသည်ဟုဆိုကြ၏။ ကြွေသတ္တဝါများမှာ ဒေါသကြီးသလောက် အသိဉာဏ်နည်းပါးကာ ဆင်ခြင်တုံ လုံးဝမရှိကြ။ ရှေ့က သစ်တုံးကြီးခံနေသည်ကိုပင် သူ့အား အနှောင့်အယှက်ပြုကြသည်ဟု ဒေါသတကြီးနှင့် ကော်မြှောက်လွှင့်ပစ်တတ်ကြသည်။

ကျူတောကြီးကို တိုးဝိုက်သွားကြသော စွပ်ကြောင်းကြီးအတိုင်း စမ်းဖွားဘက် တက်လိုက်လာကြသည်။ မကြာမီ ကျူတောကြီးကို လွန်လာကြ၏။ ထိုအခါ ကြွေဆင်လင်မယားခြေရာကို မဟာပထဝီမြေပြင်၌ ငုံ့ရှာကြည့်ကြရပြန်၏။ ကျူတောအလွန်တွင် ကျောက်ခဲ၊ ကျောက်တုံးများနှင့်သာ ပြည့်နှက်နေသော ကျောက်တောကျောက်ခဲလွင်ပြင်တစ်ခုသို့ ရောက်လာကြသည်။ ကျောက်လွင်ပြင်၏ အရပ်ရှစ်မျက်နှာတွင် တောတောင်များ ဝိုင်းပတ်နေသည်။ ကျောက်လွင်ပြင်တွင် လူတစ်ရပ်သာသာ ချုံပုတ်တွေနှင့် ဆူးပင်၊ သစ်ပင်ပုများသာ ရှိသည်။

သူကြီးတို့အဖွဲ့က ကျောက်တုံး၊ ကျောက်ခဲများပေါ်တွင် ကြွေလင်မယားနင်းသွားသော ပွန်းရာပဲ့ရာများကို လိုက်ရှာကြရ၏။ ကျောက်လုံးကျောက်ခဲများပေါ် ခွာချော်နင်းရာ၊ ပဲ့ရာပွန်းရာတို့ကို မတွေ့ရသောအခါ ကျောက်ဆောင်ပေါ်များတက်သွားကြလေသလားဟု ကျောက်ဆောင်ကျောက်စွန်းများပေါ် ကြွေခြေချော်ရာတွေကို လိုက်ရှာကြရပြန်၏။

ကျောက်ဆောင်ကျောက်လုံးကြီးများ ပြည့်နှက်နေသော နေရာမှာ တစ်ပျူးတစ်ပြန့် ကျယ်သည်။ လေကလည်း တဟူးဟူးတိုက်နေ၏။ ထိုကျောက်ဆောင်ကြီးများ တစ်ဖက်အစတွင် သစ်ရိုင်းပင်ကြီးများ ရှိသည်။ တစ်ဖက်အစကိုမူ အဆုံးမမြင်ရ။ ကျောက်တောင်ကုန်းမှာ နိမ့်ဆင်းသွားသဖြင့် အခိုးအငွေ့တွေနှင့် မှုန်ဝါးနေသည်။ သို့သော် အနောက်ဘက် မြူခိုးများကြားထဲ နေဝန်းနီကြင်ကြင်ကို မြင်နေရသည်။

နေဝင်ခါနီးတွင် လေပြင်းတိုက်လာသည်။ သိုင်းကြိုးနှင့် ဆောင်းထားသော ဦးထုပ်ပင် ကျွတ်လွင့်ပါသွားမလား ထင်ရ၏။ ကျောက်တောင်ကျောက်တုံးကြီးများဆီမှ လာဟပ်သော အပူကိုတော့ လေတိုက်သဖြင့် မခံစားကြရ။ စိမ့်ကြီးမြိုင်ကြီးကို ဖြတ်လာကြရသော သူတို့အတွက် ကျောက်လွင်ပြင်ကို ရောက်လာကြရသော်လည်း လေကြောင့် အပူဒဏ်ကတော့ မပြင်း။ ဤနေရာသည် ရေမျက်နှာပြင်မှ ပေပေါင်းမည်မျှမြင့်သည်ကိုလည်း မခန့်မှန်းနိုင်ကြတော့။

ကြွေလင်မယားသည် ဤကျောက်ဆောင် ကျောက်လွင်ပြင်ကြောကိုများ ဖြတ်ပြေးသွားကြလေသလားအထင်နှင့် ကျောက်ဆောင်ကျောက်လုံးကြီးများအောက်ရှိ ဆူးပင်ချုံပုတ်များကြား၌ ကြွေခြေရာကို လိုက်ရှာကြည့်ကြသည်။ မကြာပါချေ။ တစ်နေရာတွင် ကျောက်စွန်းလေးတစ်ခု ပဲ့ကျနေသည်နှင့် ဆူးပင်တစ်ပုတ်ကို ခွဲနတ်စားသွားရာ တွေ့ရသည်။ သူကြီးတို့အဖွဲ့က ဝမ်းသာအားရနှင့် တစ်ယောက်ကိုတစ်ယောက် နာဂဘာသာနှင့် တောသံတောင်သံပေး၍ ပြောကြသည်။ ရှေ့ဆက်၍လည်း ခြေရာခံလိုက်နေကြ၏။

စိန်တောက်နှင့် ဘက်ထီးတို့က လွဲပြီး သူကြီးတို့အဖွဲ့မှာ မည်သူမျှ ဖိနပ်မပါကြသဖြင့် တစ်နေ့လုံး ပူပြင်းထားသော ကျောက်တုံးကျောက်ခဲ မြေပြင်တို့မှာမူ အပူရှိန်ရှိနေသေးသည်။ ထို့ကြောင့် ကျောက်တုံးကျောက်ခဲပေါ်တွင် ခုန်ဆွခုန်ဆွ သွားနေကြသည်ကို စိန်တောက်က သူတို့နှစ်သစ်ကူးအကတွင် ဓားလှံထမ်း၍ စစ်ထွက်စစ်တက် ကခုန်နေကြသည်ကို သတိရ၍ ပြုံးမိသွားသည်။

ကျောက်တုံးကျောက်လုံးတွေပေါ်က သူတို့သည် မြက်ပုတ်များရှိရာသို့ လွှားခနဲ၊ ဘွားခနဲ ခုန်ကူးပြီး ပါးစပ်ကလည်း အသံထွက်ကြသည်။ ကြွေလင်မယား ခွဲနတ်ချိုးစားသွားကြသော ဆူးပင်ခုတ်ငုတ်များကိုလည်း မကြာခဏ တွေ့လာကြရာ သူကြီးတို့အဖွဲ့မှာ ပို၍ခုန်ပေါက်ပြေးလွှားနေကြသည်။

သည်လိုနှင့် တံလျှပ်တွေ တရိပ်ရိပ်ပြေးနေသော ကျောက်ဆောင်ကျောက်တောင်များပေါ်က နေရောင်ခြည်ကွယ်ပျောက်သွားသည်။ နေလုံးနီနီကိုလည်း မမြင်ကြရတော့။ သစ်ရိုင်းပင်များပေါ်က ငှက်ကလကောက်များ အိပ်တန်းလှုရင်းရန်ဖြစ်ဆူညံနေကြသံကို ကြားလာရသည်။ ဆည်းဆာရောင်သည် ကျောက်တောင်ကျောက်ဆောင်များပေါ် လွှမ်းခြုံသွားသည်။

စိန်တောက်တို့ရှေ့ကို ရောက်နှင့်သွားကြသော နာဂတစ်ယောက်သည် မတ်တတ်ရပ်ပြီး ကျူမှုတ်ကာ တစ်နေရာကို လက်ညှိုးထိုးပြထားသည်။ သူကြီးနှင့် အဖွဲ့သားများအားလုံး ထိုနေရာကို ခြေလှမ်းရပ် မတ်တတ်ကြည့်နေကြသည်။ ထို့ကြောင့် စိန်တောက်နှင့် ဘက်ထီးတို့ကလည်း သူတို့နည်းတူ မတ်တတ်ရပ်ကြည့်ကြရ၏။

ကျောက်ဆောင်မြင့်ကြီးပေါ် တစ်နေရာတွင် ငှက်ကြီး,ငှက်ငယ် အရွယ်စုံမျိုးစုံ ဆင်းလိုက်တက်လိုက် ပြန်ဆင်းလာလိုက် လုပ်နေကြသည်ကို လှမ်းမြင်ရသည်။ ဝေးသေးသည့်အပြင် လေထော



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသဖြင့် ငှက်အော်သံများကို မကြားကြရ။ ငှက်မျိုးစုံအကောင် အသေးများကိုသာ ပလူပုံမြင်နေ သည်။ မြူးထူးပျော်ပါး၍နေကြ ည်။

သူကြီးက ကြံခြေခြရာ လိုက်ရှာကြည့် ကြသူများကို ကျူမှတ်၍ စုစည်းလိုက် ည်။ တစ်ညနှစ်ရက်ခရီးကြောင့် စိန် တာက်က မောမောနှင့် အရိပ်ကျရာ ကြက်တုံးကြီးတစ်တုံးနား ကျောသွား အပူဟပ်သဖြင့် ချက်ချင်းကမန်း န်းခွာလိုက်ရ၏။ သစ်ပင်ရိပ်အောက် တွင် စုထိုင်ပြီး အမောပြေ ခေါင် ကြသည်။

စောစောက နာဂတစ်ယောက် သို့ထိုးပြရာဘက် သူကြီးက လက် ထိုးပြ၍ –

"တို့လိုက်တာတဲ့ ကြံလင်မယား ဟိုကျောက်သွေးကျင်းကို ရောက် ပြီး ငှက်တွေ ကျောက်သွေးသောက် ပျော်မြူးနေကြတာ တွေ့ကြတယ် ာ။ ကြံလင်မယားလည်း ကျောက် သောက်ပြီး အဲဒီမှာ နေနေကြလိမ့် သေနတ်နှစ်လက်ပါတာပဲ။ ဒီလင် ငါတို့လက်က မလွတ်နိုင်တော့ပါ ခုနေဝင်သွားတော့ ဒီမှာညအိပ်ပြီး မှ အဲဒီနေရာကို ကြံပစ်သွားကြရ ဆာလျှင်ကြီးကို ထမင်းစားချင်ရင် လို့ရပြီ၊ လေအောက်ဆိုတော့ ကြံ ယားကလည်း မီးခိုးနံ့မရနိုင်ဘူး"

ဟုပြောသည်။

"ဆန်ဆေးဖို့ ရေမှမရှိတာသူကြီး"

"ဘာဆန်ဆေးမှာလဲ။ ဘူးထဲက ချက်ပေါ့"

ဘက်ထီးက ဆန်ဆေးရန် ရေမရှိ ပြောသည်ကို သူကြီးက ရေဘူး နှင့်ချက်ဟုဆိုသည်။

နာဂများ ထမင်းချက်ရာတွင် ဆန် သော အလေ့အထ မရှိကြသည်ကို သတိရ၍ စိန်တောက်က ပြုံးသည်။

ဘက်ထီးက သူကြီးပြောသလို ရေ ဘူးထဲကရေနှင့် ချက်လိုက်ရမည်လားဟု စိန်တောက်ကို လှမ်းကြည့်ရာ –

"ဒီကျောက်တောင်ပေါ်မှာ ရေက အရေးကြီးတယ်ကွ။ ချက်မနေနဲ့။ သူတို့ စားကြသလိုပေါ့"

ဟု ပြောလိုက်ရ၏။

ကျောက်လွင်ပြင်ဟု ဆိုသော်လည်း ချုံပုတ်များရှိသဖြင့် ထင်းတော့မရှား။ သို့ သော် ရေကိုချွေတာရမည်ဖြစ်သဖြင့် နာဂတွေစားသလို ခေါင်ရေ ကျွဲသား ကျပ်တိုက်၊ ငါးသေတ္တာတို့ကို ရေနှင့် မျှော ချလိုက်ရသည်။ ငါးသေတ္တာကို နာဂတွေ အား ပေးသော်လည်း မစား။ ညှီသည်၊ အနံ့ဆိုးသည်ဟု နှာခေါင်းရှုံ့ကြသည်။

"သူကြီး ... မနက်ဖြန် ကြံလင် မယားကိုတွေ့ဖို့ သေချာပါ့မလား"

"သိပ်သေချာတာပေါ့။ ကြံတွေက ကျောက်သွေးကို သိပ်ကြိုက်ကြတယ်။ ခုမြင်နေရတဲ့ ကျောက်ဆောင်တွေဟာ နှစ်တိုင်းငိုတယ်။ နှစ်တိုင်းမျက်ရည်ကျ တယ်။ ပြီးတော့ သွေးအန်တယ်။ ခု သွေးအန်နေပြီ။ ငှက်တွေ တွေ့တယ်မှတ် လား။ ကျောက်သွေးသောက်ပြီး ပျော် မြူးနေကြတာ။ ကျောက်တောင်တွေပေါ် ကျောက်သွေးရှာတဲ့လူတွေဟာ အဲဒီငှက် တွေကို ကြည့်ပြီး ကျောက်သွေးလိုက်ကြ ရတာပဲ"

လသာညဖြစ်သဖြင့် အေးအေးလူ လူ သစ်ပင်အောက်၌ လဲလျောင်းကာ သူကြီးနှင့် စကားစမြည် ထွေရာလေးပါး ပြောနေကြသော်လည်း သူကြီး၏ စကား ကိုတော့ လုံးစေ့ပတ်စေ့ နားမလည်။ သူ ပြောသည့်စကားကို စိတ်မှန်းနှင့်အဓိပ္ပာယ် ဖော်ယူရ၏။

တစ်နေ့လုံး ကျောက်တောင်တွေ ကို နေပူထား၍လားမသိ။ ကျောက် တောင်များ၏ အငွေ့နှင့် မီးဖိုစရာပင်မလို၊ စောင်လည်းထုတ်ခြုံစရာမလိုဘဲ အိပ်၍ရ သည်။ ခရီးပန်းလာသဖြင့် စကားပြော ရင်း အိပ်ပျော်သွားရာ တစ်စုံတစ်ခုအသံ ကြောင့် အားလုံးလန့်နိုးကုန်ကြသည်။ စိန်တောက်လည်း လန့်နိုးလာပြီး နာရီကို ကြည့်လိုက်ရာ ၁၀ နာရီသာ ရှိသေး သည်။

အချိန်စောင့် နာဂကင်းသမားကမူ

"ဘာမှ မဟုတ်ဘူး။ ညထွက်တဲ့ ကြွက်အုပ်ကို လင်းဆွဲကြီးတွေ ဆင်း ကုတ်တာ တစ်ကောင်ပါသွားပြီ"

ဟု ပြောသည်။

ကြောင်နီးပါးရှိသော ကြွက်ကြီးကို ထိုးသုတ်ချီသွားနိုင်သော လင်းဆွဲကြီးမှာ လင်းတကြီး နှစ်ကိုယ်စာလောက်ရှိသည်။ သူတို့မျက်စိအောက်၌ပင် နောက်လင်းဆွဲ ကြီးတစ်ကောင်ကလည်း ကြွက်ကြီးတစ် ကောင်ကို ဆင်းကုတ်ချီယူသွားပြန်၏။

စိန်တောက်မှာ လင်းဆွဲကြီးတွေကို ကြည့်ပြီး ကျောချမ်းသွား၏။ ကင်း အစောင့်သာ ချမထားလျှင် ဤကြွက်ကြီး ကို ကုတ်ချီသွားသလို လူကိုပင် လာ ကုတ်လေမလား ထင်မိ၏။ ကန္တာရ လင်း ဆွဲကြီးများသည် လသာညှ၌ အုပ်လိုက် အစာရှာပျံဝဲနေကြ၏။ နိုးလာသော နာဂ အချို့က လင်းဆွဲကြီးတွေ အနားရောက် လာလျှင် ပစ်ဖမ်းရန် လေးမြားပြင်ထား ကြသည်။ လင်းဆွဲသားသည် ကျွဲရိုင်း သားထက် ချိုသည်ဆို၏။ သို့သော် လင်း ဆွဲကြီးတွေက သူတို့ခေါင်းပေါ် ရောက် မလာ။ ကြွက်အုပ်ကြီးပြေးသွားကြရာ ကျောက်တောင်ဘက်ကိုသာ ပျံဝဲလိုက် သွားကြ၏။

(ရွှေလဆက်ရန်)

ဖိုးကျော



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခန်းဆက်ဝတ္ထုရှည်

# တန်းပြဲကျောင်း

(ယခင်လမှ အဆက်)

"ကျွန်းမာပါစေခင်ဗျ"

"ကျွန်းမာပါစေရှင့်"

အတန်းထဲသို့ ဆရာမဝင်ရောက်လာပြီး စားပွဲတွင် ထိုင်လိုက်သည်နှင့် အတန်းသူအတန်းသားများက မတ်တပ်ရပ်နှုတ်ဆက်လိုက်ကြပါသည်။ အားလုံးပြန်ထိုင်လိုက်သောအခါ ပေါက်ဆိန်အား နောက်ခုံမှ မောင်မောင်က တိုးတိုးကလေးပြော၏။ အစ်ကိုကိုကျွန်တော် ပြောစရာရှိတယ် အစ်ကိုရဲ့။ မောင်မောင်သည် အတန်းထဲတွင် အရပ်အပုဆုံးကောင်လေး၊ အသက်ကလည်း ပေါက်ဆိန်တို့ထက် ငယ်ပုံရ၏။

"ဘာ့ပြောမှာလဲကွ"

ကပ္ပလီစိုးမြင့်က ကြားသွားသဖြင့် မောင်မောင့်ကို မေး၏။

"တိုးတိုးပြောပါဗျ၊ တော်ကြာ ဂျလုံးကြားသွားဦးမယ်"

မောင်မောင်က လေသံလေးဖြင့် ပြော၏။ သူ့ခမျာ ပြောသာပြော့ရသည်၊ ပတ်ဝန်းကျင်ကို စိတ်ချပုံမရ၊ ဟိုသည်ကြည့်လျက်နေ၏။

ပဥ္စလက်



www.burmeseclassic.com

www.burmeseclassic.com

"ဘာ . . ဂျလုံးကြား သွားမယ်"

ဂျလုံးဆိုသည်မှာ ပေါက်ဆိန်တို့အတန်းထဲမှ ပုပုကျစ်ကျစ်လုံးလုံး ကောင်မလေးဖြစ်၏။ ပုပုလုံးလုံးကလေးဖြစ်သဖြင့် တစ်ကျောင်းလုံးက 'ဂျလုံး'ဟု ခေါ်ကြ၏။ ရုပ်ရည်ကလေးကလည်းမဆိုး၊ ညို့ချောလေးဖြစ်၏။

"ဟုတ်တယ် အစ်ကိုရဲ့၊ ကျွန်တော် ဂျလုံးကို ဒီနေ့မနက်က လိုက်ပြီး စကားပြောခဲ့တယ်"

"ဟုတ်လား၊ ဘယ်ဆိုးလို့ တုန်းကွ၊ ငါ့ညီက တို့ထက်တောင် သာနေပါကလား။ ဆက်ပါဦး။ အဲဒီလို စကားလိုက်ပြောတော့ ဂျလုံးက ဘာပြန်ပြောလဲ"

ကပ္ပလီစိုးမြင့်နှင့် ပေါက်ဆိန်က မောင်မောင့်ကို တွန်းပို့လုပ်နေကြသည်။ မောင်မောင်က ဟိုသည်ကြည့်ကာ . . .

"တစ်ရက်နှစ်ရက် စဉ်းစားဦးမယ်တဲ့ ခင်ဗျ"

"ဟိုက်ရှားဘား၊ ဝွတ်သဟော့"

ပေါက်ဆိန်နှင့် ကပ္ပလီစိုးမြင့်တို့သည် ဂျလုံးနေရာသို့ လှမ်း၍ခိုးကြည့်ကာ ဖြိုင်တူပြောလိုက်ကြပါသည်။

"အံမယ်၊ ငါ့ညီက အရပ်သာပုတာ၊ ဒါမျိုးကျတော့ မြန်သား"

"ဟဲ့ - မောင်မောင်၊ လာဦး"

မောင်မောင်၊ ပေါက်ဆိန်နှင့် ကပ္ပလီစိုးမြင့်တို့ စကားကောင်းနေစဉ် ဆရာမအသံထွက်လာ၏။ ဆရာမအသံကြားသဖြင့် အမြန်ထကာ ဆရာမထံသို့ သွား၏။ အနားရောက်သည်နှင့် ဆရာမက ပေတံစောင်းဖြင့် မောင်မောင်၏ ခေါင်းသို့ ခပ်ဆတ်ဆတ်ကလေးတီးလိုက်ပြီး -

"ဒါ နောက်ဆုံးနဲ့ ပထမဦးဆုံး ဝမ်နင်ပဲ။ သိတယ်မဟုတ်လား"

ဆရာမသည် ဂျလုံးသို့ မျက်စောင်းထိုးပြကာ မောင်မောင်အား ပညာပါပါ ဆုံးမလိုက်၏။

"လူကသာ လူစဉ်မမှီတာ၊ စိတ်ကဖြင့် . . ပင်း . . သွား ခုံပေါ်တက် မတ်တပ်ရပ်နေ"

မောင်မောင်သည်ခေါင်းကလေးငုံ့ကာ လက်ပိုက်၍ ခုံပေါ်တက် မတ်တပ်ရပ်နေ၏။ အတန်းသူ အတန်းသားများက မောင်မောင်ကို ဝိုင်းကြည့်ကြ၏။

"ခုမှအရပ်ရှည်ပြီးကြည့်ကောင်းသွားတယ်"

ပေါက်ဆိန်က ခနဲ့လိုက်၏။ ကပ္ပလီစိုးမြင့်က မကြားတကြား -

"ဘယ်လိုလဲမောင်မောင်။

ဂျလုံးဆိုသည်မှာ ပေါက်ဆိန်တို့အတန်းထဲမှ
ပုပုကျစ်ကျစ်လုံးလုံး ကောင်မလေးဖြစ်၏။
ပုပုလုံးလုံးကလေးဖြစ် သဖြင့်
တစ်ကျောင်းလုံးက "ဂျလုံး"ဟု ခေါ်ကြ၏။
ရုပ်ရည် ကလေးကလည်းမဆိုး၊
ညို့ချောလေးဖြစ်၏။

ဂျလုံးက တစ်ရက်နှစ်ရက် စဉ်းစားဦးမယ်ဆို၊ ဘယ်မှာ စဉ်းစားဖို့လဲကွ၊ကြည့်စမ်း . . ချက်ချင်းကို အဖြေပေးလိုက်တာ"

ပေါက်ဆိန်နှင့် ကပ္ပလီစိုးမြင့် တခစ်ခစ်ရယ်ကြ၏။ မောင်မောင်က မှုန်ကုတ်ကုတ်ဖြင့် ခေါင်းငုံ့နေ၏။ အတန်းသားများကတော့ မောင်မောင်ဘာလုပ်၍ မတ်တပ်ရပ်နေရသည်ကို မသိကြ။ ထို့ကြောင့် ကပ္ပလီစိုးမြင့်နှင့် ပေါက်ဆိန်တို့ကို ခြေကန်၊ လက်ဟန်ဖြင့် မေးကြ၏။ ပေါက်ဆိန်က အသံကျယ်ကျယ်နှင့် ပြောလိုက်၏။

"မောင်မောင်က အရပ်ပုလို့ဆိုပြီး အားလုံးမြင်ရအောင် ခုံပေါ်တက်ရပ်ပြနေတာဗျာ့"

"ဒေါင် . . ဒေါင် . . ဒေါင်"

အချိန်ပြောင်း ခေါင်းလောင်းထိုးသဖြင့် မောင်မောင်က်ကောင်းသွား၏။ သိပ်ကြာကြာ မရပ်လိုက်ရ။ ဆရာမ

သည် မောင်မောင့်ကို ပေ
ထောင်၍ လှုပ်ပြပြီး အတ
ထဲမှ ထွက်သွားလေသည်။

ဆရာမဒေါ်ကြည်ကြ
အတန်းတွင်းသို့ ဝင်လာ
ဒေါ်ကြည်ကြည်သည် က
ပန်းကုံးသင်၏။ ဆရာမ ဒေ
ကြည်ကြည်ကို မြင်တော
ပေါက်ဆိန်သည် ကဗျာအလွ
ဆိုရမည်ကို သတိရ၏။ အ
ကလည်းမကျက်ခဲ့ရ၊ ကျေ
ရောက်မှကျက်မည်ဟု စိတ်
ထားသော်လည်း အချိန်မရ
မကျက်ရ။ ဆရာမဒေါ်ကြ
ကြည်က ဒဏ်ပေးကြမ်း
စာမရလျှင် အတန်းပြင်ထွ
၍ မတ်တပ်ရပ်ရမည်ဟု မ
ကပြောခဲ့၏။

အဲဒါမှ ပြဿနာ၊ ဆ
မ သည် စာအုပ်ကိုဖွင့်
သည်။ ကဗျာမေးတော့မည
ရှေ့တန်းမှ မိန်းကလေးမ
အား စ၍ မေးနေပြီ။

"စိုးမြင့်၊ မင်းကဗျာ
လား"

"ရတယ်လေဗျာ၊ ဘာ
မင်းမရဘူးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"မရဘူးကွ။ ဒုက္ခပါပဲ"

"ဒါလေးများ၊ မင်းကိုမေးရင် ငါစာအုပ်ဖွင့်ပြထားမယ်။ ဒါမှမဟုတ် ငါ့ပါးစပ်က ရွတ်ပြမယ်။ မင်းကလိုက်ဆိုပေါ့ကွ"

"ဟုတ်ပြီ၊ ကျေးဇူးပါပဲကွာ"

ပေါက်ဆိန် နည်းနည်းစိတ်သက်သာသွားလေသည်။ တဖြည်းဖြည်းနှင့် ဆရာမသည် အလယ်တန်းမှ ကျောင်းသားများထံ မေး၏။ တစ်ဦးချင်းမေးနေလျှင် အချိန်လောက်မည်မဟုတ်၊ ထို့ကြောင့် လူရွေး၍ မေးလာ၏။

"မောင်စိုးမြင့်"

ကပ္ပလီစိုးမြင့်သည် ဘေးမှပေါက်ဆိန်ကို လက်ကုတ်လိုက်၏။ ပေါက်ဆိန်က ကဗျာစာအုပ်ကို ဖွင့်ထားလိုက်၏။ ဆရာမကား စိုးမြင့်တို့ နားမလာ။ အတန်းထိပ်မှ ရပ်၍ နားထောင်နေ၏။ ကပ္ပလီစိုးမြင့်သည် မတ်တပ်ရပ်ကာ လက်ပိုက်လျက် မျက်လုံးက ကဗျာစာအုပ်ကို ကြည့်ကာ ဆိုနေ၏။ ပေါက်ဆိန်ကလည်း ကဗျာကို ရွတ်ပြနေ၏။ ကဗျာကား ရှည်၏။ ကပ္ပလီစိုးမြင့် ဆိုပြီးသောအခါ ဆရာမက -

"ပေါက်ဆိန်"ဟု ဆိုသဖြင့် ပေါက်ဆိန်သည် မတ်တပ်ရပ်လိုက်၏။ စိုးမြင့်ကို လှမ်းကြည့်လိုက်၏။ ကပ္ပလီစိုးမြင့်က ပေါက်ဆိန်ကို ပြုံးပြလိုက်ပြီး ကဗျာစာအုပ်ကို ပိတ်လိုက်လေ၏။ ပေါက်ဆိန် တစ်ကြောင်းနှစ်ကြောင်းသာ ဆိုနိုင်ပါသည်။ ဆက်၍မဆိုနိုင်တော့။ ကပ္ပလီစိုးမြင့်က လုပ်ချလိုက်ပြီ။ ပေါက်ဆိန်ခံလိုက်ရပြီ။ ပေါက်ဆိန်သည် ကပ္ပလီစိုးမြင့်ကို မကြည်သောပုံစံဖြင့် ကြည့်၏။ ကပ္ပလီစိုးမြင့်က တစ်ဖက်သို့ မျက်နှာလှည့်ထားပြီး စပ်ဖြီးဖြီးလုပ်နေ၏။ ဘေးမှ ကျော်ညွန့်တို့ ဝင်းကြည်တို့ကလည်း ရိပ်မိပြီး ပြုံးနေကြ၏။

"ပေါက်ဆိန် အတန်းပြင်ထွက်"

ကဗျာ ဆက်မဆိုနိုင်သဖြင့် ပေါက်ဆိန်အတန်းပြင်သို့ ထွက်၍ မတ်တပ်ရပ်နေရ၏။ ကပ္ပလီစိုးမြင့်တို့က တခစ်ခစ် ရယ်ကြ၏။ ဒီတစ်ချီပေါက်ဆိန် စိုးမြင့်၏ လှည့်ကွက်ကို ရည်ရည် လည်လည် ခံလိုက်ရ၏။ မမြလွင်တို့အုပ်စုကလည်း တသောသော သဘောခွေ့ကြ၏။ ဆရာမ အလစ်တွင် ပေါက်ဆိန်က -

"ဒီတစ်ခါတော့ လုပ်လိုက်ဦးပေါ့ ကပ္ပလီရာ"

ဟု စပ်ဖြီးဖြီးနှင့် ရှက်ပြုံးပြုံးလိုက်လေ၏။

ကျောင်းလွှတ်သောအခါ မမြလွင်၊ ချယ်ရီချူး၊ မခင်စန်းနှင့် ပေါက်ဆိန်တို့အတူတူပြန်ဖြစ်ကြ၏။

"ဒီနေ့တော့ ပေါက်ဆိန်ကောင်းကောင်းကို ခံစားသွားရတယ်ဟော့"

မခင်စန်းက ခနဲ့လိုက်၏။ မိန်းကလေးတစ်သိုက် ဝိုင်းရယ်လိုက်သဖြင့် ပေါက်ဆိန် မချိပြုံးပြုံးရင်း -

"ဒါပေါ့ဟာ၊ အလှည့်တိုင်း ဘယ်နိုင်ပါ့မလဲ၊ ခံတဲ့အခါလဲ ခံရတာပေါ့"

"မြန်မြန်လျှောက်မဟာ့၊ ငါဆာလှပြီ။ ကားခလဲ ကုန်ပြီ"

မမြလွင်က ပြောသဖြင့် ပေါက်ဆိန်က-

"မြန်မြန်လဲ ပြန်ချင်တယ်။ဆာလည်းဆာတယ်ဆိုတော့ သည်လိုလုပ်၊ လာ . . လာကြ၊ အဆာပြေပေါ့"

ဟုဆိုကာ လမ်းဘေးရှိ ကွမ်းယာဆိုင်သို့ ဝင်လိုက်၏။

"ကဲ - တစ်ယောက်တစ်လုံးစီ စားကြ"

ပေါက်ဆိန်က ကွမ်းယာဆိုင်မှ ဖီးကြမ်းငှက်ပျောသီး တစ်လုံးကို ဖြုတ်ရင်းပြော၏။ ချယ်ရီချူးနှင့် မခင်စန်းတို့ တစ်လုံးစီဖြုတ်ပြီး ရယ်ကာ စားကြ၏။ ပေါက်ဆိန်က ပလုပ်ပလောင်းစားလိုက်ပြီး -

"ဗိုက်ဆာတာတော့ အိုကေသွားပြီ။ အိမ်အမြန်ရောက်ဖို့ကတော့ ဟောသလို"

ဟုဆိုကာ လှစ်ကနဲ ကွမ်းယာဆိုင်ရှေ့မှ ထွက်ပြေးတော့၏။

"ဟာ . . ဟိုကောင်လစ်သွားပြီ၊ ငါတို့မှာလည်း ပိုက်ဆံမရှိ။ ဒီတော့ . . . "

မမြလွင်က ပြောရင်း ချယ်ရီချူးနှင့် မခင်စန်း၏ လက်များကို ဆွဲကာ သုတ်ခြေတင်လေ၏။ ကွမ်းယာဆိုင်မှ ကုလားကြီးမှာ ပထမ ကြောင်နေပြီး၊ နောက်မှ သတိရကာ ကျိုး(သူခိုး)၊ ကျိုး(သူခိုး) ကျိုး(သူခိုး)ဟု အော်ရင်း ကျန်ခဲ့လေ၏။

✷

၃၆ လမ်း၏ ကွင်းကလေးထဲတွင် ဖြစ်၏။ ပေါက်ဆိန်၊ ပါကြီး၊ တင်ငွေတို့ ရန်ကုန်ဆေးရုံကြီးအကြောင်း ပြောနေကြ၏။ မနေ့က ပေါက်ဆိန်သည် ဆရာမဒေါ်ခင်မြင့်ရှိန်၏ သား ဆေးရုံတက်နေသည်ကို သွားတွေ့လိုသဖြင့် သွားရောက်ရာ ဆေးရုံချိန် မဟုတ်သဖြင့် ပြန်လစ်ခဲ့ရလေ၏။

"တော်တော်တုံးတဲ့ကောင်ပဲ။ အပေါက်စောင့်တွေကို 'ဝက်'ကလေးဘာလေး ခွန့်ရတယ်ကွ။ ဒါမှ ဘယ်အချိန်ဝင်ဝင် ထွက်ထွက်ရသကွ။ ဒါများ မင်းကိုယ်မင်း တန်းမြင့်ဂျင်တဲ့ . . ထွီ"

ပါကြီးက အကွက်ပေါ်သဖြင့် ပေါက်ဆိန်ကို နှိပ်ကွပ်လိုက်လေ၏။ တင်ငွေက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့အဖေ၊ ဆေးရုံတက်တုန်းကဆိုရင် ငါတို့ကောင်တွေ တက်ချင်တဲ့အချိန်တက်၊ ဆင်းချင်တဲ့အချိန်ဆင်း . . ဟဲ . . ဟဲ။ ပါကြီးပြောသလို လုပ်ထားတာကိုးကွ"

"ငါကတော့ လုပ်ကိုမလုပ်ချင်လို့ဟေ့၊ ဒါမျိုး ဝါသနာမပါဘူးကိုယ့်လူ"

ပေါက်ဆိန်က ပြန်ပြော၏။ ထိုစဉ် မြင့်ဆွေ ရောက်လာပြီး -

"ဘာတွေ ပြောနေကြတာလဲကွ"

"ဟာ . . ဒီကောင်ငဆိန်၊ မနေ့က ဆေးရုံကြီးသွားတာ အပေါ်မတက်ခဲ့ရလို့ မကျေမလည်ဖြစ်နေတယ်ဟေ့"

"အော် . . ဂလိုလား၊ ဒါလေးများ"

"ဒါလေးများလုပ်မနေနဲ့ ဟေ့ကောင်၊ ဆေးရုံကြီးပေါ် မတက်ရတော့ လူနာအတွက် ဟောလစ်ဘူးတွေ ဘာတွေ မပေးရဘူးပေါ့ကွ"

"အေးပါ၊ ဘာမှပူမနေနဲ့၊ ဒီနေ့ညနေ (၆)နာရီ ငါ လိုက်ပို့မယ်။ သိတယ်နော၊ ဒါပေမယ့် . . လက်ဖက်ရည်တော့ တိုက်ရမယ်ကိုယ့်လူ"

"ရပါတယ်ကွာ၊ ရပါတယ်။ ငါ ဆရာမသားလေးအတွက် ငါ့ကို သူငယ်ချင်းတွေ စုဝယ်ထားတဲ့ လက်ဆောင်တွေပေးချင်လို့ပါကွာ။ မင်းဆိုရင်တော့ ယုံပါတယ်"

"ဟဲ- ဟဲ . . မယုံရင်လဲ ပုံပြင်လို့ မှတ်လိုက်ပေါ့ကွာ။ ညနေ (၆)နာရီ ဒီကွင်းထဲက စောင့်နေ။ မင်းတင်မကဘူး။ ခေါ်ချင်ရင် မင်းသူငယ်ချင်းတစ်ယောက်ပါ ခေါ်ခဲ့ဦး"

မြင့်ဆွေသည် ခပ်တည်တည်နှင့် ကြောင်ရမလား၊ သနားစရာအသွင်ဆောင်ရမလား၊ ဘယ်နေရာမဆို ဟိတ်ဟန်လုပ်၍ လူအထင်ကြီးအောင် လည်းကောင်း၊ သနားလာအောင်သော်လည်းကောင်း၊ အရှက် အကြောက်မရှိ လုပ်တတ်၏။ သူငယ်ချင်းတစ်စုက သူ့ကို အထူးသဖြင့် ရုပ်ရှင်ကြည့်ရာတွင် ဆရာကြီးတင်တတ်၏။

ထိုခေတ် ထိုအချိန်က ရုပ်ရှင်ကားကောင်းတစ်ကား ရုံတင်ပြီဆိုလျှင် စောစောသွားက လက်မှတ်ပေါက်ရှေ့တန်းတန်းစီကြရ၏။ ဒါမှ ရုပ်ရှင်လက်မှတ်ရဖို့ သေချာ၏။ ရုပ်ရှင်ပြခါနီးမှ သွားပါက ပြား (၅၀)တန်း၊ ဒီ/၅ဝါးတန်းတို့ အနီးသို့ မိမိလူမရှိက ကပ်၍ပင် မရ။

ရုပ်ရှင်ပြရန် ဆယ့်ငါးမိနစ်အလိုမှလက်မှတ်ရောင်းသဖြင့် ကြိုတင်နေရာယူထားသူများသာ လက်မှတ်ရရန် သေချာ၏။ ဒါတောင် ထိုအချိန်က လက်မှတ်မှောင်ခိုသမားများနှင့် သူ့ထက်ငါလုယက်ဝယ်နိုင်မှ ရနိုင်၏။ မတိုးနိုင်မကပ်နိုင်သူ များကား ပြား ၅၀ (သို့)၇၅ါး တန်းကို ဒီ/၅ဝါး(သို့) ၂/ပေး၍ ကြည့်ရ၏။ ရုပ်ရှင်ကားကောင်းလျှင် ကောင်းသလို ဈေးပိုပေးရတတ်၏။

သည်လိုနေရာတွင် . . သူငယ်ချင်းများက မြင့်ဆွေကို အားကိုးရတော့သည်။ မြင့်ဆွေသည် ရုပ်ရှင်ကို ဘယ်တော့မှ အစောကြီးဒုက္ခခံ၍ တန်းမစီ။ စောစောတန်းစီသူများအပေါ် လူပေါ် လူဇော်လုပ်၍ ရအောင် လက်မှတ်ယူတတ်၏။ လက်မှတ်ပေါက်နားတွင် တန်းစီနေသူများမှာလည်း မနက်အစောကြီးကတည်းက စီထားရသည်မို့ မည်သည့်လူစိမ်းကိုမှ နေရာမပေး။ ဖြတ်တိုး၍မရ။ အတော်အတန် မိုက်မိုက်ကန်းကန်းလူ (သို့) လက်မှတ်မှောင်ခိုသမားကသာ ဝင်ရောက်တိုးရဲကြ၏။ တိုးဆိုသူတို့လူတစ်ယောက်က စောစောနေရာယူထားတတ်၍လည်း ဖြစ်၏။ ထို့ကြောင့် ထိုခေတ်ထိုအခါက ထိုလက်မှတ်ပေါက်တွင် မကြေလည်မှုများ၊ ဖိုက်တင်ပွဲများ မကြာခဏဖြစ်တတ်ကြပါသည်။

မြင့်ဆွေ လက်မှတ်ရအောင်ယူပုံက ဤသို့ဖြစ်၏။ ပထမ တန်းစီသူနေသူများကို လိုက်ကြည့်၏။ အသိတွေ့က ဝင်စီ၏။ အသိမတွေ့က ရှေ့တွင် မတ်တပ်ရပ်နေသူများ မျက်မှန်းတန်းမိစေရန် ပြုံးပြလိုက်၊ ရယ်ပြလိုက် လုပ်၏။ အချို့လူများက မိမိအား ပြုံးပြပါက ပြန်၍ ပြုံးတတ်ကြ၏။ ထိုသို့ ပြုံးပြပါက မြင့်ဆွေက ထိုလူနားသို့ မသိမသာ ကပ်ကာ မိတ်ဆွေဖွဲ့၏။ ဟိုသည်စကားတွေ လျှောက်ပြော၏။

တစ်ဖက်လူကလည်း အားနာပါးနာနှင့် တစ်ခွန်းစ နှစ်ခွန်းစ ပြန်ပြောပြီဆိုလျှင် တဖြည်းဖြည်းကပ်သည်ထက်ကပ်ကာ ဝင်၍ တန်းစီလေ၏။ နောက်မှ လူများက ဟေ့ဖြတ်မတိုးနဲ့ကွ၊ တို့က မနက်ကတည်းက စီထားရတာ၊ ဘာညာ သာရကာပြဿနာရှာလျှင် မြင့်ဆွေက ပြုံး၍ပြုံးလျက်၊ ဒါ ကျွန်တော့်မိတ်ဆွေပါဗျာ၊ မနက်ကတည်းက စီနေတာပါ။ ကျွန်တော်က ခုမှလာတာပါခင်ဗျ။ မယုံရင်မေးကြည့်ပါ။ ဘာညာသာရကာပြောသောအခါ သူစည်းရုံးထားသောသူကလည်း ပြဿနာမဖြစ်ချင်သဖြင့် ဟုတ်ပါတယ်ခင်ဗျာ၊ မနက်က သူမအားလို့ ကျွန်တော် အရင်လာစီတာပါခင်ဗျဟု ပြောရလေ၏။

နောက်တစ်နည်းက ဤသို့ ဖြစ်၏။ ရှေ့ဆုံးတန်းလက်မှတ်ပေါက်နားမှ လူနားဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ပြည်းတိုးကပ်၍ သနားလာ
အောင် ကျွန်တော် နယ်က
လာတာပါခင်ဗျာ။ ရုပ်ရှင်
တစ်ခါမှ မကြည့်ဘူးလို့ပါ။
အစ်ကိုတန်အစ်ကို၊ ညီတန် ညီ၊
ဦးလေးတန် ဦးလေး၊ အချိုသာ
ဆုံးပြောကာ ဝင်ကပ်၊ ထိုလူမှ
သည်း အားနာသဖြင့် နေရာ
ပေး၊ ဒီလို ဒီလိုနှင့် မြင့်ဆွေ
နေရာရ၊ အဲ-နေရာရပြီး လက်
မှတ်လဲပေးရော၊ တန်းစီထား
တဲ့ လူတွေ ရှုတ်ရှုတ်သဲသဲဖြစ်၊
ထိုသို့ ရှုတ်ရှုတ်သဲသဲဖြစ်နေစဉ်
မြင့်ဆွေက သူစောင့်ခိုင်းထား
သော သူငယ်ချင်းအား အတင်း
သွားနားဝင်ပူးခိုင်း၊ သို့မဟုတ်
ဟာ . . သူငယ်ချင်း လာလာ
. . ခေါ်ပြီး ဘေးလူများကို
သည်း ပြုံးပြရယ်ပြ၊ လက်မှတ်
တလည်းပေးနေပြီဆိုတော့
အချီအချမပြောကြတော့။

ဒီလိုနှင့်မြင့်ဆွေရော
သူငယ်ချင်းပါ ရုပ်ရှင်ကြည့်
လိုက်ရတော့၏။ တတ်လည်း
တတ်နိုင်သည့် မြင့်ဆွေ၊ ဘယ်
ရုပ်ရှင်ကား ရုံတင်ပြီလဲ။ သူ
က ထိုနည်းနှင့် ကြည့်ပြီးပြီ။
James Bound ကားလား၊
ဝင်းဦးကားလား၊ ကောလိပ်
ဂျင်နေဝင်းကားလား၊ ဘယ်
ကားလာလာ၊ မြင့်ဆွေက
သနားအောင်၊ ကျေနပ်အောင်၊
ယုံလည်အောင်ပြော၍ ကြည့်
နေလေ၏။

ဒါက သူရုပ်ရှင်ကြည့်

**တံခါးဝရှိ အစောင့်မှာ မြင့်ဆွေနာရီကို ကြည့်ပြီး ဘိုလိုမှတ်ကာ ခပ်ဆတ်ဆတ်ကလေး ပြေးတက်လာသည် နှင့် ဘာရှာတံခါးများကို ဆွဲ ဖွင့်ပြီးဖြစ်နေ၏။ မြင့်ဆွေ သည် မည်သူ့ကိုမှ မကြည့်ဘဲ "Thank you" ဟု ဆိုကာ တံခါးမကြီးထဲသို့ ရင်ကော့ ဝင်သွားလေ၏။**

နည်း။ ခု ပေါက်ဆိန်ကို ဆေး
ရုံကြီးသို့ ခေါ်၍ ရအောင်ဝင်
ပြမည်တဲ့။ ဟုတ်ပါ့မလား။ ဘာ
ပဲပြောပြော သူငယ်ချင်းတစ်
သိုက်က မြင့်ဆွေပြောလျှင်ယုံ
ပါသည်။ လက်တွေ့လည်း
လုပ်ပြသည်ကိုး။ ရိုးရိုးကလေး
နှင့် အကြောင်ရိုက်တတ်သည့်
မြင့်ဆွေကို ပေါက်ဆိန် ယုံကြည်
ပါသည်။ မြင့်ဆွေ နောက်က
သာ ခပ်တည်တည်နှင့် မျက်နှာ
ပိုးသေသေ လုပ်တတ်ဖို့ပဲလိုပါ
သည်။

ညနေ (၅)နာရီခွဲသော
အခါ မြင့်ဆွေ ပေါက်ဆိန်ထံ
ရောက်လာလေသည်။ ကြည့်
စမ်း၊ မြင့်ဆွေက ဘောင်းဘီ
ရှည်၊ အင်္ကျီလက်ရှည်အဖြူ
တော်တော်သားနားနေပါသည်။
လက်ထဲတွင်လည်း ဖိုင်တစ်ခု
ကိုင်ထားသည်။ မြင့်ဆွေသည်
ပေါက်ဆိန်လို သေးသေးညှက်
ညှက်မဟုတ်၊ အရပ်အမောင်း
ကောင်းသည်။ မျက်နှာပုံစံက
ခံ့ညားသည်။ ဓာတ်မသိလျှင်
လူကြီးလူကောင်းပုံပေါက်နေ
ပါသည်။

"ဆေးရုံကြီး တံခါးမကြီး
ရှေ့ရောက်တာနဲ့ ငါခပ်တည်
တည် မင်းကို ဘိုလိုမှတ်လိုက်
မယ်။ မင်းက "Yes,Sir" ဒါပဲ
ပြော။ မျက်နှာပိုးတော့သေပါ
စေ။ ဘယ်ကောင့်ကိုမှ မကြည့်
နဲ့။ ခပ်တည်တည်နဲ့ ငါ့ဘေးက
လိုက်ခဲ့"

မြင့်ဆွေက လမ်းလျှောက်
ရင်းပေါက်ဆိန်ကို ပြော၏။
ပေါက်ဆိန်ကလည်း အထာသိ
ကြောင်း ခေါင်းငြိမ့်၏။ နှစ်ဦး
သား ခပ်သုတ်သုတ်လျှောက်
လာကြရာ ဆေးရုံကြီးဝင်းထဲ
ရောက်လာ၏။

"နီးလာပြီနော်၊ ခပ်တည်
တည်သာနေ"

မြင့်ဆွေက သတိပေးရင်း
တံခါးမကြီးဆီသို့ ဦးတည်လိုက်
၏။ တံခါးမကြီး၏ လှေကားဝ
သို့ရောက်သောအခါ မြင့်ဆွေ
သည် ခပ်မြန်မြန်လေး အပြေး
တက်ကာ လက်မှနာရီကို ငုံ့
ကြည့်လိုက်ပြီး -

"Oh, the time is so
short . my duty is so lost."

မြင့်ဆွေက ပါးစပ်ထဲရှိ
ရာစကားများဖြင့် ဘိုလိုမှတ်
တော့၏။ ပေါက်ဆိန်ကလည်း
မြင့်ဆွေ၏ နောက်မှ အပြေး
လိုက်ခါ "Yes,Sir"ဟု ပြော
ရင်း လှေကားကြီးပေါ်သို့
တက်ခဲ့၏။ တံခါးဝရှိ အစောင့်
မှာ မြင့်ဆွေနာရီကို ကြည့်ပြီး
ဘိုလိုမှတ်ကာ ခပ်ဆတ်ဆတ်
ကလေး ပြေးတက်လာသည်
နှင့် ဘာရှာတံခါးများကို ဆွဲ
ဖွင့်ပြီး ဖြစ်နေ၏။ မြင့်ဆွေ
သည် မည်သူ့ကိုမှ မကြည့်ဘဲ
"Thank you"ဟု ဆိုကာ
တံခါးမကြီးထဲသို့ ရင်ကော့
ဝင်သွားလေ၏။ ပေါက် ဆိန်
လည်း ရင်ကော့ဝင် သွား
သော မြင့်ဆွေ၏ နောက်မှ
ခေါင်းကလေးငုံ့ကာ အလွန်
ရယ်ချင်သည်ကို အောင့်၍
တံခါးမကြီးထဲသို့ ဝင်လိုက်
လေ၏။

တံခါးစောင့်များက မြင့်
ဆွေအား ဆရာဝန်ကြီးလား၊
ဒါမှမဟုတ် အရာရှိလား၊ ဘာ
လား၊ ညာလား အထင်နှင့်
ဘာမျှမမေးဝံ့တဲ့ အဝတ်အစား
အပြင်အဆင်နှင့် ဟိတ်ဟန်ကို
ကြည့်ကာ တံခါးဖွင့်ပေးလိုက်
ခြင်း ဖြစ်၏။ ဆေးရုံကြီးပထမ
ထပ်ထောင့်ချိုးတစ်နေရာသို့
ရောက်သောအခါ နှစ်ဦးသား
တစ်ယောက်မျက်နှာတစ်ယောက်
ကြည့်ကာ အသားကုန်ဟား
လိုက်ကြလေ၏။

"တွေ့ပြီမဟုတ်လား . .
ဟန်ကိုယ့်ဖို့ဆိုတာ၊ မြဲမြဲမှတ်
ထား ငဆိန်"



www.burmeseclassic.com

www.burmeseclassic.com

"နှုတ်ဆက်မှစားရမှာလားကွ။
ငါစားတာ ဒီတစ်ခါ တည်းမှ မဟုတ်တာ။
ဘယ်အခါစားစား ဘယ်သူမှ လာ
မနှုတ်ဆက်ကြဘူးကွ။ မနှုတ် ဆက်ဆို
ငွေရှိတဲ့လူတွေဟာ သူတို့ကို နှုတ်ဆက်မှ သူတို့က
ပြန်နှုတ်ဆက်ကြတာကွ။ ဒါသူတို့စရိုက်ပဲ။ ဒီတော့ .."

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာမသား၏ အခန်းသို့ရောက်သောအခါ ဆရာမက -

"ဟဲ့ ပေါက်ဆိန်၊ တယ် ဟုတ်ပါလား၊ ဘယ်လိုလုပ်ပြီး ဆေးရုံချိန်ကုန်မှ ဝင်လာတာလဲ"

ပေါက်ဆိန်က ဟောလစ်ဘူးနှင့် အိုဗာတင်းဘူးများကို စားပွဲပေါ်တင်ရင်း -

"ဟောဒါ ကျွန်တော့်သူငယ်ချင်း ဒေါက်တာမြင့်ဆွေပါဆရာမ . . သူ့ကြောင့် . ."

ပေါက်ဆိန်က ပြုံးရင်း မြင့်ဆွေကို လက်ညှိုးထိုးပြလိုက်ရာ ဆရာမက -

"ဟော . . ဒေါက်တာ . . ဒေါက်တာ မဟုတ်ဘူးလား ပေါက်ဆိန်"

မြင့်ဆွေနှင့်ပေါက်ဆိန်သည် ဆရာမအပြောကို သဘောကျစွာ ပြိုင်တူပြုံးလိုက်ကြလေသတည်း။

✱

ဤမျှပင်မက မြင့်ဆွေသည် ဘုရုတ်ကျသူဖြစ်၏။

တစ်ခါက မြင့်ဆွေနှင့် ပေါက်ဆိန်သည် ရွှေတိဂုံဘုရားပေါ်သို့ တက်၍ အပြန်တွင် ဘုရားလမ်းအတိုင်း ခြေလျင်ပြန်လာကြ၏။ ထိုအချိန်က ဘုရားလမ်းဘူတာမရောက်မီတွင် "ဆန်းကဖေး"ရှိပါသည်။ ဆန်းကဖေးဆိုသည်မှာ ထိုအချိန်အခါက မင်္ဂလာပွဲများ၊ စည်းဝေးပွဲများ၊ မွေးနေ့ပွဲများ ပြုလုပ်ရာ နာမည်ကြီးခန်းမကြီး ဖြစ်၏။ ထိုဆန်းကဖေးသည် အုတ်တစ်ထပ်၊ သစ်သား တစ်ထပ်ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အအုံ ဖြစ်ပါသည်။

နိုင်ငံကျော်များ၊ ဂုဏ်သရေရှိလူကြီးများ၊ လူဂုဏ်ထံများ၏ ပွဲလမ်းသဘင်ကျင်းပရာခန်းမကြီး၊ တော်ရုံတန်ရုံ လူများ ထိုနေရာသို့ မကပ်ရဲ၊ မတက်ရဲသည့်နေရာ။ ယခုခေတ် ဟော်တယ်ကြီးများ သဖွယ်။ စကားပြန်ဆက်ရမည်ဆိုပါလျှင် ပေါက်ဆိန်နှင့် မြင့်ဆွေတို့သည် ရွှေတိဂုံဘုရားမှအပြန် ဆန်းကဖေးရှေ့သို့ အရောက် မြင့်ဆွေက ခပ်တည်တည်ဖြင့် ရှေ့မှ တက်သွားပါသည်။ ပေါက်ဆိန်ကလည်း ဘာမသိ ညာမသိ နောက်မှ လိုက်တက်သွားပါသည်။

ဆန်းကဖေးအောက်တွင် ကားမျိုးစုံ ရပ်ထားလျက် အလွှာအသီးသီးမှ လူမျိုးစုံသည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ကာ လှေကားပေါ်သို့ အိန္ဒြေရရ တက်လျက်နေကြ၏။ မြင့်ဆွေနှင့် ပေါက်ဆိန်တို့သည်လည်း ထိုတောက်ပြောင်စွာ ဝတ်စားထားသူများနှင့် ရောနှောကာ အိန္ဒြေရရ ခန်းမကြီးအတွင်းသို့ ဝင်ရောက်သွားကြပြီး မနီးမဝေး စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ကြ၏။

သူတို့နှစ်ဦး ထိုင်ပြီး မကြာမီပင် ဒန်ပေါက်ထမင်းများလာချသည်နှင့် နှစ်ဦးသားခပ်တည်တည် စားသောက်လိုက်ကြ၏။ ဒန်ပေါက်ထမင်း စားသောက် ပြီးသောအခါ (Pot) ခေါ် လက်ဖက်ရည်ပွဲ ချပြန်၏။ မြင့်ဆွေနှင့် ပေါက်ဆိန်တို့သည် ခပ်တည်တည်ပင် ဖျော်သောက်ကာ ခေတ္တနားပြီး ဆန်းကဖေးပေါ်မှ ပြန်ဆင်းခဲ့ကြလေသည်။ ကားလမ်းမပေါ်သို့ ရောက်သောအခါ မြင့်ဆွေက -

"တို့ ခု ဝါးခဲ့တာ မင်္ဂလာဆောင်လား၊ မွေးနေ့ပါတီလား"

"ဘယ်သိမလဲကွ၊ မင်းနဲ့ သိတာမဟုတ်ဘူးလား"

"ဘယ်က သိရမှာလဲကွ၊ ဆာလွန်းလို့ခပ်တည်တည် ဝင်တီးခဲ့တာ"

"ဟေ . ."

"မဟေနဲ့ သူငယ်ချင်းခု မင်းဝသွားပြီမဟုတ်လား"

"ဘုရား၊ ဘုရား၊ ငါက မင်းနဲ့ သိတယ်အောက်မေ့လို့ကွ။ ငါနည်းနည်းတော့ ထင်သား၊ ဘယ်သူမှလဲ တို့ကို လာမနှုတ်ဆက်ပါလားလို့"

"နှုတ်ဆက်မှစားရမှာလားကွ။ ငါစားတာ ဒီတစ်ခါတည်းမှ မဟုတ်တာ။ ဘယ်အခါစားစား ဘယ်သူမှ လာမနှုတ်ဆက်ကြဘူးကွ။ မနှုတ်ဆက်ဆို ငွေရှိတဲ့လူတွေဟာ သူတို့ကို နှုတ်ဆက်မှ သူတို့က ပြန်နှုတ်ဆက်ကြတာကွ။ ဒါ သူတို့စရိုက်ပဲ။ ဒီတော့ . . ငါကလဲ အဲသလို စရိုက်ရှိတဲ့ လူတွေကို ဟောသလို အကြောင်းဝင်ရိုက်လိုက်တာပေါ့ သူငယ်ချင်းရာ . . ဟား . . ဟား . . ဟား . ."

ဆက်လက်ဖော်ပြပါမည်။

ပဥ္စလက်




www.burmeseclassic.com

www.burmeseclassic.com

# ...ရာဝန်မညွှန်ဘဲ ပိန်ဆေးစားသူ သေဆုံးသွား

ဦးဦးသိန်း





မစ်စ်ယူး အသက် ၂၄ နှစ်၊ စင်...ဖြစ်နေသူ ခန္ဓာကိုယ် ဝဝအမျိုးသမီး ...ယောက်။

'ဝ'သောကြောင့် ပိန်ဆေးကို စားချင်သည်။ ဆရာဝန်ကမညွှန်ဘဲ 'အွန်လိုင်း'မှတစ်ဆင့်ကြော်ငြာသော ပိန်ဆေးတစ်မျိုးကို ကြော်ငြာ၍ ဆွဲဆောင်မှုကြောင့် ဝယ်ယူစားသောက်ရာမှ သေဆုံးသွားရှာ၏။

ယူး၏မိခင်သည် စာတိုက်မှရောက်လာလေ့ရှိသော အဝါရောင်အိတ်ဖြင့် ထုပ်ထားသော ဆေးဝါးပြားများကို သမီးမသိအောင် လွှင့်ပစ်လေ့ရှိ၏။

သို့သော်လည်း ပိန်ချင်သော မစ်စ်ယူးသည် အွန်လိုင်းမှ တစ်ဆင့် ဝယ်ယူရသော ပိန်ဆေးကို မိခင်ကွယ်ရာတွင် ရအောင်ဝယ်ယူပြီး သောက်၏။

အွန်လိုင်းမှတစ်ဆင့် ယူကရိန်းနိုင်ငံဆေးရောင်းသူထံမှ စင်ကာပူဒေါ်လာ ၃၃၅ ပေး၍ ဆေးကို ၂၀၁၂၊ ဇန်နဝါရီလတွင် မှာယူခဲ့ရာ စာတိုက်မှတစ်ဆင့် ယူးရရှိခဲ့၏။

အဆိုပါ ပိန်ဆေးတွင် ဒီအင်ပီဟုခေါ်သော ဒိုင်နိုက်ထရိုဖီနော ဓာတ်ပစ္စည်းပါဝင်ရာ ၎င်းဒီအင်ပီသည် လူ၏ကိုယ်အလေးချိန်ကို လျင်မြန်စွာလျော့ကျသည်မှန်သော်လည်း လူကို အဆိပ်သင့်၏။ (စင်ကာပူတွင် ၎င်းဒီအင်ပီပါရှိသော ဆေးကို မတင်သွင်းရ။ မရောင်းရဟု ပိတ်ပင်ထား၏။)

ယူးသည် ၂၀၁၁ ကလည်း ကြော်ငြာနေသော ပိန်ဆေးအချို့ကို ဝယ်ယူစားသုံးမှုကြောင့် ဆေးအဆိပ်သင့်ပြီး ဆေးရုံတက်ကုသမှုခံခဲ့ရဖူး၏။ ယူးသည် စိတ်ကျန်းမာရေးဆရာဝန်နှင့်လည်း ဆေးဝါးကုသမှုခံရသူဖြစ်ရာ စိတ်ကျဝေဒနာခံစားနေရသော ယူးအား ဆရာဝန်က အွန်လိုင်းမှတစ်ဆင့် ပိန်ဆေးများကို ဝယ်မစားရန် သတိပေးလေ့ရှိ၏။

ယူး၏ အသက် ၅၅ နှစ်အရွယ်မိခင်မှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ယောက်ဖြစ်၏။ သူမသည် သမီးထံစာတိုက်မှရောက်လာလေ့ရှိသော ပိန်ဆေးများကို သမီးမသိအောင် ဖျက်ဆီးပစ်လေ့ရှိ၏။

ယူးသည် စင်ကာပူနိုင်ငံရှိ အုပ်ချုပ်မှု အတတ်သင်ကျောင်းတွင် ပညာသင်ကြားခဲ့သော်လည်း ကျန်းမာရေးမကောင်းသောကြောင့် ကျောင်းမှထွက်ပြီး အိမ်၌ပင့်နေ၏။ အလုပ်လက်မဲ့ဖြစ်၏။ သူမတို့၏ အိမ်တွင် ကွန်ပျူတာလည်းမရှိ လက်တော့လည်းမရှိသောကြောင့် ယူးသည် အင်တာနက်ဆိုင်သို့သွား၍ ပြည်တွင်းပြည်ပမှ လူများနှင့် ဆက်သွယ်ရာမှ ပြည်ပမှ ပိန်ဆေးရောင်းသူနှင့် ဆက်သွယ်မိသွားခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင်



www.burmeseclassic.com

www.burmeseclassic.com

ယူးသည် တူရကီနိုင်ငံမှ ... ပိန်ဆေးကို စာတိုက်မှတစ်ဆင့် လက်ခံရရှိပြီးနောက် ထိုဆေးကို စတင်သုံးစွဲသည်ဟု ဆိုရသည်။

၂၀၁၂၊ ဇန်နဝါရီလ (၁၁)ရက်နေ့တွင် မစ်စ်ယူးတစ်ယောက် သူမ၏ အိပ်ရာပေါ်တွင် ချွေးများအလွန်ထွက်ပြီး အသက်ရှူပြင်းထန်နေသည်ကို သူမ၏ မိခင် တွေ့လိုက်သည်။

ယူး၏အိပ်ရာနံဘေးတွင် အဝါရောင်ဆေးတောင့်များကို ယူး၏ မိခင် တွေ့လိုက်သည်။ ယူးသည် ပိန်ဆေးငါးလုံးကို စားထားပုံရသည်ဟု ယူး၏မိခင် တွက်ဆ၍ရ၏။ ယူးသည် ရင်ဘတ်နာကျင်သော ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရ၏။ မိခင်ဖြစ်သူသည် ယူးကို ဆေးရုံသို့ အမြန်ပို့၏။ နောက်တစ်နေ့နံနက်တွင် ယူးသည် သေဆုံးသွား၏။

ယူး၏ အလောင်းကို ခွဲစိတ်၍ သေဆုံးရခြင်း၏ အကြောင်းရင်းကို ရှာဖွေသော ဆရာဝန်က "ယူးသေရခြင်းမှာ ပိန်ဆေးအဆိပ်သင့်သောကြောင့်"ဟု အဖြေထုတ်၍ရ၏။

ရဲတို့ကလည်း ယူးသေရခြင်းမှာ အခြားပယောဂကြောင့်မဟုတ်ပါ။ ပိန်ဆေးကို ဆရာဝန်မညွှန်ဘဲ "မိမိဘာသာမိမိ အွန်လိုင်းမှတစ်ဆင့် ဝယ်သောက်သောကြောင့်"ဟု အတည်ပြု၏။

စင်ကာပူကျန်းမာရေးဌာနမှ တာဝန်ရှိသူက "ဆရာဝန်မညွှန်ကြားဘဲ ဆေးဝါးများကို အလွယ်တကူဝယ်၍ မမှီဝဲကြပါနှင့်။ အထူးသဖြင့် အင်တာနက်တွင်ပါရှိသော ဆေးဝါးကြော်ငြာများသည် အတုသာဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အင်တာနက်မှ ဆေးကြော်ငြာများကို အသိအမှတ်မပြုပါ"ဟူ၍ ပြည်သူအများသိရှိရန် သတင်းထုတ်ပြန်လိုက်၏။

**ဦးဦးသိန်း**

***Strait Times. 1-12-2012.***

# အချစ်အတွက်ကြောင့် ရာထူးမှနုတ်ထွက်သွား သော ထောက်လှမ်းရေးအကြီးအကဲ

**ဦးဦးသိန်း**






သူ့အမည်မှာ ဒေးဗစ် ပက်ထရီးယပ်စ်။

သူသည် စစ်ဗိုလ်ချုပ်ကြီးတစ်ယောက်။ အမေရိကန်စစ်ဗိုလ်ချုပ်ကြီး အီရတ်နှင့် အာဖဂန်နစ္စတန်စစ်ပွဲများတွင် အောင်ပွဲခံခဲ့သော ကြယ်လေးပွင့်ဗိုလ်ချုပ်ကြီး။ သူ့ကို အမေရိကန်၏ စီအိုင်အေဟုခေါ်သော ဗဟိုထောက်လှမ်းရေး အကြီးအကဲအဖြစ် ခန့်ထားခဲ့၏။ ရှေ့အလားအလာ အလွန်ကောင်းသော ပက်ထရီးယပ်စ်တစ်ယောက် ၂၀၁၂၊ နိုဝင်ဘာလအတွင်း၌ ရုတ်တရက် မ... လင့်ဘဲနှင့် စီအိုင်အေအကြီးအကဲရာထူးမှ နုတ်ထွက်သွားရာ တစ်ကမ္ဘာလုံး...



www.burmeseclassic.com

www.burmeseclassic.com




အုံညသွား၏။ သူ၏အကြောင်းပြချက်မှာ သူသည် လင်ရှိမိန်းမတစ်ယောက်နှင့် မှောက်မှားမိခဲ့သောကြောင့် ယခုလို နုတ်ထွက်လိုက်ခြင်းဖြစ်သည်ဟူ၍ ဖြစ်၏။

သူနှင့် မှောက်မှားခဲ့သည်ဆိုသော လင်ရှိမိန်းမမှာ ပေါလာဘရော့ဝဲလ်ဆိုသူ ဖြစ်သည်။ ပေါလာသည် တစ်ချိန်က အာဖဂန်နစ္စတန်တွင် ပက်ထရီးယပ်စ် လက်အောက်၌ အမှုထမ်းခဲ့သော ဗိုလ်မှူး တစ်ယောက်လည်းဖြစ်ပြီး၊ ပက်ထရီး ယပ်စ်၏ အတ္ထုပ္ပတ္တိကို ရေးသားနေသူ လည်း ဖြစ်၏။ ပက်ထရီးယပ်စ်အကြောင်း သူမရေးသားနေသောစာအုပ်၏ အမည်မှာ အင်္ဂလိပ်လို "All in: The Education of General David Petraeus." ဟူ၍ ဖြစ်သည်။

"ကျွန်ုပ်၏ အိမ်ထောင်သက် ၃၇ နှစ်အကြာ၌ ကျွန်ုပ်သည် ဆုံးဖြတ်ချက် ညံ့ဖျင်းမှုကြောင့် လင်ရှိမိန်းမတစ်ယောက် နှင့် မှောက်မှားသောပြစ်မှုကို ကျူးလွန်ခဲ့မိ သောကြောင့် ယခုလို အလုပ်မှနုတ်ထွက် လိုက်ခြင်း ဖြစ်ပါသည်"ဟု ပက်ထရီး ယပ်စ်က သူ၏ နုတ်ထွက်စာထဲ၌ ဖော်ပြ ထားသည်။

သူတို့နှစ်ယောက်၏ အချစ်ဇာတ်လမ်းသည် အမေရိကန်၏ ပြည်တွင်း ထောက်လှမ်းရေးအဖွဲ့ဖြစ်သော အက်ဖ် ဘီအိုင်က ပေါလာဘရော့ဝဲလ်အား စာအုပ်ရေးရာတွင် လိုအပ်သော အချက် အလက်များအတွက် ပက်ထရီးယပ်စ်၏ ကွန်ပျူတာထဲမှ ရယူခြင်းဟုတ်မဟုတ်ကို ထောက်လှမ်းနေစဉ် ရိုးတိုးရိပ်တိတ် ပေါ်စ ပြုလာခိုက် ပက်ထရီးယပ်စ်က ယခုလို ရာထူးမှ နုတ်ထွက်လိုက်ခြင်းဖြစ်၏။

အသက် ၆၀ နှစ်အရွယ်ရှိ စီအိုင် အေအကြီးအကဲက ယခုကဲ့သို့ မိမိအနေ ဖြင့် လူမှုရေးဖောက်ပြန်မှု ကျူးလွန်မိ သည့်အတွက် နောင်တရပါသည်ဟု လည်း ထုတ်ဖော်ပြောဆိုလိုက်၏။

သတင်းမီဒီယာသမားများသည် ပေါလာဘရော့ဝဲလ်နှင့်တွေ့ဆုံ၍ သတင်း ရယူရန် ကြိုးစားသော်လည်း ပေါလာ သည် ရက်သတ္တပတ်တစ်ပတ်ခန့် ဝါရှင် တန်ရှိ သူမ၏အစ်ကို နေအိမ်၌ ပုန်း အောင်းနေပြီးမှ မြောက်ကာရိုလိုင်းနားရှိ သူမနေအိမ်သို့ ပြန်လာ၏။

ပေါလာဘရော့ဝဲလ်သည် အက်ဖ် ဘီအိုင်စုံစမ်းစစ်ဆေးရေးမှူးများအား မိမိ သည် ပက်ထရီးယပ်စ်၏ အတ္ထုပ္ပတ္တိ အတွက် အချက်အလက်များ၊ အထောက် အထားများကို ရှာဖွေစုဆောင်းရာ၌ မိမိ ဘာသာမိမိ ရှာဖွေစုဆောင်းခြင်းသာ ဖြစ် ကြောင်း၊ ပက်ထရီးယပ်စ်ထံမှ မည်သည့် စာရွက်စာတမ်းများ၊ အထောက်အထား များ မရခဲ့ပါဟု ထွက်ဆိုချက်ပေးသည်ဟု သိရ၏။

စီအိုင်အေအကြီးအကဲဟောင်း ပက်ထရီးယပ်စ်၏ ဇာတ်လမ်းသည် နောက် ဆက်တွဲ မည်သို့ရှိလာမည်ကို ကမ္ဘာက စောင့်ကြည့်နေကြ၏။

ဦးဦးသိန်း

*New Sunday Times-11-11-2012*

*New Strait Times-11-11-2012*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# [illegible] နှင့် ကြင်ယာတော် ရန်ဘက်ချစ်သူ

**ဂန္ဓာရီမောင်မောင်**

( ယ ခ င် လ မှ အ ဆ က် )

အခန်း [၆]

**သမထကျင့်စဉ်စွမ်းအား**

မင်းသားကလေးသည် သာသနာပြုရန် ကျင့်ကြံအားထုတ်မှုကို အမြဲမပြတ်ပြုကျင့်နေခဲ့၏။ ဘယ်အမှုကိစ္စမဆို မိမိတို့အလုပ်အပေါ် စိတ်ပါဝင်စား ဇွဲလုံ့လဝီရိယအားစိုက်မှုကြောင့် တိုးတက်ဖွံ့ဖြိုးလာရစမြဲဖြစ်၏။ မင်းသားလေး၏ သမထစွမ်းအားများက များစွာတိုးတက်လာပြီမို့ ခရီးပန်းတိုင်မဝေးတော့ပြီ။

ဗုဒ္ဓဘုရားရှင်တော်၏ တရားဒေသနာတော်များသည် ဤသည်မလွဲအောင် ယနေ့တိုင်အောင် မှန်ကန်လျှင် 'စိတ်သာမူလ'ဟု ဟောကြားတော်မူခဲ့ရာ မည်သည့်ပုဂ္ဂိုလ်မဆို မိမိတို့၏ စိတ်ကို နိုင်နင်းအောင် ထိန်းသိမ်းနိုင်ပါက မဖြစ်နိုင်သည်မရှိ ဖြစ်လာရမည်ပေ။ ကမ္ဘာကျော် စစ်ဗိုလ်ကြီးနပိုလီယံဘိုနာပတ်(၁)ကလည်း "လောကတွင် မဖြစ်နိုင်သည်မရှိ မဖြစ်သေးသည်ပဲ ရှိ၏။ ဖြစ်နိုင်သည့်ကိစ္စကို ဖြစ်အောင်လုပ်ဆောင်ပါက ဖြစ်မည်မလွဲတည်း"

မင်းသားလေးကား နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်သော ဝိပဿနာကျင့်ကြံအားထုတ်မှုကို မလုပ်သေးဘဲ ဗုဒ္ဓသာသနာပြု မင်းဖြစ်ရန် လောကီအရေးအောင်မြင်စေရန်အတွက် သမထကိုကျင့်စဉ်အတိုင်း ပုတီးစိပ်၊ တရားထိုင်ခြင်းအမှုကို ကျင့်ကြံအားထုတ်ခဲ့ရင်း စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ခြင်းအကြောင်းကြောင့် အကျိုးထူးများ ခံစားရပေသည်။

ရှေးအတိတ်ဘဝက ဖြစ်စဉ်များကို လေးဘဝတိုင်တိုင် ပြန်မြင်နိုင်စွမ်းရှိသော



www.burmeseclassic.com

www.burmeseclassic.com

ဇာတိသဿရဉာဏ်ပင် ရရှိလာခဲ့၏။ ပုဗ္ဗနိမိတ်အိပ်မက်ရှေ့ဖြစ်မည့်ကိစ္စကိုလည်း မြင်မက်သည်။ သူ၏ အိပ်မက်ထဲတွင် သူသည် အလွန်တရာမှ ဖြစ်မျိုးမထင် လှပချောမောသော မိန်းမပျိုတစ်ယောက်နှင့် ချစ်တင်းနှောဆက်ဆံနေသည်ကို မြင်မက်သည်၊ သို့သော် ထိုမိန်းကလေးသည် လူသားစင်စစ်မဟုတ်ဘဲ နဂါးမလေးဖြစ်ဖြစ်သွားကာ အိပ်မက်မှ နိုးထလာရစမြဲပါပေ။

ဝိဇ္ဇာမိုရ်မှတ်ဆိတ်ဖြူအဘိုးအို ကြွရောက်လာသည့်အခါ သူမေးမြန်းသည့်အခါ "အင်း ... အတိတ်ဘဝဘဝတွေက နဖူးစာကံကြောင့် ဖြစ်ရတာပဲလေ။ ဘယ်တတ်နိုင်ပါ့မလဲ။ ဝဋ်ကြွေးဆိုတာ ပြန်လည်ပေးဆပ်ရမည်ပေါ့ လူကလေးရယ် ... ဟင်း"

မင်းသားလေးအား ဝိဇ္ဇာမိုရ်မှတ်ဆိတ်ဖြူအဘိုးအိုက မိမိကျင့်ကြံအားထုတ်မှုများကိုသာ စိတ်နှလုံးသွင်းအားထုတ်ရန်သာ သွန်သင်ဆုံးမလေ့သည်။ ဟုတ်လည်းဟုတ်၏။ မင်းသားလေးသည် ကိုယ်ရောင်ဖျောက်နိုင်၏။ လိုအပ်ပါက နေမိတ္တကိုယ်ပွားများပင် ဖန်ဆင်းပြုနိုင်စွမ်း၏။ ဆင်ပြောင်ငါးစီးစာပင် အားအင်သန်စွမ်း ဖြည့်ဖြိုးလာခဲ့ပေသည်။

စကြာစက်ရတနာ ထွက်ပေါ်လာစေရန် မိမိဖြည့်ကျက်ရမည့် ဒါန(အလှူ)ခန်းများ နေ့စဉ်မပြတ် ပြုလုပ်ခဲ့၏။ သူ့ရဲ့ ကောင်းသားရတနာ(စစ်သူကြီး)လည်း ပိုင်ဆိုင်ခွင့်ရ၏။ လေကဲ့သို့ အပြေးလျင်မြန်လှသော မြင်းရတနာလည်း ရှိပြီးဖြစ်၏။ ဆင်ရတနာ၊ ဆင်ဖြူတော်တော့ မရရှိသေပါချေ။ ထို့အတူ ဘဝကြင်ဖော်ပါရမီဖြည့်ရမည့် မိဖုရားရတနာတော့ မတွေ့နိုင်သေးဘဲ ရှိနေသေး၏။

ခက်သည်က လူတို့စိတ်သဘောသည် မိမိတို့ စွဲလမ်းရာကိုသာ လိုချင်တပ်မက်မောကြ၏။ မည်မျှပင် ချောမောလှပသော မိန်းကလေး ဖြစ်ပါစေ မိမိချစ်မြတ်နိုးသူ မဟုတ်ပါက စိတ်မဝင်စားပါချေ။ ကိုယ့်ချစ်သူသည်သာ အလှဆုံးတွယ်တာမြတ်နိုးရသူဟု မှတ်ထင်ကြပေသည်။ တစ်နေ့ မြို့အပြင်တောအုပ်ကလေးသို့ တရားကျင့်ကြံအားထုတ်ရန်အလို့ငှာ သူထွက်လာခဲ့၏။

ထိုနေရာကို သူဘယ်သူ့ကိုမျှ မပြောပြခဲ့ချေ။ တောထဲတွင် သဘာဝကျောက်ဂူကြီးတစ်လုံးပါရှိနေ၏။ ကျောက်ဂူကြီးနှင့် မလှမ်းမကမ်းစွင်တော့ သစ်တစ်ပင် ထီးထီးကြီးပေါက်လျက်ရှိသည်။ မင်းသားလေးသည် ထိုသစ်ပင်ခြေရင်းတွင် တောင်ပို့ကမူတွင် အခင်းဖြန့်ခင်းကာ ကျင့်ကြံအားထုတ်မြဲ ဖြစ်ပေသည်။

သူသည် ဂူကြီးအတွင်းသို့ ဝင်ရောက်ခြင်းမပြုမိပါသေးချေ။ သဘာဝဂူကြီးထဲတွင် တောတိရစ္ဆာန်အရိုင်းများ၊ သတ္တဝါဆိုးများ၊ နဂါးအောင်းလေ့ရှိတတ်သည်မို့ မဝံ့မရဲ မဝင်ဘဲ သူနေခဲ့၏။ မိမိ၏ ရည်မှန်းချက်ပန်းတိုင်အား အထိအခိုက်မခံလိုပေ။ သူက ပြုနေကျအတိုင်း မိမိကျင့်ကြံအားထုတ်မှုကို သစ်ပင်ကြီးခြေရင်းတွင် ကျင့်ကြံအားထုတ်နေခဲ့၏။ အားထုတ်မှုကြီးပြီးစီးသည့်အခါ အလွန်တရာချောမောလှပသော မိန်းကလေးတစ်ယောက် သူနှင့် အသက်မတိမ်းမယိမ်းခန့်ရှိမည်ဟု ထင်မိ၏။ သူအားထုတ်နေခြင်းကို တိတ်ဆိတ်စွာ အနားမှာထိုင်ကာငေးမောကြည့်နေခဲ့ကြောင်း သူမပြောပြမှ သိရ၏။ သူမကား ခူးဆွတ်ခဲ့သည့် သစ်သီးများအား သူစားရန် ခွဲဝေပေးကာ မိတ်ဖွဲ့လာခဲ့၏။

"မောင်ကြီးက သည်နေရာကို အမြဲလာသလားဟင်"

"ဪ ... အမြဲတော့မဟုတ်ပါဘူး နှမ။ တစ်ခါတစ်ရံပေါ့လေ။ အင်း ... ဒါပေမဲ့ တစ်ပတ်မှာ နှစ်ကြိမ်လောက်တော့ ရောက်ဖြစ်ပါရဲ့ကွယ်"

"မောင်ကြီးက ဒီမြို့သားလ
ဟင်"

"ဟုတ်ပ။ နို့နေပါဦး ... နှမ
သည်တောထဲမှာ ယခင်က မတွေ့မိ
ဘူး။ တစ်ယောက်တည်း လာရဲတ
နော်"

"မဟုတ်ပါဘူး မောင်ကြီး။ အဓ
တွေနဲ့ ကွဲသွားလို့ပါရှင့်၊ သည်နိုင်ငံ ဥယ
ပုဏ္ဏရာကို ကုန်ရောင်းကုန်ဝယ်ပြုအဖွ
မရောက်ဖူးလို့ အလည်လိုက်လာခဲ့တာ
မောင်ကြီး"

"ဪ ... နှမတော်က ဘ
နိုင်ငံကလဲကွဲ့။ နာမည်ကော ဘယ်လို
ပါသလဲ"

"အဲတော့ ... မေ့လို့ရှင့်။ နှမ
နာမည်က သက်ထားရွှေစင်ပါရှင့်။
ထက် မောင်ကြီးနာမည်ကကော ဘ
သိပါလိမ့်"

"မောင်ကြီးနာမည်က မောင
ခေါ်တဲ့။ မှတ်ထားနော်။ ကဲ ... နှ
မြို့ထဲလိုက်ပို့ပါရစေလား။ မောင်
လည်း ပြန်မှာမို့ပါ"

"ဟင့်အင်း ... နှမလေး မလို
တော့ဘူး။ တော်ကြာ အဖော်တွေ
မတွေ့ရင် တောထဲအနှံ့ လိုက်ရှာနေ
မို့ပါရှင်"

"အင်း ... ဟုတ်တာပ။ ကော
ပြီလေ။ ရှေးရေစက်ပါခဲ့ရင် နှမနဲ့ ပြ
တွေ့ရမှာပေါ့နော်။ မဟုတ်ဘူးလား"

"အဟင်း ... ဟုတ်ပါ့ရှင်"

မင်းသားလေး ဝဏ္ဏာတွင်
တောထဲမှ လာခဲ့ရာလမ်းသို့ လှည့်ပြ
ခဲ့မိ၏။ နောက်လှည့်ကြည့်သော်
သက်ထားရွှေစင်မိန်းမချောလေး မ
ပါတော့ချေ။

*** *** ***



www.burmeseclassic.com

www.burmeseclassic.com

**နပူးစာရှာလည်**

မင်းသားလေး၏ အတွေးစိတ်တွင် မိန်းမချောလေး သက်ထားရွှေစင် ပုံရိပ်သွာသာ စွဲထင်မြင်ယောင်နေမိပါတော့၏။ မေ့ဖျောက်ပစ်လို့မရပါလား။ ခက်တော့ ခက်နေပြီ။ တစ်ကြိမ်တစ်ခါမျှ ဤသို့ မဖြစ်ပေါ်ဖူးချေ။ သူမက ပျူအမျိုးသမီး ဖြစ်ဟန်တူ၏။ ဗိဿနိုးကလာခဲ့သော ကုန်သည်အဖွဲ့နှင့် လိုက်ပါလာခဲ့ခြင်းပါ သေး။ မိမိတို့နိုင်ငံကို မရောက်ဖူးလို့ လာခဲ့ သူလေးကိုမှ မိမိမေ့လို့မရဘဲ တဝဲလည် လည် ပြန်မြင်ယောင်နေမိပါတော့သည်။

"ဟိတ် ... လူလေး"

"ဗျာ ... ဟာ ... အဘိုး"

"ကွယ် ... ဘယ်ဇာကြောင့် ကျောင်းကြီးအားထုတ်မှု ပျက်ကွက်နေရဘာတုံး ကွဲ့"

"ဟုတ်တယ်အဘိုးရဲ့။ မြေးစိတ်တွေ ပျံ့လွင့်နေလို့ပါ အဘိုးရဲ့"

"အေးပေါ့ကွယ်။ ဘယ်ကျောင်းကြီးအားထုတ်မှုမဆို စိတ်တည်ငြိမ်မှု သမာဓိဆုထောင်မှုရမှာကိုး။ လူကလေး စိတ်ကစဉ့်ကလျားဖြစ်စေတဲ့ အနှောင့်အယှက် အစွဲအလမ်းတွေကို မေ့ဖျောက်ပစ်ရမယ် ကွဲ့ သိရဲ့လား။ ကိုယ့်ရည်မှန်းချက်ကို မပျက်ပါစေနဲ့ လူကလေးရဲ့"

"ဟုတ်ကဲ့ပါ အဘိုး။ မြေးဆင်ခြင်ပါ့မယ်"

"အေးကွယ်။ သာသနာပြုမင်း အစ်ပါးဖြစ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စတော့ မဟုတ်ပေဘူး။ ကဲ ... သည်ကနေ့တော့ စိတ်ပျံ့လွင့်နေရင်လည်း အားထုတ်ခြင်း အမှု မပြုလေနှင့်။ အနားယူလိုက်တော့ လူကလေး"

"သင့်မြတ်လှပါတယ်အဘိုး"

"ကဲ ... အဘိုးကြွတော့မယ်။ အစ်လလောက်တော့ ကြာမယ်ထင်ရဲ့။ ဗိဿနိုးတောင်မြတ်က မုန္ဒလိန္ဒာရေအိုင် အနီးက ဂူကြီးထဲမှာ အဘိုးတို့ ဝိဇ္ဇာဓိုရ်ရဲ့ အပေါင်း စုဝေးပြီး သာသနာအရေးကို ဆွေးနွေးတိုင်ပင်ဖို့ သွားရမှာကွဲ့"

"အဘိုး ... မြေးကောလိုက်လို့မရ ဘူးလားဟင်"

"မရသေးဘူး။ လိုက်ပါချင်ရင် တော့ လူကလေး ပိုမိုကျင့်ကြံအားထုတ် မှဖြစ်မှာကွဲ့။ ကဲ ... သွားပြီလူကလေး ရေ့"

မင်းသားလေးသည် နန်းတော်တွင်း အိပ်စက်ရာသလွန်ထက်မှာ လူးလွန့်ရင်း ချိုမြိန်လှိုက်မောဖွယ် အတွေး ပုံရိပ်ကို ပြန်မြင်ယောင်ရင်း သက်ထားရွှေ စင် မိန်းမချောလေးကိုသာ သတိတရ တမ်းတစွဲလမ်း မြတ်နိုးနေမိပါပြီကော။

ထပ်မံတွေ့ဆုံလိုစိတ်ကြောင့် မိုးသောက်သည်နှင့် စားတော်တည်ပြီးသော် သက်ထားရွှေစင်နှင့် ဆုံတွေ့ခဲ့ရာ တောတန်းဘက်သို့ ခြေလှမ်းသွက်သွက်ဖြင့် လှမ်းလာမိပါတော့သည်။ သို့သော် အချိန်ကာလအပိုင်းအခြားများသာ တရွေ့ရွေ့ ကုန်လွန်သွားခဲ့သော်မှ သူမအား အရိပ်အယောင်ပင် မတွေ့ရပါတော့ချေ။ သူမ သူ့အရပ်ဒေသသို့ ပြန်သွားလေပြီထင်မိကာ ရင်ထဲ နာကျင်ကြေကွဲစွာ နင့်ခနဲ ခံစားမိပါသည်။

မှန်ပါသည်။ သက်ထားရွှေစင်ဆိုသော မိန်းမချော၊ မိန်းမလှလေးကား တခြားသူတော့မဟုတ်။ မင်းသားလေး၏ မဟာရန်သူတော်ကြီး အရှည်းကြီးဇက္ကဒေဝနှင့် နဂါးမကြီး၏သမီးတည်း။ သူမသည် လူအသွင်ဖန်ဆင်းနေထိုင်နိုင်သော နဂါးမလေးပါပေ။ သို့သော် နဂါးတို့ လူ့အသွင်သဏ္ဍာန် အိပ်မောကျသည့်အခါ ပျောက်ကွယ်ပြီး မူလနဂါးအသွင် ပြန်ရောက်သွားလေ့ရှိသည်။

ထို့ကြောင့် နေ့လယ်အချိန် အစာစားပြီး နဂါးတို့ အိပ်စက်လေ့ရှိပြီး ညဥ့်အခါ မအိပ်ဘဲနေကြကာ လူအသွင်ဖြင့် သွားလာကျက်စားနေလေ့ ရှိကြ၏။ နဂါးတို့သည်ကား အရိပ်သုံးပါးမရွေး ဒေါသထွက်လာသည့်အခါတွင် အာခံတွင်းမှ မီးတောက်မီးလျှံများ ထွက်ပေါ်လာလေ့ရှိ၏။ ထိုမီးလျှံများ ထိမှန်သူသည် ခဏတာအချိန်အတွင်း ပြာပုံအတိသို့ ပြောင်းသွားမည်ဖြစ်၏။

"သမီး"

"ရှင် ... အဘ"

"မင်းသားလေးနဲ့ တွေ့ခဲ့ပြီမဟုတ်လား"

"တွေ့ခဲ့ပါပြီ အဘရဲ့"

"အေး ... သူဟာ အဘရဲ့ မဟာရန်သူတော်ပဲ။ သမီးရဲ့အမေကို သူသတ်ခဲ့တယ်ဆိုတာ မမေ့လေနဲ့ သိလားသမီး"

"မမေ့ပါဘူး အဘရဲ့"

"အေး ... နဂါးကျော့ကွင်းနဲ့ သူ့ကို သမီးရဲ့ ချောမောလှပတဲ့ ရုပကာ အဆင်းနဲ့ ဖြားယောင်းသိမ်းသွင်းရမယ် သိလားသမီး"

"သိပါတယ် အဘရဲ့"

"အေး ... ရန်သူကို ရန်သူလိုပဲ ဆက်ဆံရမယ်သမီး။ သူ့အပေါ်မှာ သနားကြင်နာစိတ်မထားရဘူး ဟုတ်လား။ အလုပ်သဘောအရ သူ့ကို သမီးရဲ့ အလှအပတွေနဲ့ ကျော့ကွင်းထဲမိအောင်၊ ရုန်းမထွက်နိုင်အောင် အစွမ်းကုန် လုပ်ရမယ်။ ဒါမှ ဒင်းကို ကောင်းကောင်းကြီး ကလဲ့စားချေနိုင်မှာ သိလား"

"ဟုတ်ကဲ့ပါ အဘရဲ့"

"အေး .. သွား .. သွားပေတော့။ အဘတို့ သမီးနောက်မှာ အမြဲစောင့်ရှောက်နေမှာပါ။ မမေ့မလျော့ သတိတော့ ထားပြီးလုပ်၊ သည်မင်းသားက သိပ်ပါးနပ်ဘာကွဲ့။ သူ့နောက်မှာ စောင့်ရှောက်နေတဲ့ ဝိဇ္ဇာဓိုရ်တွေလည်း ရှိသေးတယ်။ ဒါကြောင့် သမီးတို့ မိန်းမမာယာကျော့ကွင်းနဲ့မှ ဒင်းကို ကွိခနဲ မိနိုင်မှာ အသေအချာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"သမီးသဘောပေါက်ပါတယ် အဘ"

"အေးကွယ် ... အေး .. အေး။ အဘတို့ ဒင်းတို့နိုင်ငံကနေ ခွဲးပြေးဝက်ပြေး မောင်းထုတ်ခံရတာ အခုထိ မမေ့နိုင်သေးဘူးကွယ်။ သမီးလေးလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အမိမဲ့သမီးလေး ဖြစ်ခဲ့ရတယ်မဟုတ်လား"

"မှတ်မိပါတယ်"

"မနက်ဖြန်ပဲ သမီး ဥပါလိပုတ္တရာနိုင်ငံကို ပြန်သွားရမယ်။ အဲသည်တောထဲမှာရှိတဲ့ ဂူကြီးအတွင်းမှာပဲ သည်းခံပြီး နေထိုင်ကြဦးကွယ်။ အဘတို့အကြံအောင်မှ စိတ်အေးချမ်းသာ နေထိုင်ရတော့မှာကွဲ့"

နဂါးမင်းသမီးလေး သက်ထားရွှေစင်သည် သူမ၏ ဖခမည်းတော်စကားမဖယ်ရှားချင်၍သာ ခေါင်းညိတ်လိုက်ရ၏။ သူမရင်ထဲ အသည်းစွဲအောင် မင်းသားလေးကိုသာ မြင်ယောင်နေမိပါ၏။ နပူးစာရွာလည်သည်ဟု ဆိုရလေမလား မသိ။ လူ၊ တိရစ္ဆာန်တို့ကား ကမ္ဘာပေါင်းများစွာ၊ ဘဝပေါင်းများစွာ ခွေမျိုးမတော်စပ်ခဲ့ဖူးသူ မရှိဟု ဆိုပေသည်။

မိမိနှင့် မင်းသားလေးတို့သည်လည်း ဘဝဘဝများစွာက ချစ်ကြင်နာစွာ ပေါင်းဖက်ခဲ့ရသော အကြင်လင်မယားဖြစ်ခဲ့ကောင်း ဖြစ်ခဲ့ဖူးပေမည်လား မပြောတတ်။ သူမသိလိုက်သည်က မင်းသားလေးကို စတင်မြင်လိုက်မိကတည်းက ရင်မှာလှုပ်ရှား သံယောဇဉ်တွယ်တာမိတာကိုတော့ ရိုးသားစွာ ရင်ထဲမှာ သိုဝှက်ထားမိပါသည်။

တချို့က မိန်းမသားတွေဟာ မြွေလို လျှာနှစ်ခွ စိတ်နှစ်မျိုးရှိကြသည်ဟု ဖွင့်ဆိုကြ၏။ တကယ်တော့ အချစ်ကြီးချစ်ခဲ့ရသူက သစ္စာသွေဖည်လို့ အမုန်းတရားနာကြည်းမှုကြောင့် အရောင်ပြောင်းလဲစိတ်ထားခြင်းတည်း။ ယောက်ျားသားများက မရှင်တော့ လူမမာခတ်စာတောင်းသလို တည့်ည်းည့်းတည့်ည့်တောင်းကြ၏။

သူတို့အပေါ် တုံ့ပြန်၍ ချစ်ပါသည်ဟု မိန်းမသားများက ဆိုလိုက်သည်နှင့် ရသမျှ အခွင့်အရေးများ ယူငင်ကြကုန်တော့သည်။ တချို့ကလည်း လူကိုပါယူပြီး၊ ငွေကြေးမနပ္ပည်းဥစ္စာများပါ ယူကာ ထွက်ခွာဖယ်ရှောင်ပြေးတော့၏။ အခုတော့ သူမ၏ အချစ်စိတ်က မင်းသားလေးအပေါ် ယစ်မူးတိမ်းညွတ်နေမိပါသည်။

သူမ၏မိခင် နဂါးမကြီးကို သတ်ခဲ့သူ၊ ဖခမည်းတော်၏ မဟာရန်သူတော် မင်းသားလေးကိုမှ သူမအသည်းနှင့်အောင် ချစ်ခင်မြတ်နိုးမိပါ၏။ ဖခမည်းတော်က အမိန့်တော်ချမှတ်ခဲ့၏။ မိမိ၏ မာယာကျော့ကွင်းဖြင့် မင်းသားလေးအား ညို့ယူဖမ်းစားနိုင်ခဲ့၏။ အမှန်က ထိုသို့ပင် ပြုစရာမလို၊ မိမိကိုယ်၌က မင်းသားလေးနှင့် ချစ်ခင်ရင်းနှီးချင်နေမိ၏။

သူမအား ထပ်မံ၍ မင်းသားလေးရှိရာ ဥပါလိပုတ္တရာသို့ စေလွှတ်မှုအား မငြင်းဆန်ဘဲ ဝမ်းမြောက်စွာ လက်ခံမိ၏။ မင်းသားလေးနှင့် သူမ သိပ်တွေ့ချင်နေမိပါသည်။ သူမအား နဂါးမာယာကျော့ကွင်းဖြင့် မင်းသားလေးကို ညို့ယူဖမ်းစားစေခြင်း ပြုနိုင်းခြင်းသည် ဖခမည်းတော်က သေမလောက်အောင် မင်းသားလေးအား မုန်းတီးနာကြည်းနေ၍ ဖြစ်၏။

သရေခေတ္တရာနိုင်ငံနှင့် ပူးပေါင်းကာ ဥပါလိပုတ္တရာနိုင်ငံအား တိုက်ခိုက်ချေမှုန်းလိုလှ၏။ သို့သော် ပေါက္ကံပြည်နိုင်ငံတော်ကြီးနှင့် မဟာမိတ်ပြုထားသော နိုင်ငံဖြစ်နေခြင်းက ဝင်ရောက်သိမ်းပိုက်ရန် မလွယ်ကူသော ကိစ္စဖြစ်လာခဲ့၏။ ပေါက္ကံပြည့်ရှင် ကျန်စစ်သားမင်းကြီးက မိမိတို့ထက် ဘုန်းတန်ခိုးကြီးမားလှ၏။ ခေါပဏီတပ်မဟာကြီးပင် ပိုင်ဆိုင်ပြီး သူ့ကိုယ်၌က သူ့ရဲကောင်းတပ်မှူးကြီးပါပေ… ဥပါလိပုတ္တရာနိုင်ငံငယ်လေးက နှစ်စဉ်… အခွန်ပဏ္ဏာဆက်သကာ မဟာမိတ်ဖွဲ့… ထားခဲ့ခြင်းကြောင့် မိမိတို့ ဝင်ရောက်သိမ်း… ပိုက်ဖို့ မဖြစ်နိုင်တော့ချေ။ ဝင်ရောက်သိမ်း… ပိုက်ပါက ဥပါလိနိုင်ငံငယ်ကို ရမည်သေ… ချာ၏။ သို့သော် မိမိတို့ သရေခေတ္တရာ… ဗိဿနိုးနိုင်ငံအား ပေါက္ကံပုဂံနိုင်ငံတော်က… အမှုန့်ဖြစ်အောင် ချေမှုန်းလာမည့်ရန်က… မသေးလှပါချေ။ မည်သို့ဆိုစေ သူ… မဟာရန်သူတော် မင်းသားလေးကိုကာ… ပျက်သုဉ်းစေချင်လှတော့၏။

ဘုရားအလောင်းတော် ဥဒေါင်… မင်းအား ရွှေဥဒေါင်းမလေးနှင့် သိမ်းသွင်း… ကာ အမိဖမ်းခဲ့သလို၊ မိမိက မိမိ၏သမီး… နဂါးမလေးနှင့် မာယာကျော့ကွင်းထောင်… ကာ ဖမ်းဆိုင်းခြင်းပါပေ။ မုန့်သည်… ယောက်ျားသားဆိုသည်က မိန်းကလေး… တစ်ယောက်အပေါ် အချစ်ကြီးချစ်မိသွား… ပါက ဘယ်အရာမျှမမြင်။ မင်းဘုရင်ထီး… နန်းကိုပင် စွန့်လွှတ်နိုင်ကြသည့် သာဓက… များစွာ ရှိခဲ့ရ၏။ တချို့ကတော့ မ,ဖက်… လိုက်တော့ ပြည်ပျက်သည်ဆို၏။

တခြားသူတွေကလည်း မိန်းမပ… သည် မရှိမကောင်း ရှိမကောင်းဟု … သေး၏။ မည်သို့ပင်ဆိုစေ လူတိုင်းစွဲလ… မှုစိတ်ကြောင့် ကောင်းသည်၊ မကောင်း… သည်ဟု ခံစားချက်များ ပွင့်အံထွက်လ… ခြင်းတည်း။ မေတ္တာဆိုသည် အ… အလှည့် အသွားအပြန် ရှိစမြဲပါပေ။ တ… ဦးကမေတ္တာတရားဖြင့် သည်းခံခွင့်လွှ… မှုသည် တန်ပြန်ခံစားရပေသည်။

မျှော်သူက တမ်းတခြင်းများစွာ… မျှော်လင့်၏။ နဂါးမင်းသမီးလေးလည်… ရွှေမင်းသားအလာကို စောင့်၏။ ယောက်… ကြိုက်တော့ စိုက်စိုက်လာဆိုသလို မ… သားသည်လည်း နတ်မိမယ်တမျှ ချေ… မောလှပ ပြစ်မျိုးမထင် မဒီကညာ သ… ထားရွှေစင်နှင့် ဆုံစည်းခဲ့ရာနေရာ…



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိလာတော့၏။ သူမကို တွေ့ချင်နေမိ၏။ နှလုံးသားစိတ်ဆန္ဒက လှုံ့ဆော်နေခြင်းပါပေ။

သစ်ပင်တစ်ပြောင့်တည်း ထီးထီးမြင့်မားစွာ ပေါက်နေသည့်ခြေရင်းတွင် ဆုံးစံအတိုင်း အခင်းပလေးချခင်းပြီး သူ့ကျင့်ကြံအားထုတ်ရန် ကြိုးစားသော်လည်း စိတ်အလျဉ်က သက်ထားရွှေစင်နတ်မိမယ်လေးထံသို့သာ ပျံလွင့်နေခဲ့၏။ သက်ပြင်းမောတစ်ချက်ချမိကာ အားထုတ်မှုကို သူရပ်ဆိုင်းလိုက်ပါသည်။

မျှော်သူက မျှော်၏။ တွေ့လိုသူကလည်း ရောက်လာသည်။ သူတို့နှစ်ယောက် ဆုံတွေ့ကြသောအခါ အတားအဆီးမဲ့စွာ အချစ်စိတ်၏ လှုံ့ဆော်မှုကြောင့် ဝမ်းသာအားရ ကြည်နူးမိကာ ပွေ့ဖက်မိပါသည်။ တောတောင်ထဲက အချစ်ဇာတ်လမ်းလေးတစ်ပုဒ် စတင်ခဲ့တော့၏။

တားဆီးသူမရှိ တောကြီးမျက်မည်းထဲမှာ ချစ်သူနှစ်ယောက်၏ ချစ်ရည်လူးမျော်ရှင်ရဲ့ ကဲမှောစွာ နေ့ရက်များစွာ ဖြတ်သန်းကျော်လွန်လာခဲ့၏။ တိုင်းပြည်အုပ်ချုပ် မင်းဘုရင်စိုးစံနေသူဖြစ်သော်လည်း သာမန်မိန်းကလေးတစ်ဦးကို မိဖုရား တင်မြှောက်ဖို့အရေးကား ကိုယ့်သဘောဖြင့်ကိုယ် လုပ်လို့မရ၊ ဆုံးဖြတ်လို့မရပါချေ။

သက်ထားရွှေစင်သည် ကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့် ပြီးပြည့်စုံနေသော မိန်းမပျိုဖြစ်သော်လည်း ဝိဇ္ဇာဓိုရ်အဘိုးမှတ်ဆိတ်ဖြူနှင့် ဖွင့်ဟတိုင်ပင်ရည် ဖြစ်၏။ စကြဝတေးမင်းဘုရင်ဖြစ်ရန်လိုအပ်သော ရတနာတစ်ပါးဖြစ်သည့် မိဖုရားရတနာ စစ်မှန်ဖို့အရေးကြီးသောအချက် ဖြစ်ခဲ့၏။ မောင်တစ်ထမ်း မယ်တစ်ရွက်မို့ ပါရမီဖြည့်ဖက်သာ လိုလားမိ၏။

စိတ်တူကြည်ဖြူပါမှ နှစ်ဦးသား၏ဘဝလမ်း တည်ဆောက်လျှောက်လှမ်းရာတွင် ပျော်ရွှင်မှုအပေါင်းနှင့် ပြည့်စုံမည်ပေ။ မိမိစကြဝတေးမင်းအဖြစ် မရောက်ခင် တခြားသူတို့ သိရှိသွားလို့မဖြစ်ချေ။ သိရှိသွားပါက ရန်ပြုအန္တရာယ်များစွာ ပေါ်ပေါက်လာမည်ဖြစ်ပြီး အနှောင့်အယှက် အဟန့်အတားများကြောင့် ခဲယဉ်းစွာ ရှုန်းကန်ရတော့မည် ဖြစ်၏။

ဝိဇ္ဇာဓိုရ်အဘိုးအို မှတ်ဆိတ်ဖြူ ပြန်ကြွရောက်လာသောအခါတွင် မင်းသားလေးက သူ၏ချစ်ရှုံ ကြင်ဖော်တွေ့ပြီဟု ဖွင့်ဟဆိုလာခဲ့၏။ အဘိုးကတော့ ပြုံးလိုက်ပြီး –

"ကောင်းလေစွ။ ဒါပေမည့် မြေးရဲ့ ဘဝကြင်ဖော်ကို အဘိုးနဲ့ တွေ့ဆုံပြီး မိဖုရားရတနာ စစ်မှန်ဖို့ လေ့လာအကဲဖြတ်ဖို့တော့ လိုအပ်တယ်ကွဲ့။ ဒါမှ မြေးလေး စကြဝတေးမင်းဘုရင်အဖြစ် သာသနာတော်ပြုနိုင်မှာ ဖြစ်ပေတယ်။ တစ်ချက်လေး တိမ်းစောင်းသွားတာနဲ့ ပျက်သုဉ်းသွားပြီး သည်ဘဝမှာ မဖြစ်နိုင်တော့ပေဘူးကွဲ့"

"မှန်ပါတယ် အဘိုး"

"အိမ်း ... အခုတောင်မှ ငါ့မြေးရဲ့ စိတ်အစဉ်ဟာ 'မ'သတ္တဝါတစ်ဦးကြောင့် စိတ်ကစဉ့်ကလျားဖြစ်ပြီး ကျင့်ကြံအားထုတ်လို့မရဘဲ ရှိနေပြီကော။ ယောကျ်ားကောင်း ယောက်ကျားမြတ်မည်သည် စိတ်ကို တည်ငြိမ်အောင် စောင့်ထိန်းဖို့ အရေးကြီးလှတယ်။ ဒါမှ အမှားအမှန် အကောင်းအဆိုး ပေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်မှာကွဲ့ လူကလေးရဲ့"

"မြေးမှတ်သားထားပါ့မယ် အဘိုး"

"အေး ... အေးကွယ်။ မှတ်သားဖို့ထက် ကိုယ်တိုင် လက်တွေ့လိုက်နာဖို့ လိုအပ်ပေတယ်ကွဲ့"

အဘိုးက သက်ထားရွှေစင်မိန်းကလေး၏ ကိုယ်ရေးအချက်အလက်များကို မေးမြန်းခဲ့၏။ သူဖွင့်ဟမေးမိကြောင်းပြောပြီး မိန်းကလေး၏ ဇာတိမြေမှာ ဗိသနိုးနိုင်ငံကဖြစ်ကြောင်း၊ ကုန်သည်များနှင့် ဥပါလိပုတ္တရာနိုင်ငံသို့ လည်ပတ်ရန် ရောက်ရှိပြီး သူနှင့် ဆုံစည်းခဲ့ကြောင်းကို မကွယ်မဝှက် ဖွင့်ပြောပြရ၏။ ဝိဇ္ဇာဓိုရ်ရဲ့ ပုဂ္ဂိုလ်ထူးများကို လိမ်လည်ဖို့ မလွယ်ချေ။

လူတို့၏ အတွင်းစိတ်အလျဉ်အား ထိုးထွင်းသိမြင်နိုင်စွမ်းရှိကြသူများပါပေ။ အဘိုးက ဘာမျှမပြော၊ မဆုံးဖြတ်ပေးဘဲ မိန်းကလေးသက်ထားရွှေစင်နှင့် တွေ့ဆုံဖို့သာ ဆိုခဲ့၏။ ဝဏ္ဏတွင်ရှိခေါင်မင်းသားလေးမှာ ကျိတ်ကာဆုတောင်းနေမိရင်း သက်ထားရွှေစင်အား မိဖုရားရတနာတစ်ပါး အစစ်အမှန်ဖြစ်ပါဟုသာ ဆုတောင်းမိသော်လည်း မဝံ့မရဲစွာရှိမိပါသည်။

မိမိကဦးစွာ သက်ထားရွှေစင်နှင့်တွေ့ပြီး အဖြစ်မှန်ကို မခြွင်းမချန် ဖွင့်ဟဆိုမိ၏။ မိမိသည် ဥပါလိပုတ္တရာ၏ ရှင်ဘုရင်မင်းဖြစ်ကြောင်း၊ ချစ်သူအား မိဖုရားအရာ မြှောက်မည်မို့ မိမိ၏ ပညာရှင်အဘိုးအိုက တွေ့ဆုံမေးမြန်းစစ်ဆေးလိုကြောင်း ပြောရ၏။

"မောင်တော်က မင်းဘုရင်မင်းမြတ်ကိုး။ နှမတော်လို တောသူလုံမေတစ်ယောက်ကို မိဖုရားအရာထားနိုင်ပါ့မလားဟင်။ ပြီးတော့ တူနှစ်ကိုယ် ချစ်ခင်မြတ်နိုး စုံမက်နေပြီပဲ။ သူတစ်ပါးဆုံးဖြတ်မှုကို ခံယူလိုက်နာစရာ လိုလို့လား မောင်တော်မင်းမြတ်ဘုရား"

"အေးပေါ့။ သာမန်အားဖြင့်တော့ တူနှစ်ကိုယ်သဘောကြည်ဖြူရင် ပြီးပြည့်စုံပါရဲ့။ ဒါပေမည့် အရေးကြီးတဲ့အချက်က ရှိနေလို့ အဘိုးကိုယ်တိုင် စစ်ဆေးမှတ်ကျောက်တင်မှာပါ နှမတော်"

"ဘာအချက်မို့လဲ မောင်တော်ရဲ့"

"အင်း ... မောင်တော်ဟာ စကြဝတေးမင်းလောင်းပါပဲ။ ပြီးပြည့်စုံဖို့ဟာ မိဖုရားရတနာတစ်ပါးဖြစ်ဖို့ကိစ္စလည်း ပါဝင်နေလို့ပါကွယ်"

"အို ... အင်မတန်ကြီးကျယ်လွန်းတဲ့ ကိစ္စရပ်ကြီးပါလား မောင်တော်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့။ နှမတော်တော့လေ ကိုယ့်ဘဝကြင် ဖော်ကိုပဲ ဘဝသက်ဆုံးပေါင်းဖက်ချင်မိပါတယ်။ ဂုဏ်ပကာသနတွေ မလိုပါဘူး မောင်တော်ရယ်''

''မဟုတ်ဘူးနှမတော်။ မောင်တော်က ဗုဒ္ဓသာသနာပြု ထီးဆောင်းမင်းဘုရင်မြတ် ဖြစ်လာဖို့က အရေးကြီးလှပေတယ်။ ဒါမှ အရပ်ဒေသအားလုံး ငြိမ်းချမ်းသာယာချမ်းမြေ့စွာ လူ့ဘဝတန်ဖိုးရှိစွာ လွန်မြောက်မှာကွဲ့''

*** *** ***

## အခန်း[၇]

နဂါးမင်းသမီးလေးက တွေဝေစိတ်နှစ်ခွဖြစ်ရ၏။ တကယ်တော့ သဏ္ဍာန်လုပ် ဟန်ဆောင်ကာ မင်းသားနှင့် ချစ်ခင်ရင်းနှီးရန် ဖန်တီးခဲ့ခြင်းမဟုတ်ပါလား။ ဒါပေမည့် သူမ၏ ဖခမည်းတော် သတိမပြုမိသည်က လူငယ်တို့၏ နှလုံးသားခံစားချက်ဖြစ်၏။ သူမ မင်းသားလေးကို နှစ်နှစ်ကာကာ အသည်းနှင့်အောင် ချစ်နေမိပြီတည်း။ အခုမှ ပဒိုင်းသီးကို စုပ်လည်းခူ။ စားလည်းရူးရမည့်ဘဝရောက်နေခဲ့ပြီဖြစ်၏။

''အင်းပါ ...ဒါဆိုလည်း နှမတော်ကို ဖခမည်းတော်ရဲ့ခွင့်ပြုချက် ရယူပါရစေလား မောင်တော်''

''ကောင်းတာပေါ့ နှမတော်ရဲ့။ ဘဝကြင်ဖော်အဖြစ် လက်တွဲဖို့ဟာ နှစ်ဖက်သောမိဘနှစ်ပါးက သဘောတူကြည်ဖြူပါမှ ပြီးပြည့်စုံတဲ့၊ ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်မှုဖြစ်လာမှာကွဲ့။ အင်း ... ဒါပေမည့် ...''

''ဘာဖြစ်သလဲမောင်တော်''

''ဩော် ...သိပ်မကြာနဲ့နော်။ မောင်တော် မျှော်တော်ဇောနဲ့ လွမ်းဆွေးတမ်းတမ်းတတ မခံစားချင်ဘူးကွယ်''

''ဟွန်း ... ငိုပြီ။ နှမတော်လည်း မောင်တော်နဲ့ အကြာကြီးခွဲမနေနိုင်ပေါင်ရှင် ...''

အကယ်၍သာ နောက်ကွယ်က အန္တရာယ်ဆိုး ကြုံတွေ့ရမည်ကို မင်းသားလေးသာ သိပါရင် အို ...သူမ မတွေးချင်တော့ပါ။ တွေ့ဆုံခိုက် အနိုက်အတန့် အချိန်လေးမှာ ပျော်ရွှင်ကြည်နူးစွာ ကုန်ဆုံးချင်မိပါသည်။ နှစ်ဦးသား အချိန်တန်တော့ လမ်းခွဲခဲ့ကြရပြန်သည်။ ခဏတာခွဲခွာရခြင်းသည် ထာဝရလက်တွဲရန်အတွက် မဟုတ်ပါလား။

ဝိဇ္ဇာဓိုရ်အဘိုးမုတ်ဆိတ်ဖြူကတော့ ဘာမျှဝေဖန်မှုမပြုပါချေ။ မင်းသားလေး ကျင့်ကြံအားထုတ်မှုကိုသာ ပိုမိုအာရုံပြုလုပ်ဆောင်စေ၏။ လူတို့တွင် ဘဝအဆက်ဆက်က မိမိတို့ပြုလုပ်ခဲ့ကြသော ကုသိုလ်ကံ(ကောင်းမှု)နှင့် မကောင်းမှု(အကုသိုလ်ကံ)များရှိ၏။ ထို့အတူ ရှေးဘဝဘဝများအခါက ကျင့်ကြံအားထုတ်မှုပြုလုပ်ခဲ့ခြင်းကြောင့် ယခုဘဝတွင် ပြန်လည်အားထုတ်လိုသောဆန္ဒများ ဖြစ်ပေါ်လှုံ့ဆော်ခြင်းပါပေ။

လူ့ခန္ဓာကိုယ်တွင်းတွင် ရှေးအတိတ်ဘဝက အားထုတ်ခဲ့သဖြင့် တန်ခိုးသိဒ္ဓိများ ကိန်းအောင်းနေ၏။ မိမိတို့ထုတ်ဖော်အသုံးမပြုတတ်ခြင်းကြောင့်ဖြစ်၏။ ပမာအားဖြင့် လူတို့သည် အသက်အန္တရာယ်ကြုံတွေ့ရသည့်အချိန်အခါတွင် ထိုစွမ်းအားသိဒ္ဓိများ ထွက်ပေါ်လာတတ်ပေ၏။ နောက်မှ အသက်အန္တရာယ်ပြုမည့်သတ္တဝါ ပါရှိလာချိန် ရှေ့မှာလည်းပြေးစရာမရှိ၊ လူ့တစ်ရပ်ကျော်မြင့်သော တံတိုင်းကြီး၊ သံဆူးကြိုးများကိုပင် ခုန်လွှားကျော်ဖြတ်နိုင်ပေသည်။ ပုံမှန်အသိစိတ်နှင့်ဆိုပါက ခုန်ကျော်ဝံ့မည်မဟုတ်ပါချေ။ ကျော်ချင်သော်မှ ကျော်ဖို့မလွယ်ကူတော့ပေ။ ထိုစွမ်းအား တန်ခိုးသိဒ္ဓိများကို ထုတ်ဖော်အသုံးချရန်အတွက် စိတ်ကို စုစည်းမှု ပြုကျင့်အားထုတ်ရမည်ဖြစ်ပေသည်။ ဗုဒ္ဓဘုရားရှင်တော်က 'စိတ်သာမူလ'ဟု ဟောကြားခဲ့၏။ စိတ်တည်ငြိမ်မှု သမာဓိထူထောင်နိုင်ပါက ဖြစ်ချင်သည့်ကိစ္စများ မုချဖြစ်လာမည်မှာ မလွဲဧကန်တည်း။

ဘယ်အရာမဆို အောင်မြင်မှုရလိုပါက အရင်းအနှီးစိုက်ထုတ်ရမည်ဖြစ်၏။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ထဲ ကိန်းအောင်းနေသော သိဒ္ဓိအဖုံဖုံကို ကျင့်ကြံအားထုတ်မှုဖြင့် ဖော်ထုတ်ရမည်ပေ။ ကမ္ဘာပေါ်တွင် မဖြစ်နိုင်သည်မရှိ၊ မဖြစ်သေးသည်သာ ရှိသည်မို့ ဖြစ်အောင်ကျင့်ကြံအားထုတ်ပါက ဖြစ်လာမည် မလွဲပါချေ။ ဖွဲလုံ့လဝီရိယ မလျှော့ပါးစေရချေ။ တချို့က ငါလုပ်ရင်ဖြစ်မှာမဟုတ်ပါဘူးဟု အားလျှော့စိတ်၊ စိုးရိမ်စိတ်၊ မဝံ့မရဲစိတ်များထားတတ်ကြသဖြင့် လုပ်သမျှ မအောင်မြင်ဘဲဖြစ်ရ၏။ စိတ်သည်အဓိကမို့ မိမိလုပ်ဆောင်မည့်အလုပ်ကိစ္စအား ဖြစ်ကိုဖြစ်ရမည်ဟု သဒ္ဓါ(ယုံကြည်မှု)စိတ်ရှိမှ ဖြစ်မည်ပေ။

ဝိဇ္ဇာဓိုရ်တို့ ကျင့်စဉ်များအားလုံးသည် ဗုဒ္ဓဘုရားရှင်တော်မြတ်၏ တရားဒေသနာတော်အနှစ်သာရများသာ ဖြစ်၏။ ဘုရားရှင်တော်၏ တရားမဂ္ဂအတိုင်း ကျင့်ကြံအားထုတ်ပါက ဘဝသံသရာဒုက္ခဆင်းရဲ ဝဲဩဃတွင်းမှပင် လွတ်မြောက်နိုင်သည်ပေ။ စကြဝတေးမင်းဖြစ်ရန်အတွက် ဂုဏ်အင်္ဂါများ၊ အချက်အလက်များစွာ လိုနေသေးသော်မှ မိမိဘုရင်အဖြစ်သို့ ရောက်ရှိလာပြီမို့ အလျှူဒါနခန်းကို ပိုမိုအားဖြည့်လုပ်ဆောင်လှူဒါန်းသဖြင့် တိုင်းသူပြည်သားတို့က မင်းသားလေးကို ချစ်ခင်မြတ်နိုးကြကုန်၏။ သီလ၊ သမာဓိနှင့် ပြည့်စုံသူမို့ မကောင်းမှုအကုသိုလ်များ မပြုလုပ်၊ မေတ္တာခန္တီဘာဝနာတရားနှင့် ပြည့်စုံခြင်းကြောင့်ပါပေ။

*** *** ***



www.burmeseclassic.com

www.burmeseclassic.com

## ရည်းကြီးနှင့် နဂါးမင်းသမီး

နဂါးမင်းသမီးလေး သက်ထားရွှေ သူမ၏ ဖခမည်းတော်ထံ ပြန်လာခဲ့ အခြေအနေများကို ပြန်ပြောပြခဲ့၏။ ပြောပြသည့်အထဲတွင် သူမနှင့် မင်း းလေး အသည်းနှင့်အောင် ချစ်နေပုံ ကြောင်းတော့ ပပါချေ။ သို့သော် မင်း းလေး ဝဏ္ဏထွဋ်ခေါင် စကြဝတေးမင်း ာင်းဖြစ်သည်ကိုတော့ ပြောပြလိုက် သသောအခါတွင်တော့ ...

"ဘာ ... ဘာကွဲ၊ စကြဝတေး င်းလောင်း ... ဟုတ်လား"

"ဟုတ်တယ် အဘရဲ့။ သူက ဖုရားရတနာလိုအပ်နေလို့တဲ့၊ ဒါကြောင့် သမီးကိုလက်ထပ်ပြီး ဘိသိက်ခံယူဖို့ မိဘ တွေနဲ့ တိုင်ပင်ဖို့ ပြန်ခိုင်းခဲ့တာအဘရဲ့"

"ဟေ ... ဒင်းက တော်တော်ခရီး ေါက်အောင် ကျင့်ကြံခဲ့တာပါကလား။ ထက် သမီးရဲ့မာယာကျော့ကွင်းထဲ င်လာပြီလားကွဲ"

"အို ... အဘကလည်း၊ ဝင်ရုံ ကာဘူး။ ရုန်းတောင်မထွက်နိုင်တော့ဘူး ဘရဲ့"

"ကောင်းပါလေ့ကွယ်။ ကဲ ... ဆို သမီးအစီအစဉ်တွေအတွက် ဆက် စဉ်ကြရအောင်ကွဲ"

"ကောင်းပါပြီ အဘ"

*** *** ***

## ဏ္ဏဒေဝ၏ မဟာအကြံအစည်

အရည်းကြီးစက္ကဒေဝကား မင်း းလေးအား ကလဲ့စားချေရန်အတွက် ကြံအစည်ကြီးမားစွာ စီစဉ်လေတော့ ၏။ ဥပါလိပုတ္တရာနိုင်ငံသည် ပေါက္ကံပုဂံ င်တော်ကြီးနှင့် မဟာမိတ်ဖွဲ့ထားသည် သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်း း မထိပါးရဲခဲ့ချေ။ ယခုတော့ မင်းသား း၏ လျှို့ဝှက်ချက်ကို သိရပြီမို့ သူ၏ အစီအစဉ်များ စတင်လုပ်ဆောင်တော့၏။

ထိုသည်က သူက ဗိသနိုးနိုင်ငံမှ သံတမန်များ စေလွှတ်ပြီး လက်ဆောင် ပဏ္ဏာများဖြင့် တစ်ဖက်လှည့်ကာ မဟာ မိတ်နိုင်ငံဖွဲ့စေမည်၊ မိမိအား ပေါက္ကံပြည်မှ မောင်းထုတ်ခဲ့သော ပုဂံမင်းပြည့်ရှင် အနော်ရထာမရှိတော့ပြီမို့ သူ့အား အရည်း ကြီးစက္ကဒေဝမှန်း မြေးဖြစ်သူ အလောင်း စည်သူမင်းကြီး မသိရှိနိုင်တော့ချေ။

အလောင်းစည်သူမင်းကြီးသည် လည်း ဗုဒ္ဓသာသနာပြု မင်းဘုရင်တစ်ပါး ဖြစ်၍ အကျင့်သီလဂုဏ်နှင့် ပြည့်စုံသော တရားမင်းဖြစ်ရာ ဗိသနိုးနိုင်ငံ၏ မဟာ မိတ်ဖွဲ့လာမှုကို ဝမ်းမြောက်စွာ လက်ခံခဲ့ ပေသည်။ အင်အားကြီးမားသော ပုဂံပြည့် ရှင်ဖြင့် ပိုမိုရင်းနှီးရန် လက်မှုလက်ရာ ပညာရှင်များသာမက ကုန်စည်ကူးသန်းမှု များကိုပါ ပြုလုပ်ပြီးနောက်တွင်တော့ ဥပါ လိပုတ္တရာမင်း ဝဏ္ဏထွဋ်ခေါင်က နိုင်ငံ အားလုံး သူ့လက်အောက်ရောက်စေရန် အတွက် စကြဝတေးမင်းအဖြစ် ရောက် စေရန် ကျင့်ကြံအားထုတ်လျက်ရှိကြောင်း ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီးထံ သံတော်ဦးတည်ကာ ကုန်းချောစကား ရွှေနားတော်သွင်းစေခဲ့တော့၏။

*** *** ***

## နဂါးမင်းသမီးလေးနှင့် ဝိဇ္ဇာဓိုရ်

နဂါးမင်းသမီးလေး သက်ထားရွှေ စင် ဥပါလိပုတ္တရာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာခဲ့ပြီး မင်းသားလေးနှင့် တွေ့ ဆုံကာ မိဖုရားရတနာအဖြစ် အစစ် အဆေးခံယူရန် အဘိုးမုတ်ဆိတ်ဖြူနှင့် တွေ့ဆုံဖို့ အချိန်အချက်ပြုတော့၏။ နဂါး မင်းသမီးလေးနှင့် တွေ့ဆုံနေကျ တော အုပ်ထဲတွင် မင်းသားလေးက အဘိုးမုတ် ဆိတ်ဖြူအား ပင့်ဆောင်ခဲ့၏။

ဝိဇ္ဇာဓိုရ်အဘိုးမုတ်ဆိတ်ဖြူက နဂါး မင်းသမီးလေးကို တွေ့သည်နှင့် မျက်နှာ ပျက်ယွင်းသွားလေတော့သည်။ ဝိဇ္ဇာဓိုရ် မို့ ထိုးထွင်းသိမြင်ပါသည်။ လူယောင်ဖန် ဆင်းထားသည့် နဂါးမလေးပါလား။

"အဘိုး ... သက်ထားရွှေစင်ဟာ မိဖုရားရတနာ ဖြစ်ထိုက်ပါသလား"

"မဖြစ်ထိုက်ပေဘူး လူကလေး။ သူမဟာ နဂါးမလေးပဲကွဲ့။ လူသားစင်စစ် မဟုတ်ပေဘူး"

"ဗျာ ...။ သက်ထား အဘိုးပြော တာ မဟုတ်သလားဟင်"

သက်ထားရွှေစင်က ခွန်းတုံ့စကား မဆိုနိုင်ရှာဘဲ ရှိုက်ကြီးတငင် ငိုကြွေးနေ ရှာတော့သည်။ ကံကြမ္မာကိုပဲ အပြစ်ဆိုရ လေမလားမသိနိုင်ချေ။

"ကဲ ... လူကလေးမယုံနိုင်သေး ဘူးဆိုရင်တော့ အဘိုးလက်တွေ့ပြပါ့ မယ်"

အဘိုးအိုမုတ်ဆိတ်ဖြူက သူ့ အပေါ်ဖုံးအင်္ကျီထဲမှ မည်းနက်တောက် ပြောင်သော ဆေးလုံးဖြင့် သက်ထားရွှေ စင်ထံ ပစ်လွှင့်ပေါက်လိုက်လေတော့၏။ ထိုအခါ သက်ထားရွှေစင်ဆိုသော မိန်း ကလေးမှာ နဂိုမူလအသွင်ဖြစ်သော နဂါး အသွင်သို့ ပြောင်းလဲရောက်ရှိသွားလေ တော့သည်။

"အလို ... ထူးဆန်းလှချည်လား အဘိုး"

"အိမ်းပေါ့ကွယ်။ လူကလေးမှတ်မိ မယ်ဂဝင်ပါ့။ အရည်းကြီးစက္ကဒေဝနဲ့ ယှဉ်ပြိုင်တိုက်ခိုက်တုန်းက နဂါးမကြီးနဲ့ လူ ကလေး တိုက်ခဲ့ရသေးတယ် မဟုတ် လား။ သည်နဂါးမလေးဟာ အရည်းကြီး နဲ့ နဂါးမကြီးတို့ရဲ့ ရင်သွေးမျိုးဆက်ကွဲ့။ လူကလေးကို အနှောင့်အယှက်ဖြစ် အောင်၊ စကြာဝတေးမင်းမဖြစ်အောင် ကြံစည်ယုတ်မာကြတာပဲ လူကလေးရဲ့"

မင်းသားလေးရင်ထဲမှာ မချိတင်ကဲ ရင်နှင့်အောင် ခံစားရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"အဘိုးရယ် ... သူ့ကိုလူသားအသွင် ပြန်ပြောင်းပေးပါလား။ မြေး သူ့ကို မေးမြန်းစရာရှိလို့ပါ အဘိုးရဲ့။ လုပ်ပေးပါနော် အဘိုး"

"ခက်ပါလား လူကလေးရယ်၊ လူသားတွေဟာ အပေါ်ယံအရေပြားပေါ်ကြည့်ပြီး အလှအပချောမောခြင်းဆိုတဲ့ အမြင်အာရုံကြောင့် စွဲလမ်းသံယောဇဉ်တွေ ဖြစ်ပေါ်လို့ မဆုံးနိုင်တဲ့ ဘဝသံသရာဝဋ်ဆင်းရဲက မထွက်နိုင်ဘဲ ဖြစ်ကြရတာကိုး။ အင်း ... ဒုက္ခ ... ဒုက္ခ"

"လုပ်ပါအဘိုးရယ်။ မြေးက အရိယာသူတော်စင်ဘဝမှ မရောက်သေးတဲ့ဟာ။ လူသားဆန်စွာ ခံစားကြေကွဲနေရပြီ အဘရဲ့။ လုပ်ပါနော်။ လူ့ဘဝကို ပြောင်းလဲပေးပါအဘိုး"

"ကောင်းပြီလေ။ တားမရတော့လည်း ပြောင်းပေးရတာပ"

ပြောပြောဆိုဆို အဘိုးမုတ်ဆိတ်ဖြူက သူ့အပေါ်ဖုံးအိတ်ထောင်ထဲမှ ပုလဲလုံးလို ဖြူလွင်သော ဆေးလုံးလေးတစ်လုံးထုတ်ကာ နဂါးမလေးအား ပစ်ပေါက်ထည့်လိုက်ရာတွင်တော့ –

"ဝုန်း"ခနဲ မြည်သံကြီးနှင့်အတူ မီးခိုးလုံးများ နဂါးမလေးကို ဖုံးလွှမ်းသွားတော့သည်။ လွင့်ပျောက်ပြယ်သွားသောအခါ နဂါးမလေးအသွင် ပျောက်ကွယ်ကာ သက်ထားရွှေစင်မည်သော မိန်းကလေးအသွင်သို့ ပြန်ရောက်ရလေသည်။

"သက်ထားရယ် ... နုမတော်"

"မောင် ... မောင်တော်ရယ်"

အချစ်သံယောဇဉ် ဆွဲငင်အားကြောင့် လူငယ်နှစ်ဦး နှလုံးသားခံစားချက်များ ဟန်မဆောင်နိုင်ဘဲ ပွင့်ထွက်ကာ အပြေးအလွှားပွေ့ဖက်ထားမိကြတော့သည်။ ဝိဇ္ဇာမိုရ်အဘိုးအို မုတ်ဆိတ်ဖြူကား မကြည့်ရက်လေသလားမဆိုနိုင် ကိုယ်ယောင်ပျောက်ကွယ်သွားတော့၏။

●●●●●●●●●...

မနောမယပတ္တမြားရှင်ကား
ရွှေကလပ်ပေါ်တွင်
လေထဲပျံဝဲဘည်တို့လျက်
ရှိ၏။ ထိုက်တန်သူတို့သာ
အသုံးပြုနိုင်ရန်
ပေါ်ပေါက်စေ၏။
အဘိုးမုတ်ဆိတ်ဖြူ၏
ပြဒါးရှင်လုံး၏
ပြဒါးပြာအကြွင်းများအား
သပိတ်ထဲတွင်ထည့်ထား၏။
ထိုပြဒါးရှင်လုံး၏ပြာများ
စားသုံးအသုံးပြုပါကလည်း
ထွက်ရပ်ပေါက်
သိဒ္ဓိရှင်အဖြစ်သို့
ရောက်ပေါက်နိုင်ပါသည်။

...●●●●●●●●●

"သက်ထားရယ် ... အဘိုးပြောတာတွေ အမှန်ပဲလား နုမရယ်။ မောင်တော့်ကို ပြောပါဦးတော့"

"ဟုတ် ... ဟုတ်ပါတယ်မောင်တော်။ အမှန်တွေပါပဲ"

"ဒါ ... ဒါဆို .. မောင်တော့်ကို ဟန်ဆောင်ပြီး ချစ်ခင်ရင်းနှီးအောင် လုပ်ခဲ့တာပေါ့ ဟုတ်လားနုမတော်ရယ်"

"အို ... မဟုတ်ဘူး အဲသည်လို မဟုတ်ဘူး မောင်တော်။ နုမတော် မောင်တော့်ကို အသက်နှင့်ထပ်တူ သိပ်ချစ်တာ

အမှန်ပါ။ အစတုန်းကတော့ ဖခမည်
တော် ခိုင်းတဲ့အတိုင်း လုပ်ခဲ့ပေမည်
မောင်တော့်ကို မြင်တွေ့ချိန်ကစပြီး ရှေ
ဘဝအတိတ်က ဘဝရေစက်ကြောင့်ထင
ပါရဲ့။ ဟန်မဆောင်နိုင်ဘဲ တကယ့်ကို
အသည်းနင့်အောင် သိပ်ချစ်သွားမိခဲ့ပ
တယ်။ မောင်တော် ယုံပါ။ ဒါမှန်သော
သစ္စာစကားပါပဲ"

"ယုံပါတယ် သက်ထားနုမရယ်"

"ဒါဆို မောင်တော့်ရဲ့ ရည်မှန်း
ချက်အတိုင်း လုပ်ဆောင်ဖို့ နုမတော်ကို
မိဖုရားအရာ ချီးမြှောက်ဖို့ မဖြစ်နိုင်တော
ဘူးပေါ့နော်"

"အင်း ... ဟုတ်ပါတယ် နုမ
တော်။ မောင်တော်လည်း သည်ဘဝမှာ
စကြဝတေးမင်း မဖြစ်ချင်တော့ဘူးသိ
လား။ အဲဒါက နုမတော်နဲ့ မခွဲနိုင်တော့လို့
ပေါ့ နုမ"

"အို ... မောင်တော်ရယ်"

"အေးပေါ့ လူကလေး။ သည်ဘဝ
မှာ မဖြစ်နိုင်တော့လည်း နောက်ဘဝ
တစ်ချိန်တစ်ခါမှာ လူ့ဘဝပြန်ပိုင်ရပြန်ရင
တော့ ဖြစ်အောင်လုပ်ရမှာပဲကွဲ့။ ဒါက
လည်း မင်းရဲ့အတိတ်ဘဝက ပစ္စေကဗုဒ္ဓ
ဘုရားရှင်တော်ထံ ဆုပန်ခဲ့လို့ပဲ လူ
ကလေးရဲ့။ အင်း ... သည်ဘဝမှာ မင်း
ပြုခဲ့တဲ့ အတတ်က ဝဋ်ကြွေးမကောင်းမှု
တွေကို ကုန်စင်အောင် ပေးဆပ်ပေတော့
ကွယ်။

သည်နဂါးမလေးဟာ လူ့ကလေး
ဘဝအဆက်ဆက်က တူယှဉ်ပေါင်းသင
ခဲ့တဲ့ ဘဝကြင်ဖော်ဘက် အမှန်ပါပဲ
ဒါပေမည့် သူ့ရဲ့ဝဋ်ကြွေးမကောင်းမှုတွေ
ကြောင့် အဟိတ်တိရစ္ဆာန် နဂါးမလေး
အဖြစ် ရောက်ရှိခဲ့ရတာပဲကွယ်။

လူကလေး သည်ဘဝမှာ စကြ
ဝတေး သာသနာပြုမင်းမဖြစ်ပေမည့်
နောက်ဘဝအတွက် အခုဘဝမှာ ပါရ
ဖြည့်ကျင့်ရမယ်ကွဲ့ လူကလေးရဲ့။ သည



www.burmeseclassic.com

www.burmeseclassic.com

တော့ အလှူဒါနများ ပြုမြဲအတိုင်း ပြုရယ်ကွဲ့။ ကျောင်းကြီးအားထုတ်ပူလည်း လှုံ့သစီ့ယစိုက်ပြီး လုပ်ဆောင်ရမယ်ပေါ့။ ပြီးတော့ အကျင့်သီလလုံခြုံအောင် ထိန်းပြီး မကောင်းမှုကို ရှောင်ကြဉ်ရမယ်ကွဲ့"

"မြေး အဘိုးအမှာတော်ရှိသည့်အတိုင်း လိုက်နာပါ့မယ်"

"အေး . . . ဒါပေမည့် နဂါးမလေးနဲ့ ပေါင်းသင်းဖို့ဆိုတဲ့ ကိစ္စကိုတော့ လူကလေးရဲ့ တိုင်းသူပြည်သားတွေသိ ရင် အခက်တွေ့လိမ့်မယ်ကွဲ့။ သည်တော့ ဘိုးက ဂူကြီးထဲမှာပဲ နဂါးမလေး စံပြုနေပြီး လူကလေးက နေ့ဘက်အခါမှပဲ ပေါင်းသင်းလေ။ ညဉ့်ဘက်မှာဆိုရင် နဂါးတွေ အိပ်မောကျတဲ့အခါ လူသားအသွင် ပျောက်ပြီး နဂါးအသွင် ပြန်ဖြစ်သွားလို့ပဲကွယ်"

"မြေးသဘောပေါက်ပါပြီအဘိုး"

"ကဲ . . . ကဲ၊ အဘိုးပြန်တော့မယ်ကွယ်။ သတိဝီရိယနဲ့ သွားလာပါ လူကလေး၊ လူကလေးမှာ အန္တရာယ်အခက်အခဲတွေက မိုင်းရံနေဆဲပဲ"

"မြေးမှတ်ထားပါ့မယ်"

ချစ်သူနှစ်ဦးအား ချန်ရစ်ပြီး ဝိဇ္ဇာဖိုရ်အဘိုးအို ကွယ်ပျောက်သွားလေပြီ။ မိမိ အန္တရာယ်အခက်အခဲများ တွေ့ပါက ပြန်ပေါ်ထွက်လာမည်မလွဲချေ။ အဘယ်ကြောင့်နည်းဟု အမေးရှိသော် ဝိဇ္ဇာဖိုရ်အဘိုးနှင့် မိမိမှာ ဘဝဘဝပေါင်းများစွာ ရင်းနှီးသော ဆွေမျိုးရင်းချာ တော်စပ်ခဲ့ဖူးသလို သူငယ်ချင်းမိတ်ဆွေရင်းများလည်း အကြိမ်ကြိမ်ဖြစ်ခဲ့ကြဖူးခြင်းကြောင့်တည်း။

မည်သို့ဆိုစေ ချစ်သူနှစ်ဦး အတူတကွပေါင်းဖက်ခြင်းကိုပင် ဝမ်းမြောက်ပျော်ရွှင်မနေကြ၏။ သို့သော် သူတို့နောက်ကွယ်မှ အန္တရာယ်ဆိုးကြီးက အရိပ်ပမာ ထပ်ကြပ်လိုက်ပါလျက်ရှိနေသည်ကိုတော့ သတိမရဟန်ရှာ၏။ အရည်းကြီးစက္ကဒေဝအား အငြိုးအတေးကြီးလှပါဘိ။ ယခု

လည်း ပေါက္ကံပြည်ရှင်မင်းထံ စကြဝတေးမင်းဖြစ်ရန် ဥပါလိပုတ္တရာမင်းသား ကြိုးဆောင်နေသည့်အကြောင်းအား သူ၏သံတမန်မှူးမတ်များအား သံတော်ဦးတင်လျှောက်စေခဲ့၏။

မြန်မာမင်းရာဇဝင်သမိုင်းများတွင် မိမိထက်သာသူများ၊ သူရဲကောင်းများအား ကွပ်မျက်အရေးယူမှုများစွာ အမည်းစက်ထင်ကျန်ရစ်ခဲ့ပေသည်။ ယခုလည်း ဥပါလိပုတ္တရာ မင်းသားလေးသာ စကြဝတေးမင်းအဖြစ်သို့ ရောက်ရှိသွားပါက သူ၏ စကြာရတနာကြောင့် မိမိတို့ ဒူးထောက်အညံ့ခံကြရမည့်အရေးကို တွေးမိကာ စကြဝတေးမင်းမဖြစ်ခင် အရေးယူဆောင်ရွက်ရန် အမိန့်တော်ချမှတ်လိုက်တော့၏။

ဥပါလိပုတ္တရာနိုင်ငံ သိမ်းပိုက်ပြီးပါက ဆက်၍ မဇ္ဈိမ့ရ၊ အာသံကသည်းနိုင်ငံတို့ကိုပါ ဆက်သက်တိုက်ခိုက်သိမ်းပိုက်ရန် အစီအစဉ်ထားရှိ၏။ ပြီးသော် သရေခေတ္တရာနိုင်ငံနှင့် ဟံသာဝတီနိုင်ငံများကိုပါ ရည်ရွယ်သည်။ ပုဂံမင်းကားလိမ္မာပါးနပ်လှသည့်မို့ သူရဲကောင်းများကို ချီးမြှင့်မြှောက်စားပြီး မိမိ၏ တပ်မဟာအင်အားကို ပိုမိုတိုးတက်ကြီးမားအောင် အစဉ်လေ့ကျင့်ခဲ့ထွင်မှု ပြုလုပ်စေသည်။

ဥပါလိပုတ္တရာနိုင်ငံသို့ သူလျှိုလူယုံများ စေလွှတ်၍ စနည်းနာထောက်လှမ်းစေ၏။ ပုဂံပြည့်ရှင်မင်းကြီးကား နှလုံးရည်၊ ဉာဏ်ရည်ဖြင့် ပြည့်စုံသူဖြစ်၏။ ဗိသနိုးသံတမန်တို့၏ စကားအား လက်ခံယုံကြည်ထားသော်လည်း အကြောင်းအချက်ခိုင်မာအောင် ပြုစေခြင်းဖြစ်၏။ ဥပါလိပုတ္တရာနိုင်ငံသည် မိမိတို့အဘိုးလက်ထက်ကတည်းက နှစ်ပြည့်ထောင် မိတ်ဆွေဖက်မဟာမိတ်ပြု ဆက်ဆံခဲ့ကြသည်မဟုတ်ပါလား။

*** *** ***

## စကြဝတေးမင်းလောင်း မပေါ်ပေါက်စေရ

ပေါက္ကံ(ပုဂံ)ပြည့်ရှင် စေလွှတ်စုံစမ်းခိုင်းသော မင်းချင်းများက ပြန်လည်တွေ့ရှိသမျှ သတင်းအချက်အလက်များ ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်လျှောက်ကြကုန်၏။ ဟုတ်နေပြီ။ မှန်နေတော့သည်။ ဥပါလိပုတ္တရာဘုရင်လေးသည် စကြဝတေးမင်းလောင်းဟု သူ၏တိုင်းသူပြည်သားများက ယုံကြည်နေကြကုန်၏။ ဘုရင်လေးသည် ဥပုသ်သီလစောင့်တည်ပြီး မင်းကျင့်တရားနှင့်လည်း ပြည့်စုံ၏။ ပေးကမ်းစွန့်လှူခြင်း ဒါနဘာဝနာနှင့်လည်း မပြတ်အောင်ဆောင်ရွက်ပြီ။

သူ့ကြွယ်ရတနာများလည်း ရှိနေ၏။ ထွန်ယက်စိုက်ပျိုးရန်အတွက် လယ်ယာ၊ နွား၊ ကျွဲ၊ မျိုးစပါးကအစ ပေးကမ်းချီးမြှင့်နေကြောင်း သိရ၏။ လယ်ယာစိုက်ပျိုးရေးသည် နိုင်ငံအတွက် အဓိကဖြစ်ပေသည်။ ဘုရင်လေးတွင် မပြည့်စုံသေးသည်က မိဖုရားရတနာတည်း။ ရတနာများပေါင်းစုပြည့်စုံသွားချိန်တွင်တော့ စကြာရတနာ ဆိုက်ရောက်တော့မည်ဖြစ်ပြီး ဆင်ဖြူရတနာ၊ မြင်းရတနာများ ပေါ်ထွန်းပိုင်ဆိုင်တော့မည်မှာ ကေန်တည်း။

မဖြစ်ပါချေ။ ထိုအဖြစ်မျိုးတော့ မရောက်စေလိုပေ။ ကိုယ့်တိုင်းကိုယ့်ပြည်ကိုသာ အုပ်ချုပ်မင်းလုပ်ကာ သာယာဝပြောစေချင်ကြပေသည်။ အရည်းကြီးစက္ကဒေဝ၏ ကုန်းချောမှုကြောင့် ပေါက္ကံပြည့်ရှင်၏ စစ်တပ်ကြီး ဥပါလိပုတ္တရာနိုင်ငံသို့ ရှေ့ရှုချီတက်လာတော့၏။ ယခင်က မိတ်ဖွဲ့မဟာမိတ်နိုင်ငံအဖြစ်ကို အမှတ်မရတော့ပါချေ။

ခုခံပြန်လည် တိုက်ခိုက်လာပါက အပြီးတိုင်အောင် ချေမှုန်းခဲ့ရမည်ဟု အမိန့်တော်ရှိသည့်မို့ ဥပါလိပုတ္တရာနိုင်ငံငယ်လေးမှာ အန္တရာယ်အသွယ်သွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ရင်လေးစရာကြုံတွေ့ရတော့မည် ဖြစ်တော့၏။ ပုဂံစစ်တပ်ကြီး ချီတက်လာနေပြီဟု ကြားသိရသည်နှင့် နဂါးမင်းသမီးလေးနှင့် မင်းသားလေးတို့ စံပျော်ရာတောထဲမှ ဂူကြီးအတွင်းသို့ ရွှေငွေရတနာများ ပြောင်းရွှေ့ထားခဲ့၏။

ထိုသည်က မိမိကိုယ်ကျိုး အသုံးပြုရန်မဟုတ်။ ဗုဒ္ဓသာသနာတော်ကြီး အရှည်တည်တံ့စေရန်အတွက် ဖြစ်၏။ နန်းစဉ်ရတနာများသာမက မင်းဝတ်တန်ဆာငါးပါး၊ လိုရာအသုံးပြုနိုင်သော သိဒ္ဓိဝင် မနောမယပတ္တမြားကြီးပါ ကလပ်ပေါ်တင်ထားရှိ၏။ မနောမယပတ္တမြားရှင်ကားရွှေကလပ်ပေါ်တွင် လေထဲပျံဝဲတည်တံ့လျက် ရှိ၏။ ထိုက်တန်သူတို့သာ အသုံးပြုနိုင်ရန် ပေါ်ပေါက်စေ၏။ အဘိုးမုတ်ဆိတ်ဖြူ၏ ပြဒါးရှင်လုံး၏ ပြဒါးပြာအကြွင်းများအား သပိတ်ထဲတွင် ထည့်ထား၏။ ထိုပြဒါးရှင်လုံး၏ပြာများ စားသုံးအသုံးပြုပါကလည်း ထွက်ရပ်ပေါက်သိဒ္ဓိရှင်အဖြစ်သို့ ရောက်ပေါက်နိုင်ပါသည်။

မင်းသားလေး ကျင့်စဉ်တွင် ပြဒါးပြာများစားသုံးအသုံးပြုရန် အဘိုးမုတ်ဆိတ်ဖြူက ပေးထားခဲ့ခြင်းပါပေ။ နဂါးမင်းသမီးလေးနှင့် ရံရွေတော်တစ်ယောက်တို့အား ဂူကြီးထဲတွင်သာနေထိုင်စေခဲ့၏။ ဥပါလိပြည့်ရှင် ဝဏ္ဏထွဋ်ခေါင်မင်းသားလေးက တိုင်းသူပြည်သားများ ဒုက္ခမရောက်စေရန် ဘဏ္ဍာတိုက်ဖွင့်ကာ ထိုက်သင့်သလောက် အညီအမျှ ခွဲဝေလှူဒါန်းကာ နိုင်ငံတော်နှင့် ဝေးရာသို့ ထွက်ခွာစေ၏။

မင်းတို့၏ အမျက်ဒေါသသည်ကား ကျူပြင်ခုတ် ကျူငုတ်ပါမကျန် သုတ်သင်ချေမှုန်းမည်ပေ။ ပုဂံစစ်တပ်ကြီး ဝင်ရောက်လာစေရန် မြို့တံခါးများ ဖွင့်ထားစေ၏။ စစ်တပ်ကြီး မြို့တွင်းဝင်ရောက်လာသော် ခုခံဆန့်ကျင်သူမရှိ၊ မြို့သူမြို့သားအပေါင်းလည်း မရှိဘဲ မြို့ကြီးတစ်ခုလုံး ခြောက်ကပ်တိတ်ဆိတ်ငြိမ်သက်နေတော့၏။

နန်းတော်တွင်းသို့ ဝင်ရောက်စီးနင်းမိသောအခါတွင် မင်းရာဇပလ္လင်ထက်မှာ ပုတီးစိပ်တရားနှလုံးသွင်းလျက်ရှိသော ဘုရင်လေးဝဏ္ဏထွဋ်ခေါင်အား ဖူးမြင်ရပြီး သူ၏လှူယုံနောက်လိုက် မှူးကြီးမတ်ရာ စစ်သူကြီးတို့အား ဝတ်ဖြူစင်ကြယ်များ ဝတ်ဆင်ကာ တွေ့မြင်ကြရ၏။ မင်းသားလေးက ပုဂံပြည့်ရှင်၏ စစ်သူကြီးများအား ပြုံးလျက် နေရာထိုင်ခင်း သင့်လျော်ရာ ထိုင်စေ၏။

"အရှင်မင်းသားလေး၊ အသာတကြည် အညံ့ခံအဖမ်းခံပါလော့"

"အလို ... အသင်တို့က ဘာဇာကြောင့် အကျွန်ုပ်အား ဖမ်းဆီးကြမှာပါလိမ့်"

"အိပ်ချင်ယောင်ဆောင်နေသူကို အနိုးရခက်ပါရဲ့ ...။ မင်းသားလေးဟာ အကျွန်ုပ်တို့ တိုင်းပြည်အား ပုန်ကန်ခြားနားဖို့ ကြံစည်နေကြောင်း သတင်းစကားအရ ထင်ရှားနေပါသဖြင့် အသာတကြည် အညံ့ခံတော်မူပါ"

"အိမ်းပေါ့လေ။ ရှိစေတော့၊ နို့နေစိမ်းပါဦး။ ခမောင်မင်းတို့က အကျွန်ုပ်ကို ဖမ်းဆီးနိုင်တဲ့အစွမ်းအစ ရှိကြရဲ့လား"

"အကျွန်ုပ်တို့ အစွမ်းရှိလို့ မြို့တွင်းဝင်ပြီး နန်းတော်ထဲတောင်မှ ရောက်နေပြီပဲ မင်းသားလေး"

"ကဲ ... ကဲ ... အကျွန်ုပ်ကိုယ်ရောင်ဖျောက်လိုက်ရင် အကျွန်ုပ်ကို ရှာတွေ့နိုင်ပါ့မလား"

"ဟင် ..."

"အလို ... မင်းသားလေးပျောက်ကွယ်သွားပြီ။ ဒုက္ခပဲ။ မင်းသားလေးကို လက်ရဖမ်းဆီးခြင်းမပြုနိုင်ရင် အကျွန်ုပ်တို့မင်းက မင်းပြစ်မင်းဒဏ် ချမှတ်မှာမို့ မင်းသားလေး သနားညှာတာပြီး အဖမ်းခံပါဘုရား"

ထိုအခါမှ မင်းသားလေး ပြန်
လာခဲ့၏။ သူ၏ ကျင့်စဉ်များက အထို
အလျောက် ခရီးပေါက်ရောက်နေပြီ
၏။ သာသနာပြုမင်းပေမို့ လူတို့အ
မေတ္တာကရုဏာတရား ထားရှိ၏။ လူ
သည် လောဘ၊ ဒေါသ၊ မောဟ၊ အ
သိုလ်မကောင်းမှုများကြောင့် အပါယ်
ပါး အထက်အောက်ဘုံများတွင် လူး
ခေါက်တုံ့ စုန်ချီဆန်ချီ ဘဝသံသရာ
ကြွေးဒုက္ခအပေါင်းနှင့် ရုန်းမထွက်နိုင်
ရှိကြသည်မဟုတ်ပါ၏လော။

"အကျွန်ုပ်၏ ဝဋ်ကြွေးများ
ဆပ်ဖို့ အချိန်အခါကျရောက်ခဲ့ပြီမို့ အကျွ
အဖမ်းခံပါတော့မည်။ သို့သော် အကျွ
၏ လှူယုံတော်များ။ နောက်လိုက်နော
ပါတို့အား သွားလိုရာသွားဖို့ ခွင့်ပေး
အကျွန်ုပ် သင်တို့နှင့်အတူ လိုက်ပါမ
အဘယ်သို့နည်း"

"မှန်လှပါ။ ပုဂံပြည့်ရှင် အမိန့်
ချမှတ်တော်မူသည်က မင်းသားလေ
သာ ဖမ်းဆီးခေါ်ဆောင်ရမှာ ဖြစ်ပါသ
နောက်လိုက်နောက်ပါတို့ မပါရှိပါ။
ပါက ပုန်ကန်သူအဖြစ် သတ်မှတ်
နှိမ်နင်းဖို့ပါ မင်းသားလေး"

"ကောင်းလှပေစွ။ အကျွန်ုပ်အ
ဆောင်ကြဉ်းရန် စီစဉ်ကြပေတော့"

"မှန်လှပါမင်းသား"


(ဆက်ရန်)

ဂန္ဓာရီမောင်မောင်



www.burmeseclassic.com

www.burmeseclassic.com



# လုပ်ပိုင်ခွင့်

ရှစ်ခွင်ကျော်(ဖောင်တော်သီ)

၂၆ ကေကျော် ကျယ်ဝန်းတဲ့ ကျုပ်တို့ကုမ္ပဏီ သိုလှောင်ရုံဝင်းကြီးထဲမှာ အဆောက်အဦတွေ အပြည့်ရှိတာမဟုတ်ဘူး။ မြေကွက်လပ်တွေမှ အကျယ်ကြီး။ အများကြီးပဲ။ အဲဒီ မြေကွက်လပ်တွေ၊ ဂိုဒေါင်ကြီးတွေမှာဆို ချုံတွေက မြက်ရိုင်းတွေ၊ နွယ်ပင်တွေမှ အောဘိုက်လို့၊ အဲဒါကြောင့် အဆိပ်ပြင်းတဲ့ မြွေဆိုးတွေ ခို‌အောင်းနေကြတာ။

အစိုးရဌာနကနေ ကျုပ်တို့ကုမ္ပဏီက နှစ်ချုပ်နဲ့ငှားပြီး ကျုပ်ကို သန့်ရှင်းရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးတာဝန်တွေနဲ့ 'ဝင်းပိုင်' ခန့်ပြီး လွှတ်လိုက်တော့ ကျုပ် ဝင်းသန့်ရှင်းရေး အရင်စလုပ်တယ်။ အဲဒီမှာ မြွေနဲ့တိုးတော့တာပဲ။

ဝန်ထမ်းအင်အားကနည်းတော့ ရှေ့ကရှင်း၊ နောက်ကပြန်ပြီးယောင်ထ၊ မြွေဆိုးတွေ နေရာပြောင်း၊ ညဘက်လမ်းမလျှောက်ရဲအောင်ပဲ။

မြွေဆိုးတွေ မောင်းထုတ်တဲ့နည်း ကျုပ်စဉ်းစားကြည့်တယ်။ ကျုပ်တို့ဝင်းတောင်ဘက်မှာ ရပ်ကွက်လေးရှိတယ်။ အမှန်တော့ သီးသန့်ရွာလေးပါ။ မြို့နယ်ထဲ ဆွဲသွင်းလို့ ရပ်ကွက်ဖြစ်သွားတာပါ။ အဲဒီရပ်ကွက်ပတ်လည်မှာ လယ်ကွက်တွေ ရှိတယ်။ လုပ်ငန်းသုံး ကျွဲနွားတွေရှိတယ်။ ကျုပ်ဝင်းထဲသွင်းပြီး စားကျက်ဖွင့်ပေးရင် ရတန်ကောင်းရဲ့ပေါ့။

"ဝင်းပိုင်ကြီး"

"ဆိုဗျာ ဥက္ကဋ္ဌ"

ရယကဥက္ကဋ္ဌ ကျုပ်ကိုလာတွေ့ရခြင်းအကြောင်းက လယ်တွေစိုက်ပျိုးပြီးဖြစ်လို့ ကျွဲနွားစားကျက် ကျဉ်းမြောင်းသွားတာကြောင့် ကျုပ်ဝင်းထဲမှာ လွှတ်ကျောင်းခွင့် တောင်းခံတဲ့ကိစ္စပဲ။

တိုင်းရင်းရဲက်တဲ့ပတ္တလာ မိုးရွာသည်နှင့် အဆင်သင့်ဆိုတော့ "ကျောင်းပေါ့"။

ကျွဲနွားတွေရဲ့ ခြေထောက်သံ၊ ခလောက်သံ၊ တောတိုးသံကြောင့် မြွေဆိုးတွေ ပျောက်သလောက်ရှိသွားပါတယ်။ ဒါက အကျိုးပေါ့။ အပြစ်က ဝင်းအတွင်း ကွန်ကရစ်လျှောက်လမ်းတွေပေါ် မစင်ပုံတွေ ခြေချစရာမရှိတော့တဲ့ ပြဿနာ။ ပိုင်ရှင်ကို လာကျုံးပါဆိုတော့လည်း မကျုံး။ ကုမ္ပဏီဒါရိုက်တာလာစစ်လို့ကတော့ အလုပ်ပြုတ်ပေါက်။

ကျုပ် ဥက္ကဋ္ဌကို လူလွှတ်ပြီး အကြောင်းကြားတယ်။ ကျွဲနွားတွေ ပြန်သိမ်းတော့လို့။ ကျုပ်လူနဲ့ တစ်ပါတည်းလိုက်လာတယ်။ တရှူးရှူးတရှဲရှဲနဲ့ ဒေါဖောင်းလာတဲ့ပုံ။

"ကျုပ်ကျွဲနွားတွေ မကျောင်းဖို့ဘာသဘောနဲ့ ပိတ်တာလဲ"

ကြည့်စမ်း . . . ပြောပုံက။ ကျုပ်ဝင်း ကျုပ်ပိတ်ချင်ပိတ်၊ ဖွင့်ချင်ဖွင့် ကျုပ်သဘော။ ဒါပေမဲ့ ဥက္ကဋ္ဌရာထူးကြောင့် တစ်ထစ်လျှော့ပြီးနေလိုက်တယ်။ အဲသည်မှာ ရောင့်တက်တော့တာပါပဲ။

"ခင်ဗျားသူ့ဌေး ကျုပ်ဘွားပြောရမလား"

ကျုပ်ကိုစော်ကားတာ။ သွားပြောဘာဖြစ်လဲ၊ ကျုပ်ကို အာဏာကုန်လွှဲထားတာပဲဟာ။

"ကျုပ်ဖွတ်ကျားကောင် မဟုတ်ဘူး။ ရယကဥက္ကဋ္ဌဆိုတာ သိရဲ့လား"

ဂျုပ် တော်တော်တင်းသွားတယ်။ ထိန်းလို့မရတော့ဘူး။

"ခင်ဗျားရဲ့ ဥက္ကဋ္ဌလုပ်ပိုင်ခွင့် ခင်ဗျားရပ်ကွက်မှာပဲ ရှိတယ်။ ကျုပ်ဝင်းထဲမှာ လာမသုံးနဲ့။ ကျုပ်ဝင်းထဲမှာ ကျုပ်လုပ်ပိုင်ခွင့်ပဲ။ ခင်ဗျား ကျွဲတွေ၊ နွားတွေ အခုမောင်းထုတ် . . . ဒါပဲ။ ခင်ဗျားဘာမှဆက်မပြောနဲ့"

ဘယ်သူသုံးတဲ့ လုပ်ပိုင်ခွင့်ဟာ မှန်တယ်ဆိုတာ ကျုပ်မပြောတော့ပါဘူး။

(မှတ်ချက် ။ ၂၀၀၉ ခုနှစ် ဖြစ်စဉ်)

ရှစ်ခွင်ကျော်(ဖောင်တော်သီ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရေလောင်းမိသော အဆိပ်ပင်

ဝင်းခေါင် (ရမည်းသင်း)

"လူသတ်မှုဖြစ်တယ်ဟုတ်လား"

"ဟုတ်ကဲ့"

"ဒီနေ့ နံနက် (၁၀)နာရီ (၁၀) မိနစ်မှာ ဖြစ်တာပါ။ အချင်းဖြစ်တဲ့ နေရာက သခေါ်ဘဆိပ်မှာ မယားပါ သားက ပထွေးကို သတ်တာပါမင်းကြီး"

"ခရိုင်ရဲတပ်ဖွဲ့မှူးက မမေးမီ မြို့နယ်မှူးသည် သိထားသမျှ သတင်း အချက်အလက်များကိုတင်ပြလိုက်သည်။ ခရိုင်ရဲတပ်ဖွဲ့မှူးသည် အလွန်စေ့စပ် သေချာသည်မို့ မပြည့်မစုံတင်ပြလျှင် မကြိုက်၊ ဘာသတင်းပဲဖြစ်ဖြစ် တင်ပြ တော့မယ်ဆိုရင် အတတ်နိုင်ဆုံး စေ့စပ် သေချာရေရာတဲ့ သတင်းမျိုးဖြစ်ရမယ်။ ထိုက်သင့်တဲ့ အချက်အလက် မေးလိုက် လျှင် ဒက်ကန် ဖြေနိုင်မှ ကြိုက်သည်။ ရောင်ဝါးဝါး အပြောအဆိုကိုသူမကြိုက်၊ သူကိုယ်တိုင်လည်း ရောင်ဝါးဝါး ဘယ် ဘာမှမလုပ်သူဖြစ်သည်။

"ဘယ်လောက်များ နာကျည်း ချက်ရှိလို့ သတ်တဲ့အထိ ဖြစ်ရပါလိမ့်"

ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူးသည် မြို့နယ်မှူး၊ ဒုရဲမှူးသိန်းလှမောင်၏ သတင်းပို့ချက်ကို နားထောင်ရင်း လွန်ခဲ့ သောအနှစ် (၂၀)ခန့်က ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာတောင်ညွန့် ရဲတပ်ဖွဲ့ တွင် သူတာဝန်ထမ်းဆောင်စဉ် တွေ့ကြုံ ခဲ့ရသော ယခုဖြစ်စဉ်နှင့် အလားတူ မယားပါသားက ပထွေးသတ်မှု တစ်မှု အကြောင်း ပြန်လည်သတိရမိသည်။

"ဒီလူသတ်မှု ဘယ်သူကျူးလွန် သလဲဆိုတာ ကျုပ်တို့ တွက်လို့ရတယ်။ ခုလိုခင်ဗျားတို့တစ်ယောက်တစ်ပေါက် ထင်ရာစွတ်ပြောနေကြရင် အားလုံးဒုက္ခ ရောက်လိမ့်မယ်နော်"

"မှန်တာပြောတာပါ၊ ကျွန်မ ယောက်ျားကို ကျွန်မကိုယ်တိုင် သတ် တာပါရှင်"

"အမေ မဟုတ်တာမပြောနဲ့၊ ကျွန်တော်လုပ်ခဲ့ရင် ခံရဲတယ်၊ ကျွန်တော် သတ်တာပါဆရာ"

"မဟုတ်ဘူး၊ မဟုတ် အစ်ကိုနဲ့ အမေသတ်တာမဟုတ်ဘူး၊ အရက်မူးပြီး အမေ့ကိုရိုက်လို့ ကျွန်မသတ်လိုက်တာ ပါဦး"

"ခင်ဗျားတို့သားအမိတွေ၊ ပြော လေကဲလေပဲ၊ ခင်ဗျားတို့ပြောမှ အားလုံး ရှင်းမရအောင် ရှုပ်ကုန်တော့မှာပဲ၊ ဒီမှာ ဒေါ်ခင်သန်း ကျွန်တော့်စကားကို နား ထောင်ပါဗျာ၊ ကျွန်တော်ဟာ ခင်ဗျားတို့ မိသားစုအတွက် စေတနာထားပြီး အကောင်းဆုံး ဆောင်ရွက်ပေးမယ့် သူဆိုတာ ယုံကြည်ပါဗျာ"

ကိုထွန်းတင် အသတ်ခံရခြင်း ကိစ္စနှင့်ပတ်သက်၍ စခန်းမှူးက တရားခံကို စစ်ဆေးဖော်ထုတ်ရာတွင် သေသူ၏ ဇနီးဖြစ်သော ဒေါ်ခင်သန်း



www.burmeseclassic.com

www.burmeseclassic.com

ကလည်း သူ့သတ်ကြောင်းထွက်ဆိုချက် ပေးသလို၊ သားမောင်မိုးကလည်း အမေသတ်တာမဟုတ်ပါ၊ သူသတ်တာပါဟု ဝန်ခံထွက်ဆိုချက်ပေးသည်။ သူ့အကြောင်းပြချက်ကပထွေးကိုထွန်းတင်သည် အမြဲတစေ အရက်သောက်ပြီး ဗိခင်ကို ရိုက်နှက်နှိပ်စက်နေတာမြင်ရ၍ စိတ်မထိန်းနိုင်တော့ပဲ သတ်မိကြောင်း ပြောသည်။

ထို့အတူပင် ဒေါ်ခင်သန်း၏ သမီးထွေးထွေးကလည်း သူသတ်တာပါ၊ သူ့ကိုသာ ဖမ်းပါ၊ အမေနဲ့ အစ်ကို့ကို မဖမ်းပါနဲ့ဟု ဆိုလာပြန်သဖြင့် စခန်းမှူးသည် ကရုဏာဒေါသဖြင့် ခပ်ဆတ်ဆတ်ပြောမိလိုက်သည်။

"ဒီမှာ ဒေါ်ခင်သန်း ခင်ဗျားက ကောင်းကောင်းလမ်းမလျှောက်နိုင်တဲ့ မမာသည် တစ်ယောက်ပါ၊ အိပ်ရာက ထမယ်ဆိုရင်တောင် လူအကူရှိမှ ထနိုင်တာ၊ ကိုထွန်းတင်လို ယောကျာ်းကြီးတစ်ယောက်ကို ဘယ်လိုလုပ်သတ်မှာလဲ။ အလားတူပဲ ဟောဒီက ဆယ်နှစ်သမီးထွေးထွေးကလည်း အရပ်အမောင်းက လေးပေတောင်မရှိဘူး။ ကိုထွန်းတင်လို အားကောင်းမောင်းသန် ယောကျာ်းရင့်မကြီးကို ဇက်ပြတ်လုတဲတဲဖြစ်အောင် ဘယ်လို ဓါးနဲ့ခုတ်နိုင်မှာလဲဗျာ၊ အမှန်အတိုင်း ပြောရရင် ကျွန်တော်တို့ ရဲတပ်ဖွဲ့က ခင်ဗျားသားမောင်မိုးသတ်တာဆိုတာသိပါတယ်ဗျာ"

"ကျွန်တော့်အနေနဲ့ ပတ်ဝန်းကျင်စုံစမ်းသိရှိထားချက်အရဆို သေသူကိုထွန်းတင်ဟာ လူစိတ်မရှိ၊ အလွန်ဆိုးသွမ်းတဲ့သူဆိုတာ သိထားပါတယ်။ အမှန်ကို အမှန်အတိုင်းသိတော့ ဥပဒေဘောင်တွင်းက ကျွန်တော်တို့ တတ်နိုင်သလောက်ကူညီနိုင်တာပေါ့။ ခင်ဗျားတို့ဘဝကို စာနာပြီး ကူနိုင်သလောက် ကူမယ်လို့လည်း ဆုံးဖြတ်ထားပါတယ်။ ဒါကြောင့် ကျွန်တော့်ကိုယုံကြည်ပြီး အမှန်အတိုင်း ပြောကြပါဗျာ"

လွန်ခဲ့သော အနှစ် (၂၀)ကျော်က ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၌ ယခုအချိန်အခါကဲ့သို့ သန့်ရှင်းသပ်ရပ် စနစ်တကျမရှိသေး၊ သာကေတတံတား ဟောင်းကြီးအောက် ဘေးဘယ်ညာတွင် တဲထိုးနေထိုင်ကြသည့် ပုံကျကျူးကျော်အုပ်စုတစ်စုရှိသည်။ ထိုတဲစုတွင် နံနက်(၈)နာရီတွင် လူသတ်မှုဖြစ်ကြောင်း သတင်းရသဖြင့် စခန်းမှူးနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ကိုထွန်းတင်အသက် (၄၅)နှစ်ခန့်၊ အလုပ်အကိုင်မရှိဆိုသူ လည်ပင်းတွင် ဓါးဒဏ်ရာဖြင့် သေဆုံးနေသည်ကိုတွေ့ရပြီး တရားခံမည်သူဖြစ်ကြောင်း ခက်ခက်ခဲခဲ စုံစမ်းစရာမလိုဘဲ တရားခံများ ဝန်ခံလာကြသည်ဖြစ်ရာ စခန်းမှူးအနေနှင့် တရားခံမိသားစုကို အတော်ပင် ဖျောင်းဖျယူရသည်အထိ ဖြစ်ခဲ့ရသည်။

"အမေ ကျန်းမာရေးဂရုစိုက်၊ ညီမလေး အမေ့ကိုစောင့်ရှောက်နော်၊ တရားနတ်စောင့်ပါတယ်၊ ဘာမှအားမငယ်ကြနဲ့၊ ကျွန်တော်ပြန်လာရင် အမေ့ကို အသတ်ထက်ဆုံး လုပ်ကျွေး မယ်"

စခန်းမှူး၏ စေတနာက သဘောပေါက်ကာ မောင်မိုးကိုယ်တိုင် သတ်မိကြောင်းဝန်ခံ၍ အဖမ်းခံလိုက် ပြီးနောက် စခန်းသို့မသွားမီ အမေနှင့် ညီမကို မှာကြားနေခြင်းဖြစ်သည်။

✣ ✣ ✣ ✣ ✣

မောင်မိုးရေ မင်းကိုယ်တိုင်ဝန် လို့ သက်သေခံ ဓါးနဲ့ သွေးစွန်းနေတ မှတ်တမ်းတွေလည်း မင်းဆီက ဥပဒေ အညီ တို့သိမ်းပြီးပြီ၊ တရားသူကြီး မှောက်မှာလည်း ဖြောင့်ချက်ပေးပြီး ဆိုတော့ ရဲလုပ်ငန်းတွေပြီးပြီ၊ မင်း တရားမစီရင်မီ စခန်းမှာထားမရတော့ ဘူး၊ ထောင်ကြီးချုပ်ပို့ရတော့မယ် မောင်မိုး၊ အဲဒါ မင်းအမေနဲ့ ညီမ ဘာပြောပေးရမလဲ၊ ငါပြောပေးမယ်

"တခြား ဘာမှမှာစရာမရှိပါ အမေကမကျန်းမာတော့ ကျန်း အောင်နေပါလို့သာ ပြောလိုက်ပါဆ

"ဆရာကြီးလုထွန်းရေ၊ လ ဖက်ရည်ချိုဆိမ့်နှစ်ခွက်၊ ကော်ပြန့်ကြေ နှစ်ခု ဝယ်ပေးပါဗျာ"

စခန်းမှူး အသံပြုလိုက် မကြာမီ လက်ဖက်ရည်နှင့် မုန့် စခန်းမှူးစားပွဲပေါ် ရောက်လာသည်

"ကဲ မောင်မိုး သောက်လိုက် အချုပ်ယာဉ်လာဖို့ လိုပါသေးတယ်

စခန်းမှူးသည် သူကိုယ် လက်ဖက်ရည်တစ်ခွက်၊ မုန့်တ



www.burmeseclassic.com

www.burmeseclassic.com

စားသောက်ကာ၊ မောင်မိုးကိုလည်း စားသောက်စေသည်။

"ဒါနဲ့ မောင်မိုး၊ ကိုထွန်းတင်ကို သတ်ပစ်ရလောက်အောင် ဘာနာကျည်းချက်တွေရှိလဲဟင်"

"ဒီလူ ယုတ်မာအကြောင်း မပြောချင်ဘူး။ ဒါပေမယ့် ဆရာက သိချင်တော့လည်း ကျွန်တော်ပြောပြပါ့မယ်ဆရာ"

"ကိုကြီးထွန်းတင် နေမကောင်းဖြစ်နေတာ၊ ဒီလိုနေလို့တော့ မဖြစ်ဘူးထင်တယ်"

"ဒီလို မနေလို့ ဘယ်လိုနေရမလဲ ငမိုးရာ၊ ငါဘာမှမတတ်နိုင်ဘူး"

"အစ်ကိုကျော်ဆီက ကြို့တင်ငွေတောင်းမယ်ဗျာ၊ ခင်ဗျားအတွက်ကော ကျွန်တော့်အတွက်ပါဆိုရင် ခင်ဗျားဆေးကုံးခတော့ရမှာပဲ။ ဆရာဝန်သွားပြပြီး ဆေးထိုး၊ ဆေးစားလိုက်ရင် ခင်ဗျားရောဂါ အမြန်ပျောက်မယ်၊ ခင်ဗျား မကျန်းမာတုန်း ကျွန်တော်တစ်ယောက်တည်း သဲထမ်းမယ်ဗျာ၊ အစ်ကိုကျော်ရဲ့ ကြိုတင်ငွေ လုပ်ခထဲက ကျွန်တော်စိုက်သွင်းထားမယ်၊ ခင်ဗျားရောဂါအရှင်းပျောက်အောင် နားနေပါ။

"သဲကွင်းမှာဆိုရင် အကာအရံမရှိ၊ လေတဟူးဟူးနဲ့ ကိုကြီးထွန်းတင်ရောဂါပျောက်မလိုဖြစ်လိုက်၊ ပြန်ဖြစ်လိုက်နဲ့ သဲသရာလည်နေမယ်၊ ကျွန်တော့်အိမ်လိုက်နေဗျာ"

ထွန်းတင်မငြင်း မောင်မိုးတို့အိမ်လိုက်နေဖြစ်သည်။

ကိုထွန်းတင်နှင့် မောင်မိုးသည် ပုသိမ်ညွှန့်သဲကွင်းတွင် သဲထမ်းလုပ်သားများဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် အလုပ်တူမို့ သိသော်လည်း ခင်မင်မှုမရှိကြပါ။ ဆွေမရှိ၊ မျိုးမရှိ ထွန်းတင် သဲကွင်းတွင်လုပ်ရင်း ကိုင်ရင်းဖျားနာရောဂါ ကုမယ့်သူမရှိ၍ မောင်မိုးက လူမှုရေး စိတ်ဓါတ်ဖြင့်ကူကာ အိမ်ပေါ်တင်ထားခဲ့ခြင်းဖြစ်သည်။

> *သို့သော် သာယာသောအချိန် ကား တိုတောင်းလှသည်။ ကိုထွန်းတင်နဲ့ မခင်သန်းညားပြီး ခြောက်လခန့်အကြာ ကိုထွန်းတင်၏ ဘီလူးရုပ်ပေါ်လာသည်။ စိတ်ရင်းစေတနာကောင်း၍ အရာရာကို သည်းခံခွင့်လွှတ်တတ်သော အနစ်နာခံ စရာရှိလျှင် သူတို့ကသာ အနစ်နာခံလေ့ရှိသော မိသားစုအပေါ် အထက်စီးယူကာအနိုင်ကျင့်တော့သည်။*

မောင်မိုးတွင် အဖေမရှိ၊ မိခင်နှင့် ညီမလေးတစ်ယောက်သာရှိသည်။ သူတို့အိမ်ရောက်လာသော ထွန်းတင်ကို မိသားစုများက ဆွေမျိုးရင်းချာပမာ ဂရုစိုက်ပြီး ဝိုင်းဝန်းပြုစုကြရာ ကိုထွန်းတင် မကြာမီကျန်းမာလာပြီး သဲထမ်းအလုပ်ပြန်လုပ်နိုင်သည်။

ကိုထွန်းတင်သည် လုပ်ခရသမျှငွေကို ကွမ်းဖိုးလောက်ချန်ပြီး မောင်မိုးကဲ့သို့ပင် ဒေါ်ခင်သန်းကို အားလုံးအပ်သည်။ ဒေါ်ခင်သန်းကိုယ်တိုင်လည်း ပုသိမ်ညွှန့်လမ်းဘေး ကုန်စိမ်းဈေးတွင် ကုန်စိမ်းရောင်းသဖြင့် မိသားစု စားဝတ်နေရေး ချောင်လည်သည်။ ကိုထွန်းတင်လည်း တဖြည်းဖြည်း မောင်မိုးတို့မိသားစုဝင် ဖြစ်မှန်းမသိ ဖြစ်လာသည်။ နောက်ဆုံး သဲကွင်းအလုပ်ရှင် ကိုကျော်ဟိုးနှင့် ဘကြီးဖြိုး၊ ဘကြီးသက်တို့



www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်ညှိနှိုင်းချက်အရ မောင်မိုး၏ မိခင်မှဆိုးမ ဒေါ်ခင်သန်းနှင့် ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်သွားကြသည်။ စီးပွားရေးကော အိမ်ထောင်ရေးပါ သာတောင့်သာယာရှိပါသည်။

ပထမ မောင်မိုး၏စိတ်တွင် တစ်မျိုးကြီးဖြစ်နေသည်။ သို့သော် မိခင်ဖြစ်သူမှာ အရွယ်ရှိသေးသည်။ ဖခင်ကွယ်လွန်သည်မှာလည်း (၁၀)နှစ်ကျော်ပြီမို့ ကိုထွန်းတင်ကို ဖခင်အဖြစ်အသိအမှတ်ပြုကာ လက်ခံလိုက်သည်။

သို့သော် သာယာသောအချိန်ကား တိုတောင်းလှသည်။ ကိုထွန်းတင်နဲ့ မခင်သန်းညားပြီး ခြောက်လခန့်အကြာ ကိုထွန်းတင်၏ ဘီလူးရုပ်ပေါ်လာသည်။ စိတ်ရင်းစေတနာကောင်း၍ အရာရာကို သည်းခံခွင့်လွှတ်တတ်သော အနစ်နာခံရာရှိလျှင် သူတို့ကသာ အနစ်နာခံလေ့ရှိသော မိသားစုအပေါ် အထက်စီးယူကာ အနိုင်ကျင့်တော့သည်။ လိမ်မာသော သားသမီးလေးများစိတ်ဆင်းရဲမည်စိုး၍ ကိုထွန်းတင် အနိုင်ကျင့်သမျှ ကြိတ်မှိတ်သည်းခံသော ဒေါ်ခင်သန်းကြာတော့ အိပ်ရာထဲဗုန်းဗုန်းလဲတော့သည်။ ဒါကိုပင် သောက်ပျင်းထူသည်ဟု ဆိုကာကျွဲရိုက်နွားရိုက် ရိုက်ပြီးဈေးရောင်းနိုင်းသဖြင့် ဈေးထွက်ရောင်းရသည်။

နေ့စဉ် ကိုထွန်းတင်သောက်ရန် အရက်ဖိုးရှာပေးရသည်။ သဲထမ်းသည့် အလုပ်ကို လုံးဝမလုပ်တော့ဘဲ အချိန်ပြည့် သောက်စား၍သာနေသည်။ ဒေါ်ခင်သန်းက သူ့အတွက် အရက်ဖိုး မပေးနိုင်လျှင် မောင်မိုးကစိုက်ပေးရသည်။ မောင်မိုးမပေးလျှင် အမေအရိုက်ခံရတော့မှာသိသည်။ အဲဒါတော့ မကြည့်ရက်၊ ဒါကြောင့် စိုက်ပေးရခြင်းဖြစ်သည်။

ဒေါ်ခင်သန်းသည် ပင်ပန်းစွာ ရုန်းကန်ရသဖြင့် ဒုတိယအကြိမ်အိပ်ရာထဲလဲတော့သည်။ ဒီတစ်ခါ ဘယ်လိုမှ အားတင်းမရ၊ အိပ်ရာက မထနိုင်သည့် အထိလဲခြင်းဖြစ်သည်။ ဒေါ်ခင်သန်းဈေးမရောင်းနိုင်တော့ ကိုထွန်းတင်အတွက် အရက်ဖိုး အခက်တွေ့တော့သည်။ မောင်မိုးအနေနဲ့ သဲထမ်းဝင်ငွေမှန်သမျှ အမေ့ကိုပေးအပ်သော်လည်း အမေ့ဆေးဖိုး၊ အိမ်အတွက် စားစရိတ်တောင် အနိုင်နိုင်မို့ ကိုထွန်းတင်ကို အရက်ဖိုး မပေးနိုင်။ သို့သော် ကိုထွန်းတင်ဆိုတဲ့ လူကတော့မမှု။ အမေ့အင်္ကျီ၊ လုံချည်၊ ညီမလေးရဲ့ အင်္ကျီ၊ လုံချည်တွေ တာမွေလေး၊ ပွင့်တောင်ပလက်ဖောင်းပေါ်ရှိ အဟောင်းဆိုင်များသို့ သူနိုးဈေးနဲ့ ရောင်း၍ရသော ပိုက်ဆံကို အရက်သောက်သည်။

တစ်နေ့ ကိုထွန်းတင်သည် မောင်မိုး၏ဖခင် ဦးသက်နှင်းမဆုံးခင်က အလှူအတန်းသွားလျှင် ဝတ်ရန်ချုပ်လုပ်ထားသော သက္ကလတ်တိုက်ပုံအင်္ကျီ၊ လက်ကတုံးရှပ်အင်္ကျီဖြူ တစ်ထည်၊ ရွှေဖလားရောင် ဘန်ကောက်လုံချည် တစ်ထည်ကိုထုတ်ပေးရန်တောင်းသည်။

"ဒါတော့မလုပ်ပါနဲ့ ကိုထွန်းတင်
သားလေး သမီးလေးတွေက သူတို့
အဖေပစ္စည်းအမှတ်တရ သိမ်းထား
တာပါ။ ကလေးတွေသိရင် အရမ်းစိတ်
မကောင်းဖြစ်ပြီး ပမ်းနည်းကြလိမ့်မယ်"

"ကောင်းမ သေချင်ပြီလား
သေလို့ ငရဲရောက်နေတဲ့ လင်ကြီးကို
အမှတ်ရနေ၊ လွမ်းနေတုန်းလား
ဒီလောက် အမှတ်ရနေရင် နင့်လင်ကြီး
နောက်လိုက်သွားပေါ့၊ ငါပို့ပေးရမလား
ငါတောင်းတာ ချက်ချင်းပေးစမ်း"

ဒေါ်ခင်သန်း နောက်ထပ် ဆက်
မပြောဝံ့တော့၊ မောင်မိုးဖခင်၏
သက္ကလတ်တိုက်ပုံ လည်ကတုံးရှပ်အင်္ကျီ
အဖြူတစ်ထည်နဲ့ ရွှေဖလားရောင် ဘန်
ကောက်လုံချည်တို့ကို ကိုထွန်းတင်အား
ထုတ်ပေးလိုက်ရသည်။

ကလေးတွေ မသိစေချင်ပါဘူး
ဆိုမှ သားလေးမောင်မိုး သိဖြစ်အောင်
သိသွားသည်။

"ဒီလူ သိပ်မိုက်ရိုင်းတယ်
ကျွန်တော်သည်းမခံနိုင်တော့ဘူး အမေ"

"အမေမှားပါတယ် သားရယ်
အမေ့ကြောင့် သားတို့ သမီးတို့ စိတ်
ဆင်းရဲနေရပြီနော်၊ သည်းခံလက်စနဲ့
ဆက်ပြီး သည်းခံပါသားရယ်"

ဒေါ်ခင်သန်းသည် အိပ်ရာထဲမှ
နေရင်းက ပါးပြင်ပေါ်သို့ မျက်ရည်များ
စီးကျကာ မောင်မိုးနဲ့ သမီးထွေးထွေး
တောင်းပန်လိုက်သည်။

"ဒီလူ လူမဆန်လွန်းလို့သာ
ပြောတာပါအမေ၊ ညီမလေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ဒရက်ဆိုင်သွားပြီး အရက်ဝယ်နိုင်းတယ်၊ သားသမီးချင်း ကိုယ်ချင်းမစာဘူး အမေကျန်းမာအောင်သာနေပါလေ၊ အမေ့အတွက် သားတို့အတတ်နိုင်ဆုံး သည်းခံလိုက်လျှောဆက်ဆံပါ့မယ်"

မျက်ရည်လည်ရွဲနှင့် တောင်းပန်နေသည့် အမေစိတ်ချမ်းသာစေရန် မောင်မိုး အံတင်းတင်းကြိတ်၍ ကတိပေးလိုက်သည်။

✣ ✢ ✣ ✢ ✣

ဒီနေ့ အမေ အခြေအနေမကောင်း၍ မောင်မိုး သံကွင်းတွင်အလုပ်မဆင်း။ အမေ့ခြေသလုံးကို နှိပ်နယ်ပေးရင်း ညီမလေးထွေးထွေး ပြန်အလာကို စောင့်နေလျက်ရှိသည်။ အမေအစာမဝင်တာ သုံးလေးရက်ရှိပြီမို့ အားပြတ်သလိုဖြစ်နေသည်ကို မောင်မိုးသိပါသည်။ ဒါကြောင့် အမေ့အတွက် နွားနို့နှင့် ဆိတ်နို့မှုန့်ဝယ်နိုင်းလိုက်ခြင်းဖြစ်ပါသည်။ ထွေးထွေးပြန်လာလျှင် အမေအစားဝင်အောင်မောင်နှံမုန့်ယောက်ချော၍ တိုက်ကျွေးရဦးမည်ဖြစ်သည်။

"ဟေ့ ခင်သန်း ငါအပြင်သွားမယ်၊ ပေးစမ်းပိုက်ဆံ"

"မရှိဘူး ကိုထွန်းတင်"

"ဘာမရှိဘူး ဟုတ်လား မနေ့က မိုးလုပ်ခရှင်းခဲ့တဲ့ ငွေတွေဘယ်ရောက်သွားလဲ"

ကိုထွန်းတင်၏အသံက ခြသေ့ဟောက်သံအလား။ ဟိန်းထွက်လာရာ ကြောက်စရာပင် ကောင်းလှသည်။

"ဟုတ်တယ် ကိုကြီးထွန်းတင် အစ်ကိုကျော် ပဲခူးသွားနေလို့ သူပြန်လာမှရှင်းမယ်တဲ့၊ လောလောဆယ် သုံးစရာမရှိလို့ ဘမောင်ဆီက ငွေ(၅/-) တောင် ချေးခဲ့ရသေးတယ်။

"ကဲ အဲဒီငွေ ၅/-ပဲပေး"

"အမေ အစာမဝင်တာ သုံးရက်ရှိပြီကိုကြီးထွန်းတင်၊ အဲဒါ အမေ့အတွက် နွားနို့နဲ့မုန့် သွားဝယ်နိုင်းလိုက်တယ်။

"တောက် အရေးအရာမဟုတ်။ ဒီနွားနို့သောက်တော့ မင်းအမေဘာဖြစ်လာမှာလဲ၊ နွားနို့မသောက်ရလဲ မင်းအမေမသေပါဘူးကွ၊ သောက်ဖူးကြီးပြီးအိပ်ရာထဲတခွေခွေနဲ့ မြန်မြန်သေသွားလဲ အေးတာပဲ"

"ဒီလိုမပြောပါနဲ့ ကိုကြီးထွန်းရာ၊ အမေတကယ်နေမကောင်း ဖြစ်နေတာဗျ"

"ဘာပြောတယ် မင်းက လူပါးဝလို့"

ကိုထွန်းတင်သည် ပြောပြောဆိုဆိုပင် တံခါးထောက်သည့် ဝါးလုံးနှင့် မောင်မိုးကို သိမ်းရိုက်လိုက်သည်။ မောင်မိုးက ဘယ်လက်နဲ့ဖမ်း၍ ညာလက်ဖြင့် တွန်းထုတ်လိုက်ရာ ကိုထွန်းတင် ဟန်ချက်ပျက်၍ ရိုက်ချက်လွဲသွားသည်။ ဒါကို ထွန်းတင်ရှက်သွားပြီး ဒေါသတွေ အထွတ်အထိပ် ရောက်သွားသည်။ ဒီကြားထဲ အစ်ကိုကို မရိုက်နဲ့၊ အစ်ကို ကိုမရိုက်နဲ့ဆိုပြီး ကိုထွန်းတင်ကို နွားနို့သွားဝယ်ရာက ပြန်လာသည့်ထွေးထွေး ကလှမ်းဆွဲရာ ကိုထွန်းတင်က ဆဲဆိုကြိမ်းမောင်းပြီး ခြေထောက်နှင့် ကန်လိုက်သဖြင့် ထွေးထွေး ကြမ်းကပြင်မှ အောက်သို့ကျသွားသည်။ ဝယ်လာသည့် နွားနို့နှင့် မုန့်တွေလည်း အောက်တွင် ပြန့်ကြဲသွားသည်။

မောင်မိုး ညီမငယ်၏အဖြစ်ကို ကြည့်ပြီး မျက်စေ့ထဲပြာဝေကာ ဘာမှမမြင်တော့ အိမ်ထရံမှာ ထိုးထားသော ဓါးလွတ်ကိုဖြုတ်၍ ပထွေးထွန်းတင်ကို တအားလွှဲခုတ်လိုက်သည်။ "ခုတ်" ဆိုသည့် အသံမှတစ်ပါး ဘာသံမှ မထွက်လိုက်ဘဲ ထွန်းတင်လည်ပင်း ပြတ်လုပြတ်ခင် ဖြစ်ကာ ဒေါ်ခင်သန်း ဘေးမှောက်လျက်လဲကျသွားသည်။

"အဖြစ်က ဒါပါပဲဆရာ"

"မင်းကြီးခင်ဗျာ၊ အခင်းဖြစ်အရပ်သွားရောက် စစ်ဆေးဖို့ ဓါတ်ပုံသမားနဲ့ ကားအဆင်သင့် ဖြစ်ပါပြီခင်ဗျာ"

ခရိုင်ရဲတပ်ဖွဲ့မှူးသည် မြို့နယ်မှူး၏ သတင်းပို့သံကြားမှ လွန်ခဲ့သော နှစ်ပေါင်း (၂၀)ကျော်က အဖြစ်အပျက်များတွေးနေမိသော အတွေးစများကို ဖြတ်လိုက်သည်။

"ကဲ . . . သွားစို့"

---

ဝင်းသောင်(ရမည်းသင်း)

---



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မောင်အေးချမ်း မိန်းမဆိုးစဉ်ကာ (၂)

## မင်းဟိန်းထိုက်

"မောင်အေးချမ်း မိန်းမဆိုးစဉ်ကာ (အမှတ်-၁)ကို ၂၀၀၂ ခု၊ မတ်လမှစ၍ ပြစ်မှုမဂ္ဂဇင်းမှာ (၃)လ ရေးခဲ့သည်။ အလားတူအခြားသောအကြောင်းအရာများလည်းရှိသေးသည်။ တောရွာများ၌ ရှင်း၍မကုန်နိုင်သော အကြောင်းပေါင်းမြောက်များစွာကို့သည် မောင်အေးချမ်းမှာ များစွာပင်ရှိနေ၏။

မောင်အေးချမ်းသည်ကား စွာသော လူငယ်လည်း မဟုတ်ပေ၊ မနုတ်တတ်သောကြောင့်ဟု၍လည်း မဆိုသာ။ အကြောင်းအရာများအပေါ်တွင် မူတည်ပြီး လျှောက်လှမ်းတတ်သော သဘောမျိုးသာရှိသည်။ ထို့ကြောင့် ကောင်းသည့်အခါကောင်းပြီး ဆိုးသည့်အခါလည်း ဆိုးနေတတ်သည်။

နာမည်ကြီး ဓားပြအဖွဲ့ကိုလည်း ရောက်သတ်မှုင်သတ်သည်။ မျောက်များအဖွဲ့ကိုလည်း ဖြိုခွဲဖူးသောအခါရှိသည်။ တစ်ဖက်သတ် အနိုင်ကျင့်တတ်သူ၊ မတရား ကျင့်ကြံတတ်သူများနှင့်လည်း ယှဉ်သတ်လာခဲ့သည်မှာ အကြိမ်ကြိမ်ရှိခဲ့ပြီ၊ လယ်ထဲသို့ တော်ဝက်များ ဝင်စားသည်ကို မခံနိုင်၍ မုဆိုးဖြစ်သောအခါလည်းဖြစ်နေတတ်သည်။

ဘဝအလယ်ကိုမှ ဒုစရိုက်ပြင်ရန်မူ သာရှိပြီ၊ ဒုစရိုက်ဖြစ်လောက်အောင် မလုပ်ဖူးခဲ့ပေ။ မြစ်ထဲချောင်းထဲ၌ ခလှေကိုပင် ဖြောင့်ဖြောင့်မလှော်တတ်ခဲ့၊ မည်သည့်အကုသိုလ်ကိုဖြစ်စေ၊ ဝမ်းကျောင်းရေး အသက်မွေးရေးနှင့်ဆိုင်သော အလုပ်မျိုးကို မည်သည့်အခါမျှ မလုပ်ခဲ့ဖူးပေ။

ကုသိုလ်အကောင်းမှုကိုမူ နိုင်သမျှ လုပ်သည်။ ဥာဏ်ရေးကိုအောက်ခြေသိမ်းမှစ၍ လုပ်သည်။ ဘောကိုးရာမဲ့သော အဘိုးအဘွားတို့ကိစ္စကို ပို၍ သာ၍လုပ်ပေးသည်။ ကျောင်းရေကန်ရေးကိုလည်း ဆရာတော်ကြီးခေါ်ခိုင်းတိုင်း လုပ်ပေးသည်။ မပြတ်လုပ်ကိုင်ပေးနေရသည်မှာ အပျိုလူပျိုတို့၏ ရှင်းမပြီးနိုင်သော ကိစ္စများပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုလည်း မောင်လှတင်နှင့် ပုကြီး တို့ကိစ္စကို ဝင်ပါရမည့်သဘောသက် ရောက်နေသည်။ သို့သော်လည်း မောင် လှတင်နှင့် ပုကြီးက အပျိုလူပျိုများ မဟုတ်ကြပေ။ မိဘသဘောမတူ၍ ခွဲထားခြင်းခံနေရသော လင်ကွဲ၊ မယား ကွဲတို့သာဖြစ်သည်။ မောင်လှတင်၏ မိဘများက ဘာမျှမပြောကြသော်လည်း ပုကြီး၏ မိဘများက သဘောမတူ၍ ခွဲထားသည်ဟုဆိုသည်။

* * *

ထိုအချိန်က မောင်အေးချမ်းသည် မင်းဘူးအမ်းလမ်း စိပ်ပိုက်စခန်းတွင် အလုပ်သမားလေးငါးဆယ်နှင့် လမ်း လုပ်ငန်းများကို လုပ်ကိုင်နေသည်။ မောင်အေးချမ်း၏ ဇာတိတန်းတင်ရွာ နှင့်စိပ်ပိုက်စခန်းအကြားတွင် မည်သည့် သယ်ယူပို့ဆောင်ရေးယာဉ်ခရီးမျှ မရှိ ပေ။

တန်းတင်ရွာနှင့် ကားလမ်းက တစ်ခြားစီဖြစ်နေသည်။ ရေကြောင်းက မော်တော်လိုင်းနှင့်လည်း ထိုနည်းလည်း ကောင်း။ တစ်ခြားစီဖြစ်နေသည်။ ခြေ ကျင်ခရီးက သုံးနာရီနီးပါးမျှ လှမ်းသည်။ ထိုကဲ့သို့ခရီးထောက်လွန်းသောကြောင့် ပင် မောင်အေးချမ်းသည် ဇာတိတန်း တင်ရွာသို့ သုံးလကြာ၍ပင် တစ်ခေါက် မရောက်နိုင်ဖြစ်နေသည်။

သည်အကြိမ်တွင် ကျောင်းရေစက် ချပွဲရှိ၍ ကြိုးစားပြီးလာခဲ့ရသည်။ ရွာဦး ကျောင်းကြီးကို ဆောက်လုပ်နေကြသည် မှာနှစ်ပေါင်းလေးဆယ်နီးနေပြီ။ ကျောင်း ဒကာ၊ ဒကာမများသေဆုံးသွားကြသည် မှာလည်း မနည်းတော့ပေ။ ယခုမှ စိတ်တိုင်းကျအပြီးသတ်နိုင်ခဲ့ကြသည်။ ထို့ကြောင့် ရေစက်ချပွဲပြုလုပ်ကြတော့ မည်ဖြစ်၍ ရပ်နီးရပ်ဝေးကျောင်းဒကာ ဒကာမအားလုံးတို့အား ဖိတ်ကြားကြ သည်။

ကျောင်းဒကာများတွင် မောင်အေး ချမ်းလည်း တစ်ယောက်အပါအဝင်ဖြစ် သည် လူပျိုအပျိုများစုပေါင်းပြီး လှူဒါန်း ထားကြသော တံခါး၊ ဝရံဒါ၊ မျက်နှာ ကျက်စသည်ဖြင့် အများအပြားရှိသည်။ ဤကုသိုလ်အားလုံးကို လူပျိုခေါင်းဆောင် ကို တာဝန်ယူထားရသော မောင်အေး ချမ်းကပင် အပျိုလူပျိုများကို ဦးဆောင် ပြီးရေစက်တစ်ခွက် ကိုင်ရပေဦးမည်။

မောင်အေးချမ်း အိမ်ကိုရောက် သည်နှင့် အပျိုလူပျိုအဖော်များများ စုပေါင်းပြီးရောက်လာကြသည်။ ကျောင်း ရေစက်ချပွဲတွင် အပျိုလူပျိုများ စုပေါင်း ပြီး အလှူလေးတစ်လှူ ထပ်ဖြည့်လို ကြောင်းကို အကြံပြုကြသည်။ စားဘွယ် သောက်ရာ ကောင်းမလား၊ အခြား လှူဘွယ် ဝတ္ထုတစ်ခုခုဆိုလျှင် ကောင်း မလားဟု အကြံတောင်းကြသည်။

မောင်အေးချမ်းက ဝရံဒါကို ဆေး သုတ်ရန်သာ သင့်လျော်ကြောင်း တင် ပြလိုက်၍ အားလုံးသဘောတူပြီး အလှူ ငွေလိုက်ကောက်ကြရာ တစ်ရာကျော် ရ၍ ဆေးသမားအား နိုင်းလိုက်သဖြင့် ဆေးသမားလည်း ချက်ချင်းပင် ဆေ သုတ်ခြင်းကိစ္စကို စတင်လေသည်။

အပျိုလူပျိုများနှင့်အတူ မောင်လ တင်လည်း ရောက်လာသည်။ မောင်လ တင်နှင့်ညားခဲ့သောပုကြီးမှာ မောင်အေ ချမ်းတို့ အိမ်ခြေရင်းအိမ်မှ တစ်ဦးတည် သောသမီးလေးဖြစ်သည်။

မောင်အေးချမ်းက အောင်သွယ် ပေးလိုက်၍လည်း မောင်လှတင်နှ ပုကြီးတို့သမီးရည်စားအဖြစ်သို့ရောက် လာခဲ့ကြသည်။ သူတို့ချစ်ကြိုက်နေကြ တုန်းတွင် မောင်အေးချမ်းရွာမှာရှိသေ သော်လည်း သူတို့ နှစ်ယောက် ညာ ကြသောအချိန်တွင် မောင်အေးချမ် ရွာမှာမရှိတော့ပေ။ ယခုလုပ်ကိုင်နေသ ဖြစ်သော ရခိုင်ရိုးမ မင်းဘူးအမ်းလမ် ကြီးသို့ ရောက်သွားလေပြီ။

လူများရှင်းသွားသည်နှင့် မောင်လ တင်သည် မောင်အေးချမ်း၏ အနား ကပ်လာ၏။ ထို့နောက် ပတ်ဝန်းကျ အခြေအနေကို တစ်ချက်မျှကြည့်လိုက် ပြီး တိုးတိုးပြောသာ်။

"လူရှင်းတဲ့ တစ်နေရာမှာ ငါမင် နှစ်ယောက်ချင်းတွေ့ချင်တယ်။ စကာ တွေလည်း အများကြီးပြောချင်တယ်

"မင်းတို့လင်မယား ခွာပြဲနေကြ ကိစ္စကို ငါက ပြန်စေ့ပေးရမယ်ဆို စကားတွေကို ပြောမလို့လား"

"ဟုတ်တယ်။ တို့နှစ်ယောက် သမီးရည်းစားဖြစ်အောင်လည်း မင်း စတင်လိုအောင်သွယ်ပေးခဲ့တယ်။ အ



www.burmeseclassic.com

www.burmeseclassic.com

နံဘက်မိဘချင်း အဆင်မပြေလို့ ကွဲနေကြရတဲ့ ကိစ္စကိုလည်း ပြန်ပေါင်းပေးဖို့ မင်းမှာ တာဝန်ရှိတယ်"

"ဘာ. . ."

မောင်အေးချမ်း အသံအနည်းငယ် ကျယ်လောင်သွား၏ မောင်လှတင်က အသံတိုးတိုးဖြင့် ရယ်သည်။

"တို့ မင်းဘူးအပ်းလမ်း စီမံကိန်းမှာ အရေးကြီးလို့ ပေါ်တာဆွဲထားတဲ့အထဲက တညင်းသီး စားထားတဲ့လူတစ်ယောက် လေညာက အီးပေါက်ချနေလို့ လေအောက်က မြေကျုံးပေးနေတဲ့လူကြီးက တရှုံ့ရှုံ့နှာနှုတ်ရင်း "စားလည်းမစားရပဲ မွှေးထိုက်တဲ့ တညင်းသီး" ဆိုတာမျိုးလိုလား"

"ဟား. . .ဟား အတိအကျ၊ အတိအကျ။ အဲလိုမျိုးပဲ။ ငါကမင်းကို ဖိုးလမင်းကြီးလို့ပ သဘောထားလာခဲ့တာပါ။ ဖိုးညောင်နတ်လို့ သဘောမထားခဲ့ပါဘူး-(ဖိုးလမင်း-အောင်သွယ်ပေးဖို့- ညောင်နတ်- သန္ဓေပေး-ဟုသောသဘော) ဒါကြောင့် ဖိုးလမင်းကြီးရယ်၊ ဒီနေရာမှာ မင်းဝင်ကူမှဖြစ်တော့မယ်ကွ။ ငါ-တကယ်မစွမ်းလို့ပါ။ ပြီးတော့မင်းနဲ့တွေ့ရလို့လည်း မလွယ်ဘူးလေ။ သုံးလကြာသို့ တောင်ရှာကို တစ်ခေါက်ရောက်တာမဟုတ်ဘူး"

"မင်း မိန်းမ အခြေအနေကားဘယ်လိုရှိသလဲ။ ပြန်ခေါ်ရင်လိုက်မယ်ဆိုတဲ့သဘောမျိုးရှိသလား"

"အဲတာကို ငါ-ဘယ်လိုလုပ်ပြီးသိမလဲကွ။ အခုဆိုရင် ကွဲသွားကြတာ သုံးလတောင်ရှိခဲ့ပြီ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှတောင် စကားမပြောဖြစ်ကြပါဘူး။ ငါလည်း သူ့အဖေကြီးကို ကြောက်လို့ နှစ်ယောက်ချင်းတွေ့ဖြစ်အောင် မကြိုးစားရဲဘူး။ အခုတောင် မင်းရှိလို့သာ ဒီဘက်အပိုင်းကို လာရဲတာ။ မဟုတ်ရင် တစ်ခါတောင် မသီရဲဘူး"

ပုကြီး၏ အဖေ ဦးစံလှကလည်း တစ်ကိုယ်လုံး အမွှေးစုတ်ဖွားနှင့် မဲမဲလုံးလုံး လူဝကြီး တစ်ကောင်လို သန်သည်။ ထစ်ခနဲဆိုလည်း ထလုပ်တတ်သော သဘောရှိသည်။ ထို့ကြောင့် မောင်လှတင်ကြောက်နေပုံရသည်။

"ငါ ပုကြီးနဲ့ သွားတွေ့ ပြောဆိုကြည့်လို့ ပုကြီးက မင်းကို မပေါင်းနိုင်တော့ဘူးဆိုရင်ကော"

"ဒီလိုဆိုရင်လည်း မင်းကပဲစွမ်းဆောင်ပေးပါကွာ။ ဆွဲသင့်ရင်လည်းဆွဲပေါ့။ ပုကြီးမှာ ကိုယ်ဝန်ရှိနေပြီလို့ထင်တယ်။ ဒါကြောင့် ရင်သွေးလေးအတွက် ငါမခွဲနိုင်ဘူး။ မင်းပုကြီးနဲ့သွားတွေ့ပြီး ပြောဆိုကြည့်လို့မှ မရရင် ရတဲ့နည်းနဲ့ပဲ လုပ်ပေးပါ။ ငါ-မင်းကို အားကိုးပါတယ်။"

မောင်အေးချမ်း သက်ပြင်းတစ်ချက်ကို ဟင်းချလိုက်၏။ အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်ကိစ္စဆိုတော့လည်းရှောင်ရန်ခက်သည်။(ဟုတ်သည်။ ထိုအချိန်က ပုကြီးမှာ ယခုသမီးအကြီးကို ကိုယ်ဝန်ရှိနေပြီ)။

"အေး. . .နေဦး။ ငါ-ပုကြီးဆီကို သွားကြည့်လိုက်ဦးမယ်"

မောင်အေးချမ်း အိမ်မှ ထွက်လာခဲ့သည်။ အခြေအနေကိုကြည့်ပြီး ပုကြီးတို့ ခြံထဲကိုဝင်လိုက်သည်။ ကံကောင်းချင်တော့ ပုကြီး၏မိဘများတစ်ယောက်မှ အိမ်မှာမရှိကြဘဲ ပုကြီးတစ်ယောက်တည်းသာ မီးဖိုဆောင်မှာ ထမင်းချက်နေသည်ကိုတွေ့ရ၍ အဆင်ပြေသွားသည်။ မောင်အေးချမ်း တစ်ချက်ပြုံးပြလိုက်ပြီး ပုကြီး၏ အနားမှာ ကပ်ထိုင်ကာ စကားစလိုက်သည်။

"ကဲ . . .ပုကြီး။ မောင်လှတင်ကတော့ပြန်ပေါင်းချင်သတဲ့။ နင့်ဘက်က ဘယ်လိုလဲ ဆိုစမ်းပါဦး"

ပုကြီးချက်ချင်းမပြောဘဲတစ်အောင့်လေးငြိမ်နေပြီးမှ လွယ်ပါ့မလား အစ်ကိုကြီးရယ်။ အဖေက သဘောမတူဘူးချည်းပြောနေတယ်"ဟု လေသံတိုးတိုးဖြင့် ပြောသည်။

"အဲတာ အရေးမကြီးဘူး။နင်ကပဲ မောင်လှတင်ကို ပြန်ပေါင်း/မပေါင်း ဒါပဲပြော ကျန်တဲ့အပိုင်းကို ငါတာဝန်ယူတယ်။ နင်ကသာပေါင်းနိုင်တယ်ဆိုရင် နင်တို့လင်မယားကို ငါအလုပ်ထဲကို ခေါ်သွားရုံပဲ"

"အဖေကတော့ မောင်လှတင်နဲ့သဘောမတူဘူးဖြစ်နေတယ်။မောင်လှတင်ရဲ့ အဖေက အရမ်းဖဲရိုက်တော့ မောင်လှတင်လည်း သူ့အဖေလို ဖဲရိုက်လာရင်ခက်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတော့ ငါတာဝန်မယူဘူး။ တာဝန်ယူလိုရကောင်းတာလည်းမဟုတ်ဘူး။ နှင် မောင်လှတင်ကို ပြန်ပေါင်းမပေါင်း ဒါပဲပြော။ ပြန်ပေါင်းမယ်ဆိုရင်တော့ ငါကူညီပေးလို့ရတယ်။ မောင်လှတင်ကလည်း ပြန်ပေါင်းချင်တယ်လို့ပြောတယ်။ ဒါကြောင့် နှင့်သဘောကိုပဲ ပြောပါ။ တော်ကြာ နှင် အမေနဲ့ အဖေလာရင် ဘာမှ ပြောလို့ရမှာ မဟုတ်တော့ဘူး"

ပုကြီးမျက်ရည်တွေတွေကျနေ၏။ မောင်အေးချမ်းက ပတ်ဝန်းကျင်ကို ကြည့်သည်။ ဘယ်သူမှမရှိပေ။ ပုကြီး၏ မိဘများလည်း မလာကြသေးပေ။ ပုကြီး မျက်ရည်ကိုသုတ်ပြီး လည်ချောင်းရှင်း၏။

"ပေါင်းမယ်"

"ဟုတ်ပြီ။ ဒါဆိုရင် ငါ မောင်လှတင်ကို သွားပြောလိုက်တော့မယ်"

မောင်အေးချမ်း ပုကြီးတို့အိမ်ပေါ်မှ ခပ်မြန်မြန်ပြန်ဆင်းလာ၏။ မောင်လှတင်က မျက်နှာတစ်ခြမ်းထုတ်ပြီး ဝရံတာမှ မောင်အေးချမ်းအလာကို ချောင်းကြည့်နေသည်။

"ကဲ မောင်လှတင်။ ပုကြီးကတော့ ပြန်ပေါင်းမယ်တဲ့။ မင်း သဘောက ဘယ်လိုလဲ"

"အတိုင်းထက်မှာ အလွန်ပေါ့ သူငယ်ချင်းရယ်။ ဘယ်ပြောကောင်းပါ့မလဲ။ အခုလား"

ဟုဆိုကာ မောင်အေးချမ်းအား ပြေးဖက်၏။

"အခုတော့ မဖြစ်နိုင်သေးဘူးကွ။ မနက်ဖြန် ကျောင်းရေစက်ချက်ပြီးလို့ မိုးချုပ်မှ အဆင်ပြေမှာပေါ့။ ဒီတော့ မင်းကဘယ်ကိုခိုးပြေးမယ်လို့ စဉ်းစားထားသလဲ။ ဒီတစ်ခါသာ မင်းယောက္ခမ ပြန်သိမ်းသွားရင်တော့ နောက်အဆင်ပြေမှာ မဟုတ်တော့ဘူးကါ။ ဒါကြောင့် ခိုးပြေးမယ့်ဆနေရာကိုလည်း စဉ်းစားဦး"

"မင်း နောက်ပဲလိုက်မယ်လေ"

"ငါနောက်ကိုလိုက်ရင် မင်းတို့ ကျောက်ထုရမှာ။ ငါက လမ်းခင်းနေတာကွ"

"ကျောက်မက ကျားကိုထုဆိုလည်း ထုမယ်ကွာ။ မင်း ငါ့မိန်းမကိုပဲ ရအောင် ခိုးပေးပါ"

"ကောင်းပြီလေ…ဒါဆိုရင် မင်း မနက်ဖြန်ည ရှစ်နာရီလောက်ကို ဂါရာတောင်ကစောင့်ပါ။ ငါ ပုကြီးကို ခိုးပြီး လာခဲ့မယ်"

"ဟာ…ဂါရာတောင်က ငါတစ်ယောက်တည်း ဘယ်လိုလုပ်ပြီးစောင့်ရဲမလဲကွ။ ဂါရာတောင်က အရမ်းတစ္ဆေခြောက်တာ။ သချိုင်းကုန်းနဲ့လည်း နီးနေတော့ ပိုမဆိုးဘူးလား"

"မိန်းမလိုချင်တဲ့လူက တစ္ဆေကြောက်နေလို့ဖြစ်မလားကွ။ ဘာလဲမင်းက ပုကြီးကို ငါနဲ့အတူ အိမ်အထိ လိုက်ပြီးခိုးချင်နေသလား။ ပုကြီးအဖေ သိသွားလို့ ဓါးနဲ့လိုက်ရင် ငါကထွက်ပြေးလွတ်နိုင်တယ်။ မင်းက အကျိုး။ တစ်ခါတည်း အခုတ်ပဲ"

မောင်လှတင်ကို တောဝတ်ပ
ထား၍ ခြေထောက်တစ်ဘက်ဆော
သောကြောင့် သိပ်ပြီး မပြေးနိုင်ပေ

"အေးလေ…မိန်းမလိုချင်မှတော
လည်း အရစွန့်ရတော့မှာပေါ့။ မ
အလုပ်ကိုသွားမယ့်လမ်းကလည်း ဂါ
တောင်ဘက်ကသာ သင့်နေတာ
ဒါပေမယ့် ည ရှစ်နာရီထက် နော
မကျအောင်တော့ ကြိုးစားပေး
သူငယ်ချင်းရာ။ ငါ-တကယ် သရဲတ
တွေကို ကြောက်တတ်လွန်းလို့ပါ"

"စိတ်ချ၊ ငါပုကြီးကို ကြိုတင်ပြေ
ထားပြီး ခိုးလာခဲ့မယ်"

ဂါရာတောင်က ရွာနှင့် လယ်ကွ
ခြားသည်။ ဂါရာတောင်က အိမ်
တစ်ဆယ်ကျော်ရှိသော ရွာလေးတစ်
လည်းဖြစ်ခဲ့ဖူးသည်။ မောင်အေးချမ်
ကျောင်းသားအရွယ်က ဓါးပြတိုက
ရွာပျက်သွားပြီးနောက် ရွာပျက်
သဘော သရဲခြောက်သည်။ သချိ
ကုန်းနှင့် လယ်နှစ်ကွက်သာခြားသ
ပင်ကိုယ်ကပင် သရဲကြောက်တတ်
မောင်လှတင် ဂါရာတောင်ကို ကြော
သည်ဆိုခြင်းမှာ လွန်အံ့မထင်ပေ

* * *

ညနေ(၇)နာရီခန့် မိုးချုပ်စ၊
အစ်ကိုမောင်နှမ မှန်း မရသောအ
တွင်ဖြစ်၏။ မောင်အေးချမ်းသည် ပု
ကို ခိုးပြီး ရွာထဲမှ တိတ်တဆိတ် ထွ
လာခဲ့သည်။ ပုကြီးက သူ့အဝတ်



www.burmeseclassic.com

www.burmeseclassic.com

ကို ထည့်ထားသော လွယ်အိတ်ကြီးကို ခါးမှာ ပိုက်ထားသည်။ မောင်အေးချမ်းလည်း ဆွဲခြင်းတစ်ခုကျကိုင်ရသည်။ ဆွဲခြင်းထဲမှာတော့ အတွင်းခံတို့ ထဘီတို့ပါအံ့မထင်ပေ။ သူ၏ အလုပြင်သော ပစ္စည်းများသာဖြစ်ပေလိမ့်မည်။

ရွာပြင်ကိုရောက်သည်နှင့် ခပ်သုတ်သုတ်လှမ်းကြသည်။ လူများနှင့် မတွေ့အောင်လည်း ကြည့်ရှောင်ကြသည်။ ယုတ်စွအဆုံး ဓါတ်မီးကိုပင် မထိုးရဲကြပေ။ တိတ်တဆိတ် ခပ်သုတ်သုတ် လှမ်းနေကြရင်းက ဂါရာတောင်ကိုပင် လူနှင့်တွေ့မည်စိုး၍ လူများဖြတ်သွားဖြတ်လာရှိသည့်လမ်းဘက်မှ မတတ်ရဲဘဲ အနောက်ဘက် အုံးပင်စုမှ ဖြတ်တတ်ရန်အတွက် ကွေ့ပတ်ပြေးလာကြသည်။

ထိုအခိုက်မှာပင် ဂါရာတောင်ခြေက ချောက်ဦးတိုကြီးကမ်းထိပ်တွင် မဲဆိုင်းဆိုင်းသင်္ဘောက်ကြီးတစ်ခုကို တွေ့လိုက်ရ၍ မောင်အေးချမ်းနှင့် ပုကြီးတို့ ထိုင်လိုက်ကြသည်။ အံ့သေချာကြည့်လိုက်တော့မှ ပုကြီး၏ အဖေ ဦးစံလုကြီး ကွန်ပစ်ရန် ငါးရှောင်နေသည်ကိုတွေ့ လိုက်ရလေ၏။

ဖျားရေ(ဒီရေ) ကြီးသောရက်များတွင် ဖျားရေသည် ဤချောက်ဦးသို့တိုင်အောင်ရောက်၏။ မိုးသပြုံး ငါးကင်ကျိုင်း(ကဏ္ဍုရုံ)ဟု အမည်သုံးမျိုးရသော လက်ညှိုးလက်မငါးပေါက်ကလေးများသည်း သည်အိုင်ကြီးထိအောင် အုံဖွဲ့ပြီး ရောက်လာတတ်သည့် ဤသည်ကို သိ၍ပင် ဦးစံလုကြီး ကွန်ဖြင့်လာရှောင်းနေခြင်းဖြစ်နိုင်သည်။

မောင်အေးချမ်းနှင့် ပုကြီးတို့မှာ လူများနှင့် မတွေ့အောင် ရှောင်ကွင်းပြေးပြေးနေကြရင်း ပုကြီး၏ အဖေနှင့် လာတိုး၍ မတတ်သာသည့်အဆုံး ဂါရာတောင်ကိုလည်း သည်ဘက်ကတက်၍ မဖြစ်နိုင်တော့သဖြင့် ကြောက်သော်လည်း အနဲ့ခွန့်ကာ သင်္ချိုင်းကုန်းဘက်မှ တက်ရန်ကိုသာ ဆုံးဖြတ်လိုက်ရ၏။

သို့သော်လည်း အဆင်က မပြေချင်တော့ ပုကြီး၏ လက်ကိုဆွဲ၍ သင်္ချိုင်းကုန်းဘက်သို့ ပြေးအထွက်တွင် ပုကြီးကိုင်း ခြောက်တစ်ခုကို တက်နင်းမိပြီးလဲကျကာ ဝရုန်းသုန်းကား ဖြစ်သွား၍ ပုကြီး အငဲဖမြင်သွားလေသည်။ သို့သော်လည်း မြင်သာမြင်သည်။ လှုပ်ရုံမကွဲပေ။

"ဘာလဲ၊ သရဲလား၊ ဖုတ်လားလာမစမ်းနဲ့နော်၊ စံလုကို သိတယ် မဟုတ်လား တော်က်. . ."

ထိုမျှသာ ပြောဆိုနေ၍တော်သေးသည်။ ပြေးလိုက်လာပြီးတုလျှင်အခက်။

ပုကြီး၏ ခြေထောက်တစ်ဘက် အဘော်လေးနာသွား၍ မထောက်နိုင်တော့ပေ။ မတတ်သာသည့်အဆုံး မောင်အေးချမ်းမှာ ပုကြီး၏ ထဘီအိတ်ကြီးကို ဘေးမှာလွယ်။ အလုပြင် ခြင်းကြားကို ဘယ်ဘက်လက်က ကိုင်ပြီး ညာဘက်လက်က ပုကြီး၏ ခါးကိုကိုယ့်ခါးသို့ မွေ့တင်ပြီး သင်္ချိုင်းကုန်းဘက်ကိုသာဦးတည်ပြေးရလေသည်။

"အေး … ကိုယ့်လမ်းကို သွားကြ"

ဟူသော ဦးစံလု၏ အသံကိုသဲ့သဲ့မျှသာကြားခဲ့ရ၏။ သူ့သမီးကို နိုးလာနေသည်ဟုသာ သိသွားခဲ့လျှင် ဦးစံလုကြီးဘယ်လိုနေလေမည်မသိ။ ယခုသရဲဟု တင်သွားသည်ကိုပင် ကျေးဇူးတင်ရမလိုဖြစ်နေသည်။

အကြောင်းအရာက ရယ်စရာလိုဖြစ်သွားသော်လည်း မောင်အေးချမ်းနှင့် ပုကြီးတို့မှာ မရယ်နိုင်ကြပေ။

လယ်ကွက်ကြီးနှစ်ကွက်မျှ ဖြတ်ပြေးပြီးနောက် ဦးစံလုကို ဂါရာတောင်စွယ်ကွယ်သွားမှ မောင်အေးချမ်းနှင့် ပုကြီးတို့ ဂါရာတောင်ခြေမှာပင် ကပ်ထိုင်ပြီး နားလိုက်ကြ၏။

တစ်ကိုယ်လုံးလည်း ချွေးသီးသွားကြသည်။ ပုကြီးက သင်္ချိုင်းကုန်းဘက်ကိုရော၊ ဂါရာတောင်ကိုပါ တစ်လှည့်စီကြည့်ပြီး မြတ်သွားသောသူ့ခြေထောက်ကို လက်နှင့်ပွတ် စမ်းကြည့်နေသည်။ ဆံပင်များလည်း ဖရိုဖရဲဖြစ်သွားသည်။

"ကဲ . . .ပုကြီး နင်ခြေထောက်တော်တော် နာသွားသလား"

ဟု မောင်အေးချမ်းက တိုးတိုးမေး၏။

"အင်း. . .ဖြစ်စကတော့ အတော်ကလေးနာသွားတယ်။ ဒါပေမယ့် အခုတော့ သက်သာလာသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com

"သက်သာရင် သွားမယ်ထ။ နင့် လင် သရဲတစ္ဆေကြောက်ပြီး မျက်လုံး ပြူးလို့ရှိလိမ့်မယ်"

ပုကြီးသည် သူခြေထောက်ကို လက်နှင့် နှစ်ချက်သုံးချက်ဆက်နှိပ် လိုက်ပြီး . . .

"အဲဒီခြင်းကြားကို ခဏပေးပါ။ ခေါင်းဖီးကို ထုတ်ပြီး ခေါင်းဖီးလိုက်ဦး မယ်"

"ဟေး . . . ဒါရှုးပြဖို့သွားနေတာ မဟုတ်ဘူးကွ။ အရေးတကြီး လိုံ့လိုံ့ ဝက်ဝက်နဲ့သွားနေရတဲ့ အချိန်မှာ ဘာ ခေါင်းတွေ ဖင်တွေမှ ဖီးနေစရာမလိုဘူး။ သွားမယ်ထ"

မောင်အေးချမ်းက ဆွဲထူလိုက်၍ ပုကြီးသည် မြေကြီးလက်ထောက်ပြီး ထလိုက်လာ၏။ ဂါရာတောင်က စပါး နှစ်ကေကျော်မျှသာကျယ်သော တောင် ပြန့်ကလေးဖြစ်သည်။ ရွာပျက်ကြီးဖြစ် သည့်အလျောက် အောက်ပေါင်းရှုပ် သလို သရက်ပင်၊ ဝိန္ဓပင်ကြီးများ အုပ် ဆိုင်းနေ၍ အုပ်အုပ်ဆိုင်းဆိုင်းလည်း ရှိသည်။ ကြောက်မည်ဆိုက ကြောက် စရာဖြစ်သည်။

ပုကြီးနှင့် မောင်အေးချမ်းတို့ ခြေ ထောက်ကို ဖေါ့ဖေါ့နင်းသွားပြီး မောင်လု တင်ကိုလိုက်ရှာကြသည်။ မောင်လုတင် သည် ပုကြီးနှင့် မောင်အေးချမ်းတို့ ဘက်ကြောပေးကာ သရက်ပင်ကြီးနား တွင် ကပ်ရပ်ပြီး သူ့ယောက္ခမငါးရောင်း နေသည့်ဘက်ကိုသာ ငေးကြည့်နေ၏။

မောင်အေးချမ်းနှင့် ပုကြီးတို့ လာရိုး လာစဉ်အတိုင်းလာလျှင်လည်း ထိုဘက် မှသာလာမည်ဖြစ်၏။ သူ့ယောက္ခမက မောင်အေးချမ်းနှင့် ပုကြီးတို့ကို သရဲ ထင်ပြီးဆဲဆိုလိုက်သော အသံကိုကြား လိုက်ရ၍ စိုက်ကြည့်နေခြင်းလည်း ဖြစ်နိုင်၏။

မောင်အေးချမ်းက သူနှင့် ပုကြီး အနားသို့ရောက်လာနေကြပြီဆိုသည်ကို မောင်လုတင်အား အသံဖြင့် ပြောလျှင် ဦးခံလုကြီးကြားမည်စိုး၍ ခဲလေးဖြင့် လှမ်းပေါက်လိုက်ရာ မောင်လုတင်သည် ကွက်ခနဲတစ်ချက်လှည့်ကြည့်ပြီး

"အား . . ."

ဟု ကျယ်လောင်စွာအော်လျက် တချိုးတည်း ထွက်ပြေးလေသည်။

ထိုမှ သူ့ယောက္ခဦးစံလုကို အရှိန် ပြင်းပြင်းဖြင့်ထိုက်သွား၍

"ဟိုက်. . . နင်မေကလွှား လာပြန် ပြီလားတစ်ကောင်" ဟု ဦးစံလုက လည်းချောင်းသံကြီးဖြင့် ဆီးအော်၍ မောင်လုတင် လမ်းကြောင်းလွှဲပြီး ကို မောင်ကြည်အောင်၏ ငုက်ပျောခြံထဲသို့ ဖွာာ်ဝင်သွားသည်ကို ဝုန်းဟူ၍ ကြားရ လေသည်။

ထိုတက်ကွမ်းသီးခြံက ကိုအေးချမ်း ဦး ဆီးအော်ပြီး သံချောင်းခေါက်လိုက်ရာ အထက်ရွာ၊ အောက်ရွာ၊ သံချောင်း ခေါက်၊ သံပုန်းရိုက်အော်ဟစ်သံများဖြင့် ရွာကို ဓားပြဝင်သကဲ့သို့ ပွက်ပွက်ဆူ သွားလေသည်။ မောင်လုတင်လည်း ရွာထဲကိုမဝင်ရဲခဲ့ဘဲ ရွာနှစ်ရွာအကြား လယ်ကွင်းကြီးကိုဖြတ်ပြေးကာ ဘုန်းကြီး ကျောင်းကို ရောက်သွားလေသည်။

"အဲတာမှ ဒုက္ခပဲ။ ဒီကောင်ဟာ နင်နဲ့ငါကို သရဲထင်ပြီး ထွက်ပြေးတာ ဖြစ်မယ်။ ၎တော့ တစ်ရွာလုံး ပွက်ပွက်ညံပြီး ဓါတ်မီးရောင်တွေ ဝင်းလက်ကုန်ပြီ။ ရွာနားဓားပြကပ်တယ် လို့ ထင်ကုန်ကြပြီ" ဟု မောင်အေးချမ်း က ဒေါသသံဖြင့် ပြောလိုက်သည်။

ပုကြီးတစ်အောင့်လေး ငေးသွားပြီး

"ဒါဆိုရင် ပုလိပ်က သမီးတို့ကို ဓားပြထင်ပြီး ဖမ်းတော့မှာလား" ဟု မေး၏။

"အဲလိုတော့ ဘယ်ထင်မလဲကွ ကိုယ်တို့က ဓားပြမှ မဟုတ်တာ ဒါပေမယ့် မောင်လုတင်ကိုသာရှာလို့ မရဘဲ ဒီအတိုင်း မိုးလင်းသွားရင် ငါ. . . နင်ကို ခိုးတယ်လို့ဖြစ်တော့မှာပဲ ဒါမှ ဒုက္ခ"

မောင်အေးချမ်း ခြေပစ်လက်ပစ် သရက်ပင်ရင်းမှာ ထိုင်ချလိုက်သည်။ ပုကြီးလည်း မောင်အေးချမ်း၏ အနား မှာ ကပ်၍ထိုင်ချလိုက်သည်။ ရွာဘက် က ဓါတ်မီးရောင်များ လင်းလက်နေဆဲ ဖြစ်ပြီး ဆူဆူညံညံအသံများကိုလည်း ကြားနေရ၍ မီးမြင်မည်စိုးသောကြောင့် ဆေးလိပ်ကိုမျှပင် မဖွာရဲကြပေ။

ပုကြီးလည်း ငြိမ်ကုပ်၍သာနေ၏။ ပုကြီးစိတ်ထဲတွင် ဘယ်လိုရှိနေမှန်းကို မသိနိုင်သော်လည်း မောင်အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com

ား အလွန်အမင်း စိုးရိမ်နေလေသည်။ သည်အတိုင်းသာ မိုးလင်းသွားပါက ဤပြဿနာကို မည်သည့်နည်းနှင့် ရှင်း၍ရနိုင်မည်မထင်ပေ။

မောင်လှတင်တလည်း ပုကြီးနှင့် မောင်အေးချမ်းကို ညလုံးပေါက်သွားနေကြသည့်အဖြစ်ကြောင့် စိတ်မသိန့်၍ မြန်ပေါင်းလိမ့်မည်မထင်တော့။ သည်အထဲ ပုကြီးမှာလည်း ကိုယ်ဝန်ကြီးနှင့်။

တစ်အောင့်အကြာတွင် ရွာသားများ အသံဆိတ်သွား၏။ ဓါတ်မီးရောင်များလည်း မမြင်ရတော့ (ဦးစံလုက အပြမဟုတ်ကြောင်း၊ သရဲသာဖြစ်နိုင်ကြောင်းကိုပြောပြလိုက်၍ဟု သိရသည်) သို့သော်လည်း သူတွေ့လိုက်ရသည်မှာ သရဲမဟုတ်ဘဲ မောင်အေးချမ်း၊ သူ့သမီးနှင့် သူ့သားမက်တို့သာဖြစ်သည်ကို အတိကျကျမသိပေ။ သူ့သမီးအိမ်မှ ထွက်ပျောက်သွားသည့်ကိစ္စကိုလည်း ည်သူ့နောက်သို့ လိုက်ပြေးသွားသည်ဟု မရှင်းဖြစ်နေလေသည်။

"ကဲ…လာကွာ။ မောင်လှတင်ကို အောင် လိုက်ရှာမှဖြစ်တော့မယ်" ဟု ပြောပြီး မောင်အေးချမ်းသည် ပုကြီးကို တက်ခွဲပြီးရွာဘက်ဆီကို လျှောက်လာသည်။ ရွာစွန်ကဦးမောင်ထွန်းကျော်၏ တလင်းစောင့်သော ကောက်ရိုးရုံထဲတွင် ပုကြီးကိုသွားထားခဲ့ပြီး မောင်အေးချမ်းရွာထဲသို့ဝင်ကာ မယောင်မလည်နှင့် အလသားများစုဝေးလေ့ရှိသော ဖိုးသာအောင်တို့ အိမ်ကိုသွားကြည့်သည်။

မောင်လှတင်ကို မတွေ့ရပေ။ ရွာလယ်က သရက်ပင်ကြီးအောက်ကို သွားကြည့်ပြန်သည်။ ရွာလယ်သရက်ပင်ကြီးအောက်မှာလည်း မောင်လှတင်ကို မတွေ့ရပေ။ ရွာသားများလည်း အိပ်ကုန်ကြပြီ။ ထို့ကြောင့် မောင်လှတင်ကို ရှာ၍ တွေ့နိုင်အံ့ မထင်တော့ပေ။ မောင်အေးချမ်း စိတ်မော လူမောဖြစ်ကာ စဉ်းစား၏။

မောင်လှတင်သည် မောင်အေးချမ်းနှင့် ပုကြီးတို့ကို သရဲမှတ်၍ ထွက်ပြေးသော်လည်း ရွာသားများက သူ့ကို အားပြုထင်ပြီး ပြန်လိုက်သဖြင့် လိပ်ပြာလွင့်ပြီး ဘုန်းကြီးကျောင်းကို ရောက်သွားနိုင်သည်။ သရဲတစ္ဆေများနှင့်ပတ်သက်လာလျှင် အလုံခြုံဆုံးနေရာသည် ဘုန်းကြီးကျောင်းသာဖြစ်သည်။

မောင်အေးချမ်းလက်ပတ်နာရီကို မီးခလုတ်နှိပ်ပြီးကြည့်သည်။ ဆယ်နှစ်နာရီကျော်နေပြီ။ ခပ်သုတ်သုတ်ပင် ဘုန်းကြီးကျောင်းဘက်ကို သုတ်ခြေတင်သည်။ သို့မှရေပ်ပေါ်တွင် ကပ္ပိယကြီးနှင့် ထိုင်ပြီး စကားပြောနေကြသော မောင်လှတင်ကို တွေ့ရလေသည်။

"တောက်…မိုက်မဲလိုက်တဲ့ မောင်လှတင်ရာ။ ဘာဖြစ်လို့ မင်းဒီကို ရောက်နေရတာလဲ။ မင်းကိုသာရှာလို့ မတွေ့ရင် ငါဒုက္ခမရောက်ဘူးလားကွ"

"ငါပြေးချင်လို့ ပြေးတာမဟုတ်ဘူးကွ။ သင်္ချိုင်းကုန်းက သရဲတွေ ဂါရာတောင်ကိုရောက်လာကြလို့ ငါထွက်ပြေးတာ။ ဂါရာတောင်ခြေမှာ သရဲနဲ့ထပ်တွေ့လို့ ရရာတိုးပြေးရင်းက ရွာသားတွေ သံချောင်းခေါက်လိုက်တော့ ငါဘုန်းကြီးကျောင်းကို မရောက်ရင်ဘယ်ကိုရောက်ရမှာလဲကွ။ အဲတာတော့ မင်းထည့်မပြောတော့ဘူးလား"

"မင်းမေကလွှား။ အဲတာ သရဲမဟုတ်ဘူးကွ။ ငါနဲ့ပုကြီး။ ငါနဲ့ပုကြီးက ရွာကလာတော့ ဂါရာတောင်ခြေမှာ မင်းယောက္ခဦးစံလု ကွန်ပစ်နေတာနဲ့ တိုးလို့ သင်္ချိုင်းကုန်းဘက်ကို ရောက်သွားကြတာ။ ဒါကြောင့်မင်းဂါရာတောင်ခြေမှာ တွေ့တာလည်း မင်းယောက္ခမဦးစံလုပဲ"

"ဒီလိုလား။ မသိဘူး ငါက သရဲတွေမှတ်လို့ကွ"

ကပ္ပိယကြီးက အသံအုပ်အုပ်ဖြင့် ရယ်၏။ မောင်လှတင်လည်းရယ်သည်။ မောင်အေးချမ်းက ဒေါသနှင့် ထူပွန်နေ၍ မရယ်ပေ။ ထို့နောက်မောင်လှတင်က မောင်အေးချမ်း၏ပေါင်ကို လက်နှင့် သာသာလေးတို့ပြီးမေး၏။

"ဒါဆိုရင် ပုကြီးကော"

"မင်း မယားကို ဦးမောင်ထွန်းကျော်ရဲ့တလင်းကောက်ရိုးရုံထဲမှာ သွင်းထားခဲ့ပြီ ငါရွာထဲ မင်းလိုက်ရှာနေတာနဲ့လို့၊ နောက်ဆုံးအနေနဲ့ ဒီကိုရောက်လာတာ။ ဒီမှာသာ မင်းကို မတွေ့ရင် မင်းမယားကို ငါနိုးသွားတယ်လို့ဖြစ်တော့မှာပဲ"

"မဖြစ်ပါဘူးကွာ။ ငါကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

သိပြီးသားဥစ္စာ။ ကဲ…ဒါဖြင့်သွားမယ်၊ ကပ္ပိယကြီး ကျွန်တော်တို့ကို သွားခွင့်ပြုပါဦး"

ဟု ပြောပြီး ဘုန်းကြီးကျောင်းခြံထဲမှ ခပ်သုတ်သုတ် ထွက်လာကြ၏။ ထို့နောက်ရွာသားများနှင့် ထိုးလျှင်ဓားပြဟု ထင်မည်စိုး၍ အခြေအနေကိုကြည့်ပြီး ကုတ်ချောင်းကုတ်ချောင်းသွားရင်းက ဦးမောင်ထွန်းကျော်၏ ကောက်ရိုးရုံကို ရောက်သွားကြသည်။

ခက်သည်က ကောက်ရိုးရုံထဲတွင် ပုကြီးမရှိတော့ပေ။ ထို့ကြောင့် ကျားများကိုက်သွားလေသလား။ တစ်စုံတစ်ခု ရှုတ်ရှုတ်သံကြား၍ သရဲဟုထင်ကာ ကြောက်လန့်ပြီး အဝေးတစ်နေရာသို့ပင် ထွက်ပြေးသွားလေသလား။ သည်လိုမှမဟုတ် ကောက်ရိုးရုံထဲမှ မောင်အေးချမ်းနှင့် လှတင်တို့ အရောက်နောက်ကျ၍ စောင့်ကြည့် မျှော်ကြည့်ဖြင့်ထွက်ကြည့်နေသည်ကို မသမာသူတစ်စုနှင့်တွေ့ပြင် ဖမ်းခေါ်သွားကြလေပြီလား။

မောင်အေးချမ်း အလွန်အမင်းတွေးပူသွားလေသည်။ ပုကြီးသာ တစ်ခုခုဖြစ်သွားပါက အဓိကတရားခံသည် မောင်အေးချမ်းဖြစ်လာနိုင်သည်။ မည်မျှအထိပင် ဖြေရှင်းထုချေသော်လည်း ကွင်းလုံးကျွတ်သက်သာ ခွင့်ရနိုင်မည်မဟုတ်ပေ။ အချုပ်အဖမ်း အနှင်းအနှိပ်ခံရသည့်အပြင် အပိုဆုအဖြစ် နှစ်ရှည်ထောင်ဒဏ်ကိုပါ ရလာနိုင်သည်။

"သူငယ်ချင်း ဘယ်လိုလုပ်ကြမလဲကွာ။ ပုကြီးကို ဘယ်နေရာ လိုက်ရှာရင်တွေ့နိုင်တော့မှာလဲ"

ဟု မောင်လှတင် က ငိုသံပါကြီးနှင့် ပြောနေ၏။ မောင်အေးချမ်း မှာ သည်းပူ။ ဒေါသလည်း ထွက်၊ သောကလည်း စွက်နေသော်လည်း ထိုကိစ္စကြီးသည် မှုခင်းအသွင်ပြောင်းလဲကာ မိမိအပေါ်အလုံးစုံ ကျရောက်နိုင်သည်ဟုတွေးမိ၍ မောင်လှတင်ကိုအပြစ်မှုပင်မဆိုဝံ့တော့ပေ။ ခေါင်းပေါ်ကို မြွေဟောက်အုပ်မိုးထားသကဲ့သို့လည်း ဖြစ်နေရချေပြီ။

မောင်အေးချမ်း တလင်းဝိုင်းတွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ အင်္ကျီရင်ဘတ်ကို ဟင်းလင်းဖွင့်ကာ တဖွဖွ မှုတ်ရင်းက ချွေးကိုသုတ်သည်။ ယခုအခါသည် တန်ခူးလဖြစ်သော်လည်း ရခိုင်ရိုးမ တောင်ခြေဒေသဖြစ်သော မောင်အေးချမ်းတို့ ရွာတစ်ခိုသည် အအေးပိုး၏။ အရုဏ်တက်အချိန်တွင် စောင်ကိုလွှတ်၍ မရပေ။

သည်အထဲ မောင်အေးချမ်း ချွေးပြိုက်ပြိုက်ကျနေ၏။ အင်္ကျီနှင့် ပုဆိုးကို ရေညှစ်လျှင်ထွက်လုမတတ်ဖြစ်နေ၏။ ပြေးလွှားနေရသောကြောင့် ပင်ပန်း၍လည်း ချွေးထွက်၏။ သောက၊ ဒေါသတို့ကြောင့်လည်း စိတ်စောလွန်းနေ၍ ချွေးထွက်၏။ ပုကြီးပျောက်သွားသည့်ကိစ္စနှင့်ပတ်သက်၍ ဘာလုပ်၍ဘာကိုင်ရမှန်းမသိဖြစ်ကာ ခေါင်းတစ်ခုလုံး မူထူလာ၏။

"သူငယ်ချင်း ဒီအတိုင်းနေလို့တော့ အဆင်ပြေမှာ မဟုတ်ဘူးကွာ။ ဒီတော့ ဘာဆက်လုပ်ကြမလဲ။ ငါအရမ်းစိုးရိမ်နေမိပြီ"

ဟု မောင်လှတင်က ငိုသံပါကြီးနှင့် ပြောလာပြန်သည်။

ငါလည်း စဉ်းစားနေတာပဲကွ။ မင်းမယားကို ကျားကိုက်သွားတာတော့ မဖြစ်နိုင်ဘူး။ ကျွန်းပတ်ကြား၊ ခရေနီသောက်ကျား တစ်ကောင်ကောင်နဲ့တိုးလို့ ကျားသာကုတ်သွားတယ်ဆိုရင်လည်း ဆူညံသံကြားလို့ ရွာသူရွာသားတွေကြားလောက်တယ်။ ဟစ်ရွာလုံးကို လှုပ်နိုးလိုက်သလိုလည်း ဖြစ်သွားနိုင်တယ်။

အခု ဘာသံမှမကြားလိုက်ရဘူး။ ဒီတော့ရွာနားကို လူဆိုတွေများကပ်လာလို့ တိုးမိပြီး ဖမ်းသွားတာမျိုးဖြစ်ကောင်းဖြစ်လောက်တယ်၊ အခြားဖြစ်နိုင်တဲ့နည်းလမ်းတွေကို ငါစဉ်းစားလို့မရဘူး။ ဒီတော့ ဘာဖြစ်ဖြစ် မင်းမိန်းမပျောက်သွားတဲ့ကိစ္စကို အခုလောလောဆယ်သူ့မိဘတွေကို သွားတိုင်မှဖြစ်တော့မယ်၊ သူ့မိဘတွေနဲ့ တစ်ဆင့်ရွာလူကြီးတိုင်၊ ဂိုဏ်တိုင်ဆိုတာမျိုးတွေကို ဆက်လုပ်ရတော့မှာပေါ့"

"ဒီလိုဆိုလည်း ချက်ချင်းလုပ်ရအောင် သူငယ်ချင်း၊ ငါစိတ်ပူတာမှတတ်နိုင်တော့ဘူး"

"ကဲ…ဒီလိုဆိုရင် မင်းယောက္ခမအိမ်ကိုသွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com

မောင်လှတင်က သူ့မယားကို ပြန်ပြုသည်။ မောင်အေးချမ်းက အမှုည်စိုး၍ပူသည်။ ပူသောအကြောင်းချင်းက မတူကြ။ ပုကြီးသည်သာနတကယ် ပျောက်သွားခဲ့လျှင်ည်းမဟုတ် ကျားကိုက်၊ လူဆိုးဖမ်းခုဖြစ်သွားခဲ့လျှင် မောင်လှတင် ပူရုံသာ ပူရပြီးမောင်အေးချမ်းကိုပတ်မှာ သေချာသည်။

မောင်အေးချမ်းနှင့် မောင်လှတင်သည် တိတ်တဆိတ်ရှာလမ်းမကိုရောက်ပြီးသွားယားကြ၏။ တစ်ရွာလုံးည်အိပ်မောကျလျက်ရှိသည်။ အချိန်ဖြင့်လည်း ည နှစ်နာရီကျော်နေပြီ။ မကြာမီ အရုဏ်တက်တော့ည်။ ဤပြဿနာသည်သာ မိုးမလင်းဦးတည်ချက်အတိုင်းဖြစ်မလာလျှင်မောင်အေးချမ်းသည်လည်း အရုဏ်တ် လာသည်နှင့်အမျှ အမှုပတ်မည့်ကိုနီးသည်ထက် နီးသွားနိုင်သည်။

ပုကြီး၏မိဘအိမ်ဘက်က မီးရောင်ြင်လိုက်ရ၍ မောင်အေးချမ်းတ်ခနဲ ဖြစ်သွားသည်။ ရှေ့ကိုတ်မသွားဘဲလည်း ရပ်တန့်ကာည့်ကြသည်။ မီးရောင်က အိမ်ထဲကြီး တစ်စုံတစ်ဦး လှုပ်ရှားသည်ကိုတွေ့ရပေ။ စကားပြောသံများကိုည်းမကြားရ။ ထို့ကြောင့် အနည်းငယ်ဆန်းသယောင်ရှိနေ၏။

"ကဲ…မောင်လှတင်၊ မင်းဒီနေရာ ကျန်နေခဲ့။ ငါမင်းယောက္ခမတို့အခြေအနေကို သွားပြီးလေ့လာကြည့်လိုက်ဦးမယ်။ ပြီးတော့မှ ပြန်လာပြီး မင်းနဲ့အတူ ထပ်သွားကာဖြစ်ကြောင်း ကုန်စင်ကို ဖွင့်ဟပြောရတော့မှာပေါ့"

"ငါပါတစ်ခါတည်းလိုက်ရင်ကော မဖြစ်ဘူးလား"

"မင်းမေကလွှား ၊ မင်းကအကျိုး ဦးစံလုကြီးတားနဲ့လိုက်ရင် ငါကသာ ပြေးလို့လွတ်ပြီးမင်းက ယက်ကန်ယက်ကန်နဲ့သေမှာ"

"အေး…ဒါဆို မင်းသွား။ သူတို့ ဘာလုပ်တယ်၊ ဘာတွေပြောဆိုနေကြတယ်ဆိုတာ ခြေသေချာလေ့လာပြီး ပြန်လာခဲ့"

"အဲဒါ မင်းငါ့ကို သင်နေစရာ မလိုဘူး"

မောင်လှတင်ကို တိုးတိုးပြောက်ထားခဲ့ပြီး မောင်အေးချမ်းသည် ခြေထောက်ကို ဖေါ့ဖေါ့နင်းကာ ဦးစံလု၏ ခြံနားကို ကပ်သွားသည်။ ထို့နောက် အသေအချာကြည့်သည်။ အထဲကမီးရောင်ကိုသာ မြင်ရပြီး လူများကိုမမြင်ရပေ။ အသံကိုလည်း သဲကွဲစွာဖြင့်မကြားရ။ ထို့ကြောင့် ခြံတံခါးကို အသာတွန်းဖွင့်ပြီး ခြေထောက်ကို ဖေါ့ဖေါ့နင်းသွားရင်း ထရံပေါက်က ချောင်းကြည့်သည်။

သို့မှလင်းရှင်းစွာဖြင့် မြင်ရလေသည်။ ပုကြီးသည် သူ့မိဘထံပြန်ရောက်နေ၏ ထို့ကြောင့် မောင်အေးချမ်းလည်း အလုံးကြသွားရသည်။ မည်သို့ပင်ဆိုစေကာမူ မောင်အေးချမ်းက အမှုမပတ်သည်မှာ သေချာသွားပြီ။ ပုကြီးသည် အထုပ်များကိုဘေးချပြီး မျက်နှာကို အောက်သို့နှိမ့်လျက် သူ့မိဘရှေ့တွင် ကုပ်ကုပ်ကလေးထိုင်နေ၏။

သူတို့ ဘာတွေပြောနေကြသည်ကို မောင်အေးချမ်းမကြားလိုက်၍ မသိလိုက်ရသော်လည်း ဦးစံလု၏ မျက်နှာကြီးသည် အလွန်အမင်း တင်းနေ၏။ ပုကြီး၏ မိခင်ဖြစ်သူ ဒေါ်ခိုင်စိုးက တစ်နေရာကို စိုက်ကြည့်နေပြီး ဖခင်ဖြစ်သူဦးစံလုကြီးကမူ အသံခပ်ဟိုးတိုးဖြင့် အာခေါင်ကြီးကို ခြစ်ပြီး သမီးဖြစ်သူအား ဟိန်းဟောက်နေ၏။

"နင်မှာ ဒီကိုယ်ဝန်က လင်နှစ်ယောက်ဖြစ်နေပြီ။ ဘယ်လောက်အထိ ရှက်စရာကောင်းလိုက်သလဲ"

မောင်အေးချမ်း ခေါင်းကြီးသွား၏။

ပုကြီးက ပြန်ပြောသည်။

"ကိုအေးချမ်းကြီးက အဖော်အဖြစ် လိုက်ပေးတာပါ"

"ဘာ…ဒါဆို နင့်လင်က ဘယ်မှာလဲ၊ နင်နဲ့မောင်အေးချမ်းတစ်ညလုံး နှစ်ယောက်တည်းလေ။ အခုတော့မောင်အေးချမ်းလည်း ဘယ်ဆီရောက်သွားမှန်းတောင်မသိတော့ဘူး မဟုတ်လား"

"…င်လှတင်ကို လိုက်ရှာဖို့ ထွက်သွားတာပဲ"

"အေး…ဒါပဲ။ နောက်ဘာရှိမှာလဲ။ ဒါပဲပေါ့။ တောက် ချီး…"

မောင်အေးချမ်း ခပ်သုပ်သုပ် ပြန်ပြေးလာခဲ့၏။ ထပ်ပြီးနားထောင်ရန်



www.burmeseclassic.com

www.burmeseclassic.com

လည်းမရှိတော့ပေ။ ပုကြီးတို့ အိမ်နှင့် မလှမ်းမကမ်းက သရက်ပင်ခြစ်တွင် ထိုင်နေသော မောင်လုတင်သည် မောင်အေးချမ်းလာနေသည်ကို မြင်လျှင် မတ်တပ်ထပြီး ဆီးမေး၏။

"သူငယ်ချင်း အခြေအနေ ဘယ်လိုလဲကွ"

"မင်းမယား သူမိဘအိမ် ပြန်ရောက်သွားပြီ"

"ဟား . . . အိုကေ"

"ဘာ အိုကေလဲ"

"ပုကြီး သူမိဘဆီ ပြန်ရောက်သွားပြီဆို"

"အေးလေ အဲတာဘာအိုကေလဲ"

မောင်လုတင်က လေသံကို နှိပ်လိုက်ပြီး တစ်လုံးချင်း . . .

"ကျန်းကျန်းမာမာနဲ့ သူမိဘအိမ် ပြန်ရောက်သွားပြီဆိုတော့ ကျွားမကိုက်၊ လူဆိုးမဖမ်းဆိုပြီးတော့ပေါ့"

မောင်အေးချမ်း အတော်လေးပင် ဒေါသထွက်နေ၏။ ထို့ကြောင့် နှာတစ်ချက်မှုတ်လိုက်ပြီး . . .

"မင်းယောက္ခ ဦးစံလှကြီးက မင်းကိုယ်ဝန်မှာ ငါတစ်ဝက်ပါနေပြီလို့ပြောနေပြီကွ။ အဲတာကို မင်းသိရဲ့လား"

"ဟာ . . . အဲတာတော့မဟုတ်ဘူး။ ဟုတ်သလား။ တကယ်လည်း တကယ်လည်း မဟုတ်ခဲ့ဘူး မဟုတ်လား"

မောင်အေးချမ်း သက်မတစ်ချက်ချကာ မောင်လုတင်အား စိုက်ကြည့်လိုက်ပြီး . . .

"ငါမင်းကို တာလင်းနယ်သလို နယ်ပစ်ချင်နေပြီ မောင်လုတင်။ မင်းဟာ မယားကိုသာ ပြန်လိုချင်တယ်။ ဘာမှလည်း သောက်သုံးမကျဘူး။ ဒီကိစ္စကို မင်းလျှော့တွက်နေသလား။ ဒီညသာ မင်းမိန်းမကို ပြန်ရအောင် မခိုးနိုင်ရင် မင်းယောက္ခမပြောသလို မိုးလင်းတာနဲ့ ငါကို လူတွေတစ်မျိုးထင်ကုန်ကြတော့မှာပဲ"

"အေး . . အဲတာတော့ ဟုတ်တယ်။ ဗူးအပေါက်တစ်ရာကိုသာ ပိတ်လို့ရမယ်။ ပါးစပ်တစ်ပေါက်ကို ပိတ်လို့မရဘူးတဲ့။ ဒီတော့ အဲဒီလို အပြောမခံရအောင် မင်းပုကြီးကို သွားခိုးလိုက်တော့။ ငါဒီနေရာကစောင့်နေတယ်။ မိုးလင်းဖို့လည်း လိုပါသေးတယ်"

မောင်အေးချမ်း ဒေါသထွက်နေသောလည်း မောင်လုတင်က ပျော်နေ၏။ ဘာမျှလည်း စဉ်းစားခြင်း၊ ကြောင့်ကြခြင်း၊ ရှေ့ရေးနောက်ရေး၊ တစ်ခုကိုမျှ မစဉ်းစား။ မိန်းမပြန်ရရှိရေးတစ်ခုတည်းကိုသာတွေးပြီး အပျော်ကြီးပျော်နေလေသည်။ ထို့ကြောင့် မောင်အေးချမ်းမှာ မောင်လုတင်၏ မျက်နှာကို တစ်စစီဖြစ်သွားအောင် ဒေါသအလျှောက်ကုတ်ဖဲ့ပစ်ချင်စိတ်ပင်ရောက်နေ၏။

မောင်အေးချမ်း ခပ်သွက်သွက် လှမ်းသွားပြီး ဦးစံလှ၏ အိမ်အခြေအနေကို အကဲခတ်ကြည့်ပြန်သည်။ မီးရောင်ကိုမှ မမြင်ရတော့ပေ။ ခြံနားကပ်ပြီး နားထောင်ကြည့်ရာ ဦးစံလှကြီး၏ ဟောက်နေသံကိုကြားနေရ၍မောင်အေးချမ်း အားတတ်သွားသည်။ ခြံတံခါးကို အသာတွန်းဖွင့်ပြီး ဝင်လိုက်သည်။

ထိုနောက်ပုကြီးအိပ်သော ထောင့် ထရံနားကပ်ရပ်ပြီး နားထောင်ကြည့်သည်။ အသက်ရှူသံကို သဲ့သဲ့မျှကြားနေရသည်။ မောင်အေးချမ်း နှာ:စာ ကျွေးသော ချိုင့်ထဲမှ ဝါးတစ်စကို ခွဲနှုတ်ကာ ထရံပေါက်သေးသေးလေး ထိုးနှိုက်ပြီး ပုကြီးအား ပုတ်နှိုးလိုက်၏။ ပုကြီးနိုးသွားပြီး ထရံနားကပ်လာသည်ကို ကြားနေရသည်။

"ပုကြီး"

ဟု မောင်အေးချမ်းက တိုးတိုးလေး ခေါ်လိုက်၏။

"ရှင် . . . ကိုအေးချမ်းကြီးလား"

ပုကြီးကလည်း တိုးတိုးလေးပင် ပြန်မေး၏။

"ဟုတ်တယ် နင် ငါထားခဲ့တဲ့နေရာမှာ မနေခဲ့ဘဲ ဘာလို့ ထွက်ပြေးသွားတုန်း"

"သရဲကြောက်လို့ပေါ့။ သချိုင်းကုန်းဘက်ရောက်လိုက်၊ ဂါရာတောင်ရောက်လိုက်နဲ့ရှိခဲ့ဖူးတော့ ကိုအေးချမ်းကြီးကလည်း တော်တော်နဲ့ရောက်မလာဘူး။ တွေးရင်းကြောက်လာပြီး အထုပ်တွေဆွဲပြေးလာခဲ့တာ"

မောင်အေးချမ်း ထောင်းခနဲဒေါသထွက်သွား၏။ သို့သော်လည်း သည်အချိန်တွင် ဒေါသဖြစ်နေ၍ မဖြစ်တော့ပေ။ မိမိကို အမှုမပတ်ရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးကိုပင် ချော့သင့်ကချော့ခေါ်ရမည့် အနေအထားမှာရှိနေသေးသည်။

"သေလိုက်ပါတော့ဟာ နင်တို့ကိုစွ ကြီးကလည်း တယ်မလွယ်ပါလား။ ငါ မောင်လှတင်ကို လိုက်ရှာတာ ရွာနဲ့လို့ ဘုန်းကြီးကျောင်းကို ရောက်မှတွေ့တာ"

BURMESE CLASSIC .com

"အော်…အော်… ဒါဆို သူအခု ဘယ်မှာလဲ"

"ဖိုးသာအောင်တို့ ခြံထောင်က သရက်ပင်ကြီးအောက်မှာ ထားခဲ့တယ်။ င်အထုပ်တွေကော အရင်အတိုင်းရှိ နေတုန်းပဲ မဟုတ်လား"

"ဟုတ်ဘယ်"

"ဒါဆိုရင် ဆင်းခဲ့ဟာ။ တော်ကြာ သင်းတောမယ်"

"အင်း အင်း အိမ်ရှေ့ကစောင့်"

မောင်အေးချမ်းသည် အိမ်ရှေ့ လှခါးထစ်ဘက်ကို ခပ်သုတ်သုတ်သွား ချုပ်နေလိုက်၏။ တစ်အောင့်အကြာ တွင် တံခါးဖြည်းဖြည်းလေးပွင့်လာပြီး ဘိအိတ်ကြီးသာထွက်လာ၍ မောင် အေးချမ်းလှမ်းယူရသည်။

ထိုနောက် ပုကြီးက ဆွဲခြင်းကို င်ပြီးထွက်လာသည်။ ပုကြီးအောက် ကို ရောက်သည်နှင့် မောင်လှတင်ဆီ ကို ခပ်သုပ်သုပ်နင်ကြ၏။

ပုကြီးကို မောင်လှတင်ဆီ ပို့ပေးပြီး မောင်အေးချမ်းလည်း အသက်ကို ပြောင့်ပြောင့်ရှုနိုင်လေ၏။ သို့သော် လည်း ကိစ္စသည်ကား အပြီးသတ်ကို မရောက်သေးချေ။ မယားခိုးခြင်းအင်္ဂါ မပြီးမြောက်သေးသောကြောင့် ရှေ့ခရီး ကို ဆက်ထွက်ရန် ကျန်နေသေးသည်။ မောင်လှတင်နှင့် ပုကြီးတို့သည်ကား ဘာကိုမျှ ဂရုမစိုက်သည့် အမူအရာ ဖြင့် တအားဖက်ပြီး နမ်းနေကြလေ သည်။

"ဟော့ ကောင်တွေ။ အဲလောက်ထိ မကဲရဘူးကွ။ ငါ နှစ်ယောက်လုံးကို ကန်ချလိုက်လို့ ချောက်ထဲရောက်သွား လိမ့်မယ်" ဟု မောင်အေးချမ်းက ပြော လိုက်မှ လူချင်းကွဲ သွားကြသည်။ ထို့နောက် မောင်လှတင်က ပြောသည်။

"ချီး…ကြက်တောင် နှစ်ကြိမ် တွန်ပြီးသွားပြီကွ။ အဲတာ မင်းညံ့လို့"

မောင်အေးချမ်းသည် မောင်လှ တင် အား စေ့စေ့ကြည့်ပြီး သက်မ တစ်ချက်ကို ချလိုက်ကာ…

"မောင်လှတင်။ မင်းငါ့ကို ဒေါသ ထွက်အောင်မလုပ်နဲ့တော့။ တော်ကြာ ငါလက်လွန် ခြေလွန်လုပ်မိလိမ့်မယ်"

မောင်လှတင်နှင့် ပုကြီးတို့က တခွိ ခွိဖြင့် ရယ်ကြ၏။ မောင်အေးချမ်းက စိတ်မော လူမောဖြစ်ကာ ဒေသဖြင့် ထူမွှန်နေ၏။ သို့သော်လည်း ရန်ဖြစ် ရန်အချိန် မရတော့ပေ။ ရွာထဲမှ ခပ် သုတ်သုတ်ထွက်ရမည့် အနေအထား မှာသာရှိနေလေသည်။ မိုးလင်းရန် အလွန်နီးကပ်လျက်ရှိနေလေပြီ။

မောင်အေးချမ်းတို့ ခပ်သုပ်သုပ် ထွက်၍ ရွာအပြင်ကို ရောက်လျှင်ပင် ကြက်များမပြတ်တွန်ကြသံ၊ ခွေးဟောင် သံ၊ နွားများ သားပျောက်ခေါ်သံများကို မပြတ်ကြားလာရပြီး တစ်ရွာလုံး နိုးထ လာကြသည်၊ ထို့ကြောင့် မောင်အေး ချမ်းတို့လူစုမှာ တောလုပ်သားများ ရွာထဲမှ ထွက်မလာကြမီ စိပ်ပိုက် စခန်းဆီသို့ ဦးတည်သွက်သွက်လှမ်း လာကြလေသည်။

စာကြွင်း–

မောင်လှတင်နှင့် ပုကြီးတို့သည် အမ်းမြို့နယ်၊ တန်းတင်ရွာမှာပင် ကျန်းမာစွာဖြင့်ပင် နေထိုင်လျက်ရှိကြ သည်။ သမီးကြီးမှ မွေးသော မြေးဦး လေးတစ်ယောက်ပင်ရှိနေကြပြီ။ သား သမီးလေးယောက် ထွန်းကားရာတွင် တတိယမြောက်သားသည် ဉာဏ်ထက် သောကြောင့် ဤစာရေးသူကိုယ်တိုင် ဦးစီးပြီးရှင်ပြုပေး၍ ဓမ္မာစရိယတန်းကြီး ကို အောင်မြင်ပြီးနောက် ရဟန်းဖြစ် သွားသောကြောင့် မေတော်+ဖေတော် များအဖြစ်ဖြင့် တင့်တယ်လျက်ရှိနေကြ လေပြီ။

ထို့နောက် ဤဇာတ်လမ်းတွင် ပါဝင်ကြသော ပုကြီး၏ မိဘဦးစံလှ နှင့် ဒေါ်နိုင်စိုးတို့သည်ကား လွန်ခဲ့သော ငါးနှစ်အချိန်ကပင် တစ်နှစ်တည်း ရှေ့ ဆင့်နောက်ဆင့် ဘဝတစ်ပါးသို့ ပြောင်း ရွှေ့ကွယ်လွန်သွားကြလေပြီ ဖြစ်ပါ ကြောင်း။ ။

မင်းဟိန်းထိုက်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်နှင့်နီးသော သန်လျင်လိုဒေသတွင် မိုးရွာပြီဆိုလျှင် သဲသဲမဲမဲ ရွာသွန်းတတ်သည်။

ဒီကြားထဲ လေက အမြဲလိုလို ပါလာတတ်သေးသည်။

တောင်ကုန်းကမှ မြင်မြင့်တွေ အပေါ်မှာ ဘီအိုစီရေနံချက်စက်ရုံကြီး၏ ခေါင်းတိုင်များမှာ မီးခိုးတွေအလိပ်လိုက်တက်နေကာ တိမ်သားမဲမဲနှင့်ရောထွေးပြီးလာ၏။ မိုးလုံးမှိုင်းမှုံ အုံ့မှောင်နေလေသည်။

ရန်ကုန်ဘက်ကမ်းရှိ ဘီအိုစီ ခနိတောဆိပ်ကမ်းနှင့်သန်လျင်ရေနံချက်စက်ရုံဆိပ်ကမ်းသို့ ဖယ်ရီအဖြစ်ပြေးဆွဲနေသော (SALIN) စလင်းအမည်ရှိ ဘီအိုစီသင်္ဘောသည် ခနိတောဘက်မှ အရာရှိများကို တင်ဆောင်လျက် သန်လျင်ရေနံချက်စက်ရုံဘက်သို့ ဦးတည်ခုတ်မောင်းလာခဲ့သည်။

စလင်းသင်္ဘော၏ ထိုနေ့တစ်နေ့တာအတွက် နောက်ဆုံးခရီးစဉ်လည်း ဖြစ်ပါ၏။

ခနိတောသည် ထိုစဉ်က သန်လျင်ဘက်မှ ရေနံချက်လုပ်ပြီးသမျှ ဖြန့်ချိရောင်းချပေးရသော ဘီအိုစီ ဖြန့်ဖြူးရေး အရောင်းဌာနကြီးဖြစ်၏။

အင်္ဂလိပ်ကိုလိုနီခေတ်အခါက ရေနံချက်လုပ် ဖြန့်ဖြူးပုံမှာ မျက်စိလည်စရာကောင်းလှ၏။

အထက်ဗမာပြည် ရေနံထွက်ရှိရာဒေသဖြစ်သော ရေနံချောင်း၊ ချောက်၊ မင်းဘူးရေနံမြေတို့မှ ရေနံကို တူးဖော်ပြီး တွန်းသင်္ဘောဖြင့် တွန်းလာ၊ တွံတေးတူးမြောင်းကိုဖြတ်၊ ရန်ကုန်မြစ်ထဲဝင်၊ သန်လျင် ဘီအိုစီ, ရေနံချက်စက်ရုံတွင်ချက်၊ ထွက်ရှိလာသော လေယာဉ်ဆီ, ဓါတ်ဆီ,ရေနံဆီများ သန်လျင်ဆိပ်ကမ်းမှနေ၍ နိုင်ငံခြားသို့ပို့၊ ထိုမှ ပိုလျှံသောဆီများကို မြန်မာတစ်ပြည်လုံး ပြန်ဖြန့်ရန် လင်းစခေါင်းရှိ ခနိတောဘီအိုစီဝင်းထဲ ပို့ဆောင်ပေးရပြန်သည်။

ထိုလင်းစခေါင်း ဘီအိုစီဝင်းထဲမှာ ကုန်သည်ပွဲစား စက်မှုလုပ်ငန်းရှင်၊ ရေနံအရာရှိများ စတည်းချကျက်စားရာ ရေနံကလပ်ရှိလေသည်။

ထိုရေနံကလပ်မှာ အရာရှိများ။ ကုန်သည်များဆုံလေ့ရှိကြပြီးသောက်ကြစားကြ၊ ဘီလီယက်ထိုးကြ၊ အပျော်အပါးမျိုးစုံလုပ်ကြဖြင့် ညနေပိုင်းအပန်းဖြေကြကာ ဖယ်ရီသင်္ဘော နောက်ဆုံးခေါက်ဖြစ်သော ည ၉ နာရီတွင် သန်လျင်ဘက်ရှိ အရာရှိအိမ်[illegible] ပြန်လေ့ရှိကြကာ စလင်းသင်္ဘောပေါ်တွင်အရာရှိများစုံနေတတ်သည်။အားလုံးလည်း ခပ်ထွေထွေဖြစ်နေကြသည်။

မိုးတွေ သဲသဲမဲမဲ ရွာနေပြီး လေပြင်းတိုက်ခတ်နေခြင်းကြောင့်သင်္ဘော

www.burmeseclassic.com

ပေါ်မှာပါလာသူတွေ မိုးပက်လေတိုး မခံရအောင် အကာအကွယ်ယူရင်း လိုက်ပါလာကြသည်။

ထိုအထဲမှာ တစ်ယောက်သော လူစိမ်းပါလာသည်ကို သူတို့အချင်းချင်း သတိမထားလိုက်မိကြ။

ထိုသူမှာ သင်္ဘောခေါင်းတိုင်အောက်နားတွင် မတ်မတ်ရပ်လျက် မည်သူနှင့်မျှစကားမပြောပဲ မှောင်ရိပ်မကျတကျမှ လိုက်ပါလာခဲ့သည်။

ထို လူ၏အရပ်အမောင်းမှာ မြင့်မားပြီးကိုယ်ခန္ဓာကျစ်ကျစ်လျစ်လျစ် ရှိ၏။ ဦးခေါင်းအထက်တွင် မဏ္ဍစ်ကို ကောင်းအတ္တိုင်များ ဆောင်းလေ့ရှိကြသည့် သက္ကလပ်အနုစားနှင့် ချုပ်ထားသည့် ဦးထုပ်အဝိုင်းကြီးကို ဆောင်းထား၏။

သူ့တစ်ကိုယ်လုံးကို မိုးကာအင်္ကျီဖြင့်လွှမ်းခြုံထားသည်။ အနက်ရောင်ဘောင်းဘီပွပွကြီး၏ ခြေထောက်ပိုင်းကို မြင်ရပြီး သရေလယ်သာ မိုးတွင်းစီး အနက်ရောင် ဘောစီးဖိနပ်ရှည်ကြီးကို စီးထားပြန်သည်။

ဦးထုပ်အနားသား ဝိုင်းဝိုင်းကြီးကို ခပ်ငိုက်ငိုက် ဆောင်းထားသောကြောင့် သူ၏ရုပ်ရေကို သဲသဲကွဲကွဲ မြင်တွေ့နိုင်ခြင်းမရှိ။ သို့သော် သိန်းစွန်ရဲကဲ့သို့ စူးရှတောက်ပြောင်လှသည့် မျက်လုံးအစုံကိုတော့ မြင်တွေ့နိုင်ပါ၏။

သူ၏မျက်လုံးများကို ကြည့်ရသည်မှာ ဂဏာမငြိမ်ပဲ ဟိုသည်လျှောက်ကြည့်ရင်းဖြင့် တစ်စုံတစ်ရာကို ရှာဖွေနေဟန်ရှိသည်။

ထိုစဉ် သူ့အနားသို့ သင်္ဘောသားယူနီဖောင်းဝတ် တစ်ယောက် ချဉ်းကပ်လာသည်။

"ခင်ဗျား ဘယ်သွားမှာလဲ"

သူကမေးလာသူ သင်္ဘောသားအားဘုကြည့်ကြည့်သည်။

သူ့ပုံစံကထီမထင် ထောင့်မကျိုးသည့်ပုံစံ။

"မင်းက ဘာလဲ . . ."

"သင်္ဘောသား . . ."

သူ ဟက်ကနဲ တစ်ချက်ရယ်လိုက်သည်။

"သင်္ဘောသားဆိုရင် ကိုယ့်အလုပ်ကိုယ်သွားလုပ်၊ ငါ့ကို ဆက်မမေးနဲ့ ငါက အရာရှိနဲ့မှ စကားပြောချင်တာ . . ."

သူ့လေသံက အမြင့်ကြီးမှဖြစ်၏။

သာမန် သင်္ဘောသားခမျာ သူ့လေသံနှင့်ပင်လွင့်စင်သွားရလေသည်။

သူ့ကိုကြည့်ပြီး အရာရှိတစ်ယောက်၏ ညွှန်သည်ပေပဲလား၊ ဒါမှမဟုတ် နောက်ပြောင်းလာသော အရာရှိအသစ်ထဲကလားဟု သံသယတွေးတွေးပြီး သူ့ကို ဆက်မမေးရဲတော့။

ထိုအခိုက်မှာပင်စလင်းသင်္ဘောသည် ရေနံချက်စက်ရုံ ဆိပ်ကမ်းမှာ ဝင်ကပ်လိုက်သည်။

သန်လျင်ရေနံချက် စက်ရုံ၏ ဆိပ်ခံဖေါ့တံတားမှာ ဘီအိုစီရေနံချက် စက်ရုံကြီး၏ အနောက်ဘက် စက်ရုံ အပြင်ဘက်၌သီးသန့်ရှိ၏။

အ . ိ နှင့် ဝန်ထမ်းများ အတွက် သီးသန့် ဆိပ်ခံဖေါ့တံတား ထားပေးသလို ပြည်တွင်း ပြည်ပ ဆိပ် ဆီတင် ဆိပ်ခံဖေါ့ တံတားကြီးများ လည်းသီးခြားရှိနေ၏။

ဆိပ်ခံတံတားထိပ် မြေကွက် လပ်ကားပါကင်နေရာတွင် အရာရှိများ အား လာရောက်စောင့်ကြိုနေသော ကား တွေလှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။

ဆိပ်ကမ်းပေါ်သို့ တက်သွား သော အရာရှိများနှင့် ရောနှောပြီး လိုက်ပါသွားသည်။

ဆိပ်ကမ်းပေါ် ရောက်တော့ အရာရှိတွေ သူတို့အားလာရောက် ကြိုဆို ကြသော ကားငယ်ကလေးများ အပေါ် အသီးသီး တက်ရောက်သွားကြသည်။

ထိုခေတ် ထိုအခါက မျက်နှာဖြူ အရာရှိများနှင့် ဘိုကြက်ချေးဟုခေါ်သော မျက်နှာဖြူမကျတကျ အင်္ဂလိုအင်ဒီ ယန်းစပ် အရာရှိတွေ များနေလေသည်။

သူသည် ထိုမျက်နှာဖြူ အရာ ရှိတွေကြားမှ တစ်စီးသော ကားကလေး ဆီသို့ ဦးတည်လျှောက်လှမ်းလာခဲ့သည်။

ကားကလေး အနီးသို့အရောက် အသင့်ဖွင့်ထားသော နောက်ပေါက် တံခါးမှ အသာတက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားက . . ."

ရှေ့ခန်းမှ မောင်းသူက သေချာဆေရန် အမေးတစ်ခု ထုတ်လှှင့်သည်။

"သေမင်း . . ."

သူ့ဆီမှ အဖြေတစ်ခု တုန့်ပြန်လွှင့်ထုတ်လိုက်သည်။ နောက် ကားကလေးသည် လေးညှိုမှုပစ်လွှတ်လိုက်သည့်မြားလို အရှိန်နှင့် ထိုနေရာမှ တစ်ဟုန်ထိုး မောင်းထွက်သွားတော့၏။

× × × × ×

သေမင်းကို ကားပေါ်မှာတင်ပြီး ခြံကြီးတစ်ခြံအတွင်းသို့ မောင်းဝင်လာခဲ့သည်။

ခြံအတွင်းပိုင်းကို ရောက်တော့ အောက်ပြည်အောက်ရွာများတွင် လူကုံတန်များနေတတ်သော နှစ်ဆောင်ပြိုင်တိုက်အိမ်ကြီးက အမှောင်ရိပ်ထဲက ဆီးကြိုလျက်ရှိ၏။

သူတို့ကားကလေး အိမ်ရှေ့ဆင်ဝင်အောက်မှာ ရပ်လိုက်သည်နှင့် ဆင်ဝင်မီး တစ်ပွင့် လင်းလာသည်။

သံဘာဂျာတံခါးလည်း အဆင်သင့်ပွင့်လာသည်။

အိမ်ထဲမှာ ထွန်းထားသော မီးချောင်းတစ်ချောင်း၏ အလင်းအားက အိမ်အပြင်ဘက် လျှံထွက်နေ၏။

အထဲမှာရှိနေသော လူများက ထွက်၍မကြိုပဲ၊ သေမင်းသည် သူ့အသာသူ ကားပေါ်မှဆင်းပြီး အိမ်ထဲသို့ ဝင်လာခဲ့သည်။

ကားမောင်းသူကတော့ သေမင်းနောက်က ကပ်လျက်လိုက်ပါလာခဲ့သည်။

ဧည့်ခန်းမှာ လူနှစ်ယောက်ထိုင်ကာ သေမင်းကို အသင့်စောင့်ကြိုနေကြသည်။

ထိုင်စောင့်နေသော လူနှစ်ယောက် ရှေ့မှာ သေမင်းလာဝင်ထိုင်လိုက်သည်။

"မင်းက ငါတို့အကြိုလွှတ်လိုက်တဲ့လူကို တန်းသိနေတာပဲလား ဆွေမင်း" ထိုင်နေသူနှစ်ယောက်ထဲမှ တစ်ယောက်ကမေးသည်။

"ငါက နယ်လှည့်နေတဲ့ လူပဲ ဒီလောက်တော့ တွက်တတ် ချက်တတ်ပါတယ်ကွ . . ."

တို့က လိုလိုမယ်မယ် စကားဝှက်ကို "သေမင်း" လို့ပေးလိုက်တော့ ကားဒရိုင်ဘာအတွက်လည်း လွယ်သွားတာပေါ့ကွာ . . ."

ကားဒရိုင်ဘာက ထိုအခါကျမှ ဘဝင်ကျသွား၏။

အင်း . . . ဆွေမင်းနှင့် သေမင်း ရှေ့စကားလုံးပဲ လွဲထားသည့်စကားဝှက်။

ထိုင်နေသူနှစ်ယောက်က သူတို့ရှေ့မှာ အသင့်ချထားသော သတင်းစာကို သူ့ရှေ့ ထိုးပေးလိုက်သည်။

အမှန်တော့ ထိုနေ့ထုတ် သတင်းစာထဲတွင် ပါလာခဲ့သော သေမင်းခေါ် ဆွေမင်း၏သတင်း။ သာယာဝတီထောင်တွင် ထောင်ဒဏ်ဆယ်နှစ်ပြစ်ဒဏ်ကျခံ နေရသည့် လူသတ်တရားခံ "ဆွေမင်း" ဆိုသူမှာ ယမန်နေ့ညပိုင်းက ထောင်ဖေါက်ကာ ထွက်ပြေးလွတ်မြောက်သွားခဲ့၏။

သက်ဆိုင်ရာက ၎င်းအရေးကြီးတရားခံ ဆွေမင်းအား သတင်းပေးနိုင်ခဲ့ပါလျှင် ဆုငွေ ငါးထောင်ကျပ်ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းက သေမင်းကို သူ၏ဓါတ်ပုံနှင့် ပူးတွဲဖော်ပြသော သတင်း။

သို့သော် ဓါတ်ပုံထဲမှ ဆွေမင်းဆိုသူနှင့် ယခုသေမင်းဟု စကားဝှက်သုံးသော ဆွေမင်းမှာ ရုပ်ရည်ချင်းမတူ။ ဒါကပင် သေမင်းအတွက် တစ်ပန်းသာနေခြင်းဖြစ်၏။

"မင်းက ဘယ်လိုပဲ ရုပ်ဖျက်ရုပ်ဖျက် တို့ကတော့ သိနေတာပဲ ဆွေမင်းရ . . "

"ဒါကတော့ အချင်းချင်းတွေကိုးကွ။ ဘာလဲ မင်းတို့က ငွေငါးထောင်လိုချင်လို့လား . . ဟား . . ဟား . . ဟား"

"ဇာတ်တူသားချင်း မစားရဲပါဘူးကွာ"

တစ်ယောက်က စကားကို လှအောင်ပြောသွားသည်။

တစ်ယောက်ကမူ နှာလိုခံခက်ပြော၏။

"မျောက်သား စားချင်ရင် မျောက်မျက်နှာကို ကြည့်ရတယ်ကွ၊



www.burmeseclassic.com

www.burmeseclassic.com

မင်းနောက်မှာ ဆရာကြီးက ရှိနေသေးတယ်လေ...”

“ဘာ...ဘာကွ...မင်းတို့က ဆရာကြီးနဲ့ ငါ့ကိုပါ တိရစ္ဆာန်ဖြစ်အောင် ပြောလိုက်တာလား...”

သူကပြောရင်း အိတ်ထဲကို ပေါ် တစ်ချက်အလိုလိုရောက်သွား၏။ သူ့လက် မြန်မနှုတ်ခင် စောစောက အပြောမှားသလို ဖြစ်သွားသောသူက အလျင်အမြန် တောင်းပန်လိုက်သည်။

“မ...မဟုတ်ပါဘူး ခွေမင်းရာ မင်းက သေမင်းဆိုတဲ့ နာမည်ယူထားတဲ့အတိုင်း တဆိတ်ရှိ ပစ်ချင်ခတ်ချင် စိတ် ဝင်လာတာကိုး ငါတို့က အချင်းချင်းမို့ နောက်လိုက်တာပါကွာ...”

“ဒီအချိန်ဟာ နောက်ရမယ့် အချိန်မဟုတ်ဘူး။ မင်းတို့ ငါတို့အတွက် သေရေး ရှင်ရေး အရေးကြီးတဲ့ အခြေအနေကွ။ ဆရာကြီး မင်းတို့ကို နိုင်းထားတာကို မင်းတို့ အကောင်အထည် မဖော်နိုင်လို့ ငါ့ကို အရေးပေါ်စီစဉ်ပြီး လွှတ်လိုက်ရတာ မင်းတို့ သတိထားကြမှပေါ့...”

သည်တော့မှ နောက်သလို ပြောင်သလိုပြောမိသော တစ်ယောက်က လျင်မြန်စွာပင် တောင်းပန်လိုက်လေ၏။

“သေမင်းရာ ငါ့ကိုခွင့်လွှတ်ပါကွာ၊ မင်းနဲ့ ငါနဲ့က ငယ်သူငယ်ချင်းတွေဖို့ ငါနောက်မိတာပါ...”

“ဒီလိုလုပ်ပါ စိန်မင်းရ...”

သေမင်းက ကျေနပ်စွာဖြင့် အပြော သူတို့အခြေအနေကို အသာကြည့်နေသော တစ်ယောက်သော သူကမူ စိန်မင်းဆိုသူကဲ့သို့ မဟုတ်ပဲ

“ကဲ...အလုပ်ကိစ္စ အစီအစဉ်ကိုပဲ ဆွေးနွေးကြတာပေါ့။ သေမင်း မင်း ဘာဖြစ်ချင်သလဲ...”

“ငါ့ကို မရဏာမင်းသမီးဆီ ပို့ပေးဖို့ပဲ မြမင်း”

သေမင်းဆိုသောသူ ထိုလူနာမည်ကိုခေါ်၍ ပြောလိုက်မှ ထိုအိမ်ကြီးမှာ မင်းသုံးပါးဆုံကြသည့်အဖြစ်ကို သိလိုက်ရမည်ဖြစ်ပေ၏။

သေမင်း၊ စိန်မင်း၊ မြမင်း

သုံးယောက်စလုံး မင်းတွေချည်း။

ပြီးတော့ သူတို့စကားထဲမှာ “မင်း” အမည်တစ်လုံးက ထပ်ဆင့်ပါလိုက်သေးသည်။

မရဏာမင်းသမီးတဲ့။

ဒါဆို မင်းသုံးပါးသာမက ဘုတ်တိုလိုင် ဖြစ်သော မင်းသမီးကိုပါ ထည့်တွက်လျှင် မင်းလေးပါးတောင်ဖြစ်သွားပြီ။

မရဏာမင်းသမီး...

နာမည်က ကြောက်စရာ။

လူကတော့ လှတပတ၊ အချောအလှ ချစ်စရာလေး။

ဘဝကိုလည်း အားကျစရာကောင်းနေပြန်၏။

ရွှေဘုံပေါ်မှာ စံနေရသောဘဝ

သူစံမြန်းနေသော စံအိမ်ကြီးမှာ ဂရိတ်ဗြိတိန်နိုင်ငံ ရှေးခေါ်ရှိုင်းရား ဒေသက စံအိမ်တော်ကြီးနှယ် မခြား

တောင်ကုန်းမြင့်ပေါ်မှာ အဆောင်ဆောင် အခန်းခန်းနှင့် တည်ဖွဲ့ဆောက်ထားသော ရှေးမဲ့ အိမ်ကြီး။

သို့သော် ပုံစံတူ ယူဆောက် ထားသော မြန်မာပြည် ကိုလိုနီနယ် ပယ်မှုစံအိမ်မို့ ဂရိတ်ဗြိတိန်နိုင်ငံ စံအိမ်ကြီးထက်တော့ များစွာသေးငယ် ပေလိမ့်မည်။

ဒါပေမယ် မြန်မာပြည်လိုနေရာ မျိုးကျတော့ ရှေးမဲ့အိမ်ကြီးဖြစ်နေ ပြန်သည်။

ထိုစံအိမ်ကြီး၏အမည်မှာ ခေတ်ဆန်သော ဥရောပဟန်နှင့် မလိုက်ဖက်ပဲ များစွာ မြန်မာဆန်နေ ပြန်၏။

“ရေနံ့သာ”

သည်ကတည်းက ရေနံနှင့် တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေကြောင်း သိသာနေပါ၏

ဟုတ်သည်။ ရေနံနှင့် တကယ်ပင် ပတ်သက်နေသည်။

ထိုရေနံ့သာစံအိမ်ကြီးကို ပိုင်ဆိုင်သူ သည် ရေနံ့သာမောင်မောင် အမည်ခံ အင်္ဂလိုအင်ဒီးယန်းစပ် မြန်မာပြည်ပေါက် တစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းရေနံ့သာ မောင်မောင်ကား ...င်ဦက ဗြိတိသျှကိုလိုနီနိုင်ငံတစ်ခု ...သော အိန္ဒိယနိုင်ငံ၊ ကလကတ္တား ...တ္တာသိုလ်မှ ဘူမိဗေဒဘွဲ့ရရှိထားသော ...မိဗေဒအရာရှိကြီး ဖြစ်၏။

အင်္ဂလိပ်နယ်ချဲ့မင်းများ၏ ...ဘက်တော် ဘီအိုစီရေနံကုမ္ပဏီ ...ကြီးမှ ဘူမိဗေဒအရာရှိကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာက ဆေးပင်စင် ...ယူပြီး သန်လျင်မြို့နှစ် တောင်ကုန်းကမူ ...ပေါ်တွင် မြေကွက်တစ်ကွက် ဂရံ ...လျှောက်ပြီး ထိုသို့ ဥရောပဆန်ဆန် ...အိမ်တော်ကြီးဆောက်၍ တခမ်း ...တနားနေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

သူ့ဖခင်မှာ အင်္ဂလိပ်ကိုလိုနီ ...စ်တပ်နှင့်ပါလာသော အင်္ဂလန်သား ...စစ်ဖြစ်၏။ အိန္ဒိယနိုင်ငံရှိ အင်ဂျင် ...ယာတပ်တွင် တာဝန်ထမ်းဆောင်စဉ် သူ့ဖခင် မစ္စတာစမစ်သည် အိန္ဒိယ ...နိုင်ငံသူ အမျိုးသမီးနှင့် အကြောင်း ...ပါကာ မြန်မာပြည်သို့ရောက်လာပြီး ...နောက် သူ့ဖခင် သန်လျင်ရေနံချက် ...စက်ရုံတည်ဆောက်ရာကို လိုက်ပါ ...လာရင်း ဂျူနီယာစမစ်ခေါ် ရေနံ့သာ ...မောင်မောင်ကို သန်လျင်မြေမှာ မွေးဖွား ...လာခဲ့ခြင်းဖြစ်၏။

သန်လျင်တွင် ဘီအိုစီကုမ္ပဏီ ...ကရေနံချက်စက်ရုံကို ၁၉၂၅ ခုနှစ်တွင် ...တောင်တည်ဆောက်စဉ်အခါက စက်ရုံ ...မြေနေရာရွေးချယ်ရာ၌ သန်လျင်နယ် မြေရှိ သမိုင်းဝင် အဆောက်အအုံပေါင်း များစွာ ပါသွားခဲ့သည်။

သန်လျင်နယ်မြေ ဆိုတာ ကလည်း ရှေးမွန်မင်းများလက်ထက် ကတည်းက ထင်ရှားသောနယ်မြေ ဖြစ်၍ ဘုရားရုပ်တု စေတီကျောင်းကန် ဇရပ်များစွာ ရှိလေသည်။

ထိုအခါက ရေနံချက်စက်ရုံ နယ်နမိတ်အတွင်း ကျရောက်သွားသော ဘုရားစေတီများအနက် "ဓါတ်တော် ကုန်း" ဘုရားသည်လည်း အပါအဝင် ဖြစ်၏။

ဓါတ်တော်ကုန်း ဘုရားကို ဖြိုဖျက်စဉ်အတွင်း၌ ဌာပနာထားသော အဘိုးတန် ရှေးဟောင်းပစ္စည်းများကို အင်ဂျင်နီယာတပ်မှ မစ္စတာစမစ်တို့ ရသွားကာ အိန္ဒိယနှင့် အင်္ဂလန်သို့ တိတ်တဆိတ် တစ်ဖက်လှည့်နှင့် ပို့ကြသည်ဟု အချင်းချင်းဝေစု မတည့် ကြရာမှ သတင်းပေါက်ကြားပြီးပြဿနာ တက်ကြသည်။

အင်ဂျင်နီယာကြီး မစ္စတာစမစ် တို့အဖွဲ့မှာ ထိုစဉ်က အုပ်ချုပ်သူအစိုးရမှာ ဗြိတိသျှအစိုးရသာဖြစ်နေ၍ ခုံရုံးဖွဲ့ စစ်ဆေး ခံရရုံကလွဲပြီး အပြစ်ဒဏ်မခံ ကြရပဲ ဓါတ်တော်ကုန်းဘုရားဌာပနာ များကိုကား ပြန်၍မရနိုင်ကြတော့။

ဗြိတိသျှအစိုးရ လက်ထက်တွင် ထိုသို့သော ဖြစ်ရပ်မျိုးများသည် ဘုရား စေတီပုထိုးပေါများသော မြန်မာပြည် အနှံ့အပြားတွင် ဖြစ်လေ့ရှိသဖြင့် ဘင်းကြပ်စွာ အရေးယူပါက ဗြိတိသျှ စစ်တပ်အရာရှိများ အကုန်လုံး အရေး ယူရမလို ဖြစ်နေ၏။

သီပေါမင်းပါတော်မူစဉ် မြန်မာ့ နန်းဦးနှင့် ရတနာပုံမန္တလေးနန်းတော် သိမ်းပိုက်ခဲ့သော ဗြိတိသျှစစ်တပ်အကြီး အမှူးဖြစ်သည့် ကာနယ်စလေဒင်တို့ အဖွဲ့သည် မန္တလေးနန်းတော်ကြီးထဲမှ အထင်ကရနန်းစဉ် ရတနာများ၊ ရှေးဟောင်းအဘိုးတန် သမိုင်းဝင်ပစ္စည်း များကို စာရင်းပျောက် အင်းပျောက် ဖျောက်ပစ်ကြသည့် သာဓကတွေလည်း ရှိခဲ့ဖူးသည်။

ယခု သန်လျင်မြေမှ အင်ဂျင် နီယာမစ္စတာစမစ်တို့၏ ဓါတ်တော်ကုန်း ဘုရား ဌာပနာကိစ္စမှာ အချင်းချင်း အဝေမတည့်ကြ၍ ဟိုတို့သည်တို့ ဖြစ်ရာက သတင်းပျံ့နှံ့သွားပြီးနောက် အရေးယူသလိုလို နယ် ပြောင်းသလိုလို ဖြစ်သွားပြီးနောက် ပျောက်ကွယ်သွား လေတော့သည်။

သို့နှင့်ပင် မစ္စတာစမစ်ပင် ကွယ်လွန်သွားပြီးနောက် သူ၏သား ဂျူနီယာစမစ်မှာ သန်လျင်ရေနံချက် စက်ရုံ၌ ဘူမိဗေဒအရာရှိကြီးအဖြစ် တာဝန်ဆက်ထမ်းဆောင်ခဲ့ကာ ဆေး ပင်စင်ယူပြီး အေးအေး ဆေးဆေး သန်လျင်မြေတွင်သူကြွယ်ကြီးတစ်ယော... လိုသည့်ဝါစွာနေနေသည့် အခ...



www.burmeseclassic.com

www.burmeseclassic.com

ထိုဓါတ်တော်ကုန်းဗွာပနာသိုက် ကိစ္စကို အစဖော်သည့်သူတွေရှိလာသည်။

ထိုသူတွေထဲမှာ အမျိုးသားရေး စိတ်ဓါတ်ကိုအခြေခံ၍ ထိုကိစ္စကို ဖော်ထုတ်လိုသည့်သူတွေ ရှိသလို မိမိတို့အကျိုးအမြတ်ရရှိရေးတစ်ခုတည်း ကိုသာကြည့်ပြီး ရယူလိုသော ဒုစရိုက်အဖွဲ့သားတွေပါ ပါဝင်လာကြသည်။

ယခု သေမင်း၊ စိန်မင်း၊ မြမင်း ဟု နာမည်ဝှက်တွေ သုံးစွဲနေကြသော သူတွေမှာ ထိုသို့သော ဒုစရိုက်ဂိုဏ်း သားထဲမှ တစ်ဖွဲ့ဖြစ်သည်။

သူတို့သုံးယောက် ပြောဆိုနေကြသော မရဏာမင်းသမီးဆိုသည်မှာလည်း သူတို့ဂိုဏ်းဝင်ထဲမှ စေလွှတ်ထားသော အတွင်းသူလျှို ပဉ္စမ်အဖွဲ့သူ ဖြစ်လေ၏။

"မင်းတို့ မရဏာမင်းသမီးဆီက ဘာသတင်းမှ မရကြဘူးလား"

သေမင်းက အမေး...

"မရဘူးကွ..."

စိန်မင်းကအဖြေ မြမင်းက ထပ်ဆင့်ပြောလိုက်သည်။

"သတင်းမရရုံမကဘူး...မင်း အမျိုးသမီးက အဆက်အသွယ်တောင် ငါတို့နဲ့ မလုပ်တော့ဘူး..."

"ငါ့အမျိုးသမီးလို့ သီးခြား မပြောပါနဲ့လေ ငါ့အမျိုးသမီး ပေါင်းများ စွာထဲကတစ်ယောက်ပါကွ ဟဲ ဟဲ ဟဲ"

"အေးလေ...မင်းအမျိုးသမီး လုပ်ပုံက အတော်အသည်းယားစရာပဲ။ ငါတို့က သတ်တောင်ပစ်ချင်တာ ဆရာကြီးက အချိန်ယူပြီး နည်းလမ်း ရှာမယ်ဆိုလို့ သူ ခုထိ အသက်ရှင် နေရတာကွ..."

"ငါတို့ဆရာကြီးကလည်း သူ့ကို စွဲနေပုံရတယ်၊ သူ့ကို မသေစေချင် ဘူးလားမှမသိပဲ..."

"ဒါတော့ဖြစ်နိုင်တယ်။ မရဏာ မင်းသမီးက ချောတာကိုး။ သူနဲ့သွား ပတ်သက်ရင် ပတ်သက်တဲ့လူ စွဲသွား တာပဲ။ တခြားမကြည့်နဲ့ မင်းကိုပဲကြည့် လေ မင်းရဲ့... ဟဲ...ဟဲ.. .ဟဲ"

"ငါက ဒီလောက်မဟုတ်ပါဘူး ကွာ မင်းတို့မရဏာမင်းသမီးကို ငါက ငါ့ရဲ့ အမျိုးသမီးပေါင်းများစွာတွေထဲက တစ်ယောက်ပါလို့ ပြောထားခဲ့တာပဲ။ မင်းတို့ ငါတို့ဆရာကြီးက သူ့ကိုစွဲသွား တာတော့ ငါမပြောတတ်ဘူး။ ဒါပေမယ့် ဆရာကြီးမှာ ဝှက်ဖဲတော့ ရှိလိမ့်မယ်ကွ..."

"အဲဒီဝှက်ဖဲက ဘာလဲ..."

"ဂျူနီယာစမစ်ဆိုတဲ့ ရေနံ့သာ မောင်မောင်အမည်ခံ ဟိုအင်္ဂလိပ် အင်ဒီ ယန်းဘိုကြက်ချေးဆီမှာ ထိန်းသိမ်းထား တဲ့ဓါတ်တော်ကုန်း ဗွာပနာတွေအတွက် သဲလွန်စကို ရအောင်ယူမယ်ဆိုတဲ့ ဝှက်ဖဲပဲကွ။ အဲဒီသဲလွန်စ မတွေ့ရတဲ့ နေ့ ဂျူနီယာစမစ်ဆိုတဲ့ ရေနံ့သာ မောင်မောင် အသက်ပျောက်တဲ့နေ့ပဲ။ ဒါကြောင့် မင်းတို့ကို ဒေသခံတွေအဖြစ် ဒီသန်လျင်မြေမှာ ဆက်လက်ပြီး သူ့ အရိပ်အခြေကိုကြည့်ဖို့ တာဝန်ပေး တာပေါ့ကွာ..."

"ဒါတော့ဟုတ်တယ်။ ဒါပေမယ့် မရဏာမင်းသမီးက လည်တယ်နော်။ ယောက်ျားဖြစ်ဖူးတဲ့ မင်းကိုတော လူသတ်မှုနဲ့ ထောင်ကျသွားအော လုပ်နိုင်ခဲ့တယ်။ အမှန်တော့ မင်းဟာ အဲဒီလူသတ်မှုနဲ့ သေဒဏ် ဒါမှမဟုတ် တစ်ကျွန်းဒဏ်ခံရမှာ၊ ခုတော့ ထော ဆယ်နှစ်သာ အစီရင်ခံရတော့ သူ ပစ်မှတ်အား လျော့သွားတာတော အမှန်ပဲ..."

"အေး...အဲဒီကြားထဲမှ ထောင်ဖောက်ပြီး ပြေးလာပြီဆိုတော့ သူတို့အဖို့ စိုးရိမ်စရာတွေ ဖြစ်ကုန်တော မယ်..."

"အမှန်တော့ ရေနံ့သ မောင်မောင်နဲ့ မင်းရဲ့မရဏာမင်းသမီး ဒီလထဲမှာ အိန္ဒိယနိုင်ငံကို ခရီးထွက် စီစဉ်နေတာ ခုတော့ တက်သုတ်ရိုက် တော့မှာပေါ့"

"ဒါက သူတို့ကိစ္စလေ။ ခုတော တို့ကိစ္စတို့ ဆက်လုပ်ကြရအောင်... ငါ အဲဒီရေနံ့သာကို ဒီညတွင်းချင် အရောက် သွားရလိမ့်မယ်"

"မင်းအစီအစဉ်အရ သွားတ လည်း သွားတာပေါ့ကွာ။ ဒီတစ် ရေနံ့သာကိုသွားရင် ပထမတစ်ခေါ တုန်းကလို မဖြစ်အောင် မင်းကြိုတ



www.burmeseclassic.com

www.burmeseclassic.com

…ဉ်ထားဖို့တော့ လိုတယ်နော်"

"ဟုတ်တယ်ကွ၊ အဲဒီအခေါက် …န်းက မရဏာမင်းသမီးကြောင့် မင်း …သတ်တရားခံအဖြစ် ထောင်ထဲဝင်ရ …ပြီနော်. . . .ခုဟာက ထောင်ပြေး …ဝနဲ့ဆိုတော့ မရဏာမင်းသမီးအဖို့ …င်းကို ထောင်ထဲ နောက်တစ်ကြိမ် …ပို့ဖို့ သိပ်လွယ်နေတယ်"

"မင်းတို့ သတိပေးတာ ကျေးဇူး …င်ပါတယ်။ ဒါပေမယ့် ဆရာကြီးနဲ့ …ါက ကွက်ကျော်အစီအစဉ်တွေဆွဲပြီး …တစ်ကြိမ် အလျင်အမြန် လှုပ်ရှားကြ …ာကွ။ မင်းတို့သာ ခပ်လှမ်းလှမ်းက …့ကိုရံပေးရုံ၊ အထောက်အကူပြုရုံ …ာက်ပါပဲ"

"ကောင်းပြီလေ။ မရဏာ …င်းသမဲ နဲ့ ရင်ဆိုင်ဖို့ဆိုရင်တော့ …များကြီး သတိထားရလိမ့်မယ်. . ."

သူတို့အားလုံး ထိုကိစ္စအား …ပေါ့ပေါ့တန်တန် လုပ်၍မဖြစ်ကြောင်း …ားလုံး သဘောပေါက်ကြသည်။

× × × × ×

ပထမအကြိမ် လှုပ်ရှားစဉ်က …ကိုယ်သူ သေမင်းလို့ ဝေ့ကြွားနေသော …ွမင်းသည် ပေါ့ပေါ့ဆဆမှ တကယ့် …ါ့ပေါ့ဆဆ။

ထိုစဉ်က ဒုစရိုက်အဖွဲ့သား …ွမင်းသည် ဖောက်ထွင်းဝိဇ္ဇာဘဝမှ …ရာကြီး ဦးဗိုလ်မင်း၏ဂိုဏ်းထဲ …ောက်လာခဲ့ခြင်းဖြစ်၏။

ဆွေမင်းသည် ရုပ်ရည်အားဖြင့် ခန့်ညား၍ ယောက်ျားချော ချောသူမို့ သူတို့လောကတွင် မြှာစွဲသူအဖြစ် ထင်ရှားသည်။

မရဏာမင်းသမီးခေါ် ခင်ခင်လေးသည် ဘဝပေးအခြေအနေ မကောင်းခဲ့၍ ဆွေမင်းနှင့်ဆုံဆည်းခဲ့ပြီး ဆရာကြီး ဦးဗိုလ်မင်းတို့အဖွဲ့ထဲ ရောက်လာခဲ့သည်။

ထိုအချိန်မှာ ဆရာကြီး ဦးဗိုလ်မင်းသည် သတင်းအချက်အလက်များအရ သန်လျင်ရှိ ရေနံ့သာဂေဟာမှ ဂျူနီယာစမစ်ခေါ် ရေနံ့သာ မောင်မောင်ကိစ္စ ပစ်မှတ် ဖြစ်လာချိန် ဖြစ်၏။

"ဒီကောင်ကြီးဆီမှာ လျှို့ဝှက်ရတနာ၊ ရှေးဟောင်းအဘိုးတန် ပစ္စည်းတွေ သူ့အဖေ လက်ထက်ကတည်းက ရထားတာတွေရှိနေတယ်။ အဲဒါတွေ တို့ရအောင် ကြံနိုင်ပြီဆိုရင် တို့အဖို့ ရတနာပုံဆိုက်တဲ့ကိန်းပဲ"

ဆွေမင်းက ဆရာကြီး ဦးဗိုလ်မင်းနှင့်ပေါင်းပြီး ကြံစည်တော့သည်။ ခုကိစ္စမှာ ဉာဏ်ကစားရပြီး ကိုယ့်ဘက်က ရင်းနှီးရမည့်ကိစ္စ။

ရေနံ့သာ မောင်မောင်သည် ဆွေမင်းနှင့် အကျင့်စရိုက်ခြင်း တူသူဖြစ်၍ ဆွေမင်းအဖို့ ရေနံ့သာမောင်မောင်နှင့် နီးစပ်အောင် ချဉ်းကပ်ရပုံမှာ သိပ်ခဲခဲယဉ်းယဉ်း မလုပ်ဆောင်လိုက်ရ။

မိန်းမကိစ္စ ဝါသနာထုံသော ရေနံ့သာမောင်မောင့်အတွက် သူ၏ လက်သုံးတော်ခင်ခင်လေးကိုတည်ကြက် အဖြစ်ထား၍ လှုပ်ရှားလိုက်ရသည်။ သူ့အဖို့ အနှစ်နာခံပြီး စွန့်လွှတ်ရခြင်းမျိုး။

ခင်ခင်လေး. . .ရေနံ့သာမောင်မောင်နှင့် ဆက်မိသွားကာ ရေနံ့သာ အိမ်ကြီးပေါ်သို့ရောက်သွား၏။ ရေနံ့သာ မောင်မောင်ကလည်း ခင်ခင်လေးလို အချောအလှ အညှုအခရာကောင်း ပညာစုံသူကို အစွဲကြီး စွဲမက်သွားလေ၏။

ပထမအစတွင် အဆင်က ချောမလိုရှိ၏။

ရေနံ့သာမောင်မောင် ရှေးဟောင်းပစ္စည်းများ စုဆောင်းရာတွင်ဝါသနာကြီးပုံ။ ရေနံ့သာတိုက်အိမ်ကြီး၌ လျှို့ဝှက် မြေအောက်ခန်းရှိပုံ၊ ထိုမြေအောက်ခန်းထဲမှာ ရှေးဟောင်းပစ္စည်းတွေ, အဘိုးတန် ရတနာတွေ သိမ်းဆည်းသိုဝှက်ထားနိုင်သည့်သတင်းအချက်အလက်တွေ မှန်မှန်ရခဲ့သည်။

နောက်တော့ သတင်းအချက်အလက်တွေက မရေမရာဖြစ်လာပြန်သည်။

မန္တလေးသို့ ရန်ကုန်ဘူတာကြီးမှ ထွက်ခွာသည့်ရထားသည် တောင်ငူ-ပျဉ်းမနားသို့ပင် မရောက်ပဲ ရန်ကုန်ဘူတာကြီးမှ ထွက်ခါ ပဲခူးဘူတာတွင် တန့်ရပ်နေသည့် ပုံစံမျိုး။



www.burmeseclassic.com

www.burmeseclassic.com

ကြာတော့ ဆရာကြီး ဦးဗိုလ်မင်း ကော၊ ဆွေမင်းပါ စိတ်မရှည်နိုင်ကြတော့။

"မင်းကောင်မလေးက ဘယ်လိုလဲဆွေမင်း။ သူ့ကို ဟိုအင်္ဂလိုအင်ဒီးယန်းကြီးစွဲလန်းသွားပြီး သူ့ပိုက်ကွန်တဲ ငြိရမဲ့ဟာ သူကပဲ အင်္ဂလိုအင်ဒီးယန်းကြီးကို ဖွဲ့သွားပြီး အင်္ဂလိုအင်ဒီးယန်းကြီး ပိုက်ကွန်ထဲ ဝင်ငြိသွားပြီလာ မသိဘူး။ တို့တက်ကိုမပါပဲ ရှောင်ဖယ် ရှောင်ဖယ် ဖြစ်နေပြီကွ . . ."

"ကျွန်တော် ကျွန်တော့် ကောင်မလေးအကြောင်း သိပါတယ် ဆရာကြီးရဲ့။ ဟိုကောင်ကြီးက အသက်ကြီးနေပြီ။ ကျွန်တော့်ကောင်မလေး သူ့ဘက် ပါမသွားနိုင်ပါဘူး။ သူနဲ့တွေ့အောင်ကြိုးစားပြီး စီစဉ်လိုက်ပါဦးမယ်"

ဆွေမင်း ကြားခဲ့အဆက်အသွယ်နဲ့ ခင်ခင်လေးအား တွေ့ခဲ့ပြီး အခြေအနေကို ပြောပြသောအခါ ခင်ခင်လေးဆီက အစီအစဉ်အသစ်တွေပေါ်ထွက်လာခဲ့သည်။

ညတစ်ညတွင် ရေနံ့သာမောင်မောင်ကြီးကို ခင်ခင်လေးက အဆိပ်ခတ်သတ်၍ မြေတိုက်ခန်းသော့ကို ယူထားမည်။ ဆွေမင်း အရောက်လာပြီး မြေတိုက်ခန်းဖွင့်၍ ရတနာများကိုယူကာ ခင်ခင်လေးနှင့်အတူ ထွက်ပြေးကြရန်။

ပြီးမှ ဆရာကြီးဗိုလ်မင်းတို့နှင့် ဆက်လက်ဆက်သွယ်ရေး မဆက်သွယ်ရေးဆုံးဖြတ်ကြရန်။

ဒုစရိုက်ဂိုဏ်းသား လောဘသားတွေဆိုတော့ အချင်းချင်းသစ္စာတရားထား မထားဆိုတာကို ထိုအချက်အား ကြည့်ပြီး ဆွေမင်း သတိပြုမိခဲ့ဖို့ ကောင်းသည်။

သို့သော် လောဘသား ဆွေမင်းသည် ခင်ခင်လေးအပေါ် ချစ်စိတ်နှင့် ယုံစားလိုက်မိသည်။

ချိန်းဆိုထားသော ညဥ့်နက်သန်းခေါင်ယံတွင် ခင်ခင်လေးချိန်းဆိုထားသည့်အတိုင်း ရေနံ့သာဂေဟာကြီးဆီသို့ သစ်ပင်ရိပ်များခိုကာ တစ်ကိုယ်တည်း ဓွန့်စား အရောက်သွားခဲ့သည်။

သို့သော် တကယ်ဖြစ်သွားတာက ခင်ခင်လေး ပြောသလိုမျိုး မဟုတ်ခဲ့။

ရေနံ့သာခြံကြီးကို ပေါက်ထွင်းဝိဇ္ဇာဖြစ်ခဲ့ဘူးသောသူ လူသူမသိအောင် ဝင်ရောက်နိုင်ခဲ့သည်။ တိုက်အိမ်ကြီးအတွင်းသို့ပင် သူ့ပညာနှင့် လွယ်လွယ်ကူကူ ဝင်နိုင်ခဲ့သည်။

သို့သော် တိုက်အိမ်ကြီးထဲမှာ ရေနံ့သာမောင်မောင်၏တပည့်နှစ်ယောက်နှင့်တွေ့ပြီး တိုက်ခိုက်ရတော့သည်။

သူ့အသက် ကိုယ့်အသက် လုတိုက်ခိုက်ရင်း တိုက်ရည်ခိုက်ရည်သာသော ဆွေမင်းက ထိုလူနှစ်ယောက်ကို အနိုင်တိုက်ခိုက်လိုက်နိုင်သည်။

ထိုသူနှစ်ယောက်အား သူ အသေအကြေ တိုက်ခိုက်ခဲ့ခြင်းတော့ မဟုတ်။

သို့ရာတွင် ရေနံ့သာမောင်[illegible] ကို ခင်ခင်လေးသည် ပြောထား[illegible] အတိုင်း တကယ်အဆိပ်ခတ် သ[illegible] သည်မဟုတ်။

ရေနံ့သာမောင်မောင် အ[illegible] ရှင်လျက် သေနတ်ကြီးကိုင်ပြီး ဘွား[illegible] ပေါ်လာကာ ဆွေမင်း အဖမ်းခံလို[illegible] တော့သည်။

ပုလိပ်တွေကို တယ်လီဖုန်း[illegible] အကြောင်းကြားသူမှာ ခင်ခင်[illegible] ကိုယ်တိုင်။

ပုလိပ်ရောက်လာ၊ ရုံး[illegible] တရားစွဲတော့ ရေနံ့သာဂေဟာ[illegible] ဖေါက်ထွင်း ကျူးကျော်ဝင်ရောက်[illegible] နှင့်အတူ အစောင့် နှစ်ယောက်[illegible] သတ်မှုနှင့် လူသတ်တရားခံ[illegible] ဆွေမင်းရောက်သွားရသည်။

သို့သော် ဆရာကြီး ဦးဗိုလ်[illegible] ဘက်ကလည်း ဆွေမင်းကို ပြစ်မ[illegible] ရှေ့နေရှေ့ရပ်ငှားပြီး အမှုကိုရင်[illegible] စေရာက [illegible]နံသင့်သည်တွေ[illegible] ရှောင်ပြီးထွက်[illegible]ရာ ရှောင်ထွ[illegible] ရင်းက ဆွေမင်း [illegible]င်ဒဏ်[illegible] သွားခဲ့ရသည်။

တစ်ဖက်နှင့်တစ်ဖက် ရွှ[illegible] တွေမခိုင်လုံ၊ ကိုလိုနီခေတ် တရား[illegible] ထုံးစံအတိုင်း နောက်မှငွေနှင့် ဟို[illegible] ဒီဆို လုပ်ရင်းက ဆွေမင်းလူသတ်မှု[illegible] အပြစ်ဒဏ် စီရင်ခံရခြင်းသာဖြစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆွေမင်း၏ အပြစ်ကြောင့် ဆွေမင်း၏ ခင်ခင်လေးမှာ သူတို့ အရိုက် လောကသားတွေထဲမှာ မူလက ခင်ခင်လေးနာမည် ပျောက်သွားပြီး မရဏာမင်းသမီးဟု နာမည် တွင်သွားခဲ့ရလေသည်။

× × × × ×

မိုးတွေကသည်းထန်စွာ ရွာသွန်းနေဆဲရှိသေးသည်။

သေမင်းသည် မန်ကျည်းပင်ကြီး၏မှောင်ရိပ်ခိုကာ ရေနံ့သာခြံကြီးအနီးသို့ချဉ်းကပ်လာခဲ့သည်။

အသင့်ပါလာသော သံဖြတ်ကပ်ကြေးနဲ့ ခြံစည်းရိုးသံဇကာကို ကျွမ်းကျင်စွာဖြတ်လိုက်သည်။ ခြံစည်းရိုး သံဇကာအတွင်းမှာ ထူထဲစွာစိုက်ထားသော ပုဏ္ဏားရိပ်ပင်စည်းရိုးက ရှိနေပြန်သည်။

ထိုပုဏ္ဏားရိပ်စည်းရိုးကို လူတစ်ယောက်ဝင်သာအောင် အောက်ဘက်မှ နတ်၍ဖောက်လိုက်သည်။ ခွေးတိုးပေါက်လိုဖြစ်သွားသော ထိုအပေါက်မှ သူတိုးဝင်လိုက်သည်။

ခြံထဲသို့ ဝင်မိသည်နှင့် ဖေါက်ထွင်းဝိဇ္ဇာဖြစ်သောသူအဖို့ တိုင်းပြည်တစ်ဝက် နင်းမိသွားပေပြီ။

ထိုအခိုက် တမင်လွှတ်ထားပုံရသော အယ်လ်ဇေးရှင်းခွေးကြီး တစ်ကောင် ဝုတ်ကနဲအသံပြု၍ သူမျက်နှာဆီ လွှားကနဲ ခုန်အုပ်လိုက်သည်။

"ဝိုး...."

"ဝုစ်..."

သူလက်ထဲမှာ ကိုင်ထားဆဲရှိသေးသည့် သံဖြတ်ကပ်ကြေးက အရှိန်နှင့် ခုန်အုပ်လိုက်သော ခွေးကြီး၏လည်ပြိုတည့်တည့်ကို ဆီးဝင်သွားပြီး ခွေးကြီးမှာ ဆက်ဟောင်သံပင် မပြုနိုင်တော့ပဲ အွတ်ကနဲ မချိမဆန့် အသံနှင့် မြေပြင်ပေါ် ပြုတ်ကျသွားသည်။

ခွေးကြီးအတွက်တော့ သူသည် တကယ်ပင် သေမင်းဖြစ်သွားခဲ့၏။

သူ၏လှုပ်ရှားမှုတွေက အလေ့အကျင့်သမားမှန်း သိသာလှသည်။ သာမန်လူတစ်ယောက်နှင့် မတူအောင် လျင်မြန်ဖျက်လက်လွန်းနေသည်။

ရေနံ့သာဂေဟာကြီး အနီးပြေးကပ်မိသည်နှင့် အချိန်ပိုင်းအတွင်းမှာ အိမ်နောက်ဖေးပေါက်တံခါး ဂျက်နေရာကို ဖျက်၍ဖွင့်ပြီးသာဖြစ်သွား၏။

သေမင်းက သွက်လက်စွာ အိမ်ကြီးအတွင်းသို့ ဝင်လိုက်သည်။ အမှောင်ထဲမှာ ကျင့်သားရနေသော မျက်လုံးတွေက ကြောင်အသွင် ကျားရဲ့အလား ညဥ့်အမြင်အာရုံဖြန့်ကျက်လိုက်နိုင်သည်။ ခြေသံလုံလုံနှင့် လှုပ်ရှား၍ အတွင်းသို့ဝင်အလာ မီးဖိုခန်း၊ စားသောက်ခန်း၊ ညှိခန်းတွေကို သူ ဖြတ်ကျော်လာနိုင်၏။

ညှိခန်းအစပ်မှာ အိမ်ကြီးအပေါ်ထပ်သို့တက်သော လှေခါးကြီးကို တွေ့လိုက်ရသည်။

ထိုလှေခါးကြီးမှတဆင့် မော့ကြည့်လိုက်တော့ အပေါ်ထပ်ရှိ အိပ်ခန်းတစ်ခန်းထဲတွင် မီးရောင်မှိန့်တမှိန် လင်းနေသည်ကို သူ အကဲခတ်လိုက်မိသည်။

ညှိခန်းနံရံမှ ရောမအက္ခရာ တပ်ချိန်သီးကပ်နာရီကြီးမှ အံ့ကြိတ်သံကြီးက တဂျိဂျိမြည်လာပြီး ဆယ့်နှစ်ချက်ထိုးသံထွက်လာ၏။

"ဒင်...ဒင်...ဒင်...ဒင်...ဒင်...ဒင်...ဒင်...ဒင်...ဒင်...ဒင်...ဒင်...ဒင်..."

နာရီထိုးသံ ဆယ်နှစ်ချက်နှင့်အတူ

"ဂျိ..အီ..ဂျိ..အီး.."အံ့ကြိတ်သံကြီးတဂျိဂျိ မြည်သွားပြီးသည့်အခိုက်"မှာပင် လျင်မြန်မှုက ခြေသံကိုမျှ မကြားရစေပဲ အပေါ်ထပ် လှေကားထိပ်အနီးရှိ မီးရောင်မှိန့်တမှိန် လျှံကျနေသောအိပ်ခန်းရှေ့ရောက်သွားလေပြီ။

ထိုအခန်းထဲမှ သူ ပထမကြားလိုက်ရသော အသံက ယောက်ျားကြီးတစ်ယောက်၏အသံ။

"ခင်လေး ဘာကိုမှ စိုးရိမ်ပြီးကြောက်နေစရာ မလိုတော့ပါဘူး။ သန်လျင်နဲ့ ရန်ကုန်ကိုဆွဲနေတဲ့ ရောဝတီမီးသင်္ဘောတွေဟာ ညနေနောက်ဆုံးခေါက် ခြောက်နာရီပဲရှိတယ်။ ထောင်ဖောက်ပြေးတဲ့ ဆွေမင်း အဲ့ဒီသင်္ဘောခေါက်တွေနဲ့ ပါမလာတော့



www.burmeseclassic.com

www.burmeseclassic.com

သန်လျင်ဘက်ကို ဒီနေ့ည ဘယ်လိုမှ ရောက်နိုင်တော့မှာ မဟုတ်ဘူး။ သူ ရောက်လာရင်လည်း ထောင်ဖောက်လာတဲ့ကောင်ကို သတင်းစာထဲပါလာတဲ့ သူ့ ဓါတ်ပုံနဲ့ ပုလိပ်တွေက မှတ်မိပြီး ဖမ်းမိသွားမှာပဲ"

"သူက ဉာဏ်များတယ်နော် ဒါလင်၊ သူ့ကိုလျှော့မတွက်နဲ့"

"သူဘယ်လောက် ဉာဏ်များ များ၊ ပုလိပ်တွေ မတွေ့လို့ဖမ်းမမိရင် ဒါလင်လွှတ်ထားတဲ့ လူတွေက မှတ်မိပြီး ဒါလင့်ဆီကို သတင်းပို့ပေးမှာပေါ့ ခလေးရယ်။ ကဲ…ဒီအချိန်ကြီး ဆယ့်နှစ်နာရီထိုးမှတော့ ဒီကောင် ရောက်မလာနိုင်တော့ပါဘူးကွယ်။ ဒါလင်တို့ ဒီထောင်ပြေးအကြောင်း ခေါင်းထဲက ထုတ်လိုက်ပြီး ဒီညကို ပျော်ရွှင်စွာ အဆုံးသတ်လိုက်ကြရအောင်"

"အိုး…ဒါလင်…။ ခင်လေး ကြောက်တာအမှန်ပဲ"

ခင်ခင်လေး၏ ခပ်ညည်းညည်း လေးပြောသံအဆုံးမှာ မီးခလုတ်ဖွင့်သံ ချောက်ကနဲပြည်ပြီး မီးချောင်းတဖျပ်ဖျပ် ပွင့်ကာ အိပ်ခန်းအတွင်းမှာ မီးရောင် ရှိန်ထိန်ထိန် လင်းသွားလေ၏။

"ဟင်…"

"အို…"

ကုတင်ကြီးပေါ်မှ အာမေဋိတ်သံနှင့်အတူ ခင်ခင်လေးကော ရေနံ့သာ မောင်မောင်ကြီးဆိုသူပါ အကြီးအကျယ် လန့်ဖျပ်သွားကြပြီး ဆွဲမိဆွဲရာ အိပ်ရာခင်းအစ, စောင်အစတွေနှင့် ဖုံးမိလိုက်ကြသည်။

သို့သော် ရေနံ့သာမောင်မောင် အမည်ခံ ဂျူနီယာစမစ်သည် ၄,ရှိသူ ပီပီ လက်တစ်ဖက်က အလိုအလျောက် ခေါင်းအုံးအောက်မှာ အဆင်သင့်ထားသော ခြောက်လုံးပြူး သေနတ်ကို လှမ်းဆွဲသည်။

"နိုင်း…"

သေမင်းလက်ထဲမှ ဘယ်အချိန်ကဆွဲထုတ်ထားသည် မသိသော သေမင်း၏သေနတ် ပြောင်းဝက ကျည်ဆံထွက်သွားပြီး ဂျူနီယာစမစ်လက်သည် ခေါင်းအုံးဆီသို့ ရောက်မသွားနိုင်တော့။

သည်တော့မှ ဂျူနီယာစမစ်ကော၊ ခင်ခင်လေးပါ သေနတ်ကိုင်ထားသော သေမင်းကို အလန့်တကြား လှမ်းကြည့်လိုက်မိကြသည်။

ခင်ခင်လေးက သူနှင့် ပေါင်းသင်းခဲ့ဘူးသော ဆွေမင်းဟုတ် မဟုတ် လှမ်းကြည့်နေရာက…

"ဟင်…ရှင်၊ ရှင် ကိုဆွေမင်း လည်းမဟုတ်ဘူး။ ရုပ်ဖျက်ပြီး ဒီဘက်ကမ်းကိုရောက်အောင် ကူးလာတယ် ပေါ့လေ…"

"မင်းပါးစပ် ပိတ်ထားလိုက်စမ်း ခင်ခင်လေး။ ကျုပ်က ဘယ်လိုမှ ရုပ်ဖျက်မထားပါဘူး။ မူလရုပ်အတိုင်းပါပဲ။ ကျုပ်ရဲ့ မူလရုပ်ကို ဆွေမင်းရုပ်ဖျက် ထားသလို ဆွေမင်းရဲ့ ဂိုဏ်းသားတွေကို အကြောင်းရိုက်ပြီး မင်းတို့ ရှေးဟောင်း ပစ္စည်းတွေကို မသမာတဲ့နည်းနဲ့ နိုင်ငံခြား ခိုးထုတ်နေတဲ့သူတွေကို ဖော် ထုတ်ခဲ့တာ… ကျုပ်နာမည်လည်းမှတ် ထား အင်းစိန် စီအိုင်ဒီက အထူးစုံ ထောက် ဘမင်းတဲ့…"

အထူးစုံထောက် ဘမင်းသည် သာယာဝတီထောင်မှ ထောင်ဖေါက်ပြေ သော ဆွေမင်းကို ဖမ်းမိပြီး ဆွေမင်း အား စစ်ဆေးဖော်ထားကာ ဆွေမင်း ရုပ်ဖျက်ထားလေဟန်ဖြင့် အမှုမှန်ကို ဖော်ထုတ်သွားကြောင်း ရှေးဟောင်း မြန်မာ့အမွေအနှစ်သမိုင်းဝင်ပစ္စည်းများ မှောင်ခိုနေသော ဂျူနီယာစမစ်နှင့် ဒုစရိုက်ကြိုးဆွဲ ခေါင်းကိုင်ဆရာကြီး ဗိုလ်မင်းတို့ ဂိုဏ်းသားတွေကိုပါ မြို့ခွင်း သွားသည့်အဖြစ်ကို သူတို့အားလုံး ထောင်နန်းစံကြရမှ သိရှိလိုက်ကြရလေ တော့သည်။

သေမင်းသည် တစ်ပြိုင်နက် တည်း နှစ်ဘက်သော အသက်ဇီဝိန်များ ကိုချွေယူသွားခြင်းပါတည်း။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ နှင့် ကံကြမ္မာ

## ဆယ်ကျော်သက်နှင့်မိဘနှစ်ပါး

မောင်မဟာ



အသတ်ခံရသူ 'ရှာဖီလီအာမက်' (၁၇ နှစ်)

ကမ္ဘာ

လန်ဒန် – 'ရှာဖီလီအာမက်' သည် ဆယ်ကျော်သက်အရွယ် အမျိုးသမီးတစ်ဦးဖြစ်သည်။ ယင်း၏အသက်သည် ၁၇ နှစ်မျှသာ ရှိပါသေးသည်။ သူမသည် ပျော်ရွှင်စွာ နေထိုင်တတ်သူတစ်ဦးဖြစ်ပြီး၊ ပြုံးရယ်စွာ ရှိနေသူတစ်ဦးလည်း ဖြစ် သည်။ သူမသည် သူမ၏ မိဘနှစ်ပါးနှင့်ဆက်ဆံရာတွင် သူ့အနေဖြင့် ကောင်းမွန်ပြေလည်စွာ ဆက်ဆံမှုပြုသည်။

သို့ရာတွင် 'ရှာဖီလီအာမက်' သည် အသတ်ခံလိုက်ရပေသည်။ သူမအားသတ်ဖြတ်လိုက်သည့်သူမှာ အခြားအဝေးမှ မဟုတ်ရပေ။ သူမ၏ မိဘနှစ်ပါးကိုယ်တိုင်ပဲ ဖြစ်သည်။

သေဆုံးသူမှာ သမီးအရင်းဖြစ်သည်။ ကိုယ်တိုင်ကိုယ်ကျ သတ်ဖြတ်မှုကျူးလွန်သူမှာ မိခင်နှင့် ဖခင်တို့ ဖြစ်ကြသည်။

မိခင်သည် 'ဖာဇာနာအာမက်'(၄၉ နှစ်)ဖြစ်ပြီး၊ ဖခင်မှာ 'အစ်ဖ်တီခါ အာမက်'(၅၂ နှစ်) ဖြစ်သည်။ နှစ်ဦးစလုံးသည် ပါကစ္စတန်အမျိုးသမီးနှင့် ပါကစ္စတန်အမျိုးသားဖြစ်ကြသည်။

သမီးဖြစ်သူ 'ရှာဖီလီအာမက်' သည် အနောက်တိုင်းဆန်သူဖြစ်၏။ အနောက်တိုင်းနည်းနာပုံပန်းကို မြတ်နိုးသည်။

ထိုအခါ 'ရှာဖီလီအာမက်' သည် ယင်း၏ မိဘနှစ်ပါးနှင့် မြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်လာသည်။ သူတို့က သူတို့လူမျိုး၊ သူတို့ဘာသာယဉ်ကျေးမှုပဲ ဖြစ်သည်။ သဘောထားချင်း ကွာဟလာကြသည်။

သူမသည် ကဗျာရေးဖွဲ့ခဲ့ပါသည်။ အမျိုးသမီးတစ်ယောက်အနေဖြင့် ယဉ်ကျေးမှုရေးရာတွင် ဆန့်ကျင်တိုက်ခိုက်မှုနှင့် ယင်း၏ ထိရှခံစားမှုတို့ကို ထည့်သွင်းဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှုကျူးလွန်သူ ဖခင်
အစ်ဖ်ဟီခါအာမက် (၅၂ နှစ်)

''သူတို့အားလုံးက ဂုဏ်ပြုရာရောက်တယ်လို့ ထင်မှတ်မှာ၊ ငါကတော့ အဲဒီလို ဟန်မဆောင်ချင်တဲ့စိတ်ထား၊ ငါတို့ဟာ ခြောက်ပစ်ကင်းသဲလဲစင်နေတဲ့ မိသားစုလား''

ဘီဘီစီသတင်းက 'ရှာဖီလီအာမက်'သည် ပါကစ္စတန်လူမျိုး မိဘနှစ်ပါး၏ သတ်ဖြတ်မှုကို ခံစားရပါကြောင်း။ သူမ၏ အနောက်တိုင်း အနောက်ဟန်များကြောင့်ပင် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားသည်။ ဆက်လက်၍လည်း ဘီဘီစီ သတင်းက 'ရှာဖီလီအာမက်'ရေးဖွဲ့ခဲ့သော ကဗျာကို ဖော်ပြသည်။

''နေထိုင်ဖို့ စိတ်ဆန္ဒက တောက်လောင်ပြင်းပြ၊ ငါ့ရဲ့ အာသာချင်ခြင်းကကော ဆူပွက်ပြင်းရှ၊ အဲဒါတွေကို သူတို့ထင်မှတ်ထားတာက ဂုဏ်အလှအပ''

''ငါဟာ သာမန်ဆယ်ကျော်သက်တစ်ဦးပေပဲပေါ့၊ ငါ့ကို အမေးအမြန်း မထုစမ်းနဲ့တော့၊ ငါက အလိုက်သင့် အလျားသင့် ဖြစ်ချင်နေတာ၊ ဒါပေမဲ့ ငါ့ရဲ့ ယဉ်ကျေးမှုနဲ့ မဟုတ်ပါ၊ ငါ့မိသားစုကတော့ ငါ့ကိုလေ ငါ့ကို မသိကျိုးကျွန်ပြုနေကြဦးမှာ''

## အကျပ်အတည်း

'ရှာဖီလီအာမက်'၏ အနောက်တိုင်းဆန်မှုသည် ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလအတွင်း ကြေကွဲစွာ အသုံးသတ်သွားရပေသည်။ သူမသည် သူမအား အချစ်ကြီးချစ်သော မိဘနှစ်ပါး၏ သတ်ဖြတ်မှုဖြင့် အသက်ဆုံးရှုံးသွားရသည်။

''ကျွန်မ ဆုတောင်းပါတယ်။ ကျွန်မရဲ့ ပြုမှုမှုနဲ့ အဖေနဲ့ အမေဟာ ရှေးဆန်တဲ့အစွဲအလမ်း အစဉ်အလာပေါ်မှာ ဂုဏ်ယူဝင့်ကြွားနိုင်ပါစေတော့။ ဒါမှ မဟုတ်ရင်တော့ အမေနဲ့ အမေဟာ အရှက်ရစရာ ဖြစ်ကြမှာပါ'' ဟူ၍လည်း 'ရှာဖီလီအာမက်'က သူမ၏ မိဘနှစ်ပါးသို့ ရည်ညွှန်းရေးသားခဲ့သည်။

လွှန့်ခဲ့သော သောကြာနေ့က မိခင်ဖြစ်သူ 'ဖာဇာနာအာမက်' (၄၉ နှစ်)နှင့် ဖခင်ဖြစ်သူ 'အစ်ဖ်တီခါအာမက်' (၅၂ နှစ်)တို့အား ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် အနည်းဆုံး ၂၅ နှစ်ကျခံရန် ချမှတ်သည်။

''ရှာဖီလီအာမက်ဟာ ယဉ်ကျေးမှုနှစ်ခုအကြားမှာ အကျပ်အတည်း ဖြစ်ခဲ့ရတာပါ။ သူမဟာ ယဉ်ကျေးမှုနဲ့ ဘဝလမ်းကြောင်းဟာ သူ့ကို ချာလပတ်လည်သွားစေတာကို သူမြင်တယ်၊ သူယုံကြည်လိုတယ်၊ လက်ခံလိုတယ်၊ ပြီးတော့ မင်းတို့နှစ်ယောက်က ယဉ်ကျေးမှုနဲ့ ဘဝလမ်းကြောင်းဆိုင်ရာမှာ သူမအပေါ်မှာ ဒဏ်ခတ်ချင်တယ်၊ အပြစ်ပေးချင်ကြတယ်'' ဟူ၍ တရားသူကြီး 'နိုဒီရစ်ခ် အီဇန်စ်'က သေဆုံးသူ 'ရှာဖီလီအာမက်'၏ မိခင်နှင့် ဖခင်တို့သို့ ရည်ညွှန်းပြောဆိုသည်။



ဖြစ်မှုကျူးလွန်သူ
မိခင် ဖာဇာနာအာမက် (၄၉ နှစ်)

## ညီမကပြောဆို

'ရှာဖီလီအာမက်' သေဆုံးခဲ့ သည့် အခြေအနေ ဖြစ်ပွားပုံကို ယင်း ညီမဖြစ်သူ 'အာလီရှာ'က ဖွင့်ဟထွက် သွားခဲ့ပေသည်။

'ရှာဖီလီအာမက်'နှင့် သူမ၏ မိဘ နှစ်ပါး အချင်းများကြသည်။ 'ရှာဖီလီအာ မက်'၏ဝတ်စားဆင်ယင်မှုကို အကြောင်း ပြု၍ ဖြစ်သည်။

မိဘနှစ်ပါးသည် 'ရှာဖီလီအာမက်' အား ထိုင်ခုံခုံဘင်ပေါ်သို့ တွန်းလှဲလိုက် သည်။ သူမသည် ထိုင်ခုံပေါ် လဲကျသွား ၏။ ထို့နောက် မိဘနှစ်ပါးသည် အဖြူ ရောင် ပါးလွှာသော ပလတ်စတစ်အိတ် တစ်အိမ်ကို 'ရှာဖီလီအာမက်'၏ ပါးစပ်ထဲ သို့ ထိုးတည့်လိုက်ကြသည်။ ထို့နောက် သူတို့၏ လက်များကိုလည်း 'ရှာဖီလီအာ မက်'၏ ပါးစပ်ပေါ်သို့လည်းကောင်း၊ နှာ ခေါင်းပေါ်သို့လည်းကောင်း ဆို့ပိတ်ဖိကပ် ထားလိုက်ကြသည်မှာ 'ရှာဖီလီအာမက်'



www.burmeseclassic.com

www.burmeseclassic.com

ဆုံးသွားသည့်အချိန်အထိတိုင် ဖြစ်သည်ဟူ၍ ညီမဖြစ်သူ 'အာလီရှာ'က ဆိုသည်။

ထို့အပြင် 'ရှာဖီလီအာမက်'အသတ်ခံရမှုနှင့် စပ်လျဉ်း၍လည်း သူမ၏ အခြားညီမဖြစ်သူ 'မိမ်'သည် 'ရှာဖီလီအာမက်' သေဆုံးမည့်ညတွင် 'ရှာဖီလီအာမက်'နှင့် သူမ၏ မိဘနှစ်ပါးတို့ ပြောဆိုကြသည့် စကားများကို ဒိုင်ယာရီ၌ ထည့်သွင်းရေးသားထားရှိခဲ့၏။ ဒိုင်ယာရီသည် ရုံးတော်သို့ တင်ပြရာတွင်လည်း ပါဝင်သွားခဲ့လေသည်။

## ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်အတွင်း

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် ဖြစ်သည်။ 'ရှာဖီလီအာမက်'သည် ကျောင်းတက်ရန် ရောက်ရှိလာသည်။ ကျောင်းမှတာဝန်ရှိကြသူများသည် 'ရှာဖီလီအာမက်'ကို မြင်တွေ့ကြသော် သူမအား လိုအပ်သည်ထက် ပိုမိုဂရုပြုမိကြသည်။ အကြောင်းကား 'ရှာဖီလီအာမက်'၏ မျက်နှာပြင်ပေါ်တွင် ဒဏ်ရာဒဏ်ချက်များ ဖြစ်ပေါ်နေသည့်အတွက်ကြောင့်ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဖြစ်သည်။ 'ရှာဖီလီအာမက်'သည် အိမ်မှ ထွက်ပြေးသည်။ ယင်းက ယင်း၏ မိခင်နှင့် ဖခင်တို့သည် ယင်းအား စောင့်ကြည့်နေပါကြောင်း။ ယင်းအား တစ်ယောက်တည်း လွှတ်မထားပါကြောင်းဖြင့် သူငယ်ချင်းများသို့ ပြောသည်။ သို့ရာတွင် နောက်ဆုံးအခြေအနေတွင်မှ 'ရှာဖီလီအာမက်'သည် နေအိမ်သို့ ပြန်ရောက်ရပေသည်။

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလအတောအတွင်းတွင် ဖြစ်သည်။ 'ရှာဖီလီအာမက်'သည် အိမ်မှ ထပ်မံထွက်ပြေးပြန်သည်။ သူမက ၎င်းအား မိဘများ၏ **နေအိမ်မှ** ပြောင်းရွှေ့နေထိုင်ခွင့်၊ ထွက်ခွာခွင့် ပြုစေလိုပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်း၏မိဘနှစ်ပါးက ၎င်းအား လက်ထပ်ပေးရန်အတွက် အတင်းအဓမ္မစီစဉ်နေ၊ ဖိအားပေးနေကြပါကြောင်းဖြင့် ဗြိတိသျှအာဏာပိုင်များထံသို့ တင်ပြခဲ့၏။

## အစွန်းချုပ်ဆေးရည်သောက်

ဖခင်ဖြစ်သူက 'ရှာဖီလီအာမက်'အား ပါကစ္စတန်နိုင်ငံသို့ ခေါ်ဆောင်သွားသည်။ 'ရှာဖီလီအာမက်'၏ သဘောဆန္ဒနှင့် ဆန့်ကျင်စွာ ဖြစ်သည်ဟူ၍လည်း ညီမဖြစ်သူ 'အာလီရှာ'က ပြောသည်။

'ရှာဖီလီအာမက်'သည် ပါကစ္စတန်နိုင်ငံ၌ ရှိနေစဉ်တွင် အစွန်းချုပ်ဆေးရည်သောက်ပြီး သေကြောင်းကြံစည်ခဲ့သည်။

သို့ဖြင့် ယင်းအား ၂၀၀၃ ခုနှစ်၊ မေလတွင် ဗြိတိန်သို့ ပြန်လည်၍ ခေါ်ဆောင်လာသည်။ ဆေးရုံတင်သည်။ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာစေရန်အလို့ငှာ ရက်သတ္တရှစ်ပတ်တိုင်တိုင် ကုသမှု ခံယူခဲ့ရ၏။

## ဂုဏ်သိက္ခာ

ဗြိတိန်နိုင်ငံတွင် အမျိုးသမီး ၂၅ ဦးကျော်ကျော်သည် 'ဂုဏ်သိက္ခာရှိစွာ သတ်ဖြတ်မှုပြုလိုက်ခြင်း' (HONOUR KILLING" ဟူ၍ သတ်မှတ်ထားသည့် အခြေအနေတွင် ကုန်လွန်ခဲ့သော ၁၀ စုနှစ်အတွင်း၌ သတ်ဖြတ်မှုခံလိုက်ရပေသည်။

အိမ်ထောင်ဦးစီးများသည် ယင်းတို့၏ သားသမီးများ အနောက်တိုင်းဆန်ဆန် ဘဝပုံစံကို ဖော်ဆောင်ကျင့်သုံးမှုပြုလာသည့်အခါတွင်လည်းကောင်း၊ သို့မဟုတ် **လက်ထပ်ပေးရန် စီစဉ်ဆောင်**ရွက်သည့်အခါတွင် ခါးသီးစွာ ငြင်းဆန်ဖယ်ရှားမှုပြုလာသည့်အခါတွင်လည်းကောင်း အရှက်တကွဲ ဖြစ်ကြရသည်။ အိမ်ထောင်ဦးစီးများက ယင်းတို့စီစဉ်မှုကို ဆန့်ကျင်သော သွေးသားများကို လက်သီးဖြင့်ထိုး၊ တုတ်ဖြင့်ရိုက် ညှဉ်းပန်းမှုပြုကြသည်။

## ရှက်ဖွယ်၊ ရှက်စရာနဲ့ ရှက်စိတ်

တရားလိုရှေ့နေကြီး 'ပေါ်လ်ဝှစ်တကာ'သည် အသတ်ခံရသူ၏ ညီမဖြစ်သူ 'အာလီရှာ'အား ချီးကျူးမှုပြု၏။ အကြောင်းမူကား 'အာလီရှာ'သည် ယင်း၏ မိဘနှစ်ပါး၏အလိုနှင့် ဆန့်ကျင်၍ ရုံးတော်သို့ အကိုးအကား အထောက်အထားများဖြင့် သက်သေထွက်ဆိုရဲသည့် သတ္တိရှိလာသည့်အတွက်ကြောင့် ဖြစ်သည်။ ထို့အပြင် ဂုဏ်သရေကြောင့်ဟူ၍ အခြေခံဖြစ်ပေါ်လာသော ရက်စက်ကြမ်းကြုတ်မှုမှ သားကောင်များရှေ့သို့ တိုးထွက်လာကြပါရန် နှိုးဆော်မှုပြုနိုင်သည့် အခြေကြောင့်လည်း ဖြစ်သည်။

"ရှက်ဖွယ်၊ ရှက်စရာနဲ့ ရှက်စိတ် ဆိုတဲ့ စကားလုံးကို အမှုစစ်ဆေးနေစဉ်မှာပဲ အကြိမ်ပေါင်းမြောက်မြားစွာ ကြားသိနေခဲ့ရပါတယ်။ တကယ့်တကယ်မှာတော့ အဲဒီ 'ရှက်ဖွယ်၊ ရှက်စရာနဲ့ ရှက်စိတ်'စကားလုံးဟာ 'ရှာဖီလီအာမက်' အတွက် မဟုတ်ပါဘူး။ 'ရှာဖီလီအာမက်'ရဲ့ မိဘနှစ်ပါးအတွက်ပဲ ဖြစ်ပါတယ်"ဟူ၍လည်း တရားလိုရှေ့နေကြီး 'ပေါ်လ်ဝှစ်တကာ'က ပြောသည်။


မောင်မဟာ

**SOURCE:**
**DEAD TEEN'S POEMS REVEAL HER STRUGGLES. TST. (5-8-2012)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်ရပ်မှန်မှခင်း (၁၉၈၃)

ကချင်ပြည်နယ်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ရုံးဦးစီးမှူး (ရဲမှူးအဖြစ်) တာဝန်ထမ်းဆောင်စဉ် ၁၉၈၃ ခုနှစ် အတွင်းဖြစ်ပါသည်။

တစ်နေ့ ရုံးခန်းအတွင်း ကျွန်တော် အလုပ်များလုပ်နေစဉ် ရဲအုပ်ဦးမောင်မောင် ကချင်ပြည်နယ်ရဲတပ်ဖွဲ့ (မှုးယစ်ဆေးဝါးနှိမ်နင်း ဖမ်းဆီးရေးတာဝန်ခံ ရဲအုပ်ဝင်လာပြီး ကျွန်တော့်အား...

"ရဲမှူး . . . ကျွန်တော် သတင်း တစ်ခုပို့ စရာရှိလို့ပါ" ဟုပြောပါတယ်။

ဒါနဲ့ ကျွန်တော်ကလည်း . . . "ထိုင်လေဗျာ အေးအေးဆေးဆေးပေါ့။ ဘာသတင်းထူးများလည်း" ဟု မေးရာ "ဒီလိုပါဆရာ . . .

ကျွန်တော်တို့ရုံး စာပေးစာယူဌာနမှာလုပ်တဲ့ ဒုတပ်ကြပ်သိန်းဝင်း ဘိန်းဖြူ သစ်ခွေးပျောင်နို့ ရောင်းဝယ် လုပ်ကိုင်နေတဲ့ သတင်းရတယ်"

"သိန်းဝင်းကဆိုက်ကား နင်းတယ်။ အခု ဆိုက်ကားအပိုင်ဖြစ်ပြီး မြို့မ ရပ်ကွက်ထဲမှာ အိမ်တောင်ဝယ်ထား တယ်။ နောက် သူ့ ဇနီးက ကျွန်တော်တို့ တရားရုံးမှာ ကွမ်းယာ ဆေးလိပ်ရောင်း။ သူ့အမေကလည်း ထမင်းရောင်းဆိုတော့ တရားရုံးတရားခံတွေနဲ့ အဆက် အသွယ်ရှုပ်ရှိတယ်ဆရာ.."

"အေးဗျာ၊ ဦးမောင်မောင် ခင်ဗျား ပြောမှပဲ သိရတော့တယ်။ ကျွန်တော် ကတော့ ဒီကောင် သိန်းဝင်းယူနီဖောင်း ဝတ်ထားတာလည်း သပ်သပ်ရပ်ရပ်၊ နောက် ရုံးပိတ်ရက်တွေမှာလဲ တစ်ခါ တစ်လေ ဆိုက်ကားနင်းတာမြင်ရတော့ ကိုယ့်အားကိုယ်ရင်းနဲ့ ရိုးသားစွာ လုပ်ကိုင် စားသောက် နေတယ်ပဲထင်တာ . . ."

ဒါကဆရာ့အမြင်၊ ဒီကောင်က တခြား ဘုပ်ဖွဲ့ဝင်တွေနဲ့ စကားပြောရင် ကြီးကြီးကျယ်ကျယ် ပြောတယ်။

ကျွန်တော် သူသိအောင် တခြား ရဲဘော်တွေပါ တန်းစီမှာတော့ သတိပေး စကားပြောပါတယ်ဆရာ . . ."

"ဒီတော့ . . . ဦးမောင်မောင် ခင်ဗျားပဲ ဂရုစိုက်ပြီး သိန်းဝင်း အခြေ အနေစောင့်ကြည့်ပေါ့ (ဒီဘီလူးဟာ မင်းသားခေါင်းဆောင်းထားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကြာကြာဆောင်းထားလို့ မရပါဘူးဗျာ ခဏပဲရမှာပါ) ကျွန်တော်လဲတစ်ဖက်က ကြည့်ရမှာပေါ့··"ဟု ပြောလိုက်သည်။

*** *** ***

မကြာမီ ရက်ပိုင်းအတွင်းမှာပင် ကျွန်တော်ရုံးခန်းအတွင်း အလုပ်လုပ်နေစဉ် သိန်းဝင်း ရုံးခန်းအတွင်းသို့ ဝင်လာပြီး ···

"လေးစားပါတယ် ရဲမှူး···"

ဟု ပြောဆိုအလေးပြုရင်း စားပွဲရှေ့တွင်ရပ်လျက် ၎င်းလက်ထဲမှ ပါလာသော စာရွက်တစ်ခုကို ကျွန်တော့်အား ပေးရင်း···

"ရဲမှူးခင်ဗျား···ကျွန်တော့်ကို ရဲတပ်ဖွဲ့မှ ထွက်ခွင့်ပြုပါ" ဟုပြောရာ

"ဘာဖြစ်လို့ ထွက်ချင်ရတာလဲ ကွာ···မင်းဒီရုံးမှာ လုပ်ရတာ အဆင်မပြေတာရှိလို့လား၊ ဘာအခက်အခဲရှိလို့ပါလဲ···လုပ်သက်တွေ နမြောဖို့ကောင်းတယ်···"

" မှန်ပါတယ်ရဲမှူး··· ကျွန်တော့်စိတ်မှာမပျော်ပိုက်တာရယ်···မိန်းမနှင့်ယောက္ခမ တို့ ဈေးရောင်းတာကိုလည်း ကူညီချင်၊ နောက်···ကျွန်တော် ဆိုဏ်ကားပဲ အေးအေးဆေးဆေး နင်းချင်လို့ပါ"

"အေးအေး... ဒါဖြင့် မင်း စိတ်သဘောထား ဆုံးဖြတ်ချက်အရ မင်းထွက်စာငါလက်ခံထားမယ်။ ငါပြည်နယ်မှူးကိုတင်ပြမယ် ဒီနေ့ကစပြီး မင်း တစ်ပတ်ခွင့်စား တစ်ပတ်ပြည့်ရင်လာခဲ့ ငါတို့ မင်းဆန္ဒအရ လုပ်ပေးမယ်" လို့ပြောလိုက်သဖြင့်···

"ဟုတ်ကဲ့ပါ ရဲမှူး"

ဟု နှုတ်ခွန်းဆက် အလေးပြု၍ ရုံးခန်းအတွင်းမှ ထွက်ခွာသွားပါတယ်။

၎င်းနောက် ကျွန်တော်လည်း ဌာနစိတ် တာဝန်ခံရဲအုပ်ဦးမောင်မောင်အား ခေါ်ယူပြီး သိန်းဝင်း(ဒုတပ်ကြပ်) နှင့်ပတ်သတ်၍ အရပ်သားဖြစ်သွားရင် ဂရုတစိုက်ကြည့်ရှုစုံစမ်းဆောင်ရွက်ရန် ညွှန်ကြားလိုက်ပါသည်။

တစ်ရက်···ကျွန်တော်တာဝန်တစ်ခုဖြင့် ရန်ကုန်မြို့သို့သွားရန် မြစ်ကြီးနားလေယာဉ်ကွင်း ဧည့်ခန်းအတွင်းတွင်နေစဉ် မမျှော်လင့်ဘဲ လွန်ခဲ့သည့်နှစ်လခန့်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးစာပေးစာယူဌာနစိတ်တွင် တာဝန်ထမ်းဆောင်ရင်း ရဲတပ်ဖွဲ့မှထွက်သွားသည့် ဒုတပ်ကြပ်သိန်းဝင်း ကျွန်တော့်ကိုလာ၍ အလေးပြုနှုတ်ဆက်ပါသည်။

"ရဲမှူး...ရန်ကုန်ကို သွားမှာလား" ဟု မေးသဖြင့် ကျွန်တော်ကပင်"အေးဟုတ် တယ်ကွာ၊ ရုံးကိစ္စရှိလို့"

"ဒီလိုဆိုရင် ရဲမှူးမိသားစုအတွက် ကျွန်တော်(ဝါရှင်တန်လိမ္မော်သီးနှင့် ဂရိတ်ဖုသီး)တစ်ခြင်း ကန်တော့လိုက်ပါရစေ" လို့ပြောပါသဖြင့်···

"နေပါစေကွာ···ပိုက်ဆံကုန်ပါတယ်" ဟု ပြောရာ

"မကုန်ပါဘူး ရဲမှူး···ကျွန်တော်ဝယ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တန်ဆာပါ လုပ်ပြီးပါပြီ"

ဟုပြော၍ ၎င်းဖြစ်ပိုင်းအားလှမ်း... ပေးပါသည်။

ကျွန်တော်ကပင် ···

"အေးကွာ··· ကျေးဇူးတင်ပါတ... ပြောရင်း မင်းကော မန္တလေးလိုက်... လား" ဟုမေးရာ···

"မလိုက်ပါဘူးခင်ဗျာ၊ မိတ်ဆွေတ... ယောက်မန္တလေးက လာမယ်ဆိုလို့ ကျွ... တော် လာကြိုတာပါ" ဟုပြောသည်...

ကျွန်တော်လည်း ဧည့်ခန်းအတွင်း... လေယာဉ်ပေါ်သို့ တက်ခဲ့ပါသည်။

"ကျွန်တော် မီးရထား ရဲစခန်းမှူး... အောင်ကိုပါ။ ရဲအုပ်ဦးမောင်မောင်... တွေ့ချင်လို့" ဟူသော ဖုန်းပြော... ကြောင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး တာ... မှူး စခန်းမှူး ဦးကျော်မြင့် မှ...

"စခန်းမှူးခင်ဗျား···ရှိပါတယ်... ကျွန်တော် တာဝန်မှူးစခန်းမှူးကျော်မြ... ပါ။ခဏကိုင်ထားပါ။သွားခေါ်ပေးပါ့မယ်..."

"ဟဲလို...စခန်းမှူး ဦးအောင်... လား။ ကျွန်တော်မောင်မောင်ပါ"

"ဟုတ်ကဲ့···ကျွန်တော် စခန်း... ကိုအောင်ပါ။ ဆရာနဲ့ ကျွန်တေ... တွေ့ချင်ပါတယ်၊ ကိစ္စတစ်ခုရှိနေလို့... ဒီတော့ ကျွန်တော်ဆရာ့ရုံးကို အ... လာခဲ့ရမလား ဆရာ"

"ရပါကယ် ···ဦးအောင်... ကိစ္စမရှိဘူး ကျွန်တော်ပဲ ခင်ဗျ... မီးရထား စခန်းကိုလာခဲ့မယ်ဗျာ။ တ... ကိစ္စလဲရှိတယ်။ အခုပဲလာခဲ့ပါ့မယ်..." ဟုပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မီးရထားရဲ့စခန်းမှူး ဦးအောင်ကို၏ ရုံးခန်းအတွင်းသို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးမှ မူးယစ်ဆေးဝါးပပျောက်ရေး ဌာနစိတ်တာဝန်ခံ ရဲအုပ်ဦးမောင်မောင် ရောက်လာပါသဖြင့်...

မီးရထားစခန်းမှူး ဦးအောင်ကိုမှ "ဆရာ ဦးမောင်မောင် ခင်ဗျား . . . မနေ့က ကျွန်တော့်ဆီကို မီးရထား ရုံပိုင်ကြီးလာပြီး ပြည်နယ်ရုံးက အရာရှိနှစ်ဦး ခရီးသွားရန် မန္တလေးခရီးသွား အထက်တန်းတွဲ အိပ်ခန်းလာပြီး စာတင်တယ် ဆရာ"

"အရင်တုန်းက ဆရာတို့ ပြည်နယ်ရုံးက အရာရှိတွေ မြစ်ကြီးနား-မန္တလေး ခရီးသွားအထက်တန်းအတွက် လျှောက်တဲ့ နေရာမှာ ဆရာတို့ ပြည်နယ်ရုံးက ရဲမှူး(ဦးစိုး) ဦးတင်အေး လက်မှတ်ထိုးပြီး ပုံစံနဲ့ လျှောက်ထားတယ်"

"အခု . . . ဆရာကြည့်ပါအုံး" ဟုဆိုကာ မန္တလေးခရီးသွား အထက်တန်းအိပ်စဉ်လျှောက်ထားသည့် လျှောက်လွှာကို ပြသည်။

"ပုံစံနဲ့ ပြည်နယ် တံဆိပ်တော့ မှန်တယ်ထင်တယ်။ ဒါပေမယ့်လက်မှတ်ကတော့ရဲမှူး(ဦးစိုး)ရဲ့ လက်မှတ် မဟုတ်တာတော့ သေချာတယ်။ ဒါကြောင့် ကျွန်တော်မသင်္ကာလို့ ဆရာကို တင်ပြတာပါ။

"နောက်ပြီး ဆရာ၊ သေချာတာက ရဲမှူး (ဦးစိုး) လွန်ခဲ့တဲ့နှစ်ရက်လောက်ကလေးယာဉ်ကွင်းမှာ ကျွန်တော့်မိတ်ဆွေတစ်ယောက်ကိုလိုက်ပို့ရင်း။ ရန်ကုန်ကိုတာဝန်တစ်ခုနဲ့သွားတာ ကျွန်တော်နဲ့တွေ့လို့ စကားတောင်ပြောကြသေးတယ် ဆရာ.."

ရဲအုပ်ဦးမောင်မောင်က စခန်းမှူး (မီးရထား) ဦးအောင်ကို တင်ပြသော အချက်များကိုနားထောင်၍ . . .

"သေချာတယ် ဆရာဦးအောင်ကို၊ ဒီလက်မှတ်က ကျွန်တော်တို့ရဲမှူး(ဦးစိုး) လက်မှတ်မဟုတ်ပါဘူး . . .။ နောက်ပြီး မန္တလေးကိုပြည်နယ်က ပိုင်ယာလက်စက်ဖြင့် ဘယ်မြို့နယ်က ပို့သလဲ ကျွန်တော်အပြန်မှာ စုံစမ်းမယ်"

"ဒီတော့ ဆရာ၊ အခုအခါနဲ့ ကျွန်တော် မနက်ဖြန်မန္တလေးကို တင်မဲ့ "တန်ဆာ" ပစ္စည်းတွေကို လျှို့ဝှက်သွားစစ်ဆေးကြည့်ချင်တယ်ဗျာ" ဟုပြောရင်းတန်ဆာဌာန(ဖြတ်ပိုင်းဌာနသို့) နှစ်ဦးသားသွား၍ လျှို့ဝှက်စစ်ဆေးရာတွင်ထင်းရှူးသေတ္တာတစ်လုံး (အပြင်က တစ်ဖက်တွင်ရဲမှူး၊ ပိုင်ယာ လက်စက်ပြင်ဌာနမြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးမြို့ လို့ရေးထားပြီး တစ်ဖက်တွင်(ရဲမှူး-ဦးစိုး) ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး မြစ်ကြီးနား) ဆိုသောမင်ပြာနှင့် ရေးထားသော စာတန်းများကိုတွေ့ရပါသည်။ သို့နှင့် ရဲအုပ်ဦးမောင်မောင်မှ မီးရထား စခန်းမှူး ဦးအောင်ကိုအား-

"သေချာပြီ စခန်းမှူး၊ ဒီတော့ ဆရာရုံပိုင်ကြီးနဲ့ လျှို့ဝှက်တိုင်ပင်ပြီးတော့ ဒီတန်ဆာ(သေတ္တာ)ကို မတင်ဘဲ သိမ်းထားပါ" "နောက်ဆရာ့ အနေနဲ့ ရုံပိုင်ကြီးကို ပြောပါ၊ အခုလျှောက်လွှာနဲ့ အိပ်စင် မြစ်ကြီးနား- မန္တလေး လျှောက်တဲ့ လူနှစ်ဦးလာရင် တစ်နေရာကနေပြီး ဒီနှစ်ယောက်ကို မျက်ခြည်မပြတ်အောင် စောင့်ကြည့်ပါ"

"ကျွန်တော်တို့ ပြည်နယ်ရုံးကလဲ ကျွန်တော့်အဖွဲ့နဲ့ လျှို့ဝှက်စောင့်ပါမယ်ဗျာ"

မီးရထားစခန်းမှူးမှလည်း "ဟုတ်ကဲ့ပါ ဆရာ၊ အားလုံးကျွန်တော်သေချာစွာ အစီအစဉ်ဆွဲ ဆောင်ရွက်ပါမယ်လို့" တင်ပြပါသည်။

နောက်တစ်နေ့ . . နံနက်(၈) နာရီခန့် မြစ်ကြီးနား-ရန်ကုန် အမြန်ရထားထွက်မည့် မြစ်ကြီးနားဘူတာ သွားလာလှုပ်ရှားနေကြသော ခရီးသည်များနှင့် စည်ကားနေသော အချိန်ဖြစ်ပါသည်၊

မီးရထားစခန်းမှူး ဦးအောင်ကိုနှင့်အဖွဲ့၊ မြစ်ကြီးနားပြည်နယ်ရုံးမှ မူးယစ်ဆေးဝါးနှိမ်နင်း ဖမ်းဆီးရေးတာဝန်ခံ ရဲအုပ်ဦးမောင်မောင်တို့သည် အေးဆေးတည်ငြိမ်စွာဖြင့်ပင် သဘာဝကျကျ ဘူတာကြီးတွင်ရှိနေကြပါသည်။

နှစ်ဖွဲ့လုံးကတော့ ဒီနေ့ ဖမ်းဆီးအရေးယူရမည့်တရားခံနှစ်ဦး၏ လှုပ်ရှားမှုကိုတော့ မျက်ခြည်မပြတ် စောင့်ကြည့်နေဆဲပင် ဖြစ်ပါသည်။ အချိန်ကား မြစ်ကြီးနားမှ မန္တလေးသို့ ထွက်မည့် စာပို့ အမြန်ရထားထွက်ခွာရန် အချိန်နီးကပ်လာချိန်မှာပင် . . .

မီးရထားစခန်းမှူးဦးအောင်ကိုနှင့် အဖွဲ့မှ ရထားအထက်တန်းအိပ်စင် နံပါတ်(၁၂)တွင်ရှိနေသော သားကောင်



www.burmeseclassic.com

www.burmeseclassic.com

အား ငြိမ်သက်စွာပင် ၎င်း တို့နှစ်ဦး၏ လက်နှစ်ဖက်အား ငွေရောင်လက်ထိပ်ဖြင့် မိတ်ဆက်၍ ရထားပေါ်မှ ဆင်းပြီး မီးရထားရဲစခန်း ဆီသို့ ဦးတည်ခေါ်ကြပါသည်။ မီးရထားရဲစခန်းအတွင်းတွင် ရဲအုပ် ဦးမောင်မောင်၊ စခန်းမှူး (မီးရထား) ဦးအောင်ကို၊ တာဝန်မှူး ဒုရဲအုပ် ဦးခင်တို့က မီးရထားပေါ်မှ ဖမ်းဆီးလာသော တရားခံနှစ်ဦးရှေ့တွင် ထိုင်လျက်-

ရဲအုပ် ဦးမောင်မောင်က . . .

"ကဲ...မင်းတို့ နာမည် နှစ်ယောက်လုံး ပြောစမ်းပါအုံးကွာ"

ပထမတစ်ယောက်က "ကျွန်တော့်နာမည်နိုင်ဦးပါ" နောက်တစ်ယောက် ဘယ်သူလဲ"

"ကျွန်တော့်နာမည် စန်းလွင်ပါ"

"မင်းတို့ ဘယ်မှာနေကြတာလဲ ပြောစမ်းပါဦး" ဟုမေးသဖြင့်

"ကျွန်တော်တို့ တပ်ကုန်းမှာ နေကြပါတယ်"

"အေးအေး . . . ဒါတွေ ထားလိုက်တော့ကွာ"

"ကဲ . . . ဒါဖြင့် ဟိုမှာ မင်းတို့နှစ်ယောက်ကြည့်လိုက်စမ်းဟု လက်ညှိုးညွှန်၍ အခန်းထောင့်မှ ၎င်းတို့တန်ဆာလုပ်သော ထင်းရှူးသေတ္တာကြီးကို ပြလိုက်ရာ နှစ်ဦးသားမျက်လုံး မျက်ဆံပြူးသွားရာမှ တစ်ယောက်ကိုတစ်ယောက်ကြည့်၍ မျက်နှာများအောက်စိုက်သွားကြပါသည်။ သို့နှင့် စခန်းမှူးမှ တာဝန်မှူးအား သက်သေနှစ်ဦးအား ခေါ်စေ၍ အဆိုပါ သေတ္တာကြီးကို ဖွင့်လိုက်ရာ(သစ်မွှေး) များကို တွေ့ရပါသည်။ ဒီတော့မှ ရဲအုပ် ဦးမောင်မောင်မှ "ဟေ့ ကောင်နိုင်ဦး ပြောစမ်း၊ ဒီကိစ္စ မှန်မှန်ပြော၊ နာမပြောတာ ငါတို့မလိုချင်ဘူး၊ မင်းတို့က သယ်ပို့ပေးရတဲ့ ကောင်တွေဆိုတာ ငါတို့သိတယ်။ ခုချက်ချင်းပြော၊ မင်းတို့ကိုဘယ်သူက သယ်ခိုင်းတာလဲ၊ မန္တလေးက ဘယ်သူ့ဆီပို့ရတာလဲ၊ မှန်မှန်ပြောနော် မှန်တာမပြော ရင်တော့ မင်းတို့ထောင်ကျတဲ့အပြင် လူ့ဘဝကျုံးသွားမယ်" ဟုမေးရာ

နိုင်ဦးက . . .

"ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော် မှန်တာပြောပါ့မယ်။ ကျွန်တော်တို့ နှစ်ယော . ကသယ်ပေးရတဲ့လူတွေပါ"

"ကျွ . . တော်တို့ မန္တလေး အရောက် စရိတ်ငြိမ်းတစ်ခေါက်ကို(၃၀၀၀/-) ရပါတယ် ဆရာ"

"ကဲ ဒီ . . . သစ်မွှေးကို ဘယ်သူက ပို့ခိုင်းသလဲပြောစမ်းကွာ"

"ဟုတ်ကဲ့ဆရာ၊ မြို့မရပ်ကွက်ကရဲ လူထွက် သိန်းဝင်းပါ။ ကျွန်တော်တို့ကို အားလုံးသူပဲ စီစဉ်ပေးတာပါ။"

"မင်းတို့ အရင်တုန်းကကော သိန်းဝင်းနဲ့ ဘယ်နှစ်ခေါက်(ကယ်ရီ) သယ်ပေးဘူးလဲ"

"နှစ်ခေါက်ပါဆရာ၊ အဲဒီတုန်းကတော့ မန္တလေး အရောက်မှဟုတ်ပါဘူး။ လမ်းဘူတာမှာပဲ ဖြစ်ပါတယ်။

ဒီတစ်ခေါက်တော့ သူနောက်ဆုံးအချီ အပိုင်လုပ်မယ်ပြောပြီး စီစဉ်ပေးတာပါဆရာ၊ ဒီနေ့ပဲ သူကလေယာဉ် မန္တလေးကိုလိုက်မယ်။ ကျွန်တော်တို့ နောက်နေ့ဆုံဖို့ ချိန်းပါတယ်"

"ဒါဖြင့် အခုသိန်းဝင်း ဒီ လေယာဉ်နဲ့ သွားမှာပေါ့ဟုတ်လာ

"ဟုတ်ပါတယ်ခင်ဗျား"

ဦးမောင်မောင် လက်မှနာရီ ကြည့်ပြီး . . .

"ကဲဆရာဦးအောင်ကို ခင်ဗျာ လေယာဉ်ကွင်းသွားအုံးဗျာ၊ လေယာ က (၁၀) နာရီမှထွက်မှာပါ"

"တာဝန်မှူးဦးခင်မောင်နဲ့ အဖွဲ့ လည်း ကျွန်တော့်အဖွဲ့နဲ့ ပေါင်း သိန်းဝင်းအိမ်သွားရှာဗျာ" "ရှာရင်ထေ သက်သေခေါ်ပြီး သေသေချာချာ ဆေ စင် ပ်ရှာပါ"

စခန်းမှူးအဖွဲ့ ပြည်နယ်ရုံးအဖွဲ့ ရဲအုပ် ဦးမောင်မောင် ညွှန်ကြားချ အတိုင်း မီးရထားရဲစခန်းမှ ထွက် သွားကြပါသည်။ စားပွဲပေါ်မှ ဖုန်းမြ သဖြင့် ဦးမောင်မောင် ကောက် နားထောင်လိုက်ရာ . . .

"ဆရာဦးမောင်မောင်လား ခင်ဗျ ကျွန်တော် . . င်ကိုပါ ဆရာ။ အ ကျွန်တော်တို့ လိုချင်တဲ့ သိန်းဝင် ဖမ်းမိပါပြီဆရာ"

"ကောင်းပါတယ်ဗျာ . . . ၊ ဆ ဦးအောင်ကို ဂရုစိုက်ပြီးခေါ်ခဲ့ပါ" ပြောရင်း အခန်းထဲတွင် ထိုင်နေသေ သိန်းဝင်း၏ တပည့်နှစ်ဦးအား . . .

"ကဲ . . . မင်းတို့ ဘာမှအားမငယ် တော့ . . . မင်းတို့ခေါင်းဆောင်ကြ



www.burmeseclassic.com

www.burmeseclassic.com

သိန်းဝင်းမိလာပြီ။ ယောက်ျားတွေပဲကွာ၊ မျက်နှာချင်းဆိုင်တွေ့ပြီး ငါတို့ရှုံမှာရှင်းကြတာပေါ့”ဟု ပြောရင်း . . .

ဦးခင်မောင်တို့အဖွဲ့လည်း ရောက်ရှိလာပြီးသိန်းဝင်းအိပ်မှထပ်မံ၍“သစ်မွှေး” မတွေ့ရသော်လည်း ပြည်နယ်ရဲတပ်ဖွဲ့ရုံး ကုန်သွယ်ရေးတံဆိပ်တုံး၊ “ရော်ဘာ” တံဆိပ်တုံးများနှင့်လျှောက်လွှာပုံစံများ အားသိမ်းဆည်းရမိကြောင်း တင်ပြပါသည်။ မကြာမီပင်...မီးရထားဝန်ထမ်း ရဲစခန်းမှူး ရုံးခန်းအတွင်းသို့ စခန်းမှူးနှင့်အတူ စပို့ရှပ် “ဂျိုကြူ” အညိုရောင်၊ ဂျင်းဘောင်းဘီ အပြာနု ရော်ဘာကွင်း ထိုးဖိနပ် အဖြူရောင်ဖြင့် သိန်းဝင်း တစ်ယောက် လက်ထိပ်ခတ်ပြီး ရောက်ရှိလာခဲ့ပါသည်။ ရုံးခန်းအတွင်းသို့ ဝင်လာခြင်း ၎င်း၏တပည့်နှစ်ဦး ငုတ်တုတ်ထိုင်နေခြင်းနှင့်ဖွင့်လှစ်ထားသော “သစ်မွှေး” သေတ္တာကြီးကို မြင်လိုက်သည်နှင့် လှမ်းလာသော ၎င်း၏ခြေလှမ်းတုံ့ဆိုင်းသွားပြီး သက်ပြင်းတစ်ချက်ရှိုက်လိုက်သည်ကို တွေ့မြင်ရပါသည်။

ရဲအုပ် ဦးမောင်မောင်မှ သိန်းဝင်းအား စားပွဲခုံတွင် ထိုင်ခိုင်းပြီး...

“ကဲ . . .သိန်းဝင်း . . . ဘာမှ ပြောစရာမ လိုတော့ဘူး . . .မင်းမျက်စိအောက်မှာ တွေ့နေရပြီမဟုတ်လား။ ဒီမှာ မင်းရဲ့သစ်မွှေး၊ မင်းရဲ့ ဒီပစ္စည်းအပို့ခိုင်းတဲ့သူနှစ်ဦး . . .နောက်ပြီး မင်းအိမ်က ရှာတွေ့ထားတဲ့ ရော်ဘာတံဆိပ်တုံးအတုတွေ . . .လျှောက်လွှာတွေ” ဟု ပြောပြီးပြလိုက်ရာ...

အသက်(၃၀)ခန့် လူပုံချောချော၊ အသားဖြူဖြူ၊ နှုတ်ခမ်းမွှေးရေးရေးနှင့် သိန်းဝင်းမှာ မျက်လုံးအိမ်အတွင်းမှ မျက်ရည်များကျလာပြီး---

“ကျွန်တော်မှာ ဘာမှပြောစရာ မရှိတော့ပါဘူးဆရာ။ သိပ်ကြီးမားတဲ့ အမှားကြီးတစ်ခုကို ကျူးလွန်မိလို့ ကျွန်တော်ခံရတာပါ၊ ကျွန်တော့်ကို ထမင်းကျွေးလာတဲ့ ရဲတပ်ဖွဲ့က ထွက်ခဲ့ပြီး ကိုယ့်ရဲတပ်ဖွဲ့ရဲ့ သစ္စာကိုမှ မစောင့်ထိန်းခဲ့ဘဲ အခုလို ရာဇဝတ်ပြစ်မှုနဲ့ မလွတ်ကင်းတဲ့ ပစ္စည်းကို ရဲတပ်ဖွဲ့ အမည်သုံးပြီးရောင်းခဲ့မိလို့ ဒဏ်ခတ်ခြင်းခံရတာပဲ ဆရာရယ်..

တကယ်တော့ ကျွန်တော် ရဲတပ်ဖွဲ့ကထွက်ပြီးဥပဒေနဲ့ မလွတ်ကင်းတဲ့ ဒီသစ်မွှေးကို ဆက်သွယ်လုပ်ခဲ့ပေမယ့် ဒီလောက်မများပါဘူးဆရာ၊ အလွန်ဆုံး တစ်ပိဿာ၊ နှစ်ပိဿာပါပဲ၊ ခုတော့ ကျွန်တော့်ကျေးဇူးရှင် ရဲမှူး (ဦးစီး)နဲ့ တပ်ဖွဲ့ကို ခုတုံးလုပ်ခဲ့လို့ပါ။ ကျွန်တော်ကလည်း ပြည်နယ်ရုံး စာပေးစာယူဌာနမှာနေတော့ကချင်ပြည်နယ် ရဲတပ်ဖွဲ့က ဝိုင်ယာလက် ဝက်တွေပျက်ရင် မန္တလေး ဝိုင်ယာလက်(စက်ပြင်) ရဲမှူးဆီပို့နေတာကိုသိလို့ လွှန်ခဲ့တဲ့ နှစ်ရက်လောက်မှာရဲမှူး(ဦးစီး)နဲ့ လေယာဉ်ကွင်းမှာ ရန်ကုန်သွားမှာသိတာနဲ့ကျွန်တော် မကောင်းတဲ့ အကြံရပြီး ဒီတစ်ချီတော့ . . .ခုတော့ ခံရပြီပေါ့ဆရာ..”

“အေးပေါ့ကွာ ... ရာဇဝတ်ဘေးဆိုတာပြေးမလွတ်သလို... မကောင်းမှုဆိုတာလဲ ဆိတ်ကွယ်ရာ မရှိဘူး သိန်းဝင်း”

“တကယ်တော့ ဆရာရယ် ကျွန်တော် ရဲတပ်ဖွဲ့က ရတဲ့လစာရယ်၊ ကျွန်တော့် ဇနီး တရားရုံးမှာ ကွမ်းယာရောင်း၊ ယောက္ခမကလည်း ထမင်းရောင်း၊ အားတဲ့အချိန် ကျွန်တော် ဆိုက်ကားနင်းပြီး အေးချမ်းစွာ မိသားစုတားဝတ်နေရေး အဆင်ပြေနေလျက်နဲ့ ကျွန်တော် ချမ်းသာချင်တဲ့စိတ်နဲ့ အခုလို စိတ်ဆင်းရဲမှုခံစားကြရပါပြီ။ ဆရာရယ်...” ဟုပြောရင်း မျက်ရည်များ ဖြိုင်ဖြိုင် ကျလာပါတော့သည်။

“အေးပေါ့ကွာ . . .သိန်းဝင်း . . . ဖြစ်တော့လဲ ဘယ်တတ်နိုင်မလဲ။ မင်းယောက်ျားပဲ ကိုယ်ဖြစ်ရင် ကိုယ်ခံရရမှာပေါ့။ ငါတို့ကတော့ ငါတို့ရဲတပ်ဖွဲ့က နေထွက်ပြီး အခုလို ကိုယ်က တရားခံပြန်ဖြစ်၊ အချုပ်ထဲဝင်၊ တရားဥပဒေအရ ရင်ဆိုင်ပြစ်ဒဏ်ခံရမှာ ဖြစ်တဲ့အတွက် စိတ်မကောင်းပါဘူးကွာ” လို့ ပြောရင်း

“ကဲ.. ဆရာဦးအောင်ကို ခင်ဗျား တို့ မီးရထားရဲစခန်းကပဲ ဆက်လက်ဆောင်ရွက်ပေါ့ဗျာ။ မနက်ဖြန်ကျွန်တော်လဲ နှုတ်ရော စာပါ ပြည်နယ်ရဲတပ်ဖွဲ့မှူးထံ တင်ပြပါ့မယ်” အချိန်ကား နေ့လယ် (၁၂)နာရီ။ သို့သော် ကချင်ပြည်နယ်၏ ရာသီဥတုကြောင့် အအေးဒဏ်ကိုတော့ ခံစားရင်း ထွက်ခွာလာခဲ့ ပါတော့သည်။

(တောင်တွင်းတင်အေး)

ဒုတိယရဲမှူးကြီး(ငြိမ်း)ပ.ရ.ခ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ကံဇာတာရယ် ခေချိန်မို့လား

■ ဝေအိကို ■

လရောင်ပြပြ အလင်းမယ့် ပင်လယ်ပြင်ကြီးက တဝုန်းဝုန်းဘာဒိုင်းဒိုင်းနဲ့ လှိုင်းပုတ်သံတွေ အောတိုက်နေရောပဲလေ။ မှောင်စပ်စပ်ကလေး ဖြစ်နေပြီ။ ညည့်နက် သန်းခေါင်ချိန်ဆိုရင် လရဲ့ အလင်းရောင်က ဟန်အကျသားရယ်။ အသွားအလာတွေကလည်း သည်အခါမယ် ကျဲပါးသလောက်ရှိနေပြီ။

အဲသည် ရေနားဆီမယ်တော့ ဝဲကန်တော့ တစ်ခုရှိနေလေရဲ့။ အော်သလား မမေးနဲ့နော်၊ တဝေါဝေါ။ သည်ကမ်းခြေမယ် အုန်းသန်းနဲ့ခေါ်ကြီးနစ်ယောက်သားက ပခင်စိန် ဆီက ဆွဲလာခဲ့တဲ့ အရက်တစ်လုံးကို ပင်လယ်ပြင်ကို ကြည့်နေရင်းက တစိမ့်စိမ့် သောက်နေကြလေရဲ့။

စစ်တွေမြို့ကလေးက ပြောရရင်ဖြင့် ရေပတ်လည်ဝိုင်းရံနေတဲ့ ကျွန်းကလေးတစ်ကျွန်းနှယ်။ ပတ်ချာလည်မှာက ပင်လယ်ရေတွေ ထိစပ်နေတာမို့ ဘယ်နေရာကိုပဲ ကြည့်လိုက်ကြည့်လိုက် ညအခါတွင် လှိုင်းပုတ်သံတွေ တညံညံ ဖြစ်နေတာပဲလေ။

အုန်းသန်း သည်ကနေ့ဖဲက ရှုံးသလားမပြောနဲ့၊ ပါလာတဲ့ သုံးသောင်း၊ ကျော်ကျော်ဟာ တက်တက်ကို ပြောင်ပါကရော။ စိတ်ညစ်ညစ်ရှိတာနဲ့ပဲ အရက်တွေ ဖိသောက်နေမိတော့ အိမ်ကို ဘယ်လိုဘယ်လို ပြန်ရောက်လာခဲ့မှန်းတောင် မသိလိုက်တော့။

အိမ်ပြန်ရောက်တာနဲ့ပဲ တုံးကန်အိပ်ပျော်သွားလိုက်တာ မနက်မိုးစင်စင်တောင် မဟုတ်တော့ဘူး။ နေတောင်အတော်ကလေး မြင့်နေမှ၊ လူတစ်ကိုယ်လုံးလည်း နုံးခွေပျော့နေ၏။ ဘာကိုမှလည်း ပြန်မစဉ်းနိုင်။ ခေါင်းတစ်ခေါင်းလုံးမှာလည်း လေးလံထုံထိုင်းနေ၏။ ပင်လယ်ဆီက လှိုင်းပုတ်သံတွေကဖြင့် သောသောကို ညံနေသည်ဟု ထင်မိ၏။ တစ်ခါတစ်ခါ လှိုင်းလုံးတွေက ကမ်းစပ်ဆီကို ရိုပ်ကနဲ ရိုပ်ကနဲ တက်လာပြီး ဝေါကနဲဆို ပြန်လျှောဆင်းသွားနေတာကို အိပ်မက်တစ်ခုလိုပဲ မြင်နေဆဲရယ်။

အိမ်အပြန် ခြေလှမ်းတွေက ဒယိမ်းဒယိုင်၊ သိုင်းကွက်တွေ ကနေသလားထင်ရ။ ဘယ်ခြောက်ခါ ညာလှမ်းလို့ကွေးလိမ်စွာနှင့် အတော်ကလေး



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့ မနက်ခင်းမယ်
မရှည် တို့ ပိုက်တန်းကောက်မယ်ဆိုပြီး
ကမ်းစပ်ဆီသို့ ဆင်းလိုက်တော့၊ အမယ်လေး
ကမ်းစပ်သောင်ပြင်မယ်
လူသေအလောင်းတစ်လောင်း တွေ့ခဲ့ရ
သတဲ့နော့။ ဝတ်လစ်စလစ်ဖြစ်နေပြီး
ပက်လက်ကြီး မဟုတ်တာပဲတော်လှရော။
နို့ - တွက်ကြည့်လေ။ မြင်မကောင်း
ရှုမကောင်းတွေ ဖြစ်ရောမယ်မို့လား။

အားစိုက်ပြုခဲ့ရသည်ကိုတော့ မိုးတဝါး သိမြင်နေသလားမှတ်၏။ နောက်တော့ ဘာမှကိုပင်မသိနိုင်။ အပြီးတိုင် အိပ်စက်သွားသည်မို့ တစ်ခဏတော့ဖြင့် လူ့လောကကနေ ထွက်ပြေးသွားနေသူပမာ မောဟိုက်နေတော့သည်။

မိန်းမဖြစ်တဲ့ ဦးမော်နုက အတင်း လှုပ်နှိုးလိုက်လို့သာ ထဖြစ်ခဲ့၏။

"ယောက်ျား အိမ်ရှေ့မယ် ရဲတွေ ရောက်နေတယ်တော့။ တော့ကိုမေးနေတယ်၊ ထစမ်းပါဦး ဘာတွေဖြစ်လာခဲ့တာလဲဟင်၊ ကျုပ်ဖြင့် ရင်တုန်ပန်းတုန် ရှိလိုက်တာ - ထပါဦး"

"ဟော... ဇအေးပါကွာ၊ ငါရှင်းရမှာပေါ့လေ"

"ကဲ... ဘာဖြစ်မလဲ"

သည့်နေ့ မနက်ခင်းမယ် မရှည်တို့ ပိုက်တန်းကောက်မယ်ဆိုပြီး ကမ်းစပ်ဆီသို့ ဆင်းလိုက်တော့၊ အမယ်လေး ကမ်းစပ်သောင်ပြင်မယ် လူသေအလောင်းတစ်လောင်း တွေ့ခဲ့ရသတဲ့နော့။ ဝတ်လစ်စလစ်ဖြစ်နေပြီး ပက်လက်ကြီး မဟုတ်တာပဲတော်လှရော။ နို့ - တွက်ကြည့်လေ။ မြင်မကောင်း ရှုမကောင်းတွေ ဖြစ်ရောမယ်မို့လား။

မရှည်လည်း ကြည့်ရဲပေါင်း တန်းနေအောင် အပြေးကလေး သုတ်ခြေတင်ပြီး ရဲခန်းကို ပြောရတော့တာပ။ မပြောလို့ဖြစ်မလား။

ရဲခန်းမှာ မရှည် ခမျာ ပြော
ရတာကိုက တုန်တုန်ယင်ယင် ဖြစ်
လို့ ဂါတ်စာရေးကြီး ဦးကျော်မောင်
စိတ်မရှည်ချင်ဖြစ်နေသေး။ တဖြေး
ခြင်းပြောပြမှပဲ စခန်းမှူးဖြစ်တဲ့ ရဲ
မောင်မောင်လေးနဲ့ နယ်ထိန်းအ
တွေပါ ကမ်းစပ်ဆီ ရောက်လာခဲ့
မြေပုံကြမ်းတွေဆွဲ၊ ဓါတ်ပုံတွေ အလ
ရိုက်နဲ့ ရှုပ်ရှက်ခတ်ကရော။ သေ
ဘယ်သူ ဘယ်ဝါမှန်းလဲ သိမှမသိ
တာဆိုတော့၊ တောင်မေး မြောက်
တွေ အစီအရီဖြစ်ကုန်ရော။

သေနေတဲ့သူရဲ့ ဘယ်ဖက်ရင်အ
မှာတော့ တိုးသွင်းဒဏ်ရာတစ်ခု
အထင်းသားကြီးဖြစ်နေတာမို့ ဒါ
ဖြင့် ဓမ္မတာအတိုင်း မဟုတ်ချေ
ဘူးဆိုတာကို တပ်အပ်သိနင့်လိုက်
မို့ကြောင့်လည်း စခန်းမှူးအလုပ်
ဖယ်ဆက်သလိုပဲ လှုပ်ရှားနေရ
သည်။

အခသောင်းနဲ့ မနီးမဝေးမှာ မခင်
ရဲ့ အရက်ဆိုင်ရှိတယ်ဆိုတာ သိလိုက်
တော့မှ၊ ခေါ်ကြီးတစ်ယောက် အသ
ပျောက်ရတာနဲ့ ကြုံရတဲ့ အဖြစ်ကို
မခင်ငြိန်ကတော့ရင် မနေ့ညကြ
မိုးချုပ်ကျမှ အရက်လာဝယ်တဲ့ လူ
ယောက်ရှိတယ်၊ အမြဲလိုဖောက်သည်
ဖြစ်နေတဲ့ အုန်းသန်းလည်း ဖြစ်နေတ
မို့ အရက်တစ်လုံး ရောင်းပေးလိုက်
သေးဆိုတော့ အုန်းသန်း ဆိုတ
ဘယ်သူလဲ၊ ဘယ်ကလဲ ထပ်မေး
လိုက်မှပဲ အုန်းသန်း ဆိုတဲ့လူ၊ အခုနိ



www.burmeseclassic.com

www.burmeseclassic.com

ယ်မှာရှိနေလောက်သည်ကို တွက်ဆ

"ဟုတ်ကဲ့ပါ"

အုန်းသန်းမှာ အံ့ခဲနေတဲ့ခေါင်းကို ဖြည်းဖြည်းနိုပ်နေရင်းကပင် မနေ့ညက ဖြစ်သနစ်ကိုပင် တွေးကြည့်ရင်း ဖြည်းဖြည်းတရိုပ်ရိုပ်ဆိုသလို ပြန်မြင် မိတော့၏။

"သည်လိုပါဆရာတို့ရယ်။ ခပ်စော ပိုင်းလောက်တုန်းက ကျုပ်ရယ်၊ ကြီးရယ် နှစ်ယောက်သား ဦးကျော်ငံ အောင်တို့ဆီမယ် ဖဲသွားကစား ဖြစ်ကြ တယ်။ တစ်နေ့လုံး မိုးသာစုံးစုံးချုပ် ကျုပ်ရှိနေတဲ့ ငွေသုံ သောင်းကျော် င်အောင်ရှုံးသွားတာမို့ ခေါ်ကြီးမယ် ည်း နာရီမရှိတော့ဘူး။ ဒါနဲ့ပဲ ပြန်ချ ကြတာပေါ့။ ခေါ်ကြီးမှာကတော့ ရီမရှိတော့ပေမယ့် လည်ပင်းမှာက စ်ကျစ်သားအုန်းဆံကြိုး ရွှေကြိုး စ်ကုံးကတော့ ကျန်နေသေးတာပေါ့။ ပ်မှာသာ ရှိတာတွေ ကုန်နေပြီလေ။ တ်ကလည်း ညစ်ထပ်ထပ်ရှိတာ စ်ကြောင်းမို့ နှစ်ယောက်သား င်စိန်ဆိုင်က အရက်တစ်လုံးဆွဲပြီး င်လယ်ကမ်းခြေမှာ တအိအိနဲ့ အရက် ိုင်သောက်နေ ဖြစ်ကြပါတယ်။

အဲသလို အရက်သောက်ရင်းက င်လယ်လှိုင်းရိုက်တာတွေ တရိပ်ရိပ် ကြည့်ရင်း ကျုပ်ရင်ထဲမှာလည်း ဘယ်နယ့်ရယ်ကြောင့် မပြောတတ်၊ အရက်ရှိန်ကလေးကလည်း ပင်လယ် ှိုင်းတွေအလား၊ အလိပ်လိပ်တက်လာပြီး တွက်မိတာက ခေါ်ကြီးဆီက အုန်းဆံကြိုးကိုယူပြီး ခေါ်ကြီးကိုပင်လယ် ထဲဆွဲချလိုက်ရင်တော့ သေချာပေါက် လှိုင်းဆွဲချတာနဲ့ပဲ ပင်လယ်ရေနက်ဆီ ရောက်မယ်ဆိုရင် ခုလိုညကြီးသန်းခေါင် ဘယ်သူမှလည်း မမြင်ဘူးလေ။ လူက လည်းပြတ်နေပြီ။ အိပ်ရာဝင်ကုန်ကြ ပြီလေ။ ဒါဆိုရင်ကျုပ်ကို ဘယ်သူကမှ မပြောနိုင်ကြတော့ဘူးလို့ တွက်မိရာ ကနေ ကျုပ်မယ်ပါလာတဲ့ ဆောင်မား မြှောင်နဲ့ ရုတ်ဘရက် ထိုးချလိုက်တာ တစ်ချက်တည်းပါပဲ၊ လူတွေက အမှူး ဓာတ်ခံလည်း ရှိနေကြတာမဟုတ်လား။ အင့်ကနဲ မှောက်သွားမှပဲ သူ့ဆီက အုန်းဆံကြိုးကို ဖြုတ်ပြီး ပင်လယ်ဆီ တွန်းပို့ခဲ့တာလေ။

ကံခေလိုက်ပုံများရယ်။ ဘယ်နယ့် များ ပင်လယ်ထဲ မျောပါမသွားပါဘဲနဲ့ ကမ်းခြေကို ပြန်ရောက်ရတယ်လို့၊ အံ့ရောပဲ။ ကျုပ်ဖြင့် မနေ့က သောက် ထားတဲ့ အရက်တန်ခိုးတွေတောင် စုတ်စမြုပ်စ ပျောက်ကရောပါပဲ ဆရာ တို့ရယ်"

သနားရှာပါတယ်။ အတွက် အချက်လွဲဆိုတော့ရင် နဂိုကတည်းက ရေမှာဝဲတစ်ခု ရှိနေတာမှတ်လား။ ကိုယ်ကတော့ ဟန်ကျပြီဆိုကာ ဆော်ထဲ့လိုက်တာ။ နှိပေသိ ဝဲနဲ့တွေ့ ထိလိုက်တော့ ဝဲဆိုတဲ့အတိုင်း ဝဲဝဲ လည်-ခေါ်ကြီးမှာ လိုက်နေရပြီး လှိုင်းဖျား အထိမှာတော့ ကမ်းခြေဆဲစပ်က ငုတ်တုတ် မေ့ပေါ်လာခဲ့ရရော။

ဘုရားပေးပေး၊ ကျမ်းပေးပေး။ အုန်းသန်း သည့်နယ်ထိအောင် မတွေး ခဲ့မိရိုး။ ဟောဗျာ၊ အခုများနယ် ခေါ်ကြီး ကလည်း ငုတ်တုတ်မဟုတ်ဘဲ၊ မှောက်ခုံ လန်သေနေသူတစ်ဦးသာ။ ခက်ကရော။ လုပ်တိုင်းလည်း မဖြစ်ပါကလားနော်။ အခုတော့ ခေါ်ကြီးလည်းဆုံး လက်သည် လည်းပေါ် အဖြစ်မျိုး ဖြစ်ခဲ့ကြရပါ ကလား။

ခေါ်ကြီးကပဲ ကံခေရှာတာလား။

အုန်းသန်းကပဲ ကံခေရှာတာလား။

ကံဇာတာ ခေချိန်မို့ဖြစ်ရတဲ့ အဖြစ်များနယ် ပြောပင်မပြောချင်တော့ ပါလေ။

ပင်လယ်ဖက်ဆီမှာက လှိုင်းရိုက် သံတွေ တည်းညံ၊ လှိုင်းအော်သံတွေက တဝေါဝေါ၊ လှိုင်းလုံးတွေက တလိပ်လိပ် အုန်းအုန်းထလျှက် ရှိနေသေး၏။

ပင်လယ်ပြင်တစ်ခွင်လုံးကလည်း သူနဲ့ ပတ်သက်မှုမရှိသလိုပင် ငြိမ် သက်ခြင်းမရှိဘဲ ဖြစ်နေသေးသည်သာ ပါလေ။

ဝေအိကို


ခေါ်ကြီးကပဲ ကံခေရှာတာလား ?

အုန်းသန်းကပဲ ကံမေရှာတာလား ?



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်ရင်တော့ စိတ်မောစရာမဲ့။ ဒါပေမဲ့ တွေးနေရုံနဲ့ ပြီးသွားတာမှ မဟုတ်တာ။ သည်တော့လည်း ကိုယ်လုပ်စရာရှိတာ လုပ်နေရုံပဲပေါ့။

လူဆိုတာ တစ်ခုမဟုတ်တစ်ခု လုပ်ကြရတာမဲ့။ အလုပ်မလုပ်ဘဲ နေနိုင်တဲ့လူရယ်လို့ အတော်ရှားလိမ့်မယ်။ ချမ်းသာတဲ့လူက ချမ်းသာတဲ့အလျောက်၊ ဆင်းရဲတဲ့လူက ဆင်းရဲတဲ့အလျောက် ကိုယ်နဲ့ဆိုင်ရာဆိုင်ရာမှာတော့ လုပ်နေကြရမှာပဲ။ အဆန်းမှတ်လို့၊ ပညာရှိတဲ့လူက ပညာအားကိုးပြီးလုပ်၊ ငွေရှိတဲ့လူက ငွေနဲ့ ရင်းနှီးရှာဖွေ၊ ခွန်အားရှိတဲ့လူကလည်း ကိုယ့်ခွန်အားအသုံးချ။ လူ့လောက လူ့ဘဝမှာ ကိုယ့်ဝန်ကိုယ့်တာ ကိုယ့်နေရာ အသီးသီး ဆောင်ရွက်ရတာပဲလေ။

ကိုယ်လည်း လူ့ဘဝထဲက လူတစ်ဦးပဲလေ။ သည်တော့ ကိုယ်တတ်တဲ့ ပညာနဲ့ ကိုယ်အသုံးချရှာဖေါလုပ်ကိုင်နေတိုင်ရလိမ့်မယ်။ သည်လိုညမျိုး မကြုံဖူးတာမှ မဟုတ်တာ။ တစ်ခါတစ်ခါ ကြုံတတ်တာပဲ။ ခုမှ သည်အလုပ်လုပ်တာ မဟုတ်ဘူး။ သုံးလေးနှစ်ရှိပြီ၊ ဟုတ်တယ်၊ ကိုချစ်သိန်း Taxi ကားမောင်းတဲ့အလုပ်လုပ်ခဲ့တာ အတော်ကလေးကြာပြီ။ သည်တော့ ခုလိုညမျိုးတွေလည်း ကြုံဖူးတယ်။ သိပ်တော့မဆန်းပါဘူး။

ပညာဆိုလို့ ပြောရဦးမယ်။ ကိုချစ်သိန်းတို့လို အငှားကားမောင်းတဲ့လူမှာလည်း ပညာတော့ ရှိရသဗျ။ ကိုယ့်ရှေ့တည့်တည့်ပဲ ကြည့်မောင်းနေလို့တော့ တားစီးတဲ့ခရီးသည်ကို မြင်နိုင်မှာမဟုတ်ဘူး။ သည်တော့ ရှေ့နောက်ဘေးဝဲယာ မျက်စိအကြည့်က လျင်မြန်မှ ရှုရမှ တော်ကာကျမယ်။ နားစွင့်ထားဖို့လည်း လိုတယ်လေ။ ဟုတ်တာပေါ့။ တချို့ခရီးသည်က ကားလွန်သွားမှ လက်ခုပ်တီးပြီး ငှားစီးတာမျိုးလည်း ရှိတတ်တာကိုး။

အငှားလိုက်တယ်ဆိုကတည်းက ကိုယ့်စိတ်တိုင်းကျတော့ ဖြစ်ချင်မှ ဖြစ်မယ်။ ခရီးသည်ဆိုတာကလည်း အမျိုးမျိုးပဲဟာ၊ ဂုဏ်သရေရှိပုဂ္ဂိုလ်တွေလည်း ငှားစီးတဲ့အခါမျိုး ရှိချင်ရှိမယ်။ စွာတေးလန်ဈေးသည်တွေလည်း ရှိချင်ရှိမယ်၊ ဘုရ... ဖူးသွားတဲ့လူလည်း စီးချင်စီးမယ်။ အရ... မူးတဲ့လူတွေလည်း စီးတဲ့အခါ စီးမှာ... သည်တော့ လူအမျိုးမျိုး စိတ်အထွေထွေ... ပေါ့။ ကိုယ့်အနေနဲ့က စီးတဲ့ခရီးသည်...



www.burmeseclassic.com

www.burmeseclassic.com

လိုရာခရီးရောက်ဖို့ စိတ်ချမ်းသာဖို့ စွမ်းနိုင်သမျှ ဆောင်ရွက်ဖို့ပဲဟာ။ သည်တော့ ကိုယ့်စိတ်တိုင်းကျတော့ အားလုံးဖြစ်ချင်မှ ဖြစ်မယ်။ အဓိက ကိုယ့်အတွက် တန်ရာတန်ကြေး လုပ်အားခရရင်ပြီးရော။ ခရီးသည်ကတားရင် ကိုယ့်ကားရပ်ပေး။ သွားချင်တဲ့နေရာမေး။ ကိုယ်ဟောင်းတဲ့အခကြေးငွေ ထိုက်သင့်အားလျော်စွာပြော၊ ပို့နိုင်ရင်ပို့၊ မပို့နိုင်ရင်ငြင်း၊ ဒါပဲပေါ့။

သည်လိုညမျိုးတွေလည်း တစ်ခါတစ်ခါ ကြုံဖူးပါတယ်။ ဟုတ်တယ်လေ။ အငှားကားမောင်းတယ်ဆိုတာမျိုးက ဘတ်စ်ကားတွေလို ပုံမှန်ပြေးဆွဲပေးရတဲ့လမ်းရယ်လို့ ရှိတာမဟုတ်တော့ ခရီးသည် ရမယ်ထင်ရတဲ့နေရာတွေကို စိတ်ကူးမိသလို လျှောက်ပြီးမောင်းနေရတာကိုး။ သည်တော့ အဆင်ပြေတဲ့အခါ စွတ်ရွတ်အဆင်ပြေတတ်တယ်။ မပြေဘူးဆိုတဲ့အခါလည်း အတော်ကိုမပြေတာ။ ဒါစိတ်ညစ်နေလို့ ပြီးမလား။ တွေးပြီး စိတ်မောနေလို့ ဖြစ်မလား။ သည်တော့ ကိုယ်လုပ်စရာရှိတာ လုပ်နေရုံပဲပေါ့။ စိတ်ကူးတည့်သလို လျှောက်ပြီးမောင်းကြည့်၊ ဒါပဲကိုယ်တတ်နိုင်တယ်လေ။

သည်ညဆိုလို့ ဟုတ်တယ် ကိုချစ်သိန်းက ညပိုင်းမှာပဲ မောင်းရတဲ့သူ။ Taxi ကားကိုပဲ နေ့ပိုင်းမောင်းတဲ့လူ ရှိသေးတယ်၊ ဒါကလည်း ကိုယ်ပေးနိုင်တဲ့ စပေါ်ငွေနဲ့ အဆင်ပြေအောင် စီစဉ်ထားရတာကိုး။ စပေါ်ငွေဆိုတာက လေးဘီးကားပိုင်ရှင်ဆီကို ခုလို ညပိုင်းမောင်းဖို့အတွက် စပေါ်(သုံးသိန်း)ကြိုတင်ပေးထားရတယ်၊ နေ့ပိုင်းမောင်းချင်တဲ့လူအတွက်က (ငါးသိန်း)နဲ့အထက် စပေါ်တင်နိုင်မှ ဖြစ်မယ်လေ။ ကိုချစ်သိန်းက (သုံးသိန်း)ပဲ တတ်နိုင်တယ်။ ဒါကြောင့် ညပိုင်းပဲ မောင်းလို့ရတယ်။

သည်ည ကားပိုင်ရှင်အိမ်က ကားထုတ်ပြီး မောင်းထွက်လာတော့ ခရီးသည် သုံးလေးဦး ဆက်တိုက်ပို့လိုက်ရတယ်။ နှစ်နာရီလောက်အတွင်းမှာပဲ ငွေငါးထောင်ရလိုက်ပြီ။ အချိန်က ညရှစ်နာရီထိုးပြီဆိုတော့ သည်ည မဆိုးဘူးတွက်ရမယ်ထင်ရဲ့။ ဒါပေမဲ့ ဘုတာကြီးသွားမယ့် ခရီးသည် ပို့ပြီးကတည်းက ကိုချစ်သိန်း ဘယ်ဘက်ပိုင်းမောင်းရမယ်ဆိုတာ စဉ်းစားမရသေးဘူး။ ဆူးလေဘုရားလမ်းဘက် မောင်းကြည့်တော့လည်း တစ်ယောက်နှစ်ရာနဲ့အော်ပြီး ခေါ်နေတဲ့ ကားတွေက ဟောတစ်စင်း ဟောတစ်စင်း ဆက်နေတယ်၊ ဒါကြောင့် သိမ်ကြီးဈေးဘက်က ဈေးအသိမ်းများ ရမလားလို့ မောင်းကြည့်တော့လည်း ခရီးသည်က မရ။

ကုက္ကိုင်းလမ်းအတိုင်း
ဆက်မောင်း။
မိန်းကလေးက
စကားနည်းဟန်တူရဲ့။
ဘာမှမပြောဘူး။
ဒါမှမဟုတ်
အိပ်ငိုက်နေတာလည်း
ဖြစ်နိုင်တယ်။
လေသင့်တဲ့အခါ သူ့ဆီက
အပေါစားမိတ်ကပ်နံ့ကို
တစ်ခါတစ်ခါ ရတတ်ရဲ့။
ကိုချစ်သိန်းကလည်း
ကိုယ့်ကားကိုယ် ဂရုစိုက်
မောင်းနေတာပါပဲ။

ရွှေတိဂုံဘုရားကို တစ်ရာ၊ တစ်ရာ
ဆိုတဲ့ ကားတွေကလည်း ဈေးနားမှာ
သိပ်မပြတ်သေးဘူး။ သည်တော့ ရွှေတိ
ဂုံဘုရားက အပြန်ခရီးသည် ရနိုင်တယ်
တဲ့ အတွေးနဲ့ အရှေ့ဘက်မုခ် ရေတာ
ရှည်လမ်းဟောင်းထဲ မောင်းဝင်ခဲ့တော့
လည်း ကိုယ်ပိုင်ကားက တန်းစီလို့၊ သိ
မနိုင်တာကြောင့် လမ်းထိပ်က လက်ဖက်
ရည်ဆိုင် ဝင်ထိုင်ဖြစ်ရဲ့။ စက်လည်
အနားပေး၊ လူလည်းအညောင်းဖြေ
သအောနဲ့ လက်ဖက်ရည်တစ်ခွက် ဝ
သောက်တာပါ။

ညဆယ်နာရီထိုးပြီးပြီ။ ရတဲ့ငွေ
ခြောက်ထောင်က ထပ်ပြီးတိုးမလာသေ
ဘူး။ စိတ်တွက်နဲ့ လက်ဖက်ရည်ဆိုင်ထို
ရင်း တွက်ကြည့်မိသေးတယ်။ ဆီဖိုး
သုံးထောင်၊ ဒါတောင် CNG မို့လို့
ဒီဇယ်/ဓာတ်ဆီဆို မလွယ်ဘူး။ နောက်ပြီ
ကိုယ်မောင်းတဲ့ ကားလေးက အကျ
မဟုတ်လို့ တော်တော့တယ်။ Own
ခက တစ်သောင်း ပေးရဦးမှာဆိုတော့
အင်း ... သည်ညအတွက် နှစ်သောင်း
လောက်ရှာနိုင်မှ ကိုယ့်အတွက် ငါးထော
ကျန်လိမ့်မယ်။

မြို့ထဲ ဆူးလေဘုရားလမ်းဘ
ပြန်မောင်းထွက်လာခဲ့တယ်။ မဆိုးဘူ
သာကေတသွား...့် ခရီးသည်သုံးယော
ရလိုက်တယ်။ သုံး၃တောင်ကျပ်တော့
အဆင်ပြေပြန်ပြီဆိုပါတော့၊ သာကေ
ကအပြန် ကီလိုဈေးသွားကြမယ့် ကုန်
သည်တစ်စု တင်ခဲ့ပြန်တော့ သုံးထော
လိုက်ပြန်ပြီ။ အင်း ...အချိန်ကလည်
ညဆယ့်နှစ်နာရီရှိပြီပဲ။ သည်လော
တော့ ရဦးမှပေါ့။ ရတော့လည်း ဆ
တိုက်ပဲဗျ။ ကမ္ဘာအေးဈေးသွားမယ့်
စိမ်းသည်တစ်ယောက် တောင်းတွေ
ပလုံးတွေ သုံးလေးလုံးနဲ့ ခရမ်းသီး
ပေါင်ရွက်၊ ဂေါ်ဖီထုပ်စတဲ့ ဟင်းသီး



www.burmeseclassic.com

www.burmeseclassic.com

တော်တော်များသွားပဲ။ ကားနောက် တင်လိုက်တော့ ခြင်းတွေ၊ တောင်း နဲ့ ပြည့်သွားပြီ။ ဒါတောင် လေးဘီး မောင်းတဲ့သူတွေက သူတို့အတွက် သဘောကျဟန်မတူဘူး။ သူတို့က ကိုက်လို့ မလိုက်တာလားမှ မသိ။ ယ်က ခရီးသည်တင် Taxi ဖြစ်ပေမဲ့ ညတွေမှာတော့ အဆင်ပြေသလို င်ရတာပါပဲ။

ကိုယ်ကတော့ သုံးထောင့်ငါးရာနဲ့ တ်ပို့ဖို့ သဘောတူလိုက်တာပဲ။ ကား ခန်းမှာ လာထိုင်စီးတော့ အာလာပ လ္လာပ ပြောကြရင်း သိရတာ တစ် ဆောင်းခွဲလောက်ရင်းရတယ်၊ တစ်နေ့ ကိုယ့်အတွက် ငါးထောင်ကျော်ကျန်တယ် ဆိုလားပဲ။ ကိုချစ်သိန်းကားမကောင်းဘဲ န်စိမ်းပဲ ရောင်းရတော့မလိုလို့။ အင်း လေ . . . သူလည်း သူ့ပညာနဲ့သူ ကျွမ်း ကျင်ရာလိမ်မှာ ဖြစ်မယ်ထင်ပါရဲ့။ ကိုယ်က ဘားပဲမောင်းတတ်တဲ့ဟာ။ သည်တော့ ကိုယ်မကျွမ်းကျင်တဲ့ အလုပ်ကို ဝင်လုပ် တယ်လို့ ဘယ်ဖြစ်ပါ့မလဲ။

ကမ္ဘာအေးဈေးရောက်တော့ ခြင်း တွေ၊ တောင်းတွေ ကူပြီးချပေးရသေး တယ်။ ဒါလည်း ကိုယ့်ဝတ္တရားပဲကို။ ခရီး သည်တင်ဘတ်စ်ကားလို စပယ်ယာပါ တာမှ မဟုတ်တာ။ ရလိုက်တဲ့ငွေက သုံး ထောင့်ငါးရာပဲ။ ဆိပ်ကမ်းက အလုပ် သမားတွေလိုမျိုး ကုန်တင်ခ၊ ချခ ထည့် ပြီးပေါင်းလိုက်ရရင်တော့ အတော်ကိုက် မှာပဲလို့ မဆီမဆိုင်တွေးမိလို့ ကိုချစ်သိန်း ကိုယ့်ဟာကိုယ် ပြုံးမိသေးတယ်။ တစ် ထောင်ကျပ်တန် သုံးရွက်နဲ့ ငါးရာကျပ် တန် အနွမ်းတစ်ရွက် ကိုယ့်အတွက် ရ လိုက်ပြီ၊ သည်ညမဆိုးဘူး။ ကိုယ့်အတွက် လုပ်အားခ နှစ်ထောင့်ငါးရာလောက် တော့ ရဖို့သေချာပြီပဲ။ အင်းလေ . . . အချိန်ကလည်း နံနက်ပိုင်း နှစ်နာရီထိုး လောက်ရှိပြီပဲဟာ။ သည့်လောက်ငွေ တော့ ကိုယ့်တွက်ရဦးမှပေါ့။

သမိုင်းလမ်းဆုံဘက်မှာ ခရီးသည် ရနိုင်မလားလို့ ကျိုက်ဝိုင်းဘုရားလမ်း အတိုင်း မောင်းလိုက်ပြန်ပြီ။ အင်း . . . ဒတ်ဆန်းတစ်စီးက မြို့ထဲနှစ်ရာဆိုပဲ။ ကိုယ့်လို Taxi ကား တားဆီးဖို့ သိပ် မလွယ်တော့ဘူး။ ကိုယ်ကလည်း မြို့ထဲ ဆို အနည်းဆုံး သုံးထောင်လောက်မှ လိုက်ပို့နိုင်မှာကိုး။ ဒါကြောင့် အင်းစိန် လမ်းမကြီးအတိုင်း ခရီးသည်မပါဘဲ မြို့ ထဲဘက်ကို မောင်းလာခဲ့ပြန်တယ်။ ဘာ တာမှတ်တိုင်ရောက်တော့ အမျိုးသားသုံး ဦးက ကိုယ့် Taxi ကားကို တားတယ်။ မိန်းကလေးတစ်ဦးလည်း သူတို့အနားမှာ ရပ်နေတာမြင်မိရဲ့။

ကမ္ဘာအေးဘုရားလမ်းကို တစ် ယောက်တည်း လိုက်ပို့ပေးရမယ်ဆိုပဲ။ စိတ်ထဲမှာ နည်းနည်းတော့ ထူးဆန်းသွား တာပေါ့။ လေးယောက်ရှိတာ တစ်ယောက် တည်း ပို့ရမယ်ဆိုလို့ပါ။ တစ်ယောက်စီး လည်း သည်ခရီးအကွာအဝေးက လျော့ သွားတာမှ မဟုတ်တာ။ သုံးထောင် လောက်တော့ ရမှာပဲလေ။ သဘောတူ တယ်။ မိန်းကလေး ကားပေါ်တက်ဖို့ တစ် ဖက်က ကားရှေ့ခန်းတံခါးကို ဖွင့်တယ်။ ကားရှေ့ခန်းကပဲ စီးဖြစ်ရဲ့။ ဒါပေါ့၊ ကား ရှေ့ခန်းမှာဆိုတော့ ထိုင်ရတာ နည်းနည်း အဆင်ပြေတာကိုး။ အင်းစိန်လမ်းအတိုင်း မောင်းထွက်ခဲ့တယ်။

ကုက္ကိုင်းလမ်းအတိုင်းဆက်မောင်း။ မိန်းကလေးက စကားနည်းဟန်တူရဲ့။ ဘာမှမပြောဘူး။ ဒါမှမဟုတ် အိပ်ငိုက် နေတာလည်း ဖြစ်နိုင်တယ်။ လေသင့်တဲ့ အခါ သူ့ဆီက အပေါ်စားမိတ်ကပ်နံ့ကို တစ်ခါတစ်ခါ ရတတ်ရဲ့။ ကိုချစ်သိန်းက လည်း ကိုယ့်ကားကိုယ် ဂရုစိုက်မောင်း နေတာပါပဲ။ ဒါပေမဲ့ အဲဒီကိုယ့်ဘေးက စကားတစ်လုံးမှမပြောဘဲ ငုတ်တုတ်ထိုင် လိုက်နေတဲ့ မိန်းကလေးကို စိတ်ဝင်စား နေတော့ မကြာမကြာ ငဲ့စောင်းကြည့် ဖြစ်တယ်၊ အိပ်ငိုက်နေတာ မဟုတ်ပါဘူး။ ရီဝေတဲ့မျက်လုံးတွေနဲ့ ရှေ့တည့်တည့်က ကတ္တရာလမ်းမကြီးကို အဓိပ္ပာယ်မဲ့ ငေး ကြည့်နေတာပါ။ အင်းလေ . . . သူက လည်း သူ့အကြောင်းသူတွေးနေတာ ဖြစ် လိမ့်မယ်။

ကမ္ဘာအေးဘုရားလမ်း မှတ်တိုင် ရောက်တော့ ကားရပ်ပေးလိုက်တယ်။ အဲဒီခရီးသည်မိန်းကလေး ကားပေါ်က ဆင်းတယ်။ သူ့စလင်းဘတ်အိတ်ထဲက ငါးထောင်ကျပ်တန် တစ်ရွက်ထုတ်ပေး တယ်။ ကိုချစ်သိန်း နှစ်ထောင်ပြန်အမ်း တော့ ကျေးဇူးပဲဆိုတဲ့ စကားတစ်ခွန်း ပြောပြီး အဲဒီ ကမ္ဘာအေးဘုရားလမ်းမ ကြီးအတိုင်း ဆက်လျှောက်သွားလေရဲ့။ ဘယ်နေရာရောက်မှ ချိုးကွေ့လေမလဲဆို တာတော့ ကိုချစ်သိန်း မသိဘူး။ လော လောဆယ်မှာတော့ မြို့ထဲဘက်ကို ပြန် ဖို့အတွက် ကားကို ပြန်ကွေ့လိုက်ရတယ်။ မိန်းကလေးပေးသွားတဲ့ ငါးထောင်တန် အသစ်တစ်ရွက်တော့ဖြင့် သည်ည ကိုယ့် ရဲ့လုပ်အားခပဲ ဖြစ်မယ်ထင်ပါရဲ့။

အင်း . . . တွေးကြည့်ရင်တော့ စိတ်မောစရာပဲလေ။ ဒါပေမဲ့ တွေးနေရုံ နဲ့ ပြီးသွားတာမှ မဟုတ်တာ။ နောက်တစ် ခါ ကိုယ့်ကို ဘယ်သူငှားလေမလဲလို့ ရှာ နေရဦးမှာပါ။ အငှားလိုက်တဲ့လူပဲလေ။


ဘုန်းဝေ



www.burmeseclassic.com

www.burmeseclassic.com

## တစ်ဦးသေဆုံး ၁၄ ဦးဒဏ်ရာရရသည့် ထိုင်းမီးရထား



ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် ခရီးသည်တင် ရထားတစ်စီး ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး၊ ၁၄ ဦး ဒဏ်ရာရခဲ့သည်။ မငြိမ်းချမ်းသော ဒေသဖြစ်ပြီး လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်လျက်ရှိသည်။

ပျက်စီးနေသော ရထားတွဲများကို စစ်ဆေးလျက်ရှိစဉ် ဖြစ်သည်။

မောင်ကောင်းယဉ်
**Ref: T.S.T., 20.11.2012**

❒

## ရာထူးအရှိန်အဝါသုံး ကာမသောင်းကျန်းခဲ့သည့် ပုဂ္ဂိုလ်ကို တရားစွဲပြီ





စင်ကာပူနိုင်ငံမှ မူးယစ်ဆေးဝါး တိုက်ဖျက်တားဆီးရေ ဌာန (CNB)မှ ရာထူးကြီး အရာထမ်းတစ်ဦးတို့ ရာထူးအရှိ အဝါသုံးကာ ကာမသောင်းကျန်းမှုဖြင့် တရားစွဲဆိုလိုက်သည်။

မစ္စတာဘွန်ဂေး (၄၆)နှစ်သည် စင်ကာပူ၏ (CNB) အဖွဲ့အကြီးအကဲတစ်ဦး ဖြစ်သည်။ ၎င်းအဖွဲ့(အစိုးရဌာန)၏ တ အပ်သော ပုဂ္ဂလိကကုမ္ပဏီများမှ ပစ္စည်းပစ္စယအဝဝကို ဆုံ ဖြတ်၊ ကန်ထရိုက်ပေးရန် အာဏာရှိသူ ဖြစ်သည်။ ထိုအခွင့် အာဏာကို အသုံးပြု၍ ကန်ထရိုက်ရမည်ဆိုကာ ကုမ္ပဏီများ မန်နေဂျာမများကို ဝါးခဲ့သည်မှာ ကြာပြီဖြစ်သည်။ ကုမ္ပဏီတစ် မှ မစ္စစူရီ (၃၆)နှစ်ကို လုပ်ငန်းကန်ထရိုက်ချပေးမည်ဆိုကာ ဖြားယောင်းပြီး ကာမရယူခဲ့သည်။ သို့ရာတွင် လုပ်ငန်းမရသော အခါ ဘွန်ဂေး၏ လုပ်ရပ်များသည် နောင်မိန်းကလေးများ မ နာစေရန် မစ္စစူရီက အမှုဖွင့်တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

ညီမြင့်လွင်(မော်ကျွန်း)
**Ref: T.S.T., 30.11.20**



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝတ်ပြစ်မှု ဥပဒေနှင့်မကင်းသော

# လက်ဆွဲမှု

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ယောက်ျားတစ်ယောက်က အခြားယောက်ျားတစ်ယောက်ကို လက်ဆွဲလျှင် ရာဇဝတ်ပြစ်မှု မမြောက်ပါချေ။ အကယ်၍ ယောက်ျားတစ်ယောက်က မိန်းကလေး၊ မိန်းမကြီးတစ်ယောက်ကို မတော်တဆ လက်ဆွဲမိလျှင် အပြစ်ရှိပေသည်။ ဥပဒေဘာသာစကား၊ ဥပဒေပညာဖြင့်ပြောရပါလျှင် ရာဇဝတ်မှုပြစ်မှုနှင့် မကင်းသော ပြုမှုမှုပင် ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရသော် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ(၃၅၄)အရ မိန်းမ၏ ကာယိန္ဒြေပျက် စီးနေရန်အကြံဖြင့် လက်ရောက်မှုကျူးလွန်သည် မည်ပေသည်။ ဤဆောင်းပါး၏ နောက်ပိုင်းတွင် ရာဇဝတ်မှု (ပြစ်မှု) ဥပဒေနှင့်မကင်းသော လက်ဆွဲမှု လက်တွေ့ ဥပမာသာဓကများတို့ကို ဥပဒေကြောင်းနှင့် အရပ်သားလူပြိန်းနားလည်အောင် ရှင်းလင်းဖော်ပြသွားပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုပထမပြောလိုသည်မှာ မြန်မာနိုင်ငံ တီဗွီ Channal အမျိုးမျိုးတွင် နေ့စဉ်ပြသလျက်ရှိသည်မှာ ကိုရီးယားဇာတ်လမ်းတွဲများဖြစ်ပြီး တစ်ကားပြီးတစ်ကား နေ့ ည ဆက်တိုက်ပြသ ဖျော်ဖြေလျက်ရှိ၏။ ထိုအချစ်ဇာတ်ကား၊ အိမ်ထောင်ရေးဇာတ်ကားများထဲတွင် အမျိုး လူမျိုးသမီးရည်းစားဘဝတွင်ဖြစ်စေ၊ လက်မထပ်ရသေးသော စေ့စပ်ကာလတွင်ဖြစ်စေ၊ သို့မဟုတ် တစ်လင်ကွာ၊ တစ်နုလင်၊ မုဆိုးဖို၊ မုဆိုးမ အချစ်ဇာတ်လမ်းထဲ၌ အတူးသဖြင့် အမျိုးသားဖြစ်သူက အမျိုးသမီးများအပေါ်တွင် မကျေမနပ်ဖြစ်လွန်း၍ ပြောစရာ၊ ဆိုစရာရှိလျှင် ဒေါသတကြီး အမျိုးသားက အမျိုးသမီးလက်ကို အတင်းအဓမ္မဆွဲခေါ်ပြီး အပြင်တစ်နေရာသို့ ဆွဲခေါ်ထုတ်သွားလေ့ရှိသည်ကို စာဖတ်ပရိသတ်၊ ပွဲကြည့်ပရိသတ် တွေ့မြင်သိရှိကြမည် ဖြစ်ပေသည်။

မြန်မာနိုင်ငံ ပြစ်မှုဥပဒေနှင့် မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းဓလေ့မျက်စိ(ရှုထောင့်)မှကြည့်လျှင် ယင်းသို့ ကြမ်းကြမ်းတမ်းတမ်း၊ မိုက်မိုက်ရိုင်းရိုင်း အနိုင်အထက် နိုင်ထက်စီးနင်း ကလူနှိပ်စက်ခြင်း မပြုရ၊ မပြုသင့်ချေ။ ရာဇဝတ်ပြစ်မှုဥပဒေမြောက်ပေသည်။ မြန်မာလူမျိုး၊ သားငယ်၊ သမီးငယ်၊ သမီးရည်းစားဘဝ၊ ချစ်သူဘဝတွင် မပြုမိ၊ မကျူးလွန်မိရန် အတုမြင်၊ အတတ်သင်ခြင်း မပြုမိရန် ဤသည် ဥပဒေဆောင်းပါးဖြင့် သတိပေးနှိုးဆော်လိုက်ရပါသည်။ ယင်းကိုရီးယားဇာတ်ကားထဲမှ ပြုမူမှုသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ၊ ထေရဝါဒဗုဒ္ဓဘာသာနှင့် လားလားမျှ မသင့်လျော်၊ မအပ်စပ်။ ဗီလာဆန့်ကျင်၍ နေပေသည်။ သတိပြုဆင်ခြင်သင့်ပါသည်၊ အတုခိုးခြင်း လုံးဝ(လုံးဝ)မပြုရန် သတိထားပါလေ။

လက်ဆွဲမှု(ဝါ)ပိန်းမ၏ ကာယိန္ဒြေပျက်စီးမှု၏ အပြစ်ဒဏ်မှာ –

(က) ထောင်ဒဏ်(၂)နှစ်အထိ တစ်မျိုးမျိုးဖြစ်စေ၊

(ခ) ငွေဒဏ်ဖြစ်စေ၊

(ဂ) ပြစ်ဒဏ်(၂)ရပ်စလုံးဖြစ်စေ ချမှတ်နိုင်ပါသည်။

## ဥပမာသာဓကရှင်းပြချက်များ

(က) သမီးအရွယ် ကလေးမ အသက်(၆)နှစ် မိန်းကလေးတစ်ဦးကို ယောက်ျားတစ်ဦးက အခန်းထဲသို့၊ သို့မဟုတ် တစ်နေရာရာသို့ အတင်းဆွဲခေါ်သွားလျှင် လက်ရောက်မှုဖြင့် အပြစ်ရှိပေသည်။

(ခ) ကျောင်းဆရာတစ်ဦးက ကျောင်းသူမလေးတစ်ဦးအပေါ် ချစ်မြတ်နိုးသည်ဆိုကာ ဆွဲလားယမ်းလား၊ ခေါင်းပုတ်၊ ခြေပုတ်၊ ဖင်ပုတ်ခဲ့ရာ မိန်းကလေးက မခုခံသော်လည်း ထိုကျောင်းဆရာသည် လက်ရောက်မှုဖြင့် အပြစ်ရှိပေသည်။

(ဂ) ယောက်ျားတစ်ဦးက အသက်(၁၈)နှစ်အရွယ်ရောက် မိန်းကလေးတစ်ဦး၏ အဝတ်ကို လှန်လျှင်မှု (မိန်းကလေးကလည်း အလိုမတူ ခုခံလျှင်၊ အော်လျှင်) လက်ရောက်မှု ကျူးလွန်ရုံသာမကအ... မုဒိမ်းပြုကျင့်ရန် အားထုတ်မှု မြောက်... သည်။

ယင်းကြောင့် မြန်မာ့ယဉ်ကျေး... ထုံးတမ်းဓလေ့အရ လူမှုဆက်ဆံရေ... ကန့်သတ်ချက်၊ လူကြီးအရှေ့သွားလျှ... ခေါင်းညွှတ်၊ ခါးကုန်း၍ သွားရသည်... လက်ဆွဲနှုတ်မဆက်ရ။ မိန်းကလေးအ... အသားမထိရဟူသော ပြုမူပြုလုပ်မှု... ချစ်စရာကောင်းလှသော မြန်မာ့ယဉ်ကျေ... မှု စစ်စစ်ပင်တည်း။ တုခိုးစရာ၊ လိုက်န... ဖွယ်ရာတည်း။ အနောက်တိုင်းယဉ်ကျေ... မှု၊ အနောက်တိုင်းဆန်သော ယဉ်ကျေး... ကို လုံးဝ(လုံးဝ) လက်မခံသင့်ပါချေ... မြန်မာလူမျိုးသားကောင်း၊ သမီးကောင်း... အဖြစ်သို့ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ နေ... ထိုင်ဆက်ဆံသင့်လှပေသည်။

ကောတီအောင်သိန်း
(ရန်ကုန်တက္ကသိုလ်)

*Ref:-*
(၁) ပြစ်မှုဆိုင်ရာ ဥပဒေ (မြန်မာနိုင်ငံ) ၁၉၆၈ ခုနှစ်။
(၂) ရာဇသတ်ကြီးငှီကာ (၁၉၆၅) မန္တလေးရဲသင်တန်းမှူး။





www.burmeseclassic.com

www.burmeseclassic.com



# တွက်နည်းများနှင့် လူ

မောင်မြင့်အောင်

ကျွန်တော်က ကြက်သားကြိုက်သည်၊ ဝက်သားကြိုက်သည်၊ ပုစွန်ထုပ်ကြိုက်သည်၊ ကြက်ဥလည်း ကြိုက်သည်။ ထို့ကြောင့် ဆွေမျိုးအားလုံးက ကျွန်တော့်ကို 'အကောင်းကြိုက်'ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။

အကောင်းကြိုက်ဆိုသော စကားလေးက ကျွန်တော့်ကိုယ်ရေးမှတ်တမ်း [illegible] ရောက်လာဖို့ လုံလောက်သောအခြေ [illegible] ချက် တချို့လည်း ကျွန်တော့်မှာ ရှိ [illegible] တကယ်တော့ ကျွန်တော်သည် ဆင်းရဲသော ဆင်းနှင့် အလယ်တန်းကျောင်းသားဘဝက အဘိုး အဘွားတို့နှင့် အတူနေခဲ့ [illegible] ထို့ကြောင့် ... သားသမီးများက ဦးစားဖျား လာပို့ကြသော ဟင်းကောင်းကောင်းလေးများကို အားပေးရင်း အကောင်းကြိုက်သူ ဖြစ်ခဲ့ရလေသည်။

ယခုအခါ အဘိုးအဘွားများ ကွယ်လွန်ခဲ့ကြသလို ကျွန်တော်ကိုယ်တိုင်လည်း ကလေးတစ်ယောက်အဖေ ဖြစ်လာခဲ့သည်။ ထို့ကြောင့် ရသည့်ဝင်ငွေ [illegible]းနှင့် မိသားစု လိမ္မာစွာသုံးစွဲရင်း ကြက်သားကိုမေ့၊ ဝက်သားကိုရှောင်၊ ပုစွန်ထုပ်ကို သတ်ပုံမှန်အောင် စာလုံးမပေါင်းတတ်နှင့် ချစ်သော ကြက်ဥကိုသာ ကျွန်တော် သစ္စာရှိနေခဲ့လေသည်။

ကျွန်တော် ကျောင်းသားဘဝက ကြက်ဥတစ်လုံး တစ်ကျပ်လောက်သာ ဖြစ်သော်လည်း ၂၀၁၂ ရာသီအောက်တွင် ကြက်ဥတစ်လုံး ၁၀၀/-ပေးဝယ်နေရပြီဖြစ်၏။ သို့သော် အမျိုးသမီးက ကျွန်တော် ကြက်ဥကြိုက်မှန်းသိသဖြင့် မကြာခဏ ဝယ်ပေးလေ့ရှိသည်။

□ □ □

ယနေ့လည်း ကျွန်တော့်အမျိုးသမီးသူ့အမေအိမ်မှအပြန်တွင် ကြက်ဥ ၄ လုံး ပါလာခဲ့လေသည်။

"ဘာလဲ ... ယောက္ခမကြီးအိမ်က ယူလာတာလား"

"မဟုတ်ဘူး။ လမ်းဆုံမှတ်တိုင်မှာ ကားအကြာကြီးရပ်နေတုန်း ကြက်ဥပြုတ် လာရောင်းတာနဲ့ အစ်ကိုအတွက် ဝယ်လာတာ"

"ကောင်းတာပေါ့ကွာ"

ကျွန်တော်ပြောပြီး ဖတ်လက်စ စာအုပ်ကို ဆက်ဖတ်နေလိုက်လေသည်။

"ဒါနဲ့ ... အစ်ကိုပြန်လာတုန်းက အဲဒီမှတ်တိုင်မှာ ကြက်ဥပြုတ်ရောင်းတဲ့သူ မတွေ့ခဲ့ဘူးလား"

"တွေ့သားပဲ"

"ဟင် ... ဒီလိုဆို ဘာဖြစ်လို့ ဝယ်မလာတာလဲ။ အစ်ကိုပဲ ကြက်ဥကြိုက်တယ်ဆို"

ထို့နောက် ကျွန်တော်က အနည်းငယ်ပြုံးလိုက်ပြီးနောက် အမျိုးသမီးကို ပြန်ပြောလိုက်လေသည်။

"ဘာဖြစ်လို့ ဝယ်မလာတာလဲဆိုတော့ တစ်လုံး ၅၀ ဖြစ်နေလို့"

"ရှင် ..."

တကယ်တော့ ကျွန်တော်သည် အကောင်းကြိုက်သူတစ်ယောက်သာ ဖြစ်သည်။

မောင်မြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အာဆလွတ်စုံထောက်မြဒင် နှင့် မာယာရှင်

ဇော်မော်လင်း

အခန်း(၁)

### အိမ်တွင်းပုန်းကွမ်းယာဆိုင်

ဒိုဘီလိုင်းသည် Lake Evenue ...န်ပတ်လမ်းရှိ Home for ages poor ...ုအိုရုံကြီး၏ နောက်ခြမ်းတွင်ရှိသည်။ ...အနောက်သို့သွားလျှင် လမ်း(၉၀)၊ မြောင်း...ကြီးလမ်း ရှိသည်။ တောင်သို့လားလျှင် Little Sister Road နမတော်လမ်းရှိသည်။ မြောက်သို့လားလျှင် Royal Lake ကန်...တော်ကြီးရှိသည်။

ထိုအရပ်ကို ဒိုဘီလိုင်းဟုခေါ်သည်။

ဒိုဘီလိုင်းကို မြန်မာလို ချောချော ...န်ဆိုရလျှင် ခဝါသည်ရပ်ကွက်ဟု ဆိုရ...ည်။ ရေအလျှံပယ်ရသောကြောင့် ဒိုဘီ...လားမိသားစုများ အစုအဝေးနှင့် နေ...ိုင်ကြသည်။

ဒိုဘီလိုင်းတွင် အိမ်တွင်းပုန်း ကွမ်း...ယာဆိုင်ကို တိတ်တခိုးဖွင့်လှစ်ထားသည်။ ...ကွမ်းယာသည်မလေး၏ အမည်မှာ အနိ...တာ ဖြစ်သည်။ အနိတာသည် ပုဏ္ဏားစပ်...ုလေးမို့ ရုပ်ရည်ချောမောလှပသည်။ ...တစ်မျက်နှာ ယာဉ်တစ်ကိုယ်လုံးဟု ဆို...သော်လည်း အနိတာသည် ထိုနှစ်မျိုးလုံးကို ပိုင်ဆိုင်သည်။

အနိတာ၏ ကွမ်းယာမှာ ပိုက်ဆံတစ်မတ်ဖြစ်၏။

ပိုက်ဆံတစ်ပဲလျှင် လက်ဖက်ရည်တစ်ခွက်နှင့် နံပြားတစ်ချပ် ရသည့်အပြင် စီးကရက်တစ်လိပ်ပါ အစစ်ရသောကြောင့် အနိတာ၏ ကွမ်းတစ်ယာ တစ်မတ်ဆိုသည်မှာ ဈေးကြီးလွန်းသည်။ ဈေးကြီးသည်ဆိုသော်လည်း ဘာမျှ မည်မည်ရရ မရှိပါ။ ထုံးဖြူကွမ်းယာသာဖြစ်၏။

ကွမ်းသီးက ပါလေဟန်မို့ ပါးစပ်တွင်းရောက်သည်နှင့် ပျောက်သွားသည်။ ကွမ်းတစ်ရာညက် (၁၅)မိနစ်ဆိုကြသော်လည်း (၃)မိနစ်မျှပင် အဝါးမခံပါ။

သို့သော် အနိတာ၏ ကွမ်းယာကို ဝယ်ချင်တိုင်းဝယ်၍မရသလို စားချင်တိုင်းလည်း စား၍မရပါ။ Regular Customer ဖောက်သည်များကိုသာ စနေနှင့် တနင်္ဂနွေနေ့လယ်များတွင် ဒိုင်လျှိုရောင်းရသည်။

မည်သို့ဆိုစေ စနေနှင့် တနင်္ဂနွေနေ့များတွင် အနိတာ၏ အိမ်တွင်းပုန်းကွမ်းယာဆိုင်တွင် လူစည်ကားလျက်ရှိပါတော့သည်။

▸▸✱▸▸

အခန်း(၂)

### နှုတ်ခမ်းချင်းတွေ့၍စားရသောကွမ်းယာ

"ဂျာနား×××ပနား×××ဂျာနားပနား×××ဂျာဂျာ"

"ဂျာနား×××ပနား×××ဂျာနားပနား×××ဂျာဂျာ"

အနိတာသည် သီချင်းဆို၍ လည်တိုင်ကြော့ကြော့ကို ယိုင်ထိုးလျက် ကပြသည်။ တင်လေးကိုလည်း လှုပ်ယမ်း၍ပြသည်။ ရင်မို့မို့ကိုလည်း တုန်ခါတုန်ခါဖြင့် လှုပ်ခတ်၍ မြူဆွယ်သည်။ ဗိုက်သားဖြူဖြူပေါ်ရှိ ချက်နီနီလေးကို ကစားပြလျှင် ရွှေပွဲလာ ပုရိသများ အသည်းခိုက်သွားကြ၏။

"ဂျာနား×××ပနား×××ဂျာနားပနား×××ဂျာဂျာ"

အနိတာသည် သီချင်းဆုံး၍ ကကွက်ကုန်လျှင် ဦးဦး၊ ကိုကို ဖောက်သည်များကို ဦးညွှတ်လိုက်သည်။

"ဖျောင်း . . . ဖျောင်း . . ဖျောင်း"

အနိတာသည် လက်ခုပ်သံအဆုံးတွင် ကွမ်းယာများ အသင့်ပြင်ထားသော ကြေးပန်းလေးကို ယူ၍ ဦးဦး၊ ကိုကိုတို့



www.burmeseclassic.com

www.burmeseclassic.com

ထံ သွားသည်။ ဦးဦး၊ ကိုကိုနှင့် မျက်နှာချင်းဆိုင်မိလျှင် အနီတာသည် ကြေးဗန်းထဲမှ ကွမ်းယာကိုယူ၍ ခဲထားလိုက်သည်။

ပြီး . . .

ဦးဦး၊ ကိုကိုများက ကြေးလင်ပန်းပေါ်သို့ ပိုက်ဆံတစ်မတ် တင်ပေးလျှင် အနီတာသည် နှုတ်ခမ်းတွင်တေ့၍ထားသော ကွမ်းယာကို ဦးဦး၊ ကိုကိုများအား ခွံ့ပေးသည်။

အကယ်၍ ဦးဦး၊ ကိုကိုများက One Ruppe ကျပ်စေ့တစ်စေ့လောက် ဆုချလျှင် အနီတာသည် သူ၏ ပါးပြင်နှမို့ကို အပ်နှင်းသည်။

နောက် . . . တစ်ယောက်ပြီးတစ်ယောက် ကြေးဗန်းထဲတွင် ကျပ်စေ့များ ဖွေးဖွေးလှုပ်သွားလျှင် အနီတာသည် အပေါ်ရုံဆာရီကို ခါးတွင်ပတ်လိုက်ပြီး ခပ်ကြွမ်းကြွမ်းကပြသည်။

"ဂျာနား× × ×ပနား× × ×ဂျာနား ပနား× × ×ဂျာဂျာ"

အနီတာသည် သီချင်းသံဆုံးလျှင် အကရပ်၍ ဦးဦးကိုကိုများ တစ်ကြော့ပြန် ကွမ်းယာခွံ့ပြန်သည်။ ကြေးဗန်းထဲတွင် ကျပ်စေ့များ ဖွေးလျှင်ဖွေးသလို၊ ကျဲလျှင် ကျဲသလို အခြေအနေအရ ကပြသည်။ ထို့ကြောင့်လားမသိ၊ အနီတာ၏ ကွမ်းယာများမှာ ကောင်းလျက်ရှိပါတော့သည်။

▸ ▸ ▸ ▸ ▸

## အခန်း(၃)
## ပုဏ္ဏားအောင်မောင်း

အိမ်တွင်းပုန်းကွမ်းယာဆိုင် ပိုင်ရှင်မှာ ပုဏ္ဏားအောင်မောင်း ဖြစ်သည်။ ပုဏ္ဏားအောင်မောင်းသည် တောင်လုံးပြန် ပုလိပ်ဌာနမှ မင်နီတားခံထားရသူလည်း ဖြစ်သည်။ အလီမူလာမှ ရှန်ရှူး၊ ဖရေဇာမှ ဒီလစ်၊ အလုံမှ မှတ်ကြီးတို့ကပင် ဆက်ကြေးပေးနေရသူ ဖြစ်သည်။

ပုဏ္ဏားအောင်မောင်းသည် စက္ကူရစ်ပါ (ခေါ်) သုံးမြွှာင့်သံလျှီးဓားကို ကိုင်ဆောင်လေ့ရှိသည်။ စက္ကူရစ်ပါသည် မော်တော်ကား အင်ဂျင်များကို ကိုင်တွယ်ရာတွင် သံလျှီးဓားအဖြစ် အသုံးပြုသည်။

ပုဏ္ဏားအောင်မောင်းသည် စက္ကူရစ်ပါ သုံးမြွှာင့်ဓားချွန်ကို သူ့ခါးတွင် မြောင်ထိုးထားလေ့ရှိသည်။ ထို့ကြောင့်လားမသိ၊ ကွမ်းယာသည်မလေး အနီတာကို မည်သူမျှ စော်ကားမော်ကား ပြုဝံ့သူတစ်ယောက်မျှ မရှိသည်က အမှန်ပင် ဖြစ်ပါတော့သည်။

▸ ▸ ▸ ▸ ▸

## အခန်း(၄)
## စနေနေ့ဝက်

အလွှတ်စုံထောက်မြဒင်သည် ကန်တော်ကြီးရှိ Boat Club သို့ တောင်လုံးပြန် ပုလိပ်ဌာနမှ အင်စပက်တော် ခရစ်ပင်နှင့် ဘိလိယက်ထိုးကစားရန် လာခဲ့သည်။

အင်စပက်တော် ခရစ်ပင်သည် ဘိလိယက်ထိုးခန်းထဲသို့ မြဒင်ဝင်လာသည်ကို တွေ့လျှင် ကျူတံကို မြှောက်ပြပြီး နှုတ်ဆက်သည်။

"Hello . . . ကိုမြဒင်"

"Hello Inspetor"

"ခင်ဗျားလာမှ လာပါ့မလားလို့ မျှော်လိုက်ရတာ"ဟု အင်စပက်တော် ခရစ်ပင်က ဆိုသည်။

"ဘိလိယက်ထိုးကစားဖို့ ချိန်းထားတယ်ဆိုရင် ဘယ်တုန်းက ကျွန်တော် နောက်ကျဖူးလို့လဲ အင်စပက်တာ"

"ခင်ဗျားက ဘိလိယက်ကစားတာ crazy ဖြစ်တယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ဗျာ"

"ဘာအကြောင်းရှိလို့လဲ အင်စပက်တာ"

"ဒိုဘီလိုင်းက အိမ်တွင်းပုန်း ကွမ်းယာဆိုင်ကိစ္စ"

"ဆိုပါဦး"

"ခင်ဗျားက ကန်တော်ကလေ . . . သားဆိုတော့ ဒိုဘီလိုင်းက အိမ်တွင်းပုန်း . . . ကွမ်းယာအကြောင်း သိမှာပေါ့"

မြဒင် ခေါင်းညိတ်ပြလိုက်သည် . . .

"အဲဒီဆိုင်မှာ ခင်ဗျား ကွမ်းယာ . . . သွားစားဖူးလား"

"မစားဖူးပါဘူး"

"ဒါဖြင့် ခင်ဗျားက ဘာလို့ခေါင်း . . . ညိတ်ပြတာလဲ"

"ကျွန်တော့်မိတ်ဆွေတွေက ပြော . . . ပြထားလို့ပါ"

"အဲဒီ အိမ်တွင်းပုန်းကွမ်းယာဆိုင် . . . ပတ်သက်ပြီး မင်းကြီးက ကျွန်တော့် . . . ပွစိပွစိ လုပ်နေတယ်ဗျ"

ဟု အင်စပက်တော်ခရစ်ပင်က . . . သည်။

"ဘာဖြစ်လို့လဲ အင်စပက်တာ . . ."

"ကျွန်တော်က ပိုက်ဆံယူပြီး . . . နေတယ် ထင်လို့ပေါ့ဗျာ"

"ဒါဆိုလည်း ခင်ဗျားဝင်ဖမ်းလို . . . ပေါ့"

"ခင်ဗျားပြောတာ မှန်ပါတယ် . . . ကိုမြဒင်။ ဒါပေမဲ့ လက်ဆုပ်လက်ကိုင် . . . မှ ဖြစ်မှာဗျ။ နို့မဟုတ်ရင် သူတို့လွ . . . ထွက်သွားနိုင်ဝ ယ်"

"Yes Inspetor"

"ကျွန်တော်က အဲဒီဆိုင်ကိုသွား . . . စနည်းနာရအောင်လည်း အခက်ဗျ"

"ဘာဖြစ်လို့လဲ အင်စပက်တာ"

"ကျွန်တော့်ကို ပုလိပ်အင်စပ . . . တော်ဆိုတာ ပတ်ဝန်းကျင်ကလူတွေ . . . သိနေကြလို့ဗျ"

"ခင်ဗျားမဆိုးပါဘူး အင်စပ . . . တာ။ ခင်ဗျားပြောတာ မှန်ပါတယ်"

"ဒီတော့ဗျာ ကျွန်တော့်ကိုယ် . . . ခင်ဗျားသွားပေးပါလား"

"ရပါတယ် အင်စပက်တာ . . ."



www.burmeseclassic.com

www.burmeseclassic.com

နဲ့ D.A ပေးရလိမ့်မယ်နော်''

''ခရီးစရိတ်နဲ့ နေ့တွက်စရိတ် မယူပါ ကျွန်တော်ပေးပါ့မယ်''

''ဒီမှာ အင်စပက်တာ။ ကျွန်တော် အလွတ်စုံထောက်တစ်ယောက်ပါ။ မရှိရင် အမှုလိုက်မပေးနိုင်ဘူး။ ခင်ဗျားနဲ့ ရင်းနှီးနေလို့ T.A နဲ့ ကောင်းတာပါ''

''ကျွန်မပေါ့ သဘောပေါက်ပါ ကိုမြဒင်။ အခုလိုကူညီကြလို့ ကိုမြ ကျေးဇူးတင်ပါတယ်''

''ဒီနေ့ ညနေနေ့ဆိုတော့ ဒီည ကွမ်းယာဆိုင်ဖွင့်မှာဗျ''

''ဟုတ်ကဲ့''

''ဒီတော့ ဒီညပဲ ကျွန်တော်သွား လိုက်ပါ့မယ်''

''ကောင်းတာပေါ့ဗျာ။ ခင်ဗျား အတွက် T.A နဲ့ D.A ထုတ်ထားလိုက်ပါ့ မနက်ဖြန် တောင်လုံးပြန်ပုလိပ်ဌာန လာခဲ့ပါ''

''ဒါဆို စလိုက်ကြရအောင်''

ဟု မြဒင်ပြောလိုက်သည်။

အင်စပက်တော် ခရစ်ပင်သည် စိမ်းရောင် သက္ကလတ်အခင်းပေါ်တွင် ဘောလုံးလေးများကို စီလိုက်သည်။

အလွတ်စုံထောက်မြဒင်သည် ပက်တော်ခရစ်ပင်ကို အနိုင်ထိုးရန် အတွက် စင်တိုင်မှ ကျူတံလေးကို ယူ လိုက်ပါတော့သည်။

▸▸▸▸▸

အခန်း(၅)

## မြွေ . . . မြွေချင်း

အလွတ်စုံထောက်မြဒင်သည် အနီ တာတို့ အိမ်တွင်းပုန်းကွမ်းယာဆိုင်သို့ လာခဲ့သည်။ ဆိုင်ထဲတွင် မြဒင်မျှော်လင့် ထားသလို ညသည်များများမရှိပါ။

မြဒင်သည် ညခန်းထဲသို့ဝင်၍ ထိပ်ဆုံးထိုင်ခုံတွင် နေရာယူလိုက်သည်။ မြဒင်သည် ထိုင်လျှင်ထိုင်ချင်း ပတ်ဝန်း ကျင်ကို မျက်လုံးစကားလိုက်သည်။ ညသည်က ခပ်ကျဲကျဲပါ။ ထို့ကြောင့်လား မသိ။ အနီတာ ထွက်မလာသေးပါ။

ထိုနည်း ညသည်များ ဝင်လာသော ကြောင့် ညခန်းပြည့်သွားသည်။ ပုဏ္ဏား အောင်မောင်း ညခန်းထဲသို့ ဝင်လာ သည်။ သူသည် စက္ကူပုစ်ပါကို ခါးကြား တွင် ထိုးထားသည်။ ညခန်းတွင်းသို့ ရောက်လျှင် အောက်လင်းဓာတ်မီးကြီး၏ မီးရောင်ကို မြဒင်ကို တွေ့သွားသည်။

''ခင်ဗျားဘာလုပ်တာလဲ ကိုမြဒင်''

''အနီတာရဲ့ကွမ်းယာ နာမည်ကြီး နေလို့ပါ''

''ဘာပြောတယ်''

ဟု ဆို၍ ပုဏ္ဏားအောင်မောင်း သည် ခါးတွင်ထိုးထားသော သုံးမြှောင့် စက္ကူရစ်ပါ ဓားချွန်ကို ထုတ်၍ စားပွဲတွင် စိုက်လိုက်သည်။ မြဒင် ဂရုမစိုက်ပါ။

''ဒီမှာ ကိုမြဒင်''

''ပြောပါ ကိုအောင်မောင်း''

''ခင်ဗျားကိုယ်ခင်ဗျား အလွတ် စုံထောက်ဆိုပြီး အနီတာကို စော်ကား မော်ကားလုပ်ဖို့ မစဉ်းစားနဲ့နော်။ ခင်ဗျား လည်း ကန်တော်လေးသား။ ကျွန်တော် လည်း ကန်တော်လေးသားနော်''

''ဟားဟားဟား . . . ဒီလိုလူရမ်း ကားတွေထဲမှာ ကျွန်တော်မပါဘူး။ ဝါသ နာလည်းမပါဘူး ကိုအောင်မောင်း''

ထိုစဉ် . . .

''ဂျာနားxxပနားxxxဂျာနား ပနားxxxဂျာဂျာ''

အနီတာသည် လိုက်ကာကို လှစ် ၍ ထွက်လာသည်။ သူမသည် ကွမ်းယာ များကို အစီအရီတင်ထားသော ကြေး လင်ပန်းလေးကို မြှောက်၍ ကိုကို၊ ဦးဦး ဖောက်သည်များကို ဦးညွှတ်လိုက်သည်။

''ဖျောင်း . . . ဖျောင်း . . ဖျောင်း''

အနီတာသည် ညသည်များကို ဝေ့ဝိုက်ကြည့်သည်။ မြဒင်ကို မြင်သွား၏။ အနီတာသည် မြဒင်ကိုတွေ့လျှင် ကြေး လင်ပန်းကိုကိုင်၍ မြဒင်ထံသို့ လာသည်။

ခါတိုင်းဆိုလျှင် အနီတာသည် ညသည်များအလယ်တွင် ဝေ့ဝိုက်လှည့် ပတ် ကပြတတ်သည်။ ယခု ထိုသို့ မဟုတ်။ မြဒင်ရှေ့တွင် ရပ်၍ ကပြသည်။ ထို့ကြောင့် ဖောက်သည်များက သူ့ကို အနီးလာ၍ ကပြရန် တောင်းဆိုကြသည်။

''ဟုတ်ပါတယ် အနီတာ။ သူတို့ ကိုလည်း ကပြပါဦး''

ဟု မြဒင်ဆိုသောကြောင့် အနီတာ သည် ဖောက်သည်များထံသို့ သွား၍ ကပြအသုံးတော်ခံသည်။

''ဖျောင်း . . ဖျောင်း . . ဖျောင်း''

အနီတာသည် လက်ခုပ်သံများဆုံး လျှင် ကြေးလင်ပန်းလေးကို ကိုင်၍ မြဒင် ထံလာ၏။ ထိုမှ အနီတာသည် နှုတ် ခမ်းတွင် ခဲထားသော ကွမ်းယာလေးကို မြဒင်အား ဦးစွာခွံ့ပေးသည်။

သို့သော်လည်း မြဒင်သည် နှုတ် ခမ်းတော့၍ မယူဘဲ လက်ဖြင့်ယူရာမှ ကျပ် စေ့တစ်စေ့ကို ကြေးလင်ပန်းပေါ်သို့ တင် ပေးလိုက်သည်။ ထိုအခါ အနီတာသည် သူမပါးပြင်မို့မို့အား အပ်နှင်းလာသည်။ မြဒင် မတို့ပြန်ပါ။

ထိုအဖြစ်ကိုတွေ့လိုက်သော ပုဏ္ဏား အောင်မောင်းမျက်နှာသည် လပေုပ်ဖမ်း သကဲ့သို့ မည်းမှောင်သွားသည်။ ထို့ နောက်တော့ မြဒင်သည် ပုဏ္ဏားအောင် မောင်းအား နှုတ်ဆက်ထွက်ခဲ့သည်။

''ဂျာနားxxxပနားxxxဂျာနား ပနားxxxဂျာဂျာ''

အနီတာ၏ ချိုလွင်လွင်အသံလေး သည် မြဒင်နောက်တွင် ကျန်ရစ်ခဲ့ပါတော့ သည်။

▸▸▸▸▸



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

## တနင်္ဂနွေ ညဦး(၇)နာရီ

အလွတ်စုံထောက်မြခင်နှင့်အဖွဲ့သည် ဗိုလ်တိုင်းရှိ အိမ်တွင်းပုန်းကွမ်းယာဆိုင်သို့ လာခဲ့ကြသည်။ ထိုအဖွဲ့တွင် အင်စပက်တော်ခရစ်ပင်နှင့် ပုလိပ်သားသုံးယောက်လည်း ပါသည်။

မြခင်တို့သည် နမတော်လမ်းနှင့် မြောင်းကြီးလမ်းစုံတွင် ဖွင့်လှစ်ထားသော ကာကာလက်ဖက်ရည်ဆိုင်သို့ရောက်လျှင် ဆိုင်တွင်းသို့ ဝင်လိုက်ကြသည်။

ကာကာကုလားသည် မြခင်တို့အား တွေ့လျှင် ပျာပျာသလဲနှင့်ကြိုသည်။ မြခင်သည် ဆိုင်ထဲသို့ရောက်လျှင် ထိန်ထိန်လင်းအောင်ထွန်းထားသော အောက်လင်းဓာတ်မီးကိုကြည့်၍ ကာကာကုလားကို ပြောလိုက်သည်။

"ဟေ့ ... ကာကာ၊ အောက်လင်းဓာတ်မီးကို မှိန်လိုက်ကွာ"

"ဟုတ်ကဲ့ပါဆရာ"

ဟုဆို၍ ကာကာကုလားသည် အောက်လင်းဓာတ်မီးကို မှိန်လိုက်သည်။

မြခင်တို့သည် အမှောင်လွှမ်းသော စားပွဲတွင် နေရာယူလိုက်သည်။ တစ်ဖက်ရှိ တိုင်ကြီးအရိပ် စားပွဲပေါ်သို့ ကျရောက်နေသောကြောင့် မျက်လုံးစူးရှသူများပင် မြခင်တို့အား လူလုံးခွဲရန် လွယ်ကူလိမ့်မည် မထင်ပါ။

မြခင်သည် အင်စပက်တော်ခရစ်ပင်အား လက်ညှိုးထိုးပြ၍ ပြောလိုက်သည်။

"ဟိုမှာ ထုံးပြုသုတ်ထားတဲ့ ပြေစိုက်အိမ်ကို တွေ့တယ်မဟုတ်လား အင်စပက်တာ"

အင်စပက်တော်ခရစ်ပင်သည် ခပ်လှမ်းလှမ်းတစ်နေရာရှိ ထုံးပြုများသုတ်ထားသော မြေစိုက်အိမ်လေးကိုကြည့်ပြီး ခေါင်းညွှတ်ပြသည်။

"အနီတာရဲ့ အိမ်တွင်းပုန်းကွမ်းယာဆိုင်ပဲ အင်စပက်တာ"

"ဒီမှာ ကိုမြခင်၊ အနီတာက တော်တော်လှသလားဗျ"

ဒီမှာ အင်စပက်တာ။ ဉမ္မာဒဏ္ဍီမြင်လို့ သိဝိဘုရင်ကြီး ရူးသွားတာ ခင်ဗျား သိတယ်မဟုတ်လား။ ခင်ဗျားလည်း သတိထားဦးနော်"

"ဟာဗျာ ... ကျွန်တော်က သိထားရအောင် မေးတာပါ။ ကျွန်တော့်မှာ မိန်းမရှိတယ်။ ခင်ဗျားသာ လူပျိုဗျ"

"နောက်တာပါဗျာ။ စိတ်မဆိုးပါနဲ့"

"ဒါထက် ကိုမြခင်"

"ပြော ... အင်စပက်တာ"

"အခြေအနေကိုကြည့်ရတာ ဖြစ်ချက်သားကောင်းလှချည်လား"

"အချိန်မကျသေးလို့ပါ"

ဟုပြောပြီး မြခင်သည် လက်မှနာရီကို ကြည့်လိုက်သည်။ ညဦး (၇)နာရီ။

"ဒီမှာ အင်စပက်တာ။ ညဦး(၇)နာရီရှိပြီဗျ။ ကျွန်တော်အရင်သွားနှင့်မယ်။ ခဏကြာရင် ခင်ဗျားတို့ လိုက်ခဲ့ကြ"

"ကောင်းပါပြီ ကိုမြခင်"

ဤတွင် မြခင်သည် (၅၀)ဝင် သံဘူးထဲမှ ပိုလိုစီးကရက်ကို နှုတ်ယူ၍ မီးညှိလိုက်ပြီးနောက် မလှမ်းမကမ်းရှိ အနီတာတို့ အိမ်တွင်းပုန်းကွမ်းယာဆိုင်သို့ ထွက်လာခဲ့ပါတော့သည်။

• • • • •

## အခန်း(၇)

## အထူးညွှန်သည်

ခါတိုင်းဆိုလျှင် ယခုလို အချိန်မျိုးတွင် အိမ်တွင်းပုန်းကွမ်းယာသည်မလေး အနီတာသည် "ဂျာနား××××ပနား××××ဂျာနား ပနား××××ဂျာဂျာ" ဟု သီချင်းကို သီဆို၍ ဖောက်သည်များကို ကပြလေ့ရှိသည်။

ယခု ထိုသို့မဟုတ်။ တိတ်ဆိတ်လွန်းသည်။ ဘာအကြောင်းများရှိပါလိမ့်။ ဖောက်သည်များ ရောက်မလာသေး၍လား။ မဖြစ်နိုင်ပါ။ ညဦး(၇)နာရီ ရှိနေပြီ။

အလွတ်စုံထောက်မြခင်သည် ထိုအတွေးနှင့် ပိတ်ထားသော တံခါးကို အသာအယာဖွင့်လိုက်သည်။

"ဂျ ..."

"တံခါးက အလိုက်သင့်ပွင့်သွား၏။ မြခင်သည် ပိုလိုစီးကရက်ကို ဖွာလိုက်ပြီး အတွင်းသို့ ကြည့်လိုက်သည်။ ပုဏ္ဏားအောင်မောင်းကို တွေ့ရသည်။ သူသည် အခန့်သား ထိုင်နေသည်။

တစ်ချိန်ကဆိုလျှင် ပုဏ္ဏားအောင်မောင်းသည် ပွဲထိန်းရန်အတွက် စက္ကူရစ်ပါးမားချွန်ကို ခါးတွင်ထိုးထားလေ့ရှိသည်။ သို့မဟုတ် စားပွဲတွင် စိုက်ထားလေ့ရှိသည်။ ယခု ထိုသို့မဟုတ်။ တစ်မူထူးနေသည်။ ဘာအကြံအစည်များ ပုဏ္ဏားအောင်မောင်းတွင် ရှိနေပါလိမ့်။ မြခင်မမှုပါ။ မြခင်သည် အလွတ်စုံထောက်မဟုတ်ပါလား။

မြခင်သည် ပုဏ္ဏားအောင်မောင်းအား အပြုံးနှင့် နှုတ်ဆက်ရာမှ ပြောလိုက်သည်။

"ဒီနေ့ ဆိုင်ပိတ်လို့လား ကိုအောင်မောင်း"

"အထူးဧည့်သည်အတွက် လူရှင်းထားတယ်"

"အထူးဧည့်သည်ဆိုတာ ဘယ်သူကို ပြောတာလဲ"

"ခင်ဗျားကိုပြောတာပါ ကိုမြခင်"

"ဒါဆို ကျွန်တော်ဝင်ခဲ့မယ်"

ဟုပြောပြီး အတွင်းသို့ဝင်လိုက်ပြီး ကုလားထိုင်တွင် မြခင်ဝင်ထိုင်လိုက်သည်။

"ခင်ဗျားလာမယ်ဆိုတာ သိလို့ ဧည့်သည်တွေကို ရှင်းထားပါတယ်"

ဟု ပုဏ္ဏားအောင်မောင်းက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လာမယ်ဆိုတာ ခင်ဗျား က ဘယ်လိုလုပ်သိနေတာလဲ"

"ကျွန်တော် ပုဏ္ဏားအောင်မောင်း လေ ... ဟဲဟဲ ..."

"ဆိုစမ်းပါဦး"

"မနေ့ညဉ့်က ခင်ဗျားလာသွား မဟုတ်လား ကိုမြဒင်"

ဟု ပုဏ္ဏားအောင်မောင်းက ဆို သည်။ မြဒင် ဘာမျှပြန်မပြောဘဲ ပိုလို စီးကရက်ကိုသာ ဖွာလိုက်သည်။

"ဒီမှာ ကိုမြဒင်၊ ခင်ဗျားလည်း ဇာန်တော်လေးသား၊ ကျွန်တော်လည်း ဇာန်တော်လေးသားပါဗျ ... ဟဲဟဲ"

မနေ့ညဉ့်က ထိုစကားကို ပုဏ္ဏား အောင်မောင်းပြောစဉ်ကပင် မြဒင်သဘော ပေါက်ပြီးဖြစ်သည်။ သို့ရာတွင် မြဒင်သည် မသိကျိုးကျွန်ပြုလျက် ပုဏ္ဏားအောင် မောင်းကို ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ်ဗျာ။ ဒါပေမဲ့ အခုလို ညှိသည်တွေရှင်းထားတယ် ဆိုတော့ ခင်ဗျားတို့အတွက် ဝင်ငွေတွေလျော့သွား မှာပေါ့"

"မလိုပါဘူး ကိုမြဒင်။ ခင်ဗျားက ကျွန်တော်တို့အတွက် ပိုပြီးအရေးကြီးပါ တယ်"

"ဒီမှာ ကိုအောင်မောင်း။ စေတနာ ထားပြီး ပြုစုတယ်ဆိုရင် အဆိပ်ဆိုတာ သိပေမဲ့ သုံးဆောင်ရယ်ဗျ"

"ကွမ်းယာထဲ အဆိပ်ခတ်ကျွေး မယ်လို့ ခင်ဗျားထင်လို့လား ကိုမြဒင်"

"ဒါက ခင်ဗျားတို့ကိစ္စပါ"

"စိတ်ချပါဗျာ။ ကျွန်တော်က ခင်ဗျားကို အဆိပ်ခတ်မကျွေးပါဘူးဗျ။ အနီတာက ခင်ဗျားကို အထူးညှိသည် အနေနဲ့ ကပြအသုံးတော်ခံမှာပါ"

"ကောင်းတာပေါ့ဗျာ။ အနီတာရဲ့ စေတနာကိုလည်း သိရတာပေါ့"

"ဒီလိုဆို ညှိခံပွဲစရအောင်"

ဟု ပုဏ္ဏားအောင်မောင်းက ဆို၍ အတွင်းခန်းမှ အနီတာကို လှမ်းခေါ်လိုက် ပါတော့သည်။

▸▸▸▸▸

## အခန်း(၈)

## သက်မဲ့သက်သေ

အနီတာသည် လိုက်ကာဖွင့်၍ ကွမ်းယာဗန်းကိုကိုင်ပြီး ထွက်လာသည်။ မြဒင်သည် သောက်လက်စ စီးကရက်ကို အနီးရှိ ဆေးလိပ်ခွက်ထဲနစ်၍ ထိုးချေ လိုက်သည်။ နောက် သံဘူးထဲမှ ပိုလို စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိ လိုက်သည်။

အနီတာသည် ကွမ်းယာဗန်းလေး ကို မြှောက်ပြပြီး မြဒင်အာ ပြုံးပြသည်။ သူမ၏အပြုံးထဲတွင် လျှို့ဝှက်ချက်တွေ ရောပြွမ်းနေသည်ကို မြဒင်သတိပြုမိသော် လည်း မြဒင်သည် အနီတာအား ပွင့်လင်း သော အပြုံးများနှင့် တုံ့ပြန်လိုက်သည်။

ပုဏ္ဏားအောင်မောင်းသည် အနီ တာအား မျက်စပစ်ပြပြီး ချွဲချွဲပစ်ပစ်ပြော သည်။

"အနီတာရေ ... ညှိသည်တော် အလွတ်စုံထောက်ကြီး ကိုမြဒင်ကို ထုံးစံ အတိုင်း ညှိခံလိုက်ပါကွယ် ... ဟဲဟဲ"

"ဂျာနား×××ပနား×××ဂျာနား ပနား×××ဂျာဂျာ"

အနီတာသည် သီချင်းကိုဆိုပြီး လည်တိုင်ကြော့ကြော့လေးကို ယိမ်းထိုး ၍လည်းကောင်း၊ ရင်သားမို့မို့ကို လှုပ်ရှား ၍လည်းကောင်း၊ တင်သားအိအိကို ခါ ယမ်း၍လည်းကောင်း မြဒင်ကို ကပြအသုံး တော်ခံသည်။

"ဂျာနား×××ပနား×××ဂျာနား ပနား×××ဂျာဂျာ"

"ဝှမ်း .. ချလွင် ... ချလွင်"

အနီတာသည် ကနေရာမှ လက် ထဲက ကြေးဗန်းလေးကို လွှတ်ချလိုက် သည်။ ကွမ်းယာလေးများ ကြမ်းခင်းတွင် ပြန့်ကြဲသွားသည်။ ထိုမှ တစ်ဆက်တည်း အနီတာသည် အသံကုန်ဟစ်၍ အော် သည်။

"ကယ်တော်မူကြပါ ... ကယ် တော်မူကြပါ"

အနီတာသည် ကျယ်ကျယ်လောင် လောင် အော်နေရာမှ သူ၏ ဆာရီကို ဆုတ်ဖြဲပစ်သည်။ အနီတာ၏ အော်ဟစ် အကူအညီတောင်းမှုကြောင့် ပတ်ဝန်း ကျင်မှလူများ ရောက်ရှိလာကြသည်။ စည်းဝါးရိုက်ထားသူများဟု မြဒင်ခံစား လိုက်သည်။

ထိုစဉ် အင်စပက်တော်ခရစ်ပင်နှင့် ပုလိပ်သားသုံးယောက် ညှိခန်းထဲသို့ ဝင်လာကြသည်။ မြဒင်သည် မည်သူ့ကို မျှ အရေးမထားဘဲ ပိုလိုစီးကရက်ကိုသာ ဖွာနေသည်။

ပုဏ္ဏားအောင်မောင်းသည် အင်စ ပက်တော်ခရစ်ပင်ကို တွေ့လျှင် မြဒင် အား လက်ညှိုးထိုး၍ ပြောသည်။

"အလွတ်စုံထောက်မြဒင်က ကျွန် တော့်တူမလေး အနီတာကို မကောင်း ကြံစည်နေပါတယ် အင်စပက်တော်ကြီး"

ဟု ဦးစွာဆိုသည်။

"ကျွန်မကိုလည်းကြည့်ပါဦး"

ဟုဆို၍ အနီတာသည် ဆုတ်ဖြဲ ထားသော ဆာရီစများနှင့် ရင်မို့မို့ပေါ်မှ ဖရိုဖရဲဖြစ်နေသော ဇာဘော်လီအင်္ကျီကို ပြသည်။

"အချိန်မီ ကျွန်တော်တို့ရောက်လာ လို့ပေါ့ဗျာ။ နို့မဟုတ်ရင် အနီတာ မလွယ် ဘူး"

ဟု စည်းဝါးကိုက်ထားသူထဲမှ တစ် ယောက်က ဆိုသည်။ အင်စပက်တော် ခရစ်ပင်သည် မြဒင်အား စိမ်းစိမ်းကြည့်ပြီး ပြောသည်။

"အခုလို ကျွန်တော်တို့ကို ခုတုံး လုပ်တာတော့ မကောင်းဘူး ကိုမြဒင်။



www.burmeseclassic.com

www.burmeseclassic.com

အခုကိစ္စ မင်းကြီးသိသွားရင် ခင်ဗျားကို ခွင့်လွှတ်မှာမဟုတ်ဘူးဗျ"

မြဒင်သည် ဘာမှပြန်မပြောဘဲ ပိုလိုစီးကရက်လေးကိုသာ ဖွာနေသည်။

"ဟုတ်ပါတယ် အင်စပက်တော်ကြီး။ ဒီအလွှတ်စုံထောက်ကို လက်ထိတ်ခတ်ပါ"

ဟု ပုဏ္ဏားအောင်မောင်းက ဝင်လုံးသည်။

"ဟုတ်ပါတယ်ရှင်။ သူ့ကိုဖမ်းကြပါ"

ဟု အနီတာက ဆိုသည်။

"ဒီမှာ ကိုမြဒင်။ ခင်ဗျားနဲ့ ကျွန်တော် ရင်းနှီးတယ်ဆိုပေမဲ့ အခုလို ကျွန်တော်တို့ ပုလိပ်အဖွဲ့ရဲ့ ဂုဏ်သိက္ခာကို ညှိုးနွမ်းအောင်လုပ်တာတော့ ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး"

မြဒင်သည် အင်စပက်တော်ခရစ်ပင်အား မည်သို့မျှ မတုံ့ပြန်ဘဲ ပိုလိုစီးကရက်ကိုသာ ဖွာနေသည်။

"ဘယ်လိုလဲ ကိုမြဒင်"

ဟု အင်စပက်တော်ခရစ်ပင်က မာမာတင်းတင်းဆိုသည်။ မြဒင်သည် လက်ထဲတွင် အသာအယာကိုင်ထားသော ပိုလိုစီးကရက်လေးကိုကြည့်လိုက်ပြီး အင်စပက်တော်ခရစ်ပင်ကို အပြုံးလေးနှင့် ပြောလိုက်သည်။

"ဒီမှာ အင်စပက်တာ။ ခင်ဗျားဟာ အင်စပက်တော်တစ်ယောက်ဖြစ်ပြီး တော်တော်ညံ့တာပဲဗျ"

"ဘာပြောတယ် ကိုမြဒင်"

"ကျွန်တော်ရှင်းပြပါရစေ အင်စပက်တာ"

"ကဲ ... ပြော"

"ခင်ဗျားလို C.I.D မှာ သင်တန်းတွေတက်ထားတဲ့ အင်စပက်တော်တစ်ယောက်က တရားခံတွေရဲ့စကားကို နားယောင်နေလို့ပါ"

"ဘယ်လိုဗျ"

"အင်စပက်တာကို တစ်ခုမေးမယ်"

"ရပါတယ် ကိုမြဒင်"

"သက်ရှိသက်သေနဲ့ သက်မဲ့သက်သေ ဘယ်ဟာက ပိုပြီးခိုင်လုံသလဲဗျ"

"အတူတူပါပဲဗျာ"

"မတူပါဘူး"

ဟု အင်စပက်တော်ခရစ်ပင်ကို မြဒင် ပြန်ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ၊ ဆိုစမ်းပါဦး"

"သက်ရှိသက်သေတွေရဲ့ ထွက်ဆိုချက်တွေမှာ မှန်တာတွေရှိသလို၊ မှားတာတွေကိုလည်း ထွက်ဆိုကြလို့ပါ"

အင်စပက်တော်ခရစ်ပင် ငြိမ်သွားသည်။

"ဒီထက်ဆိုးတာက သက်ရှိသက်သေတွေဟာ လိမ်ညာထွက်ဆိုကြလို့ဗျ"

"အင်း ..."

"သက်မဲ့သက်သေကတော့ လိမ်ညာပြီး မထွက်ဆိုဘူးဗျ။ အရှိကိုအရှိအတိုင်းပဲ သက်သေခံတယ်"

ဤအခါတွင်မူ အင်စပက်တော်ခရစ်ပင်သည် မြဒင်အား ငြင်းချက်မထုတ်တော့ပါ။

"ဒီတော့ဗျာ ... ကျွန်တော့်အပေါ်မှာ လုပ်ကြံစွပ်စွဲချက်တွေကို သက်ရှိသက်သေနဲ့ ဆုံးဖြတ်မှာလား၊ သက်မဲ့သက်သေနဲ့ ဆုံးဖြတ်မှာလား ပြောပါ အင်စပက်တာ"

"ခင်ဗျားပြောသလိုပဲ၊ သက်မဲ့သက်သေကတော့ ပိုပြီးခိုင်လုံမယ်ထင်ပါတယ်"

"ဒါဆို ကျွန်တော့်လက်ထဲက ပိုလိုစီးကရက်လေးကို ကြည့်စမ်းပါ"

"ပိုလိုစီးကရက်လေ၊ အဲဒါအစမ်းလား"

"ဒီမှာ သေသေချာချာကြည့်ပါဦး"

ဟု မြဒင်ဆိုလိုက်သောကြောင့် အင်စပက်တော်ခရစ်ပင်သည် မြဒင်လက်ထဲမှ ပိုလိုစီးကရက်လေးကို စူးစူးစိုက်စိုက် ကြည့်သည်။

"ပြာအတောင့်နဲ့ စီးကရက်လေး... မြင်တယ်မဟုတ်လား"

"ခင်ဗျားပြောမှပဲ ကျွန်တော်သ... ပြုမိတော့တယ် ကိုမြဒင်"

"တကယ်လို့ ... သူတို့ပြောသ... အနီတာကို ကျွန်တော်က ဘလက်... ယပြုတယ်ဆိုရင် ဒီစီးကရက်တောင့်... ဟာ အခုလို နဂိုအတိုင်း ရှိပါ့မလား အ... စပက်တာ"

အင်စပက်တော်ခရစ်ပင်သည် ... ဒင်အား ပါးစပ်အဟောင်းသားနှင့်... ကြည့်သည်။

"ဒီတော့ဗျာ ... ကျွန်တော့်... အသရေဖျက်မှုနဲ့ သူတို့ကို အရေးယူ... ပါ"

အင်စပက်တော်ခရစ်ပင်သည် ... ဒင်အား တလေးတစားနှင့် ခေါင်းညိတ်... သည်။

"အခုလို ကျွန်တော်ဖွင့်တဲ့အ... လက်ခံတဲ့အတွက် အင်စပက်တာ... ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး ကိုမြဒင်။ ဒါမှ... နေပြီမဟုတ်လား"

"နောက်ပြီးတော့ ခင်ဗျားရဲ့ ... သားတွေက ကျွန်တော့်ဘက်က ... သေလိုက်ရလိမ့်မယ်နော်"

"စိတ်ချပါ ကိုမြဒင်"

ထို့နောက်တော့ ... အလွ... ယောက်မြဒင်သည် လက်ထဲတွင် အ... အယာကိုင်ထားသော ပြာအတောင့်... ပိုလိုစီးကရက်လေးကို အခန်းတွင်း... အားလုံး ထင်သာမြင်သာရှိအောင် ... ပြလိုက်ပါတော့သည်။

ဇော်ဇော်...



www.burmeseclassic.com

www.burmeseclassic.com

# မြစ်မှူ နှင့် ကာလစည်းကမ်းသတ်ပြဿနာ

ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

ကျွန်တော်ဤစာစုကိုရေးဖို့ အကြောင်းပေါ်လာခြင်းသည် ကိုရီးယားဇာတ်လမ်းတွဲကြည့်ရင်း ဖြစ်သည်။ စာရှုသူတို့သည်း ကြည့်ဖြစ်ကြပေလိမ့်မည်။ ကိုရီးယားဇာတ်လမ်းတွဲတို့ကလည်း တရုတ်ပြည်မဟာတံတိုင်းနှင့် အပြိုင်ရှည်ကြသည်။ စိတ်ဝင်စားဖွယ်ဖြစ်အောင်လည်း ရိုက်ကူးတင်ပြနိုင်ကြသည်။ ကျွန်ုပ်တော်သည် ဥပဒေသမားပီပီ ဇာတ်လမ်းတွင်းမှ ဥပဒေပြဿနာတစ်ရပ်ကို မြင်လိုက်သည်။ အကယ်စင်စစ် ကိုရီးယားပြည်တွင်းဥပဒေတွင် မည်သို့ပြဋ္ဌာန်းထားရှိသည်ကို မသိရိုးအမှန်ဖြစ်ကြောင်း ရိုးသားစွာ ဝန်ခံရပေမည်။ ရုပ်သံဇာတ်လမ်းတွဲရှုမြင်ချက်အရ ပြစ်မှုနှင့် ကာလစည်းကမ်းသတ်ကိုသာ တွေ့မြင်ခြင်းအကြောင်း ဖြစ်၏။

'စိတ်၏စေရာ' ဇာတ်လမ်းတွဲသည် MRTV-4 မှ ထုတ်လွှင့်ပေးခြင်း ဖြစ်၏။ ပြစ်မှုကျူးလွန်ထားသူနှစ်ဦးအတွက် ကာလစည်းကမ်းသတ်ကျော်နေပြီဖြစ်သောကြောင့် တရားစွဲမရတော့ဟုဆိုသည်။ ကျွန်တော်က ဇာတ်လမ်းကြည့်ရင်း တရားခံများကို ဥပဒေနှင့်အညီ ဖော်ထုတ်နေမိ၏။ ပုဒ်ထီးပုဒ်မများ စိစစ်နေမိ၏။ တစ်ဆက်တည်းပင် မီဒီယာ၏ အခန်းကဏ္ဍကိုလည်း တွေးမိသည်။ စာပေ၊ ရုပ်ရှင်၊ ဂီတ စသည့် မီဒီယာတို့မှ ထုတ်ဝေဖြန့်ချိမှုများသည် ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်တို့နှင့် အထိုက်အလျောက် အံဝင်ခွင်ကျဖြစ်ရန် လိုပေသည်။

ကျွန်တော်ကြည့်နေမိသော ဇာတ်လမ်းတွဲကို "ခြောက် ••ပြည်ပဇာတ်လမ်းပေပဲ"ဟုသာ ဖြေလျော့ခဲ့သည်။ ကျွန်တော်က ကျွန်တော်တို့ပြည်တွင်းဥပဒေပေတံနှင့် တိုင်းတာမိခြင်းသာဖြစ်ပေ၏။ အရောရာကို ကိုယ့်စိတ်နဲ့ချည်း တိုင်းတာ၍မဖြစ်ဟုလည်း သုံးသပ်ရပေမည်။ သူ့နိုင်ငံ၊ သူ့ဥပဒေနှင့် မှန်နိုင်ပေမည်။ ကျွန်တော်တို့နိုင်ငံ၏ ပြဋ္ဌာန်းဥပဒေအရ ကျူးလွန်မှုများတွင် ကာလစည်းကမ်းသတ်မည်သို့ ပြဋ္ဌာန်းထားလေသနည်း။ ကျွန်တော်သိသမျှ စာရှုသူတို့အား ဖောက်သည်ချပေးလိုသည်။

'ရာဇဝတ်ဒေါး မြေးမလွတ်'၊ 'အမှုသည် ဆွေးသည်မရှိ'ဟူသော စကားရပ်များကို ကြားဖူးကြပေလိမ့်မည်။ ဗုဒ္ဓဘာသာထွန်းကားသော ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့နိုင်ငံသားများအနေဖြင့် သံသရာကိုပါ ထည့်သွင်းတွက်ကြသည်။ မိမိ



www.burmeseclassic.com

www.burmeseclassic.com

[illegible] ပြန်သော်လည်း [illegible] အာဘသရေရှုသောင့်မှ အကြမ်းဖျင်း အသိမှသာ ဖြစ်ပေသည်။ ယနေ့ ကျွန်တော်တို့နိုင်ငံက ပြဋ္ဌာန်းထားသော ဥပဒေက မည်သို့ရှိသည်၊ တရားရုံးများက လိုက်နာဆောင်ရွက်ရန် ထုံးဖွဲ့လမ်းညွှန်ထားသည့် စီရင်ထုံးများက မည်သို့ညွှန်ပြလေသနည်း။ မော်လမြိုင်မြို့နယ်တရားရုံးမှ သန္ဓေတည်ခဲ့သော မှုခင်းတစ်ရပ်ဖြင့် တင်ပြလိုပေသည်။

မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၊ အောင်မင်္ဂလာလမ်းတွင် ဒေါ်မတီနေသည်။ ထိုလမ်းထဲရှိ ဦးပိုင်မြေကွက် အမှတ်-၇၇ နှင့် ၇၈ တို့ကို ဒေါ်မတီပိုင်သည်။ ဦးပိုင်မြေကွက် အမှတ်-၇၈ ကို တစ်လ ခြောက်ကျပ်နှုန်းဖြင့် ဒေါ်မတီက ဦးအာမက်ဆူဘန်းသို့ ငှားရမ်းထား၏။ ဦးအာမက်ဆူဘန်းသည် ဦးပိုင်မြေကွက် အမှတ်-၇၇ အတွင်းသို့ အိမ်တစ်လုံးနှင့် ရေလောင်းအိမ်သာတစ်လုံး ကျူးကျော်ဆောက်လုပ်ကြောင်း ဒေါ်မတီက မော်လမြိုင်မြို့ မြို့မရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားသည်။ ရဲစခန်းမှ မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့သည်။

မြို့နယ်တရားရုံးတွင် ဒေါ်မတီ၏ ထွက်ဆိုချက်များကို ဒေါ်စားတာမနှင့် မပူစူးမပတို့က ထောက်ခံထွက်ဆိုကြသည်။ မြေတိုင်းစာရေး ဦးလွန်းရိန်ကလည်း ဦးအာမက်ဆူဘန်း၏အိမ်သည် မြေကွက်အမှတ်-၇၇ အတွင်းသို့ ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားကြောင်း တင်ပြထွက်ဆိုသည်။ ရာအိမ်မှူး ဦးမြမောင်ကလည်း ဒေါ်မတီ၏ သဘောတူညီချက်အရ ဦးအာမက်ဆူဘန်း ဆောက်လုပ်ခြင်းမဟုတ်ဘဲ ဒေါ်မတီက ကန့်ကွက်သည့်ကြားမှ ဆောက်ခြင်းဖြစ်သည်ဟု ထွက်ဆိုသည်။

မြို့နယ်တရားရုံးမှ ဦးအာမက်ဆူဘန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၄၄၇ ဖြင့် စွဲချက်တင် ဖြေရှင်းစေခဲ့သည်။

ဦးအာမက်ဆူဘန်းသည် မြေကွက်အမှတ်-၇၇ ကို ငှားရမ်းထားကြောင်း အငြင်းမပွား။ အိမ်နောက်ဖေးဘက်မှ (၈) ပေခန့် ကျူးကျော်ဆောက်လုပ်ခဲ့သည်ကိုလည်း စည်ပင်သာယာ၏ ခွင့်ပြုချက်အရ ဆောက်ခဲ့ကြောင်း အထောက်အထားတင်ပြနိုင်ခြင်းမရှိ။

ဒေါ်မတီသည် ဦးအာမက်ဆူဘန်း ကျူးကျော်ဆောက်လုပ်သည့်အချိန်မှ တစ်နှစ်ကိုးလကျော်ချိန်တွင် တရားစွဲဆိုခြင်းဖြစ်သည်။ မြို့နယ်တရားရုံးက ကြားနာစစ်ဆေးပြီး ဦးအာမက်ဘူဆန်းအား ငွေဒဏ် ၅၀ဝိ/- ပေးဆောင်စေရန်၊ မဆောင်က ထောင်ဒဏ် ၁၅ ရက် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ဦးအာမက်ဘူဆန်းက မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်။ မွန်ပြည်နယ်တရားရုံး (မော်လမြိုင်မြို့နယ်စု)သို့ ပြစ်မှုဆိုင်ရာ အယူခံမှု တင်သွင်းသည်။ ပြည်နယ်တရားရုံးက ဦးအာမက်ဘူဆန်းသည် ဒေါ်မတီပိုင် မြေကွက်အတွင်းသို့ ကျူးကျော်ဆောက်လုပ်ခြင်းဖြင့် ဒေါ်မတီကို စိတ်ငြိုငြင်စေမည်မှာ ကော[illegible] မုချဖြစ်ရာ ပြစ်မှုမကင်းသော ကျော်နင်းမှုမြောက်သောကြော[illegible] တရားမကြောင်းဆိုင်ရာ ကျူးကျော်မှုဖြစ်သည်ဟု ယူဆသည် တစ်နှစ်နှင့်ကိုးလကျော် ကြာမြင့်ပြီးချိန်မှ စွဲဆိုသဖြင့်လည် မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ကာ ဦးအာမက်ဘူဆန်း ကို အပြီးအပြတ်လွှတ်ခဲ့သည်။

ပြည်နယ်တရားရုံး၏ ဦးအာမက်ဘူဆန်းကို အပြီးအပြတ် လွှတ်ခဲ့သည်။

ပြည်နယ်တရားရုံး၏ ဦးအာမက်ဘူဆန်းကို အပြီး အပြတ် လွှတ်ပေးခြင်းသည် ဥပဒေနှင့်မညီဟု ရှေ့နေချုပ်ရုံး ယူဆ၏။ ရှေ့နေချုပ်ရုံးမှ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၁ အရ တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ အယူခံမှုတင်သွင်းသည်

ပြစ်မှုဆိုင်ရာမှုခင်းများတွင် တရားစွဲဆိုရန် ကာလစည် ကမ်းသတ်မှတ်ချက်မရှိသဖြင့် ဒေါ်မတီက ဤအမှုကို တစ်နှ နှင့်ကိုးလကျော် ကြာမြင့်ပြီးမှ စွဲဆိုရုံမျှဖြင့် တရားမကြောင်းဖြ သည်ဟု မဆိုနိုင်။ ဒေါ်မတီသည် အချင်းဖြစ်မြေပေါ်တွင် နေထို ခြင်းမရှိသော်လည်း အချင်းဖြစ်မြေပိုင်ရှင်ဖြစ်သည်။ ဦးအာမ ဘူဆန်းကို ငှားရမ်းထားကြောင်း [illegible]ငြင်းမပွား။ ဥပဒေအရ [illegible] လက်ရှိဖြစ်သူသည် ဒေါ်မတီဖြစ်သည်။ မြေတိုင်းစာရေး၊ ရာအိ မှူးတို့၏ ထွက်ချက်များအရလည်း ဒေါ်မတီ၏ မြေကွက်အတွင်း ကျူးကျော်ဆောက်လုပ်ခဲ့ကြောင်း ပေါ်ပေါက်သည်ဟု တင်ပြ လျှောက်ထားလေသည်။

ရှေ့နေချုပ်ရုံး၏ အယူခံလွှာကို နိုင်ငံတော်တရားရုံးချု အယူခံရုံးတော်မှ လက်ခံခွင့်ပြု၏။ ပြည်နယ်တရားရုံးမှ ဦးအာ မက်ဘူဆန်းအား အပြီးအပြတ်လွှတ်ပေးသည့်အမိန့်ကို ပယ်ဖျ သည်။ မြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုခဲ့ သည်။ နိုင်ငံတော်တရားရုံးချုပ်၏ ထိုစီရင်ချက်အမိန့်ကို ၁၉ ခုနှစ် စီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့က စီရင်ထုံးအဖြစ် ထု ဝေခဲ့ပေသည်။ ပြစ်မှုနှင့် ကာလစည်းကမ်းသတ်ပြဿနာအတွ ထိုစီရင်ထုံးထက်စောသော စီရင်ထုံးများ ရှိခဲ့၏။

၁၉၆၆ ခုနှစ်တွင် ထုံးဖွဲ့ထုတ်ဝေခဲ့သော ဦးသွယ် ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၆-မတစ-၂၁၆) ကျွန်တော် ဦးစွာဖတ်ရှုခွင့်ရခဲ့သည်။ မှုခင်းဖြစ်ရာအရပ်သ ကျိုက်လတ်မြို့ဖြစ်။ ဦးစံတိုးမြင့်နှင့် ဖနီးတို့အပေါ် ပြစ်မှုဆိုင် ဥပဒေပုဒ်မ-၄၉၉/၅၀၀ အရ ဦးသွယ်က စွဲဆိုသည်။ ထိုအ အပြီးသတ်အမိန့်ချမှတ်ပြီး နောက်တစ်နေ့တွင် ဦးစံတိုးမြ



www.burmeseclassic.com

www.burmeseclassic.com

ဦးသွယ်နှင့် ၎င်း၏သား၊ ကိုကြည်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၅၀၀ အရ အရေးယူပေးရန် ဦးတိုက်လျှောက်ထား၏။

ထိုအမှုကို နိုင်ငံတော်တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုဖြင့် ဦးသွယ်တို့သားအဖ တင်သွင်းသည်။ ပြင်ဆင်မှုရုံးတော်က မူလရုံးအမှုတွဲကို စိစစ်၍ ရာဇဝတ်မှုများတွင် ကာလစည်းကမ်းသတ် မရှိ၊ စွဲဆိုလိုသောအချိန်တွင် စွဲဆိုနိုင်ခွင့်ရှိသည်ဟု အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရပေသည်။

ကျွန်တော် လေ့လာခွင့်ရခဲ့သော စီရင်ထုံးတစ်ခုသည် ၁၉၈၁ ခုနှစ် ထုတ်ဝေသော တရားစီရင်ထုံးများမှ ဖြစ်သည်။ တရားစွဲခံရသူသည် ဦးစံမြင့် ဖြစ်၏။ တရားလို ဦးသန်းမြင့်က သထုံမြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ-၄၁၇/၄၂၀ အရ စွဲမှုဖြစ်သည်။

ဦးစံမြင့်နှင့် ဦးသန်းမြင့်၊ ဦးသိန်းတို့ ၁၉၇၆ ခုနှစ်တွင် သထုံမြို့၌ စတင်တွေ့ဆုံကြခြင်းဖြစ်သည်။ ဦးစံမြင့်က သူသည် မြစေတီမင်းခေါင်ဖြစ်၍ ဘဝထုံကူးလာသူဖြစ်သည်။ နေမိန္ဒရ ဘုရားကုန်းတွင် မြစေတီဘုရားကို ငွေစိုက်ထုတ်တည်ရန်နှင့် ဘုရားတည်ပြီးသောအခါ ငွေပြန်ရှင်းပေးမည်ဟု ဦးသန်းမြင့်နှင့် ဦးသိန်းတို့ကို စည်းရုံးသည်။ ဦးသန်းမြင့်နှင့် ဦးသိန်းတို့ကလည်း ငွေကျပ် ၃၈၀၀/- စိုက်ထုတ်၍ ဘုရားတည်ပေးသည်။ ဘုရားတည်ပြီးသောအခါ ဦးစံမြင့်ထံ ငွေတောင်းသည်။ ငြင်းဆန်သည်။ ထို့ကြောင့် ဦးသန်းမြင့် သထုံမြို့ရဲစခန်းမှူးထံ တိုင်တန်းခဲ့မှုဖြစ်သည်။

ဤသို့ ဦးအုန်းမြင့်စွဲဆိုခြင်းကို ဦးစံမြင့်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၆၁-က အရ ဗဟိုတရားရုံးသို့ ချေဖျက်ရန် လျှောက်ထားသည်။ ဗဟိုတရားရုံးတော်၏ ထိုအမှုဆုံးဖြတ်ချက်သည် စီရင်ထုံးဖြစ်လာသည်။

ဦးသန်းမြင့်နှင့် ဦးစံမြင့် စတင်တွေ့ဆုံပြီး အခင်းဖြစ်ပွားသည့်ကာလသည် ၁၉၇၄ ခုနှစ်၊ မတ်လ ဖြစ်သည်။ သထုံမြို့ရဲစခန်းသို့ တိုင်တန်းခြင်းသည် ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ဖြစ်သည်။ ခြောက်နှစ်ခန့်ကြာပြီးမှ တရားစွဲဆိုခြင်းဖြစ်ပေသည်။ ဦးစံမြင့်၏ ရှေ့နေက ဤအမှုကို အချိန်ကာလကြာမြင့်မှ တရားစွဲဆိုခြင်းအချက်ကို ညွှန်ပြလျှောက်လဲသည်။

စီရင်ထုံး စိစစ်ထုတ်ဝေရေးအဖွဲ့က "ပြစ်မှုများကို ပြစ်မှုကျူးလွန်သည့်နေ့မှ မည်သည့်ကာလအတွင်း တရားစွဲရမည်ဟု စည်းကမ်းသတ်၊ ကာလသတ်မှတ်ထားခြင်းမရှိသည့်အလျောက် ယခုအမှုကို အမှုဖြစ်ပွားပြီးနောက် ကာလအတန်ကြာမှ တရားစွဲသည်ကို အကြောင်းပြုပြီး ချေဖျက်ခြင်း မပြုနိုင်ပေ" ဟူသည့် တရားစီရင်ရေးအဖွဲ့၏ သုံးသပ်ဆုံးဖြတ်ချက်ကို ထုတ်နုတ်ထုံးဖွဲ့ပေးခဲ့သည်။

ကျွန်တော်သည် လက်လှမ်းမီသမျှ လမ်းညွှန်စီရင်ထုံးဖြင့် ပြစ်မှုဆိုင်ရာ မှုခင်းများနှင့် ကာလစည်းကမ်းသတ် ပြဿနာကို တင်ပြခဲ့ပါ၏။ အချိန်နောက်ကျပြီးမှ တရားစွဲဆိုခြင်းကြောင့် ဥပဒေအရ မှားယွင်းမှုမဖြစ်ကြောင်း လေ့လာသုံးသပ်နိုင်ကြအံ့ဟု ယူဆမိပါသည်။

ယခု ကျွန်တော်ရေးသားဟင်ပြချက်များသည် ပြစ်မှုဆိုင်ရာ မှုခင်းသက်သက်မျှသာ ဖြစ်ပါသည်။ အထူးဥပဒေအရ ကျူးလွန်သော ပြစ်မှုများကို လုံးဝရည်ညွှန်းခြင်း မရှိပါပေ။ အထူးဥပဒေအရ ကျူးလွန်သော ပြစ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အထူးဥပဒေများတွင် သီးခြားပြဋ္ဌာန်းချက်များ ရှိကြပါသည်။ ထို့အပြင် ပြစ်မှုဆိုင်ရာ အယူခံမှုများအတွက် ကာလစည်းကမ်းသတ်ဥပဒေတွင် သီးခြားပြဋ္ဌာန်းထားခြင်း ရှိသကဲ့သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုများအတွက် တရားရုံးများလက်စွဲတွင် သတ်မှတ်ထားရှိပါသည်။ ကျွန်တော်တင်ပြသော ကာလစည်းကမ်းသတ်ပြဿနာသည် မူလမှုသက်သက်မျှသာ ဖြစ်ပေသည်။

ကျွန်တော်သည် စိတ်အပန်းဖြေရာ ကိုရီးယားဇာတ်လမ်းတွဲ ကြည့်ရင်းမှ စာရှုသူတို့အတွက် ဥပဒေသုတ ဝေငှလိုက်ရပေသည်။

**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)**


ကိုးကား

- ပြစ်မှုဆိုင်ရာဥပဒေ
- ကာလစည်းကမ်းသတ်ဥပဒေ
- ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဦးအာမက်ဘုဆန်း (၁၉၉၃-မတစ-၁၁၄)
- ဦးသွယ်ပါ-၂နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၆-မတစ-၂၁၆)
- ဦးစံမြင့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ( ၁၉၈၁-မတစ-၂၃)
- တရားရုံးများလက်စွဲ




www.burmeseclassic.com

www.burmeseclassic.com



ကာတွန်း

# ကြည်ဝင်း

## အရှုံးသမား၏အောင်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# ကံရှုံးသမား၏ အောင်ပွဲ

ကာတွန်းကြည်ဝင်း

(ယခင်လမှအဆက်)

အနေအထားအရတော့ စည်သူပိုင် လုပ်နေသည့်အလုပ်က ခပ်ဆန်းဆန်းဆိုရ သော်ငြား ရိုးစင်းသည့်အလုပ်ဟု ကောက် ချက်ချနိုင်ပါ၏။

သို့သော် လက်ပံကျွန်းပင်လယ် ကမ်းခြေတစ်ပိုက်တွင် ဖြစ်နေသည့် လူ့ အသက်ဆုံးရှုံးမှုများသည် ဘာကြောင့် လဲ၊ ဘယ်သူ့ပယောဂလဲ မင်းမင်းမြိုင် ငြိုးစားမရ၊ ကိုစည်သူပိုင် မာယာများနေ ဘာလား။ သို့ဆိုလျှင် ကြားထဲက စိတ္တဇ ဝေဒနာသည်မလေး မီမီဖံခမျာ သနား ရော။ မင်းမင်းမြိုင်သည် ခရီးကို ဘယ်လို ဆက်ရှောက်ရမည်မသိတော့။

မည်သို့ပင်ဆိုစေ။ အထက်က ပေး အပ်ထားသည့်အတိုင်းတော့ စုံစမ်းရဦး မည်သာ။ အတွေးနယ်ချဲ့နေခိုက်မှာပင် ကိုစည်သူပိုင် အနီးသို့ ရောက်လာပါ၏။

"မြိုင် ... အိပ်မပျော်လို့လား"

"ဟုတ်တယ် ...။ လကလေးက လည်းသာနေတာနဲ့၊ အင်း ... မြိုင်လည်း ကိုစည်သူပိုင်ကို လာပြီးအနှောင့်အယှက် ပေးသလို ဖြစ်နေသလား မသိဘူး"

"ဒီလိုတော့လည်း ဟုတ်မယ် ထင်ပါဘူး မြိုင်ရယ်။ ကျွန်တော်ကိုက လူတွေအထင်အမြင်လွဲအောင် နေမိသလို ဖြစ်နေတာပါ။ ကျွန်တော့်ကိုယ်ကျွန်တော် လည်း ဆန်းစစ်မိပါတယ်။ ဒါပေမဲ့ တစ် မျိုးပဲဗျာ။ ကျွန်တော်ဟာ ဖေဖေ့ကို သတိ ရတိုင်း လူတွေနဲ့ ခပ်ကင်းကင်းနေချင် သလို ဖြစ်နေမိတယ်"

မင်းမင်းမြိုင် စည်သူပိုင်ပြောနေ သည့် စကားများကို နားထောင်ရင်း တစ် စုံတစ်ရာကို အလေးအနက် အကဲခတ်နေ မိပါသည်။

"ကျွန်တော့်ဖေဖေဟာ တိုးတက် တဲ့ အယူအဆရှိသူတစ်ယောက်ပါ။ သဘောကောင်းတယ်၊ ရိုးသားတယ်။ ဒါပေမဲ့ ငွေမရှိဘူး။ လောကမှာ ငွေမရှိ တာပဲ အပြစ်တစ်ခုလို့ သဘောထားကြ သလား မပြောတတ်ပါဘူး။ မေမေနဲ့ လက်ထပ်တော့ မေမေ့မိဘတွေက အမွေ ဖြတ်လိုက်တယ်"

"ဩော် ... ဖြစ်ရလေရှင်"

"ဒါနဲ့ ဖေဖေနဲ့ မေမေဟာ ကျေး ရွာလေးတစ်ရွာမှာ လယ်လုပ်ရင်း ကိုယ် ယောင်ဖျောက်နေကြတယ်။ လယ်လုပ် ငန်းအားတဲ့အခါ ငါးဖမ်းတဲ့အလုပ်ကို လုပ် တယ်။ တစ်ခါတော့ ဖေဖေဟာ ပိုက်ထဲ မှာ မိကျောင်းပေါက်ကလေးပါလာလို့ မွေး ထားလိုက်တယ်။ နောက်လည်း မကြာ မကြာ ပါလာတတ်တာနဲ့ ကြာတော့ မိကျောင်းပေါက် ငါးကောင်အထိ မွေးဖြစ် သွားတယ်"

"အင်း ... ဆက်ပါဦး။ စိတ်ဝင်စား စရာပဲ"

"အဲဒီအချိန်တုန်းက မိကျောင်း သားကို စားရုံမှတစ်ပါး နိုင်ငံတကာဈေး ကွက်မှာ ဒီလိုအဖိုးတန်မှန်း မသိသေးဘူး။ တစ်နေ့ ဗိုလ်တထောင်သတင်းစာမှာ မိကျောင်းမွေးမြူရေး ဆောင်းပါးတစ်ပုဒ် ကို ဖတ်လိုက်ရတယ်။ တိုတိုပြောရရင် အဲဒီကစပြီး မိကျောင်းကို စီးပွားဖြစ် မွေးခဲ့ ကြတယ်။ ခက်တာက အဲဒီရွာက လူတွေ ဟာ အစဉ်အလာသမားတွေ ဖေဖေ မိကျောင်းမွေးတာကို အန္တရာယ်တစ်ခုလို့ သဘောထားကြတယ်"

"ဩော် ... ဒါဆို နောက်ကော ဘာတွေဆက်ဖြစ်သေးလဲ"

"အင်း ... ပြောရရင်တော့ ကျွန် တော့်ချစ်သူ မေသစ္စာရဲ့အဖေ ရပ်ရွာလူ ကြီး ဦးဘလှိုင်က ပိုမလိုလားဘူး။ ဖေဖေ ကလည်း နောက်မဆုတ်ဘူး။ သူ့အလုပ် သူ ဆက်လုပ်တယ်။ အဲဒီအချိန်မှာ ကျွန်တော်နဲ့ မေသစ္စာက တက္ကသိုလ်မှာ နွေရာသီကျောင်းပိတ်ရက်။ ကျွန်တော်တို့ ပြန်ရောက်တဲ့အချိန်မှာပဲ မေသစ္စာမောင် ငယ်လေးတစ်ယောက်ဟာ မိကောင်း အပုတ်ခံရပြီး သေသွားရာတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အို . . . ဖြစ်မှဖြစ်ရလေ။ ဘယ်လို ဖြစ်လို့ ပီကျောင်းအပုတ်ခံရတာလဲ"

"အဖြစ်ကတော့ သူ့အဖြစ်နဲ့သူ ဖေဖေမိကျောင်းမွေးထားတဲ့ ချောင်းဖျားမှာ ရေလာချိုးရင်းနဲ့ ဖြစ်သွားတာ . . .။ အဲ . . . တိုတိုပြောရရင် မေသစ္စာဖခင်ရဲ့ အရှိန်အဝါနဲ့ ကျောင်းပြန်ဖွင့်လို့ မကြာခင်မှာပဲ ဖေဖေအသတ်ခံလိုက်ရတယ်။ မိကျောင်းမွေးမြူရေးကန်အားလုံးလည်း ဖျက်ဆီးခံလိုက်ရတယ်"

"ဟင် . . . ရက်စက်လိုက်ကြတာ"

"ပိုဆိုးတာက ကျွန်တော်ပြန်သွားတော့ မေမေလည်း နှလုံးရောဂါနဲ့ ဆုံးနှင့်ပြီ။ လူတွေဘယ်လောက်များ မေတ္တာတရား ခေါင်းပါးကြသလဲဆိုရင် ဖေဖေနဲ့ မေမေ့အလောင်းကို လာချပေးမယ့်သူ မရှိကြဘူး။ ညီမလေးကိုတော့ ရွာဦးကျောင်းဆရာတော်က စောင့်ရှောက်ထားတယ်။ အဲဒီကတည်းက ညီမလေး စိတ္တဇရောဂါ ဖြစ်ခဲ့တာပဲ။ မေသစ္စာတို့မိသားစုကိုလည်း သူအရမ်းမုန်းသွားတယ်"

"နုနယ်တဲ့အချိန်မှာ ရခဲ့တဲ့ ဒဏ်ရာအနာတရတွေက သူ့နှလုံးသားကို ဖောက်လွဲဖောက်ပြန် ဖြစ်စေခဲ့တာပေါ့။ နောက်ဘာတွေဆက်ဖြစ်သေးလဲ ကိုစည်သူ . . ."

"ဘာတွေ ဆက်ဖြစ်လဲဆိုတော့ သုံးလလောက်အကြာမှာ မေမေ့ရဲ့အဖေ ကျွန်တော့်အဘိုးရောက်လာပြီး ကျွန်တော်တို့ မောင်နှမကို လာခေါ်တယ်။ အဲ . . . အဘိုးနဲ့အတူ သက်ဆိုင်ရာ လူကြီးတွေ ပါလာပြီး မှုခင်းရဲ့အသွားအလာကို စစ်ဆေးမေးမြန်းကြတဲ့အချိန်မှာပဲ မေသစ္စာတို့မိသားစု တိမ်းရှောင်ထွက်ပြေးသွားကြတော့တာပဲ။ ကျွန်တော် ကျောင်းပြန်တက်တော့လည်း မေသစ္စာကို မတွေ့ရတော့ဘူး"

"အင်း . . . အဖြစ်တွေကတော့ တကယ့်ကို စိတ်ဝင်စားစရာပဲ။ ဆက်ပါဦး ကိုစည်သူ"

"ဒီလိုနဲ့ ကျွန်တော်ဘွဲ့ရခဲ့တယ်။ ကျွန်တော်ဘွဲ့ရတော့ အဘိုးလည်းဆုံးပြီလေ။ ပထမတော့ အလုပ်တစ်ခုလုပ်ဖို့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ဖေဖေ မအောင်မမြင် စွန့်ခွာထားရစ်တဲ့ လုပ်ငန်းကို ဆက်လုပ်ဖို့ စိတ်ဆန္ဒပြင်းပြခဲ့တယ်။ ဒါကြောင့် ခဲမှန်ဖူးတဲ့ စာသူငယ်လိုပဲ လူတွေကို လန့်နေမိတာကြောင့် ဒီလက်ပံကျွန်းလိုနေရာမျိုးကိုရွေးပြီး ကျွန်တော် ရောက်နေမိတာပါ မြိုင်ရယ် . . ."

"မြိုင် သိပ်စိတ်မကောင်းဖြစ်မိပါတယ်ရှင်။ ကဲ . . . ပြီးတာတွေက ပြီးခဲ့ပြီပဲ။ အရေးကြီးတာက မိမိဖဲကိစ္စပဲ။ မကြာခင် မြိုင် ရန်ကုန်ကိုသွားရမယ်။ ဖြစ်နိုင်ရင် မိမို့ကို တစ်ခါတည်း ရန်ကုန်ကိုခေါ်သွားချင်တယ်"

"ကောင်းပါတယ်။ မြိုင်ကောင်းမယ်ထင်သလိုသာ စီစဉ်ပါမြိုင်"

▲ ▲ ▲

မင်းမင်းမြိုင်ခန့်မှန်းထားသကဲ့သို့ မိမိဖဲကို စိတ်ရောဂါအထူးကုဆရာဝန် ဒေါ်မြသွေးနှင့် ပြကြည့်သောအခါ မျှော်လင့်ချက် မကုန်ဆုံးသေးကြောင်း သိရသဖြင့် ဝမ်းသာရသည်။ ဒေါက်တာဒေါ်မြသွေးသည် မြိုင်နှင့် ဆွေရိပ်မကင်းသူမို့ ပို၍အဆင်ပြေသွား၏။ မိမိဖဲကို သူ့အိမ်၌ ပင်ထား၍ ကုမည်ဆို၏။ တာဝန်တစ်ဖက်နှင့်ဖြစ်၍ နေ့စဉ် မိမိဖဲထံ မသွားနိုင်သော်လည်း ဒေါ်မြသွေးမှာ သူ့ဆီဖုန်းဆက်ပေးသဖြင့် အခြေအနေအားလုံ သိရှိခွင့်ရ၏။

မူလက ရန်ကုန်တွင် ကြာဦးမည် မှန်းထားသော်လည်း ဆယ်ရက်မပြည့်မီ အောင်ပန်းသာသို့ ပြန်ခဲ့ရပါသည်။ မိမိဖဲကို ထားရစ်ခဲ့ရသဖြင့် မင်းမင်းမြိုင် စိတ်မကောင်း။ ကိုစည်သူပိုင်ကို အကြောင်းစုံရှင်းပြသောအခါ ညီမနှင့် ခွဲခွာနေရခြင်းအတွက် စိတ်မကောင်းသော်လည်း ကျေနပ်သည်ဟု ဆိုပါသည်။

ညီမဖြစ်သူ၏သတင်းကို အကြောင်း ပြု၍ စည်သူပိုင် မင်းမင်းမြိုင်ဆီသို့ မကြာ ခဏ ရောက်လာတတ်ပြီဖြစ်၏။ သူ့ထံ လာသည်မှာ မရိုးတော့ကြောင်းလည်း မြိုင်သိပါ၏။

မည် ိ ်ဆိုစေ သည်မောင်နှမ အပေါ် သံယောဇဉ် ငြိတွယ်မိပြီးဖြစ်၍ မြိုင်သည် စဉ်းစားကြည့်မိပြီးသား။ အမှ အတိုင်း ဝန်ခံရလျှင် မြိုင်လည်း စည်သူ ပိုင်ကို ချစ်နေမိပြီ။ သို့တစေ စည်သူပိုင် ၏အချစ်သည် နားလည်ရခက်လှ၏။ သူ သည် မေသစ္စာအမှတ်ဖြင့် သူ့ကိုချစ်ေ သည်လော။ ဒါမှမဟုတ် မင်းမင်းမြိုင် အစစ်ကို တွယ်တာနေသည်လော ဝေခွဲ ခက်လှသည်။

▲ ▲ ▲

သည်လိုနှင့် တစ်နေ့တွင် . . .

"ဒေါက်တာ့ဆီက စာလာတယ် မိမို့ကို ပြန်ခေါ်ချင် ခေါ်လို့ရပြီတဲ့ ကိုစည် သူ . . ."

"ဟာ . . . သိပ်ဝမ်းသာတာပဲ မြို ရယ်။ ကျွန်တော် ဒီလောက်မြန်မြ ပျောက်မယ်လို့ ထင်မထားမိဘူး"

"ဒေါက်တာကတော့ ပြောတယ် ဒီရောဂါမျိုးက အပျောက်မြန်သလို အဖြ လည်းမြန်တယ်တဲ့။ စိတ်လိခိုက်အောင် မလုပ်ရဘူးတဲ့"

"ဟုတ်လား။ ကျွန်တော်လည် အဲဒါကိုပဲ စဉ်းစားနေတာ။ အစတုန်း တော့ တွယ်တာစရာဆိုလို့ ဒီမောင်နှ နှစ်ယောက်ပဲ ရှိတာ။ အခုဆို မိမိဟာ မြိုင့်ကို သံယောဇဉ် ဖြစ်နေပြီဆိုတော ဟို . . . အဲ . . . ကျွန်တော် မြိုင့်က လက်ထပ်ပါရစေ။ မြိုင့်ကို ချစ်မိ . . ."

"ဟင်း . . . ဟင်း . . . တစ်နေ့ ဒီစကားပြောလာလိမ့်မယ်ဆိုတာ မြို မျှော်လင့်ထားပြီးသား။ ဒါပေမဲ့ ကိုစည်သူ



www.burmeseclassic.com

www.burmeseclassic.com

မှာ စောင့်ရမယ့်သူ ရှိသေးတယ်လေ။ ပြီးတော့ မေသစ္စာနေရာမှာ အစားထိုးချစ်တဲ့ မေတ္တာမျိုးဆိုတာက ...''

မင်းမင်းမြိုင် စကားမဆုံးမီမှာပင် စည်သူပိုင် လက်ကလေးနှစ်ဖက် ကပျာကသီကာ၍ အလျှင်စလိုရှင်းပြပါတော့၏။

''အို ... မြိုင် .. ဒီ ... ဒီလို မဟုတ်ဘူး၊ ဒီလိုမဟုတ်ပါဘူး။ ကျွန်တော် မြိုင့်ကို တကယ်ချစ်တာပါ။ ညီမလေးကို အကြောင်းပြုရင့်ညှာပြီး မေသစ္စာနဲ့ ကျွန်တော် ဘဝရေစက်ကုန်ခဲ့ပါပြီ။ ဒါကိုတော့ အကြွင်းမဲ့ယုံထားပေးပါ''

မင်းမင်းမြိုင် ပြုံးမိသည်။ ရင်ထဲမှာလည်း ကျိတ်၍ ကျေနပ်နေမိ၏။ သို့တိုင် အလွယ်တကူ အဖြေတော့ မပေးနိုင်။ တစ်သက်လုံး လက်တွဲရမည့်သူကို ပတ်ဝန်းကျင်၏ အစွန်းတစ်ဖက်ရောက်နေသည်ကိုတော့ သူမလိုလား။

သို့စဉ်လျက် ...

''မြိုင် အလေးအနက်ထား စဉ်းစားပေးပါ့မယ်။ ကိုစည်သူ ဒီလို ပတ်ဝန်းကျင်နဲ့ ကင်းကွာနေတာမျိုးကိုတော့ မြိုင်မလိုလားဘူး။ ဒါဟာ သတ္တိရှိတာမဟုတ်ဘူး။ သတ္တိနည်းတာ။ အခုပုံအတိုင်း လောကကြီးကို နာကြည်းသလိုလို၊ လူတွေကို မကျေနပ်သလိုလို ပတ်ဝန်းကျင်ကို ရှောင်ဖယ်ရှောင်ဖယ်လုပ်နေလို့ကတော့ မလွယ်ဘူး''

မင်းမင်းမြိုင်သည် ဖြစ်စေချင်သည့် ဆန္ဒစေတနာအရင်းခံဖြင့် ပြောနေမိရင်း စည်သူပိုင်မျက်နှာကိုလည်း အမှတ်တမဲ့ အကဲခတ်လိုက်မိ၏။ စည်သူပိုင်ကမူ အဝေးတစ်နေရာသို့ ငေးကြည့်ပြီး တစ်စုံတစ်ခုကို အလေးအနက်ထား စဉ်းစားနေဟန်ရှိ၏။

''ဒီမှာ ကိုစည်သူ၊ ဘဝသင်ခန်းစာဆိုတာက ဘယ်ကျောင်း၊ ဘယ်စာအုပ်ကမှ သင်မပေးနိုင်ဘူး။ အဲဒီ သင်ခန်းစာမျိုးက အတွေ့အကြုံကမှ သင်ပေးနိုင်တာ။ အတွေ့အကြုံဆိုတာကလည်း လူ့လောကထဲမှာ ရှာမှရတာ။ 'ပတ်ဝန်းကျင်သည် လူကိုပြုပြင်၏၊ လူသည် ပတ်ဝန်းကျင်ကို ပြုပြင်၏' ... တဲ့။ အညမည အကျိုးဆက်ပေါ့''

''ကျွန်တော် သဘောပေါက်ပါပြီ။ ကျွန်တော်အတတ်နိုင်ဆုံး ပြုပြင်ပါ့မယ်။ ဒါထက် ကျွန်တော်နဲ့မြိုင် ကိစ္စက ...''

မင်းမင်းမြိုင် ဟက်ဟက်ပက်ပက်ကလေး ရယ်ဖြစ်သွားပါ၏။

''မလျောင်ပါနဲ့ မြိုင်ရယ်''

''ဩော် ... ခက်များ ခက်ရချည်ရဲ့ ကိုစည်သူရယ်။ မေသစ္စာနဲ့ ဘယ်လို ချစ်လာတယ်မသိဘူးဖနော်။ အဟင်းဟင်း''

''အို ... ရှုပ်ပါတယ်များ။ ဒါတွေ ကျွန်တော်မသိဘူး။ ကျွန်တော် မြိုင့်ကိုချစ်တယ်။ ဒါပဲ ...''

ပြောပြောဆိုဆို စည်သူပိုင် မင်းမင်းမြိုင်ကို ဆွဲယူပွေ့ဖက်ထားလိုက်ပါ၏။

''ဟိုး ... ဆရာ၊ ဟိုမှာ မိုးလမင်း ကြည့်နေတယ်''

သို့ဖြင့် သူတို့နှစ်ဦးသည် လသာသာမှာ ...။

▲ ▲ ▲

စည်သူပိုင်သည် မိမိဖကို ခေါ်ပြီး ရန်ကုန်မှ ပြန်ရောက်သည့်နေ့၌ပင် အောင်ပန်းသာသို့ မင်းမင်းမြိုင်နှင့်တွေ့ရန် ဝင်ခဲ့၏။ သို့သော် မင်းမင်းမြိုင် အလုပ်များနေသဖြင့် အိမ်မှာမတွေ့ခဲ့ရ။

သို့ပါ၍ မနက်ဖြန်တွင် ကျွန်းပေါ်သို့ လာရန်နှင့် သူလာခေါ်မည်ဖြစ်ကြောင်းကို မင်းမင်းမြိုင်အဒေါ်အား စာတစ်စောင်ရေး၍ ထားခဲ့၏။

နောက်တစ်နေ့ မိုးလင်းသည်နှင့် မိမိဖသည် သူ့မမမြိုင်ကို တွေ့ချင်လှပြီဟု ပူဆာနေသဖြင့် စည်သူပိုင် ဆိုင်ကယ်နှင့် အောင်ပန်းသာသို့ ထွက်ခဲ့သည်။ အောင်ပန်းသာကိုရောက်တော့ မင်းမင်းမြိုင်နှင့် မိမိဖအတွက် လိုအပ်သည်များ ဝယ်ပြီးမှ မြိုင့်အိမ်သို့ သွားခဲ့သည်။

ဖြစ်ချင်တော့ ခေါ်သည့်လူမလာမီကပင် မင်းမင်းမြိုင် ကြို၍ထွက်လာဖြစ်သည်။ အမှန် သူသည်လည်း လူကောင်းပကတိဖြစ်လာသော မင်းမင်းဖလေးကို တွေ့ချင်၊ မြင်ချင်နေ၏။ စခန်းသို့မရောက်မီပင် လှမ်းမျှော်နေသော မိမိဖကို မြင်ရသည်။

''ဟေး ... မိမိ၊ မိမိက အခုမှ ပိုလှလာတယ်ဟော့။ ဘသာဦးဘာချက်၊ ဝက်သားနဲ့ လက်ပံပွင့်ချက်။ ဟားဟား ဟားဟား ...''

မင်းမင်းမြိုင်သည် မိမိဖ ထမင်းစားခါနီးတိုင်း ပြောနေကျဟန်ပန်အတိုင်းပြော၍ ရယ်ရယ်မောမော မိမိဖလေးအနီး ရောက်လာပါ၏။

သို့စဉ်လျက် ...

''ရှင် ... ဘာအရူးထလာတာလဲ။ ကိုကိုမရှိဘူး''

''အို ... မိမိ''

''ဘသာဦးရေ၊ ဟောဒီမှာ ဟိုကောင်မ ရောက်လာပြန်ပြီတော့၊ လာပါဦး ...''

''ဘယ်ကောင်မလဲ မိမိရယ်''

အပြေးတစ်ဝက်ဖြင့် ဘသာဦး ရောက်လာသည်။ ဘသာဦး မင်းမင်းမြိုင်ကို မြင်လိုက်ရသည်တွင် အားတုံ့အားနာဖြင့် ...

''ဟဲ့ ... မိမိ၊ လူမှားနေပြီ။ အဲဒီ မမဟာ မိမိ့ကို ဆရာဝန်ဆီပို့ခဲ့တဲ့ မမမြိုင်လေ''

''ဩော် ... လက်စသတ်တော့ ဘသာဦးကပါ ဝိုင်းညာနေကြတာပေါ့ ဟုတ်လား။ ဟားဟားဟား ... ညာကြ ညာကြ။ ဟိုတုန်းကတော့ အရူးမဗို့ ညာလို့ရချင်ရမယ်။ ဒီမှာ မေသစ္စာရဲ့ ရှင့်ရုပ်ကို မိမိဖက မျက်စိနဲ့ မှတ်ထားတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ နှလုံးသွေးနဲ့ မှတ်ထားတာ။ ဘယ်တော့မှ မပေ့ဘူး ...''

မိမိဖဲစကားများကြောင့် ဘသာဦး မင်းမင်းမြိုင်ကို အားနာစွာ ကြည့်မိ၏။

''ရှင့်ကြောင့်၊ ရှင်တို့ကြောင့် ကျွန်မ ဖေဖေနဲ့ မေမေလည်း သေခဲ့ရပြီ။ ရှင်တို့ဟာ လူတွေမဟုတ်ဘူး။ အကြင်နာတရားမရှိတဲ့ တိရစ္ဆာန်တွေ။ ရှင်တို့ ရက်ရက်စက်စက်ပြုသမျှ ခံခဲ့ရတဲ့ ကျွန်မတို့ဘဝကို စဉ်းစားတတ်ရင် ရှင် ဒီကို ဘယ်တော့မှ မလာသင့်ဘူး။ ရှင်ထွက်သွား။ ရှင် အခုထွက်သွား ... သွား ... သွား။ မမြိုင်ဆိုတာ ကိုကိုသွားခေါ်နေတာ။ ကိုကိုနဲ့မှ ပါလာမှာ''

မင်းမင်းမြိုင် အားတင်း၍ ခေါင်းငုံ့ထားလိုက်ပါ၏။ မျက်ရည်တို့က ပါးပြင်ပေါ်သို့ စီးကျလာသည်။ သူ့အခြေအနေကို သုံးသပ်မိပြီ။ မိမိဖဲသည် သူ့ကို မမမြိုင်ဟူ၍ မမြင်တော့။ စိတ်ပြန်လည်လာသည့်အချိန်တွင် ရုပ်ချင်းတူနေသည့် မြိုင့်ကို မေသစွာဟူ၍သာ ...။

▲ ▲ ▲

မင်းမင်းမြိုင် ခွင့်ယူ၍ တစ်ပတ်လုံးလုံး အခန်းအောင်းနေပစ်လိုက်သည်။ စည်သူပိုင်သုံးခေါက်တိတိ လာသော်လည်း ထွက်မတွေ့ဖြစ်ခဲ့။ စိတ်တော့ မကောင်း။ မတတ်နိုင်။ သည်လိုအချိန်၊ သည်လိုလုပ်မှသာ သင့်ပါမည်။ ပြီးတော့ မိမိဖဲလေး စိတ်ထိခိုက်လို့ မဖြစ်သေး။

မင်းမင်းမြိုင် တာဝန်ပြန်ထမ်းဆောင်သောနေ့၌ ဦးလှဆောင်က ခေါ်တွေ့သည်။

''ရထားတဲ့သတင်းကတော့ အသေအချာပဲ မြိုင်။ ဒါပေမဲ့ မင်းက မင်းလူကို သိပ်အထင်ကြီးတော့ ဒီတာဝန်ကို မင်းပဲယူပါ။ ကိုစည်သူပိုင်ဟာ မှောင်ခုတစ်စုနဲ့ ပေါင်းပြီး ဒီနေ့ည သူ့ရဲ့မိကျောင်းတွေကို နယ်ခြားကနေ ခိုးထုတ်မယ်လို့ သိရတယ်''

''ရှင် ... ဖြစ်နိုင်ပယ်မထင်ပါဘူး။ ကိုစည်သူဟာ ဒီလိုလူစားမျိုးမဟုတ်ဘူး''

''ဘာပဲဖြစ်ဖြစ်လေ၊ စောင့်ကြည့်ရမှာက တို့အလုပ်။ ဒီတော့ ဒီနေ့ နေမဝင်မီ ကျွန်းပေါ်တက်ထားနှင့်ပါ။ မြိုင်က နယ်မြေကျွမ်းကျင်ထားတော့ အခက်အခဲမရှိပါဘူး။ အရံလူကို မြိုင်ကြိုက်သလောက်ခေါ်သွား''

ဟုတ်သည်၊ မဟုတ်သည် အပထား။ အမိန့်ကတော့ အမိန့်ပဲ ဖြစ်ပါသည်။

ထိုနေ့ညနေ နေမဝင်မီ အရံသုံးယောက်နှင့်အတူ မင်းမင်းမြိုင်ကျွန်းပေါ်သို့ ရောက်ခဲ့၏။ သူတို့လူစုသည် ကိုယ်ယောင်ဖျောက်ကာ ချောက်ကမ်းပါးတစ်ခုတွင် ခိုကပ်၍ အချိန်ကို စောင့်လင့်နေကြသည်။ ထိုစဉ် လူတစ်ယောက်၏ အော်ဟစ်ညည်းတွားသံကို သူတို့ကြားလိုက်ရသည်။

''အား ... အမယ်လေး သေပါပြီဗျ ... သေပါပြီ''

မင်းမင်းမြိုင်သည် ရဲသားများကို ခေါ်ကာ အသံလာရာလို့ မှန်း၍ထွက်ခဲ့၏။ ရှုတ်တရက်မမျှော်လင့်သော မြင်ကွင်းကြောင့် မင်းမင်းမြိုင် အံ့အားသင့်သွားရပါသည်။ လက်ပံပင်ခြေရင်းတွင် ဘသာဦးတစ်ယောက် လဲကျနေပြီး စည်သူပိုင်မှာ သွေးများလူးနေသော လက်တစ်ဖက်ကိုကိုင်လျက် ရပ်နေ၏။ သူ့ဘေးတွင် မိမိဖဲက ရှိုက်ကာရှိုက်ကာ ငိုလျက်ရှိ၏။

''ဟော့ ... ရပ်လိုက်။ ဘာတွေဖြစ်နေကြတာလဲ။ ဟင် ... ကိုစည်သူ ... ကိုစည်သူ လက်ထဲမှာ ...''

''ဟင် ... ရဲတွေ၊ မိမိ ... လာ ... လာ''

စည်သူပိုင်သည် မိမိဖဲလက်ကိုဆွဲ၍ ကမ်းခြေဘက်သို့ ပြေးထွက်သွားသည်။

''ကိုစည်သူ ... မြိုင်ပါ၊ မပြေးပါနဲ့ ကိုစည်သူ ... မြိုင်ပြောနေတယ်လေ ရပ်လိုက်''

မင်းမင်းမြိုင်သည် လိုက်ရင်းခေါ် သည်။ စည်သူပိုင်မှာ မိမိဖဲလက်ကိုဆွဲ လျက် ပြေးနေဆဲ။ မင်းမင်းမြိုင်ဟန့်တား သော်လည်း အပြေးက မရပ်။ ရှေ့မှာ ပင်လယ်ပြင်ကြီးသာ ရှိသော့သည် မင်းမင်းမြိုင် တစ်စုံတစ်ရာသောအဖြစ်ကို တွေးမိကာ စိုးထိတ်သွားပါသည်။

သို့ပါ၍ ...

''ကိုစည်သူ .. မြိုင့်စကားကို နား ထောင်ပါ။ ဆက်မပြေးပါနဲ့၊ ဆက်ပြေးနေ ရင် မြိုင်ပစ်ဖမ်းရလိမ့်မယ်''

''ပစ်ပါ မြိုင် ... ပစ်လိုက်ပါ။ ကိုတို့မောင်နှမနှစ်ယောက်စလုံး အလောင်း ချင်း ထပ်သွားအောင် ပစ်လိုက်စမ်းပါ။ အဖမ်းတော့ ဘယ်တော့မှမခံဘူး၊ လောက ကြီးမှာ တွယ်တာစရာဆိုလို့ ဒီမောင်နှမ နှစ်ယောက်ပဲရှိတာ ရှင်ကွဲ မကွဲနိုင်ဘူး ပစ်လိုက်ပါမြိုင်''

စည်သူပိုင်တို့မောင်နှမ ပြေးရင်းပြင် ပင်လယ်ကမ်းခြေသို့ ရောက်သွား၏။ ပြီး တော့ အသင့်တွေ့သော ပဲ့ချိတ်စက်လှေ ကလေးပေါ်သို့ ပြေးတက်လိုက်သည်။

''ကိုစည်သူ ... မထွက်နဲ့ မထွက် နဲ့။ လှိုင်းကြီးနေတယ်၊ မထွက်ပါနဲ့''

စက်တပ်လှေကလေးသည် ကမ်း ခြေမှ စတင်ထွက်ခွာစပြုနေပြီ။ မိုးသက် ရိုင်းနှင့်အတူ ပင်လယ်ပြင်တွင် လှိုင်းတံပိုး က ထန်စပြုလာသည်။ မင်းမင်းမြိုင် သက်ပြင်းချလိုက်၏။ အနုနှင့်ကတော့ မရပြီ။

''ဆရာပြင့်နဲ့ ဆရာဆွေ ... ဟို စက်လှေနဲ့ လိုက်စမ်း။ ဆရာတင်စိုး ... စက်လှေအင်ဂျင်ကိုပစ်၊ လူကိုမထိစေနဲ့''

လူကို မထိစေနှင့် ဆိုကာမှ စည် သူပိုင်လက်မောင်းကို တည့်တည့်သွားမှန် သည်။ စည်သူပိုင် ယိုင်လဲကျသွား



www.burmeseclassic.com

www.burmeseclassic.com

ောင်းသူမဲ့ စက်လှေလေးမှာ လှိုင်း
ကြားဝယ် လူးကာလိမ့်ကာ ဦးတည်ရာ
မဲ့ ပြေးနေပါ၏။

မင်းမင်းမြိုင်သည် ပစ္စတိုဆ၍ အင်
္ကျင်စက်ကို ချိန်ရွယ်လိုက်၏။ ထိုစဉ် မိမိဖံ
က ပဲ့ပိုင်းတွင် ရပ်လာသည်။

"မိမိ ... မထနဲ့လေ၊ မထနဲ့"

ဟု စည်သူပိုင်၏ အော်ပြောသံကို
ကြားလိုက်၏။

မိမိ ဘာလုပ်မည်ကို မင်းမင်းမြိုင်
အကဲခတ်ကြည့်နေစဉ် မိမိသည် ရေထဲ
သို့ ထိုးကျသွား၏။

"အမယ်လေး"

"ဟာ ... မိမိ .. မိမိ ... ညီမ
လေး ... ညီမလေး"

"အို ... ဒုက္ခတော့ရောက်ကုန်ပြီ။
ဆရာမြင့်တို့ မြန်မြန်မောင်းပါ"

မိမိဖံသည် လှိုင်းထဲတွင် မြုပ်ချည်
ပေါ်ချည် ကူးခတ်နေသည်။ ကံကောင်း
လျှင်တော့ မိမိဖံအသက်ကို ကယ်တင်နိုင်
သေးသည်။ ဆရာမြင့်ဝင်းတို့ စက်လှေက
ိုသည်ထက် နီးလာပြီ။ ထိုအခိုက် ဒဏ်
ရာနှင့် စည်သူပိုင်သည် အားယူထလာ၏။
ပြီး သူသည် ပဲ့ကိုထိန်းကာ မိမိဖံရှိရာသို့
မောင်းသွားသည်။ မိမိဖံဆီသို့ စည်သူပိုင်
လက်ကမ်းပေးနေသည်ကို မြင်လိုက်ရ
သဖြင့် မင်းမင်းမြိုင် ဝမ်းသာသွားမိ၏။

သို့စဉ်လျက် ...

"ဟောတော့ ..."

သူတို့မောင်နှမ တစ်ယောက်လက်
တစ်ယောက် မီလုမီကာရှိစဉ် လိမ့်တက်
လာသော ရေလှိုင်းဝယ် မိမိဖံ လိမ့်ပါသွား
၏။

"ဟာ ... ညီမလေး ... မိမိ ...
ညီမလေး"

စည်သူပိုင်သည် လက်ဆန့်တန်း
လျက်၊ အက်ဆွဲဆို့နင့်စွာ အော်သည်။
ယင်းအသံ့ပင် တစ်စုံတစ်ခုကို မင်းမင်းမြိုင်
သတိပြုမိလိုက်သည်။

စည်သူပိုင်လက်မောင်းဒဏ်ရာမှ
ရေထဲသို့ကျသွားသော သွေးများ ...။

"ဘုရား ... ဘုရား"

မင်းမင်းမြိုင် ဘုရားတရင်း လက်
နှစ်ဖက်ဖြင့် သူ့မျက်နှာကို စုံအုပ်ထား
လိုက်မိပါ၏။ ထိုအခိုက်အတန့်မှာပင်
မိမိဖံ၏အနီးသို့ မည်းမည်းသဏ္ဌာန်ကြီး
တစ်ခု ဘွားခနဲ ပေါ်လာတော့၏။

▲ ▲ ▲

"မြိုင် ဖြေလို့ရမှာမဟုတ်တော့ဘူး
ကိုတင်စိုးရယ်။ မိမိ .. ကံဆိုးမလေး၊
ခုတော့ မင်းကို မမကိုယ်တိုင် သတ်မိ
သလို ဖြစ်သွားပြီ။ အဟီးဟီး ... အရူးမ
လေးရယ် ... သူ့ခမျာ လူကောင်းဖြစ်
မယ်မှ မကြိုသေးဘူး။ လူ့လောကထဲက
ထွက်ခွာသွားရပြီ။ မိမိ့ကို မြိုင်သတ်တာ"

မင်းမင်းမြိုင်သည် ပင်လယ်ကမ်း
စပ်တွင် ဒူးထောက်ထိုင်ချကာ သူ့မှာ
တာဝန်နှင့်ဆိုသည်ကိုပင် မေ့လျော့စွာ
ဝမ်းနည်းငိုကြွေးနေမိသည်။

"မမလေး ... တရားနဲ့သာဖြေပါ။
ကျွန်တော်တို့မှာ တာဝန်ကရှိသေးတယ်။
ကိုစည်သူကိုတော့ ဆရာမြင့်ဝင်းတို့ ခေါ်
သွားကြပြီ"

"လက်ပံပင်အောက်က ဒဏ်ရာနဲ့
ဘသာဦးအခြေအနေကကော ..."

"သူလည်း သေသလား၊ ရှင်
သလား မသိရသေးဘူး။ ကျွန်တော်တို့က
တရားခံနောက် မဲလိုက်နေကြတာ ...။
တကယ်လို့ မသေသေးဘူးဆိုရင်တော့
သေတမ်းစစ်ချက်လေးဘာလေး ရနိုင်
တယ် မမ။ ပြီးတော့ သဲလွန်စတစ်စုံတစ်
ရာလည်း ရချင်ရနိုင်တယ်"

သို့ဖြင့် မင်းမင်းမြိုင်နှင့် ဆရာတင်
စိုး ဘသာဦးရှိရာ လက်ပံပင်အောက်သို့
ပြန်လာခဲ့ကြသည်။ ဟုတ်ပါသည်။ ဆရာ
တင်စိုးထင်သည့်အတိုင်းပင် ဘသာဦး
မသေသေးပါ။

"ဘသာဦး ... ဘသာဦး၊ မြိုင်
လေ ... မြိုင်ပါ"

"သြော် ... ကလေးမမြိုင်လား။
အား ... အင့် ... ကျွတ် ... ကျွတ်၊
ဘသာဦးကိုခွင့်လွှတ်ပါ။ ဘသာဦး ...
သိပ် ... သိပ်မှားခဲ့တယ်။ ဘသာဦးဟာ
လူယုတ်မာကြီးပါ၊ နွားကြီးပါ။ ကလေးမ
မြိုင်ကိုတော့ အားနာပါတယ်။ ဒါပေမဲ့
ငါ့ရဲ့ယုတ်မာမှုကို ဒီလိုမှ ဖွင့်မပြောခဲ့ရရင်
အဘ ... အဘ အသေဖြောင့်မှာမဟုတ်
ဘူး"

"ဘသာဦး ... ဖြည်းဖြည်းပြော။
ဘသာဦးမသေနိုင်ပါဘူး။ မြိုင်တို့ ကား
ခေါ်ထားတယ်"

"အင်း ... အား ... မိမိဟာ
ဘသာဦးရဲ့ သမီးအရွယ်၊ မြေးအရွယ်
လေးပါ။ ဒါပေမဲ့ သူက လှ ... လှတယ်။
ပြီးတော့ သူက ရူးနေတယ်။ ပတ်ဝန်း
ကျင်စောင့်ရှောက်မှု ကင်းနေတယ်၊ တိုတို
ပြောရရင် မိမိ့အလှကို နေ့စဉ်မြင်တွေ့နေ
ရတော့ ဘသာဦး စိတ်တွေလွှပ်ရှားခဲ့ရ
တယ်"

"ဖြစ်ရလေ ဘသာဦးရယ်"

"ဒါနဲ့ ဘသာဦး မိမိ့အပေါ် စိတ်
မိုက်စိတ်ရိုင်းတွေဝင်ပြီး အဓမ္မကြံစည်မိ
တယ်။ ဒါပေမဲ့ သူက စိတ်ပြန်မှန်လာတဲ့
အချိန်ဆိုတော့ လက်မခံတော့ဘူး။ ဒီမှာ
ဘသာဦးနဲ့ မိမိ လုံးလားထွေးလား ဖြစ်နေ
တုန်း နောက်ကနေ လူတစ်ယောက် ဓား
နဲ့ဝင်ထိုးသွားတာပဲ"

"သူက ဘယ်သူတုံး"

မင်းမင်းမြိုင်က အလျင်စလို မေး
လိုက်ပါသည်။

"ဘယ်သူရှိရမှာလဲ။ မောင် ..
စည် .. သူ .. ပိုင် ... ပဲနေမှာပေါ့ ...။
အား .. အင့် ... အား"

ဘသာဦးပြောပြီးခိုက်မှာပင် ငြိမ်
သက်သွားပါ၏။ မင်းမင်းမြိုင်သည် ဘသာ
ဦး၏ သက်မဲ့ခန္ဓာကိုကြည့်ရင်း မျက်ရည်



www.burmeseclassic.com

www.burmeseclassic.com

သိမ်းလိုက်သည်။ ပြီးတော့ လက်ပံပွင့်လေးတစ်ပွင့်ကို အမှတ်မထင် ကောက်ယူလိုက်၏။

"တခြားပန်းမရှိတော့လည်း လက်ပံပွင့်ဟာ မီမီအတွက် ပန်းပဲပေါ့ မမရယ်"

တစ်ချိန်တစ်ခါက ပီပီဖဲပြောခဲ့ဖူးသည့် စကား။ ခုတော့ ...။

▲ ▲ ▲

ဆိုရလျှင် စည်သူပိုင်အတွက် မျှော်လင့်ချက်ကား မရှိတော့ပါ။ သေတမ်းစစ်ချက်အရ စည်သူပိုင် တရားခံအဖြစ် ထင်ရှားနေပြီ၊ အဆိုးဆုံးက သူ၏ ဖြောင့်ချက်ဖြစ်၏။ သူက ဘသာဦးကို သူကိုယ်တိုင် သတ်ပါသည်ဟု ဝန်ခံနေ၏။

သို့တိုင် မင်းမင်းမြိုင်ကမူ အားမလျှော့ချင်သေး၊ ရှားရှားပါးပါး မျှော်လင့်စရာ ရောင်ခြည်တန်းလေးတစ်ခုကို အားပြုထားနေမိသည်။ အခင်းဖြစ်ပွားသည့်နေ့ချုံစပ်တစ်ခုမှ မီမီ၏ ရိုလီဖလက်ကင်မရာကို ရရှိခဲ့သည်။ ထိုကင်မရာသည် အလိုအလျောက်ရိုက်သော အမျိုးအစားဖြစ်သည်။ ဖလင်များကို ဆေးကြည့်သောအခါ အထောက်အကူပြုနိုင်သော သက်သေခံ ထင်ထင်ရှားရှားမရသော်လည်း ဒွိဟဖြစ်စရာ ပုံတစ်ခုကို တွေ့ထားရပါသည်။

ထိုပုံသည် ဓားကိုင်ထားသော လက်တစ်ဖက်ပုံဖြစ်သည်။ ထူးဆန်းသည်မှာ ဓားကိုင်ထားသောလက်၏ လက်သူကြွယ်တွင် လက်စွပ်တစ်ကွင်း တွေ့ရခြင်းပင်ဖြစ်၏။ နောက်တစ်ခုမှာ ဓားကိုင်ထားသောလက်သည် လက်ဝဲဘက်လက် ဖြစ်နေခြင်းကြောင့် လူသတ်ကောင်သည် ဘယ်သန်သူ ဖြစ်နိုင်၏၊ ထိုအကြောင်းကို ရာ ဆရာဦးလှဆောင်အား တင်ပြသောအခါ ...

"ရှင်းနေတာကို ရှုပ်အောင်မလုပ်ချင်ပါနဲ့ မြိုင်။ သေသွားတဲ့သူကလည်း စည်သူပိုင်လို့ အစစ်ခံသွားပြီးပြီ။ သူကိုယ်တိုင်ကလည်း သူသတ်ပါတယ်လို့ ဝန်ခံထားပြီးပြီ။ လူတစ်ယောက်ဟာ ကိုယ်မသတ်ပါဘဲနဲ့တော့ ကိုယ့်လည်ပင်းကိုယ်ကြိုးကွင်းဘယ်စွပ်ပါ့မလဲ"

"မဟုတ်သေးဘူးဆရာ။ ကိုစည်သူ့အကြောင်း မြိုင်နားလည်တယ်။ သူဟာ ဥပဒေကို လေးစားတဲ့ လူတော်လူကောင်းတစ်ယောက်ပါ။ ဒါပေမဲ့ သူသိပ်စိတ်ထိခိုက်နေတယ်။ သူ့အမှားအတွက် နောင်တရမဆုံး ဖြစ်နေတယ်။ ဖြစ်ပေါ်လာတဲ့ ပြဿနာအားလုံး သူ့အပြစ်လို့ယူဆနေတယ်"

"အင်း ... ဆက်ပါဦး။ မြိုင်ပြောတာ စိတ်ဝင်စားစရာတော့ အကောင်းသား"

"သူတို့ဖေဖေ ဆုံးသွားတော့ သူဟာ အသက်နှစ်ဆယ်ပဲ ရှိသေးတယ်။ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သူ့အမေကဆုံးပြန်တယ်။ ငယ်ရွယ်နုနယ်တဲ့အချိန်မှာ မိဘနှစ်ပါးစလုံး မမျှော်လင့်ဘဲ ဆုံးပါးသွားရတော့ စိတ်သိပ်ထိခိုက်သွားတယ်။ ပိုဆိုးတာက သူ့ညီမလေး မီမီဖဲဟာ အဖေစိတ်၊ အမေစိတ်နဲ့ စိတ္တဇရောဂါသည်လေး ဖြစ်သွားခဲ့တယ်လေ"

"ဩော် ... စိတ်မကောင်းစရာပဲ မြိုင်ရယ်။ ဒီအဖြစ်တွေ ဆရာတကယ်မသိခဲ့ဘူး"

"ဟုတ်တယ် ဆရာ။ လူ့လောကအတွေ့အကြုံမရှိသေးတဲ့ သူတို့မောင်နှမဟာ မေတ္တာတရားခေါင်းပါးတဲ့ ပတ်ဝန်းကျင်ကို စိတ်နာသွားတယ်။ တခြားကြေကွဲစရာ ဖြစ်ရပ်တွေနဲ့လည်း ရင်ဆိုင်ခဲ့ရတယ်။ ဒီမှာတင် သူဟာ သူ့ပတ်ဝန်းကျင်က ထွက်ပြေးပြီး လူ့ပတ်ဝန်းကျင်နဲ့ပါခပ်ကင်းကင်းနေခဲ့တယ်"

"အေးလေ ... ဒီလောက်တောင်မှ အဖြစ်တွေက ဆိုးခဲ့တာဆိုတော့လည်း ဆရာကိုယ်ချင်းစာမိပါတယ်။ ဆက်ပါဦး မြိုင် ..."

"တကယ်တော့ အခုလို ကြေ... စရာအဖြစ်တွေနဲ့ ရင်ဆိုင်လိုက်ရတာကို... သူဒီလိုနေမိလို့ဆိုတာ သူသဘောပေါ်... သွားတယ်။ တခြားအဖြစ်ကိုမကြည့်နဲ့... မီမီနဲ့ ဘသာဦးကိစ္စ။ မီမီဟာ ဘသာ... အဖို့ သမီးအရွယ်၊ မြေးအရွယ်ပါ။ တကယ်... လည်း ... မြေးမလေးတစ်ယောက်... သံယောဇဉ်ရှိခဲ့တာ အမှန်ပါ။

ဒါပေမဲ့ ဘသာဦးဟာ နေ့စဉ်နဲ့အ... မီမီရဲ့အလှကို မြင်နေရတယ်။ ပြီးတော့... ပတ်ဝန်းကျင်စောင့်ရှောက်မှုမရှိဘူး။ ပိုဆိုး... တာက မီမီဟာ စိတ်မမှန်ဘူး။ ဒီမှာတင်... မဖြစ်သင့်တာတွေ ဖြစ်ကုန်ကြရတာ... ဒါကြောင့် ဒီပြဿနာတွေအားလုံးဟာ... သူ့ကြောင့်ဖြစ်ရတာလို့ သူက ယူဆနေ... တယ်"

"ဒါပေါ့မြိုင်ရယ်။ သူ့ဘဝမှ အနှ... တွေနဲ့ချည်း ရင်ဆိုင်နေရတာကိုး"

"ဟုတ်ပါတယ်ဆရာ။ အဆိုးဆုံး... ကတော့ သူသိပ်ချစ်တဲ့ ညီမလေးခမျာ... သူ့မျက်စိရှေ့မှာပဲ ကံကြမ္မာဆိုးနဲ့ အသက်... ပျောက်သွားတာကို မြင်လိုက်ရတော့... ရှူးမသွားတာပဲ ကံကောင်းလှပြီ။ ခုဆိုရင်... ကိုစည်သူပိုင်ဟာ သူ့ကိုယ်သူ မြန်မြန်... သေပါစေလို့ ဆုတောင်းနေမှာ။ သူသိပ်... စိတ်ထိခိုက်နေတယ်"

"အေးလေ ... မြိုင်က ကြိုးစား... ကြည့်ချင်သေးတယ်ဆိုရင်လည်း ကြိုးစား... ကြည့်ဦးပေါ့။ လိုတဲ့အကူအညီတော့... ပြော"

"ကျေးဇူးတင်ပါတယ်ဆရာ"

▲ ▲ ▲

မင်းမင်းမြိုင်သည် ဆရာဦးလှ... ဆောင်၏ ခွင့်ပြုချက်ရပြီးသည်နှင့် ဆရာ... မြင့်ဝင်းကိုခေါ်ပြီး လူသတ်မှုဖြစ်ပွားရာ... လက်ပံကျွန်းဆီသို့ ထွက်လာခဲ့၏။

စည်သူပိုင်အတွက် အထောက်... အကူပြုနိုင်သော သက်သေခံတစ်ခု...



www.burmeseclassic.com

www.burmeseclassic.com

…ာ ရလိုချင်သြား ကျွန်းပေါ်အနှံ့ တစ်နေကုန် လျှောက်လေ့လာကြသည်။ သူ၏ မွေးမြူရေးစခန်းမှ အလုပ်သမားများနှင့်လည်း တွေ့ဆုံခဲ့၏။ သို့သော် တစ်စုံတစ်ရာ ထင်မြင်ချက် မည်သူကမှ မပေးနိုင်ကြပါ။ ညနေမှောင်ရီပျိုးချိန် ကျွန်းမှထွက်ခွာရန် ဆုံးဖြတ်လိုက်စဉ် လေမတိုးပါဘဲလျက် လှုပ်ခါနေသော သစ်ရွက်သစ်ကိုင်းများကို မင်းမင်းမြိုင်သတိထားမိလိုက်၏။

ရုတ်ချည်းသူတို့နှစ်ယောက် ထိုနေရာသို့ သွားကြသည်။

"ဟယ် ..."

မြင်ကွင်းကြောင့် မင်းမင်းမြိုင် အံ့အားသင့်သွားသည်။ ချုံအကြား ကျောက်သားပြင်ဝယ် ခွေခွေကလေးအိပ်နေသော အမျိုးသမီးတစ်ယောက်။ သေသေချာချာ အကဲခတ်ကြည့်မိတော့ မင်းမင်းမြိုင် ရင်တစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားရပါသည်။ အမျိုးသမီး၏ရုပ်က မင်းမင်းမြိုင်နှင့် တစ်ထေရာတည်း။

"ဟင် ... သူ ... သူ ... မေသစ္စာ ... မေသစ္စာ"

အသံကြားတော့ အမျိုးသမီးသည် မျက်စိဖွင့်ကြည့်ပြီး ရုတ်ခနဲ ထထိုင်လိုက်သည်။

"ဟင် ... အတော်ပဲ"

"ရှင် ... ဘာပြောတာလဲ"

မင်းမင်းမြိုင် နားမလည်စွာ မေးလိုက်မိ၏။

"ဒါဖြင့် ရှင်တို့ ကျွန်မဆီလာတာ မဟုတ်လား"

"မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ။ ရှင်တို့မလာလည်း ကျွန်မက လာဖို့ဆုံးဖြတ်ပြီးသားပါ"

"ဪ ... သိပြီ သိပြီ။ ကိုစည်သူပိုင်ကို လာတွေ့ဖို့ ပြောနေတာကိုး"

"ဟုတ်တယ်၊ ကျွန်မလာအဖမ်းခံမှ …င်လွတ်မှာလေ"

"ရှင် ... ရှင်က ဘာဖြစ်လို့ အဖမ်းခံရမှာလဲ"

မင်းမင်းမြိုင် နားမလည်စွာ မေးလိုက်မိ၏။

"ဘသာဦးကို ကျွန်မသတ်လိုက်တာ"

"ရှင် ... ရှင်သတ်လိုက်တာ"

သည်တော့မှ မင်းမင်းမြိုင် သတိထားကြည့်ဖြစ်သည်။ သူမ၏ ဘယ်ဘက် လက်သူကြွယ်တွင် လက်စွပ်ကလေးတစ်ကွင်း ဓာတ်ပုံထဲမှာတွေ့ရသည့်အတိုင်းပင်။

"ရှင်အမှန်အတိုင်းပြောနေတာလား"

"ကျွန်မ ရှင်းပြပါမယ်။ ကျွန်မဟာ မောင်နဲ့တွေ့ဖို့ ဟိုး ... အဝေးကြီးက လာခဲ့ရတာပါ။ ဒါကလည်း ဒေါက်တာ မြသွေးက ညွှန်ပြလိုက်လို့ပါ။ ကျွန်မဟာ မောင့်ကိုရှာခဲ့တာ ကြာခဲ့ပါပြီ။ ကျွန်မ ကျွန်းပေါ်ကိုရောက်တော့ ညနေစောင်းနေပြီ။ လက်ပံပင်ကြီးနားရောက်တော့ မမျှော်လင့် မထင်မှတ်တဲ့ ရင်နင့်စရာမြင်ကွင်းကို တွေ့လိုက်ရတယ်"

"ဟင် ... အဲဒီတော့"

"ကျွန်မဟာ လိုလိုမည်မည်ဆောင်လာတဲ့ သားလှီးဓားနဲ့ မုဒိမ်းကောင်ရဲ့ နောက်ကျောကို ထိုးစိုက်လိုက်တယ်။ အဲဒီအချိန်မှာပဲ မောင်ဟာ ဘယ်ကနေ ဘယ်လိုရောက်လာတယ်မသိဘူး။ မီမီသတ်တာအမှတ်နဲ့ ဓားကိုဆွဲနုတ်လိုက်တာ ကျွန်မပုန်းနေတဲ့ချုံကြားကနေ လှမ်းမြင်လိုက်လို့ ထွက်ပြီး အကြောင်းစုံပြောပြမယ်ကြံတုန်း ရှင်တို့ရောက်လာကြလို့ ပုန်းနေခဲ့တာ"

"ဪ ... ဖြစ်ရလေရှင်။ ဘသာဦးဆီ ကျွန်မတို့ပြန်လာတဲ့အချိန် ထွက်တွေ့လိုက်ရင် ပြီးတဲ့ကိစ္စ။ ဒါတော့ ..."

"အဲဒီတုန်းက ကျွန်မလည်း ထူပူနေတာနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မပဝင်မနေနည်းဘူး။ နောင်တလည်း ရမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် ဖေဖေ့ကိုယ်စား ကျွန်မမှာ တာဝန်ရှိတယ်။ ဖေဖေ့ကြောင့် အရှုံးသမားဘဝရောက်ခဲ့ရတဲ့ ကြွေးကို ကျွန်မဆပ်လိုက်ပါပြီ။

အခုဆို မီမီဟာ ကျွန်မဝေဒနာကို နားလည်သွားလောက်ပါပြီ ...။ ကျွန်မ ထောင်ကထွက်တဲ့နေ့မှာ မီမီရဲ့ မေတ္တာနဲ့အတူ မောင့်ကို ကျွန်မပိုင်ဆိုင်ရတော့မှာပါ"

မေသစ္စာကိုကြည့်ရင်း မင်းမင်းမြိုင် သနားသွားမိ၏။ မေသစ္စာသည် အခုထိ နှလုံးသားအရေးကို မိုက်မိုက်မဲမဲ တွေးဆနေဆဲ။ မီမီတစ်ယောက် လူ့လောကကို ဘယ်တော့မှ ပြန်ရောက်လာတော့မည် မဟုတ်ကြောင်း သိကောင်းမှ သိမည်။ သည်အကြောင်းကို ဖွင့်ပြောသင့် မပြောသင့် မင်းမင်းမြိုင် စဉ်းစားရပြန်သည်။ ထူးတော့မထူးပြီ။ မေသစ္စာသည်လည်း အမှန်ပင် အရှုံးသမားတစ်ယောက်။ အချစ်နှင့် ပတ်သက်၍ ရှုံးခဲ့ရပြီ။ မကြာမီ ကာလတွင် သူသည် လူသတ်မှုအတွက် ထိုက်သင့်သော အပြစ်ဒဏ်ကို ကျခံရတော့မည်။

"ဟုတ်ပါတယ် ညီမရယ်။ ကိုစည်သူပိုင်ဟာ ညီမကိုစောင့်နေမှာပါ"

မည်သို့ဆိုစေ အရှုံးသမားတစ်ယောက်၏ နောက်ဆုံးအခွင့်အရေးကိုတော့ မင်းမင်းမြိုင် ပေးလိုက်ချင်ပါသည်။ အခုအချိန်ထိ မေသစ္စာသည် စည်သူပိုင်နှင့် သူ့အကြောင်းကို မသိသေး။ အခြေအနေအရ သည်အတိုင်းပဲ ဖြစ်သင့်နေပြီလေ။ မေသစ္စာအတွက်လည်း မသိခြင်းသာ အကောင်းဆုံးဖြစ်၏။

ဆိုရသော် မေသစ္စာသည် စည်သူပိုင်ကိုချစ်သလို မင်းမင်းမြိုင်သည်လည်း စည်သူပိုင်ကို သိပ်ချစ်ခဲ့ရသူပါ။



www.burmeseclassic.com

www.burmeseclassic.com

သို့ငြားလည်း မေသစ္စာက ချစ်ဦးသူ၊ သူက အစားထိုးခံ ဒုတိယလူ၊ အနစ်နာခံရရှိလျှင် သူသာ အနစ်နာခံရမည်။ ဘာပဲဖြစ်ဖြစ် မင်းမင်းမြိုင် ဆုံးဖြတ်လိုက်၏။ သူ မေသစ္စာကို အရှုံးပေးလိုက်တော့မည်။ သို့နှယ် အရှုံးပေးလိုက်ခြင်းသည်ပင် အောင်ပွဲခံခြင်းလည်း မည်ပေ၏။

သို့စဥ်လျက် မေသစ္စာ လက်အစုံကို လက်ထိတ်ခတ်လိုက်စဥ်မှာပင် မင်းမင်းမြိုင်ပါးပြင်သို့ မျက်ရည်များက လိမ့်ဆင်းလာ၏။ သို့သော် မင်းမင်းမြိုင် အားယူပြုံးလိုက်ပါ၏။ အပြုံးယဲ့ယဲ့နှင့်ပင် စကားတစ်ခွန်း ပြောလိုက်မိ၏။

"အားမငယ်နဲ့နော် ...။ ညီမကို ကိုစည်သူပိုင်စောင့်နေမှာပါ"

▲▲▲

စည်သူပိုင် အချုပ်မှထွက်[illegible]နေ့မှစ၍ မင်းမင်းမြိုင် စည်သူပိုင်ကို အတွေ့မခံ။ သည်နေ့ပါဆို စည်သူပိုင်အချုပ်မှ ထွက်သည်မှာ တစ်လတင်းတင်းပြည့်ပြီ။ သည်ရက်အတွင်း သုံးခေါက်တိတိ သူ့ကိုလာရှာ၏။ သူလုံးဝအတွေ့မခံခဲ့။

မည်သို့ဆိုစေ ...

မေသစ္စာအပေါ် ထားရှိပြီးသော စေတနာကိုတော့ အပျက်မခံနိုင်။ မင်းမှာသစ္စာ၊ လူမှာကတိ။ မင်းမင်းမြိုင် ပေးပြီးကတိကို တည်နိုင်စွမ်းရမည်။ မေသစ္စာကို ငဲ့ညှာထောက်ထားရပါမည်။ တတ်နိုင်လျှင် စည်သူပိုင်နှင့် ဝေးရာသို့ မင်းမင်းမြိုင် ပြေးသွားချင်သည်။ ဒါပေမဲ့ သူက နိုင်ငံ့ဝန်ထမ်း။ စိတ်စေရာသို့ သွားနိုင်သူမဟုတ်။ အမိန့်နှင့် တာဝန်က ရှိသေး၏။ ပြီးတော့ သူသည် နှလုံးသား၏အလိုဆန္ဒကို ဦးစားပေးရမည့် အသိနှင့် အရွယ်မဟုတ်တော့။ မှန်ကန်သောအသိဖြင့် ပြတ်သားရမည်။ စွန့်လွှတ်အနစ်နာခံနိုင်စွမ်း ရှိရမည်။ အခြေအနေနှင့် အနေအထားအရ စည်သူပိုင်သည် သူ့ကို မှန်းသွားလေလေ မေသစ္စာအတွက် ကောင်းလေလေ။ ထို့ကြောင့် သူဆုံးဖြတ်လိုက်ပြီ။ စည်သူပိုင်ကို သူသည်အတိုင်း ရှောင်နေ၍မဖြစ်တော့။

▲▲▲

မင်းမင်းမြိုင် ဆုံးဖြတ်ချက်အတိုင်း နောက်တစ်နေ့မှာပင် လက်ပံကျွန်းသို့ ရောက်ခဲ့၏။ ကျွန်းပေါ်ရောက်သည်နှင့် ယခင်ကနှင့်မတူသော မြင်ကွင်းနှင့် သူတစ်ခါဖူးမျှ မမြင်ဖူးသော လူစိမ်းများ စုဝေးရောက်ရှိနေကြသည်ကို မြင်ရသဖြင့် အံ့ဩရသည်။

အခြေအနေကို သိလိုစိတ်ဖြင့် စုံစမ်းကြည့်မိစဥ် ကျောင်းနေဘက်သူငယ်ချင်း ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းဌာနမှ အရာရှိတစ်ယောက်ကို ကောင်းစွာ တွေ့ခဲ့ရသည်။

"ဟေ့ ... ကိုမင်းဇော်ကြီး"

"ဟာ ... မြိုင်ပါလား"

"ကိုမင်းဇော် ဘယ်တုန်းက ဒီ လက်ပံကျွန်းပေါ် ရောက်နေတာလဲ"

"ဆုံးရက်ပဲ ရှိသေးတယ် မြိုင်။ မြိုင်ဒီနယ်ဘက်မှာ ရှိတယ်ဆိုတာတော့ ကျွန်တော် သတင်းကြားမိသား။ ဒါပေမဲ့ ဒီမိကျောင်းမွေးမြူရေးလုပ်ငန်းကို အားချင်းလွှဲပြောင်းယူခဲ့ရတော့ အလုပ်က သိပ်များနေတယ်"

"ဘာပြောတယ် ကိုမင်းဇော်။ ဒီ လက်ပံကျွန်းကို ကိုမင်းဇော်တို့ဌာနက"

"ဒီလို မြိုင်ရေ ... ဒီလို။ ကိုစည်သူပိုင်ဆိုတဲ့ လူတစ်ယောက်က ဒီလက်ပံကျွန်းနဲ့ သူ့ရဲ့ မိကျောင်းမွေးမြူရေးလုပ်ငန်းတစ်ခုလုံး တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရအောင် ဆက်လက်ဆောင်ရွက်ကြဖို့ ကိုယ်တို့ဌာနကို လွှဲပြောင်းပေးသွားတယ်လေ"

"ရှင် ... ဒါ ... ဒါ ... တကယ်ပဲလား ကိုမင်းဇော်"

မင်းမင်းမြိုင် အံ့ဩစွာ မေးမိ

"ဟုတ်တယ်လေ။ မြိုင် သူ့ကို
လို့လား"

"ဆိုပါတော့ ကိုမင်းဇော်။ ဒါ
သူအခုဘယ်မှာလဲ"

"အဲဒါကိုတော့ ကိုယ်လည်း
ဘူး။ သူကြည့်ရတာ ကျန်းမာရေးကော
ပုံမရဘူး။ ပြီးတော့ ... သူကြည့်ရ
အရမ်းအားနည်းနေပုံရတယ်။ တစ်စုံတ
ခုအတွက်လည်း စိတ်ထိခိုက်နေသလို

ကြားလိုက်ရသည့် သတင်းစ
သည် မင်းမင်းမြိုင် ရင်အစုံကို ဆို့နင့်
ပါ၏။

"ဟုတ်ပါတယ်။ သူ ... သူစိ
ထိခိုက်နေမှာပါ။ လူတစ်ယောက်ရဲ့
ရည်အားဆိုတာ သူ့မှာရှိတော့မှာ မဟု
တော့ပါဘူး။ ဒီတစ်ခါတော့ လောကကြီး
တကယ်ပဲ အရှုံးပေးသွားတာလား။ အ
တရားအတွက် အနိုင်ယူသွားတာလား"

"မြိုင် ... မြိုင်ဘာတွေပြော
တာလဲ"

"မသိချင်ပါနဲ့ ကိုမင်းဇော်ရ
မြိုင်တွေးမိရင် ရင်နာလွန်းလို့ပါ။ မြိုင်သူ
ပါရစေတော့"

▲▲▲

တကယ်ပဲ မင်းမင်းမြိုင် ရင်နာ
ပါပြီ။

ထိုနေ့မှစ၍ စည်သူပိုင်အကြော
ကို မင်းမင်းမြိုင် အချိန်ရသမျှ စုံစမ်း
သည်။ မေးမြန်းခဲ့သည်။ ရှာခဲ့သည်။

ကြာတော့ ရှာသူသာ မောလာ

ရက်တို့ ... ရက်တို့ ...။

လတို့ ... လတို့ ...။

နှစ်တို့ ... နှစ်တို့သည်သာ


ကုန်၍ ကုန်၍လာသည်။ စည်
ပိုင်အကြောင်းကား ...။

■ ကာတွန်းကြည်



www.burmeseclassic.com

www.burmeseclassic.com



# မိဘနဲ့ သားသမီး

ထက်အောင်ထူး

သူ့အသက်အရွယ်က လူ့သက်[illegible]း ခေါက်ချိုးသို့ ရောက်ရှိလာပေပြီ။ [illegible]ားစုသုံးယောက်တည်းပေမို့ မတော်[illegible]းပါ။ သူက ဦးစီး၊ ကလေးက စကား[illegible] မပြောတတ်သေး။ အိမ်ထောင်မကျ[illegible]ခင်က ဝင်ငွေဖြောင့်ဖြောင့်။ စုဖို့[illegible]ာင်းဖို့ကို စိတ်မဝင်စားဘဲ သုံးဖို့နှင့်[illegible]ဖို့လောက်သာ အချိန်ကုန်ခဲ့သည်။ [illegible]ထောင်ကျပြီးတော့မှ အလုပ်က[illegible]ာင်း(မရှိ)ဆိုတော့ မိဘဆီက လက်[illegible]ရသည်။ မိဘကတော့ တတ်စွမ်းသမျှ[illegible]ာက်ပံ့ပေးနေရသည်။ မိဘနဲ့ သား[illegible]မဟုတ်လား။

ယခု ကလေးပင် ရပြီ။ ကျန်းမာရေးကလည်း ချူချာလိုက်သေးသည်။ အလုပ်ကြမ်းလုပ်၍မရအောင်ပင် ဖြစ်ရသည်။ ပညာရေးကလည်း မတောက်တခေါက်။ သားကလေးကိုကြည့်ရင်း တွေးနေသည်။ အလုပ်ဆိုတာ မလုပ်ရင် မရှိဘူး။ လုပ်ရင် အလုပ်ရှိတယ်ဆိုတာ သူသိသည်။ ဒါပေမဲ့ ... ဒါပေမဲ့ဆိုတာရဲ့နောက်မှာ ဆင်ခြေတွေ ရှိသည်။ အဖေကတော့ သူ့မြေးကိုကြည့်ရင်း သူ့ကိုပြောသည်။

"မင်း အဖေဖြစ်ပြီ" ... တဲ့။

"ငါ ... ငါ .. အဖေဖြစ်ပြီ"

သည်စကားသည် သူ့အလှည့်ရောက်လာပြီဆိုလိုက်ခြင်းပင်။

"ငါ့အလှည့်ရောက်ပြီဆိုရင် ငါ့သားသမီးကို ငါဘယ်လိုပြုစုပျိုးထောင်ရမလဲ"

အဖေပြောတဲ့ "မင်းအဖေဖြစ်ပြီ"။

သူတွေးတဲ့ "ငါ့အလှည့်ရောက်ပြီ"

အဖေဆိုသည်က "မင်းအလှည့်ရောက်ပြီ။ ငါတို့ကို ပြန်လုပ်ကျွေးတော့လို့"ဆိုလိုတာ မြူတစ်မှုန်မှ မဟုတ်ကြောင်း ကောင်းကောင်းကြီး သိလိုက်ရပါပြီ။

ကဲ ... မိဘနဲ့ သားသမီး။

ထက်အောင်ထူး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# စကားဦး

၁၉၅၀ ခုနှစ်၊ နှစ်လယ်လောက်တွင် ကမ္ဘောဒီးယားနိုင်ငံကို ပြင်သစ်တို့က လွတ်လပ်ရေးပေးခဲ့သည်။ သက်ဦးဆံပိုင် မင်းသားကြီးသီဟာနုကလည်း ပျော်ရွှင်ပါသည်။

ကမ္ဘောဒီးယားသည် ဘက်မလိုက်ကြားနေ နိုင်ငံလည်းဖြစ်၊ လွတ်လပ်၍လည်းဖြစ်သည်။ သို့သော်ကြာကြာမပျော်လိုက်ရပါ။ ကမ္ဘောဒီးယားကို ဗီယက်နမ်စစ်ပွဲထဲ ဆွဲထည့်ခံရသဖြင့် ဖြစ်သည်။ ထိုသို့လုပ်သူမှာ မြောက်ဗီယက်နမ်စစ်တပ်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင်းရှိ နယ်စပ်ဒေသတစ်လျှောက်ကိုရရန် မြောက်ဗီယက်နမ်စစ်ပွဲက ဟိုချီမင်းလမ်းမကြီးကို တိုးချဲ့ခဲ့သည်။ အမေရိကန်က မြောက်ဗီယက်နမ်ထောက်ပံ့ ရေးလမ်းကြောင်းကို ဗုံးကြဲရာ ကမ္ဘောဒီးယား ပြည်သူများစွာ သေကြေခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ တွင်းသို့လည်း ကွန်မြူနစ်များ ဝင်လာ ကြတော့သည်။

နောက်ဆုံးတွင် မြောက်ဗီယက်နမ်စစ်တပ်က ကွန်မြူနစ်ပြောက်ကျား အုပ်စုတစ်စုကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ထိုအဖွဲ့ကို ခမာနီ ဟုခေါ်သည်။ မြောက်ဗီယက်နမ်စစ်တပ်က ခမာနီတို့ကို လက်နက်အမျိုးမျိုး တပ်ဆင်ပေးခဲ့သည်။ တောပိုင်းဒေသ များစွာကို ခမာနီတို့က လွှမ်းမိုးထားသည်။ ခမာနီတို့ကို ပိုပေါ့က ဦးဆောင်ခဲ့သည်။ ထိုစဉ်က ကမ္ဘောဒီးယားနိုင်ငံကို လုံနိုးအစိုးရက အုပ်ချုပ်နေသည်။

၁၉၇၅ ခုနှစ် ဧပြီလ(၁၇)ရက်နေ့တွင်တော့ ခမာနီတို့က ဖနွမ်းပင်မြို့ကို သိမ်း၍ တစ်နိုင်ငံလုံးကို စိုးမိုးခဲ့သည်။ ခမာနီတို့သည် ပညာရှင်များ၊ ပညာတတ်များ၊ စာသင်ယူသူများနှင့် အစိုးရဝန်ထမ်းများကို နည်းအမျိုးမျိုးဖြင့် နှိပ်ကွပ်သတ်ဖြတ်ခဲ့သည်။ အသက်ရှင်ကျန်နေသူများကိုလည်း ဆန်မြုတ်ရေကျဲ မဝရေစာကျွေးကာ မိုးလင်းမိုးချုပ် မနားတမ်း အလုပ်လုပ်ခိုင်းပါသည်၊ ကမ္ဘောဒီးယားပြည်သူအများစုမှာ ခမာနီတို့လက်အောက်တွင် ငတ်ပြတ်၍သေရသည်၊ ရောဂါဖြစ်၍သေရသည်၊ အပစ်သတ်ခံရ၍ သေရပါသည်။

မသေဆုံးဘဲ ကျန်ရစ်ခဲ့သူများက သူတို့ ကြုံတွေ့ခဲ့ရသမျှ ခံစားခဲ့ရသမျှကို ခေတ်သစ်နှုတ်ပြော သမိုင်းအဖြစ်၊ အကိုးအကားအဖြစ် ပုံဖော်ရေးသားကာ စာအုပ်တစ်အုပ်ဖြစ်အောင် စုစည်းထားပါသည်။

ထိုနှုတ်ပြောသမိုင်း အကိုးအကားတို့များကို တစ်ပုဒ်စီဘာသာပြန်၍ ဖော်ပြလိုက်ပါသည်။

(ဘာသာပြန်သူ)



www.burmeseclassic.com

www.burmeseclassic.com

# အသားထဲက . . . . လောက်

မာန်သစ်နိုး

၁၉၇၅ ခုနှစ်၊ ဧပြီလ၊ ခမာနီတို့ အာဏာရလာချိန်တွင် ကျွန်မအသက် တစ်ဆယ့် ငါးနှစ်ရှိပါပြီ။ စစ်ကြီးပြီးသွားပြီ ဆိုသည့် ပျော်ရွှင်မှုက မည်မျှလွှမ်းမိုးနိုင် ခဲ့သည်ကို ကျွန်မ အမှတ်ရနေဆဲဖြစ်ပါ သည်။

မည်သူမည်ဝါက စစ်နိုင်ခဲ့သည် ဆိုတာတော့ အရေးမကြီးခဲ့ပါ။ ကျွန်မ နှင့်အတူ ကမ္ဘောဒီးယားပြည်သူများ အနေဖြင့် ငြိမ်းချမ်းရေးကို ဘယ်ဈေး နှုန်းနဲ့ဖြစ်ဖြစ် လိုချင်ခဲ့ကြပါသည်။ ပြည်တွင်းစစ်သည် ကျွန်မတို့ကို ပင်ပန်း နွမ်းနယ်စေခဲ့ပါသည်။ ကျွန်မတို့ပိုင် မဟုတ်ခဲ့သည့်အကြောင်းခြင်းရာ တစ်ခု အတွက် သွေးသားပေါင်းနှမ အချင်းချင်း သတ်ဖြတ်ရသည့် အကြောင်းကို မသိ ခဲ့ကြပါ။

တိုင်းပြည်ကို ပြန်လည်ထူထောင် ပေးမည့် ကျွန်မတို့၏ အစိုးရသစ်ကို ထောက်ပံ့ကူညီရန် အဆင်သင့် ဖြစ်နေ ခဲ့ပါသည်။ ကျွန်မတို့ကြီးပြင်းခဲ့ နှစ်သက် စွဲလမ်းခဲ့သည့် တည်ငြိမ် ရိုးစင်းသော ထိုဘဝမျိုးကို ပြန်လည်ရခဲ့ပါသည်။ ထိုအချိန်တွင် ခမာနီတို့၏ငြိမ်းချမ်းရေး အတွက် ကျွန်မတို့ပေးရသည့် ဈေးနှုန်း မည်မျှ မြင့်မားကြောင်း မသိခဲ့ကြပါ။

ခမာနီတို့သည် အလွန်ထိထိ ရောက်ရောက် လုပ်တတ်ကြသလို လူမဆန်ကြပါ။ ကျွန်မတို့အများစုသည် ခမာနီတို့၏ မုန်းတီးစရာရည်ရွယ်ချက် များကို ယုံကြည်ရန်ငြင်း ဆန်ခဲ့မှုကြောင့် သူတို့၏ နည်းဗျူဟာများမှာလည်း ထက်မြက်ခဲ့ပါသည်။ ခမာနီတို့၏ပန်းတိုင် မှာ ကျွန်မတို့ကို ချုပ်ချယ်မှုကင်းစေ ရန်ဖြစ်ပါသည်။ သူတို့သည် သူတို့၏ အသက်များကို အရဲစွန့်ခဲ့ကြပါသည်။ "တရားမျှတမှု" နှင့် "သာတူညီမှု" အတွက် သူတို့၏ ဇိသားစုဝင်များကို စွန့်လွှတ်ခဲ့ကြပါသည်။ ဤ လော[...] ကောင်များ ကျွန်မတို့အသားထဲ[...] ဘယ်လိုများ ထွက်လာနိုင်ကြပါလိမ့်[...]

ကျွန်မတို့က လိုက်လိုက်လဲ[...] ကြိုဆိုပြီးချိန်မှာပင်၊ ကမ္ဘောဒီးယားနိ[...] ဖြစ်ပေါ်လာနေပြီဆိုသည့် သူတို့သိ[...] သော လူ့အဖွဲ့အစည်းမျိုးအပေါ် ခေ[...] နှင့် အမုန်းတရားတို့ရစ်သိုင်းထားသ[...] မှုသားစကားတစ်ခွန်းသည် ခမာ[...] ၏ ကနဦးစကားတွင် ပေါ်ခဲ့ပါသ[...] အမေရိကန်တွေက မြို့ကြီးပြကြီးတွေ[...] ဗုံးကြဲချတော့မည်ဟုခမာနီတို့က ကျွ[...] တို့ကိုပြောခဲ့ပါသည်။ ခမာနီတို့သ[...] ဖနွမ်းပင်မြို့နှင့် အခြားမြို့ကြီးများ[...] နေထိုင်ကြသူ လူသန်းပေါင်းများစွ[...] အိမ်တွေထဲမှ ထွက်ခိုင်းခဲ့ပါတ[...] ကျွန်မတို့ အချင်းချင်းတည်ငြိမ်[...] ပျက်ပြားစေရန်၊ ကျွန်မတို့၏ အ[...] အရေးများ တည့်မတ်အောင်မြင်စေ[...]



www.burmeseclassic.com

www.burmeseclassic.com

မည့်သည့်ပူး ပေါင်းမှုကိုမဆိုတားဆီးရန်၊ ကျွန်မတို့၏မိတ် ဆွေအပေါင်းအသင်းများနှင့် အိမ်နီးချင်းများကို ကျွန်မတို့နှင့် ခွဲခြားပစ်လိုက်ပါသည်။ ကျွန်မတို့၏ အိုးအိမ်များနှင့် ပိုင်ဆိုင်သည့်ပစ္စည်းများ မှဆွဲချခဲ့ ခွဲခွာခဲ့ကြပါသည်။ သူတို့သည် ဤကိစ္စကို တမင်တကာဂရုဏာကင်းမဲ့စွာ လုပ်ခဲ့ကြပါသည်။

သူတို့သည် သူတို့၏ လုပ်ငန်း အတွက် မည်မျှကုန်ကျပါစေ၊ မည်မျှ အသက်တွေ ဆုံးရှုံးပါစေ ပေးဆပ်ချင် နေကြပါသည်။ ရိုးသား ဖြူစင်သော ကလေးငယ်များ၊ အဖွားအိုများ နှင့် ဆေးရုံခုတင်များပေါ်မှ နာမကျန်းသည့် လူနာများကို (ပေးဆပ်ရာတွင်) ပါဝင် စေခဲ့ကြပါသည်။ ဤနည်းအတိုင်းပင် ရိုးသားဖြူစင်သော ကမ္ဘောဒီးယား ပြည်သူများမှာ ငတ်ပြတ်၍ ရောဂါ ဖြစ်ပွား၍ ချစ်ခင်မြတ်နိုးသူများကို ဆုံးရှုံး၍၊ မရေမရာဘဲ ကစဉ့်ကလျား ဖြစ်၍၊ ကွပ်မျက်ခံရ၍ သေဝနီးပါးဖြစ် နေကြရပါသည်။

ကျေးလက်ဒေသများရှိ ကျွန်မတို့၏ ဇာတိမြေသို့ပြန်လာကြရန် ကျွန်မတို့ကို ခွယ်ခဲ့ရာ၊ ကျွန်မတို့ မည်သူမည်ဝါ အစစ်ဖြစ်ကြောင်းကို သူတို့သိနိုင်ခဲ့ပါ သည်။ နောက်တော့မျိုးဖြုတ်သတ်ဖြတ် မှုကို စတင်ခဲ့ပါသည်။ ပထမတွင် ယောကျ်ားများကို သတ်ဖြတ်ခဲ့ပါသည်။

သူတို့သည် ကျွန်မဖခင်ကိုလည်း ခေါ်သွားခဲ့ပါသည်။ ကျွန်မဖခင်ကို ပညာပြန်ပေးရန် လိုအပ်သည်ဟု သူတို့က ကျွန်မတို့မိသားစုကို ပြောခဲ့ပါသည်။ ဘာရိန်းဝါရှိလုပ်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ထိုနေ့က ကျွန်မဖခင်၏ ကံကြမ္မာကို မသိခဲ့ရပါ။ ကျွန်မ ဖခင် ဘာဖြစ်ခဲ့သည် ဆိုတာကိုသာ ကျွန်မတို့ တွေးသိနိုင်ခဲ့ပါသည်။ ကမ္ဘောဒီးယားသူ မုဆိုးမများနှင့် မိဘမဲ့များအားလုံးအတွက် ဤအချက်ကိုသာ အမှန်ဖြစ်ခဲ့ပါသည်။ ကျွန်မတို့၏ ဖခင်များ၊ ခင်ပွန်းများ၊ အစ်ကိုများနှင့်ပတ်သတ်သည့် ရက်စက် ယုတ်မာမှုများကို မကျူးလွန်ခဲ့ရကြောင်း သိလျက်၊ ကြောက်ရွံ့စွာဖြင့် ကျွန်မတို့ ရှင်သန်ခဲ့ရပါသည်။ ဤသို့ ညှဉ်းပန်း နှိပ်စက်သတ်ဖြတ်မှုမျိုးကို ခမာနီတို့က လုပ်ထိုက်ပါသလား။

နောက်ပိုင်းတွင်၊ ကလဲ့စားမချေ နိုင်စေရန်ကွပ်မျက်သူများ၏ ဇနီးမယား များနှင့် သား သမီးများကိုလည်း ခမာနီ တို့က သုတ်သင်ပစ် လိုက်ပါသည်။ ခမာနီတို့သည် သူတို့အပေါ် စပိုင်လုပ် သည်ဟုဆိုကာ ကလေးများကို သူတို့ မိဘများအပေါ် အပြစ်ရှာနိုင်းပါသည်။ တစ်ချိန်တစ်ခါက ချစ်ခြင်း၊ ယုံကြည် ခြင်း၊ အဆင်ပြေခြင်း၊ ပျော်ရွှင်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ခင်မင်စွာပေါင်းသင်း ဆက်ဆံခြင်းတည်းဟူသော မိသားစု ဘဝကို ဖျက်ဆီးရန် ခမာနီတို့က သူတို့ ရည်ရွယ်ချက်ကို ပြောင်ပြောင်တင်းတင်း ဖွင့်လှစ်ပြပေတော့သည်။ သူတို့သည် ကလေးများက သူတို့အပေါ် ကူလီကူမာ မလုပ်နိုင်စေရန် နေအိမ်မှထွက်ခိုင်းကာ ဘုံရိပ်သာတွင် နေခိုင်းခဲ့သည်။

မိဘများမှာ သားသမီးများကို ဆုံးရှုံး ခဲ့ကြရပါသည်။ မိသားစုများကိုလည်း တစ်ကွဲတစ်ပြားစီ ထားခဲ့ပါသည်။ ခမာနီများက ကျွန်မတို့ ချစ်မြတ်နိုးသူ တစ်ယောက်ယောက်ကို ခေါ်ထုတ်သွား သည့်အခါ ကျွန်မတို့မှာ ငိုခွင့်မရ၊ ဝမ်းနည်းပူဆွေးကြောင်း ပြခွင့်မရကြ ပေ။ နွားနှင့်ရန်းရန် တာဝန်ပေးခံရ သူက နွားပျောက်သွားလျှင် ထိုသူကို ခမာနီတို့ သတ်ပစ်ကြပေမည်။ အလုပ် မလုပ်နိုင်လောက်အောင် ပင်ပန်းနွမ်း နယ်သွားသူ မည်သည့်မိန်းမ မဆိုကို သူတို့က သတ်ပစ်လိုက်ကြပေမည်။ လူသား ဘဝသည် ကျည်ဆံတစ်တောင့် လောက်မျှပင် တန်ကြေးမရှိခဲ့ပါပေ။ ခမာနီတို့သည် ကျွန်မတို့၏ ဇက်ပိုးကို တုတ်နှင့်ရိုက်ကာ အသက်မရှူနိုင် အောင်ဖိတွန်းထားလျက် အခြားရာ ပေါင်းများစွာသော အလောင်းများ အကြား ညပ်၍သေအောင် လုပ်ကြပါ သည်။

ကျွန်မတို့သည် အရေးမပါသူ များဖြစ်ကြောင်း ခမာနီတို့က ပြောကြ ပါသည်။ ကျွန်မတို့သည် ဆန်ပုံကြီး တစ်ပုံထဲရှိ ဆန်စေ့တစ်စေ့ထက် မပိုဟု ဆိုကြပါသည်။ ကွန်မြူနစ်တော်လှန် ရေးသည် လူနှစ်ဦးတည်းဖြင့်လည်း အောင်မြင်နိုင်သည်ဟု ခမာနီတို့ကဆိုပါ သည်။ သူတို့၏ကွန်မြူနစ်နိုင်ငံတော်ကြီး အတွက် ကျွန်မတို့ အသက်များက အရေးမကြီးကြပါ၊ "အကျိုးကျေးဇူး မရှိတဲ့ မင်းတို့ကို ထိန်းသိမ်းဖို့ထက်၊



www.burmeseclassic.com

www.burmeseclassic.com

မရှုံးသေးတဲ့ မင်းတို့ကိုဖျက်ဆီးပစ်ရမယ်" ဟု သူတို့ပြောကြပါသည်။

ကျေးလက်လူထု၊ လယ်သမားများနှင့် ပညာမတတ်သူ သက်ကျားအိုများကို ပြောက်ထိုး ပင့်ကော်လုပ်၍ ခမာနီတို့က ဤအချက် အားလုံးကို ပြောင်ပြောင် ပြောက်ပြောက်လုပ်ခဲ့ပါသည်။ ထိုသူတို့မှာ ကြမ်းတမ်းရက်စက်ပြီး မသိနားမလည်ကြသူများ ဖြစ်ကြပါသည်။

ခမာနီတို့က ထိုသူတို့ကို ဦးစီးဦးဆောင်လုပ်ရန်၊ စီမံကွပ်ကဲရန်၊ ထိန်းချုပ်ရန်နှင့်ဖျက်ဆီး ရန်သင်ကြားပေးခဲ့ကြပါသည်။ ထိုသူများသည် ပြဿနာတစ်ရပ်ကို မစူးမစမ်းဘဲ အမိန့်များထုတ်ကြပါတယ်။ ခမာနီတို့က ထို သက်ကျားအိုများအကြား မလိုမုန်းထားမှုနှင့် မစ္ဆရိယတို့ကို ဖန်တီးပေးခဲ့ကာ သတ်ဖြတ်မှုများကို စီရင်နိုင်ခဲ့ပါသည်။ သူတို့သည် ကျွန်မတို့ကို ညတိုင်း အစည်းအဝေး တက်ခိုင်းပါသည်။ ထိုနေရာမျိုးတွင် ကျွန်မတို့အချင်းချင်းကို ခြောက်လှန့်စေလျက် တစ်ယောက်အပေါ် တစ်ယောက်အပြစ်ရှာစေခဲ့ပါသည်။ သူတို့ ထိုသို့လုပ်ဆောင်ကြခြင်းကြောင့် ကျွန်မတို့အသက် မသေကျန်ရစ်ခဲ့ရပါသည်။ ကျွန်ပ တို့သည် နိုးဂုက်တတ်ကြသည်၊ လိမ်ညာ လုည့်ဖြားတတ်ခဲ့ကြသည်၊ မုသားဆိုတတ်ခဲ့ကြသည်၊ ကျွန်မတို့အချင်းချင်း တစ်ဦးအပေါ် တစ်ဦးမုန်းတီးခဲ့ကြပါသည်။

ကျွန်မတို့သည် ဘယ်သူ့အပေါ်မှာမှ အယုံအကြည် မရှိခဲ့ကြတော့ပေ။

ခမာနီတို့သတ်ရန် စာရင်းပြုစုထားသူများမှာ မြို့နေလူထုဖြစ်ပါသည်။ သူတို့သည် လူသစ်များဖြစ်ပါသည်။ သူတို့သည် ၁၉၇၅ခု နှစ် စစ်ပွဲအနိုင်မရမီက "လွတ်လပ်ရေးဇုံ" တွင် မနေခဲ့ကြသူများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံသား ယောက်ျား၊ မိန်းမ၊ မိန်းကလေး၊ ယောက်ျားလေးနှင့် ရင်ခွင်ပိုက်ကလေးများဖြစ်ကြပါသည်။ ထိုသူများ၏ ပြစ်မှုမှာ ရန်သူကိုကူညီထောက်ပံ့လျက် ရန်သူ့ဒေသတွင် နေထိုင်ခဲ့သူများဖြစ်သည်ဆိုသည့် အချက်ပင်ဖြစ်သည်။

မြို့နေလူထုသည် ရန်သူဖြစ်ပါသည်။ စာရင်းဇယားကလည်း ရှည်ပါသည်။ ယခင်က စစ်သားများ၊ ရဲများ၊ စီအိုင်အေနှင့် ကေဂျီဘီ တို့ဖြစ်ပါသည်။ ထိုသူတို့၏ပြစ်မှုမှာ ပြည်တွင်းစစ်တုန်းက တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်ပါသည်။

ကုန်သည်များ၊ အရင်းရှင်များနှင့် စီးပွားရေးသမားများလည်း ပါဝင်ပါသည်။ ချမ်းသာသော လယ်သမားများနှင့် မြေပိုင်ရှင်များ လည်းပါဝင်ပါသည်။ သူတို့၏ပြစ်မှုက လယ်သမားများအပေါ် လက်ဝါးကြီးအုပ်ခေါင်းပုံ ဖြတ်ခြင်းဖြစ်ပါသည်။ အသိပညာရှင်များ၊ ဆရာဝန်များ၊ ရှေ့နေများ၊ ဘုန်းတော်ကြီးများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် နိုင်ငံ့ဝန်ထမ်းများလည်း မနေရပေ။ ထိုပုဂ္ဂိုလ်များ၏ အတွေးအခေါ် ဥာဏ်ရည်များကို ယုတ်မာသည့် အနောက်တိုင်းသား[illegible] များက လေ့ကျင့်သင်ကြားပေးခဲ့သည်[illegible] ဟုဆိုပါသည်။ ကျောင်းသူ၊ ကျောင်းသား[illegible] များကတော့ ဆင်းရဲသား လူတန်းစား[illegible] ခေါင်းပုံဖြတ်လက်ဝါးကြီးအုပ်ရန် ပညာ[illegible] သင်ယူနေကြသည်။ ယခင်က အနု[illegible] ညာရှင်များနှင့် ကဗျာဆရာများလည်း[illegible] ပါပေသည်။

ဤလူတွေကတော့ ပောင်းမြင်းပြီ[illegible] အကျင့်ပျက်နေသည့် ကမ္ဘောဒီးယား[illegible] နိုင်ငံကို မကောင်းသည့်သိမှတ်မှုများ[illegible] သွတ်သွင်းလာသည်ဟု ဆိုပါသည်။

ထိုစာရင်းမှာ ရှည်သထက်ရှည်လှပါသည်။ ပုန်ကန်သူများ၊ ကြင်နာ[illegible] တတ်သူများ၊ ရဲရင့်သူများ၊ လိမ္မာပါးနပ်[illegible] သူများ၊ တစ်ဦးတည်း နေချင်သူများ[illegible] မျက်မှန်တပ်သူများ၊ စာပေဖတ်ရှု[illegible] သူများ၊ ကျော်ကြားသူများ၊ စာဒက[illegible] တက်တတ်သူများ၊ ပျင်းရိတတ်သူများ[illegible] ပါရမီထူးချွန်သူများ၊ အခြားသူများကို[illegible] ဒုက္ခပေးတတ်သူများ၊ နူးညံ့သော[illegible] လက်ဖဝါးရှိသူများလည်း မနေရပေ။ ဤပုဂ္ဂိုလ်တွေကတော့ အကျင့်ပျက်[illegible] ခြစားနေကြပြီး၊ လယ်သမားနှင့် ဆင်းရဲ[illegible] သားလူတန်းစားချွေးသွေးများကို စုပ်ယူ[illegible] နေကြသည်ဟုဆိုကြပါသည်။

ကျွန်မတို့ထဲက လက်တစ်ဆုပ်စာ[illegible] မျှသာ ဤစာရင်းမျိုးထဲက လွတ်ကြပါ[illegible] သည်။ ကျွန်မ မိသားစုမှာ ကျေးလက်[illegible] နေပြည်သူမဟုတ်ပါ။ ကျွန်မတို့သည် ဖနွမ်းပင်မြို့မှဖြစ်ပါသည်။ ကျွန်မမည်သူ[illegible] မည်ဝါဆိုသည်ကို ကြောက်မိပါသည်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် အလယ်အလတ် မိသားစု မှ ပညာသင်ယူထားသူ မိန်းကလေးတစ် ယောက်ဖြစ်ပါသည်။ ကျွန်မသည် ရေးနိုင်၊ ဖတ်နိုင်၊ တွေးတောဆင်ခြင် နိုင်ပါသည်။ ကျွန်မမိသားစုနှင့် ကျွန်မ၏ စစ်ဖြစ်အတွက် ဂုဏ်ယူမိပါသည်။

သူတို့က ကျွန်မ၏အတွေး အမြင် များ၊ ဆုတောင်းများကို ကြားသွားလေ မလား၊ ကျွန်မရဲ့ စိတ်ကူးယဉ်မှုများကို သူတို့ တွေ့သွားလေမလား၊ ကျွန်မရဲ့ ဒေါသနှင့်သူတို့ အုပ်စိုးမှုအပေါ်မနှစ် သက်ခြင်းတို့ကို သူတို့ခံစားသိရှိသွား လေမလားဟု ကျွန်မကျိုးလန့်စာစား ဖြစ်ခဲ့ပါသည်။ ကျွန်မသည် အမြဲတစေ ဆာလောင် မွတ်သိပ်နေရပါသည်။ နေမထွက်မီ ဆာလောင်မွတ်သိပ်ပြီး ကျွန်မအိပ်ရာနိုးရပါသည်။

ထို့နောက် မနက်စာမစားရဘဲ ကီလိုမီတာများစွာဝေးသည့် အလုပ် နေရာဆီ လမ်းလျှောက်သွားခဲ့ရပါ သည်။ ကျွန်မသည် မွန်းမတည့်မချင်း အလုပ်လုပ်ရပါသည်။ ကျွန်မ၏နေ့ လယ်စာသည် ဆန်စေ့အနည်းငယ်ပါ သည့် ဆန်ပြုတ်၊ ထို့သို့မဟုတ်လျှင် ငှက်ပျောသီးလေးတွေ ထည့်ပြုတ်ထား သည့် ဆန်ပြုတ်၊ ထို့သို့မဟုတ်လျှင် ပြောင်းဖူးထည့်ပြုတ်ထားသည့်ဆန်ပြုတ် မျိုးသာဖြစ်ပါသည်။ နေဝင်ချိန်အထိ အလုပ်ကိုဆက်လုပ်ရပါသည်။ ကျွန်မ၏ ညစာမှာလည်း နေ့လယ်စာအတိုင်း ပင်ဖြစ်ပါသည်။ ကျွန်မက အန်ကာခေါ် ခမာနီတို့၏ဗျူရိုအတွက် အကာအကွယ် မပေးနိုင်ခဲ့ပါ။ သို့သော် ကျွန်မအစာအိမ် က လိုအပ်သည့် အစားအစာများဖြင့် ကျွန်မကိုကာကွယ်ခဲ့ပါသည်။ ညစဉ် ညတိုင်း ကျွန်မသည်ဆာလောင်မွတ် သိပ်လျက် ညစ်ပတ်ပေရေနေ သည့် အိပ်ရာကိုဝင်ခဲ့ရပါသည်။ မေမေ့ကို လွမ်းရလို့လည်း ကျွန်မကြေကွဲရပါသည်။ ဒီလိုညမျိုးတွင် ကျွန်မကိုခေါ်သွားပြီး ညှင်းပန်းနှိပ်စက်၊ အဓမ္မကျင့်ကာ သုတ်သင်ပစ်နိုင်သည့် ညမျိုးဖြစ်၍လည်း ကြောက်ရွံ့စိုးထိတ်မိ ပါသည်။

ကျွန်မသည် ကိုယ့်ကိုယ်ကို သတ် သေချင်ခဲ့ပါသည်။ သို့သော် ကျွန်မ မလုပ်နိုင်ခဲ့ပါ။ အကယ်၍ သတ်သေခဲ့ ပါက သူတို့အုပ်စိုးမှုကို မကျေနပ် ကြောင်း ပြသရာသည့်အတွက် ကျွန်မကို "ရန်သူ" ဟု တံဆိပ်တပ်ကြပေလိမ့် မည်။ ကျွန်မသေဆုံးခြင်း၏ နောက် ကွယ်တွင် ကျွန်မ၏မိသားစုလည်း လိုက်သေကြရပေလိမ့်မည်။ ကျွန်မ အကြီးအကျယ်ကြောက်ရွံ့မှာ သေခြင်း တရားမဟုတ်ပေ။ သူတို့ ကျွန်မကို မသတ်ပစ်မီ ကျွန်မတွေ့ကြုံခံစားရသမျှ ကို ဘယ်ပုံခံစားရမည်လဲ ဆိုသည့် အချက်ပင် ဖြစ်သည်။

ခမာနီတို့သည် လယ်ကွင်းများ မှသည် တောထဲထိတိုင် ကျွန်မတို့ ဝန်းကျင်တွင် သွားလာလှုပ်ရှားနေကြ ပါသည်။ သူတို့သည် ကျွန်မတို့ကို ပတ်ဝန်းကျင်နှင့် အဆက်အစပ်ပြတ် စေရန်တမင်လုပ်ခြင်းဖြစ်ရာ၊ သူတို့လုံးဝ ထိန်းချုပ်နိုင်ခဲ့ပါသည်။ သူတို့သည် "အသုံး မဝင်တော့သည့်လူများ" ကို ဖယ်ရှားရန် ထိုသို့လုပ်ခဲ့ပါသည်။ ထို ပုဂ္ဂိုလ်များမှာ အလုပ်မလုပ်နိုင်လောက် အောင် အသက်အရွယ်ကြီးလွန်းပြီး အားနည်းလွန်းသူများ ဖြစ်ကြပါသည်။ ထိုသူများသည် သူတို့လုပ်ရမည့် ဝေပုံကျအလုပ်ကို မလုပ်နိုင်ကြတော့ သူများဖြစ်သည်။ ကျွန်မတို့တွင် အဝတ် အထည်နှင့် စောင်မှာ မရှိသလောက် နည်းပါးနည်းပါး လှသည့်အတွက် ချမ်းချမ်းစီးစီးရှိလှပါသည်။ စီးစရာဖိနပ် လည်းမရှိပေ။ ကျွန်မတို့ဖျားနာကြသော် လည်း နည်းနည်းမျှ ဆေးဝါးကုသ ပေးခြင်းမရှိပါ။ ကျွန်မတို့သည် အနားယူ ရက်မရှိဘဲ၊ မိုးရွာရွာလသာသာ တစ်နေ့ လျှင် ဆယ့်ငါးနာရီကျော် အပျော်တမ်း အလုပ်လုပ်ပေးရမည်ဟု သူတို့ကပြော ခဲ့ပါသည်။ ကျွန်မတို့မှာ ကြောက်တတ်၊ ရှက်တတ်သည့်အတွက် ဆုံးရှုံးနစ်နာ ခဲ့ကြသည်။ ဆိတ်ဆိတ်နေကြရပါ သည်။ ကျွန်မတို့ မည်သူမည်ဝါဖြစ် သည်ကိုပါ ဆုံးရှုံးခဲ့ရရုံမက၊ ကျွန်မတို့၏ ဂုဏ်သိက္ခာ၊ အသိဉာဏ်၊ ဘာသာ တရား၊ ကျွန်မတို့ ချစ်မြတ်နိုးရသူများ၊ ကျွန်မတို့၏ စိတ်ဝိညာဉ်များနှင့် ကိုယ့် ကိုယ်ကိုပင် ဆုံးရှုံးခဲ့ရပါသည်။

ခမာနီတို့က လူတိုင်းသာ တူညီမျှ ဖြစ်နိုင်မည့် လောကနိဗ္ဗာန်တိုင်းပြည်ကို သူတို့ကဖန် တီးနေကြောင်းဆိုပါသည်။ လူတိုင်းကို အခြေတကျပြန်လည်ဖြစ် စေခြင်းဖြင့်၊ အရာရာတိုင်းကို သုည အထိ ပြန်လည် ပြောင်းစေခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကတိုင်းပြည်ကို ပြန်လည်စတင်ဆောင်ရွက်ခဲ့ပါသည်။ တစ်တိုင်းပြည်လုံးသည် တူညီစွာဆင်းရဲနေပါသည်။ သို့ရာတွင် လူထုတစ်ရပ်လုံးက ငတ်မွတ်ခြင်း။ ရောဂါထူပြောခြင်းနှင့် မျှော်လင့်ချက်မဲ့ခြင်းတို့ဖြင့် သေလုခမန်းဖြစ်နေစဉ် ခမာနီတို့က ရေပေါ်ဆီလူတန်းစားသစ်တစ်ရပ်ကို ဖန်တီးလျက်ရှိပါသည်။ ခမာနီစစ်သားများနှင့် ကွန်မြူနစ်ပါတီများသည် သူတို့ပေါင်းသင်းချင်သည့် မိန်းမ၊ ယောကျ်ားမည်သူကိုမဆို ရွေးချယ်နိုင်ခဲ့ပါသည်။ အကန့်အသတ်မဲ့စားသောက်စရာများအပြင် ရွှေ ငွေ၊ ရေမွှေး။ ပြည်ပမှတင် သွင်းလာသည့် ဝီးခြစ်များ။ အနောက်တိုင်းဖြစ် ဆေးဝါးများ။ မော်တော်ကားများ။ မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ။ ပိုးသားထည်များနှင့် အခြားနိုင်ငံခြား သွင်းကုန်ပစ္စည်းများဖြင့် ပေါ်ပေါ်ပင်လိုက်နိုင်ခဲ့ပါသည်။

ကျွန်မ သူငယ်ချင်း ဆာခွန်ကို သူမ ဆန္ဒမပါဘဲ ခမာနီမသန်မစွမ်းစစ်ပြန်ကြီးတစ်ယောက်က လက်ထပ်ခဲ့ပါသည်။ သူသည် စိတ်ပိုင်းဆိုင်ရာထိခိုက်ခံစားခဲ့ရပြီး၊ မေးခိုင်ရောဂါလည်းခံစားနေခဲ့ရပါသည်။ ညအခါတွင် ထိုစစ်ပြန်ကြီးသည် သူလုပ်ခဲ့သည့် ရာဇဝတ်မှုများ၊ သူသတ်ဖြတ်ခဲ့သည့်အမှုများကြောင့်အိပ်နေစဉ် အိပ်မက်ဆိုးမှုနီးတတ်ခဲ့ပါသည်။ ထိုသို့နိုးလာပြီးနောက်တွင် သူမကို ရိုက်နှက်တတ်ပါသည်။

တစ်ခုသော ညတွင်၊ ထိုစစ်ပြန်ကြီးသည် ကျွန်မသူငယ်ချင်းကို သေအောင်ဓါးနှင့်ထိုးသတ်ရာ၊ သူမမိခင်ကို ဒဏ်ရာရခဲ့ပါသည်။

ကျွန်မတဲအနီးတွင် ချွန်ရိုယန်ဆိုသူအမျိုးသမီးတစ်ဦးရှိပါသည်။ သူမသည် တစ်ကြိမ်လျှင် တစ်ယောက်နှုန်းဖြင့် သူမ၏သားသမီးသုံးယောက် အစာငတ်သေပုံကိုစောင့်ကြည့်နေလေ၏။ မောင်ခိုဈေးကွက်တွင် အစားအစာနှင့်ဆေးဝါးရအောင် ကုန်ဖလှယ်မည့် သူမ ပိုင်ရွှေပိုးသားထည်၊ ရေမွှေးတို့က ကလေးများ၏အသက်ကို ကယ်တင်ရန် မတတ်နိုင်ခဲ့ပေ။ ခမာနီစစ်ပြန်များနှင့် ကျေးရွာခေါင်း[...]ဘင်တို့က မောင်ခိုဈေးကို ထိန်းချုပ်ခဲ့ပါသည်။ ချွန်ရိုယန်က ဖန်စီပစ္စည်းများကိုသာကုတ်ကပ် ရောင်းဝယ်ရသော်လည်း။ သူတို့က ဆန်ကို ရောင်းဝယ် ကုန်သွယ်ကြပါသည်။ ခမာနီတို့က အဂတိလိုက်စားမှုအတွက် အမိပွာယ်သစ်ဖွင့်ဆိုခဲ့ကြပါသည်။

မိန်းမ စစ်သားများကတော့ ကျွန်မ၏ ဝင်းလက်သော အသားအရေနှင့် မိန်းမပီသပုံကို မနာလိုကြပါ။ သူတို့သည် ညဝတ်အင်္ကျီအကောင်းစားများ။ ပိုးသားလည်စည်းများ။ လက်ဝတ်ရတနာများ။ ဖိနပ်အသစ်များနှင့် ရေမွှေးတို့ဖြင့် ဇိမ်ခံနိုင်သည့်တိုင်၊ သူတို့တွင်ရှိတာထက် ကျွန်မတွင်ရှိသည်ကပိုကောင်းသယောင်ဖြင့် ကျွန်မကိုစိုက်ငေးကြည့်ခဲ့ကြပါသည်။ ကျွန်မသည် ကျွန်မ၏ စုတ်ပြတ်သတ်နေသည့် အဝတ်များကြောင့်ကြောက်လန့် ရှက်ရွံ့ပုံပေါက်အောင်ကြိုးပမ်းရသော်လည်း ဂုဏ်ယူနေသည့် ကျွန်မမျက်ဝန်းအစုံကို ဖုံးဖိရခက်လှပါသည်။

၁၉၇၉ ခု၊ ဇန်နဝါရီလတွင် ခရိုင်အစည်းအဝေးတက်ရန် ကျွန်မကိုခေါ်ပါသည်။ "စပါးပင်များကြားပေါက်နေသော ဂျုံပင်များကို "ဖယ်ရှားရန်အချိန်ကျပြီဟု ခရိုင်ခေါင်းဆောင်က ကျွန်မတို့ကိုပြောပါသည်။ မြို့နေလူထုကဂျုံပင်ဖြစ်ပါသည်။ မြို့နေလူထုကို ဖယ်ထုတ် ရှင်းပစ်ရန်ဖြစ်ပါသည်။ နှစ်ပတ်တာကာလအကြာတွင်၊ ဗီယက်နမ်တို့ကျူးကျော်ခြင်းက ကျွန်မအသက်ကို ကယ်ရာရောက်ခဲ့သည်။

ဗီယက်နမ်တို့ ကျူးကျော်ဝင်ရောက်ချိန်တွင် ကျွန်မငိုနေရပါသည်။ ကျွန်မအသက်ကို ကယ်တင်လိုက်ပြီဆိုသည့် ပျော်ရွှင်မှုဖြင့် ကျွန်မငိုနေခဲ့ရပါသည်။ ကျွန်မတိုင်းပြည်ကို ရာစုနှစ်များစွာကရန်သူတော်ဟောင်းကြီးက တစ်ဖန်ပြန်ကျူးကျော်ပြန်ပြီဆိုသည့် ဝမ်းနည်းကြေကွဲမှုဖြင့် ကျွန်မငိုနေခဲ့ရပြန်ပါသည်။ ကာလကြာကြာ ကျွန်မ မပိုင်ဆိုင်ရမည့်မြေဆိုသည့်အသိဖြင့် ကမ္ဘောဒီးယားမြေပေါ်တွင် ကျွန်မ မတ်တပ်ရပ်လိုက်ပါသည်။ လွတ်မြောက်မှုကို ကျွန်မလိုအပ်ပါသည်။ လွတ်လပ်သော လောကကြီးဆီ လွတ်မြောက်သွားရန်

ဖြစ်ခဲ့ပါသည်။

ကျွန်မသည် ကျွန်မ၏ မိသားစုနှင့်အတူတိုင်းပြည်၏အချက် အခြာဒေသ



www.burmeseclassic.com

www.burmeseclassic.com

သည် ထိုင်းနယ်စပ်သို့ ခရီးထွက်ခဲ့ပါသည်။ လေးနှစ်အတွင်းမှာ ဖြစ်ပျက်ခဲ့ရသည့်ကျွန်မတတိုင်းပြည်၏ အပျက်အစီးများသည် သက်သေခံဖြစ်ရလောက်အောင် ဖွတ်ဖွတ်ညက်ညက်ကြေနေပါသည်။ ဗုဒ္ဓဘာသာဝင်ကျောင်းတော်များကို အကျဉ်းထောင်များအဖြစ် ပြောင်းလဲခဲ့ပါသည်။ ဗုဒ္ဓရုပ်ပွားတော်များနှင့် အနုပညာလက်ရာ များကို လက်သရမ်း ဖျက်ဆီးခဲ့ကြပါသည်။ စာသင်ကျောင်းများကိုလည်း ခမာနီတို့၏ ဌာနချုပ်များအဖြစ် ပြောင်းလဲပစ်ခဲ့ကြပါသည်။

ထိုဒေသများတွင် ပြည်သူလူထုကို စစ်ကြော မေးမြန်းခဲ့ကြပါသည်။ ညှဉ်းပန်းနှိပ်စက်ခဲ့ကြပါသည်။ သတ်ဖြတ်ခဲ့ကြပါသည်။ မြှုပ်နှံခဲ့ကြပါသည်။ ကျောင်းပရိဂုဏ်များကိုလည်း သူသတ်ကုန်းများအဖြစ် ပြောင်းလဲပစ်လိုက်ကြပါသည်။ ဈေးဟောင်းနေရာကတော့ ဘာမျှမရှိတော့ပေ။ စာအုပ်စာတမ်းများကိုလည်း မီးတင်ရှို့ပစ်လိုက်ကြပါသည်။ စက်ရုံများလည်း သံချေးတက်ကုန်တော့သည်။ စိုက်ခင်းပျိုးခင်းများလည်း စောင့်ရှောက်သူမဲ့ကာ သီးပွင့်မှုကင်းမဲ့ကုန်ကြလေပြီ။

ဤအပျက်အစီးများကို လူသားအခြေအနေများဖြင့် နှိုင်းယှဉ်သင့်လှပေသည်။ အဝေးပြေးလမ်းတစ်လမ်းချင်းစီပေါ်တွင်လည်း ဒုက္ခသည်များဖြင့် ပြည့်နက်နေပါသည်။ ကျွန်မတို့သည် ကျွန်မတို့ ပိုင်ဆိုင်သည့် တိုင်းပြည်၏ ဒုက္ခသည်များသာဖြစ်တော့သည်။ ပိန်ခြောက်ခြောက်ခန္ဓာကိုယ်များ၊ ရောင်အမ်း ဖောသွပ်နေသော ဝမ်းဗိုက်၊ မျက်လုံးဟောက်ပက်တို့ဖြင့် ကျွန်မတို့သည် မဖြစ်စလောက် ဝန်စည်စလယ်များကို သယ်ပိုးကာ၊ ကွဲကွာခဲ့ရသော မိသားစုဝင်များကို မျှော်လင့်ခဲ့ကြရပါသည်။ အသက်ရှင်နေသူကို ကျွန်မတို့ မေးမြန်းစုံစမ်းခဲ့ကြပြီး သေသွားသူများကိုတော့ ပြောပြမနေချင်ကြတော့ပါ။

ကျွန်မတို့၏ ထိတ်လန့်ဖွယ်ရာ အကြောင်းအရာများကို မျှဝေပြောပြရန် စုဝေးခဲ့ကြပါသည်။ ရေတွင်းနက်ရောက်နက်ထဲတွန်းချခံခဲ့ရ၍ အသက်ရှုကျပ် သေဆုံးကြသော အကြောင်းအရာများ ဖြစ်ပါသည်။

ဒေသတွင်း အုတ်ဖုတ်မီးဖိုထဲတွင် လူများစွာကို အရှင်လတ်လတ်မီး ဖုတ်သတ်ခဲ့ကြပါသည်။

ယောကျ်ား တစ်ယောက်၏ အသည်းကို အရှင်လတ်လတ် လှီးဖြတ်ယူကာ ထိုသူ့မိန်းမအား ချက်ပြုတ်ခိုင်းခဲ့ပါသည်။ မိန်းမများကိုလည်း မကွပ်မျက်မီ အဓမ္မပြု ကျင့်ခဲ့ကြသေးသည်။

အဖိုးအိုတစ်ဦးကဆိုလျှင်. . .

"ငါတို့အဖြစ် တွေကိုရေးဖို့ဆိုရင် မင်းဟာမြစ်တစ်စင်း လောက်ကုန်မယ်" ဟု ဆိုခဲ့ပါသည်။

၁၉၇၉ ခုနှစ် ဧပြီလတွင်၊ ဗုဒ္ဓဘာသာဝင်တို့၏ နှစ်သစ်ကူးချိန်လည်း ဖြစ်၊ ခမာနီတို့ အာဏာရယူခဲ့သည့် လေးနှစ်ကာလလည်း တင်းတင်းပြည့်ခဲ့ချိန်တွင်၊ ကျွန်မသည် လူသေအလောင်းလိုက်သည့် အဖွဲ့တစ်ဖွဲ့နှင့် သွားပေါင်းခဲ့ပါသည်။ ထိုအဖွဲ့သည် ကျွန်မတို့အဖြစ်အပျက်များကို ဖော်ကျူးသည့် ရိုးရာသီချင်းများကို လက်ခုပ်တီး သီဆို၍ လွတ်လပ်စွာ ကခုန်ကြသော အဖွဲ့ဖြစ်ပါသည်။ လထိန်ထိန်သာသည့်အောက်တွင် ကျွန်မတို့သည် မီးပုံပွဲ ပတ်လည်၌ ကခုန်ခဲ့ကြပါသည်။ ကျွန်မတို့အသက်များကို ကယ်တင်ခဲ့သည့် ဖြစ်ရပ်ဆန်းများကို ချီးကျူးဂုဏ်ပြုနေကြခြင်းဖြစ်ပါသည်။ ထိုအခိုက် အတန့်တွင်၊ ကျွန်မ၏ စိတ်ဝိညာဉ်အစဉ်သည် ကျွန်မ၏အားနည်းလှသည့် ခန္ဓာကိုယ်ထဲပြန်ရောက်လာသည် ဟုခံစားသိရှိလိုက်ပါသည်။ တစ်ခါဖြင့် ကျွန်မ လူသားဖြစ် တည်ခဲ့ပြန်ပါသည်။

♦ ကမ္ဘောဒီးယားသူ TEEDA BUTT MAM ရေးသည့် WORMS FROM OUR SKIN အမည်ရှိ ကမ္ဘောဒီးယား ကိုယ်တွေ့နှုတ် ပြောသမိုင်း အက်ဆေးကို ဘာသာ ပြန်ဆိုပါသည်။

မာန်သစ်နိုး

○ ○ ○




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




My Life as a Black Man
By. Jesse Owens, with Paul G.Neimark.

My Life as a Black Man
" ရွှေရောင်လွှမ်းတဲ့ မဟူရာတစ်ပွင့် "

ကမ္ဘာ့ထိပ်တန်း ထင်ရှားကျော်ကြားခဲ့သည့် "အိုလံပစ်အားကစားသမား" "လူမည်း" တစ်ဦး၏ရင်ဖွင့်တေးသံ သွဘာဝဖြစ်ရပ်မှန်။

မျိုးရိုးဗီဇစွဲအမုန်းများ။ တိုက်ခိုက်ခံရမှုများနှင့် ရင်နင့်ဖွယ်ခါးသီးမှုများကို၊ နှားလည် ခွင့်လွှတ်သီးခံရယူကာ . . . ဘဝနာကျည်းမှုများကို၊ ဇွဲနဘဲကြီးစွာဖြတ်ကျော်ရင်း . . . ရုန်းကန်ရင်ဆိုင်ခဲ့ရသည့် . . . "နီးဂရိုး" လူငယ်တစ်ဦး၏ ဘဝသရုပ်ဖော် ကမ္ဘာ့ကျော်ဇာတ်လမ်းတစ်ပုဒ်။

(သို့မဟုတ်)

" ရွှေရောင်လွှမ်းတဲ့ မဟူရာတစ်ပွင့် "
(My Life as a black man)
နန်းထိုက်စိုး နိုင်ငံခြားဘာသာသိပ္ပံ၊



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

မဟူရာလူမည်းကလေးကျွန်တော်

ကျွန်တော်အသက် "ခုနစ်" နှစ်အရွယ်အထိ ကျွန်တော့်ကို မည်သူကမျှ . . . "နီးဂရိုး" ကပ္ပလီလူမည်းကလေးဟု၊ မခေါ်ခဲ့ကြပါ။ အကြောင်းရင်းမှာ ကမ္ဘာစစ်ကြီးအတွင်း "အလာဟားဘား" ပြည်နယ် "အုတ်ဗီးလ်မြို့"လေးတွင်၊ ကြီးပြင်းခဲ့ရသောကြောင့် ဖြစ်သည်။

ကျွန်တော့်လို စပေါင်းသီးနှံခြံစိုက် အလုပ်သမားတစ်ဦး၏ ကလေး။ "လူမည်း ကပ္ပလီကျွန်များ၏ မြေးမြစ်တစ်ယောက်ကို မည်သူကမျှလည်း ဂရုစိုက်သတိထားမိကြမည် မဟုတ်ချေ။ ကျွန်တော်ကလည်း ယုတ်စွအဆုံး အမှန်အားဖြင့်ဆိုရလျှင်၊ ထိုအချိန်အထိ အသက်ရှင်သည့်မည်သည့် "လူဖြူ" တစ်ဦး တစ်ယောက်ကိုမျှ တစ်ကြိမ်တစ်ခါဖူးမျှပင် မမြင်မတွေ့ခဲ့ရဖူးသေးပါ။

ယင်းတို့အနက် "ဂျွန်ကင်နွန်" သည်လည်း ကျွန်တော်တို့၏ဘဝထဲ၌ အဓိကကျသော ပုဂ္ဂိုလ်လူဖြူတစ်ဦးဖြစ်ခဲ့သည်။ သူက တောင်ကုန်းထိပ်ပေါ်ရှိ ဈေးမ အိမ်ကြီးတစ်လုံးတွင်နေထိုင်ပြီး၊ သူ့အတွက်ဝါ ဂွမ်းချည်မျှင် ဧက ၂၅၀ ရှိသော ခြံမြေကို၊ စိုက်ပျိုးရိတ်သိမ်းပေးရသည့် စပေါင်းသီးနှံခြံစိုက် အလုပ်သမား‥ နီးဂရိုးမိသားစု "ရှစ်"ခု၊ သူ့မှာရှိသည်။

ကျွန်တော့်ဖခင် "ဟင်နရီအိုဝင်" က မြေဧက ၅၀ ရှိသော အကျယ်ဆုံးခြံမြေကို စိုက်ပျိုးလုပ်ကိုင်ခဲ့ရသည်။ အကြောင်းကတော့ ထိုခြံမြေများကို လုပ်ကိုင်ရန်၊ သူ့မှာ သားယောက်ျားလေးဦး မားမားမတ်မတ်ရှိခဲ့၍ဖြစ်သည်။

သို့သော် . . . ကျွန်တော်ကတော့ သူ့ကိုဘာမှ မကူညီနိုင်ခဲ့ပါ။ အကြောင်းမှာ၊ ထိုဆောင်းရာသီ ရောက်လာတိုင်း ကျွန်တော် "နျူမိုးနီးယား" ဝင်ပြီး အဆုပ်အအေး ပတ်ကာ၊ အလွန်မကျန်းမမာ ဖြစ်နေ၍ပဲ ဖြစ်ပါသည်။

ထိုဆောင်းရာသီ ‥ နှစ်ရာသီ၌ ကျွန်တော့်ဖခင်သည် ကျွန်တော်တို့၏ သစ်သားအိမ်ငယ်လေးထဲတွင်၊ မီးဖိုရန် ထင်းလုံလုံလောက်လောက် မရှာဖွေထားနိုင်သောကြောင့်၊ ကျွန်တော် နောက်ထပ်ပြီး ဘယ်တော့မှ ဆောင်းရာသီကို မြင်တွေ့ရတော့မည် မဟုတ်ဟု ထင်ရလောက်အောင် သေလုနီးပါး ဖြစ်ခဲ့ရသည်။

သို့သော် ကျွန်တော့် မိခင်က ဝမ်းနည်းနည်းနှင့် အတတ်နိုင်ဆုံး အမြဲကြိုးစားခဲ့ပြီး၊ ကျွန်တော့်ကို သေမင်း လက်ထဲမှ ဆွဲထုတ်ကယ်တင်နိုင်ခဲ့သည်။ ကျွန်တော် ‥ တစ်ဖန်ပြန်လည် နေမကောင်းလာသောအခါ၊ အမေက ကျွန်တော့် အဖေနံဘေး၌ ချဉ်းကပ်ထိုင်ပြီးအဖေ့ကို "မြောက်ပိုင်း"သို့ သွားရောက်ရန်၊ သွေးဆောင်တိုက်တွန်းခဲ့လေသည်။

"ဟင်နရီ‥ ကျွန်မတို့ တစ်ခုခု မလုပ်နိုင်ကြရင်တော့ ဒီကလေး "ဂျေစီ" လေးတော့ သေတော့မည်။" အမေက အဖေ့ကို အသနားခံခဲ့သည်။ ဂျေစီသည် ကျွန်တော့် နာမည်အတိုကောက်ဖြစ်သည်။ ကျွန်တော့်နာမည်ရင်းက "ဂျိမ်းကလိဗ်လင်း"ဖြစ်သည်။

သို့သော်လူတွေက ကျွန်တော့်ကို "ဂျေစီ" သို့မဟုတ် "ဂျက်စီ" ဟုသာ အဖျားဆွတ် ခေါ်ခဲ့ကြသည်။

ကျွန်တော့် ဖခင်က ကျွန်တော့် မိခင်၏ အတွေးအခေါ်ကို လက်မခံခဲ့ပါ။ သူကထိုအယူအဆကို ပြောင်းလဲနိုင်ရန်အတွက်၊ အသက်သိပ်ကြီးလွန်းနေပြီဟု ခံယူထားခဲ့သည်။

ပြီးနောက် ဆင်းရဲနွမ်းပါးသော သိမ်ငယ်မှုကြောင့် စိတ်အားငယ်ရသည်ထက်၊ မသိနားမလည်သော ကြောက်ရွံ့စိတ်များက သူ့ကိုလွှမ်းမိုးထားသည်။

သို့သော်လည်း၊ နောက်တစ်ကြိမ် ကျွန်တော် ထပ်၍ ဖျားပြန်သည်။ ဤတစ်ကြိမ်တွင် ကျွန်တော်အဆုပ်အအေးမိပြီး၊ တစ်ချိန်လုံးအ ဖျားသွေးတတ်ကာ သတိလစ်မေ့မျောလုမတတ် ဖြစ်နေခဲ့သည်။

ထိုအချိန်တွင် ကျွန်တော့်၏ ဖခင်က အမြဲစောင့်ရှောက်ကူညီကာ ညီအစ်ကိုတစ်ဦးကဲ့သို့ ချစ်ခင်ကြင်နာခဲ့သည့် အိမ်နီးနားချင်း စိုက်ပျိုးသီးနှံအလုပ်သမားကြီး တစ်ဦးမှာ ‥ သူ့ကိုယ်သူသတ်သေသွားသည်။

နောက်ဆုံးတော့ ကျွန်တော် အသက်ရှစ်နှစ်အရွယ်။ ၁၉၂၁-ခု ‥ အထူးသဖြင့် ထိုနှစ်က ကျွန်တော့်တို့



www.burmeseclassic.com

www.burmeseclassic.com

အလွန်ကောင်းမွန်သည့် ဝါဂွမ်းချည်မျှင်သီးနှံတွေ၊ အပြည့်အဝရရှိခဲ့ကြသည်။

ပြီးနောက် • • ကင်နွန်၏ဂိုဒေါင်ထဲကို အပြည့်အလျှံ ထည့်သွင်းပေးနိုင်ခဲ့သည်။ ယင်းအတွက် တုံ့ပြန်လာသည့် အကျိုးဆက်က၊ ကျွန်တော်တို့မိသားစုအပေါ်သို့ ကင်နွန်၏ချုပ်ကိုင်မှုတွေက ပိုမိုတင်းကြပ်လာလေတော့သည်။ ကျွန်တော့် အထင်ပြောရလျှင် ထိုအတွက်ကြောင့် သူက ကျွန်တော်၏ဖခင်ကို တောင်ကုန်းပေါ်ရှိ သူ၏အိမ်ကြီးပေါ်သို့ လာနိုင်းခဲ့သည်ဟု ထင်ပါသည်။

ပြီးနောက် သူ၏လက်ထောက်တာဝန်ခံက ယခင်သတ်မှတ်ထားသော (၅၀း၅၀)အချိုး အစား၊ (၆၀း၄၀)သို့ ပြောင်းလဲ သတ်မှတ်ပေးခဲ့သည်။ ယင်းအချိုးမှာ ကနွန်၏ပြောင်းလဲ သတ်မှတ်ပေးသော အခွင့်အရေးဖြစ်သည်ဟုဆိုပါသည်။ မည်မျှရက်စက်လွန်းပါသနည်း။

ထို့ကြောင့် "ဟင်နရီအိုဝင်" အတွက် ၄၂ နှစ်လုံးလုံး ခေါင်းငုံ့သည်းခံ ငြိမ်သက်ခဲ့ရသည့် နာကျည်းမှုတွေက၊ နောက်ဆုံး၌ ရင်နင့်ပေါက်ကွဲခဲ့ရပါလေတော့၏။

"ဒါတော့ • • လုံးဝမသင့်လျော်ဘူးဗျာ"

ကျွန်တော့်ဖခင် ဟင်နရီနလုံးသားတွေ လောင်ကျွမ်းလေတော့သည်။

"ဘယ်လို။ မသင့်လျော်ဘူးဟုတ်လား။ မသင့်လျော်ရအောင် • • • ခင်ဗျားက ဘာတွေ ကောင်းအောင်လုပ်ပေးနိုင်မှာမို့လို့လဲ၊ ဆိုပါဦး"

ကင်နွန်၏ လက်ထောက်က အဖေ့ကို ခနဲ့ စကားဆိုလေသည်။

သူ၏ လူသားချင်းစာနာမှု မရှိသည့် ဝေါဟာရများက ကျွန်တော့်ဖခင်၏ လည်ချောင်းကို ရိုက်ပုတ်ခဲ့ရသလို ဆို့နင့်အက်ကွဲခဲ့ရလေသည်။ ဤတွင်နောက်တစ်ပတ် တနင်္ဂနွေ • • •

ဘုရားကျောင်းမှ ပြန်လာခဲ့ကြပြီးနောက်။ သူက ကျွန်တော့်တို့အားလုံးကို ကျွန်တော်တို့ "အုတ်ဗီးလ်"ကိုခွဲခွါပြီး "ကလီဗ်လင်း" သို့ သွားကြတော့မည်ဖြစ်ကြောင်း အတိအလင်း ရင်ဖွင့်ခဲ့သည်။

ကလီဗ်လင်းတွင် အဖေကနိုင်မြဲသော အလုပ်တစ်ခုကို ရှာမတွေ့နိုင်သေးချေ။ သို့သော် ကျွန်တော့် အစ်ကိုသုံးယောက်ကတော့၊ သံမဏိစက်ရုံများ၌၊ အလုပ်ကောင်းကောင်းလေးတွေ ရရှိခဲ့ကြလေသည်။ ကျွန်တော်တို့မိသားစုသည် အစာငတ်မွတ်မှုကြောင့် သေဆုံးရမည့်ဘေးနှင့် မကြုံရအောင် ကြိုးစားရုန်းကန်ခဲ့ ကြလေသည်။

ကျွန်တော့်၏ ကျန်းမာရေး အခြေအနေကလည်း ပို၍တိုးတက်ကောင်းမွန်လာသည်။

ထို့ကြောင့်မကြာမီ၊ ကျွန်တော် • • ကြားပေါက် အလုပ်ကလေးတွေ ကြုံကြားကြုံကြားပင်ဝင် လုပ်နိုင်ခဲ့လေသည်။ အကြောင်းကတော့ ကျွန်တော် အထက်တန်းကျောင်းသို့ တက်ရောက်ရချိန်တွင်၊ တစ်ခါတစ်ရံ ကျောင်းဝင့်ကြေးငွေလို၍ ဖြစ်သည်။

* * *

အခန်း(၂)

သောကြာနေ့မှုလေးနှစ်ခရီးဆီ

ကျွန်တော့်ဘဝမှာ • • "ချားလ်စ်ရီလေး" ဆိုသည့် လူသားတစ်ဦးသာ မပါလျှင် • • မည်သည့်နည်းနှင့်မျှ "ဂျက်စီအိုဝင်" ဆိုသော ပြည့်စုံသည့် "မဟာရာပန်းချီကားလေးတစ်ချပ်" ဖြစ်လာနိုင်မည်မဟုတ်ပါ။ သူသည် "ခန္ဓာဗေဒ-ပညာရေး" နည်းပြဆရာတစ်ဦးဖြစ်ပြီးလျှင်၊ ကျွန်တော် ရင်းရင်းနှီးနှီး သိခဲ့ရသည့် ကျွန်တော့် ဘဝ၏ ပထမဆုံး "လူဖြူ" လူသားတစ်ဦးဖြစ်သည်။

သူကကျွန်တော့်ကို ပဉ္စမတန်းတွင် ပြေးခုန်ပစ် အားကစားအသင်းထဲသို့ ဝင်မည်လား ဟုမေး၏။ ကျွန်တော် အံ့သြသွားသည်။

ယင်းမှာသူသည် ကျွန်တော့်ကို ပြေးခုန်ပစ် အားကစားချန်ပီယံတစ်ဦးဖြစ်နိုင်သည့် အရည်အချင်း စွမ်းအင်ကို မြင်တွေ့ရသောကြောင့် မဖြစ်နိုင်ပါ။ ကျွန်တော့်ခန္ဓာကိုယ်က နံရိုးအပြိုင်းပြိုင်းနှင့်၊ လူသေအလောင်းကောင် တစ်ဦး သာသာမျှသာရှိ၍ဖြစ်သည်။ ကျွန်တော့်၏ခြေထောက်များနှင့် ကျန်သည့် ကျွန်တော့်ကိုယ် • • ခန္ဓာအစိတ်အပိုင်းတွေက အလွန်ပိန်လှီးသေးငယ်လွန်းလှ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့ကြောင့် · · ကျွန်တော့် ပုံသဏ္ဍာန်က အာဟာရချို့ငဲ့နေသူ တစ်ဦး၏ ပုံသဏ္ဍာန်နှင့် တူနေတော့သည်။

"မဖြစ်နိုင်ပါဘူး၊ ကျွန်တော် · ·။ ကျောင်းပြီးရင် ကျွန်တော် အလုပ်လုပ်မယ်" ကျွန်တော်သူ့ကို ရင်ထဲရှိသည့်အတိုင်း ထုတ်ပြောလိုက်သည်။

"ကောင်းပြီလေ၊ ဂျက်စီဒါဆို · · · ကျောင်းမပြီးခင်ကော၊ မင်းဘယ်လိုစိတ်ကူးထားလဲ။ နောင်ရေး · · ·၊ မင်းဘာလုပ်မလဲ"

သူ့စကားတွေက ကျွန်တော့်ချောက် အိမ်မက်တွေကို တပ်လှန့်လိုက်ပါသည်။

ထို့ကြောင့်။ မနက်တိုင်း။ ကျောင်းတက် ခေါင်းလောင်း စတင်မထိုးမီ · · ၄၅-မိနစ်တွင်း ၌ · · ရက်ကြောက်တတ်ပြီး၊ စာကြည့်မျက်မှန် လေးတပ်ထားတတ်သည့် ကျောင်းဆရာလေးနှင့် ကျောင်းနံဘေး၊ လှည်းသွားလမ်းဘေးပေါ်မှာ တွေ့ဆုံခဲ့ကြပြီး၊ သူနှင့်ကျွန်တော်၊ လေ့ကျင့်ခန်း တွေလုပ်ခဲ့ကြသည်။ သူက ကျွန်တော့်အတွက် စားသောက်စရာတစ်ခုခု အမြဲယူလာပေးတတ်သည်။

ပြီးနောက်၊ ကျွန်တော်တို့ ရင်းနှီးပွင့်လင်းစွာ စကားတွေပြောကြသည်။

"ဟော့ · · ဒီမှာတွေ့လား။ မင်းအရိုးတွေ ဖုံးသွားအောင်လို့၊ ငါစပါယ်ရှယ်အသားတွေ ထည့်ယူလာတယ်"

သူကကျွန်တော့်ကို အဖေတစ်ဦးကဲ့သို့ ပြုစုစောင့်ရှောက်ခဲ့ပါသည်။

"ချားလ်စ်ရီလေး"သည် ကျွန်တော့်အပေါ်မှာ ပြေးခုန်ပစ်အားကစား အောင်မြင်ကျော်ကြားမှုအတွက် · · · ပထမခြေလှမ်းသစ် တစ်ခုတည်းကိုသာမက၊ "လူမည်းအတွေးအခေါ်" အားနည်းသိမ်ငယ်မှုများမှပါ၊ ကယ်တင်ဆယ်မပေးခဲ့သူဖြစ်ပါသည်။

ယနေ့ လူမည်းများ တရားသေဆုပ်ကိုင်ထားကြသည့် လူဖြူမုန်းတီးရေးဝါဒများ၏ တစ်ဖက်စွန်းကျမှုများ။ ဟိုဘက်သည်ဘက် သံသယတွေအားလုံးကို "အသိတရားနှင့် ချစ်ခြင်းမေတ္တာတရား" တို့က ခြားနားသည့် မျိုးရိုးဇီဇနစ်ခုကြား၌ အောင်မြင်စွာဖြတ်သန်းနိုင်သည်ဟု သူသင်ကြားပေးခဲ့သည်။

ထိုအချိန်မှစ၍ · · ကျွန်တော်တို့သည်၊ "လူဖြူလူမည်း" ခွဲခြားသည့် ပြဿနာအကြောင်းများကို ဘယ်တော့မှ မပြောနိုင်တော့ပါ။ ပြောစရာအကြောင်းလည်း၊ မရှိကြတော့ပါ။ ထိုအကြောင်းကိုသူက ဥပမာတစ်ခုနှင့် ရှင်းလင်း သွန်ပြခဲ့သည်။ သူ၏ ထိုဥပမာကို ကျွန်တော် တစ်သက်ဘယ်တော့မှ မမေ့နိုင်တော့မည် မထင်တော့ပါ။ လူလူချင်း အသားရောင်ခွဲခြားမှုမရှိဟု ကြွေးကြော်နေသော "တရုတ်နိုင်ငံ" ကို၊ ဒီကလူမည်းတွေးခေါ်ရှင်များက ကန့်ကွက်ရှုတ်ချမည်ဆိုလျှင်။ ၎င်းလူမည်း အတွေးအခေါ် ခေတ်ကြိုနီဂရိုးများ · ·၊ လူဖြူဆန့်ကျင်ရေး အယူသည်းမှုများနှင့်

ယနေ့ပြင်းထန်သော် အယူဝါဒ စွဲမှု[...] တို့က "ငွါန်ကင်နွန်"၏ လူဖြူအတွေး[...] အခေါ်နှင့်. ဘာမှသိပ်မထူးတော့ဟု[...] ချားလ်စ်ကဆိုသည်။

လပေါင်း အတော်ကြာခဲ့ပြီးနောက်[...] ကျွန်တော့် ခြေထောက်များက ကောင်[...] ရိုးမျှင်များ အတိုင်းသာရှိနေသေးတော့[...] သည်။ ကျွန်တော် ဆက်လက်မကြိုး[...] စားချင်တော့၊ စွန့်လွှတ်ချင်လှပြီ။

"မစ္စတာ · · ·ရီလေး။ ကျွန်တော်[...] တော့ ဒီနှစ်၊ ဒီအသင်းမှာဘယ်လို[...] ပါဝင်နိုင်တော့မှာ ပါဝင်နိုင်တော့မှာ[...] မဟုတ်ပါဘူး။"

ကျွန်တော်က စိတ်ညှိုးနွမ်းလွန်းစွာ[...] ပြောလိုက်သည်။

"ဟ၊ · · မင်းကိုဘယ်သူက၊ ဒီနှစ်[...] ဒီအသင်းကိုဖွဲ့စည်းဖို့ ကြိုးစားနေတယ်[...] လို့ ပြောလို့လဲ။ မင်း · · သောကြာနေ့[...] ကစပြီး။ လေးနှစ်လုံးလုံး လေ့ကျင့်[...] နေရမယ်ကွ၊ ဂျက်စီ · · ရဲ့ သိလား"

ရီလေးက ကျွန်တော့်ကို ပြန်ပြော[...] ကြားခဲ့သည်။

ထိုနေ့ကစပြီး၊ ကျွန်တော့်ကို[...] ဘယ်သူမှ အတင်းအကြပ်မခိုင်းဘဲ[...] ညဘက်အထိ ကျွန်တော်ပြောင်းပြီး[...] လေ့ကျင့်ခဲ့သည်။ကျွန်တော်က "အပြေး[...]" လေ့ကျင့်ရတာ ပိုပြီးပျော်သည်။ အပြေး[...] လေ့ကျင့်ခြင်းဖြင့်၊ ကျွန်တော့်ခန္ဓာကိုယ်[...] အကြောများ ပြေလျော့လာခဲ့သည်။ ထိုအချိန်မှာပင် ကျွန်တော်သည် "အရှေ့ပိုင်း စက်မှုအထက်ကျောင်း" သို့ရောက်ရှိလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့် "အပြေး" လေ့ကျင့်မှုက လည်း တဖြည်းဖြည်းနှင့် "ကိုက်-၁၀၀ အမြန်ပြေးပွဲ" ၌ "အမျိုးသား အထက်တန်းကျောင်းစံချိန်" သို့ နီးကပ်ရောက်ရှိလာခဲ့၏။

ထို့နောက်တွင်တော့ . . ၁၉၃၃-ခု၊ နေ့တစ်နေ့၌။ ကျွန်တော်သည် ထိုအကြာအဝေးပြေးပွဲတွင် "ကမ္ဘာ့စံချိန်" ညွှန်း (၉ . ၄)စက္ကန့်ကို၊ အောင်မြင်စွာ စိုက်ထူလိုက်နိုင်ခဲ့ပါတော့သည်။

တစ်ကမ္ဘာလုံး၏ တံခါးပေါက်တွေ၊ ကျွန်တော်အတွက် ပွင့်ထွက်လာကြသည်။

ချက်ချင်း ရုတ်တရက်ကြီး . . တစ်ကမ္ဘာလုံး၏ မျက်လုံးများနှင့် အာရုံတွေက ကျွန်တော့် ဆီကျရောက်လာပါတော့သည်။ သတင်းထောက်တွေက ကျွန်တော့်ကို အင်တာဗျူးချင် နေကြသည်။ နံ့ချင်းညချင်း ကျွန်တော်ကျော်ကြားလာသည်။ ကောလိပ်ကျောင်းတွေကလည်း စတင်ပြီး။ မှတ်တမ်းများ ရေးသားလာကြသည်။ ကျွန်တော့်ထံ လူတွေတသဲသဲ ရောက်ရှိလာကြသည်။ နည်းမျိုးစုံနှင့်စကား တွေ ကမ်းလှမ်းလာခဲ့ကြသည်။ ကျူရှင် ကျောင်းတွေက "အခမဲ့" လာခဲ့ကြသည်။ ပြီးနောက် ကျွန်တော်. . . ဝိုမ်ခံကားသစ်ကြီးတစ်စီးနှင့် ခြောက်ခန်းတွဲ တိုက်ခန်းတစ်ခန်းကို ပိုင်ဆိုင်ခဲ့ရသည်။

စင်စစ်၊ ကျွန်တော်က . .

"ဟင့်အင်း၊" လို့ငြင်းရမှာကို ရှုံ့နေသည်။

သို့သော် . . .ကျွန်တော်က ထိုကမ်းလှမ်းချက်တွေကိုတော့ ရွေးချယ်လက်ခံလိုက်သည်။ ပြီးနောက်ကျွန်တော်က . . အမေရိကန်တွေ၏ "စိတ်ကူးအိမ်မက်" တွေကို ယုံကြည်စွာနှင့် ခံစားကြည့်ချင်နေသည်။ ကျွန်တော် စိတ်ကူးကိစ္စတွေယဉ်ပြီး ပြုံးပျော်နေသည်။

သို့သော်။ တကယ်တော့ ထိုမြင်ကွင်းက ကျွန်တော့်ကိုတစ်စိတ်တစ်ပိုင်းရင်နင့်မျက် ရည်ဝေစေခဲ့၏။ ကျွန်တော် ကမ္ဘာစိမ်းတစ်ခုထဲသို့ ရွှေ့ပြောင်းသွားရမည်ကိုစိတ်ထဲက ထိတ်လန့်ကြောက်ရွံ့နေသည်။ထိုကမ္ဘာသစ်သည် ကျွန်တော် မီလျံနာ သူဌေးတစ်ဦးကဲ့သို့ နေထိုင်ရမည့် နေရာတစ်ခုပဲဖြစ်သည် မဟုတ်ပါလား။ ထိုအချိန်တွင် ကျွန်တော့် အဖေက အစာငတ်မွတ် ဆင်းရဲမှုဒဏ်တွေပိပြီး၊ အလူးအလဲဒုက္ခခံနေရသည်။ သိပ်မကြာသေးခင်ကပင် သူသည် အလုပ်တစ်ခုမှ ရပ်စဲခံခဲ့ရသည်။ ထိုအလုပ်ကလည်း . . ပေါင် ၁၀၀-အလေးချိန်ရှိသော ကုန်သေတ္တာကြီးတွေကို ထမ်းပိုးသယ်ဆောင် ပေးရသည့် အလုပ်ဖြစ်ပြီး။ လခကလည်း သူ့အတွက်ရက်သတ္တတစ်ပတ်လုံးလုံး။ နာရီ ၆၀-လုပ်မှ ၁၂-ဒေါ်လာ ကလေးရရှိသည်။

ကျွန်တော့်ရင်ထဲမှာ ကြေကွဲမှုအပိုင်းအစလေးတွေ၊ လွင့်စင်ကွဲထွက်ကုန်သည်။ နောက်ဆုံးတွင်၊ ကျွန်တော် တတ်နိုင်သည့် တစ်ခုတည်းသော နည်းမှာ၊ အားလုံးကိုငြင်းဆိုလိုက်ခြင်းသာဖြစ်သည်။ပြီးနောက်၊ ကျွန်တော် ပြေး ခုန်ပစ်အားကစားအဖွဲ့ကိုလည်း စွန့်လွှတ်လိုက်ပါတော့သည်။

တစ်နေ့၊ ကျောင်းမှာ. . . ရီလေးက ကျွန်တော့်းဘေး၌ လာရပ်ပြီးပြောသည်။

"ဂျက်စီ. . . မင်းဘာတွေလုပ်မလဲ ဆိုတာ၊ ငါ . . အမြဲတမ်းရမယ့် အလုပ်တစ်ခုရှာပေးနိုင် ခဲ့မယ်ဆိုရင်၊ မင်းကောလိပ်ကို ဆက်တက်မှာလား။ ပြီးတော့ မင်းရဲ့အားကစားအသင်းမှာလည်း ပါဝင်မှာလား"

"ဒီမှာ. . မစ္စတာ ရီလေး။ နီဂရိုးတွေအတွက်၊ အမြဲတမ်းအလုပ်တစ်ခုရဖို့ဆိုတာ၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးဗျာ. ."

ကျွန်တော်က အပြုံးမဲ့မဲ့လေးနှင့် ပြန်ဖြေ လိုက်၏။

"ဒါပေမယ့်၊ တကယ်လို့ ဖြစ်နိုင်ခဲ့တယ် ဆိုရင်ကော. . ကွာ"

ထို့နောက်၊ ထိုရက်သတ္တပတ် အားလပ်ရက်တွင် . . . ချားလ်စ်ရီလေးသည် . . "အိုဟိုင်း အိုပြည်နယ် တက္ကသိုလ်" သို့ ကားမောင်းထွက်လာခဲ့ပြီး၊ "လယ်ရီဆနိုင်းဒါး" နှင့် တွေ့ဆုံစကား ပြောခဲ့သည်။ ဆနိုင်းဒါသည် ထိုပြည်နယ်တွင်၊ အတော်ဆုံး ပြေးခုန်ပစ်နည်းပြ သင်တန်းမှူး တစ်ဦးဖြစ်၏။ တနင်္ဂနွေနေ့ညတွင်၊ ရီလေး "စာနှစ်စောင်" နှင့်ပြန်ရောက်လာခဲ့သည်။ စာတစ်စောင်က ထိုတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

ရုံး၏ ဗွာနမှူးဆီမှဖြစ်သည်။ သူတို့က ကျွန်တော့်ကို သူတို့၏ ထိုတက္ကသိုလ်သို့ တက်စေချင်သည်။ ပြီးနောက်သူတို့က ကျွန်တော့်ကို၊ အလုပ်သုံးခုကမ်းလှမ်းလာကြသည်။ စားပွဲ ထိုးအလုပ်။ စာကြည့်တိုက်အလုပ်သမား။ ဓါတ်လှေကားစောင့်အလုပ်·· တို့ဖြစ်ကြသည်။ ယင်းတို့မှာ ကျွန်တော်၏ ကျူရှင်လခပေးနိုင်ရန်အတွက်ဖြစ်သည်။

ပြီးနောက်၊ ကျွန်တော့်မိသားစုကိုလည်း အိမ်ခြေရရလေးနှင့် ထောက်ပံ့နိုင်မည်ဖြစ်သည်။ ကျွန်တော်က အသက် ၁၇ နှစ်မှာပင်၊ ကျွန်တော့်ဘဝ "ငယ်ချစ်ဦး"ရည်းစားလေးနှင့်လက်ထပ်ထားခဲ့သည်။

နောက်·· တခြားစာတစ်စောင်က၊ ကျွန်တော့်ဖခင်အတွက်၊ အိုဟိုင်းအိုပြည်နယ်၌ အမြဲတမ်းအလုပ်တစ်ခု ခန့်ထားပေမည့် ကမ်းလှမ်းချက်ပင်ဖြစ်ပါတော့၏။ ကျွန်တော့်အရပ်က ချားလ်စ်ရီလေးထက် ငါးလက္မမြင့်နေသည်။ သို့သော်ကျွန်တော်က သူ့ကို ကျွန်တော့် လက်မောင်းနှစ်ဖက်ဖြင့် ပွေ့ဖက်လိုက်ပြီး၊ သူ့ကို ခပ်ကြမ်းကြမ်းနမ်းပစ်လိုက်သည်။

* * *

အခန်း(၃)

ကျွန်တော့်ဘဝရွှေတံဆိပ်များ

တက္ကသိုလ်က ကျွန်တော့် အတွက် ပန်းခင်းသည့်လမ်းတော့ မဟုတ်ခဲ့ပါ။ မချောမွေ့ခဲ့ပါ။ ဆူးခင်းသည့်လမ်းမှ ဘဝအတွေ့အကြုံများဖြင့် ဒဏ်ရာ ဒဏ်ချက်တွေ အမြောက်အမျှား ခါးသီးရင်း ဖြတ်သန်းခဲ့ရခြင်းဖြစ်သည်။

ကျွန်တော် · · · တခြားနီးဂရိုးပြေးခုန်ပစ် အားကစားသမားတွေနှင့် အတူ၊ နီဂရိုးတွေအားလုံးအတူစုပေါင်းနေထိုင်ကြရသည့် ခနော်ခနဲ့ အိမ်ကြီးတစ်လုံးထဲ၌၊ ကျွန်တော်တို့၏ အစားအစာတွေကို စားသောက်ကြရသည်။

တစ်ခါတစ်ရံ ပြေးခုန်ပစ် အားကစား တွေ့ဆုံပွဲအခမ်းအနားများသို့ သွားကြရသော ခရီးစဉ်များတွင် အမြဲတမ်းကျွန်တော်တို့၏အသင်းထဲမှ လူဖြူအားကစားအဖွဲ့ဝင်များကသာလျှင်၊ အရင်ဦးဆုံး စားသောက်ဆိုင်တွေထဲသို့ ဝင် ရောက်ခွင့်ရရှိကြသည်။ ကျန်သော ကျွန်တော် တို့လူမည်းအဖွဲ့ဝင်များက သူတို့ဝင်ခွင့်ပြုသည်ဆိုလျှင် နောက်မှ လိုက်ဝင်ရပြီး။ အကယ်၍ လူမည်းများကို ဝင်ခွင့်မပြုဟုဆိုပါက ကျွန်တော်တို့ တတွေကို၊ အစားအသောက်တွေ အပြင်သို့ သယ်ယူလာပေးကြပါသည်။

တစ်ခါတွင်။

ကျွန်တော်တို့ အဖြစ်အပျက်တွေကို မြင်သွားသည့် ညစာ တည်ခင်းကျွေးမွေးသော လူဖြူပုဂ္ဂိုလ် သူဌေးက အပြင်သို့ပြေးထွက်လာကာ ကျွန်တော်တို့ လက်ထဲမှ အစားအသောက် ပန်းကန်တွေကို၊ ရိုက်ပုတ် လွှင့်ပစ်လိုက်ပြီး စူးစူးဝါးဝါးနှင့် အော်ဟစ်လိုက်ပါတော့သည်။

"ဟော့·ငါ့ပိုက်ဆံတွေနဲ့ ဘယ်နီဂရိုးကိုမှ ကျွေးမွေးဖို့ ငါဖြုန်းတီးမပစ်ချင်ဘူးကွ"

ထိုကဲ့သို့၊ စိတ်ထဲမှာ အစိတ်စိတ်အပိုင်းပိုင်း နာကျင်စွာကြေကွဲခံစားရပြီးနောက် ထို အားကစားတွေ့ဆုံပွဲလေးမှာ ကျွန်တော့်စိတ်တွေကို ကျွန်တော် ထိန်းထားခဲ့သည်။ အကျိုးမရှိသည့် အရာအားလုံးနှင့် ဒေါသတွေကိုဖယ်ရှားလိုက်သည်။ ပြီးနောက်ကျွန်တော်၏ အတွင်းစိတ်ထဲမှ ထိတ်လန့်ကြောက်ရွံ့စိုးရိမ်နေမှုများက ကျွန်တော့်ကိုပြန်တိုက်ခိုက်နေသည်။ တစ်ခုခုကိုစမ်းသပ်ကြည့်ရှုရန်၊ စိမ်ခေါ် တိုက်ခိုက်နေသည်။

၁၉၃၆-ခုနှစ်၊ နွေရာသီတွင်၊ ကျွန်တော် သင်္ဘောကြီးတစ်စင်းနှင့် ဂျာမနီနိုင်ငံ"ကမ္ဘာ့အို လံပစ်အားကစားပွဲတော်" သို့ ခရီးထွက်လာခဲ့ရသည်။ ထိုစဉ်က ကျွန်တော်၏ တစ်စုံတည်းရှိသည့် ဝတ်စုံ၏ အိတ်ထဲတွင် · · · · ငွေ ၇·၄၀ဒေါ်လာ သာပါရှိခဲ့၏။ ကျွန်တော့်၏စိတ်ထဲတွင် ကြောက်ရွံ့ထိတ်လန့်မှုများ။ သိမ်ငယ်မှုတွေကတော့ ယခင်အ -ိုင်း ခံစားနေရကာ ထိုဝေဒနာများကို၊ ကျွန်တော်က စိတ်ကိုတည် ငြိမ်စွာ ဖြေလျှော့ထားပြီး ဟန့်တားထားသည်။

အိုလံပစ်ပွဲတော်ကို ယခင်ကလည်း နီးဂရိုးတွေသွားခဲ့ကြရသည်။ ပြီးနောက် ယခင်ကပင်အောင်မြင်မှုတွေ ရရှိခဲ့ကြသည်။ သို့သော်·· ကျွန်တော် ကိုယ့်ကိုယ်ကို၊ သည့်·· ထက်မက



www.burmeseclassic.com

www.burmeseclassic.com

အလွန့် · · အလွန်မျှော်လင့်ရည်မှန်းထားခဲ့သည်။

ထိုအချိန်တွင် · · အာဏာရှင် "အဒေါ့ဖ် ဟစ်တလာ" က ငြိမ်းချမ်းသာယာစွာ ပြောနေသည့် ကမ္ဘာကြီးကို ဖျက်ဆီးပစ်ရန်သူ၏နိုင်ငံကိုစစ်အင်အားတွေတိုးချဲ့ဖွံ့နေသည်။ တကယ်တော့ သူက · · သူ၏အာဏာရှင်ဘဝနှင့် လွတ်လွတ်လပ်လပ် အချုပ်အချယ်ကင်းမှုများကို စမ်းသပ်သည့်အနေဖြင့် "အိုလံပစ်အား ကစားပွဲတော်ကြီး"ကို လမ်းလွှဲပေးလိုက်ခြင်း ဖြစ်သည်။

ပြိုင်ပွဲ တစ်လျှောက်လုံးတွင်၊ ကျွန်တော်သည်"ဟစ်တလာ" ကိုယ်တိုင်နှင့် သူ၏ဒဏ္ဍာရီ အာဏာရှင် "အာရံနတ်သား" တို့၏ ဖိနှိပ်မှုတို့ကို အကြိတ်အနယ်ခံခဲ့ရသည်။ ကျွန်တော်က ပြိုင်ပွဲလေးခုပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတစ်ခုတွင် ဟစ်တလာက သူ၏ အကောင်းဆုံးပြေးခုန်ပစ် အားကစားသမား "လတ်ဇ်လွှမ်း"ကိုနံဘေးမှခြံရံပြီး တက်ရောက်လာခဲ့သည်။ သူကလတ်ဇ်လွှမ်းကို၊ ကျွန်တော့်အားတိုက်လှဲပစ်ရန် ဖိအားပေးနိုင်းစေခဲ့သည်။ ကျွန်တော်က "အလျားခုန်"တွင် ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည်။ ကျွန်တော်နှင့်ကပ်လျက်တွင် လတ်ဇ်လွှမ်းတစ်ဦးတည်းသာ ယှဉ်လိုက်နိုင်ခဲ့သည်။

အရည်အချင်းစစ် "အမြင့်ခုန်ပြိုင်ပွဲ" များကို အချိန်စောစော ကျင်းပခဲ့ကြသည်။ "ဘာလင်အားကစားရုံကြီး"ထဲမှာ၊ ကျင်းပခဲ့သည့် သြဂုတ်လ၏ နေ့တစ်နေ့၌ လတ်ဇ်လွှမ်းက ပထာမ အကြိုပွဲများတွင်၊ သူ၏ပထမဆုံးကြိုးစား ယှဉ်ပြိုင်မှုမှာ အိုလံပစ်စံချိန်ကို ချိုးနိုင်ခဲ့သည်။

ဒါဟာ · · ကျွန်တော့်ကို ပထာမ စိမ်ခေါ်စမ်းသပ်လိုက်ခြင်းလား · · ·။

ကျွန်တော် အလှည့်ရောက်လာသည့် အချိန်တွင်၊ ဟစ်တလာက သူ့ကုလားထိုင်ပေါ်မှ ထရပ်လိုက်ပြီး ရှေ့ကို လှမ်းထွက်လာသည်။ သူ့ ပုံသဏ္ဌာန်က ရှူးသွပ်ထိန့်လန့်နေဟန် · · ရွံမုန်းနေဟန်မြင်ရသည်။ ကျွန်တော့် ပထမကြိုးစားချက် "ဖေါင်း"ဖြစ်သွားခဲ့သည်။ ဒုတိယ ကျွန်တော်၏ကြိုးပမ်းမှုကလည်း သတ်မှတ်ချက်စံချိန် အရည်အချင်းမီအောင် မခုန်နိုင်ခဲ့ချေ။ နောက်ဆုံး တစ်ကြိမ်။ ကြိုးစားရန်သာ ကျန်တော့သည်။

ကြောက်ရွံ့ ထိတ်လန့်နေမှုက ကျွန်တော့် စိတ်ကို ရိုက်ခတ်နေသည်။ လတ်ဇ်လွှမ်းက နံဘေးနားတွင်ရပ်နေသည်။ သူက သူ့သူငယ်ချင်းတွေနှင့် ကြည်နူးစွာ စကားပြောနေသည်။ သူက အရပ်မြင့်မြင့် တောင့်တောင့်တင်းတင်း သဲရင့်ရောင်ဆံပင်တွေနှင့် နပျိုလန်းဆန်းနေသည်။ သူကတုန်လှုပ်မှုမရှိ သူ့ကိုယ်သူယုံ ကြည်စိတ်ချသည့် · · ဟစ်တလာ၏ အာရံနတ်သား တစ်ပါးဖြစ်သည်။

ကျွန်တော်ဖြည်းဖြည်း လျှောက်လာခဲ့သည်။ ကျွန်တော်တုန်လှုပ်ယိမ်းယိုင်နေသည်။ ကျွန်တော့်စိတ်က "အုတ်ဒီးသံပြီ" ကလေးဆီ တစ်ဖန်ပြန်ရောက် သွားခဲ့သည်။ ကျွန်တော်က နီးဂရိုးလူမည်း ကပ္ပလီလေးတစ်ဦးသာဖြစ်သည်။

ရုတ်တရက် ကျွန်တော့် လက်မောင်းတစ်ဖက်က ကင်းခဲနဲမာတောင့်သွားသလို ခံစားလိုက်ရသည်။

ကျွန်တော် ဖြတ်ခနဲပြန်လှည့်ပြီး၊ လတ်ဇ်၏ မိုးပြာရောင်မျက်လုံးတွေထဲသို့ စိုက်သွင်းလှမ်းကြည့်လိုက်သည်။

"ဟေ့ · မင်းဟာ ဒီထက်ပိုကောင်းအောင်မြင်တဲ့၊ အမြင့်ခုန်သမားတစ်ယောက်ပါ။ မင်းရဲ့ မခံချင်စိတ် · · ဒေါသတွေ ဘယ်ရောက်ကုန်ပြီလဲကွ ဟင်။ "ရစ်ချ်စကင်ဇလား ဟစ်တလာ"က ဘာလုပ်လိုက်လို့လဲ။ ဟေ့ ကြည့်၊ မင်း · · အောင်မြင်ရမယ်။ မင်း အရည်အချင်းတွေ ထုတ်ပြလိုက်"

လတ်ဇ်က၊ ကျွန်တော့်စိတ်တွေ သွေးပူ လာအောင်နှိုးဆွပေးလိုက်သည်။ ပြီးနောက်သူက ကျွန်တော့်ကို တည်ငြိမ်လာအောင်၊ ထိန်းပေးခဲ့သည်။ ပြီးနောက် သူကကျွန်တော့်ကို ခပ်တိုတိုအားစိုက်ပြေးပြီး၊ ခပ်ပြင်းပြင်းတန်းကို ခုန်ဖို့ အကြံပေးခဲ့သည်။ ကျွန်တော့်ရင်ထဲမှာ ကြောက်ရွံ့အားငယ်နေမှုတွေ လွင့်ထွက်သွားကာ၊ တိမ်တိုက်တစ်ခု လွင့်ထွက်သွားသလို ရှင်းသန့်သွားသည်။

ကျွန်တော်၏ နောက်ဆုံး အခွင့်အရေးနှင့် တတိယမြောက်ကြိုးပမ်းမှု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သတ်မှတ်စံချိန်ထက် တစ်လက်မပိုပြီး လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်စွာ ခုန်နိုင်ခဲ့သည်။

နောက် · ·ညများစွာ၌ လက်ဝ်နှင့်ကျွန်တော်· · ညဉ့်နက်အောင်ထိုင်ကြပြီး စိတ်အားထက်သန်စွာဖြင့်စကားတွေပြောခဲ့သည်။ ကျွန်တော်တို့၏ ဘဝများ၊ ကျွန်တော်တို့၏ ကမ္ဘာများ အကြောင်းတွေရင်ဖွင့်ခဲ့ကြ၏။ ကျွန်တော်တို့ နှစ်ဦး၏ ခင်မင်မှုတွေက အလွန်လှသည့် သီးသန့်ကမ္ဘာကလေး တစ်ခုဖြစ်သလို သူသည်ဟိုးအရင်ထဲက ကျွန်တော့် ဘဝထဲမှာ ရှိခဲ့ဖူးသော လူဖြူသူငယ်ချင်းတစ်ဦးကဲ့သို့ ကြည်နူးခဲ့ရသည်။

သို့သော်လည်း။ ကျွန်တော်တို့ နှစ်ဦးသည်၊ ကံစီမံရာအတိုင်း၊နောင်ကို၊ တစ်ဦးနှင့်တစ်ဦးဘယ်တော့မှ တွေ့နိုင်မည်မဟုတ်ပါ။ နောင်သောအခါ · · သူသည်ဒုတိယကမ္ဘာစစ်ကြီး အတွင်း၌ အသတ်ခံခဲ့ရရှာသည်။

ကျွန်တော်သည် ကျွန်တော်၏ ရည်မှန်းချက် "ရွှေတံဆိပ်လေးခု" "အနက်၊ "သုံးခု" ဆွတ်ခူးရရှိခဲ့သည်။ မီတာ ၁၀၀ မီတာ ၂၀၀ အပြေးပြိုင်ပွဲနှင့် အလံကိုင်ပြေးပွဲတို့မှာ ရရှိခဲ့သည်။ လက်ဝ်က ကျွန်တော့်အတွက်၊ ဂုဏ်ယူဝမ်းမြောက်စွာ ချီးကျူးခဲ့သည်။ အလျားခုန်ပြိုင်ပွဲတွင် ကျွန်တော်တို့ စိတ်အားတက်ကြွစွာနှင့် ယှဉ်ပြိုင်ခဲ့ကြသည်။ သို့သော်နောက်ဆုံး၌၊ ကျွန်တော်ကအနိုင်ရသွားခဲ့စဉ် · · · လတ်ဝ်က ကျွန်တော့်လက်များကို ဝမ်းသာအားရဆုပ် ကိုင်ထားသည်။ ဟစ်တလာက ကျွန်တော်တို့ နှစ်ဦးကို မျက်လုံးတွေဝင်းတောက်ပြီး လှမ်းကြည့်နေသည်။

လတ်ဝ်က၊ ကျွန်တော့် လက်တစ်ဖက်ကို ဆွဲမြှောက်လိုက်ပြီး၊ အသံနက်ကြီးဖြင့် ပရိသတ်တွေကို ကြုံးအော်လိုက်သည်။

"ဂျက် · ·စီ အို · ·ဝင် · ·ကွ။

ဂျက် · ·စီ အို · ·ဝင်း · ·ဟေ့"

အားကစားရုံကြီးတစ်ခုလုံး၊ လွင့်မြောက် ဆူညံသွားပါတော့သည်၊

"ဂျက် စီ အို ဝင် · · ·

ဂျက်စီအိုဝင် · · ·"

ကျွန်တော်ဝမ်းသာလွန်း၍ ဆံပင်တွေပင် မိုးပေါ်ထောင်နေသလားဟု ထင်ရသည်။ လတ်ဝ်ကိုလည်း အလွန်ကျေးဇူးတင်မိသည်။

ယင်းမှာ · ·

"လူမည်းများ၏ အတွေးစိတ်ကူးနှင့် အမုန်းတရား" များဆီမှ ရှေ့သို့ တစ်လှမ်းတိုးလိုက်သည့်၊ ကျွန်တော့်၏ ခြေလှမ်းတစ်လှမ်း ဖြစ်သည်။

* * *

အခန်း(၄)

စိတ်ချမ်းမြေ့ဖွယ်ဘဝခရီး

ကျွန်တော်သည် ဘာလင်မြို့တော်မှနေ၍ · · ·ဘဝအတွေ့အကြုံ နုငယ်သည့် ကျွန်တော်ကဲ့သို့လူငယ်တစ်ဦး၏ အရည်အသွေးကို ကြိုဆိုဂုဏ်ပြုမည့်၊ ကျွန်တော်၏နိုင်ငံတော် သစ်ဆီသို့ ပြန်လာခဲ့သည်။

နယူးယောခ်မြို့၏ လမ်းများပေါ်တွင် ယောက်ျား မိန်းမကလေး ထောင်ပေါင်းများစွာ ... လူအုပ်ကြီးများက တန်းစီတိုးကြိတ်ကာ၊ ကျွန်တော့်ကို ကြည့်ရန် စောင့်ဆိုင်းနေကြသည်။

ကျွန်တော် · ·တစ်ကြိမ်တစ်ခါမှ မမြင်မ တွေ့ဖူးသည့် အဖွဲ့အစည်းလုပ်ငန်းအသီးသီးမှလူများက ကျွန်တော့်ဆီလာပြီး ကျွန်တော့်ကို စားသောက်စရာတွေ အမျိုးမျိုးလာပေးကြကာ နည်းမျိုးစုံနှင့် ချဉ်းကပ်မြှူဆွယ်ကြသည်။ အချို့က ညစာစားရန်ကမ်းလှမ်းလာကြလျက်၊ အချို့ကလည်း ရွက်လှေစီးခရီးထွက်ရန် ဖိတ်ခေါ်ကြသည်။

သို့သော် မည်သူတစ်ဦးတစ်ယောက်ကမျှ ကျွန်တော့်ကို အလုပ်တစ်ခုပေးရန်၊ မကမ်းလှမ်း၊ မဖိတ်ခေါ်ခဲ့ကြချေ။ ကျွန်တော့်မှာ ယခု သမီးလေးတစ်ဦးနှင့် ဒုတိယရင်သွေးငယ်ကို ကိုယ်ဝန်ဆောင်ထားသော ဇနီးရှိနေသည့်အတွက်၊ အလုပ်တစ်ခုလုပ်ရတော့မည်ဖြစ်သည်။

နောက်ဆုံးတွင် ကျွန်တော့်ဆန္ဒပြည့်ဝခဲ့သည်။

"ကလိဗ်လင်း"တွင် ကျွန်တော် အလုပ် တစ်ခုကိုတွေ့ခဲ့သည်။ အလုပ်က အားကစားကွင်း တစ်ခု၌ "နည်းပြဆရာ"အဖြစ်၊ တစ်ပတ်ကိုဒေါ်လာ ၃၀ ရမည့် အလုပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ည ကျွန်တော့်တိုက်ခန်းသို့ စီးပွားရေးလုပ်ငန်းရှင် . . လူဖြူနှစ်ဦး ရောက်လာခဲ့သည်။ လူပည်း "နီးဂရီး ဘော့စ်ဘော့လ်အသင်း" တစ်ခုဖွဲ့စည်းချင်သည်။ ထိုအတွက်၊ နာမည်ကျော်ကြား လူသိများသည့် နာမည်တစ်ခုကို မှည့်ချင်သည်။ သူတို့က ကျွန်တော့်ကို . . . "ကမ္ဘာ့အမြန်ဆုံး လူသား" အဖြစ်၊ လိုချင်ကြသည်

သူတို့လိုချင်သည့် ပုံစံက . . . ညစဉ်၊ ပြိုင်ပွဲမစမီ၊ ကျွန်တော်က မျိုးကောင်းမျိုးသန့် "ပြိုင်မြင်း" တစ်ကောင်နှင့်ယှဉ်၍ "ကိုက်၁၀၀" အကွာအဝေးကို ပြေးရမည်။ သူတို့က ကျွန်တော့်ကို ထိုပြိုင်မြင်းထက်၊ ပြိုင်၍ ပြေးနိုင်မည် ဟု ယုံကြည်ကြသည်။ အကြောင်းမှာ . . မြင်း၏နားရွက်မှာ၊ အချက်ပေးပြိုင်ပွဲသေနတ်ကို ပစ်ဖောက်လိုက်လျှင်၊ ထိုတိရစ္ဆာန်ကကြောက်လန့်ပြီး၊ သူကိုယ်ခန္ဓာဟန်ချက်ပျက်၊ လှုပ်ရှား သွားချိန်တွင်၊ ကျွန်တော်က သူ့ရှေ့မှအားသွန်ပြီး အရှိန်နှင့်ပြေးထွက်သွားနိုင်သည်ဟု သူတို့ကဆိုသည်။

ကျွန်တော်သူတို့ကို ထပြီးဆောင့်တွန်းပစ်လိုက်ချင်သည်။

"မလုပ်ဘူး။ ကျုပ်ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူး"

ကျွန်တော်သူတို့ကို၊ ငြင်းဆိုလိုက်ပါသည်။

"ခင်ဗျား . . စဉ်းစားပါ။ ဒီကိစ္စကို ခေါင်းထဲ ထည့်ထားပါ။ ကျွန်တော်တို့ နောက်ထပ် . . ပြန်လာခဲ့ပါဦးမယ်"

တစ်ယောက်က ကောက်ကျစ်စဉ်းလဲသည့် အသံဖြင့် ရိသဲ့သဲ့ ပြောသွားသည်။

ပြီးနောက်၊ နောက်တစ်ကြိမ် သူတို့ပြန် လာချိန်မှာတော့၊ ကျွန်တော် ပြောလိုက်သည့် အသံကို ကျွန်တော့် နားနှင့် ဆတ်ဆတ်ကြားလိုက်ရသည်။

"ကျုပ် . . ဒီအလုပ်ကို လုပ်မယ် ဗျာ"

ဤနည်းဖြင့်၊ ကျွန်တော့်ကိုယ်ကို ကျွန်တော် . . . "ကျွန်ပုံစံ အမျိုးအစားသစ်တစ်မျိုး" အဖြစ်၊ ရောင်းစားခဲ့ပါတော့သည်။ ကျွန်တော့်ကိုယ် ကျွန်တော် . . "အိုလံပစ်သူရဲကောင်း" တစ်ဦးအဖြစ်၊ ကြာရှည်စွာ ဂုဏ်ယူမာနထားမနေနိုင်တော့ပါ။ ကျွန်တော် သည် ခင်းကျင်းပြသခံ ကုန်ပစ္စည်းမျိုးသာဖြစ်သည်။ ကျွန်တော်သည် မိုက်မဲသည့် တိရစ္ဆာန်အရိုင်းအစိုင်းတစ်ကောင်နှင့်ဖက်ပြိုင်ပြီး ဂုဏ်သိက္ခာ မဲ့စွာ၊ ယှဉ်ပြိုင်ခဲ့သော အသုံးမကျသည့် အရူးတစ်ယောက်သာ ဖြစ်ပါတော့သည်။

သို့သော် ပထမအပိုင်းတွင်၊ "ရှသ်" နှင့် ကျွန်တော်သည်၊ စိတ်ချမ်းမြေ့ဖွယ်ရာ နေထိုင်ခဲ့ကြသည်။ လှပသည့် အိမ်တစ်လုံးကိုလည်း၊ ကျွန်တော်တို့ ဝယ်ခဲ့ကြပြီး၊ ပျော်ရွှင်စွာခရီးများ ထွက်ခဲ့ကြသည်။ ပြီးနောက်တွင် လူတစ်ယောက်က အခြားသော အကြံပြုတင်ပြချက်တစ်ခုနှင့်အတူ၊ ကျွန်တော့်ဆီ ရောက်ရှိလာခဲ့သည်။ ထိုတင်ပြချက်က၊ ကျွန်တော်၏ နာမည်ပေါ်မှာ အေးအေးဆေးဆေးနှင့် ဒေါ်လာသန်းချီပြီး ရရှိနိုင်မည့် လုပ်ငန်းတစ်ခုဖြစ်သည်။

ကျွန်တော် သဘောတူလိုက်သည်။ တို တောင်းလှသည့် အချိန်ကလေးအတွင်းတွင်၊ အံ့သြဖွယ်ရာ "ဂျက်စီအိုဝင် သန့်ရှင်းစင်ကြယ် ကျန်းမာနပျို စတိုးဆိုင်များ" က နေရာတိုင်း၌၊ ဖူးပွင့်ပေါ်ထွက်လာခဲ့ကြသည်။ ကျွန်တော်၏ လုပ်ငန်း အစုရှယ်ယာဝင်များက၊ လုပ်ငန်းအသေးစိတ် အားလုံးတို့ကို၊ စနစ်တကျ ကြိုးစားဆောင်ရွက်ခဲ့ကြ၏။ ပြီးနောက် . . ကျွန်တော်ကလည်း "ကမ္ဘာ့အမြန်ဆုံးလူသား" ကဲ့သို့ပင်၊ ငွေကိုလည်း ဖောဖောသီသီ ကိုင်တွယ်ပြီး စတင်သုံးစွဲလာနိုင်ခဲ့သည်။

ထို့နောက်၊ မမျှော်လင့်ဘဲ ရုတ်တရက် ၁၉၃၉-ခုတွင်၊ ကျွန်တော့်ထံသို့ ရုံးမှဆင့်ခေါ်စာ တစ်ခုရောက်ရှိလာကာ ရင်ဆိုင်ရတော့သည်။

ကျွန်တော်၏ ရှယ်ယာဝင်တွေက အလျို အလျို ဖယ်ရှားသွားကြတော့သည်။ ကျွန်တော်၏ကော်ပိုရေးရှင်းလုပ်ငန်းလည်း ကွယ်ပျောက်သွားပြီး၊ ထို့အတွက် ကုမ္ပဏီကို ဒေဝါလီခံလိုက်ရပြီ။ ဘဏ်တွင် ကျွန်တော် အကြွေး ဒေါ်လာ(၅၅,၀၀၀) တင်သွားခဲ့သည်။

ရှသ်နှင့်ကျွန်တော်က ကျွန်တော်တို့၏ အိမ်ကြီးကို ရောင်းလိုက်ကြပြီးလျှင်၊ "ဒက်ထရွိုက်" ရှိ နှစ်ခန်းတွဲတိုက်ခန်းကလေးတစ်ခုတွင်၊ ခြစ်ခြစ်ကုပ်ကုပ် ပြန်နေခဲ့ကြသည်။ ကျွန်တော်၊ နောက်ထပ် ၅လ။ အကြွေးများဆပ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရန် အလုပ်သုံးခု လုပ်ကိုင်ခဲ့ရသည်။ ထိုနှစ်များတွင် ကျွန်တော်တို့ ငရဲကျခဲ့ရသည်။ ကျွန်တော် မိုက်မဲခဲ့သည်။ မည်သည့်တက္ကသိုလ်ကမျှ အမြဲတစေ မကာယ်တင်မကူသနိုင်သော အသုံးမကျသည့် မိုက်မဲမှုမျိုးဖြစ်သည်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း "ကမ္ဘာအမြန်ဆုံးလူသား" ဖြစ်လာရန်၊ မည်ကဲ့သို့ ရန်းကန် ဖြတ်သန်းလာခဲ့ရသည်ကိုလည်း မေ့လျော့သွားခဲ့ရသည်။

ထိုသို့ဖြစ်လာရန်၊ ကျွန်တော် မယုံကြည်နိုင်ဖွယ်ရာ‥ခွေးနှင့် သွေးများ၊ ဘဝ၏နာကျင်မှုများကို နှစ်ပေါင်းများစွာစတေးခဲ့ရ၏။ ကျွန်တော်စိတ်ချမ်းမြေ့ဖွယ်ကောင်းသော ဘဝခရီးကို၊ တက်လှမ်းရန် ယုံကြည်စွာစတင်ခဲ့မိတော့သည်။ ထိုငါးနှစ်က၊ ကျွန်တော့်ကို ဘဝသင်ခန်းစာတစ်ခု ကောင်းစွာ သင်ကြားပေးလိုက်သည်။

ယင်းမှာ‥‥။ လွယ်ကူချောမွေ့သောနည်း လမ်းဟူသည်မရှိချေ။

လူတစ်ယောက်အတွက်ဖြစ်စေ၊ သို့မဟုတ် ထိုသူ၏မျိုးရိုးစဉ်ဆက် တစ်ခုအတွက် ဖြစ်စေ၊ အနည်းနဲ့အများ အခက်အခဲတွေ့နိုင်သည်။ မည်သူမဆို သေသပ်ချောမွေ့စွာနှင့် လျင်မြန်စွာပြီးမြောက်အောင် ဆောင်ရွက်လိုလျှင်၊ အမြဲသတိဝီရိယနှင့် နိုးကြားနေရမည်ဖြစ်သည်။

ကျွန်တော်သည် ဘဏ္ဍာငွေကြေးပြန်လည်ပြည့်စုံလျက်၊ ကိုယ့်ခြေထောက်ပေါ်တစ်ဖန်ပြန်၍ ရပ်တည်လာနိုင်သည့် အချိန်တွင်၊ ကျွန်တော့်အသက် ၄၀အရွယ်ရှိပြီဖြစ်သည်။ ကျွန်တော့်ဘဝတစ်လျှောက် နောက်ထပ်ပြီး၊ အဓိပ္ပါယ်မရှိသည့် အလုပ်တစ်ခုခုကို မလုပ်မိစေရန် ဆင်ခြင်ရလိမ့်မည်။ ကျွန်တော်အများကြီး စဉ်းစားခဲ့သည်။ ကျွန်တော်သည် ကလေးတွေကို တကယ်ပဲ အမြဲချစ်မြတ်နိုးခဲ့သည်။ ပြေးခုန်ပစ် အားကစားအလုပ်ကို ကျွန်တော် တောက်လျှောက် သူတို့နှင့်အတူ၊ လုပ်ကိုင်နိုင်ခဲ့သည်။

၁၉၅၅-ခုတွင်၊ ကျွန်တော်သည် "အီလီနွိုက် လူငယ်ကော်မရှင်" အဖွဲ့တွင်၊ ဂုဏ်ထူးဆောင်အားကစားသမားအဖြစ် ခန့်အပ်ခြင်းခံရသည်။ လူငယ်တွေနှင့်အမြဲတမ်း ကျွန်တော် ဆက်ဆံနေခဲ့ရသည်။ ခြောက်နှစ်လုံးလုံး ကျွန်တော်ထမ်းရွက်ခဲ့သည်။ ကျွန်တော် အမြဲတမ်း နှစ်ခြိုက်သဘောအကျဆုံးအလုပ်ဖြစ်သည်။ ထို့နောက် ကျွန်တော် "ရေဒီယိုအသံလွှင့်ဌာန"ထဲသို့ ရောက်ရှိသွားပြီး၊ လူထုဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရသည်။

* * *

## အခန်း(၅)

### ကျွန်တော်တို့လျှောက်လှမ်းနေကြသည်

ကျွန်တော်၏ လွန်ခဲ့သည့် ၅၇-နှစ်ကို၊ ကျွန်တော်ပြန်ကြည့်လိုက်သောအခါ၊ ကျွန်တော်သည် လူမည်းအတွေးအခေါ် ဝါဒီများ၏ အဖွဲ့အစည်းများ၊ စစ်စခန်းများထဲသို့ ဖြတ်သန်းရောက်ရှိခဲ့ပြီး၊ ထိုစဉ်က အရှိန်အဟုန်ပြင်းစွာဖြင့် အနီးကပ်သွားလာ လှုပ်ရှားဝင်ထွက်ခွင့်ရရှိခဲ့သည်။

ပြီးနောက် "မာတင်လူသာ ကျွန်[...]ယာ" သေနတ်ပစ်ခံခဲ့ရသည့် နေ့က[...]လည်း ကျွန်တော်အနီးဆုံးမှ လိုက်လာခဲ့သည်။ သူ‥ "အမျိုးသား အခွင့်[...]ရောက်မှုကြီး" ထဲ သို့ မရောက်ရှိလာမီ ဟိုအရင်က "မာတင်"ကို၊ ကျွန်တော်သိကျွမ်းခဲ့သည်။ ပြီးသူ့ကို ချစ်ခင်ခဲ့သည်။ ကျွန်တော်ဝမ်းနည်းပူဆွေးစွာခံစားနေရသည့်အတွက် ကျွန်တော့်၏အာရုံများက "အုတ်ဗီးလ်"မှ ဝါဂွမ်းခင်းတွေ၏ရနံ့တွေ၊ မွှန်းကျပ်လာမှုကိုမနည်းအောင့်အည်း မျိုသိပ်ထားရသည်။

ကျွန်တော်တို့စည်၊ ထိုကဲ့သို့လူသား တစ်ယောက်အဖြစ် ရှင်သန်ကြီးထွားလာရန်၊ နှစ်ပေါင်းရာချီကာ ကျွန်ဘဝဖြင့် ရုန်းကန်ခဲ့ကြရသည်။ သို့သော်ယခုသူသည် တန်ဖိုးမရှိသောအပေါ်စား ဖယောင်းတိုင်တစ်တိုင်ကဲ့သို့ ငြိမ်းသတ်ခဲ့ရသည်။ ကျွန်တော့် နှလုံးသားမှာ၊ အမုန်းတရားတွေ ဖြစ်ချင်လာသည်။

တစ်ချိန်တည်းမှာ‥ ကျွန်တော့်ရင်ထဲမှာ ကျွန်တော့်ကို အတိတ်ဆီသို့ ပြန်ခေါ်သွားနေသည်ဟု ထင်သည်။ ကျွန်တော်မြင်တွေ့နေရသည့် အရာများက ထူးမခြားနားဖြစ်နေသည်။ ထို့ကြောင့် စစ်သွေးကြွနေသည့် လူမည်းအတွေးဝါဒီတွေကို ယခုအချိန်တွင်၊ ဗို[...] သွေးဆွပေးနေသည် နှင့်တူသည်

www.burmeseclassic.com

သူတို့ကို၊ တုံ့ပြန်ချင်သည့် ဆန္ဒများဖြစ်ပေါ်လာစေရန်၊ တမင်ဖန်တီးနေသည်နှင့်တူသည်။

အမေရိကန်လူမည်း နီးဂရိုးများသည် ကျွန်တော်တို့အားလုံးနေထိုင်ခဲ့ကြသည့် ထို "အုတ်ဗီးလ်" မြို့မှ၊ ထိတ်လန့်ကြောက်မက်ဖွယ်ရာ ကောင်းသော တိုးတက်သည့် နည်းလမ်းတွေကိုရှာဖွေဖန်တီးခဲ့ကြသည်။ ယနေ့ ကျွန်တော်တို့ ဤနည်းလမ်းကို၊ လျှောက်လှမ်းနေကြသည်။ ယုံချင်ယုံ၊ မယုံချင်နေ . .။ ယနေ့ လူမည်းအမျိုးသားအများဆုံးသည် လူဖြူများနှင့်အတူတကွ၊ ရင်ဘောင်တန်းလျက် တန်းတူညီ အခွင့်အရေးကို စတင်ဆောင်ရွက်နေ ကြပြီဖြစ်၏။

ကျွန်တော်တို့က မိဘတွေစတင်တည်ထောင်ခဲ့ကြသည့် ကံတရားအတိုင်း ငြိမ်ခံနေကြတော့မည် မဟုတ်ချေ။ တန်းတူရည်တူ ညီမျှသည့် အခွင့်အရေးတွေရရှိဖို့အတွက်၊ ပိုပြီးပြင်းထန်သော လုပ်ရပ်တွေကိုလုပ်ပြီး၊ ကျွန်တော်တို့ တိုက်နိုက်သွားကြရလိမ့်မည်။ သို့သော် ကျွန်တော်တို့ လုပ်ဆောင်နိုင်သည်။ ထုံးစံအတိုင်း- လူမည်းအမျိုးသားနှင့် အမျိုးသမီးတွေမှာ ဘာအခွင့်အရေးမှ သိပ်ကြီးကြီးကျယ်ကျယ် မရှိကြဘူးဟု၊ ပြောကြမည်ကို ကျွန်တော်သိသည်။ ဒါ.. လိမ်ညာနေခြင်းဖြစ်သည်၊ ယနေ့ အမေရိကမှာ၊ နီးဂရိုးတစ်ယောက်ဘာကြောင့် မအောင်မြင်ခဲ့ရသလဲဆိုလျှင်၊ သူက ကျဆုံးမည့်လမ်းကို ရွေးချယ်ခဲ့သည့်အတွက်ဖြစ်သည်။ မှန်ပါသည်။ ယင်းမှာ ခြွင်းချက်ဖြစ်၏။ သို့သော်လူဖြူတွေမှာလည်း၊ ထိုချွင်းချက်များရှိပါသည်။

ယနေ့၊ စစ်ဘက်ဆိုင်ရာ လူမည်းများ၊ တစ်ခါတစ်ရံ.. ချမ်းသာကြွယ်ဝသော အထက်တန်းလွှာမှလူများ ပြောနေကြသည့် စကားသံတွေကစား သောက်ဆိုင်တွေနှင့် တက္ကသိုလ်များမှာ၊ လူမည်းတွေကို ဘာအတွက် ဝိတ်ပင်တားဆီးကြသနည်း ဆိုသည်ကို၊ အမှန်တကယ်သူတို့မသိကြပေ။ ကျွန်တော်တို့၏ အုတ်ဗီးလ်တွင်လည်း၊ ကျွန်တော်တို့ ဤအတိုင်းရင်ဆိုင်ခဲ့ကြရ၏။

နူးညံ့သည့် အတိုက်ခံသမား လူမည်း အတွေးဝါဒီများ၊ ဒေါသအလွန်အကျွံပေါက်ကွဲနေကြသူများ၊ အမျိုးသားရေး နီးကြားတက်ကြွသူများက ယနေ့ နီးဂရိုးများတွင် အလွန်သေးငယ်သော လူနည်းစုကွက်လပ် ကလေးမျှသာ ရှိသည်ဟု သူတို့ကတင်ပြခဲ့ကြသည်။ အမှန်စင်စစ် သူတို့ဟောပြောကြသည့် ထိုပေါက်ကွဲမှု၊ မုန်းတီးမှုများနှင့် ကိုယ်ချင်းစာနာမှုများက၊ အပြောသော့ လွယ်ပါသည်။ သို့သော် ကျွန်တော်တို့က ကိုယ့်ကိုယ်ကို ထိန်းသိမ်းတက်ဖို့ အမှန်တရားကို ထုတ်ဖော်ပြောဆိုတတ်ဖို့နှင့် ရေရှည်စိမ်ကိန်းချဖို့လိုပါသည်။ တစ်လ နှစ်လအတွင်းလောက်နှင့် နှစ်ပေါင်းများစွာ ယိုယွင်းမှုများကို၊ ကျွန်တော်တို့မျှော်လင့်၍ မရနိုင်ပါ။ လူတိုင်း လူတိုင်းတွင်၊ "ချားလ်စ် ရီလေး" တစ်ဦး မရှိနိုင်ပါ။

သို့ရာတွင် . . . နီးဂရိုးတိုင်းမှာ "မာတင် လူသာကင်း" တစ်ဦးရှိသည်။

အကယ်၍၊ လူမည်းတစ်ဦးသည်၊ အတိတ်မှာ အကြွေးဆပ်စရာ တစ်ခုရှိမည်ဆိုလျှင်၊ သူသည်လည်း ဆပ်စရာအကြွေးတစ်ခု ရှိနေလိမ့်မည်။ သူကသူ့ရှေ့ကို ရောက်လာခဲ့ကြသူတွေ။ သူ့ကို ပုဂ္ဂိုလ်ရေးရာ ကူညီခဲ့ကြသူတွေနှင့် သူ့အပါးမှာ ရပ်တည်ပေးခဲ့ကြသူတွေအားလုံးကို၊ သူပြန်ပေးဆပ်ခဲ့သည်။ သို့သော် သူက ဒါတွေအားလုံးကို ထုတ်ဖော်မကြွားဝါခဲ့ချေ။

သူက ထိုသူတွေကို ဒေါသထွက်ဖို့ ပေါက်ကွဲစေဖို့ ပေးဆပ်ခဲ့ခြင်းမဟုတ်ပါ။ မမွေး ဖွားရသေးသည့် လူတွေမြောက်များစွာအတွက်၊ ထိုအသိတရားကို သူပေးဆပ်ခဲ့သည်။ သူကိုယ်သူလည်း လူသားတစ်ဦးအဖြစ်နှင့် ပေးဆပ်ခဲ့သည်။လူသားတစ်ဦးမှန်လျှင်"အစအဦး" နှင့် "အဆုံးသတ်"က ရှိနေမည်ဖြစ်သည်။ မည်သည့်အခါမှ "ထာဝရ" တည်မြဲခြင်းမရှိနိုင်။

သင်လည်းသိပါသည်။

"လူမည်းသည်လည်း၊ မလှပါ။

"လူဖြူသည်လည်း၊ မလှပါ။

အရေခွံအောက်မှာ . . . ဘယ်အရာမှ မလှကြပါ။

နန်းထိုက်စိုး။ နိုင်ငံခြားဘာသာသိပ္ပံ၊




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# တရှင်း

(မြန်မာ့မြန်)

## A bush for the Boys

by James Stewart Gordon(RD:1995, December)

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်စီးတီးမြို့ကြီးအတွင်းရှိ ကွင်းမြို့ကလေး၏ အက်စ်တိုးရီးယား ရပ်ကွက်သည် အခြားသောမြို့များကဲ့သို့ပင် မြေအောက်ဒုစရိုက်လုပ်ငန်းများရှိသော ရပ်ကွက်ပင် ဖြစ်သည်။ ထိုရပ်ကွက် မြေအောက်လောကအတွင်း ရက်သတ္တပတ်ပေါင်းများစွာကတည်းက သတင်းထူးတစ်ရပ် ပျံ့နှံ့နေသည်။ ယင်းမှာ ၂၈ ရက်နေ့စနေနေ့ညသို့ ပါတီပွဲကြီးတစ်ခု ဖြစ်လိမ့်မည်ဟူသော သတင်းဖြစ်သည်။

ယင်းပါတီပွဲကလည်း သာမန်ပါတီပွဲမျိုးမဟုတ်။ ထင်ရာစိုင်းနိုင်သော စိတ်လွတ်ကိုယ်လွတ် လုပ်ချင်ရာလုပ်နိုင်သည့် ပါတီပွဲမျိုးဖြစ်၍ အရက်အကြောက် လုံးဝမလိုချေ။ ထိုပါတီကို တာဝန်ယူကျင်းပပေးသူတို့ကလည်း မာဖီးယားဒုစရိုက်ဂိုဏ်းမှဖြစ်ပြီး မာဖီးယားတို့၏ မိတ်ဆွေအသင်းပိုင်ရှင် ရစ်ချီကို ချီးကျူးဂုဏ်ပြုသော ပွဲလည်း ဖြစ်သည်။ ထိုပါတီ၌ အရက်များက ချောင်းစီးနေမည့်အပြင် ကာလသားကြိုက် အညှီအဟောက် မဂ္ဂဇင်းများ၌ မလုံ့တလုံဝတ်စုံနှင့် ဓာတ်ပုံအရိုက်ခံကြသူ အချောအလှလေးတို့ကလည်း တက်ရောက်ကြမည်။ ထိုအချောအလှ မိန်းကလေးများက ဘယ်သူဘယ်ဝါဖြစ်သည်ကိုသိလိုလျှင် ရစ်ချီ၏ အပေါင်ဆိုင်၊ သို့မဟုတ် စက်ပစ္စည်းပြင်ဆိုင်သို့ သွားကြည့်ကြရမည်ဖြစ်သည်။ ထိုဆိုင်များ၏ နံရံများ၌ ထိုမိန်းကလေးတို့၏ ဓာတ်ပုံများကို တွေ့နိုင်သည်ဟူ၏။

ပါတီသို့ အထူးဖိတ်ကြားထားသည့်သူ ၁၄၀ ဖိတ်ကြားထားသည်။ တက်ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာသူ ညည့်သည်တိုင်းအား ဂုဏ်ပြုသည့် အနေဖြင့် ဒေါ်လာ ၁၀၀ စီ ဆုချဦးမည် ဖြစ်သည်။ နောက်ဆုံး မြေအောက်လောကသားတို့အား အစွဲဆောင်နိုင်ဆုံးသတင်းကတော့ ထိုပါတီပွဲသို့ မာဖီးယားမိုလ်တကာဘုရင်ကြီး ကိုယ်တိုင်တက်ရောက် ချီးမြှင့်မည်ဟူသော သတင်းဖြစ်သည်။

ပါတီပွဲမတိုင်မီ ရက်များကတည်းက နယူးယောက်စီးတီးမြို့၏ မြေအောက်လောကမှ နာမည်ကြီး သူခိုးများ၊ ဓားပြများ၊ ခါးပိုက်နှိုက်များ၊ ဖောက်ထွင်းသူများ စသည့် ဒုစရိုက်သမားများသည် ရစ်ချီ၏ အပေါင်ဆိုင်၌ ပျားပန်းခပ်မျှ ဝင်ထွက်လှုပ်ရှားနေကြသည်။ အဓိကအကြောင်းရင်းမှာ ဒုစရိုက်ကောင်တို့က သူတို့တိုက်ယူ၊ လုယက်၊ ဖောက်ထွင်းခိုးယူလာကြသော စာချုပ်စာတမ်းများ၊ အကြွေးရောင်းကဒ်ပြားများ စသည်တို့ကို ရစ်ချီထံ လာရောက်အပ်နှံကြမည် ဖြစ်သည်။

***ကုန်လှောင်ရုံအတွင်း၌***
***ပါတီကတော့ စနေပြီ။***
***သို့သော် ပါတီပွဲတွင်***
***ဒုစရိုက်သမားတို့***
***မျှော်လင့်ထားကြသလို***
***ရှန်ပိန်အရက်များလည်းမရှိ၊***
***လုံးကြီးပေါက်လှ***
***မိန်းမချောကလေးများလည်းမရှိ။***
***သူတို့အစား***
***သေနတ်ကိုင်လူများ***
***ရုတ်တရက်***
***ပေါ်ထွက်လာခြင်းပင်***
***ဖြစ်၏။***

ရစ်ချီက ထိုတရားမဝင် ပစ္စည်းများကို ဈေးနှိမ်ယူပြီး ထုခွဲရောင်းချပေးပေလိမ့်မည်။ ရစ်ချီကလည်း ထိုမသမာပစ္စည်းများကို တစ်ဒေါ်လာတန်ကို ငါးဆင့်သာ ပေးဝယ်တတ်သည်။ ဒေါ်လာ ၁၀၀ တန်ဆိုလျှင် သူက ငါးဒေါ်လာသာ ပေးသည်။ ရစ်ချီက ထိုသို့ဈေးနှိမ်ပေးသော်လည်း ထိုဒုစရိုက်ကောင်တို့က ရစ်ချီအတွက် မာဖီးယားဘုရင်ကြီးက ကျင်းပပေးမည့် ပါတီပွဲအရှိန်ကြောင့် ကျေကျေနပ်နပ်ပင် ဈေးအနှိမ်ခံပြီး ရောင်းချတတ်ကြသည်။

"အဲဒီ ဟာမလေးက တကယ်ပါပဲ ပါတီကိုလာမှာတဲ့လား" သူခိုးပေါက်စ လူးဝစ်လက်ဖ်ကရစ်ချီ၏ ဆိုင်နံရံ၌ကပ်ထားသည့် မဂ္ဂဇင်းပုံစာရွက်ကြီးပေါ်မှ လုံးတီး နှင့် ဓာတ်ပုံရိုက်ခံထားသူ ရင်ထွားထွားနှင့် အမျိုးသမီးလေးကို လက်ညှိုးထိုးပြပြီး မေးတော့သည်။

"ဝင်ဒီဆိုတဲ့ ကောင်မလေးလေကွာ။ ညက ငါနဲ့တွေ့တုန်းကတောင် ပါတီကို ဆက်ဆက်လာပါမယ်ဆိုပဲ။ မင်းသူနဲ့သိချင်ရင် ငါမိတ်ဆက်ပေးမယ်လေ"

ထိုအခိုက်မှာပင် ရစ်ချီနှင့် လုပ်ငန်းဆက်စပ်သူ ဂျိုးစီကောလုစ်ကလူးဝစ်၏ ခိုးရာပါပစ္စည်းအတွက် ၂၅ ဒေါ်လာ ထုတ်ရှင်းလိုက်သည် ...။ လူးဝစ်တစ်ယောက် နာရီပိုင်းအတွင်း ခိုးယူလာခဲ့သည့် ဒေါ်လာ ၅၀၀၀ တန် လက်ပတ်နာရီအတွက် ကျသင့်ငွေကို ပေးလိုက်ခြင်း ဖြစ်သည်။

ရစ်ချီ၏ဆိုင်ရှေ့သို့ နေ့စဉ်ဆိုသလို ဒုစရိုက်သမားများ ခိုးရာပါပစ္စည်း လာရောက်ထုခွဲရောင်းချကြသည်။ ရစ်ချီက ထိုခိုးရာပါပစ္စည်းများကို လက်ခံဝယ်ယူရင်းနှင့် ၂၈ ရက်နေ့ ပါတီပွဲကြီးသို့ တက်ရောက်ရန် ဖိတ်ခေါ်တတ်သည်။

စင်စစ် ထိုပါတီပွဲကြီးသတင်း
အထူးစိတ်ဝင်စားကြသူ မြေအော
လောကသားတို့က ရစ်ချီဆိုင်သို့ တ
သက်သက် ပစ္စည်းလာသွင်းကြခြင်း
သည်။ ထိုအခါမျိုးတွင် ရစ်ချီကလည်
သူဖိတ်ကြားထားသည့်သူများကို စကာ
တစ်ခွန်း အသေအချာမှာကြားတ
သည်။

"မင်းတို့ သေနတ်လုံးဝ ယူမလာ
ဘူးနော်။ မာဖီးယားဘုရင်ကြီးက သေ
နတ်ကို သိပ်ကြိုက်တာမဟုတ်ဘူး ...
နောက်ပြီးတော့ မိန်းကလေးကိစ္စအတွ
ထိုးလားကြိတ်လားလည်း လုံးဝလုပ်ခွ
မရှိဘူး"

အမှန်ကျင်းပသော ၂၈ ရက်
စနေနေ့ ပွဲတော်ကြီးကား မိုးသည်းထန်
ရွာသွန်းနေလေပြီ။ ရစ်ချီနှင့် ဂျိုဒီတို့
လည်း မိုးဒဏ်ကြောင့် သူတို့ပါတီ
ဧည့်သည်များမလာကြမည်ကို စိုးရိမ်
ကြသူများပီပီ သူတို့ကိုယ်တိုင် ဖုန်းဆ
ပြီး ထပ်ဖိတ်ကြားနေရသည်။

"မင်းတို့နော် ... ဒီလိုပွဲမျိုးက
ခဲတယ်။ မာဖီးယားဘုရင်ကြီးက ဒီ
ပါတီမျိုးကို လာတတ်တာ မဟုတ်ဘူ
ဆက်ဆက်လာဖြစ်အောင် လာကြ"

မတတ်သာသည့်အဆုံး ရစ်ချီ
ဂျိုဒီတို့က ပါတီလာကြမည့်သူများ
အငှားယာဉ်များ တ်၍ပင် ခေါ်နိုင်
ပြန်သည်။ ဒုစရိုက်သမားတို့၏အကြော
ပြချက်မှာ ပါတီလာမည့်အိမ်ရှေ့သို့ ကို
ပိုင်ကားများ ရပ်ပြုရပ်ရှိနေလျှင် ရဲအစွဲ
သက်ာမကင်းဖြစ်နိုင်သည်ဟု အကြော
ပြသည်။

ထို့ကြောင့်လည်း ည ၇း၃၀
အချိန်ကျမှ ရစ်ချီ၏ ရုံးခန်းသို့ နာမည်
သူခိုး၊ ဓားပြ၊ ခါးပိုက်နှိုက်တို့က တ
ပြုံးနှင့် ရောက်ရှိလာကြသည်။ သူတို့
မျှော်လင့်ချက်မှာ ရှန်ပိန်အရက်များ အ



www.burmeseclassic.com

www.burmeseclassic.com

ပယ်နှင့် လုံးကြီးပေါက်လှ ပါတီမယ်ကလေးတို့ကို မြင်ယောင်နေကြသည်။ သူတို့အားလုံးကို ပါတီဝတ်စုံဝတ်ထားသူ ဂျိဒီက ဆီးကြိုပြီး အသင့်စောင့်ဆိုင်းနေသည်။ အငှားယာဉ်များပေါ်သို့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်ကွဲတင်လာပြီး ပါတီကျင်းပမည့်နေရာသို့ ပို့ပေးသည်။ ပါတီကျင်းပမည့်နေရာက ကာနေဒီလေဆိပ်အနီးရှိ ကုန်လှောင်ရုံဖြစ်ပြီး၊ ယိုနေရာကား ကမ်းကုန်အောင် လွတ်လပ်ပြီး စိတ်အချဉ်ပေါက်သလို အော်ဟစ်သည့်တိုင် မည်သူမျှ မကြားနိုင်သော စိတ်ချလုံခြုံလှသည်။

ထိုအချိန်၌ ကုန်လှောင်ရုံကြီးထဲတွင် ဂီတသံများက ဆူညံစွာ ထွက်ပေါ်နေသလို ရောင်စုံမီးများကလည်း တဖျပ်ဖျပ်နှင့် လျှပ်ပြက်သလား အောက်မေ့ရသည်။ ကုန်လှောင်ရုံအတွင်း၌ ပါတီကတော့ စနေပြီ။ သို့သော် ပါတီပွဲတွင် ဒုစရိုက်သမားတို့ မျှော်လင့်ထားကြသလို ရှန်ပိန်အရက်များလည်းမရှိ လုံးကြီးပေါက်လှမိန်းမချောကလေးများလည်းမရှိ။ သူတို့အစား သေနတ်ကိုင်လူများ ရုတ်တရက်ပေါ်ထွက်လာခြင်းပင် ဖြစ်၏။

''အားလုံးနားထောင်၊ ငါတို့ရဲတပ်ဖွဲ့ကပဲ၊ မင်းတို့အားလုံးကို အခုအချိန်က စပြီး ဖမ်းလိုက်ပြီ''

ဤသို့ဖြင့် တစ်နာရီအတောအတွင်း နာမည်ကြီး ဒုစရိုက်ညွှန်သည်တော်ကြီး (၂၄)ယောက်တို့မှာ အဖမ်းခံရပြီး ရဲတပ်ဖွဲ့က ၎င်းတို့၏ လက်ဗွေပုံစံများကိုယူ၊ ဓာတ်ပုံရိုက်၊ မှတ်တမ်းတင်ကာ အခြားအခန်းကျယ်ကြီးအတွင်းသို့ စုပြုံထည့်ထားလိုက်လေတော့သည်။ သို့သော် ထိုအခန်းထဲ၌ သူတို့အားလုံးကို အငတ်မထားပါ။ မုန့်ကြွပ်၊ အချိုရည်များနှင့် ကိုကာကိုလာ အအေးဖျော်ရည်များကိုတော့ သောက်သုံးခွင့်ရကြသည်။

ထိုသို့လျှင် ထောင်ချောက်ဆင်ဖမ်းပွဲကြီးအပြီးတွင် အခြားသော ရဲစုံထောက်တို့သည် အုပ်စုဖွဲ့၍ ရစ်ချီအပေါင်ဆိုင်၏ ဖောက်သည်ကြီးများဖြစ်ကြသည့် ဒုစရိုက်အကောင်ကြီးတို့အား သတင်းကြိုရထားသည့်အတိုင်း လိုက်လံရှာဖွေဖမ်းဆီးလေတော့သည်။ ဖြစ်ရပုံမှာ ရစ်ချီ၏ အပေါင်ဆိုင်သို့ ခိုးရာပါပစ္စည်းများ လာရောက်ရောင်းချသူတိုင်းကို ပစ္စည်းလာရောက်ရောင်းချစဉ် တိတ်တဆိတ် ဓာတ်ပုံရိုက်ယူထားသောကြောင့် ထိုလူဆိုးကြီးတို့အား ဖမ်းဆီးရန် အခက်အခဲမရှိတော့ခြင်းပင် ဖြစ်သည်။

အံ့သြရသည်မှာ အဖမ်းခံရသူများအနက် အမေရိကန်ပြည်ထောင်စု လူအင်အားအသုံးချရေးဌာနမှ ဝန်ထမ်းတစ်ဦးလည်း ပါဝင်နေခြင်းပင် ဖြစ်သည်။ ထိုဝန်ထမ်းသည် ကွန်ပျူတာခန်း၌ တာဝန်ထမ်းဆောင်နေသူ ဖြစ်ပြီး၊ သူသည် ဒေါ်လာ ၃၀,၀၀၀ ဖိုးရှိ လူမှုဖူလုံရေးချက်လက်မှတ်များကို ခိုးယူခဲ့သူဖြစ်ပြီး ရစ်ချီထံ တိတ်တခိုးလာရောင်းသူ ဖြစ်သည်။ သူတို့ခမျာ အဖမ်းခံနေရသည်ကို မသိသေး။

''ခင်ဗျားတို့ ဒီလိုမနောက်ကြပါနဲ့ ခင်ဗျာ။ ပါတီက ဘယ်တော့စမှာလဲ''ဟု မေးနေကြသေးသည်။

''ပါတီက အခုစနေပြီလေကွာ။ မင်းတို့ကို အခုဖမ်းတဲ့ ပါတီလေ'' အပေါင်ဆိုင်ပိုင်ရှင်ကြီး ရစ်ချီက ရှင်းပြလိုက်သည်။ စင်စစ် ရစ်ချီကား အပေါင်ဆိုင်ပိုင်ရှင်အဖြစ် ဟန်ဆောင်ထားသူ စုံထောက်ကြီး ရစ်ချက်လက်ဒါဖြစ်ပြီး၊ ဂျိဒီသည် စုံထောက် ဂျိုးဖက်ဖက်ဆု ဖြစ်နေလေသည်။ သည့်တိုင်အောင် အဖမ်းခံရသူ ဒုစရိုက်သမားတို့ခမျာ ထိုအချက်ကို မယုံကြည်ပါ။

အဆုံး၌ ထိုနေ့ညဦး တစ်ချိန်တည်း တစ်ပြိုင်နက်တည်းမှာပင် ဒုစရိုက်သမားပေါင်း ၈၂ ယောက်တို့ကို ဖမ်းဆီးရမိလိုက်ကြသည်။ ဖမ်းဆီးရမိသူများအားလုံးကို နယူးယောက်ရဲဌာနချုပ်သို့ ပို့အပ်လိုက်သဖြင့် သက်ဆိုင်ရာပြည်နယ် ဥပဒေအကျိုးဆောင်ရုံးကလည်း အမှုတင်တရားစွဲဆိုရန် ချက်ချင်းပြင်ဆင်လေတော့သည်။ ဖမ်းဆီးရမိသူ အားလုံးမှာ အပြစ်ရှိကြသူများချည်း ဖြစ်ကြသဖြင့် ရုံးတော်က ပြစ်ဒဏ်အသီးသီး ချမှတ်လိုက်လေသည်။ သို့ဖြင့် တောက်ပြား (၅၉)ယောက်တို့သည် ထောင်ဒဏ် ၃ လမှ ၇ နှစ် အကျခံကြရပြီး ၂၃ ယောက်တို့မှာ ဒဏ်ငွေ ၄၅၀၀ စီ ဆောင်ကြရသည်။

ဤစောရနကွက် ဖမ်းပွဲကြီးကို ၁၉၇၃ ခုနှစ်ကတည်းက တာဝန်ရှိသူများက စိတ်ကူးရခဲ့ကြသည်။ ထိုစဉ်က နယူးယောက်မြို့မှ စုံထောက်ချုပ် လူးဝစ်ကော့တ်လ်သည် ခိုးရာပါပစ္စည်း လက်ခံထုခွဲပေးသူတို့ လက်ထဲမှ နှစ်စဉ် ခိုးရာပါပစ္စည်းတန်ဖိုး ဒေါ်လာသန်းပေါင်း ၁၆,၀၀၀ ဖိုး အဝင်အထွက်၊ အသွားအလာ ရှိနေသည်ကို သိရှိခဲ့ရခြင်းမှစတင်ကာ ကော့တဲလ်က ထိုပြဿနာကိုဖြေရှင်းရန် စုံထောက်ရဲမှူး ဖရန့်စစ်ဟာရွှန်ကို အကူအညီတောင်းခဲ့သည်။ စုံထောက်ရဲမှူးဟာရွှန်သည်ကား လုပ်သက် ၂၅ နှစ်ရှိ ဝါရင့်စုံထောက်ကြီးတစ်ဦးပင် ဖြစ်သည်။

သူက ''သူခိုးဓားပြ၊ လုယက်ဖောက်ထွင်းသူတွေဟာ သူတို့ရဲ့ ခိုးရာပါပစ္စည်းတွေကို ပြန်ထုခွဲရောင်းချပေးနေတဲ့သူတွေ ရှိနေလို့သာ သူတို့အလုပ်ဖြစ်နေကြတာ။ ဒီတော့ ကျွန်တော်တို့လည်း ကျွန်တော်တို့လူတွေရဲ့ ခိုးရာပါပစ္စည်းလက်ခံတဲ့ဆိုင်ဖွင့်ပြီး ထောင်ဖမ်းရင် အဲဒီမောင်တွေကို အားလုံးဖမ်းနိုင်မှာ''ဟု ထင်မြင်ချက်ကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟာရွန်တင်ပြသည့် အစီအစဉ်ကို စုံထောက်ချုပ်က ချက်ချင်းသဘောတူလက်ခံလိုက်ပြီး၊ လျှို့ဝှက်စစ်ဆင်ရေးအတွက် အရာရှိအချို့ကို သီးသန့်ရွေးချယ် ခေါ်ယူလိုက်သည်။ ထိုရဲအရာရှိအားလုံးတို့သည် ထက်မြက်၊ သွက်လက်ပြီး ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းလူစားမျိုးလည်းဖြစ်ကြသည်။ ထိုရဲအရာရှိတို့ကို ခိုးရာပါပစ္စည်း လက်ခံသူများအဖြစ် စတင်တာဝန်ယူနိုင်းလိုက်သဖြင့် သူတို့ခမျာ ထိုအချိန်မှအစပြု၍ ဒုစရိုက်သမားတို့လိုပြောဆိုလှုပ်ရှားသွားလာကြရသည်။

ဒုစရိုက်လောကသားတို့နှင့် အလွယ်တကူ ထိစပ်မှုရနိုင်သည့် နေရာမျိုး၌ ကုန်စုံဆိုင်သဘောမျိုး ဆိုင်များဖွင့်ရသည်။ ထိုကုန်စုံဆိုင်များက ခိုးရာပါပစ္စည်းများကို တိတ်တဆိတ် လက်ခံဝယ်ယူမည်။ ထိုကုန်စုံဆိုင်တို့၏ နောက်ကွယ်မှ အုပ်စုတစ်စုက နောက်ဆုံးပေါ် ခေတ်မီဓာတ်ပုံရိုက်ကင်မရာများ၊ အီလက်ထရွန်နစ် အသံဖမ်းကိရိယာများဖြင့် အလုပ်လုပ်ကြရမည်။ ညစဉ်ညတိုင်း ရိုက်ကူးထားသည့် ဓာတ်ပုံများကိုကူးပြီး ရဲတပ်ဖွဲ့၌ရှိသည့် အမှုဖိုင်တွဲများမှ ဓာတ်ပုံများနှင့် ယှဉ်ကြည့်သည်။

ဤသို့ဖြင့် ရဲတပ်ဖွဲ့မှအလိုရှိနေသည့် ရာဇဝတ်ကောင်များကို သိရှိလာကြရသည်။ လျှို့ဝှက်စစ်ဆင်ရေးအပြီးတွင် ရာဇဝတ်ကောင်တို့ကို သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် အမြန်ဆုံးဖမ်းဆီးနိုင်လိုက်ကြရန် ဖြစ်သည်။

ဤသို့ဖြင့် များမကြာမီ နယူးယောက်မြို့တော်ကြီး၏ ရာဇဝတ်မှု အထူပြောဆုံး ရပ်ကွက်တစ်ခု၌ ခိုးရာပါပစ္စည်းလက်ခံဆိုင်တစ်ဆိုင် ဖွင့်လိုက်သည်။ မင်ဟက်တန်ရပ်ကွက် အောက်ပိုင်းရှိ တတိယအဲဗင်းနယူး၏ ၁၂ လမ်းနှင့် ၁၃ လမ်းအကြားတွင် ဖြစ်သည်။ ထိုဆိုင်ကို ဖွင့်လှစ်လိုက်သူ စုံထောက်ကြီး ဘော့ဗ်ဂရီပင်စကိန်း၊ စုံထောက်ကြီး အာတီမာတယ်ရာနှင့် စုံထောက်ကြီး ရေဂေါ်ဒင်ဗီတို့ ဖြစ်ကြသည်။ သူတို့သုံးယောက်စလုံးက မာရီနီကုန်တင်ကားဂိတ်ဟု စာတမ်းရေးထိုးထားသည့် ကုန်ကားကြီးထဲ၌ ရဲတပ်ဖွဲ့မှ ကျွမ်းကျင်သူအချို့က ဖုံးကွယ်ထားသော အပေါက်များကြားထဲမှ ကင်မရာများဖြင့် ဆိုင်ထဲသို့ ဝင်လာသမျှသူအားလုံးကို တိတ်တဆိတ် ဓာတ်ပုံရိုက်ယူကြသည်။

မာရီနီကုန်တင်ကားဂိတ်သည် ဖွင့်ဖွင့်ချင်းပင် အောင်မြင်ခဲ့သည်။ မည်မျှအောင်မြင်သမည်းဆိုလျှင် ထိုဆိုင်၏ လုပ်ရပ်မျိုးကို အခြားနေရာများ၌ ဖွင့်လှစ်ထားရှိသော ခိုးရာပါပစ္စည်းလက်ခံဆိုင် (ရဲတပ်ဖွဲ့က ဟန်ပြဖွင့်လှစ်ထားသည်)များကပင် အတုယူကြရသည်အထိဖြစ်သည်။

လုပ်ငန်းအစတွင်ပင် မာရီနီတို့က ဒလန်တစ်ဦး၏ ခိုးရာပါပစ္စည်းကို တစ်ဒေါ်လာတန်ကို (၁၀)ဆင့်နှုန်းဖြင့် ဝယ်ယူလက်ခံလိုက်သည်။ ထိုမှ ရက်သတ္တပတ်အနည်းငယ်အတွင်း နယူးယောက်တစ်မြို့လုံးက ဒုစရိုက်သမားတို့ မာရီနီ၏ဆိုင်သို့ စုပြုံရောက်ရှိလာကြတော့သည်။ မာရီနီတို့က ထိုခိုးရာပါပစ္စည်းများကို ညတွင်းချင်းပင် ရဲဌာနချုပ်သို့ လာပို့ပြီး အမှုဖွင့်ထားသော အမှုများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ကြသည်။

ထိုကာလမှာပင် အကစ်တိုရီးယားရပ်ကွက်၌လည်း ရစ်ချီတို့က အလုပ်ဖြစ်နေကြသည်။ သူတို့ဆိုင်သို့ လာရောက်ရောင်းချကြသော ခိုးရာပါပစ္စည်းများ၏ တန်ဖိုးမှာ ဒေါ်လာ ၇၀၀,၀၀၀ မျှပင် ရှိနေလေပြီ။ ထို့ပြင် ပစ္စည်းလက်ရောက် ထုခွဲရောင်းချကြသူ ဒုစရိုက်သမားတို့ကိုလည်း အထောက်အထားခိုင်ခိုင်လုံလုံဖြင့် ဖမ်းဆီးဖို့ အချိန်တန်ပြီဟု ရဲစုံထောက်အဖွဲ့က ဆုံးဖြတ်လိုက်ကြသည်။ သို[...] နောက်ဆုံး ရစ်ချီကို ဖမ်းသူနေရာ[...] အစားဝင်ပြီး ပါတီပွဲကလေးတစ်ခုပေး[...] ဒုစရိုက်သမားတို့ကို ထောင်ချောက်ဆင်[...] ဖမ်းဆီးလိုက်နိုင်ခြင်းပင် ဖြစ်သည်။

ဤသို့လျှင် အကစ်တိုးရီးယား[...] ကွက်မှ ရစ်ချီ၏ ထောင်ချောက်ဆင်[...] ပွဲကြီး အောင်မြင်ခဲ့သည့်တိုင် မာရီနီ[...] ဆိုင်သို့ အုံ့ဖွယ်ကောင်းစွာ ဒုစရိုက်သ[...] တို့ အဝင်အထွက်မပြတ်ခဲ့ခြင်းပင် [...] သည်။ ယခင်ကထက်ပင် ပို၍အလုပ်[...] နေသေးသည်။ မကောင်းတတ်သ[...] ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလကုန်[...] မာရီနီတို့၏ဆိုင်ကို ပိတ်ပစ်လိုက်သည်[...] ထိုအချိန်တွင် မာရီနီတို့သည် ခိုးရာ[...] ပစ္စည်းတန်ဖိုး ဒေါ်လာငါးသန်းဖိုး[...] လက်ခံရရှိထားပြီး ဖြစ်နေသလို ဒုစရိုက်[...] သမား ၅၀ ခန့်ကိုလည်း အမှုဆင်နိုင်[...] အထောက်အထားများ ရရှိခဲ့သည်။

ဤနယူးယောက်ရဲတပ်ဖွဲ့၏ အော[...] မြင်မှုကို အမေရိကန်ပြည်ထောင်စု[...] အခြားသော ပြည်နယ်ရဲတပ်ဖွဲ့များ[...] အထူးချီးကျူးဂုဏ်ယူကြသည်။ အင်[...] နိုင်ငံမှ စကော့တလန်ယာ့ဒ်ကပင် [...] ထောက်ချုပ်တစ်ဦးကို စေလွှတ်ပြီး [...] ထောက်ရဲမှူး ဖရန်စစ်ဟာရွန်၏ နည်း[...] စနစ်များကို လေ့လာမှတ်သားစေသည်[...] အထိ ဖြစ်ခဲ့သည်။ လေ့လာရေးအပြီးတွ[...] "တာဝန်ထမ်းဆောင်နေကြတဲ့ ခင်ဗျား[...] အထဲကတော့ စုံထောက် ဖရန်စစ်ဟာ[...] ဟာ အထူးခြားဆုံး လူတစ်ဦးပါပဲဗျာ" [...] စကော့တလန်ယာ့ဒ်စုံထောက်ကြီး[...] မှတ်ချက်ချသွားသည်။

ဘနွင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com



# မွေးနေ့လက်ဆောင်

■ အသင်္ခယာ

မွေးနေ့ဖိတ်တယ်တဲ့။ ရင်းနှီးတဲ့ သူငယ်ချင်းတစ်ယောက်က သတင်းပေးသည်။ ကြီးကြီးကျယ်ကျယ်မလုပ်ပါ။ လူရင်း၊ မိတ်ဆွေရင်းများကိုသာ အမှတ်တရလေးဖြစ်အောင် ဖိတ်ခြင်းဖြစ်ပါသည်တဲ့။

မွေးနေ့ပွဲလုပ်တဲ့ မိတ်ဆွေကလည်း ရာထူးကြီးကြီး ဂုဏ်သရေရှိလူကြီး။ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေလည်းဖြစ်သောကြောင့် သူက မွေးနေ့ဖိတ်တယ်ဆိုတော့ မွေးနေ့လက်ဆောင် အမှတ်တရ တစ်ခုခုတော့ ဝယ်ပေးရမှာပေါ့။

ဇနီးသည် မဌေးနုနှင့် တိုင်ပင်ကြည့်သည်။ မဌေးနုက ကိုသီတာ့သဘောဟု ဆိုသည်။

ဆိုတော့ကာ ကိုသီတာသည် စာမူခ စုဆောင်းထားတာကလေးများကိုထုတ်ကာ စတိုးဆိုင်တစ်ခုကို ဝင်ကြည့်သည်။ လက်ဆောင်ပေးရမည့် ပစ္စည်းကို ရှာသည်။ တန်ဖိုးကိုလည်း ကြည့်ရသည်။ တန်ဖိုးကြီး၍ လိုက်မမီတာတွေက အများကြီး။ သို့သော်လည်း မွေးနေ့အမှတ်တရအတွက်တော့ သင့်တော်တာ တစ်ခုခုကို ဝယ်ရမည်။

တွေ့ပြီ။ ပါတဲ့ငွေနဲ့ ပစ္စည်းတန်ဖိုး ချိန်ထိုးကြည့်ကာ ဆိုင်မှာတင် ပက်ကင်လုပ်ပြီး ယူလာခဲ့သည်။ အိမ်ရောက်တော့ မဌေးနုက –

"ဝယ်ခဲ့ပြီလား"

"အေး ..."

"ဘာဝယ်ခဲ့တုံး"

"စပို့ရှပ်ကလေးပါကွာ။ ငါ့စိတ်ကြိုက် အရောင်ရော အဆင်ရော။ သူနဲ့တော့ လိုက်ပါတယ်"

"မကြည့်ရဘူးလား"

"ပက်ကင်လုပ်လာတယ်ကွ"

မဌေးနုက ပက်ကင်ဘူးကလေးကို ကြည့်ကာ –

"ဖွင့်ရလွယ်ပါတယ်။ နောက်ပြီး သေသေချာချာပြန်ပိတ်ပေးမယ်။ ဟုတ်လား"

ဟုဆိုကာ ပက်ကင်ဘူးကလေးကို ကပျာကယာဖွင့်လိုက်သည်။

"ဟယ် ... လှလိုက်တာ၊ အဆင်ရော၊ အရောင်ရော ဘာမှပြောစရာမလိုဘူး။ အဲဒါမျိုး ကိုသီတာ တစ်ထည်လောက်ဝယ်ဝတ်ပါလား"

"ဟေ ..."

"ဘာဖြစ်လို့လဲ"

"စဉ်းစဉ်းစားစားပြောပါကွာ။ မင်းကလဲ"

"ဘာဖြစ်လို့လဲ"

"တစ်ထည်ဘယ်လောက်လဲ။ မင်းသိရဲ့လား"

"ဘယ်လောက်မို့လို့လဲ"

"သုံးသောင်းနှစ်ထောင်ကွ"

"ဩော် ... သုံးသောင်းနှစ်ထောင် တောင်လား။ ဒါကြောင့်မို့ ကောင်းတာကိုး"

ဟု ပြောကာ ပက်ကင်ဘူးကလေးကို ကပျာကသီပြန်ပိတ်လိုက်သည်။ ပြီးမှ

"ကိုသီတာ ... လက်ဆောင်ပေးတာက သုံးသောင်းနှစ်ထောင်တန်ဆိုတော့ ရှင်ကော အဲဒီလောက်တန်တာ ဝတ်ဖူးရဲ့လား"

"မင်းအသိပါကွာ"

"ဩော် ... ကိုယ့်အတွက်တော့ ဝယ်မဝတ်နိုင်ဘူး။ သူများကိုလက်ဆောင်ပေးတာကတော့ သုံးသောင်းကျော်တန်"

ခဏမျှစဉ်းစားကာ ထပ်ပြောလိုက်ပြန်သည်။

"ဒါကြောင့်မို့ လူကြီးသူမ စကားပုံရှိတာပဲ။ စားစရာမရှိပေမဲ့ ကျွေးစရာတော့ ရှိရမယ်ဆိုတဲ့စကား မှန်ပါလား"

ပြောပြောဆိုဆို သူအိမ်ထဲသို့ လှည့်ဝင်သွားသည်။ ကျွန်တော်သာ မွေးနေ့လက်ဆောင်အထုပ်ကလေးကို ကိုင်ကာ ကျန်နေခဲ့သည်။

■ အသင်္ခယာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လပေါင်းခြောက်ဆယ်ကြာ ဘီလူးကျွန်းမှာ

## မြသိန်း

ဘီလူးကျွန်း

မြန်မာနိုင်ငံတောင်ပိုင်း၊ မွန်ပြည်နယ်၊ သံလွင်မြစ်ဝတွင် တည်ရှိသော ကျွန်းကြီး တစ်ကျွန်း၏အမည်။

ဘီလူးကျွန်းဟုအဘယ့်ကြောင့် ခေါ်ရသည်ကို မည်သူကမျှ တိတိကျကျ မပြောနိုင်ကြပါ။

ဘီးလူးကျွန်း။ ချောင်းဆုံမြို့ ဇာတိဖြစ်သော၊ ဤစာရေးသူ၏ အဘွား ဖြစ်သူ ဒေါ်ပုအုံသည် ဘီလူးကျွန်းဟု အသံထွက်၍မခေါ်ပါ။ ဖလူးကျွန်းဟု အသံထွက်၍ ခေါ်သည်။ ကျွန်းကမ်းစပ်တစ်လျှောက်တွင် ဖလူးပင်များ ပေါက်တယ်၊ ဒါကြောင့် ဖလူးကျွန်းလို့ခေါ်ကြတယ်ဟု အဘွားကပြောပါသည်။

ဤစာရေးသူ တွေးမိသည်မှာ ကျွန်းသူကျွန်းသားများက ဖလူးကျွန်းဟု ခေါ်သည်ကို ကျွန်းအမည်ပေးရသော အာဏာပိုင်များက ဘလူး(အပြာရောင်)ဟုထင်ပြီး အင်္ဂလိပ်လို ဘလူးအိုင်လင် (Blue Island -အပြာရောင်ကျွန်း)ဟု အမည်ပေး အသံထွက်ရာမှ ဘီလူးကျွန်းဟူသော အမည်တွင်လာလေသလားဟူ၍ ဖြစ်ပါသည်။

ဘီလူးကျွန်းတွင် မွန်တိုင်းရင်းသားများနေကြ၏။ အများစုမှာ ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်။

ရှေးအခါက ထိုကျွန်းတွင် ရွာပေါင်း ခြောက်ဆယ့်လေး(၆၄)ရွာရှိခဲ့၏။ ချောင်းဆုံမှာ အကြီးဆုံးရွာဖြစ်၏။ ချောင်းဆုံကို မြို့ဟုသတ်မှတ်လိုက်၏။

ကျွန်း သူကျွန်းသား အများစုမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး ပင်လယ်ကမ်းစပ်၌ နေသူများမှာမူ ငါးလုပ်ငန်းဖြင့် အသက်မွေးကြ၏။

ဘီလူးကျွန်းရှိ ရွာလွတ်ရွာသည် စက်မှုလက်မှုလုပ်ငန်းဖြင့် နာမည်ကြီး၏။ ဆေးတံခေတ်က ရွာလတ် (မိတ်အင်ရွာလွတ်)သည် ကျော်ကြားခဲ့၏။

၁၉၃၃ ခုနှစ်၊ ဇူလိုင်လထဲတွင် (ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်လဲ) စာရေးသူကို ဘီးလူးကျွန်း၏ ချောင်းဆုံမြို့၌ မွေးဖွားခဲ့၏။ စာရေးသူ၏ ဖခင်ဦးငွေကိုင်မှာ သထုံမြို့ဇာတိဖြစ်ပြီး မိခင်ဒေါ်လုံးတင်မှာ ချောင်းဆုံဇာတိ ဖြစ်ပါသည်။

စာရေးသူ၏အဘွား (မိခင်၏မိခင်)အမည်မှာ ဒေါ်ပုအုံဖြစ်ပြီး သားသမီးလေးယောက်ရပြီး အသက် ၂၆ နှစ်အရွယ်၌ မုဆိုးမဘဝရောက်ခဲ့၏။ အဘယ်ကြောင့် ဒေါ်ပုအုံဟုအမည်မှည့်ရသည်ကို စာရေးသူမစပ်စုပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ပျားအုံ၏ ညီမအမည်မှာ ဒေါ်ပျားရှုံ ဖြစ်ပါသည်။ ဤတွင် ထိုခေတ်ထိုအခါက အမည်ပေးပုံနှင့် ယခုခေတ်အမည်ပေးပုံကွာခြားမှုရှိပုံကို ရေးလိုပါသည်။

စာရေးသူတို့၏ မိဘ ဘိုးဘွားများခေတ်က အမည်ပေးရာတွင် စာလုံးနှစ်လုံးသာပါ၏။ မြသိန်း၊ အေးမြင့်၊ ဘမြင့်၊ စိုးမြင့်၊ တင်နွယ်၊ ဖေအောင်စသည်ဖြင့်။ စာရေးသူ၏ ဘကြီးတစ်ယောက်အမည်မှာ စိန်ပြန်(ဦးစိန်ပျံ) ဖြစ်သည်။

အဘယ့်ကြောင့် ထိုအမည်ကို မှည့်ရသနည်းဟု အဘွားဒေါ်ပျားအုံကို မေးရာ အဘွားက "ဇာတ်မင်းသား ဦးဖိုးစိန်ဘိုပြီးမှလာကပြီး ပြန်သွားတဲ့နေ့မှာ သူ့ကိုမွေးလို့ သူ့ကို ဖိုးစိန်ပြန်(စိန်ပြန်) လို့ မှည့်တာကွဲ့" ဟု ပြောပြပါသည်။ စာရေးသူ အဘိုး၏ ဖခင်အမည်မှာ ဦးဖိုးဏာဖြစ်ပြီး ဦးဖိုးဏာ၏ ဇနီးအမည်မှာ ဒေါ်ကုလားမဖြစ်ပါသည်။ ဤသည်မှာရှေးခေတ်က အမည်ပေးပုံနှင့် ယခုခေတ်အမည်ပေးပုံ ကွာခြားချက်ပင် ဖြစ်ပါသည်။

စာရေးသူလူမှန်းမသိမီ၊ စာရေးသူ၏ဖခင်သည် သံဖြူဇရပ်တွင် စာတိုက်စာရေး အလုပ်ရသည့်အတွက် စာရေးသူသည် မိဘများနှင့်အတူ သံဖြူဇရပ်သို့ရောက်သွားပါသည်။

မွန်ပြည်နယ်-မော်လမြိုင်-မုဒုံမြို့များ၏ တောင်ဘက်တွင်ရှိသော သံဖြူဇရပ်သည် ထိုစဉ်က မြို့နယ်အဆင့်သို့ မရောက်သေး။ ကျိုက္ခမိ၊ ကသာမြို့နယ် အဆင့်ဖြစ်နေသည်။

သံဖြူဇရပ် ပတ်ဝန်းကျင်တွင် ကြက်ပေါင်စေးခေါ် ရော်ဘာခြံများစွာရှိရာ၊ ၎င်းရော်ဘာခြံများကို ကြီးကြပ်ရသူတို့မှာ နိုင်ငံခြားသားမျက်နှာဖြူများ ဖြစ်ကြပြီး ရော်ဘာခြံအလုပ်ကြမ်းသမားများမှာမူ အိန္ဒိယလူမျိုးများ ဖြစ်ကြသည်။

သံဖြူဇရပ်တွင်နေရင်း စာသင်ရန် အရွယ်ရောက်သောအခါ သံဖြူဇရပ်ရှိ ဗိုလ်ဦးအလွှတ်ပညာသင်ကျောင်း၌ မူလတန်းပညာရေးကို စတင်သင်ယူရပါသည်။

ဒုတိယကမ္ဘာစစ်ကြီးထဲ ဂျပန်ဝင်ပြီး ဂျပန်တပ်ဦး သံဖြူဇရပ်သို့ ဝင်ရောက်လာချိန်က စာရေးသူသည် သံဖြူဇရပ်တွင် ရှိနေပါသည်။

ဂျပန်တို့ဝင်လာပြီး ခြောက်လအကြာ၌ စာရေးသူ၏ မိဘများသည် ချောင်းဆုံမြို့သို့ ပြန်၍နေထိုင်ကြသည်။ ဘီလူးကျွန်း ချောင်းဆုံတွင် စာရေးသူသည် လပေါင်းခြောက်ဆယ်(ငါးနှစ်)နေခဲ့ရသည်။ ဂျပန်တစ်ခေတ်လုံးနှင့် စစ်ကြီးလာပြီး ၁၉၄၆ ဒီဇင်ဘာအထိ ချောင်းဆုံတွင်နေခဲ့ရပြီး၊ ၁၉၄၆ ဒီဇင်ဘာကုန်ခါနီး၌ စာရေးသူ၏ဖခင်သည် ရန်ကုန်တွင် လခစားအလုပ်ရသောကြောင့် စာရေးသူသည် ရန်ကုန်ရောက်သွားပါသည်။

ချောင်းဆုံတွင် နေခဲ့ရသော လပေါင်း ၆၀ ၌စာရေးသူတို့သည် အဘွားဒေါ်ပျားအုံ၏ ချောင်းဆုံအလ[...] ပိုင်းအိမ်တွင် နေကြပါသည်။ ဆန်မှ[...] လျှော် ဟင်းချက်စရာ အသီးအရွက်မျ[...] ကို ခြံထဲမှရပါသည်။ မကျည်းရွ[...] ကင်မွန်းရွက်၊ ပိုးစာရွက်၊ ဒန့်ဒလွ[...] မဲဇလီစသောအသီးအရွက်များ။ သရ[...] မာလကာ၊ နာနတ်စသော အသီးမျ[...] အပင်များသည် ခြံထဲ၌ရှိ၏။ လော[...] အတွက်ထင်းကို တောထဲတွင် သွားခု[...] သည့်အခါ စာရေးသူသည် လိုက်ပါသွ[...] ပြီး မိုးဦးကျခါစ၌ မှိုရှာ၊ မျှစ်ရှာသွားသ[...] လည်းစာရေးသူသည် လိုက်ပါသွား[...] ချောင်းများတွင် ငါးမျှားသည့်အတတ်[...] လည်း စာရေးသူတတ်၏။ အဘွား[...] ပျားအုံနှင့်အဘွားဒေါ်ကုလားမတို့သ[...] ငါးပိလုပ်တတ်ကြရာ တစ်နှစ်စာ ငါ[...] လုပ်ရာ၌စာရေးသူတို့ဝိုင်းကူလုပ်ကြ[...]

စာရေးသူသည် ချောင်းဆုံရှိ ဆ[...] ကြီးဦးအောင်ဒင်ကျောင်း၌ မူလတ[...] ပညာကို သင်ရပါသည်။

စစ်ဖြစ်ခါစက ဘီလူးကျွန်းသ[...] စစ်လမ်းကြောင်း မရှိသောကြော[...] အေးအေးချမ်းချမ်း ရှိပါသည်။ မော်လမြ[...] မြို့တွင် နေရဲသူသိပ်မရှိဘဲ၊ ဘီလူးကျွ[...] သို့လာ၍ စစ်ဘေးခိုလှုံသူများသည်[...]

ဘီလူးကျွန်းချောင်းဆုံတွင် စာ[...] သူသည် သူငယ်ချင်းများနှင့် ဟိုဟို [...] သွားလာဆော့ကစားရင်း ရေကူးတ[...] သွားပါသည်။ ချောင်းထဲ၊ ကန်[...] စမ်းချောင်းထဲဆော့ကစားရင်း ရေ[...] တတ်သွားခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီး ဦးအောင်ဒင်ကျောင်း၌ မူလတန်းပညာသင်ရင်း စာရေးသူသည် မြန်မာစာ ဖတ်တတ်သွားသည့်အခါ၊ စာရေးသူ၏အဒေါ် ဒေါ်လုံးရင်၏ စာအုပ်သေတ္တာကို မွှေနှောက်ရင်း နတ်သျှင်နောင် နားခံတော်စသော ရာဇဝင်ဝတ္ထုများကို ဖတ်ပါသည်။ စာဖတ်တတ်ချိန်မှစ၍ စာရေးသူသည် ဝတ္ထုစာအုပ်များဖတ်ပါသည်။ ထို့မှစ၍ စာဖတ်ဝါသနာပါလာပါတော့သည်။ ဒေါ်လုံးရင် (အန်တီငယ်) သည် စစ်မဖြစ်မီက ရန်ကုန်ဂျပ်ဆင်ကောလိပ်တွင် ပညာဆည်းပူးနေရာ စစ်ဖြစ်သောအခါ ပညာတစ်ပိုင်းတစ်စနှင့် ချောင်းဆုံတွင် ပြန်လည် နေထိုင်ခြင်းဖြစ်သည်။ (ဤစာရေးနေချိန်ထိ ဒေါ်လုံးရင်သည် အသက် ၉၀ ကျော်ကျော်ဖြင့် အသက်ရှင်သန်နေဆဲ ဖြစ်ပါသည်။)

ချောင်းဆုံတွင် နေထိုင်စဉ် "ချွေးတပ်" ဟူသော စကားလုံး ပေါ်လာပါသည်။ သံဖြူဇရပ်မှ ဘုရားသုံးဆူသို့ မီးရထားလမ်းဖောက်ရန် အလုပ်သမားများလိုသောကြောင့် ဂျပန်တို့သည် အလုပ်သမားများကို အတင်းအဓမ္မ လိုက်လံ ခေါ်ယူရာ၊ ဤသည်ကို "ချွေးတပ်"ဆွဲသည်ဟု ခေါ်ကြပြောကြ၏။ (ချောင်းဆုံမှ ချွေးတပ်ထဲပါသွားသူတချို့သည် ထိုရထားလမ်းဖောက်စဉ် ရောဂါများရ၍ သေသူသေပြီး၊ အချို့မှာမူ ငှက်ဖျားရောဂါရပြီး ပြန်ရောက်လာ၏။ နောင်အခါဝယ် ထိုမီးရထားလမ်းကို "သေမင်းတမန်လမ်း" ဟု ခေါ်ကြသည်။

ချောင်းဆုံတွင် နေခဲ့ရသော ရက်များ၌ နေထိုင်မကောင်းလျှင် တိုင်းရင်းမြန်မာ ဆေးဆရာများဖြင့်သာ ဆေးဝါးကုသမှုခံယူခဲ့ရပုံများကို ယနေ့တိုင် မှတ်မိပါသည်။ လူတိုင်းလူတိုင်းတိုင်းရင်းဆေးများကိုသာ မှီဝဲကြရ၏။

ချောင်းဆုံတွင် စစ်ဘေး ခိုလှုံရင်း စစ်သတင်းကို တိုးတိုးတိတ်တိတ် ရေဒီယိုမှတဆင့် နားထောင်သူများရှိကြောင်း နောင်အခါမှ စာရေးသူသိရသည်။ ဂျပန်စစ်ပုလိပ်များဖြစ်သော ကင်ပေတိုင်များသည် ရေဒီယိုရှိသူကို ရှာဖွေ၍ ရက်ရက်စက်စက် အပြစ်ပေးလေ့ရှိ၏။

ဂျပန်တို့ စစ်ထဲဝင်လာပြီး နှစ်နှစ်ကျော်ကျော်အကြာ၌ ဂျပန်တို့၏ စစ်အရှိန်သည် တန့်သွားကာ မဟာမိတ်တို့က အရေးသာလာသည်။ မော်လမြိုင်မြို့ရှိ ဂျပန်စစ်စခန်းများကို မဟာမိတ်လေယာဉ်များက ဗုံးကြဲချမှုပြုလုပ်လာ၏။ စစ်ပြေးဒုက္ခသည်များ ဘီလူးကျွန်းတွင် ပိုများလာသည်။

ချောင်းဆုံတွင် နေထိုင်စဉ် 'ချွေးတပ်' ဟူသော စကားလုံး ပေါ်လာပါသည်။ သံဖြူဇရပ်မှ ဘုရားသုံးဆူသို့ မီးရထားလမ်းဖောက်ရန် အလုပ်သမားများလိုသောကြောင့် ဂျပန်တို့သည် အလုပ်သမားများကို အတင်းအဓမ္မ လိုက်လံခေါ်ယူရာ၊ ဤသည်ကို 'ချွေးတပ်' ဆွဲသည်ဟု ခေါ်ကြပြောကြ၏။ (ချောင်းဆုံမှ ချွေးတပ်ထဲပါသွားသူ တချို့သည် ထိုရထားလမ်းဖောက်စဉ် ရောဂါများရ၍ သေသူသေပြီး၊ အချို့မှာမူ ငှက်ဖျားရောဂါရပြီး ပြန်ရောက်လာ၏။ နောင်အခါဝယ် ထိုမီးရထားလမ်းကို 'သေမင်းတမန်လမ်း' ဟု ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ အဘွားအိမ်တွင် ရွှေကုန်သည် ဘာဘူကုလားမိသားစု ငှားနေသောကြောင့် စာရေးသူတို့သည် အိမ်ခေါင်းရင်း မြေကွက်လပ်၌ သစ်သားတန်းလျားထိုး၍ နေကြရသည်။

"ကျွဲကြီးဟု" အရပ်သားများခေါ်သော မဟာမိတ်လေယာဉ်များသည် ဘီလူးကျွန်းပေါ်မှဖြတ်၍ မော်လမြိုင်မြို့နှင့် ပတ်ဝန်းကျင်ရှိ ဂျပန်စစ်တပ်များကို ဗုံးကြဲတိုက်ခိုက်၏။ အစပထမတွင် ဂျပန်တို့က လေယာဉ်ပစ်အမြောက်များဖြင့် ပစ်ခတ်သော်လည်း နောက်ပိုင်းတွင် မပစ်နိုင်တော့။ ချောင်းဆုံမြို့ရှိ မြင့်မိုရ်တောင်ဟုခေါ်သော တောင်ပေါ် ဘုရားတန်ဆောင်းပေါ်မှ ကြည့်လျှင် မော်လမြိုင်မြို့ကို မြင်ရသည့်အတွက် စာရေးသူသည် မြင့်မိုရ်တောင်ပေါ်မှ နေ၍မော်လမြိုင်မြို့ပေါ်သို့ မဟာမိတ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်ပုံ၊ ရပ်ကွက်တချို့ မီးလောင်နေပုံကိုအထင်သားမြင်တွေ့ရသည်။

ဂျပန်တို့က "ညဘက်မီးမထွန်းရ" ဟူသော နေဝင်မီးငြိမ်းအမိန့်ထုတ်လာသည့်အခါ၊ လူကြီးများက "ဂျပန်တွေစစ်ရှုံးနေပြီ ဆုတ်ခွာနေပြီ" ဟီးတိုးပြောကြသည်ကို စာရေးသူ ကြားရ၏။

သို့နှင့် တစ်နေ့ နေ့လယ်တွင် မဟာမိတ် လေယာဉ် တစ်စီးသည် ချောင်းဆုံရှိ မြင့်မိုရ်တောင်တစ်ဝိုက်ကို ဗုံးကြဲခြင်း၊ စက်သေနတ်များဖြင့် ပစ်ခြင်းပြုလုပ်ရာ အိမ်ရှေ့တွင်ကစားနေသော စာရေးသူသည် အိမ်အောက်ထဲသို့ ပြေးဝင်ပုန်းအောင်းမိပါသည်။ မဟာမိတ်တို့သည် ဘီလူးကျွန်းရှိ သူတို့၏ သူလျှိုများမှတစ်ဆင့် မြင့်မိုရ်တောင်မြောက်ဘက် တောအုပ်ထဲ၌ ဂျပန်တပ်တစ်တပ် (လူ ၃၀၀ခန့်)ရောက်နေသည့် သတင်းရသောကြောင့် ထိုသို့ ဗုံးကြဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း နောင်အခါမှ စာရေးသူ သိလိုက်ရသည်။ ၎င်းဂျပန်တပ်သည် ချောင်းဆုံတွင် တစ်ညသာ စခန်းချပြီး တောင်ဘက်သို့ ညဘက်တွင် ဆုတ်ခွာ သွားလေတော့သည်။ ထိုဂျပန်တပ်[illegible]ရှိသောအခါ ချောင်းဆုံမြို့ပေါ်ရှိ မဟာ[illegible]တ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်မှု မပြုလုပ်တော့ပါ။

ထို့ပြင် ချပ်ဖြစ်ပြီး လအနည်းငယ်အကြာ၌ စစ်ကြီးပြီးဆုံးသွား၏။ ချောင်းဆုံမြို့တွင် လာရောက်ခိုလှုံနေကြသော စစ်ပြေးဒုက္ခသည်များ မော်လမြိုင်မြို့သို့ ပြန်သွားကြရာ ချောင်းဆုံမြို့သည် ခြောက်ကပ်ကပ် ဖြစ်သွား၏။

စစ်ကြီး ပြီးဆုံးသွားသောအခါ ပြန်လည်ထူထောင်ရေး အလုပ်များကို လုပ်ကြ၏။ မြို့မိမြို့ဖများ စုဝေး၍ ကျန်းမာရေး ပညာရေးစသော လုပ်ငန်းများအပါအဝင် ပြန်လည် ထူထောင်ရေးလုပ်ငန်းများလုပ်ကြ၏။

စစ်ကြောင့် ပညာရေးထိခိုက်မှုရှိရာ ချောင်းဆုံ မြို့မိမြို့ဖများသည် ချောင်းဆုံမြို့တွင် အထက်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းကြ၏။ ပထမတွင်, ရပ်မိရပ်ဖများ[illegible] ထည့်ဝင်သော ရန်ပုံငွေဖြင့် ဆ[illegible] ဆရာမများကို လစာထောက်ပံ့ကြ[illegible] (တချို့ဆရာ/ဆရာမများသည် ထော[illegible] ပံ့ကြေးမယူကြပါ။)

စာရေးသူသည် ချောင်းဆုံမှ[illegible] တန်းလွန်ကျောင်းတွင် ပဥ္စမတန်း[illegible] စတင်ပညာသင်ခွင့်ရ၏။ ပဥ္စမတ[illegible] အောင်၍ ဆဌမတန်း၌ ပညာသ[illegible] နေစဉ် စာရေးသူ၏ ဖခင်သ[illegible] ရန်ကုန်မြို့တွင် လခစား အလုပ်တ[illegible] ရသောကြောင့်, စာရေးသူတို့သ[illegible] ၁၉၄၆ ဒီဇင်ဘာလ၌ ဖခင်ရှိ[illegible] ရန်ကုန်မြို့သို့ ရောက်သွားကြ[illegible] ရန်ကုန်၊ တာမွေမြို့နယ်၊ အနော[illegible] မြင်းပြိုင်ကွင်းလမ်း၊ အိမ်အမှတ်([illegible] ဖခင်ငှားထားသောအိမ်၌ နေကြ[illegible]

ရန်ကုန် မြန်မာနိုင်ငံ၏ မြို့တော်[illegible] ဖြစ်သော ရန်ကုန်သို့ရောက်လိမ့်မည်[illegible] အိပ်မက်ပင် မမက်ဘူးသော စာရေ[illegible] သည် မိဘ[illegible]ကြောင့် ရန်ကုန်[illegible] ရောက်လာ[illegible]တော့၏။

လပေါင်း [illegible]ဆယ်နေခဲ့သော ဘီလူးကျွန်းသည် စာရေးသူနှင့် အဝေ[illegible] ဝေးသွားပါတော့၏။


မြသိန်း[illegible]

✣ ✣ ✣



www.burmeseclassic.com

www.burmeseclassic.com



# ကျင့်သား

■ ပိုက်မင်းဝေ

ကျွန်တော်အိမ်ထောင်ကျပြီးသည်နှင့် မိဘနှင့် ခွဲနေခဲ့သည်မှာ ခြောက်နှစ်ပင် ကျော်လာခဲ့သည်။ အဖေနှင့် အမေက မြို့မှာနေသည်။ ကျွန်တော်က တောရွာကလေးတစ်ရွာတွင် နေထိုင်ရင်း စိုက်ပျိုးစားသောက် နေထိုင်သည်။ မွေးချင်းသုံးယောက်အနက် ကျွန်တော်က အကြီးဆုံး။ ညီငယ်နှစ်ယောက်ကလည်း အသီးသီး အိမ်ထောင်ကျ၍ အိမ်ခွဲကာ နေထိုင်ကြသည်။

သူတို့လည်း သားသမီးကိုယ်စီရပြီ၊ ကျွန်တော်လည်း ငါးနှစ်ကျော်ပြီဖြစ်သော သားကလေးတစ်ဦး ထွန်းကားခဲ့သည်။

သီတင်းကျွတ်ပြီဆိုသည်နှင့် အမိအဖများရှိရာသို့ နှစ်စဉ်သွားရောက် ကန်တော့မြဲ။ သည်နှစ်မှာတော့ ကိစ္စလေးအနည်းငယ်ရှိ၍ တန်ဆောင်တိုင်မှ သွားကန်တော့ဖို့ ဆုံးဖြတ်ထားသည်။ ညီငယ်တွေကတော့ သွားပြီးရောပေါ့။

တန်ဆောင်တိုင်ရောက်တော့ ကျွန်တော်တို့မိသားစု မိဘများအား ကန်တော့ရန် သွားရောက်ခဲ့သည်။

အဖေနှင့် အမေက လှိုက်လှဲဝမ်းသာစွာနှင့် –

"သားကြီးရာ ... သီတင်းကျွတ်တည်းက လာမယ်လို့ထင်ထားတာ။ ငါ့မြေးလေးကိုလည်း တွေ့ချင်နေတာ"

ဟု အဖေက ဆိုသည်။ အမေက သူ့မြေးလေးအား ပွေ့ချီလေသည်။ ကျွန်တော်က –

"အဖေရယ် ... အိမ်ကိစ္စလေးတွေ နည်းနည်းရှုပ်နေလို့ပါ"

ဟု အကြောင်းပြလိုက်သည်။

အဖေနှင့် အမေကား ခုနစ်ဆယ်နား ကပ်နေကြပြီ။ ကျွန်တော်တို့မိသားစု ညအိပ်ကြမည်။ ကျွန်တော့်ဇနီးမှာ ချက်ပြုတ်စားသောက်ရန် ဈေးသွား၏။ ကျွန်တော်နှင့် အဖေ၊ အမေတို့မှာ ဧည့်ခန်းတွင် ထိုင်၍ စကားပြောနေကြသည်။ သားကလေးကတော့ တစ်ယောက်တည်း ထိုင်ဆော့လျက်။

အမေက –

"သားရယ် ... အခုတလော အမေ့ဒူးခေါင်းတွေ ကိုက်ကိုက်နေပြီး ဖက်ကြောတွေလည်း တအားတက်နေတာပဲ"

အဖေက –

"အေးကွ ... အဖေကတော့ သွားသွားလာလာ၊ လှုပ်လှုပ်ရှားရှားဆိုတော့ ဘာမှမဖြစ်သလိုပါပဲကွာ။ မင်းအမေသာ အိမ်ထဲမှာ အညောင်းမိနေတာ"

"ဒါများ အမေရာ။ သားအမေ့ကို အကြောကိုင်ပေးမှာပေါ့။ လိမ်းဆေးရှိတယ်မဟုတ်လား"

"အေး ... ရှိတယ်"

ကျွန်တော်လည်း အမေ့အား အိပ်ရာပေါ်တွင် လှဲစေလျက် ခြေသလုံးနှင့် ဖက်ကြောများကို ဆေးပါးပါးလူးရင်း အကြောဖြေပေးနေသည်။ ကျွန်တော့်အတွေးများတွင်လည်း "နည်းတဲ့ကုသိုလ်မဟုတ်ဘူး။ ရတုန်းယူထားမှ" ဟုတွေးလျက် စိတ်ပါလက်ပါနှင့် နှိပ်ပေးနေသည်။ အမေ့ထံမှ စကားသံထွက်လာသည်။

"သားကြီးရယ်၊ မင်းနှိပ်ပေးတာကို မခံဖူးတာလား။ မင်းပဲ အနှိပ်တော်လို့လား မသိပါဘူး။ အကြောတွေကို တဖျင်းဖျင်းနဲ့ နေသာထိုင်သာရှိလိုက်တာ"

"အို ... အမေကလည်း။ ကျွန်တော် အကြောကိုင်တတ်ပါတယ်။ အမေမခိုင်းလို့ပါ"

ထိုစဉ် တစ်ယောက်တည်းကစားနေသော ကျွန်တော့်သားထံမှ စကားသံထွက်လာသည်။ သားကလေးထံမှစကားကြောင့် ကျွန်တော်တယ်သို့ဖြစ်သွားသည်ကို မပြောတတ်တော့ပါ။ ဘာတဲ့။

"ဘွားဘွားကလည်း။ ဖေကြီးက မေကြီးကို ညတိုင်းနှိပ်ပေးနေကျဗျ။ ဒါကြောင့် ကျွမ်းတာပေါ့"... တဲ့။

ပိုက်မင်းဝေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ပေါဝန်မြိုင်တာန်း
# လွမ်းအောင်ဖန်

### လေးမောင်

အမှန်အတိုင်းပြောရလျှင် ...
သည်ဇာတ်လမ်းကို ရေးသားဖို့ စိတ်ကူးခဲ့သည်မှာ
ကြာမြင့်ခဲ့ပေပြီ။ သို့သော်အကြောင်း
မညီညွတ်ခဲ့သဖြင့် မရေးသားနိုင်ခဲ့ပါ။
တကယ်တော့လည်း ဇာတ်လမ်းက
ကျွန်တော့်ကိုယ် တွေ့ဇာတ်လမ်းမဟုတ်။
ကျွန်တော် ၁၉၈၀ ခုနှစ်လောက်
မြန်မာပြည်တစ်နံ့တစ်လျား
လိုက်လံအမဲပစ်ခတ်စဉ်ကာလက
တစ်ခုသော ဧရာဝတီတိုင်း၊ ငါးသိုင်းချောင်းမြို့
ဟိုမှာဘက်ရှိ "သီတာကုန်းမြေ"နှင့်
ဆက်စပ်နေသော "ပွ လမ်းမကြောင်း"
တစ်လျှောက် ကျင်လည်ကျက်စားနေသော
ဒေသခံမုဆိုးကြီး "ဦးညပ်တာ"၏ ကိုယ်တွေ့
ဖြစ်စဉ်ကို အဆင်ပြေအောင် ရေးသားရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဘိုလေး .. ငါ ဒီနေ့ အထိ အဖြေရှာမရသေးတဲ့ လွမ်းစရာကောင်းတဲ့ အဖြစ်အပျက်ကလေးတစ်ခုကို မင်း ရေးချင် ရေးနိုင်အောင် ငါ ပြောပြမယ်ကွ၊။ သည်အကြောင်းတွေကို လူတွေက ယုံချင်မှ ယုံမယ်။ ငါကတော့ ဒီနေ့အထိ သူ့ကို တောအန့်၊ တောင်အန့်ရှာဖွေမိတုန်းကွ"

ဟု ဆိုလာသည်။ ဦးညွှပ်တာဆိုတာကလည်း ဆင်ပစ်မုဆိုးကြီး "ဆင်ဘိုးထွန်း"၏ လက်ရင်းတပည့်၊ နေတာက "တာဥစမ်းစခန်း" ရခိုင်ရိုးမကြီး၏ အနက်ရှိုင်းဆုံးနေရာ။

တစ်နေ့ .. စာအုပ်ဆိုင်မှ သမီးငှားလာခဲ့သော စာအုပ်ကို ကောက်ယူဖတ်လိုက်မိတော့ **"လျှမ်းတောက်"၏"သမိုင်းထဲက အံ့ဖွယ်သတ္တဝါများ"** အကြောင်းကို ဖတ်ရှုလိုက်မိသည်။

သူ့ရေးသားချက်များကလည်း ဆရာကြီးမြကေတု၏ "လူမျောက်မောင်မောင်"ကို မှီငြမ်းထားသည်။

၁။ ဘိုးတော်ဘုရားလက်ထက် တောင်ငူမြို့၊ မြတ်စောညီနောင်ဘုရား၊ အရှေ့တောင်ဘက်တောတွင်းတစ်နေရာမှ သည် (လူခြောင်း)တစ်ကောင်ကို တောင်ငူမြို့ဝန်က ဆက်သလာသည်။

၎င်း လူခြောင်းမှာ ခြေတစ်ချောင်းသာ ပါရှိသည်။ လက်မောင်းရင်း၌ အတောင်များ ပါရှိပြီး လူ၏မျက်နှာနှင့်တူသည်ကို တွေ့ရသည်။

၂။ ဘိုးတော်ဘုရားလက်ထက် မင်းကွန်းတွင် ယာယီစံနန်းတော်နှင့် စံမြန်းနေစဉ် မိုးကောင်းမြို့ဝန်က တောမှရသည့် ကိန္နရာကောင်(အခြောက်)တစ်ခုကို ဆက်သလာသည်။ ယခု လူတို့ ရေးဆွဲမြင်တွေ့ရနေရသည့် ကိန္နရာရုပ်သဏ္ဍာန်ပင်။

၃။ ဘကြီးတော်ဘုရားလက်ထက် သဘော်သူကြီး ကုလားလူမျိုး (တာစပ်)က ပင်လယ်တွင်း သဘော်နှင့်သွားစဉ် ရေပေါ်၌ ပေါလောမျောနေသော "နဂါးနှင့် ဂဠုန်" အခြောက်တစ်စုံကို တွေ့၍ ပေးဆက်လာသည်။ ထိုနှစ်ကောင်ကား ခိုက်ရန်ဒေါသဖြစ်ပြီး တိုက်ခိုက်ကြရာမှ သေဆုံးကြဟန်တူသည်။၎င်းအကောင်ငယ်များကို တွေ့မြင်ကြရသူများမှ ယခုခေတ် ပန်းချီဆရာများ ရေးဆွဲသော ဂဠုန်နှင့်နဂါးများရုပ်နှင့် တစ်ထေရာတည်းတူသည်။

၄။ ဘကြီးတော်ဘုရားလက်ထက် ရွှေ့မျက်နှာ၊ ဒုတ္တဝတီမြစ်တွင်း ရေသူမပေါ်သည်ဟု လူအများတွေ့မြင်ကြရသည်။ ပန်းချီဆရာက ပုံတူရေးဆွဲပြီး "နန်းစဉ်ပုရပိုဒ်" ဇာတွင်းပင် ရေးဆွဲထားသည်။

၅။ ဘကြီးတော်ဘုရားလက်ထက် အင်းဝမြို့ "သီပေါမင်းသား"ဇင်းဝင်အနောက်ဘက်ရှိ ရေကန်ဝ၌ ညအခါ မိုးအလွန်ရွာသဖြင့် ရေပြည့်လျှံရာ အမောက်နှင့် နဂါးငါးကောင်ပေါ်ကြောင်း၊ ယခုအခါ လူများမြင်တွေ့ကြရသည့် ပန်းချီဆရာ ရေးဆွဲကြသော နဂါးပုံမျိုးပင်။

ဆောင်းအကုန် နွေအကူးပေမယ့် မြူနှင်းတို့က ရှိနေဆဲ။

သစ်ရိုင်းပင်ကြီးများကား ရွက်ဖားဝေဝေတို့နှင့်အတူ စိမ်းမြမြ ကမ္ဘာကြီးလွှမ်းခြုံခံထားရဘိနှယ်ပင်။ ရိုးမကြီးတစ်ခွင်တစ်ပြင်လုံး လျှို၊ မြောင်၊ တောင်တန်းစိမ့်စိမ်းများနှင့် တောရိပ်တောင်ရိပ်များက လွှမ်းမိုးထားနေသလို အလွန်အမင်း အေးမြလှပြီး နှင်းမှုန်များကလည်း သစ်ရိုင်းပင်ကြီးများအတွင်းမှ သစ်ရွက်ဖားဖားကြီးတို့နှင့်အတူ ရှိနေကြသလို ချုံနွယ်ပိတ်ပေါင်းများအတွင်း သို့ တိုက်ခတ်လိုက်ကြသော လေပြေတို့နှင့်အတူ ဝေ့ဝဲ... လွင့်လျက်ရှိနေကြသည်။

ဟိုအဝေးဆီက ညို့ည... မှိုင်းမှိုင်း အသွင်မျိုးနှင့် တော... တန်း တောင်သွယ်များက ... တဝါးအသွင်နှင့်ရှိနေကြသည်...

ကျွန်တော်တို့ရောက်... နေကြသောနေရာမှ လှမ်းမြ... နေရသော တောင်မကြီးပေါ်... နေလုံးနီနီ၏အရောင်သည်... မြူနှင်းတို့ကို တိုးဝင်ထိုးဖောက်... ဖို့ ကြိုးစားနေသည်က အ... ကား မထင်သေး။ မတောက်... နိုင်သေးဘဲ နှင်းကမ္ဘာကြီး... လွှမ်းမိုးထားမှုကြောင့် ည... ဆည်းဆာတိမ်တောက်နေသ... အသွင်မျိုးဖြင့် ဝန်းကျင်အ... လွှမ်းခြုံကာ စိမ်းမြမြသစ်ရိုး... ရွက်ကြီးတို့ဆီမှ တဖိတ်ဖိတ်... တလက်လက်ဖြင့် ရောင်ပြ... များ ဟပ်လျက်ရှိနေသည်။

ကျေးငှက်သာရကာ... က သူတို့၏ အိပ်တန်းများဆီ... စားပင်များရှိရာဆီသို့ ပျံသ... သွားနေကြသလို ဟိုနေရာ... သည်နေရာများဆီတို့မှ တော... ကြက်ဖငယ်များ၏ တစာစာ... တွန်သံ၊ တဒီးဒီးနှင့် ရစ်ဖကြီး... ၏ အဘောင်ခါသံ၊ အော... ချင်းငှက်တို့နှင့် ငှက်ဒါးခေါ... တို့၏ အော်သံ၊ လင်းသ...



www.burmeseclassic.com

www.burmeseclassic.com

ရှုးပျံ၊ ရှဉ့်ဘေးကြားလေးတို့၏ အစာမာန်ဖီသံ၊ မျောက်တို့ အော်သံများကို ကြားနေရသည်။

နံနက်ခင်း၏ ကျေးငှက်သံများ တစာစာကြောင့် ကြည်နူးစရာကောင်းနေသည်ဟု ထင်ရသော်လည်း ကျွန်တော်တို့အဖို့တွင် ဘယ်လိုမှမကြည်နူးနိုင်။ အကြောင်းက ကျွန်တော်တို့အုပ်စု ပြောင်အုပ်ကြီး၏ နောက်သို့ ခြေရာကောက်ကြရင်း လိုက်ခဲ့ကြစဉ် မမျှော်လင့်ဘဲ ရိုးကျားကြီးတစ်ကောင် တောင်လိပ်ကို ပက်လက်လှန်၍ ပုတ်ခတ်ဆော့ကစားနေချိန်နှင့် ကြုံကြိုက်သွားသဖြင့် အစာမာန်တက်၍ လူကို အန္တရာယ်ပေးလာသဖြင့် ဝိုင်းဝန်းပစ်ခတ်ကြရာ နောက်ဆုံး ရိုးကျားကြီးနှင့် တောင်လိပ်ကြီးကို ရရှိလိုက်ကြသဖြင့် အချိန်လင့်သွားခဲ့ကြရပေသည်။

ဆက်လက်ပြီး ပြောင်အုပ်နောက်သို့ ခြေရာခံလိုက်ကြရင်း ယခုကဲ့သို့ မွန်းလွဲပိုင်းသို့ ရောက်ရှိလာခဲ့ကြသော်လည်း ပြောင်ခြေရာကောက်မှုကိစ္စက ထူးခြားမလာသေး။

ယခု ရောက်ရှိနေသော နေရာ၏ မြေအနေအထားသည် တောတို့က ထူထူထပ်ထပ်မဟုတ်။ ချုံနွယ်ပိတ်ပေါင်းများနည်းပါးပြီး သစ်ပင်ကြီးများ ကျဲပါးသော "အင်တိုင်း"ဆန်သော တောမျိုးမို့ သေးငယ်သော ချုံနွယ်ပင်များက ဟိုတစ်စု၊ သည်တစ်စု၊ ထိန်ပင်ပေါက်၊ ဒန့်ကျွဲပင်ပေါက်၊ ထိကရုန်းပင်များ အင်ပင်ပေါက်များ ရောပွန်းနေသော အပင်ငယ်များရယ်သာ။

ခင်တန်းကလေးအကျော် အင်တိုင်းတောစသို့အဝင်၊ အမှတ်မထင်ပင် ပြောင်ခြေရာ လတ်လတ်ဆတ်ဆတ်များနှင့် မြေပြင်ပေါ်တွင် ပြောင်ချေးပုံကြီးများကို တွေ့မြင်လိုက်ကြရသဖြင့် ဝိုင်းအုံကြည့်လိုက်ကြတော့ မကြာမတင်မီ အချိန်ပိုင်းကလေးရှေ့မှ ဖြတ်သန်းရင်းပါသွားသော ချေးပုံဖြစ်သည်ကို သက်သေခံနေကြကြောင်း သုံးသပ်လိုက်သလို၊ ခြေရာများကား ပြောင်အုပ်ကြီး၏ ခြေရာမဟုတ်ဘဲ တစ်ကောင်တည်း လျှောက်သွားနေသည့် ပုံစံမျိုးပင်။

ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ကျိုးတိုးကျဲတဲပေါက်ရောက်နေကြသည့် သစ်ရိုင်းပင်ကြီးများ၏ ပင်စည်လုံးများ အထက်ငါးပေအမြင့်ခန့်တွင် သစ်လုံးကြီးများ၏ အခေါက်တို့က သားကောင်ကြီး၏ ဦးချိုသွေးပြီး ဝေ့ခတ်ရမ်းကား ခံထားလိုက်ရမှုတို့ကြောင့် ဖွာလံကြဲပွဲစဉ်ထွက်နေကြသည်များကို တွေ့မြင်လိုက်ရခြင်းအားဖြင့် သားကောင်ကြီးမှာ ရန်သူကို ခုခံတိုက်စစ်ပြန်ဆင်နွှဲဖို့ သတ်နှင့်လှုပ်ရှားသွားလာနေပုံရသည်။ သားကောင်ကြီးကား ပြောင်ထီးကြီးဖြစ်ပြီး သူ၏ လှုပ်ရှားမှုပြသချက်များအရ ဉာဏ်များပြီးလျှင် မြန်သွက်လက်မည့် ပုံစံမျိုးပင်။

ယခုလိုအချိန်တွင် ပတ်ဝန်းကျင်တစ်ခွင်လုံး အုန်းနှဲ့သီးမှည့်များကို တပျော်တပါး စားသောက်နေကြရင်း တေးဆိုနေကြသည့် ဘွတ်ကလုံငှက်၊ ငှက်ဖြာ၊ ငှက်ဝါကလေးများ ထိုအသံလေးများမှ အပ တိတ်ဆိတ်နေသည်။ ခင်တန်း၏ နောက်ကျော ဝါးကောက်တောကြီးအတွင်းမှ ခွေးအ,များဝိုင်းအလိုက်ခံထားရပြီး ရှောင်ပြေးရင်းမှ ပြန်လည်ခုခံဖို့ဘာဝွက်ဦးချိုသွေးရင်း ဒေါသထွက်နေသည့် အသွင်မျိုးပင်။

ကျွန်တော်တို့လို မုဆိုးများအဖို့ကလည်း ယခုလိုအချိန်မျိုးတွင် ဘာသံကိုမျှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေလေ ပိုကြိုက်လေပင်။ သို့မှသာ သားကောင်တို့၏ လှုပ်ရှားမှုကို ဦးစွာကြားသိမြင်တွေ့နိုင်မည် မဟုတ်ပါလား။

ကျွန်တော်တို့ အုပ်စုကား ငါးဦးပင်။ ကိုယ်စီကိုင်ဆောင်ထားကြသော သေနတ်တို့ကား ဘကြီးကောင်းက ၃၇၅ (မဂ္ဂနမ်)အမဲကြီးပစ် ရိုင်ဖယ်၊ ကျွန်တော်က (.၁၂) ပို့နှစ်လုံးပြူး၊ ဉာဏ်ကျယ်က(.၄၁၅)ဝင်ချက်စတာခပြောင်းရှည်၊ မွန်က တစ်လုံးထိုး သေနတ်နှင့် ရွာခံလမ်းပြ တင်စိုးက တူမီးသေနတ်များရယ်သာ။

ယခုမှ ပြောင်နောက်ကို ခြေရာကောက်ရင်း ဆန္ဒပြင်းပြင်းတစ်ခုက ပေါ်လာသည်။ ထိုဆန္ဒကား လမ်းပြမုဆိုးကိုင်ဆောင်ထားသော တူမီးသေနတ်ကို တစ်ကြိမ်တစ်ရံခါမျှ မပစ်ခတ်ကြည့်ဘူးခဲ့သဖြင့် စမ်းသပ်ကြည့်လိုသည့်စိတ်တို့က စိုးမိုးလာသောကြောင့် သေနတ်ချင်းလဲလှယ်၍ ကိုင်ဆောင်လိုက်မိသည်။

ထိုအချိန်ကလေးအတွင်းမှာပင် အင်တိုင်းတောကြီး နောက်ကျောဘက်ဆီမှ တပျောပျောနှင့် တောတိုးပြေးလွှားသံကြီးတစ်ခုကို ကြားလိုက်ရသဖြင့် အသံကြားရာဆီသို့ အားလုံးပင် လျှပ်တစ်ပြက်



www.burmeseclassic.com

www.burmeseclassic.com

လှည့်ကြည့်လိုက်ကြသည်နှင့် အတူ မီးရထားခေါင်းတွဲကြီး တစ်စင်းပမာ အရှိန်အဟုန်ပြင်းစွာ ကျွန်တော်တို့ထံ ပြေးဝင်လာသော မည်းမည်းအရာကြီးအား ကိုင်ဆောင်ထားကြသော သေနတ်များနှင့် ချိန်တွယ်မနေနိုင်တော့ဘဲ ထန်းထိုးပင် ပစ်ခတ်လိုက်ကြရင်း သူ၏ ပြေးလမ်းမှ လွတ်ကင်းရာများဆီသို့ မြေပြင်တွင် လူးလှိမ့်ရင်း ရှောင်တိမ်းလိုက်ကြရပေသည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း . . ဒိုင်း"

ကျွန်တော်တို့ ငါးဦးစလုံး၏ ပစ်ချက်များကား လျှပ်တစ်ပြက် နောက်ကျောဆီမှ ပြေးဝင် တိုက်ခိုက်လာသော သားကောင်ကြီးကို သေချာစွာ စိတ်တိုင်းကျ ချိန်တွယ်ပစ်ခတ်ရသော အနေအထားမျိုးမဟုတ်ဘဲ လျှပ်တစ်ပြက်တန်းထိုးပစ်ခတ်လိုက်ကြရသော အနေအထားမျိုးမို့ ထိချက်တို့က ပိုင်နိုင်ထိရောက်မှုမရှိ။ သားကောင်ကြီးကလည်း သူ၏ထိုးစစ်သည် မျှော်လင့်ထားသလိုဖြစ်မလာဘဲ ကျည်ခဲလုံးများ၏ တုန့်ပြန်မှုကိုပင် ပြန်လည်ခံလိုက်ရသဖြင့် ရရှိထားခဲ့သော ဒဏ်ရာဗလပွနှင့် ဒေါသထွက်ကာ အရှိန်လွန်သွားသော သူ၏ ပြေးနှုန်းကို တုံ့ကနဲ ရပ်တန့်လျက် နောက်ကြောင်းကိုပြန်လှည့်လိုက်ရင်း ခေါင်းကိုငုံ့၍ ဦးချိုကြီးကို စိုက်ချကာ ဒုတိယအကြိမ် ကလဲ့စားချေ တိုက်စစ်ဆင်ဖို့ အငြိုးတကြီးနှင့် ပြေးဝင်လာခဲ့ပြန်သည်မို့ ပစ်ခတ်ပြီးသော ကျည်ခွံများအတွက် အစားပြန်ထည့်ချိန်မရလိုက်သည့် ကျွန်တော်တို့အဖို့ လွတ်မည်ထင်ရာဆီသို့ ရှောင်တိမ်းပြေးထွက်လိုက်ကြရပေတော့သည်။

ကျွန်တော် ပိုမိုဒုက္ခရောက်ခဲ့သည်က ကိုင်ဆောင်ထားလိုက်ခဲ့မိသော တူမီးသေနတ်ကြောင့်ပင်။သည်သေနတ်မျိုးကလည်း လူကို ပြန်ရန်ပြုတတ်သော သားကောင်ကြီးမျိုးနှင့် ထိပ်တိုက်တိုးမိလျှင် အန္တရာယ်ရှိမှန်းကို မူလကတည်းက သိရှိထားခဲ့ပေမယ့် အုပ်စုနှင့်မို့ ယခုကဲ့သို့ အဖြစ်မျိုးနှင့် မတိုးနိုင်ဟု အထင်နှင့် သေနတ်ကို ပစ်ကြည့်ချင်လွန်းသည့် ဆန္ဒကြောင့် သေနတ်ချင်းလဲလှယ်ကိုင်ဆောင်လိုက်မိကာမှ ယခုလို အဖြစ်မျိုးနှင့် ကြုံဆုံလိုက်ရခြင်းအဖြစ်မျိုးပင်။

တော်သေးသည်က လူတွေကို လိုက်လံဖော့ခတ်နေသော သားကောင်ကြီးက သေနတ်ဒဏ်ရာများနှင့်အတူ မည်းမြင်ရာကို အညိုးတကြီးနှင့်လိုက်လံဖော့ခတ်နေသော်လည်း နောက်တစ်ကြိမ် သေနတ်များအတွင်းသို့ ကျည်ဆံပင် ထပ်မံထည့်ချိန်ပင် မရလိုက်ကြသည့်အတွက် လွတ်ကင်းရာဆီသို့ ခွပ်၍ပြေးထွက်ခဲ့မိသော ကျွန်တော့်နောက်သို့ လိုက်မလာခြင်းကပင် ကံတရားက ကိုယ့်ဘက်မှာရှိနေသည်ဟု တွေးတောရင်း အသက်လု၍ ပြေးထွက်လာခဲ့မိပေတော့သည်။ ကျန်မုဆိုးအဖွဲ့ဝင်များ၏ အခြေအနေကား မည်သို့ဖြစ်ကြသည်ကို မသိ။ သေနတ်ပစ်သံကိုလည်း မကြားရ၊ ဘယ်အခြေဆိုက်နေသည်ကို မှန်းဆလို့ကမရသေး။

အိပ်တန်းဝင် ကျေးငှက်သံ တစာစာတို့နှင့် တောကြီးကား ကြည်နူးစရာကောင်းနေသည်ဟု ထင်ရသော်လည်း ကျွန်တော့်အဖို့တော့ ကြည်နူးမနေနိုင်။

ယခုအချိန်ကျမှ နောက်ကြောင်းပြန်လှည့်ဖို့ကလည်း ဘယ်လမ်းက ပြေးလွှားလာခဲ့မိမှန်းပင်မသိ။ ယခုပင် လူစုကွဲပြီး ဘယ်ဆီရောက်နေမှန်းလည်းမသိ။ ယခု ရောက်ရှိသောနေရာသည် စခန်း၏ အရှေ့လား၊ အနောက်လား၊ တောင်လား၊ မြောက်လားကိုပင် မသိ။ ဘယ်ကိုဆက်သွားပြီး ဘာကိုဆက်လုပ်ရမယ်မှန်းလည်းမသိ။ နေကား ဝင်ပေတော့မည်မို့ စိတ်ဓာတ်တို့ကား အလွန်အမင်း ကျဆင်းနေမိသည်။

ခက်နေသည်က ခုလိုအချိန်ကျမှ စိတ်ဓာတ်ကျဆင်းပြီး ထိုင်နေလို့ကလည်း မရ။ သားကောင်ကြီးများ ပေါများလွန်းသော တောကြီးခေါင်ခေါင်ကလည်းဖြစ်ပြန်၊ ကိုင်ဆောင်ထားမိသော သေနတ်ကလည်း အရေးရှိအားကိုးလို့မရသော တူမီးသေနတ်မျိုးပင်။ ပြန်လည်တွေးတောလိုက်တော့ ဘယ်သူမပြု မိမိမှုရယ်သာ။

မောပိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းတို့နှင့်အတူ လတ်တလောဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်အတွက် စိတ်ချနိုင်လောက်မည့် လျှိုစောင်းတွင် ကပ်ပေါက်နေသော ထိန်ပင်ကြီးတစ်ပင်၏ ဆယ်ပေခန့် ... ဆုံကိုင်းကြီးထက်သို့ တက်ရောက်နေရာယူလိုက်ရင်း အမောဖြေကာ အဖွဲ့သားတို့၏ လှုပ်ရှားမှုနှင့် ရောက်အလာကို စောင့်စားရပေဦးတော့မည်။

ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဝေါ. . ဗျော . . ဖြောင်း"

ကြီးမားတုတ်ခိုင် မည်းနက်ရောင်ဟုထင်ရသောသော်လည်း အညိုရောင်သမ်းနေသော ပြောင်ထီးကောင်ကြီးသည် တစ်ကိုယ်လုံးတွင် သွေးများ ကျဆင်းလျက် ဒဏ်ရာများရရှိထားသည်နှင့် အတူ ကျွန်တော့်၏ လှုပ်ရှားမှုများနှင့် အနံ့ကို ရရှိသွား၍လားတော့ မြင့် မသိ။ နဘူးချုံတောနှင့် ဒမယ်ပင်ပေါက်များအတွင်းမှ အတင်းတိုးထွက်လာကာ အပင်ငယ်များကို သူ၏ ဦးချိုနှင့် ဝှေ့ခတ်လျက် နှာခေါင်းမှ ဟဖူးဖူးနှာမှုတ်ကာ ဟိုသို့သည်သို့ လှမ်းကြည့်သည်။ မကြာမီအတွင်း သစ်ပင်ခွဆုံပေါ်ရှိ ကျွန်တော့်အား တွေ့မြင်သွားဟန်နှင့် စူးစူးစိုက်စိုက်ပင် မော့ကြည့်ရင်း သူ၏ နှုတ်ဖျားမှ ပြင်းထန်စွာ "ဟဖူးဖူး"နှာမှုတ်၊ ခွာခုတ်ရင်းမှ တရှူးရှူးနှင့် ကျယ်လောင်သော အသံကြီးကို ပြုကာ ဘယ်လို ကလဲ့စားချေတိုက်ခိုက်ဖို့ကို စဉ်းစားတွေးတော ကြံဆနေပုံရသည်။

လက်ထဲတွင် ကိုင်ထားသော တူမီးသေနတ်ကို ပခုံးတွင် ဒင်ပိုင်ကိုထောက်လျက် သစ်ပင်ခွကြားတွင် ရပ်လျက် သားကောင်ကြီးအား ဖြောင့်တန်းချိန်ရွယ်ထားလိုက်ပြီး ကိုက် ၂၀ ခန့်အတွင်း သစ်ပင်ကြီးအောက်မှ မျက်နှာချင်းဆိုင် အနေအထားနှင့် ကျွန်တော့်ကို မြေပြင်မှ မော့ကြည့်နေသော ပြောင်ထီးကောင်ကြီး၏မျက်လုံးနှစ်လုံးအကြား ဦးခေါင်းကြာခွက်အတွင်းဆီသို့ ပစ်မှတ်ထားလျက် သေနတ်၏ မောင်းခလုတ်ကို ဆွဲညှစ်ချလိုက်ပေတော့သည်။

"ဒိုင်း"

သေနတ်သံကြီးနှင့်အတူ သေနတ်ပြောင်းမှ အူထွက်လာသော မီးခိုးတန်းကြီးကြောင့် မြင်ကွင်းတစ်ခုလုံး အမှောင်ဖုံးသွားသဖြင့် သားကောင်ကြီး၏ လှုပ်ရှားမှုကို မီးခိုးငွေ့တန်းများအတွင်းမှ ခပ်ရေးရေးသာ တွေ့မြင်နေရသည်။

ကျွန်တော် သားကောင်ကြီးကို ပစ်ခတ်လိုက်သော တူမီးသေနတ်ကား ကျွန်တော် အမြဲတမ်းကိုင်ဆောင်ပစ်ခတ်နေသော သေနတ်မျိုးမဟုတ်။ စိတ်ရှည်ရှည်နှင့် အချိန်ယူပြီး သေကွင်းကိုထိအောင် တစ်ချက်တည်းနှင့် အပိုင်လှဲသိပ်ရသည့် သေနတ်မျိုးဖြစ်ပြီး ယခုလို သားကောင်ကြီးနှင့် မမျှော်လင့်ဘဲ ထိပ်တိုက်ရင်ဆိုင်တွေ့ကြုံလိုက်ကြရသောအခါ ကျွန်တော့်စိတ်တို့က အတော်ပင် လှုပ်ရှားနေသည့်အတွက် ထိချက်က နည်းနည်းစောင်းသွားကာ ဒိုင်းကနဲ ပေါက်ကွဲသွားသောအသံကြီးနှင့်အတူ ပြောင်ထီးကြီး၏ ဦးခေါင်းပိုင်းသည် မြေပြင်ဆီသို့ နိမ့်ကျသွားပြီး မြေပြင်တွင် ခေါင်းစိုက်ကာ ဖင်ဘူးတောင်းထောင်လျက် ပတ်ချာလည်နေသည်ကို ယမ်းခိုးများအကြား ဝိုးတဝါးလှမ်း၍ တွေ့မြင်နေရသည်။

တူမီးသေနတ်မျိုးဆိုသည်ကလည်း တစ်ချက်တည်းနှင့် အပိုင်စောင့်ပြီး လှဲသိပ်ရသည့် သေနတ်မျိုး။ တစ်ချက်ပစ်ခတ်ပြီးတိုင် နောက်တစ်ကြိမ်ထပ်မံပစ်ခတ်ဖို့က လွယ်ကူသော သေနတ်မျိုးမဟုတ်။ နောက်တစ်ချက်ထပ်မံပစ်ခတ်ဖို့အတွက်က လွယ်အိတ်အတွင်းမှ အသင့်ယူဆောင်လာခဲ့ရသော (ပင်နယ်စလင်ထိုးဆေးပုလင်း)ထဲမှ ယမ်းမှုန့်များကို သေနတ်ပြောင်းထဲသို့ ဦးစွာလောင်းထည့်ပြီး (သေနတ်ပြောင်းနှင့်ကပ်ချည်ထားသော)ထောင်းတံကို ဖြုတ်လျက် သေနတ်ပြောင်းအတွင်း ဦးစွာထောင်းရသည်။ နောက် တင်ဆင့်က အုန်းဆံဖတ်များနှင့် ကျည်ခဲလုံးများ ထည့်ရသည်။ ထောင်းရပြန်သေးသည်။ နောက်တစ်ချက်ပစ်ခတ်နိုင်ဖို့အရေး ထိုလုပ်ငန်းစဉ်များကို လုပ်ကိုင်ဆောင်ရွက်နေရသည့်အတွက် တစ်ချက်ခတ်ပစ်လို့ပြီးတိုင်း နောက်တစ်ချက် ထပ်မံပစ်ခတ်နိုင်ဖို့အတွက်က (ကြားကာလ) သည် အနည်းဆုံး (သုံးမိနစ်၊ ငါးမိနစ်)ထိကြာတတ်သည့် သေနတ်မျိုးပဲလေ။

ယခုတော့ သားကောင်ကြီးက မြေပြင်တွင် ဒူးတုပ်ခေါင်းစိုက်လျက် ပတ်ချာလည်ခံနေရင်းမှ သူ၏မီးထွက်မတတ် နီရဲနေသော မျက်လုံးအစုံက သစ်ပင်ခွကြားတွင် ရပ်နေသော ကျွန်တော့်ကို အံခဲမကြေသော မျက်လုံးတို့နှင့် လှမ်းကြည့်လိုက်၊ မြေပြင်ဆီသို့ ခေါင်းစိုက်ကျသွားလိုက်နှင့် ယမ်းခိုးများအကြားမှ ခပ်ပြင်းနာကျည်း ဒေါသသံကြီးကို နက်ကျော ကျယ်လောင်စွာ အော်ဟစ်လိုက်ရင်း ကျားနာခဲဖြစ်၍ ကလဲ့စားချေနိုင်ရေးအတွက် နောက်ဆုံးထွက်သက်ကို စုစည်း အားယူပြီးထကာ ပြေးလွှားရင်းမှ သစ်ပင်ကြီးခြေရင်းသို့ရောက်သောအခါ မတတ်ရပ်လျက် သူ၏ကြီးမား



www.burmeseclassic.com

www.burmeseclassic.com

သော ကိုယ်လုံးကြီးအား ခုန်ပျံလိုက်ရင်း ဦးချိုချွန်ကြီးနှင့် အစွမ်းကုန်ထိုးချလိုက်စဉ် . .

“ဘိုလေး . . သတိထား၊ ဘိုလေး သတိထား၊ နောက်ကို ခုန်ချလိုက်”

စင်စစ် ကျွန်တော့်နားထဲတွင် ဘကြီးကောင်းနှင့် ဉာဏ်ကျယ်တို့၏ အထိတ်တလန့်နှင့် လှမ်းအော်ဟစ်သတိပေးလိုက်သံကြီးများကိုသာ ကြားလိုက်ရပြီး နောက်ဆုံးလျှိုကြီးအောက် မြေပြင်နှင့် ဖုန်းကနဲ ပြင်းထန်စွာ အဆောင့်ခံလိုက်ရသံကြီးနှင့်အတူ အသိတရားတို့မှာ လွင့်စဉ်ပျောက်ကွယ်သွားပေတော့သည်။

× × ×

ကျွန်တော် လျှောက်လှမ်းနေသော နေရာသည် တောကြီးခေါင်ခေါင်အတွင်းတွင်ပင်။ ကျွန်တော့်လက်ကို ဆုပ်ကိုင်လျက် အတူယှဉ်တွဲ၍ ပျော်ရွှင်ကြည်နူးစွာနှင့်လျှောက်လှမ်းလာနေသူက မိန်းမချောလေးတစ်ယောက်။ ယခုလို တောကြီးခေါင်ခေါင်အတွင်း မိန်းကလေးချောချောလှလှလေးတစ်ယောက်နှင့်လက်တွဲ၍ စိတ်လွတ်ကိုယ်လွတ်ဟူနှစ်ကိုယ်လက်တွဲ လျှောက်လှမ်းနေကြရသည့်အရသာက၊ ဘာနှင့်မျှ လဲလို့မရသော အရသာပင်။ သူမ၏ ဦးခေါင်းထက်ရှိ ရောင်စုံသစ်ခွပန်းတို့၏ ရနံ့က မွှေးကြိုင်လျက် နေပြန်သေးသည်။ သူမနှင့် ကျွန်တော် လက်တွဲမဖြုတ်စတမ်း တောကြီးအတွင်း လျှောက်လှမ်းနေရင်းမှ လိုဏ်ဂူဝကြီးတစ်ခုအတွင်းမှ ဂူအတွင်းသို့ လှမ်းဝင်လိုက်ကြသည်။ ဝင်စ၌ ဂူကြီးသည် မည်းမှောင်နေသော်လည်း အတွင်းပိုင်းရောက်တော့ တဖြည်းဖြည်းအလင်းရောင်တို့ ရလာသည်။

မရောက်ဘူးသော နေရာမျိုးကို မိန်းမငယ်လေးနှင့် ရောက်ရှိနေသော်လည်း ကျွန်တော့်စိတ်တို့က စိုးရိမ်သောကပူပန်မှုမရှိ၊ အဘယ့်ကြောင့်ဆိုသော် မိန်းကလေးရယ်၊ သည်ဝန်းကျင်အရပ်နှင့် သည်လိုဏ်ဂူကြီးသည် ကျွန်တော့်အတွက် အစိမ်းသက်သက်မဟုတ်။ ဘယ်လိုပါဝင်ပတ်သက်ဆက်နွယ်နေသည်ကိုလည်း မသိ။ အသိတရားတို့တွင် အလွန်ချောမောလှပလွန်းသော မိန်းကလေးတစ်ယောက်က ကျွန်တော့်ကို လက်တွဲခေါ်ဆောင်ပြီး မရောက်ဘူးသေးသော တောကြီးခေါင်ခေါင်အထွင်း မလျှောက်ခဲ့ဘူးသော လမ်းများအပေါ် လျှောက်လှမ်းနေရသည်ကိုပင် ကြည်နူးသာယာနေမိသည်။

အတွင်းသို့ရောက်တော့ အလင်းရောင်များရလာသည်။ မည်သည့်နေရာဆီများမှအလင်းရောင်တို့ တိုးဝင်နေသည်ကို လိုက်လံကြည့်ရှုပေမယ့်မတွေ့ရ။ ကျောက်သားများစုပုံထားသည်များဆီမှ ထွက်ပေါ်လာကြသောအလင်းရောင်များပင်။အလင်းရောင်ပေးနေသော ကျောက်တုံးငယ်များကား အရည်အသွေးကောင်းသော ကျောက်မျက်ရတနာများပင်။ ထိုကျောက်မျက်ရတနာများမှ ထွက်ပေါ်လာကြသောအရောင်မျိုးစုံတို့ကြောင့် နေ့အလား အရာအားလုံးတို့ကို ပြက်ပြက်ထင်ထင်ပင် မြင်နေရသည်။

ကျွန်တော့်ကိုလက်တွဲ၍ ပျော်ရွှင်စွာ ကြည်နူးစွာနှင့် ဦးဆောင်ခေါ်လာခဲ့သော မိန်းကလေးကို ယခုမှပင် စောင်းငဲ့ကြည့်လိုက်မိသည်။ မိန်းကလေးမှာ ချောမောလွန်းသူတစ်ယောက်ဖြစ်သည်။သူ၏ခေါင်းတွင် သစ်ခွပန်းတို့အဝေသားဖြင့် ဖားလားချလျက် နန်းဝတ်နန်းစားလို ဝတ်ဆင်ထားပြီး နှာတံပေါ်သည်။ ပိရိသော နှုတ်ခမ်း၊ လေးကိုင်းသဏ္ဍာန် မျက်ခုံး၊ ကော့ပျံနေသော မျက်တောင်၊ သမင်မငယ်မျက်လုံးအစုံတို့နှင့် မွှေးပျံ့သော ရောင်စုံ သစ်ခွဝေဝေတို့ဖြင့် . . ။

သူမက ကျွန်တော့်ကို အလွန်အလိုလိုက် ဂရုစိုက်သည်။ သူမကား ကျွန်တော်နှင့် ဘယ်လိုဘဝက ဘယ်လိုတော်စပ်ခဲ့သူမှန်းလည်း ကျွန်တော်

မိန်းကလေးမှာ ချောမောလွန်းသူ
တစ်ယောက်ဖြစ်သည်။ သူ၏ခေါင်းတွင်
သစ်ခွပန်းတို့အဝေသား ဖြင့် ဖားလျားချလျက်
နန်းဝတ်နန်းစားလို ဝတ်ဆင်ထားပြီး
နှာတံပေါ်သည်။ ပိရိသော နှုတ်ခမ်း၊
လေးကိုင်းသဏ္ဍာန် မျက်ခုံး၊ ကော့ပျံနေသော
မျက်တောင်၊ သမင်မငယ်မျက်လုံးအစုံတို့နှင့်
မွှေးပျံ့သော ရောင်စုံသစ်ခွဝေဝေတို့ဖြင့် ...။



www.burmeseclassic.com

www.burmeseclassic.com

မသိ။ သူမ၏ နောက်ဘက်ရှိ ကျောက်သားစားပွဲကြီးပေါ်တွင် သီးနှံမျိုးစုံရှိနေကြသည်။

နှစ်ဦးသား လက်ချင်း ချိတ်လျက် လှမ်းလာကြရင်း ကျောက်သားခုတင်တွင် ထိုင်မိလိုက်ကြတော့ ကျွန်တော့် ရင်ခွင်တွင်းသို့ တိုးဝင်မှီခိုလျက် မျက်တောင်ကော့ကြီးများ အတွင်းမှ အရည်လဲ့သော မျက်လုံးအစုံနှင့် စူးစူးစိုက်စိုက် လိုလိုလားလားဖြင့် သူမကပင် စတင်လျက် . .

"မောင်တော်၊ ကျွန်းခန့်သာလို့ မောတယ်နော်။ နှမတော်ကိုကော မှတ်မိကောင်းပါ ၏"

ကျောက်ခုတင်ထက်တွင် နွဲ့နွဲ့လေး ကျွန်တော့်ရင်ခွင်တွင်းတိုးဝင်မှီတွယ်ရင်း မခို့တရို့လေးကြည့်၍ ပြောလာသော်လည်း ကျွန်တော်ဘာကိုမျှ မသိသဖြင့် ခေါင်းခါပြလိုက်သည်ကြောင့် သူမ၏ နှုတ်ခမ်းကလေးကို စူဟန်ပြလျက် အလိုမကျဟန်နှင့် . .

"မောင်တော် အံ့သြနေတယ်မို့လား။ မောင်တော်ဟာ နှမတော်ရဲ့ ဘဝဟောင်းက ခင်ပွန်းပါ မောင်တော်"

ဟုပြောလာသဖြင့် အံ့သြရသေးသည်။ ကျောက်ခုတင်ထက်တွင် နွဲ့နွဲ့လေးဖြင့် ကျွန်တော့်ကို မှီတွယ်ရင်း မခို့တရို့ကြည့်ရင်း ပြောနေသဖြင့် ငြိမ်၍ နားထောင် စဉ်းစားနေမိသော်လည်း အရာအားလုံးတို့ကို ပြန်တွေးမရသည်ကအမှန်။ သူမက ဆက်ပြောပြန်သည်။

"မောင်တော်၊ ဒီနေရာကို တောကစားထွက်မယ်ဆိုတာ နှမတော်သိလို့ ခုလို နှမတော်ရှိနေပါသေးလားဆိုတာကို အသိပေးလိုက်ရတာပါလေ။ မောင်တော်အခုတစ်ခါတည်း နှမတော်နဲ့ ရာသက်ပန် ပျော်ပျော်ရွှင်ရွှင်နေသွားတော့ပါလား မောင်တော်ရယ်။ မောင်တော့်ကို စောင့်စားရလွန်းလို့ လှမ်းလှမ်းပါပြီ"

ပြောပြောဆိုဆိုနှင့် သူမ ဦးခေါင်းထက်မှ သစ်ခွပန်းတစ်ခက်ကို ယူလျက် ကျွန်တော့်နှုတ်ခမ်းနှင့်တို့ထိ ပွတ်သပ်နေသည်။ သစ်ခွပန်းရနံ့သင်းသင်းကလေးကို အဆုတ်တွင်းဆီသို့ ရောက်သည့်တိုင် ကအား ရှူသွင်းလိုက်မိချိန်အတွင်း . .

"ဖျောက် . . ဖျောက် . . ဖျောက်"

မိန်းကလေး၏ မွှေးကြိုင်လွန်းလှသော သစ်ခွပန်းရနံ့ကို တရှိုက်မက်မက် အဆုတ်တွင်းသို့ ရောက်ရှိသည့်တိုင် ရှူရှိုက်လိုက်ရသဖြင့် အိပ်မက်မှုန်းထလာသူပမာပင် မြေပြင်တွင် မှိန်းလျက်အနေအထားဖြင့် အသိတရားတို့ကို ပြန်လည် စုစည်းလိုက်မိသည်။ အိပ်မက်ဟု ထင်မိသည်။ မွှေးကြိုင်လွန်းလှသော ရနံ့က ကျွန်တော့်ကို သတိရအောင် ဖန်တီးလိုက်ဟန်တူသည်။

သစ်ခွပင်ခွကြားမှ . . နောက်ဖက်ရှိ လျှိုကြီးအတွင်းသို့ ပြုတ်ကျပြီး မြေပြင်နှင့် ပြင်းထန်စွာ အဆောင့်ခံလိုက်ရသော်လည်း အသက်ထွက်သွားဖို့ကောင်းပါလျက် ယခုကဲ့သို့ ဘာတစ်ခုမျှ ပြင်းပြင်းထန်ထန် ဝေဒနာမျိုးကို မခံစားရသောအသိကြောင့်ကျွန်တော့်စိတ် အစဉ်တို့သည် မျက်လုံးများကို ဖွင့်မရသေးသော်လည်း နားထဲတွင် ကြားနေရသော တဖျောက်ဖျောက် အသိတရားတို့ကို စုစည်းစဉ်းစားနေလိုက်မိပေသည်။

ထူးခြားနေသည်က မွှေးကြိုင်လွန်းလှသော သစ်ခွခေါင်စုံပန်းတို့၏ ရနံ့များပင်။ သည်ရနံ့များကြောင့် ရင်တစ်ခုလုံး အေးမြကြိုင်လှိုင်သွားပြီး သတိမျှားရလာသလို စိတ်တို့ကလည်း ကြည်လင်လာရသည်ဟု ခံစားလိုက်ရမိသည်။

"ဖျောက် . . ဖျောက် . . ဖျောက်"

ကျေးငှက်သံ တစာစာတို့ကြားမှ "တဖျောက်ဖျောက်"နှင့် နှင်းစိုဖက်ရွက်များကို နင်းသံတို့ကို အဆက်မပြတ်ကြားလိုက်ရသည်။ အသိတို့က ငုံးငှက်၊ ရေကြက်မနှင့် အခြားသော ငှက်ငယ်ကလေးများစားသောက်ကြရင်း လျှောက်လှမ်းသွားလာနေကြသည့်အသံမျိုးပင်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေသည်ဆိုသော်ငြားလည်း ချေ(ဂျီ)ဟောက်သံ၊ ဆတ်တစ်သံ၊ ဒရယ်(ဂျီ)သံတို့ကို ဟိုအနားသည်အနားဆီများမှ တစ်ချက်တစ်ချက် ကြားနေရသလို ပတ်ဝန်းကျင်တွင်လေတိုးသံ၊ သစ်ရွက်များလှုပ်ခတ်သံ၊ နှင်းစက်များကျသံပုရစ်အော်သံ၊ ပုဇဉ်းရင်ကွဲအော်သံများနှင့်ကျောက်ဖားကလေးတို့ အော်သံများကို ကြားနေရသည်။

"ဖျောက် . . ဖျောက် . . ဖျောက်"

လျှိုကြီးအောက်ဆီသို့ မှလာကျခဲ့ပြီး မေ့မျောနေသည့်အတိုင်း မျက်လုံးကိုပိတ်လျက် အတွေးတို့ကို ဟိုသည်ဆန့်ထုတ်နေစဉ် ကျောပြင်အောက်ဆီရှိ သစ်ကိုင်းသစ်ရွက်ခြောက်များပေါ်ဆီမှ တဖျောက်

www.burmeseclassic.com

ဖျောက်အသံတို့ကို အနီးကပ် ထပ်မံကြားလိုက်ရပြန်သည်။ အတွေ့အကြုံအရင့်ကကလေး များ အစာကောက်ရင်း မလှုပ်မယှက် ငြိမ်နေသော ကျွန်တော့်အနီးသို့ အန္တရာယ်မရှိ ဟူသော အထင်နှင့် တိုးကပ်လာသည့်ပုံမျိုး။

ကျွန်တော့်၏ နားရွက်အနီးသို့ တိုးကပ်လာသော ထိုအသံက ရပ်တန့်သွားသလို အမွေးနံ့တို့ကိုလည်း ထပ်မံရလိုက်ပြန်သည်။ အမွှေးနံ့ကား အိပ်မက်ထဲတွင် မိန်းကလေးနှင့် တွေ့ကြုံခဲ့ရစဉ်က ရသော အနံ့မျိုးမို့ မိန်းကလေးများ ကျွန်တော့်အနီးသို့ တကယ်ရောက်နေသည်လားအထင်မျိုးပင် ဖြစ်သွားသည်။ ထိုသို့အတွေးများ ဝင်ရောက်နေချိန်တွင် ကျွန်တော့်ပါးပြင်တွင် နူးညံ့သော အရာတစ်ခုနှင့် ပွတ်တိုက်ထိတွေ့မှုကို ခံစားလိုက်ရသလို၊ မွှေးရနံ့ကလည်း နှာဖျားတွင် တော့ရှူလိုက်ရသလိုမျိုးမို့ မှေးစင်းထားသော မျက်ခွံကို အသာဖွင့်ကာ တဖျောက်ဖျောက် အသံကြားရာဆီသို့ စောင်းငဲ့ကြည့်လိုက်တော့ တွေ့လိုက်ရသော မြင်ကွင်းကြောင့် . .

"ဟိုက်"

အထိတ်တလန့် တအံ့တဩပင် ဖြစ်သွားမိသည်။ မြင်တွေ့လိုက်ရသော အရာကား အလွန်သေးငယ်ပြီး နုနယ်သည့် မိန်းကလေးတစ်ဦးရယ်သာပင်။

အထိတ်တလန့်နှင့်အတူ အံ့ဩဖွယ်ရာကောင်းလွန်းနေသည်မို့ ပက်လက်လှန်အနေအထားနှင့် မှိန်းစက်နေရာမှ ကျုံး၍ နေရာမှာပင် ထထိုင်လိုက်မိလေသည်။ မြင်ကွင်းက မဝေဝါးဘဲ အနီးကပ်မို့ ပြတ်သားထင်ရှားနေသည်။ မိမိကိုယ်ကို မိမိတစ်သက်လုံး ဘယ်လိုမှ ထင်မထားသော မြင်ကွင်း၊ သည်အဖြစ်မျိုးနှင့် အမှတ်မထင် ကြုံတွေ့လိုက်ရမှုကြောင့် အံ့ဩမှင်တက်မိပြီး တစ္ဆေအခြောက်ခံရသည့် အလား။ တောမှောက်၊ တောခြောက်ခံရသည့်အလား။ ရင်အစုံကို လက်နှင့်ဖိတင်လျက် နောက်ကျောဆီသို့ပင် ဆုတ်လိုက်မိပေသည်။ ကျွန်တော့်အထင်အရ မှင်စာပတ်ခံရပြီ ရယ်လားပင်။

သတ္တဝါများကိုခွဲခြမ်းစိတ်ဖြာလိုက်လျှင် အကြမ်းအားဖြင့် ၄ မျိုးတွေ့ရမည်။

ထို ၄ မျိုးက ခြေထောက်ပါသော သတ္တဝါ၊ ခြေထောက် မပါသောသတ္တဝါ၊ ခြေထောက်တစ်ချောင်းပါသော သတ္တဝါနှင့် ခြေထောက်အများ အပြားပါသောသတ္တဝါဟူ၍ တွေ့ရ၏။

ထိုသတ္တဝါလေးမျိုးလေးစားတွင် ခြေတစ်ချောင်းတည်းသာပါသော သတ္တဝါမျိုးတို့ကို လူကြီးသူမများ၏ အဆိုအမိန့်များအရ (ငေါင်း)ငှက်တစ်မျိုးကိုသာ ကြားခဲ့ဖူးသည်။ အဘိဓာန်စာအုပ်များတွင် ဖတ်ရှုလိုက်မိသည်ကလည်း "ခြေတစ်ချောင်းနှင့်ငှက်ငေါင်း"ဟူသော ငှက်ဟူ၍အသိတို့က စွဲမြဲနေသည်။ ယခုမူ ထိုကဲ့သို့ ရှားရှားပါးပါးလို ငှက်တစ်ကောင်မျိုး မဟုတ်ဘဲနှင့် ခြေထောက်တစ်ချောင်းတည်းသာ ပါရှိသော မိန်းကလေးငယ်တစ်ဦးဖြစ်နေသည်က အလွန်အမင်းပင် အမြင်ဆန်းပြားနေသည်။

ငေါင်းငှက်တွင် နှုတ်သီး၊ အမွေးအတောင်များနှင့် ပျံသန်းနိုင်သော ရှားပါးသည့် ငှက်တစ်မျိုးဟု သိထားသလို-

"ခြေညီတစ်ချောင်းငေါင်းက ကျီးကျည်"

ဥဒေါင်းသည်မူ၊ ဝေါင်မည်၍ငေါက် . .။ ထွေတလာလျှင် ချည်ရတုမှ စိတ္တကျော်သူဦးဩက ခြေတစ်ချောင်းတည်းရှိသော ငေါင်းငှက်သည် "ကျီ[illegible] ကျီး ကျည်ကျည်" ဆူဆူညံ[illegible] ပင် ဟစ်အော်တတ်သည်ဟု[illegible] ပါသည်။ ဒေါင်းငှက်များကဲ[illegible] လူသူမနီးတောကြီးမျက်မည်[illegible] ယဟွင ကျက်စားသည့် ငှက်[illegible] လည်း ဆိုပါသည်။

မုံရွေးဆရာတော်[illegible] လည်း . .

"ခြေရှည်တစ်ချောင်း[illegible] နောက်ကစောင်းလျက်၊ ခေါင်[illegible] ကစ၍ စေ့စေ့စုံစုံစား အစုံ"

(ကုသဖို့ မုံရွေးဆရာတော်)ကလည်း ရွှေ့ခြေတစ်[illegible] ချောင်း၊ နောက်က စောင်[illegible] လျက်ဟု တိတိကျကျဆိုထား[illegible] ပြန်သလို သက္ကရာဇ် ၉[illegible] ခုနှစ်တွင် ရေးဖွဲ့ပြီးသော "ပခန်းကြီးရှင်ကုမာရတသ[illegible]" ၏ ဓမ္မရာသီပျို့ (၁၃၉) တွင်-

"တိရစ္ဆာန်ဟူသမျှကား[illegible]
ပါဒချို့တဲ့၊ ခြေမဲ့အမှတ်[illegible]
တီ၊ ကျွတ်၊ မျှော့၊ ငါး၊ [illegible]
နဂါးတည့် မပျားခြေချောင်း[illegible]
တစ်ခုငေါင်းစုံနှင့်ပေါင်ပို[illegible]
မလှမ်းပါ၍ . ."

ငေါင်ငှက်မျိုးတို့ကို စိတ္တကျော်သူ ဦးဩကလည်း [illegible] ဖူးသည်။ မုံရွေးဆရာတော်[illegible] လည်း မြင်ဖူးခဲ့သည်။ ရှင်ကုမာရကဿပက အမျိုးအစား[illegible] သတ်မှတ်၍ပင်ပြခဲ့သေးသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ရှေးစာဆိုကြီးတို့၏ ရေးသား မှတ်တမ်းတင်ချက်များအရ ငေါင်းငှက်သည် ကျွန်တော် မမြင်တွေ့ခဲ့ဖူးပေမယ့် အမှန် တကယ်ရှိခဲ့ကြောင်းတို့ကို စာ ပေများအရ သက်သေတည်လို့ ရပေသည်။

"ကျီ . . ကျီ . . ကျီကျ လိ"

ရောင်စုံသစ်ခွန်ပန်းများကို သူ၏ လက်နှစ်ဖက်နှင့်ဆုပ်ကိုင် ထားရင်း ကျွန်တော့်ကို ရှိခိုး လျက် အရှိအသေပေးသလိုမျိုး နှင့် သူမ၏ နှုတ်ဖျားက ကျွန် တော်နားလည်နိုင်သော အသံ မျိုးနှင့် ဘယ်လိုမှမယုံကြည်နိုင် စရာကောင်းသည့်မြင်ကွင်း ကြောင့် တထိတ်တလန့်တအံ့ တသြ ပိုမိုမြင်တွေ့နေရသော အရာအား ငြိမ်သက်စွာနှင့် စူး စိုက်၍ ကြည့်နေလိုက်မိသည်။

ရောင်စုံသစ်ခွပန်းများကို ဆုပ်ကိုင်ထားသော မိန်းမပျိုက ထောက်ဆွ၊ ထောက်ဆွခုန် လျက် ကျွန်တော့်အနီးသို့ တိုး ကပ်လာပြီး သူ၏ နုနယ်သော လက်တစ်ဖက်ဖြင့် ကျွန်တော့် လက်ကို လာတို့ထိလာသည်။ ကျွန်တော့်ကို စမ်းသပ်သည့် သဘောမျိုးလားဖြင့် မသိ။ အတန်ကြာတို့ထိပြီးတော့မှ ကျွန်တော့်ကို စိတ်ချယုံကြည် သွားဟန်ဖြစ်သွားဟန်ထင့်။ ကျွန်တော်၏ လက်အတွင်းသို့ သူ့လက်တွင် ဆုပ်ကိုင်ထား သော ပန်းများကို ထည့်ပေး လာသည်ကို တွေ့ရသည်။

ကျွန်တော်ကား မလှုပ် မယှက် ငြိမ်သက်နေရင်းမှ မိန်း မ[illegible]ယ်အား စူးစူးစိုက်စိုက်ပင် [illegible]ခုမှ ကြည့်လိုက်မိသည်။ ကော့ပျံနေသော မျက်ခုံးထူထူ၊ နှာတံသေးသေး၊ နှုတ်ခမ်းပါး ပါး၊ အရည်လဲ့နေသော မျက် လုံးတို့အပြင် ခေါင်းတွင် သစ်ခွ ပန်းများ စိုက်လျက် နက်မှောင် သော ဆံကေသာကို ဖားလျား ချထားကာသူမ၏လက်မောင်း ရင်းနှစ်ဖက် ပုခုံးထက်တွင် တောကြက်ဖငယ်တစ်ကောင် (ညောင်ကန်ကြက်)၏ မြီးဆံ ဖွားဖွားနှင့် ကြက်မွေးလို အမွေး များက ညီညီညာညာပင် ထွက် နေသည်။ သူမ၏ ရင်သားအစုံ မှာ ဗလာသက်သက်မို့ မိန်းမ တို့တွင်ရှိကြသည့် သဏ္ဌာန် အတိုင်းပင်။ ခါးတွင် သစ်ရွက် ငယ်တို့ကို နွယ်ကြိုးနှင့်ဖောက် သီကာ ပတ်ထားပြီး အရှက်ကို လုံရုံလေးထိန်းထားသလို သူမ ၏ တင်ပဆုံနှစ်ခုကြား လူ သားတို့၏ ခြေထောက်အတိုင်း ထိုတစ်ချောင်းတည်းသော ခြေ ထောက်ပေါ်တွင် မတ်လျက်၊ သူ၏အရပ်အမောင်းကား အလွန်ဆုံးရှိမှ ခုနစ်လက်မ ထက်မပို။

"ကျီ . . ကျီ . . ကျီ . . ကျလိ"

သူမ၏နှုတ်ဖျားဆီမှ စဉ်ဆက်မပြတ် အသံများထွက် လျက် ကျွန်တော့်ကို စကား ပြောနေပုံရသည်။ ကျွန်တော် ကား သူ ဘာကိုဆိုလိုမှန်းမသိ။ အဓိပ္ပာယ်ရှာလို့မရ။ မကြာ ခဏပင် လက်အုပ်ချီရင်း တကျီကျီနှင့် အသံများထွက် နေသည်မို့ သူမအသက်ကို ရန် မရှာဖို့ တောင်းပန်နေသည် လား၊ မိတ်ဆက်စကားမျိုး ပြောနေသည်ရယ်လားမသိ တော့ဖြင့်မသိ။သူ့လှုပ်ရှားမှုကို ကြည့်ရင်း . . .

"အို . . ဘုရား . . ဘုရား"

စိတ်တွင်းမှ တလိုက်မိ ခြင်းပင်။မုဆိုးနှင့် ဘုရားတခြား စီဖြစ်မှန်းသိပေမယ့် လတ်တ လောတွေ့ကြုံနေရသည့်ဖြစ် ရပ်က "ရှင်တော်ဘုရား"ကို တမ်းတရုံမှတစ်ပါးမရှိ။

နံနက်ခင်းပေမို့ အလင်း ရောင်ပို့က နှင်းမှုန်များ အကြားမှ ထိုးထွက်ဖို့ကြိုးစား နေသလို နှင်းစက်တို့ကလည်း သစ်ရွက်ခြောက်များပေါ်သို့

ကော့ပျံနေသော
မျက်ခုံးထူထူ၊
နှာတံသေးသေး၊
နှုတ်ခမ်းပါးပါး၊
အရည်လဲ့နေသော
မျက်လုံးတို့အပြင်
ခေါင်းတွင်
သစ်ခွပန်းများစိုက်လျက်
နက်မှောင်သော
ဆံကေသာကို
ဖားလျားချထားကာ
သူမ၏လက်မောင်းရင်း
နှစ်ဖက် ပုခုံးထက်တွင်
တောကြက်ဖငယ်တစ်ကောင်
(ညောင်ကန်ကြက်)၏
မြီးဆံဖွားဖွားနှင့်
ကြက်မွေးလို
အမွေးများက
ညီညီညာညာပင်
ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

တဖောက်ဖောက်ကျနေသည်။ ကျေးငှက်သံတစာစာများကိုလည်း ကြားနေရသည်။ လက်ခုပ်အတွင်းရှိ မိန်းမငယ်လေးကို ကျော်လျက် ပတ်ဝန်းကျင်ဆီများသို့ ဝေ့ဝဲကြည့်လိုက်တော့ တစ်ပိုင်းတစ်စစီကျိုးပဲ့နေသော တူမီးသေနတ်ကို တွေ့လိုက်ရသည်။ ဝါးနှစ်ရိုက်ခန့်အမြင့်မှ ကျသဖြင့် သည်လောက်တော့ ရှိပေမပေါ့။

ခုမှပင် မိမိကိုယ်ကို မိမိ ပြန်ဆန်းစစ်လိုက်မိသည်။ သေနတ်ပင်တစ်စချင်းဖြစ်အောင် ကျိုးပဲ့သွားသော်လည်း ကျွန်တော့်အဖို့ ချောက်ကမ်းပါးကြီးအောက် ကျောက်သားဆန်၍ မာကျောသော မြေပြင်ပေါ်သို့ ခြေပစ်လက်ပစ်ပြုတ်ကျပြီး မြေပြင်နှင့် ပြင်းထန်စွာ ဆောင့်ရင်း မေ့မျောသွားစဉ် အိပ်မက်အသွင်မျိုးနှင့်ချောမောလှပသော မိန်းမပျိုတစ်ဦးနှင့်လက်တွဲလျှောက်လှမ်းရင်း ကျောက်ဂူကြီးအတွင်းသို့ ရောက်ခဲ့သည်။ မိမိသည် ယခင်ဘဝက သူမ၏ ခင်ပွန်းပေဟောင်းဖြစ်ခဲ့ဖူးကြောင်းနှင့် ရောင်စုံသစ်ခွပန်းရနံ့များကို ကရှိုက်မက်မက် ရှူလိုက်မိသည်။ နန်းဝတ်နန်းစားနှင့် မိန်းမပျို . . ရောင်စုံသစ်ခွပန်းရနံ့များ။

အိပ်တစ်ဝက် နိုးတစ်ဝက်ပုံစံဖြင့် ဆွတ်ပျံ့သာယာသော အိပ်မက်အတွင်း သစ်ခွပန်းရနံ့တို့ကြောင့် သေဖို့ကောင်းပါလျက် သတိရနိုးထလာခဲ့သည်။ ယခုကြုံတွေ့နေရသည်က အိပ်မက်မဟုတ်မှန်းကိုလည်း မိမိကိုယ်မိမိ အသိဆုံးပင်။ ယခုမူ အိပ်မက်ထဲမှ သစ်ခွပန်းရနံ့နှင့် မိန်းမငယ်လေး၏ သစ်ခွပန်းရနံ့တို့က တူညီနေသလို လူသားမိန်းမချင်းကတော့ လွန်မွာကွာခြားသည်။ဟိုကဥစ္စာစောင့်အသွင်၊ ဒီက လူလိုလို ငှက်လိုလို။

ငှက်တစ်ကောင်ဟု ခေါ်ရလေမည်ရယ်လော၊ လူမိန်းမဟူ၍ ခေါ်ရပေမည်လား၊ သူမကို ကျွန်တော် စိုက်ကြည့်နေရင်းမှ "ရွှေစက်တော်သွားတောလား"တစ်ပိုဒ်ကို နှုတ်မှ ဖွဖွကလေး ရွတ်လိုက်ရင်း အဖြေရှာနေမိသည်။

"နေခြည်ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက် ကကြိုးခွေ၊ ဒေါင်းအိုးဝေနှင့်၊ သံခြေကြွေးကြော်၊ ဖိုမခေါ်၏။ ထောက်ကျော်ထွန်သွား၊ ငှက်ငွေ့သည်၊ တောများမြိုင်အောက်၊ ပင်ရိပ်အောက်တွင်၊ သေသောက်ကြူးငှက်၊ သေတလျက်တည့်၊ တောက်ထက်ကျူးမည်။ ဝန်တင်သည်လည်း ထိုးမဲစောင်စောင်၊ တောတောင်မျော်မျှော်၊ ခလေ့ဖိုးခေါင်၊ ခေါ်ယောင်ဖန်များ၊ တောလုံးကြားဒအောင်" သဘာဝကျေးငှက်များ အကြောင်းကိုလည်း ပြေးပြီးသတိရမိသည်။

ဪ . .

ကျွန်တော်ရောက်ရှိနေသော တောကြီးကလည်း သာမောဖွယ်ရာ တောကြီးပေပဲကိုး။ တည်ငြိမ်အေးချမ်းသည်။ မိမှိုစမ်း၊ ရေဝဲခွန်တို့နှင့်အပြင် သဘာဝသားကောင်များ၏ တေးသီသံများအပြင်မြင့်မားစွာ ပေါက်ရောက်နေကြသော သစ်ရှိင်းပင်ကြီးတို့နှင့်မို့ နက်ရှိုင်းလွန်းသော တောကြီးပေပဲကိုး။

တစ်ဖန် စဉ်းစားလိုက်မိပြန်သည်ကလည်း လျိုကြီးအတွင်းကျစဉ် ကျွန်တော့်အမည်ကိုခေါ်ပြီး သတိပေးသည့် ဘကြီးကောင်းနှင့် ဘဏ်ကျယ်တို့၏အသံများကလည်း ဘယ်လိုပေါ်လာသနည်းဟူသောအတွေးတို့နှင့်အတူ ဂမ္ဘီရဆန်နေသော အဖြစ်မျိုးပင်။

ယခု သူမကို ကြည့်ရသည်မှာ ကျွန်တော့်ကို ရင်းနှီး ကျွမ်းဝင်သည့် ပုံမျိုးပင်။ သို့အတွက် ကျွန်တော့်အနီးသို့ ရဲရဲတင်းတင်းပင်ရောက်ရှိလာပြီး ပြုံးချိုသော မျက်နှာနှင့် မြေပြင်ရှိ သူမအား လက်ခုပ်ပုံစံမျိုးနှင့်အပေါ်ဘက်ရှိ ကျွန်တော့်မျက်နှာအနီးသို့ မယူလိုက်ရင်း . .

"မင်း ဘယ်သူလဲဟင်၊ ငါ့စကားတွေကိုရော နားလည်နိုင်ပါ့မလား"

တီးတိုးလေး မေးလိုက်မိသည်နှင့်အတူ စူးစူးစိုက်စိုက်ကြည့်လိုက်မိသည်။

သူမ၏ လက်မောင်းရင်းနှစ်ဖက်တွင် တောကြက်ဖငယ်တစ်ကောင်၏ (မြီးဆံဖွားဖွား) ကလေးများပါရှိကာ အောက်ပိုင်းတွင်လူကို၏ခြေထောက်အလယ် (တင်ပဆုံ)အောက်ပိုင်းတွင် ခြေတစ်ချောင်းတည်းသာ ရှိနေသည်ကလွဲ၍ ကျန်အစိတ်အပိုင်းများက မိန်းမတစ်ယောက်၏ ဖွဲ့စည်းပုံအတိုင်းပင်။

"ကျိ . . ကျိ . . ကျလိ . . ကျလိ"

ကျွန်တော်ပြောသောစကားကို သူတို့ မာဂဓစကားနှင့် ပြန်ဖြေကြားနေပုံမျိုးပင်။

"ဒီတောကြီးမျက်မည်းထဲမှာ မင်းဘယ်သူတွေနဲ့နေသလဲ။ မင်းအဖော်တွေကော ဟင်၊ သူတို့ကို ငါ့ဆီခေါ်လာခဲ့ပါလား။ ဒါမှမဟုတ် မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

"ငါတောကြီးထဲမှာ (လူခြောင်း)လို့ခေါ်တဲ့ လူသေးသေးလေးတွေနဲ့ တွေ့ခဲ့ရဖူးတယ်။ သူတို့မှာ ခြေထောက်တစ်ချောင်းတည်း ရှိကြတယ်"

နေတဲ့ နေရာကို ငါအလည် လိုက်ခဲ့မယ်လေ"

"ကျလိ . . ကျလိ . . ကျလိ"

ကျွန်တော့် အမေးကို သူမ ပြန်လည်ပြောဆိုနေပုံမျိုးပင်။ ကျွန်တော်ပြောနေသော စကားများကို သူမနားမလည်၍ဘဲလား၊ ကျွန်တော်ကတော့ သူမပြောသော စကားတို့ကို ဘာမှန်းပင်မသိ။ သေချာတာ တစ်ခုကတော့ ကျွန်တော့ကို သူမ အလွန်ရင်းနှီးစွာဆက်ဆံနေသည့် နေအထားကြောင့် အလွန်ခင်မင်ရင်းနှီးသော ပုံစံမျိုးပင်။ ကျွန်တော့်၏ လက်မကို သူမ၏ လက်သွယ်သွယ်ကလေးများနှင့် မှီတွယ်ဆုပ်ကိုင်ထားရင်း ကျန်လက်တစ်ဖက်က ကိုင်ဆောင်ထားသော သစ်ခွပန်းတိုဖြင့် ကျွန်တော်၏ နားခေါင်းကို ဟိုတို့ဒီတို့ သပ်ပေးရင်း ချော့မြှူနေသည့်အသွင်မျိုး။ သစ်ခွပန်းရနံ့တို့က မွှေးကြိုင်လွန်းလှပါဘိ။ သူမကား ယနေ့ကဲ့သို့ ကျွန်တော့်ကို ပြုစုနေရသည်ကို ကျေနပ်သော အသွင်မျိုးဖြင့် ပြုံးနေသည်။ သူမ၏မျက်နှာသေးသေး လှလှကလေးကိုကြည့်ရင်းကျွန်တော် ကြွေးတောနေမိသည်။

ရှေးမုဆိုးကြီးများ ပြောပြခဲ့သဖြင့် မှတ်သားမိခဲ့ဖူးသည်က . .

"ငါတောကြီးထဲမှာ (လူခြောင်း)လို့ခေါ်တဲ့ လူသေးသေးလေးတွေနဲ့ တွေ့ခဲ့ရဖူးတယ်။ သူတို့မှာ ခြေထောက်တစ်ချောင်းတည်းရှိကြတယ်"

ဆိုသော စကားကို ပြန်လည် အမှတ်ရလိုက်မိသည်။ ယခု ကျွန်တော်နှင့်တွေ့ကြုံနေရသည့် မိန်းကလေးသည် (လူခြောင်း)ကလေးများဖြစ်နေရော့သလားရယ်လို့ပင်။

ထိုစဉ် . . .

"ဒိန်း . . ဟိန်း . . ဟိန်း"

ပဲ့တင်သံကြီးများနှင့်အတူ သေနတ်ပေါက်ကွဲသံကြီးက ကျေးငှက်သံတစာစာတို့နှင့် ကြည်နူးရိပ်သမ်းနေကြသော ကျွန်တော်တို့နှစ်ဦးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို ခြင်းဆန်စွာ ဖောက်ခွဲဖျက်ဆီးပစ်လိုက်သည်နှင့်အတူ . .

"အူး . . အူး . . အူး"

သေနတ်ပစ်လိုက်သံနှင့်အတူ လူ"အူ"လိုက်သံများကို ကြားလိုက်ရသည်မို့ ခေါင်းထောင်အကြည့်တွင် ကျွန်တော့် လက်ဖဝါးပေါ်ရှိ မိန်းကလေးမှာ သူ၏နားနှစ်ဖက်ကို သူမ၏ လက်နှစ်ဖက်ဖြင့် ပိတ်လျက် အလွန်အမင်း တထိတ်တလန့်ဖြစ်နေသည့် ပုံစံမျိုးနှင့်အတူ အောက်ခြေမြေပြင်ပေါ်သို့ ခုန်ချလိုက်ပြီး နှုတ်ကလည်း . .

"ကျိ . . ကျိ . . ကျလိ၊ ကျလိ . . ကျိ"

စာစာက ကျွန်တော့်ကို ပြောနေသည့် အသံထက် ပိုမိုကျယ်လောင်စူးရှသော အသံမျိုးကိုပြုလျက် နောက်ဖက်ဆီသို့လှည့်ကာ ကလေးများ ဖန်ခုန်တမ်းကစား၍ကြသည့်အခါ၊ တွေ့ရသည့်ပုံစံမျိုး ခုန်ဆွ၊ ခုန်ဆွနှင့် လျှိုကြီး၏ လမ်းကြောအတိုင်းပင် ထိတ်လန့်ကြောက်ရွံ့စွာနှင့် ပြေးထွက်သွားရင်း ချုံနွယ်ပင်များအောက်သို့ တိုးဝင်ပျောက်ကွယ်သွားပေတော့သည်။

"အူး . . ဝူး . . ဝူး"

ဥဏ်ကျယ်၏အသံပင်။ ပြောင်ကြီးလိုက်လံ ဖေ့ခတ်ရင်း သေပြေးရှင်ပြေးနှင့် အသက်ကို လု၍ ပြေးကြရင်း လူစုကွဲသွားကြသဖြင့် လူပြန်စုလျက် ကျွန်တော့်အား လိုက်လံရှာဖွေနေကြသည့် ပုံစံမျိုးမို့ ပြန်လည်အသံပြုလိုက်မိသည်။

"ဟေး . ."

"ဟော . . လျှိုအောက်က အသံပြန်ပေးတယ်"

ဘကြီးကောင်းပြောလိုက်သည့် အသံဖြစ်သည်။ လျှိုအောက်သို့ ဆင်းလာကြသော ဘကြီးကောင်း၊ ဥဏ်ကျယ်နှင့် ကိုလှမြင့်တို့ကို တွေ့မြင်လိုက်ရပေသည်။

ကျွန်တော့်မှာ မိန်းမပျိုကလေး ထိတ်လန့်ကြောက်ရွံ့စွာနှင့် တိုးဝင်ပျောက်ကွယ်သွားသော တောချုံကြီးကို ထပ်မံ၍ တွေ့လိုတွေ့ငြား လိုက်လံ၍ ငေးမောကြည့်ရှုနေလိုက်မိသည်။ သူတို့ကား ငူငူငိုင်ငိုင်နှင့်ထိုင်လျက်ဖြင့် အငေးသားဖြစ်နေသော ကျွန်တော့်ကို တွေ့မြင်သွားကြ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ကျွန်တော့်အနီးသို့ တိုးကပ်လာကြလျက် . .

"ဘိုလေး ဘာမှမဖြစ်ဘူး၊ ထနိုင်ရဲ့လား။ ကျွန်တော်တို့တော့ ပြောင်ကြီးလိုက်ခတ်လို့ ပြေးလိုက်ကြရတာ။ ညနေစောင်းမှပဲ လူပြန်စုမိကြတယ်။ လူစုံတော့ ညနေ စောင်းပြီလေ။ ဒီဘက်က သေနတ်သံတစ်ချက်ကြားပေမယ့် ဘယ်လိုမှ မတတ်နိုင်ကြတာမို့ သစ်ပင်ထက်မှာ တက်အိပ်ကြပြီး မိုးလင်းမှ ထွက်လာခဲ့ကြတာ။ ဒီရောက်တော့ ဘိုလေးပစ်ထားတဲ့ ပြောင်ကြီး သစ်ပင်ရင်းမှာ ခေါင်းစိုက်သေနေတာ တွေ့လို့ သေနတ်ဖောက်သံပေးပြီး ဒီရောက်လာကြတာ"

ကျွန်တော့်ကို တွေ့လိုက်ကြရသဖြင့် သူတို့ပြောနေကြပေမယ့် ကျွန်တော် သူတို့ကို စကားပြန်ပြီး ပြောလိုစိတ်ကမရှိ။ စိတ်တို့ကား ပျံ့လွင့်နေဆဲ။ ညာဏ်ကျယ်က တစ်စစီကျိုးပဲ့နေသော သေနတ်နှင့် လွယ်အိတ်ကို လိုက်လံကောက်ယူနေစဉ် ဘကြီးကောင်းနှင့် ကိုလှမြင့်တို့က ကျွန်တော့်အနီးသို့ ရောက်ရှိလာကြပြီး တွဲလျက် ထူမပေးမည့်အလုပ် သူ၏ နှာခေါင်းကို တရှုံ့ရှုံ့လုပ်ရင်း . .

"မွှေးလိုက်တဲ့ သစ်ခွပန်းရယ်ဗျာ။ ဘယ်က ခူးလာတာလဲဟင်"

ဘကြီးကောင်းက ထိုကဲ့သို့ ပြောနေစဉ် ကျွန်တော်က မတ်တတ်ရပ်လိုက်သဖြင့် တအံ့တသြနှင့်ရှိနေကြသော သူတို့သုံးဦးက -

"ဘိုလေး . . ဒီလောက် အမြင့်ကြီးက ကျတာဘာမှ မဖြစ်ဘူးနော်"

သူ့ကို တအံ့တသြဖြစ်နေကြသည်။ အမှန်တကယ်လည်း အံ့သြစရာအလွန်ကောင်းသည့် အဖြစ်မျိုးပင်။ ကျွန်တော်အလိုက်သင့် ပြန်ဖြေလိုက်မိသည်က . .

"အေးဗျာ . . ကျွန်တော် ပြောင်ကြီးကို ရှောင်ရင်း ဒီအောက်ကို ပြုတ်ကျပြီး သတိမေ့နေတာ။ ခုသတိရစမှာပဲ ခင်ဗျားတို့ ဒီကိုရောက်လာကြတာ။ ဘာမှမဖြစ်ဘူးလို့ပဲ ပြောရတော့မှာပဲဗျာ"

ထိန်ပင်ခြေရင်းတွင်ခေါင်းစိုက်လျက် အသက်ပျောက်နေပြီဖြစ်သော ပြောင်ကြီးကို အရည်ချ၊ ပြောင်သားတုံးကြီးများကို နိုင်သလောက် ဝါးချင်းတောင်းအတွင်းသို့ ထည့်လျက် ရှေ့နောက်မျှ၍ ဝါးတစ်လုံးဖြင့် ထမ်းကာ ရှေ့မှ အသော့နှင့် နေကြသော သူတို့သုံးဦးကို နောက်နားဆီမှ လိုက်ပါ လျှောက်လှမ်းနေရင်း စဉ်းစားနေလိုက်မိသည်က . . .

ဝါးနှစ်ရိုက်ခန့်ရှိအမြင့်ထက်မှ ကျောက်သားဆန်သော မြေပြင်ပေါ်ဆီသို့ ကျွမ်းထိုးမှောက်ခုံ ဖွဲအိတ်ကြီးတစ်အိတ်ပစ်ချခံလိုက်ရသလို ကျခဲ့ပြီး အသက်မသေလျှင်တောင် ကျိုးပဲ့ ဒဏ်ရာအနာတရဖြစ်ဖို့ ကောင်းပါလျက် ယခုတော့ သတိမေ့ရုံလောက်သာ၊ သတိပြန်ရတော့ ယခုကဲ့သို့ ကောင်းမွန်စွာ လမ်းလျှောက်နေနိုင်ခြင်းမှာ ထင်မထားပါဘဲနှင့် အိပ်မက်အတွင်းမှ ယခင်ဘဝက နန်းဝတ်နန်းစားနှင့် ဖနီးဟောင်း၏ အစွမ်းအစနှင့် သစ်ခွပန်းရနံ့ကြောင့်ပဲလား၊ သို့မဟုတ် မျက်ဝါးထင်ထင် တွေ့မြင်လိုက်ခဲ့သည့် (လူ ပြောင်း)မလေးက အနမ်းခိုင်းလိုက်သော သစ်ခွပန်းရနံ့များကြောင့်ပဲလား။ သည်ဖြစ်ရပ်မျိုးသည် ကျွန်တော့်လို သာမန်လူသားတစ်ဦးအဖို့ ကြုံတောင့်ကြုံခဲရှိလှသော ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်ရပ်မျိုးပင် မဟုတ်ပါလား။

ကျွန်တော်နှင့် ကြုံဆုံခဲ့ရသည့် မိန်းမငယ်လေးမှာ အမှန်ပင် လူပြောင်းဖြစ်ခဲ့ပါကအမြင့်ကြီးမှ ကျပြီးသေလောက်ပါ လျက်နှင့် ယခုကဲ့သို့ ဘာတစ်ခု မှ မဖြစ်အောင် ဆွဲဆောင်နိုင် မှုကော ရှိပါရဲ့လား။ သူမဦး ခေါင်းထက်နှင့် လက်တို့တွင် ကိုင်ဆောင်ထားသော သစ်ခွ ပန်းရနံ့များကလည်း သည်မျှ လောက် အစွမ်းထက်မည် လား။ အနည်းဆုံး ကျိုးကြေ သွားဖို့တော့ ကောင်းသည်။ တူမီးသေနတ်ပင် ထက်ပိုင်း ကျိုးပြီး တစ်စစီလိုက်ကောက် ယူခဲ့ရသည်မဟုတ်ပါလား။

ယခုမူ သည်လောက် အမြင့်ကြီးမှ ကျခဲ့ပြီး သတိမေ့ နေစဉ် ဘဝဟောင်းက ဇနီး တော်စပ်ခဲ့ဖူးသည့် မိန်းမငယ် သူမထံမှ ရှူရှိုက်လိုက်ရသော သစ်ခွပန်းရနံ့များ သတိပြန် လာသောအခါ ထူးခြားစွာ တွေ့မြင်လိုက်ရသောလူပြောင်း မလေးလက်မှ သစ်ခွပန်းရနံ့ များတို့ကပေပဲလားဆိုသည် မတွေးတောတတ်အောင် ဖြစ် ခြင်းများတို့နှင့်အတူ အထူး သတိရရှိနေရင်း လျှောက်လှမ်း နေလိုက်မိပေတော့သည်။

လေးမောင်



www.burmeseclassic.com

www.burmeseclassic.com

## တစ္ဆေနှင့် ပက်ပင်းတိုးသည့် USA စတား

အမေရိကန်မှ ရုပ်ရှင်သရုပ်ဆောင် ကာရီယာကာနိုက် သရီသည် သဘာဝလွန်ဖြစ်ရပ် (Supernatural) များ၊ ပရလောကများကို ယုံကြည်လက်ခံသူမဟုတ်ခဲ့သော်လည်း တစ္ဆေတစ်ကောင်(Ghost) နှင့် အခန်းထဲ ပက်ပင်းတိုးမိတော့မှ ဝိညာဉ်လောကရှိကြောင်း လက်ခံခဲ့သည်။





(၁၅. ၁၁. ၁၂)နေ့တွင် ကာရီယာသည် မိခင်နှင့်အတူ လော့အင်ဂျလိရှိ ဟိုတယ်တစ်ခုတွင် တည်းခိုခဲ့ကြသည်။ ထိုနေ့နံနက်စောစောတွင် ကာရီယာသည် ရေချိုးသန့်စင်ခန်းဝင်ပြီး ညေ့ခန်းသို့ ထွက်လာသောအခါ နီညိုရောင်မှိုင်းမှိုင်းဝတ်စုံ၊ ဆံပင်နက်နက်တိုတိုနှင့် အမျိုးသားတစ်ဦး ဆိုဖာပေါ်တွင် အခန့်သားထိုင်နေသည့်ကို တွေ့ရသည်။ ကာရီယာသည် လန့်ကြောက်တုန်လှုပ်စွာဖြင့် ထိုအမျိုးသားကို "ဒီအခန်းဟာ ကျွန်မရဲ့နေရာပါ။ ရှင်ထွက်သွားပါ" ဟုပြောတော့ ထိုအမျိုးသားသည် သူမကို ဆွေးမြေ့မက်မောစွာ စူးစူးစိုက်စိုက်ကြည့်ရင်း မှုန်ဝါးပျောက်ကွယ်သွားသည်။ သမီး၏စကားပြောသံကြားသော မိခင်က "ကာရီယာ ဘယ်သူနဲ့ စကားပြောနေတာလဲ" ဟု မေးခဲ့သော်လည်း ထိုတစ္ဆေကိုတော့ မတွေ့လိုက်ရဟုဆိုသည်။ အလားတူဖြစ်ရပ်မျိုးကို ကာရီယာ၏မိတ်ဆွေ အင်နာကာရီနီနာက ၎င်းဟိုတယ်တွင် ဆုံခဲ့ကြောင်း ပြောကြားခဲ့သည်။

ညိုမြင်းလွင်(မော်ကျွန်း)

Ref: PTI News, 16.11.201!

---

## အရက်တင်ကားကို ဝင်ဆောင့်ရာမှ ပေါက်ကွဲမီးလောင်



မလေးရှားနိုင်ငံ၊ အနောက်တောင်ဘက် အဝေးပြေးလမ်း အေရာကာအွန်လစ်းပိုင်းတွင် အရက်၊ စီးကရက်နှင့် ဘီယာများ ...ည့်တင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီးကို နောက်ဘက်မှ အပြင်းမောင်းလာသော ကားတစ်စီးက ဝင်တိုက်ဆောင့်ခဲ့ [illegible] ကုန်တင်ကားလည်း ပေါက်ကွဲမီးလောင်၊ ကားနှစ်စီးပေါ်မှ ယာဉ်မောင်းတို့လည်း သေဆုံးခဲ့ကြရသည်။ သို့ဖြစ်၍ မီးလောင်...ဘွယ်သော ပစ္စည်းများသယ်သည့် ကားများကို ယာဉ်ကြောပြောင်းရန် စီစဉ်လျက်ရှိသည်။

ညိုမြင်းလွင်(မော်ကျွန်း)

Ref: New Strait Time



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# သကြ်န်ရေလား မျက်ရည်လား

ဒေးရွှေ (ကေတုမတိ)

(၁)

သည်နေ့ မဟာအတာသင်္ကြန် အကျနေ့။

ကျွန်တော်သည် အိမ်ရှေ့ဝရန်တာမှ ခုံတန်းလျားမှာထိုင်ရင်း လမ်းထိပ်ကရပ်ကွက်မဏ္ဍပ်ဆီ ငေးကြည့်နေမိသည်။ သည်တုန်းမှာ အိပ်ဇောသံတွေဆူညံပွက်လောရိုက်နေသည့် ဆိုင်ကယ်တစ်စီးက လီဗာကိုတဖျင်းဖျင်းနှင့်ဖြကာ ရေပက်သူတွေကို ရှောင်ရင်းတိမ်းရင်းသင်္ကြန်ရေတွေကြားထဲက အတင်းဖြတ်မောင်းသွားသည်။ အမေကဘုရားရှိခိုးရင်းမှ ကျွန်တော့်ကို ဖျတ်ခနဲလှမ်းကြည့်သည်။ အဖေက ပက်လက်ကုလားထိုင်မှာထိုင်ပြီး ဝမ္မပဒဝတ္ထုတော်ကြီးကို ဖတ်နေရင်းက လေ့ကားအောက်မှာ တုံးလုံးလှဲထားသည့် ခေါင်းပိုင်းကြေမွနေသည့် ဆိုင်ကယ်ကို လှမ်းကြည့်လိုက်တာတွေ့ရသည်။ ကျွန်တော်ကတော့ မဏ္ဍပ်ရှေ့က သင်္ကြန်ရေမှုန်ထဲမှာရပ်နေသည့် မြမောင်ကိုသာလှမ်းကြည့်နေမိသည်။ သူ့မျက်ဝန်းတွေထဲမှာတော့ သင်္ကြန်ရေတွေလား၊ မျက်ရည်တွေလားဟု ကျွန်တော်ဝေခွဲ၍ မရပါချေ။

(၂)

အိပ်ရာကနိုးနိုးချင်းပင် နာရီကိုလှမ်းကြည့်လိုက်တော့ ရှစ်နာရီခွဲလုပြီ။ နောက်နှစ်ရက်နေလျှင် သင်္ကြန်အကြိုနေ့သို့ ရောက်တော့မည်။ ကျွန်တော်ကပျာကယာထပြီး မျက်နှာသစ်ကာ အစ်မက အဆင်သင့် ဖုံးပေးထားခဲ့သည့် အေးစက်နေပြီဖြစ်သော မုန့်ဟင်းခါးကို ကသောကမျော မျိုချနေမိသည်။ အစ်မနှင့်အမေတို့ကတော့ သင်္ကြန်ပိတ်ရက်အတွက် ဈေးဝယ်သွားကြပြီထင်၏။ အဖေကတော့ ရုံးသွားလောက်ပြီ။

ကျွန်တော် "ရှိုင်းလိုက်" ဆံပင်အလှပြင်ဆိုင်ကိုရောက်တော့ ကျွန်တော့်ထက်ဦးပြီး ရောက်နှင့်နေသူ သုံးလေးဦးခန့်ပင်ရှိနေသည်။ ခုံသုံးခုပေါ်မှ ကောင်လေးသုံးယောက်ကို ကျွန်တော်ငေးကြည့်နေမိသည်။

ဘယ်ဘက် အစွန်ဆုံးခုံပေါ်မှ ကောင်လေးကဆံပင်ကို ဘဲမြီးကော့ညှပ်ခိုင်းနေသည်။ အလယ်ခုံမှတစ်ယောက်ကတော့ ဆံပင်အရှည်ကိုပင် နဖူးရှေ့မှာလေးငါးဆယ်မျှင်ခန့်စီစု၍ သုံးလေးငါးစုခန့်ချစေသည်။ ပြီး နောက်ဘက်လည်ကုပ်ပေါ်မှ အနည်းငယ်မျှ ဖွာရရာကြဲ၍ချစေပြန်သည်။ ပြီးတော့ နားရွက်နစ်ဖက်၏ အပေါ်ဖက်တွေကိုတော့ စက်ကတ်ကြေးဖြင့် ပြင်ညီထိုးပေးရန်ပြောသည်။ ညာဘက်အစွန်ဆုံးခုံမှ ချာတိတ်ကတော့ တစ်ခေါင်းလုံးကို ခပ်တိုတို အညီညှပ်ထားပြီးမှ ဆံပင်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကို ဂျယ်နှင့်သုတ်လိမ်းပြီး ထောင်နေအောင်လုပ်နေသည်။ ဘယ်ဘက်အစွန်မှ ဘဲမြီးပုံညှပ်ပြီးသွားသော ကောင်လေးက ထိပ်ဖက်တစ်ပြင်လုံးမှာ ဆေးနီနှင့်ဆေးဝါတို့ဖြင့် ဝလုံးကွက်တွေ ကွက်ကြားဆိုးသည်။ ပြီးတော့ နားထင်ဘေးနှစ်ဖက်မှာ ကတ်ကြေးဖြင့် အစင်းကြောင်းတွေ အစီအရီဖြစ်အောင်ညှပ်စေပြန်သည်။

ဆံပင် အလုပြင်ပေးနေသည့် ကောင်မလေးများကလည်း ရယ်ရွှန်းဖတ်ရွှန်းဖြင့် စကားတွေဖောင်လောက်အောင်ပြောရင်း ခုံပေါ်မှလူငယ်များ စိတ်တိုင်းကျအောင် လိုက်လုပ်ပေးနေကြသည်။ ကောင်လေးများကလည်း ဟိုလိုမဟုတ်ဘူး။ ဒီလိုမဟုတ်သေးဘူး။ ဒီနားမှာ ဒီလိုလုပ်ပေးပါ စသည်ဖြင့် အကြိမ်ကြိမ် တောင်းဆိုလိုက်၊ ကောင်မလေးများက လိုက်လုပ်ပေးလိုက်ဖြင့် တော်တော်နှင့်မပြီးနိုင်အောင် ရှိနေကြသည်။ ကျွန်တော်က အပြန်အလှန် ရယ်မောပြောဆိုနေကြသည့် သူတို့ကို ကြည့်ရင်း အလိုလိုကျွဲမြီးတိုနေမိသည်။ သူတို့နောက် နံရံပေါ်မှနာရီလက်တံက ကျွန်တော့်ရင်နှင့်ထပ်တူ အရှိန်ပြင်းပြင်းနှင့် ခုတ်မောင်းနေလေသည်။

သည်တုန်းမှာ ဆိုင်ရှေ့သို့ ဆိုင်ကယ်သုံးစီးရောက်လာကြသည်။ အိပ်ဇောသံတွေ ဆူညံပွက်နေသည့် ဆိုင်ကယ်သုံးစီးရောက်လာကြသည်။ အိပ်ဇောဆိုင်လင်ဇာများ ဖြုတ်ထားကြသည့်ဆိုင်ကယ်များကို ဘရိတ်နင်းပြီးရပ်ထားပြီးသည့်တိုင် လီဗာကိုတစောင့်စောင့်နှင့် ဆောင့်ဆောင့်ပြီးဆွဲနေကြသဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဆူညံပွက်လော ရိုက်နေတော့သည်။ လီဗာကို အကြောင်းမဲ့သက်သက် အတော်ကြာအောင်ဆွဲပြီးကြတော့မှ ဆိုင်ကယ်ကိုစက်သတ်ပြီး ဆိုင်တွင်းသို့ ဝင်လာကြသည်။

လူငယ် ခုနစ်ယောက်ခန့်ဖြစ်၍ သူတို့အားလုံးက အဖြူရောင် အရိုးခေါင်းရုပ်များပါသည့် ဂျာစီအင်္ကျီအနက်များကို ဆင်တူဝတ်ဆင်ထားကြသည်။ ပြီးတော့ အိတ်များ။ ကြိုးများနှင့် ရှုပ်ပွနေသည့် ဂျင်းဘောင်းဘီပွပွကြီးများကို ခါးပတ်ပြားပြားကြီးများဖြင့် ပတ်ထားကြသည်။ သူတို့အားလုံးလိုလို၏ နားရွက်တစ်ဖက်စီတို့မှာ ကျွန်တော့်လိုပင် နားကပ်များနှင့် နားကွင်းများကို နှစ်ခု၊ သုံးခုခန့်စီတွေ့ရသည်။ လူငယ်အချို့က ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ်ထားပြီး အများစုကတော့ နောက်ကျောမှာ ဖြန့်ချထားကြသည်။ သုံးယောက်လောက်ကတော့ မျက်မှန်ပြာလဲ့လဲ့သေးသွယ်သွယ်များကို တပ်ထားကြပြီး သူတို့အားလုံးလိုလိုပင် မျက်နှာပေါ်မှ သနပ်ခါးကို ကွက်တိကွက်ကျား လိမ်းခြယ်ထားကြသည်။ သူတို့က ဆိုင်အတွင်းဝင်လာကြပြီးလျှင် ဆံပင်ပြုပြင်ပေးနေကြသည့် မိန်းကလေးများကို ရိသဲ့သဲ့ဖြင့် မထိတထိ ပြောဆိုနေကြပြန်သည်။ ကျွန်တော်က သူတို့အားလုံးကို စိတ်ပျက်လက်ပျက်ဖြင့် မျက်နှာလွှဲထားလိုက်သည်။

မနက်ခင်း ထက်ဝက်ခန့်ကျိုးအောင်ထိုင်စောင့်ပြီးမှ ကျွန်တော့်အလှည့်ကို ရောက်တော့သည်။ ကျွန်တော်ခုံပေါ်သို့ ဝင်ထိုင်လိုက်သည်နှင့် ဖြူဖြူပိန်ပိန်ကောင်မလေးက ကျွန်တော့်ပခုံးကို လက်နှစ်ဖက်ဖြင့် ပိုင်စိုးပိုင်နင်းကိုင်ပြီးလျှင် “ကဲ ပြော ဘယ်လိုပုံ လုပ်ပေးရမှာလဲ” ဟု ကျွန် ကလျှမေ [illegible]က်သည်။ ခုနကပင် ကျွန်တော့်ရှေ့မှာ အခြားကောင်လေးများနှင့် ရယ်ရှင်မြူးတူးဆက်ဆံနေခဲ့သည့် ကောင်မလေးကို ကျွန်တော်စိတ်ကုန်နေမိသည်နှင့် တစ်ခေါင်းလုံးကို ကျစ်ဆံမြီးသေးကလေးများကျစ်ပြီး လိပ်ပေးဖို့ ရှုစူဆောင့်ဆောင့်ပင်ပြန်ပြောလိုက်သည်။ ကောင်မလေးက ကျွန်တော့်ပခုံးကို တွန်းထိုးလိုက်ပြီး “ဟွန့် အလကားနေရင်း ဒေါသချည်းပဲ” ဟု ကျွန်တော့်နားနားမှာ ကပ်ပြီးပြောလိုက်လေသည်။

(၃)

နေ့လယ်တစ်နာရီခွဲပြီးမှ ကျွန်တော့်ဆင်ယင်ထုံးဖွဲ့မှုက လက်စသတ်သည်။ ကျွန်တော် အိမ်ဝသို့ဝင်လိုက်သည်နှင့် အစ်မဖြစ်သူက ကျွန်တော့်ကို တအံ့တသြငေးကြည့်သည်။ အိမ်အပေါ်ထပ်မှဆင်းလာသည့် အမေကတော့ သူ့ဝသီအတိုင်း ညည်းတွားရင်းက ဗျစ်တောက်ဗျစ်တောက် လုပ်တော့သည်။

“ဟယ် သားရယ်၊ တစ်ခေါင်းလုံးလည်း ကျစ်ဆံမြီးအသေးတွေချည်းကျစ်ပြီးတော့ ခွေလိပ်ထားလိုက်တာများအံ့ပါ့ဟယ်၊ အင်း·· ခေတ်ကာလကြီးကိုက ဘာတွေဖြစ်ကုန်ပြီလဲဟင် မိန်းကလေးတွေက ပြင်ဆင်ရတယ်လို့ မရှိဘူး။ သူတို့ ယောက်ျားလေးတွေကချည်း ကဲနေတော့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com

အမေ့အသံကြားလိုက်သည်နှင့် ကျွန်တော်စိတ်ညစ်သွားသည်။ သည်တစ်မနက်ခင်းလုံး ဆံပင်အလှပြင်ဆိုင်မှာစိတ်အလိုမကျခဲ့သမျှ အမေ့ကိုပြန်၍ အငေါ်တူးမိတော့သည်။

"ဟာ . . . အမေကလည်းဗျာ၊ နေရာတကာလိုက်ပြီး ပွည့်ပွည့် လုပ်နေတော့တာပဲ၊ ဒါ ခေတ်ရေစီးကြောင်းဗျ။ ခေတ်ရေစီးကြောင်း"

"အံမယ် အံမယ် နေရာတကာ ခေတ်ကိုချည်း လွှဲ လွှဲ ချမနေပါနဲ့၊ မင်းတို့ဟာမင်းတို့ လုပ်ချင်တာလုပ်၊ အတုမခိုးသင့်တာ ခိုးနေတဲ့ ဟာကို၊ ကိုင်းခုလည်း ဘယ်လောက်ကုန်လာရပြန်ပြီလဲ"

"ဟာ ကျွန်တော်ဗိုက်ဆာပြီဗျ။ အမေ မေးနေတာတွေကို မဖြေနိုင်တော့ဘူး။ အမေ မေးချင်တာတွေကို စုထား၊ နောက်မှ မေးဗျာ"

ကျွန်တော်သည် အမေ့ကို တစ်ကြိမ်တစ်ခါမျှ မကြောက်ခဲ့သူဖြစ်သည့်အတိုင်း အငေါ်တူးခဲ့ပြီးမှ ထမင်းစားခန်းထဲသို့ဝင်လာခဲ့သည်။ နဂိုကပင် အေးတိအေးစက် နိုင်လွန်းလှသည့် အစ်မဖြစ်သူက နောက်မှဝင်လိုက်လာပြီး ကျွန်တော့်ကို ထမင်းပြင်ပေးနေသည်။ အစ်မက ထမင်းပြင်ရင်းက မေးသည်။

"မောင်လေး ဆံပင်ကျစ်တာ ဘယ်လောက်ပေးရသလဲ ဟင် . . "

"တစ်သောင်းခွဲထဲပါ အစ်မရာ"

"ဘုရားရေ . . "

အစ်မက ထမင်းဇလုံကို ကိုင်လာရင်းမှ ဘုရားတသည်။ ရှတ်တရက်လည်း ထမင်းဇလုံ လွှတ်ကျမလိုဖြစ်သွားသေးသဖြင့် သတိထားပြီး ထိန်းလိုက်ပံ့ရပါသည်။

ကျွန်တော် ထမင်းစားနေစဉ်မှာ ကျော်လှ ရောက်လာသည်။ ကျော်လှနှင့် ကျွန်တော်က ငယ်စဉ်ကပင် အတန်းတူ ရပ်ကွက်တူ သို့သော် စရိုက်ချင်းတော့ မတူပါ။ ကျော်လှဆိုသည့်ကောင်က သူ့အမေက သေဆိုသေ၊ ရှင်ဆိုရှင်။ ပြီးတော့ ကျောင်းမှာလည်း ဆရာ၊ ဆရာမတွေကြိုက်အောင်နေတတ်သူ။ ပြီး ဒီကောင်လာပြီဆိုလျှင် အမေတို့က ဖူးဖူးမှုတ် အရေးပေးတတ်သည်။ ပြီးတော့ ဒီကောင်နှင့် နှိုင်းယှဉ်၍ ကျွန်တော့်ကိုအမြဲပင် အဆူခံထိနေကျ။ ဒါကြောင့် ကျွန်တော်က ဒီကောင့်ကို နည်းနည်းမှကြည့်လို့မရ။ ခုလည်း ဒီကောင် ဘာလာလုပ်ပြန်သည်မသိ။ ဒီကောင်လာလျှင် အနည်းနှင့်အများ တော့ ကြွားစရာတစ်ခုခု ပါလာတတ်သည်။ ဒါကို အမေတို့ကလည်း အထင်ကြီးသည်။ အစ်မက သူ့ကိုလေးစားသည့်အကြည့်ဖြင့် ခိုးခိုးကြည့်တာ ကျွန်တော် ခံအပြင်းဆုံး။

"အန်တီ . . အေးကျော်ရှိလား"

"အေး . . ရှိတယ်သားရဲ့၊ ဟော ဟိုမှာ ထမင်းစားနေလေရဲ့"

"အော် ဟုတ်ကဲ့၊ ကျွန်တော်တို့ လာမယ့်သင်္ကြန်ရက်မှာ ရပ်ကွက်ထဲက သက်ကြီးဝါကြီး အဘိုးအဘွားတွေကို ခေါင်းလျှော်၊ ခြေသည်း လက်သည်းညှပ်၊ ရေချိုးပေးပြီးတော့ ကုသိုလ်ယူမလို့၊ ပြီးတော့ ကျွန်တော်တို့ရပ်ကွက် ထိပ်မှာပဲ မဏ္ဍပ်ထိုးပြီးတော့ ရေပက်ကြရင်းနဲ့ မုန့်လုံးရေပေါ်လုပ်ပြီး ထမ်းသွားလမ်းလာ အားလုံးကိုလည်း ဒါနလုပ်ဦးမလို့ အဲဒါ အေးကျော်ကို လာခေါ်တာ"

"သာဓုပါတော် သာဓုပါ။ ကဲ ကဲ သွား မင်းသူငယ်ချင်းကို သွားပြောကြည့်၊ ဟင်း . အန်တီကတော့မထင်ပါဘူး။ ဒီကောင်က အဲလို အရည်ရမယ့် အဖတ်ရမယ့် ကိစ္စမျိုးကျ ဝါသနာပါမှာ မဟုတ်ဘူး"

ဒီကောင် ဘာလုပ်လုပ် အထင်ကြီးနေကျအမေသည် ဒီကောင်နှင့်ယှဉ်၍ ကျွန်တော့်ကို ထုံးစံအတိုင်း ချီးမွမ်းခန်း ဖွင့်နေပြန်လေသည်။ ဒါကို ဒီကောင်က အလိုက်ကန်းဆိုးမသိ ကျွန်တော့်နားရောက်လာသည်။

"ဟေ့ကောင် အေးကျော် ငါတို့ သင်္ကြန်တွင်းမှာ ကုသိုလ်ကောင်းမှု လုပ်မလို့ကွ၊ အဲဒါ . ."

"ဟာကွာ မင်းတို့ဟာ မင်းတို့ ဘာပဲလုပ်လုပ်ကွာ၊ ငါမလိုက်ဘူး၊ ငါ့မှာလည်း ငါ့အစီအစဉ်နဲ့ငါရှိပြီးသား။ ကဲ သွားပါကွာ ငါမလိုက်ဘူး"

"အေးကျော်ရာ ငါတို့ကပျော်လည်းပျော်၊ ကုသိုလ်လည်းရအောင် လုပ်တာပါကွာ၊ ပြီးတော့ . ."

"ဟေ့ကောင် ကျော်လှ ငါမလိုက်ဘူးလို့ ပြောပြီးပြီလေ၊ ကဲ ဘာထပ်ပြီး ပြောရဦးမလဲ"

"အို မောင်လေးကလည်း တစ်ဖက်သားစကားကိုလည်း ဆုံးအောင် နားထောင်ဦးမှပေါ့ . ."

"ဟာဗျာ၊ အစ်မက တစ်မျိုး ကဲ အစ်မတို့ဟာအစ်မတို့ စိတ်ဝင်စားတဲ့



www.burmeseclassic.com

www.burmeseclassic.com

သူချင်း ဆွေးနွေးချည်း ကျွန်တော်ကတော့ စိတ်မဝင်စားဘူးဗျာ"

ကျွန်တော်က အစ်မကိုပါ ဂျစ်တီးဂျစ်ကန်နှင့် ပြန်ဖေ့ာ်ရင်း စားလက်စထမင်းကိုရပ်၍ လက်ဆေးအင်တုံထဲသို့ လက်ကိုနှစ်ဆေးလိုက်ပြီး အိမ်ရှေ့ဘက်သို့ထွက်လာခဲ့သည်။ အိမ်ရှေ့ရောက်သည်နှင့် ဘေးဒေါက်ထောက်၍ ထောင်ထားသည့်ဆိုက်ကယ်ကို တက်ခွလိုက်ကာ ဝင်းမောင်တို့အုပ်စုရှိရာသို့ ထွက်ခဲ့သည်။ ခုနှစ် သင်္ကြန်မှာတော့ ခါတိုင်းနှစ်တွေဘုန်းကလို ကားဌားပြီးလျှောက်မလည်တော့။ ယခင်က ကားငှားပြီးလျှောက်လည်ဖို့အတွက် ကားခကချည်း တစ်ယောက်ကို တစ်နေ့တစ်သောင်းလောက် ကျခဲ့သည်။ အမေနှင့် အစ်မတို့ကလည်း ညည်းတွားကြသည်။ သည်တော့ သည်နှစ်မှာ ကိုယ့်ရှိတဲ့ဆိုင်ကယ်နှင့်ပဲ လည်ကြမည်ဟု ဆုံးဖြတ်ထားကြသည်။

ဝင်းမောင်ရယ်၊ အောင်စိုးရယ်၊ မြမောင်ရယ်၊ စိန်လွင်ရယ်ကို "တွတ်တီ" လက်ဖက်ရည်ဆိုင်မှာ အဆင်သင့်ပင် တွေ့ရသည်။ ကျွန်တော်လည်း လက်ဖက်ရည် တစ်ခွက်မှာပြီး ထုံးစံအတိုင်း ရေကြီးသုတ်ပျာမော့ချလိုက်ပြီးနောက် ပိုက်ဆံထုတ်ရှင်းပေးလိုက်သည်။ ပြီးတော့ ဝင်းမောင်နှင့်တိုင်ပင်ထားသလို ဆိုင်ကယ်များကို လိုအပ်တာတွေပြုပြင်ဖို့အတွက် ဆိုင်ကယ်ပြင်ဆိုင်ဆီသို့ ထွက်ခဲ့ကြသည်။

ကျွန်တော်တို့အဖွဲ့တွင် သူငယ်ချင်းငါးယောက်ရှိသော်လည်း ဝင်းမောင်နှင့် ကျွန်တော် နှစ်ယောက်သာ ဆိုင်ကယ်ရှိသည်။ အောင်စိုးနှင့် စိန်လွင်တို့မှာတော့ စက်ဘီးတွေပဲရှိကြပြီး မြမောင်မှာတော့ ဘာမျှမရှိရှာ။ ဝင်းမောင်က တစ်ဦးတည်းသားဖြစ်ပြီး သူ့အဖေက ဌာနကြီးတစ်ခုမှာ အရာရှိဖြစ်၍ အဆင်ပြေလှသည်။ ကျွန်တော့်အဖေကတော့ ဆောက်လုပ်ရေးဌာန တစ်ခုမှာ ရုံးအုပ်ချုပ်ဖြစ်သည်။ သို့သော် အပြေလည်ကြီးတော့လည်း မဟုတ်။ ပြီးတော့ အဖေကစည်းကမ်းကြီးသည်။ သည်ဆိုင်ကယ်လေးဝယ်ဖို့ကိုပင် တစ်နှစ်ခန့် ပူဆာခဲ့ရသည်။ နောက်တော့ဆယ်တန်းအောင်ပြီး ဂုဏ်ထူးတက်ခွင့်ရမှသာ မလွှဲသာမရှောင်သာ၍ ဝယ်ပေးခြင်းဖြစ်သည်။ သို့သော် ဝယ်ပေးမယ့် ပေးတော့လည်း ယိုးဒယားဆိုင်ကယ်ကို ဝယ်ပေးခဲ့သဖြင့် ကျွန်တော်ဝမ်းသာခဲ့ရသေးတယ်။

မုန့်ဖိုးကိုတော့ တစ်လလျှင် တစ်သောင်းခွဲ အပြတ်ပေးသည်။ သို့သော် တစ်သောင်းခွဲ ဆိုသည့်ငွေက သူငယ်ချင်းများသော ကျွန်တော့်အတွက် သိပ်ပြီးတော့ လောက်လောက်ငငမရှိလှ။ နှစ်ရက်လောက်မသုံးပဲစုထားသည့်ငွေသည် လက်ဖက်ရည်ဆိုင် တစ်ကြိမ်ထိုင်လျှင် ကုန်တော့သည်။ တစ်ခါတစ်ရံ အကြွေးတင်သဖြင့် အစ်မထံက ကြိတ်ပြီးတောင်းရတာသည်။ အစ်မကတော့တက္ကသိုလ်မှာ အင်္ဂလိပ်စာမေဂျာဖြင့် ဗိုင်နယ်တက်နေသူဖြစ်ပြီး မုန့်ဖိုးကိုတော့ ကျွန်တော်နှင့်တန်းတူပင်ရသည်။ သို့သော်အစ်မက အသုံးအစွဲကပ်စေးနဲသည်။ တစ်ခါတစ်ရံအမေ ဈေးဖိုးထဲမှပင် ကျွန်တော့်အတွက် လက်ဝါးဖြန့် တောင်းခံပေးရတတ်ပြန်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်မှာတော့ လာဘ်လာဘ သိပ်ပြီးမရှားလှပါ။

အောင်စိုးနှင့် စိန်လွင်တို့၏ မိဘများက ဈေးကြီးထဲမှာ ကုန်စုံဆိုင်ဖွင့်ထားကြသူများဖြစ်သည်။ အောင်စိုးမှာ ညီတစ်ယောက်နှင့် စိန်လွင်မှာ အစ်မနှစ်ယောက်သာရှိသဖြင့် မရှိ မရှားမိသားစုများဟု ဆိုနိုင်သည်။ မြမောင်အဖေကမူ နာရီပြင်ဆိုင်ဖွင့်ထားပြီး သူ့အမေကဈေးရှေ့မှာ ကုန်စိမ်းမျိုးစုံရောင်းချသည်။ ပြီးတော့ မြမောင်မှာ ညီကိုမောင်နှစ်မ လေးယောက်ရှိပြီး အထက်တန်းနှစ်ယောက်နှင့် အသေယ်တန်းနှစ်ယောက်ဆိုတော့ သိပ်ပြီးချောင်ချောင်လည်လည် မရှိလှ။ သို့သော် မြမောင်က ရည်မှန်းချက်ကြီးကြီးဖြင့် ကြိုးစားနေတတ်သူဖြစ်သည်။ ပြီးတော့ဂျီတီစီမှာ ကျွန်တော်နှင့် ဘာသာတူ။ နှစ်တူဆိုတော့ ကျွန်တော့်အတွက် မြမောင်ကအားကိုးရသည်။

ဆိုင်ကယ်ဆိုင် ရောက်တော့ ကျွန်တော်တို့လိုပင် သင်္ကြန်အတွက် ဆိုင်ကယ်ကို လာပြုပြင်ကြသူများနှင့် ပြည့်ကြပ်နေပြန်သည်။ ကျွန်တော်တို့ သည်းခံပြီးစောင့်ကြရသည်။ တစ်နာရီကျော်ကျော်လောက် စောင့်ပြီးမှ ကျွန်တော်တို့ အလှည့်သို့ရောက်သည်။ ကျွန်တော်တို့သည် ဆိုင်ကယ်အင်ဂျင်နှင့်အိပ်ဇောဆိုင်လင်ဒါကို ဆက်သွယ်



www.burmeseclassic.com

www.burmeseclassic.com

တပ်ဆင်ထားသည့် ဖလန်းနတ်နစ်ချောင်းကို ဖြုတ်လိုက်ကြသည်။ ထိုအခါ အိပ်ဇောသံက ဆိုင်လင်ဇာအဝင်ဝမှ ပွင့်ထွက်လာပြီး လီဗာကိုဆွဲလိုက်တိုင်း တဖောင်းဖောင်းနှင့် ကျယ်လောက်စွာ မြည်ဟိန်းနေတော့သည်။ ထိုသို့အသံမြည်လေ ကျွန်တော်တို့ကလည်း လီဗာကိုဆောင့်ကာ ဆောင့်ကာဆွဲလေနှင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူပွက်နေတော့သည်။ ပြီးတော့ ရှေ့မီးခွက်နှင့် နောက်မီးခွက်များကို ဖြုတ်လိုက်ကြပြီး ထိုမီးခွက်များနေရာတွင် ကားကျွတ်စကြီးတစ်ခုကို ဖြတ်ပြီးအုပ်ကြပြန်သည်။ သိပ်မကြာမီအချိန်အတွင်းမှာ ကျွန်တော့်တို့ဆိုင်ကယ်နှစ်စီးသည် အမြင်အားဖြင့်ကော အသံအားဖြင့်ပါ ဆိုးရွားသွားတော့သည်။ ဘာပဲပြောပြော အသံတွေဆူညံ ပွက်လောရိုက်အောင် မြည်ပြီး ရုပ်ဆိုးအကျည်းတန်လှသော ကျွန်တော်တို့ဆိုင်ကယ်ကို လူအများစိတ်ဝင်စားကြလိမ့်မည်ထင်သည်။ ပြီး ပိုက်ဆံများစွာအကုန်ခံပြီး လုပ်ထားရသည့် ခေါင်းတစ်ခုလုံးပေါ်က ကျစ်ဆံမြီးအသေးလေးများနှင့် ညာဘက်နားရွက်မှာတန်းစီပြီး ဝတ်ထားသည့် နားကပ်နှစ်ရံနှင့် နားကွင်းတစ်ခုတို့ကိုတော့ လူအများကပိုလို့ စိတ်ဝင်စားကြလိမ့်မည်ဟုတွေးရင်း ကျွန်တော်ပျော်နေမိလေသည်။

(၄)

သည်နေ့ သင်္ကြန်အကြိုနေ့မို့ မြို့တွင်းမှာရော၊ လမ်းငယ်လမ်းကြားများနှင့် ရပ်ကွက်တိုင်းလိုလိုမှာပါ ရေကစားမဏ္ဍပ်များနှင့် ယာယီမဏ္ဍပ်များကို လက်စသတ် ဆောက်လုပ်နေကြပြီ။ အချို့နေရာများတွင် ရေပက်ခံကားများ ပြင်ဆင်နေကြသည်ကိုလည်း ကောင်း၊ ညနေ ၅နာရီ သင်္ကြန်မဏ္ဍပ်များဖွင့်ပွဲအတွက် အပြီးသတ်ယာယီမတိုက်နေကြသည်ကိုလည်းကောင်း တွေ့နေရသည်။ ကျွန်တော်တို့အဖွဲ့က မနက်စောစောကပင် ထွက်လာခဲ့ကြသည်။ အိမ်မှထွက်ရန် ပြင်ဆင်နေတုန်းမှာ အစ်မဖြစ်သူက သည်နေ့မှ အကြိုပဲရှိသေးတယ်လေဟု အံ့သြတကြီးဖြင့် ရေရွတ်နေသေးတယ်။

"အစ်မကလည်း ကျော်လှလိုကောင်နဲ့ပေါင်းပြီး ဒိတ်တွေအောက်နေပြီ ကျွန်တော်တို့ ဂျီတီစီမှာ ကျောင်းတွေမပိတ်ခင်ကတည်းက ရေပက်နေကြပြီ၊ ကဲ အစ်မဘာသာ ဘုန်းကြီးကျောင်းကိုသွားမှာဖြင့် အေးအေးသွားစမ်းပါ အစ်မရာ"

ကျွန်တော်က ထုံးစံအတိုင်း ဘုတောပြီး ထွက်လာခဲ့သည်။ နေရာတကာတွင် ရှေးရိုးစွဲကြီးတွေစွဲလွန်းလှသည့်လူကြီးတွေကို ကျွန်တော်စိတ်ပျက်မိသည်၊ အကြိုနေ့ ရေပက်တော့ကော ကျွန်တော်တို့ကို ဘယ်သူကတားမှာလဲ။ ယိုးဒယားကို ဘာတို့မှာဆိုလျှင် ဆယ်ရက်၊ ဆယ့်ငါးရက်တောင် ရေပက်ကြသည်ဟု ကျွန်တော်ကြားဖူးသည်။

သူငယ်ချင်းအားလုံး ဆုံတော့ ညောင်ကိုင်း တက္ကသိုလ်လမ်းဘေးမှ ထန်းတောသို့သွား၍ ထန်းရည်သောက်ကြဦးမည်ဟု ဝင်းမောင်က အကြံပြုသည်။ တစ်ခဏချင်းမှာပဲ ကန့်ကွက်မဲ့မရှိပဲ အတည်ဖြစ်သွားသည်။ ကျွန်တော်တို့ ထန်းတောသို့ရောက်တော့ နံနက် ၈ နာရီပင်မခွဲသေး။ သို့သော် ထန်းပင်အောက်တိုင်းလိုလိုမှာ ကျွန်တော်တို့လိုလူငယ်တွေနှင့် ပြည့်နှက်နေလေပြီ။

တစ်ယောက်လျှင် ထန်းရည်နှစ်ပုလင်းကျော်ခန့်စီ သောက်ကြပြီးနောက်မှာ ကျွန်တော်တို့ခေါင်းတွေယိုးတိုးရိုတိ ဖြစ်လာကြသည်။ ကျွန်တော်တို့ ထန်းတောကပြန်ထွက်လာတော့ နံနက် ၁၀နာရီခွဲပြီးပြီ။ ပြေလ၏နေမင်းကြီးက ကောင်းကင်မှာ ဖွေးဖွေးတောက်အောင် ထွန်းလင်းနေသည်။ သို့သော် ကျွန်တော်တို့ကဲ့သို့ပင် အော်ဟစ်ဆူညံပြီး လည်ပတ်နေကြသူလူငယ်များအတွက်တော့ လသာနေသည့်နယ်ပင်။ ကျွန်တော်တို့အုပ်စုက ငါးယောက်ဖြစ်နေသဖြင့် ကျွန်တော့်တို့နှစ်စီးလုံးလီဗာကို အလျှော့အတင်းလုပ်ရင်း အိပ်ဇောသံကို မဆူဆူအောင် တမင်တကာလုပ်ကာ လမ်းကြိုလမ်းကြားမကျန် တစ်နေကုန်အောင်ပတ်နေကြသည်။ ကျွန်တော်တို့ဆိုင်ကယ်နည်းတူ ပုံစံအမျိုးမျိုး ဒီဇိုင်းအမျိုးမျိုး ပြင်ဆင်ထားသည့် ဆိုင်ကယ်စီးလူငယ်တွေ လမ်းပေါ်မှာပြည့်နေသည်။

တစ်လမ်းမောင်းဟု သတ်မှတ်ထားသည့် လမ်းများမှာလည်း အသွားရောအပြန်ပါ ဥဒဟို သွားလာနေကြသည်မှာ အမေရိကန်ဆိုင်ကယ်စီးလမ်းသရဲကားများထဲကလိုပင်ဖြစ်နေသည်။ ကျွန်တော်တို့သည် လမ်းပေါ်



www.burmeseclassic.com

www.burmeseclassic.com

မှာတွေ့ရသမျှ လူငယ်များနှင့်မိန်းကလေးများကို အသံသေးအသံကြောင်တို့ဖြင့် အော်ဟစ်နောက်ပြောင်ရင်၊ ဆိုင်ကယ်ကို ကွေ့ကာ၊ ကောက်ကာ၊ တွန့်ကာ၊ လိမ်ကာ စီးကြသည်။ အချို့က မှုးမှုးနှင့်ပင် ဆိုင်ကယ်ပေါ်မှာ မတ်တတ်ထရပ်ကြမြန်သည်။ အချို့က တစ်ရှိန်ထိုးမောင်းနေသည့် ဆိုင်ကယ်နောက်ခုံမှာ ထိုင်လျက်က နောက်သို့ပက်လက် လှန်ချလိုက်တတ်သည်။ အဲလိုဆိုင်ကယ်တွေ တစ်စီးနှင့်တစ်စီး အပြိုင်အဆိုင်စီးရင်း တစ်ခါတစ်ခါ ထိလုမတတ် ပူးကပ်ကြသည်မှာလည်း သည်းထိတ်ရင်ဖိုရှိလှသည်။ တစ်ခါတစ်ရံမှာတော့ ကန့်လန့်ဖြတ်ထားသည့် လမ်းသွယ်များထဲမှ ငွတ်တရွတ် ထွက်လာကြသည့် ဆိုင်ကယ်များ၊ စက်ဘီးများ၊ ဆိုက္ကားများနှင့် ထော်လာဂျီများကို ဘွားခနဲ၊ ဘွားခနဲ ပက်ပင်းတိုးကြရသည်။ အမယ်လေး၊ အဘလေးစသဖြင့် ထိတ်လန့်တကြား အော်ဟစ်ရင်း မထိခလုတ်၊ ထိခလုတ် ကွေ့ရှောင်ခဲ့ရတာ၊ ရှေ့ရောနောက်ပါ ဘရိတ်ကို စုံဖမ်းညှစ်ရင်း ဆိုင်ကယ်လှူးသွားတာမျိုးလည်း အကြိမ်ကြိမ်ကြုံရသည်။

အချို့ဆိုင်ကယ်များမှာ လူလေးယောက်ခန့်အထိ တင်စီးပြီး အပြိုင်အဆိုင် မောင်းနေသည့်ကြားမှ ဝေါကနဲ လီဗာကိုဆွဲလျှက် ရှေ့ခေါင်းပိုင်းကို မြှောက်ပြီး အတော်ဝေးဝေးအထိ စီးသွားကြတာ အားကျစရာကောင်းလှသည်။ ကျွန်တော်လည်း အဲလိုစီးတတ်အောင် လေ့ကျင့်ရဦးမည်ဟု စိတ်ထဲမှာ တေးထားလိုက်သည်။ အချို့ဆိုင်ကယ်များကတော့ လူသုံးယောက်လောက် စီးပြီးသွားနေရင်းက ဆတ်ခနဲ နောက်ပြန်ဆွဲလှည့်၍ ကွေ့လိုက်ကြသည့်အတွက် နောက်ကအရှိန်ဖြင့် မောင်းလာသည့် ကားနှင့်ဆိုင်ကယ်များက ထိတ်လန့်တကြားနှင့် အတင်း အဓမ္မ ဘရိတ်နင်းလိုက်ကြသည့် အသံတွေ၊ တစ်ဖက်ဖက်ကို ဆွဲကွေ့လိုက်ရသည့် အသံတွေ ကြားရသည်မှာ အသဲထိတ်စရာကောင်းလှတော့သည်။ ဘာပဲပြောပြော ဗြိုလ်တုစလောင်း၊ စတားစပေါ့ ပရိဂရမ်မှာ ကြည့်ရဖူးသည့် ဆိုင်ကယ်စီးပြိုင်ပွဲများနှင့်ပင် တူနေသေးတော့သည်။

ထိုသို့ အရှိန်ပြင်းပြင်းနှင့် ဥဒဟို မောင်းနေကြသည့် ဆိုင်ကယ်များနှင့် ကားများကြားမှပင် ရှောင်ကာတိမ်းကာနှင့် လမ်းလယ်အထိ တက်၍ ရေပက်နေကြသည့် လူများစွာကိုတွေ့ရသည်။ ကျွန်တော်တို့ အနားမရောက်မီကပင် အံကိုကြိတ်၍ နှီဆီခွက်များကို ကိုင်မြှောက်ကာ ချိန်ရွယ်ထားကြသည်မှာ သင်္ကြန်ရေပက်သည်နှင့်ပင် မတူတော့။ သူသေ ကိုယ်သေ တိုက်ခိုက်နေကြသည့် ရောမကားထဲက စစ်ပွဲနှင့်ပင်တူနေသေးတော့တယ်။ ကျွန်တော်က ဆိုင်ကယ်ကို အရှိန်လျှော့လျက် ရှေ့တူရှုသို့ ကြည့်နေမိသည်။ ထိုအချိန်မှာ ကျွန်တော့်မျက်နှာနှင့် နားရွက်ဆီသို့ ဖျန်းခနဲ ခွက်စောင်းခုတ်ခံလိုက်ရသဖြင့် ပါးပြင်တစ်ခုလုံးပူထူပြီး နားတွေပါအူထွက်သွားသည်။ သို့နှင့် နောက်တစ်နေရာကျတော့ ဆိုင်ကယ်ကိုအရှိန်လျော့ပြီး ရပ်ပေးလိုက်သည်။ ထိုအချိန်မှာ ကျွန်တော့်မျက်နှာပြင် တစ်ပြင်လုံးပေါ်သို့ ရေပိုက်နှင့် အတင်းဖိထိုးတော့သည်၊ အချို့ကလည်း ဆိုင်ကယ်၏ အိပ်ဇောပေါက်နေရာနှင့် စီဒီအိုင်ဘူးနေရာဆီသို့ ရေပိုက်နှင့်ပင် အတင်းထိုးထည့်သည်။ ကျွန်တော်က ဆိုင်ကယ် စက်ရပ်မသွားအောင် လီဗာကိုဆက်ခနဲ ဆတ်ခနဲ ဆွဲနေသည့်ကြားမှ ဆိုင်ကယ်စက်က ထိုးရပ်သွားလေသည်။

ကျွန်တော်တို့ သုံးယောက်လုံး ဆိုင်ကယ်ပေါ်မှဆင်းပြီး လမ်းဘေးသို့ ဆိုင်ကယ်ကို တွန်းယူစဉ်မှာပင် တစ်စုံတစ်ယောက်က ရေခဲရေဖြင့် ခေါင်းက စ၍ ပုံးလိုက်လောင်းချတာ ခံလိုက်ရသည်။ ကျွန်တော့်တစ်ကိုယ်လုံး ရုတ်ချည်း အေးစက်တောင့်ခဲသွားသည် ဟု ပင်ထင်လိုက်ရသည်။

ကျွန်တော် အိမ်ပြန်ရောက်တော့ မိုးစုန်းစုန်းချုပ်ပြီ။ အဲသည်နေ့က ကျွန်တော်တို့လမ်းထဲမှ လူငယ်တစ်ယောက် ဆိုင်ကယ်အက်ဆီဒင့်ဖြစ်ကြောင်း၊ ဆိုင်ကယ်ပျက်စီးသွားပြီး လူကိုလည်း ဆေးရုံတင်လိုက်ရကြောင်းကြားလိုက်ရသည်။ သည်လိုနှင့် ဈေးဦးပေါက် သင်္ကြန်အကြိုနေ့ ပြီးဆုံးသွားခဲ့သည်။

(၅)

သင်္ကြန်အကျနေ့ ကျတော့ ရပ်ကွက်ထိပ်ကမဏ္ဍပ်မှာ ကျော်လှ… အုပ်စုဦးဆောင်ပြီး သက်ကြီးဝါကြီး…



www.burmeseclassic.com

www.burmeseclassic.com

တွေကို ခေါင်းလျှော်ပေးတာတို့ လက်သည်းခြေသည်း ညှပ်ပေးတာတို့ လုပ်နေကြသည်။ အစ်မကတော့ မိုးလင်းကတည်းက မိန်းကလေး အုပ်စုနှင့် မုန့်လုံးရေပေါ်လုပ်ဖို့ ထွက်သွားပြီ။

ကျွန်တော်အိပ်ရာကနိုးတော့ ချမ်းစိမ့်စိမ့် ဖြစ်နေသည်။ သို့သော် အမေတို့အဖေတို့ သိသွားလို့မဖြစ်။ သူတို့သိသွားလျှင် ကျွန်တော် အိမ်ပြင်ထွက်ခွင့်ရတော့မည်မဟုတ်။ သို့နှင့် ဘာမျှမဖြစ်သလိုပင် ကျွန်တော် ထွက်လာခဲ့သည်။ ခါတိုင်းလိုပင် ဝင်းမောင်တို့အိမ်မှာ ဆုံကြသည်။ စိန်လွင်ကတော့ သူတို့ရပ်ကွက်က မဏ္ဍပ်မှာ ကလေးငယ်များရေပက်ဖို့ ဦးဆောင်ပေးရမှာမို့ မလိုက်ဖြစ်တော့ဟု သိရသည်။ စိတ်ထဲမှာ သိပ်မကျေမနပ်နှင့်ပင် ကျွန်တော်တို့လေးယောက် ထွက်လာဖြစ်ခဲ့ကြသည်။

မဏ္ဍပ်တိုင်းမှာ ယိမ်းဖြင့်ကပြဖျော်ဖြေနေကြသူတွေ၊ ရေပိုက်ကိုယ်စီဖြင့် ရေပက်နေကြသူတွေ၊ မြူးမြူးကြွကြွ သီချင်းများကို ကျယ်ကျယ်လောင်လောင် ဖွင့်ထားကြသည့် ဆောင်းဘောက်(စ်)သံတွေ၊ ပြီးတော့ မဏ္ဍပ်တိုင်း၏ ရှေ့လမ်းမပေါ်မှာ သီချင်းသံအလိုက် ခုန်ပေါက်မြူးကြွပြီး ကနေကြသူတွေ၊ ရေပက်ခံနေကြသူတွေနှင့် လမ်းတစ်ခုလုံးပြည့်နှက်ပြီး ဆူညံနေကြလေပြီ။ အဲလိုဆူညံပြီး ကခုန်နေကြသည့် လူအုပ်များကြားမှပင် ကျွန်တော်တို့လို ဆိုင်ကယ်အုပ်စုများ၊ ရေပက်ခံကားများ ရေပက်ခံထော်လာဂျီများက တရွှေ့ရွှေ့နှင့်တိုးကား၊ ဇေ့ကား၊ ရှောင်ကား၊ တိမ်းကာနှင့် အပြိုင်အဆိုင် မြူးတူးကခုန်နေကြလေရာ အတာသင်္ကြန်၏ သရုပ်သကန်မှာ ပီပြင်လွန်းနေပေတော့သည်။

မဏ္ဍပ်ရှေ့မှာ ရေပက်ခံလိုက်၊ ရေပက်နေသူ မိန်းကလေးများကို ပြန်လည်အော်ဟစ် နောက်ပြောင်လိုက်၊ ဖွင့်ပေးထားသည့် သီချင်းများအလိုက် ကခုန်လိုက်နှင့်ပင် မြို့ပေါ်မှ မိန်းလမ်းမကြီးသုံးခုခန့်ကို ပိတ်မိပြီးတော့ နေအတော်မြင့်ပြီ။ ကျွန်တော့်ခေါင်းထဲမှာလည်း ရစ်ရွှေရည်တန်နိုးဖြင့် အနိုးအလျှံတွေထနေပြီ။ တစ်ချက်တစ်ချက်မှာ ကျွန်တော့်ရင်ချိုင့်ထဲမှ စိမ့်ကနဲ စိမ့်ကနဲ ဖြစ်သွားတတ်သေးသည်။ မြမောင်က ကျွန်တော့်နဖူးကို စမ်းကြည့်ရင်း မင်းဖျားနေတယ်ထင်တယ်၊ ကိုယ်တွေချစ်ချစ်တောက်ပူပြီးတော့ မျက်လုံးတွေလည်း နီနေတယ်၊ အဲဒီတော့ တို့ပြန်ကြရင်ကောင်းမယ်ဟု ပြောသေးတယ်။ သို့သော်ဝင်းမောင်နှင့် အောင်စိုးက မပြန်ချင်သေး။ အဲဒီတော့ နည်းနည်းထပ်ပြီး ကစ်ထားလိုက်ဦးကွာဟု ဝင်းမောင်က လှမ်းပြောသည်။ မြမောင်ကတော့ မသောက်တော့ရန် တားသည်။ သို့သော် ကျွန်တော်က ဂျာကင်အင်္ကျီအတွင်းအိတ်ထဲမှ အသင့်ထည့်ယူလာသည့်တိုက်ဂါဘီယာပုလင်းကို ထုတ်ယူပြီးဖွင့်လိုက်ကာ တစ်ကျိုက်တည်းနှင့် ကုန်အောင်မော့ချလိုက်သည်။ အဲလည်တော့မှ ကိုယ်ထဲမှာ ရှိန်းတိန်းဖိန်းတိန်း ဖြစ်သွားသလိုထင်ရသည်။ ကျွန်တော်က ဆိုင်ကယ်ကို စက်ပြန်နှိုးပြီး လီဗာကို တဖျင်းဖျင်းနှင့် ဆွဲလိုက်သည်။ မြမောင်က ဟေ့ကောင် အေးကျော် ဖြစ်ပါ့မလားကွဟု သတိပေးနေစဉ်မှာပင် ကျွန်တော်က ဂီယာနံပါတ်ဝမ်းထည့်ပြီး လီဗာကို ဆောင့်ဆွဲလိုက်သည်။

ဝင်းမောင်နှင့် အောင်စိုးတို့၏ "ရှေ့မှာဆိုင်ကယ်"ဟု အလန့်တကြား အော်လိုက်ကြသည့် အသံကိုကြားလိုက်ရသည်။ ကျွန်တော့်ဆီသို့ ပြေးဝင်လာနေသည့် ဆိုင်ကယ်တစ်စီးကို ကျွန်တော်လှစ်ခနဲမြင်လိုက်သည်။ ကျွန်တော်က ဆိုင်ကယ်ကို ဘယ်ဘက်သို့ ဆတ်ခနဲယိမ်းလိုက်တော့ ကျွန်တော့်ကိုကျော်ပြီး ခုနက ဆိုင်ကယ်ကိုရှောင်းဖို့ ပြေးထွက်လာသည့် ကလေးတစ်ယောက်နှင့် ပက်ပင်းတိုးသည်။ ကျွန်တော်ဆိုင်ကယ်လက်ကိုင်ကို ညာဘက်သို့ ပြန်ယိုင်လိုက်ပြီး ကိုနင်းချလိုက်သည်။

"ဂျိမ်း..."ဆိုသည့် ကျယ်လောင်သည့်အသံကြီးတစ်ခုကို ကြားလိုက်ရခြင်းနှင့်အတူ ကျွန်တော့်မျက်လုံးထဲမှာ ဝင်းခနဲ လျှပ်စီးလက်သွားသည်။

(၆)

မသဲမကွဲ အသံတချို့ကြောင့် ကျွန်တော် ဖျတ်ခနဲလန့်နိုးလာတော့ သွေးညှီနံ့များကို ဦးစွာရလိုက်သည်။ ပြီးတော့ ကျွန်တော့်နှာခေါင်းထဲမှာ တစ်စုံတစ်ခုက နိုသိုးခုလုဖြစ်နေသည်။ ကျွန်တော်မျက်စိကို ဖွင့်ကြည့်လိုက်သည်။ မျက်လုံးနှစ်ဖက်လုံး မှိုအစ်



www.burmeseclassic.com

www.burmeseclassic.com

နေကြသည့် အမေနှင့်အစ်မကို မြင်လိုက်ရသည်။ ပြီးတော့ ကျွန်တော့်မျက်နှာပေါ်တည့်တည့်မှာ ဖြူဖွေးနေသည့် မျက်နှာကျက်ကြီးတစ်ခုနှင့် ကျွန်တော့် ညာဘက်ဘေးမှာ နီညိုရောင်ပုလင်းတစ်လုံးကို တွဲလောင်းချိတ်ထားတာတွေ့ရသည်။ ကျွန်တော့်ညာဘက်ဒူးဆစ်ထဲက စစ်ခနဲ နာသွားသည်နှင့် စိတ်ထဲက ညာဘက်ခြေထောက်ကို ကြွကြည့်လိုက်သည်။ သို့သော် . . .

အခြေအနေအားလုံးကို ချက်ချင်းပင် ကျွန်တော် နားလည်သဘောပေါက်လိုက်သည်။ ပြီးတော့ ခုနက မသဲမကွဲကြားလိုက်ရသည့် အသံကို သိချင်ဇောနှင့် အားယူပြီးမေးကြည့်လိုက်သည်။ ကျွန်တော့်အသံတို့က တိုးညှင်းလွန်းနေပြီး သဲသဲကွဲကွဲ ထွက်မလာကြ။ ကျွန်တော့်မျက်နှာကို စိုက်ကြည့်နေသည့် အစ်မက ရိပ်မိသည့်အလား ကျွန်တော့်နားနားကပ်ပြီး မေးသည်။

"မောင်လေး သတိရလာပြီလား။ မောင်လေး ဘာပြောချင်လို့လဲပြောလေ၊ မမနားထောင်နေတယ်" ဒုတိယအကြိမ်အားယူပြီး ကျွန်တော်သိချင်နေတာကို မေးလိုက်သည်။

"မြမောင်ရော . . သူဘာဖြစ် . ."

တိုးတိတ်လွန်းနေသည့် ကျွန်တော့်စကားသံတို့ကို အဆုံးထိအောင် ပြောခွင့်မရလိုက်။ အစ်မ၏ မျက်လုံးအိမ်ထဲမှ မျက်ရည်တစ်ပေါက်က ကျွန်တော့်ဘယ်ဘက်လက်ပေါ်သို့ ကျလာသည်။ ကျွန်တော့် ဘယ်ဘက်သို့ မသိမသာ လှည့်ကြည့်လိုက်တော့မှ အစ်မဘေးနားမှာရပ်လျက်က အသံတိတ်ရှိုက်ငိုနေသည့် မြမောင်၏ အမေကိုတွေ့လိုက်ရသည်။

(၇)

သည်နေ့လည်း သင်္ကြန်အကျရက်ဖြစ်သည်။ ကျွန်တော်က အိမ်ရှေ့ခရံတာမှာချထားသည့် ခုံတန်းရှည်ပေါ်မှာထိုင်ရင်း လမ်းထိပ်က ရပ်ကွက်မဏ္ဍပ်ကိုငေးကြည့်နေမိသည်။ အစ်မက မုန့်လုံးရေပေါ်များကို အုန်းသီးမှုန်များနှင့် ရော၍ ကြွပ်ကြွပ်အိပ်တွေထဲထည့်နေသည်။ အစ်မချပေးသည့် မုန့်လုံးရေပေါ်အိပ်များကို ကျော်လှက တစ်အိမ်ချင်းကောက်ယူကာ လမ်းသွားလမ်းလာဟူသမျှ[illegible]ကို လိုက်လံဝေငှနေသည်။ ရပ်ကွက်သူ ရပ်ကွက်သားအချို့ကလည်း မုန့်လုံးရေပေါ်လုံးသူကလုံး၊ မီးဖြိုဒယ်အိုးထဲက ပွက်ပွက်ဆူနေသည့်ရေပေါ်မှာ ပေါလောပေါ်နေသည့် မုန့်လုံးများကို ဆန်ခါနှင့် ဆယ်သူကဆယ်၊ ထန်းလျက်စိတ်သူကစိတ်၊ မီးထိုးသူကထိုး။ ရေပက်မည့် ပေပါများထဲသို့ ရေဖြည့်သူကဖြည့်နှင့် ဖြတ်သန်းသွားသမျှ လမ်းသွားလမ်းလာတို့ကို အလွတ်မပေးစတမ်း ရေပက်ရင်း ပျော်မြူးနေကြသည်။

သည့်တုန်းမှာ အိပ်ဇောသံတွေ ဆူညံပွက်လောရိုက်နေသည့် ဆိုင်ကယ်တစ်စီးက လီဗာကိုတဗျင်းဗျင်းနှင့်မြဲကာ ရေမှုန်ရေပေါက်တွေ ကြားထဲမှပင် ကွေ့ကာ ကောက်ကာရှောင်ကာဒုံးဒိမ်းကာဖြင့် ဝှတ်အတင်းဖြတ်မောင်းသွားသည်။ ကျွန်တော်က တစ်စုံတစ်ခု ပြောလိုစိတ်ဖြင့် သတ္တုဂျိုင်းထောက်ကိုအားပြုကာ ထမိလိုက်သေးသည်။ သို့သော ကျယ်လောင်လွန်းလှသည့် အသံကသာ လှိုင်းထလုမတတ် ကျန်နေရစ်ပြီး ဆိုင်ကယ်ကမူ အဝေးဆီသို့ ရောက်သွားပြီ။ ကျွန်တော်က သက်ပြင်းချလိုက်ရင်းမှ ဒူးအောက်နားမှာ ငုံးစိစိဖြစ်နေသည့် ညာဘက်ပေါင်ကလေးကို အသာအယာကြွကာ ခုံတန်းရှည်မှာ ပြန်ထိုင်ချလိုက်ရသည်။

အမေက ဘုရားခန်းထဲမှ ဘုရားရှိခိုးနေရင်းမှ ကျွန်တော့်ကို လှည့်ကြည့်သည်။ အဖေက ပက်လက်ကုလားထိုင်မှာထိုင်ကာ ဓမ္မပဒဝတ္ထုတော်ကြီးကို ဖတ်နေရင်းက လေ့ကာအောက်မှာ တုံးလုံးလှဲထားသည့် ခေါင်းပိုင်းကြေမွနေသည့် ဆိုင်ကယ်ကိုလှမ်းကြည့်လိုက်တာတွေ့ရသည်။

ကျွန်တော်ကတော့ မဏ္ဍပ်ရှေ့ ရေမှုန်ရေမွှားတွေကြားထဲမှာ မြင်နေရသည့် မြမောင်ကိုပဲကြည့်နေမိသည်။ သူမျက်ဝန်းတွေထဲမှာ သင်္ကြန်ရေတွေလား၊ မျက်ရ[illegible]တွေလားဟုတော့ ကျွန်တော်မခွဲခြားတတ်ပါတော့။ အဲသည်တုန်းမှာ ကျွန်တော့်မျက်ဝန်းနှစ်ဖက်မှာ နွေးခနဲဖြစ်သွားပြီးလျှင် မြင်ကွင်းအားလုံး မှုန်ဝါးသွားလေသည်။

*(သင်္ကြန်မှာ ပျော်ကြသူအားလုံး အန္တရာယ်ကင်းပါစေ)*

**အေးရွှေ (ကေတုမတီ)**



www.burmeseclassic.com

www.burmeseclassic.com

# မွမ်ဘိုင်းအကြမ်းဖက်သမားကို ကွပ်မျက်လိုက်ပြီ



ကာဆားကို ကွပ်မျက်မခံရမီ တွေ့ရစဉ်

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တော်မှ နိုဝင်ဘာ ၂၁ ရက်နေ့ ဆင်ဟွာသတင်းဌာနမှ ပေးပို့သော သတင်းအရ ၂၀၀၈ ခုနှစ် မွမ်ဘိုင်းကို အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်သူအား အရှင်ဖမ်းဆီးရမိသည့် တစ်ဦးကို ၂၁-၁၁-၂၀၁၂ (ဗုဒ္ဓဟူး)နေ့ နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံအနောက်ပိုင်း ပူးနေး(Pune) မြို့ အကျဉ်းထောင်တွင် ကွပ်မျက်လိုက်ပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီး ဆူရှီကူမာရှင်းဒေး(Sushi Kumar Shinde) က အတည်ပြုပြောကြားလိုက်သည်။ ဒေသဆိုင်ရာ TV CNN-IBN တွင် ဖော်ပြချက်အရ ကာဆားအား နောက်ဆုံးပြောလိုသည့် စကားနှင့်ဆန္ဒတို့ ထုတ်ဖော်ပြောကြားနိုင်ကြောင်း ပြောလိုက်သည်။ ကာဆားကို မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ကြောင်း ထင်ရှားသဖြင့် သေဒဏ်အပြစ်ပေးခဲ့ခြင်းကို နောက်ဆုံးအဆင့်အနေနှင့် အိန္ဒိယသမ္မတပရာနတ်မူခါဂျီ(Pranab Mukher-jee) ထံ အသနားခံစာ တင်သွင်းခဲ့သော်လည်း သမ္မတက ပယ်ချလိုက်သည်။ ထို့နောက် ကာဆားကို ပူးနေးအကျဉ်းထောင်သို့ ပြောင်းရွှေ့ပြီး နံနက် ၀၇း၀၀ နာရီတွင် ကြိုးပေးကွပ်မျက်လိုက်ခြင်း ဖြစ်သည်။

မဟာရတ်စထရာပြည်နယ် (Maharastra State) ပြည်ထဲရေးဝန်ကြီး အာရ်အာရ်ပတေးလ် (RR Patil) က ကာဆားအား ကွပ်မျက်ခြင်းကို လျှို့ဝှက်စွာလုပ်ခဲ့ကြောင်း မီဒီယာသို့ ပြောကြားသည်။ ကာဆားကို မွမ်ဘိုင်းမြို့ အာသာလမ်း (Authur Road Jail) အကျဉ်းထောင်မှ ပူးနေးမြို့ ယေရာဝါဒါ(Yerawada) အကျဉ်းထောင်သို့ ယခုလစောစောပိုင်းကတည်းက ပြောင်းရွှေ့ထားခဲ့သည်။ ကာဆားသည် Lashkar-e-Toiba အကြမ်းဖက်သမား ၁၀ ဦးအနက် အသက်ရှင်လျက် ဖမ်းဆီးရမိသူဖြစ်သည်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၂၆-၂၈ အတွင်း မွမ်ဘိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုကြောင့် လူပေါင်း ၁၆၆ ယောက် သေဆုံးခဲ့သည်။

အတိုက်အခံပါတီဖြစ်သည့် ဘာရတီယာဂျနာတာပါတီ(BJP)မှ ကာဆားကို ကွပ်မျက်ခြင်းသည် ၂၀၀၈ ခုနှစ် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူများကို ဂုဏ်ပြုရာရောက်သည်ဟု ပြောကြားသည်။

မောင်မောင်စန်းထွေး

Ref: XINHUA

# သစ်ပင်ပေါ်ရောက် နွားကို ကယ်တင်ခဲ့သည့် မီးသတ်အဖွဲ့

ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့တော်၏ မီးသတ်ဌာနကို အရေးပေါ် နွားတစ်ကောင် သစ်ပင်ပေါ် ပိတ်မိနေသဖြင့် ကယ်ဆယ်ပေးရန် ဖုန်းသတင်းတစ်ခု ရောက်ပြီး မီးသတ်အဖွဲ့က ထိုနွားကို ကယ်ဆ[illegible]နိုင်ကြောင်း ၃၀၊ ၁၁၊ ၁၂ အင်တာနက်သတင်းက ဖော်ပြသည်။

UK ကွန်ဘာရီယာဒေသသည် ရေကာတာ/တာတမံ၊ မြက်ခင်း၊ စိုက်ခင်းတို့ ပေါကြွယ်ရာဒေသဖြစ်သည်။ ထိုနေ့မွန်းလွဲတွင် လယ်သမားတစ်ဦးက ၎င်း၏နွား သစ်ပင်ပေါ် ပိတ်မိနေသဖြင့် ကယ်ဆယ်ပေးရန် ကွန်ဘာရီမီးသတ်ဌာနသို့ အကြောင်းကြားခဲ့သည်။ ဌာနတာဝန်ခံတို့က မြေပြင်သွားနွား သစ်ပင်ပေါ်ရောက်နေခြင်းကို အံ့သြစွာ ကြားရသဖြင့် ဖုန်းဆက်ရာ ဒေသသို့ ကယ်ဆယ်ရေးပစ္စည်းအစုံဖြင့် ချက်ချင်းသွားရောက်သောအခါ မြက်ချုံပေါသော ရေကာတာ ကန်းစောင်းတွင် မြက်တက်စားသော ထိုနွားခမျာ လိမ့်ကျပြီး ပေ(၃၀)အကွာ ကန်းစောင်းသစ်ပင်တွင် ညပ်မိ၊ ထွက်မရဖြစ်နေသည်ကို တွေ့ရသဖြင့် အထူးကိရိယာ ဝန်ချီကရိန်းတို့ဖြင့် နွားကို မ,ထုတ်နိုင်ခဲ့သည်ဟု ဖြစ်တော်ဖြစ်ခဲ့သတင်းကို အင်တာနက်က ဆိုသည်။

ညိုမင်းလွင်(မော်ကျွန်း)

Ref: Internet News, 1.12.2012

◆



www.burmeseclassic.com

www.burmeseclassic.com

# ခြောက်လှန့် တောင်းယူမှုဆိုင်ရာ ဥပဒေများ

**ဝသုန်ဟိန်းထက်**

သာမန် ပြည်သူပြည်သားတို့သည် "ဥပဒေ"နှင့် မရင်းနှီးကြ။ ကင်းကွာကြ၏။ တရားဥပဒေ စီရင်ထုံးများ၊ ပြဌာန်းချက်များကို သိရှိနားလည်မှုအားနည်းကြ၏။ တကူးတကလေ့လာမှုပြုသူနည်းပါး၏။ အများစုမှာ ရှုပ်ထွေးနက်ရှိုင်းကျယ်ပြန့်သော တရားဥပဒေ အရေးအရာများနှင့် မပတ်သတ်ချင်၊ ကင်းကင်းရှင်းရှင်း နေလိုကြသည်။

သို့သော "ပြဿနာ" ဟူသည် အသိခက်ပေစွ။ မှန်းဆ၍မရစကောင်း။ မလိုချင်လို့ ရှောင်လွှဲလည်း ပြဿနာက ထုနင့်ထည်နှင့် ရောက်လာတတ်သည်။ အဖော်အပေါင်းနှင့် ရောက်လာတတ်သည်။ မတွေ့လိုပါမှ ကြုံကြိုက်ရတတ်သည်။

ထိုအခါမျိုးတွင်မှ မျက်စိသူငယ်၊ နားသူငယ်နှင့် အပူမီးတောက်ကာ ပျာယာခတ်ရတော့၏။ အားကိုးရာရှာကြရတော့၏။

ထို့ကြောင့်လည်း ဥပဒေရေးရာ သဘောတရားများကိုသိတန်သလောက် သိရန်၊ အသိပညာဗဟုသုတတို့ ရှိတန်သလောက်ရှိလာစေရန် အခြေခံဥပဒေများကို တင်ပြလိုပါသည်။ ဦးစွာပထမ "ခြောက်လှန့်မှု"ဆိုင်ရာ ဥပဒေများကို အရင်လေ့လာကြပါရန်။

*** *** ***

ခြောက်လှန့်တောင်းယူမှု

မည်သူမဆို တစ်ဦးတစ်ယောက်သော သူအား၊ သို့တည်းမဟုတ် အခြားသူ တစ်ဦးတစ်ယောက်အား နစ်နာစေမည်ဟု ကြောက်အောင်တမင်ပြု၍ ပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ အဖိုးတန်စာတမ်း အမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ အဖိုးတန်စာတမ်း အမှတ်အသား အဖြစ်သို့ ပြောင်းလဲနိုင်သော လက်မှတ်ရေးထိုးထားသည့်၊ သို့တည်းမဟုတ် တံဆိပ် ခပ်နှိပ်ထားသည့် အရာဝတ္ထု တစ်ခုခုကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်အားပေးအပ်စေရန် ကြောက်အောင် တမင်ပြုခြင်းခံရသော အဆိုပါသူအား



www.burmeseclassic.com

www.burmeseclassic.com

မရိုးမဖြောင့်သော သဘောနှင့် သွေးဆောင်လျှင်၊ ထိုသို့ကြောက်အောင်ပြု၍ သွေးဆောင်သူသည် "ခြောက်လှန့်တောင်းယူမှု" ကျူးလွန်သည်မည်၏။

ဥပမာများ

(က) ငွေမပေးလျှင် မောင်မဲ၏ အသရေ ဖျက်စေမည့်စာကို ကြေညာမည်ဟု မောင်ဖြူသည် မောင်မဲကိုခြိမ်းခြောက်၏။ ဤနည်းဖြင့် မိမိအား ငွေပေးစေရန် မောင်ဖြူသည်မောင်မဲကိုသွေးဆောင်သည်။ ဤတွင် မောင်ဖြူသည် "ခြောက်လှန့်တောင်းယူမှု" ကို ကျူးလွန်သည်မည်၏။

(ခ) စာချုပ်တစ်ခုခု၌ လက်မှတ်မထိုးလျှင် ချုပ်နှောင်ထားမည်ဟု မောင်ဖြူက မောင်မဲကို ခြိမ်းခြောက်၍ မောင်မဲသည် အဆိုပါ စာချုပ်အား လက်မှတ်ရေးထိုး ရတော့သည်။ ဤတွင် မောင်ဖြူသည် "ခြောက်လှန့်တောင်းယူမှု" ကိုကျူးလွန်သည်မည်၏။

(ဂ) ပြောသည့်အတိုင်း မပြုလုပ်က တုတ်၊ လက်နက်စွဲကိုင်သူတို့ကို စေလွှတ်မည်ဟု မောင်ဖြူက မောင်မဲ အား ခြိမ်းခြောက်၍ မောင်မဲက ကြောက်လန့်မှုကြောင့် ဆန္ဒမပါဘဲပြုလုပ်ရသည်။ ဤတွင် မောင်ဖြူသည် "ခြောက်လှန့်တောင်းယူမှု" ကိုကျူးလွန်သည် မည်၏။

*** *** ***

ခြောက်လှန့်တောင်းယူမှုအတွက် အပြစ်ဒဏ်

မည်သူမဆို ခြောက်လန့်တောင်းယူမှုကို ကျူးလွန်လျှင် ထိုသူကိုထောင်ဒဏ်သုံးနှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။

မည်သူမဆို ထိုပြစ်မှု ကျူးလွန်ရန် တစ်ဦး တစ်ယောက်သော သူအား နစ်နာစေမည်ဟု ကြောက်အောင်ပြုလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် ထိုသူကို ထောင်ဒဏ်နှစ်နှစ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

မည်သူမဆို တစ်ဦးတစ်ယောက်၊ တစ်ပါး သူတို့ သေစေမည်ဟု၊ သို့တည်းမဟုတ် အပြင်းအထန်နာကျင်စေမည်ဟု ကြောက်အောင်ပြု၍ ခြောက်လှန့်တောင်းယူမှုကို ကျူးလွန်လျှင် ထိုသူကို ထောင်ဒဏ် ဆယ်နှစ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

မည်သူမဆို ခြောက်လှန့် တောင်းယူမှုကိုကျူးလွန်ရန် တစ်ဦးတစ်ယောက်သော သူကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်၊ ဆယ်နှစ်အထိ ထောင်ဒဏ်တစ်ခုခု ထိုက်သောပြစ်မှုမျိုး ကျူးလွန်ကြောင်း၊ သို့တည်းမဟုတ် ထိုပြစ်မှုမျိုး ကျူးလွန်ရန် အားထုတ်ကြောင်းနှင့် စွပ်စွဲမည်ဟု ကြောက်အောင်ပြုလျှင်၊ အားထုတ်လျှင် ထိုသူကိုထောင်ဒဏ်ဆယ်နှစ်နှင့် ငွေ ဒဏ်ချမှတ်နိုင်သည်။

ထို့ပြင် အထက်ပါပြစ်မှုမျိုးသည် ပုဒ်မ- (၃၇၇)အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုဖြစ်လျှင် ထိုသူကို တစ်သက်တစ်ကျွန်းဒဏ် ချမှတ်နိုင်သည်။

ဤကား ခြောက်လှန့်တောင်းယူမှုဆိုင်ရာ ဥပဒေစီရင်ထုံးအခြေခံသဘောတရားများပင် ဖြစ်၏။ ပြည်သူလူထုတို့ ဥပဒေရေးရာ အသိကြွယ်၍ သိသင့်သိထိုက်သည်များသိရှိပြီး အမှားအမှန်၊ အဖြူအမည်း ကွဲပြားစွာ သိရှိရန် လိုက်နာကျင့်သုံးနိုင်ကြစေရန် ရည်ရွယ်၍ ရေးသား တင်ဆက်လိုက်ရပါသည်။ ။

ဝသုန်ဟိန်းထက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"နိုင်း" ခနဲ ကျယ်လောင်စွာ မြည်ဟီးသွားသော သေနတ်သံနောက်တွင် ကျေးငှက်တို့ လန့်ဖျတ်၍ ထပျံသံ၊ သားရဲတိရိစ္ဆာန်ကြီးငယ်တို့၏ ထိတ်လန့်တကြား ပြေးလွှားသံတို့က သဖန်းပုတ်တောကြီးအတွင်း၌ ဆူညံစွာထွက်ပေါ်လာသည်။ သေနတ်ကျည် ဆံထိမှန်သွားသော ဆတ်ဖားကြီးတစ်ကောင်သည် လျှိုစောင်းရှိ မြက်ပင်များအကြားသို့ ဒူးအစုံခွေညွှတ်၍ ဘုန်းခနဲလဲကျသွား၏။ထို့နောက်ဝေဒနာကို မချိမဆန့်ခံစားနေရပုံဖြင့် ခြေလက်အစုံတို့ တဆတ်ဆတ်တုန်ကာ မြက်ရိုင်းပင်များအကြား၌ လူးလိမ့်နေသည်။

တွန်းမောင်က ယမ်းငွေ့မပျယ်သေးသောသေနတ်ကို ကျည်သစ်တစ်တောင့်ထိုး၍ မောင်းတင်ပြီး လျှိုစောင်း၌ လဲကျနေသောဆတ်ဖားကြီးကို ချိန်ထားလိုက်သည်။ ဆတ်ကြီးမှာမသေသေးဘဲ မြက်ရိုင်းပင်များအကြား၌ ဆန့်ငင်ဆန့်ငင်ဖြင့် အကြောဆွဲ နေသည်။ အတန်ကြာမှ သွေးအိုင်ထဲ၌ လုံးဝငြိမ်သက်သွားတော့၏။ သည်တော့မှ တွန်းမောင်က သေနတ်အတွင်းမှ ကျည်ကိုပြန်ထုတ်၍ မောင်းကိုဖြုတ်ချလိုက်ပြီး နံဘေးရှိ လှဖေနှင့် စောကြီးတို့ နှစ်ဦးအား ကျေနပ်စွာ ပြုံး၍ကြည့်လိုက်သည်။

"ချက်ကောင်းမှန် သွားပုံရတယ်ကွာ။ ဒို့တော့ တစ်လကျော်ကျော် နှစ်လလောက် အေးအေးဆေးဆေး နေလို့ရပြီဟေ့။"

စောကြီးက ဆတ်ကြီးဆီမှ မျက်လုံးမခွာဘဲ လှဖေနှင့်တွန်းမောင်တို့အား လှမ်း ပြောလိုက်သည်။ လှဖေကတော့ လှမ်းမြင်နေရသော ဆတ်ချိုကားကားကို ကြည့်ကာ ဈေးကောင်းရနိုင်မည်ဟု တွေးနေမိ၏။ သည့်နောက် သုံးဦးသား တက်ကြွသော ခြေလှမ်းများဖြင့် လျှိုကို ဖြတ်ကျော်၍ လဲကျနေသော ဆတ်ကြီးဆီသို့ ခပ်သုတ်သုတ် လှမ်းလိုက်ကြသည်။ အနားရောက်မှ ဆတ်ကြီးကို အသေအချာ ကြည့်မိသည်။ နည်းနည်းနောနော ကောင်ကြီးမဟုတ်။ စောကြီးက အမဲလိုက် ဓားမြှောင်ကိုထုတ်၍ ဆတ်ကြီး၏ ဒူးခေါက်ကြောများကို လှီးဖြတ်ပစ်လိုက်၏။ သုံးယောက်စလုံး ဆတ်သေကြီးကို လှုပ်ရှုလည့်သော မျက်လုံးများဖြင့် ကျေနပ်လောက်အောင် လှည့်ပတ်ကြည့်ရှုလိုက်ကြသည်။ စိတ်ကျေနပ်လောက်မှ တွန်းမောင်က…

"ကဲ… ဒီဒီဆတ်ကို ဘယ်လိုလုပ်ကြမလဲ။ ခါတိုင်းလိုပဲ ညအိပ်ကျပ်တင်ပြီးမှ ရွာကိုပြန်သယ်မလား။ ဒါမှမဟုတ် ခုပဲရွာပြန်လှည်းခေါ်ပြီး ရွာရောက်မှ ပေါ်မလား။




www.burmeseclassic.com

www.burmeseclassic.com

ဪ သဘောပြောရရင်တော့ . . .''

ထွန်းမောင်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး စကားကို တစ်ဝက် တစ်ပျက်နှင့် ရပ်ထားလိုက်သည်။ ဆတ်သေကြီးကို အားရဝမ်းသာ ကိုင်တွယ် ကြည့်ရှုနေ သောလှဖေနှင့် စောကြီးသည်လည်း ထွန်းမောင်၏ စကားကြောင့် ခဏမျှတွေဝေသွား ကြသည်။ ပြီးမှလှဖေက သက်ပြင်းချ၍

''ရွာပြန်သယ်မှပဲ ဖြစ်မယ်ထင်ပါ တယ်ကွာ၊ ဒီတောမှာ ညမအိပ်တာဘဲ ကောင်းပါတယ်။''

လှဖေ၏စကားကို စောကြီးက ခေါင်းညိတ်ထောက်ခံ၏။ သည်တော့မှ ထွန်းမောင် က . . .

''ဒါဖြင့်ရင် မင်းတို့နှစ်ယောက် ရွာပြန်ပြီးခေါ်ချေကွာ။ ငါဒီက စောင့် မယ်။ နေသိပ်စောင်းသွားရင် မကောင်း ဘူး။ လှည်းကိုတော့ တောထဲရှိန်သမျှ မောင်းဝင်ခဲ့ချေကြားလား။ ဒါကြီးထမ်းဖို့ လှဖုန်းတို့အဖွဲ့ပါခေါ်ခဲ့။

''အေး . . . အေး . . . စိတ်ချ''

လှဖေနှင့်စောကြီးက သူတို့၏ သူငယ်ချင်းတစ်ပိုင်း ခေါင်းဆောင် တစ်ပိုင်းဖြစ်နေသော ထွန်းမောင်၏ စကားကိုထောက်ခံလိုက်ကြပြီး သေနတ် များကို လွယ်ပိုးလျက် သွက်လက်စွာ ထွက်ခွာသွားကြသည်။ ထွန်းမောင် ကတော့ ငြိမ်သက်စွာ လဲကျနေသော ဆတ်ကြီးအား သေနတ်ပြောင်းနှင့် တစ်ချက် ထိုးကြည့်လိုက်ပြီး အနီးရှိ ခပ်ရှယ်ရှယ်ပျဉ်းမပင် တစ်ပင်ပေါ်သို့ တက်၍ အကျအန ထိုင်စောင့်နေလိုက် သည်။ တောထဲတောင်ထဲဆို သည်က မြေပြင်မှာထက် ခုလိုသစ်ပင်မြင့်ပေါ် မှာနေရခြင်းက ပို၍လုံခြုံမှုရှိလေသည်။

လက်ပံတောသည် ပဲခူးရိုးမ အနောက်ခြမ်းရှိ အိမ်ခြေငါးဆယ်ခန့်ရှိ သော ရွာကလေး တစ်ရွာဖြစ်သည်။ တစ်ရွာလုံးတွင် သစ်ခုတ်၊ ဝါးခုတ်၊ အမဲလိုက်၊ ပျားဖွပ်စသည့် သစ်တောနှင့် မကင်းလုပ်ကိုင်စားသောက် သူများက အများစုဖြစ်၏။ လယ်ယာလုပ်ငန်း ကိုတော့ ရွာဝန်းစားဖူလုံရုံမျှသာ စိုက်ကြ ပျိုးကြသည်။ လက်ပံတောရွာတွင် သစ်ဝါးခုတ်၍ ရောင်းချအသက် မွေးသူ တို့က အများဆုံးဖြစ်၏။ မုဆိုးလုပ်ငန်း သက်သက်ဖြင့် အသက်မွေးသူ သိပ် မရှိလှ။ ဒါပေသိ ရွာအနီးရှိတောတစ်ခွင် သည် သားကောင်ကြီးငယ်တို့ ပေါ များလှသဖြင့် ရွာထဲ၌ အသားဟင်းက ပြတ်လပ်သည်ဟူ၍မရှိ။ ရံဖန်ရံခါဆို သလို ဆားနယ်အသား၊ ကျပ်တိုက် အသားခြောက်များကို ရွာနီးချုပ်စပ် များသို့ပါ လှည့်ပတ်ရောင်းချရလေ့ရှိ သည်။ မုဆိုးဆိုရာ၌လည်း အချို့က သစ်ဝါးခုတ်ရင်း အမဲပစ်၊ အချို့က တောင်ယာလုပ်ရင်း အမဲပစ်စသည့် ဖြင့် ပင်တိုင်အလုပ်တစ်ခု ထား၍ တောလည်သူတို့သာများ၏။

သို့ရာတွင် အခြားမည်သည့် လုပ်ငန်းကိုမျှ မလုပ်ဘဲ အမဲပစ်ခြင်း အလုပ်တစ်ခုတည်းကိုသာ ဇောက်ချ လုပ်ကိုင် သူများကတော့ ထွန်းမောင်၊ လှဖေနှင့်စောကြီးတို့ သုံးယောက်ပင် ဖြစ်သည်။ သူတို့သုံးယောက်က ဘယ် သွားသွား၊ ဘာလုပ်လုပ် အတွဲညီသည်။ သူတို့က ငယ်စဉ်ကတည်းက လည်ပင်း ဖက်ပေါင်း သင်းလာခဲ့သော သူငယ်ချင်း များဖြစ်ကြ၍ တစ်ယောက်အကြောင်း တစ်ယောက်သိကြသည်။ ပြီးတော့ သုံးဦးစလုံးက လူပျိုလူလွတ်တွေမို့ နောက်ဆံတင်းစရာမလို။ တောထဲမှာ ဘယ်နှစ်ရက်ကြာကြာ ကိစ္စမရှိ။ ဘယ် တော ဘယ်လောက်ကြမ်းကြမ်း ထွန်းမောင် သုံးဦးသွားပြီဆို ရွာအပြန် သားကောင်ပါ လာတတ်စမြဲ။ အသား ဈေးကလည်း ကောင်းသည့်အပြင် ပြောင်၊ ဆတ်၊ ဝက်ဝံတို့လို သားကောင် များပစ်ခတ်ရပါက ဦးချိုသားရေ နှင့် သည်းခြေစသည်တို့ကလည်းဈေးကောင်း ရသည်မို့ သူတို့ကလည်း အမဲပစ်ခြင်း အလုပ်မှလွဲ၍ တခြားအလုပ်များ စိတ်မဝင်စားတော့။

ယခုလည်း သုံးဦးသားမနက်ပိုင်း တည်းက ခြေရာခံလိုက်လာခဲ့သော ဆတ်ဖားကြီးအား လျှိုစောင်းရှိ မြက် များငုံစားနေခိုက် ထွန်းမောင်က ချ ကောင်းကို ပစ်ခတ်လိုက်၍ အသား အပြင်၊ ခွင့်ကားနေသော ဆတ်ချိုကြီး ကိုပါ ဈေးကောင်းနှင့်ရောင်းနိုင်တော့ မည်မို့ ထွန်းမောင်တွေးရင်း တ ယောက်တည်း ကျေနပ်နေမိသည်။ ပျဉ်းမပင် ပေါ်ထိုင်စောင့်နေရင်း ခံတွင်းချဉ်လာသဖြင့် သူလွယ်အိတ် အတွင်းမှ ဝါးဆစ်ဗူးဖြင့် အသေအ



www.burmeseclassic.com

www.burmeseclassic.com

ထည့်လာသော ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ယူမီးညှိ၍ ဖြည်းညင်းစွာ ဖွာရှိုက်နေလိုက်သည်။ ဆေးလိပ်သောက်ရင်းမှ လူသံ လှည်းသံတို့ကိုလည်း နားစွင့်နေမိသည်။ တစ်ကယ်တော့ လက်ပံတောရွာနှင့် သူတို့ယခုအမဲရသည့်နေရာက အတော်အလှမ်းဝေးလွန်းနေသည်။ လှည်းကတောပါးသော ကွဲ့ပုတ်စခန်း၊ အင်ကြင်းကုန်းတို့လောက်အထိသာ မောင်းဝင်၍ ရနိုင်သည်။ဆတ်သေကြီးကို လူအင်အားဖြင့် လှည်းဆီအရောက် သယ်ကြရမယ်ဖြစ်သည်။

သည်လိုရွာပြန်၍ လူခေါ်လှည်းခေါ်လုပ်ရသည်က တစ်ခါတစ်ရံမှသာ။ များသော အားဖြင့်တော့ ထွန်းမောင်တို့အဖွဲ့က အမဲရသည်နှင့် ရသည့်နေရာမှာပင် အမဲကောင်၏ အသားများကို ကျွမ်းကျင်စွာလှီးဖြတ်၍ မီးဖိုကာ အသားများခြောက်သွေ့သည်အထိ ကျပ် တင်လေ့ရှိသည်။ ပြီးမှ အသားခြောက်များအား ရွာပြန်သယ်ကြ၏။ သူတို့၏ကျောပိုး ပုလိုင်းများအတွင်း၌ ဆန်ဆီဆား အစစအရာရာ အပြည့်အစုံပါပြီးသား။ တောထဲသုံး လေးရက်မျှ ညအိပ်နေရ၍ ဘာမှပြဿနာ မရှိ။

ဒါပေသိ သူတို့ယခုရောက် ရှိနေသည့် တောက ဝန်းကျင်တစ်ခွင်ရှိ တောများအား လုံးထက်ကြမ်းသည်ဟု နာမည်ကြီးသည်။ ပြီးတော့သည် တောမှာ ညအိပ်မိလို့ မသေရုံ တမည်ခြောက်လှန့်ခံခဲ့ရသည့် မုဆိုးများ၊ သစ်ခုတ်ဝါးခုတ် သမားများကလည်း မရှားလှ။ သူတို့သုံးယောက်က လူရှုတ်တွေဆိုပေမယ့် သည်လိုတောမျိုးကိုတော့ ရှောင်တာ အကောင်းဆုံးဖြစ်၏။ နေ့ခင်းနေ့လည် မြင်သာထင်သာအချိန်မှာက အကြောင်းမဟုတ်။ ညအိပ်ဖို့ ဆိုသည်ကတော့ အတော်စွန့်စားရမည့် အလုပ်ပင်ဖြစ်၏။

ဒီသဖန်းပုတ်တောက သို့ကလို အမှား အယွင်းမခံ၊ တောခြောက်တောမှောက်သည်ဟု နာမည်ကြီးပေမယ့် သားကောင်တော့ အလွန်ပေါလှသည်။ ထို့ကြောင့် ထွန်းမောင်တို့ အဖွဲ့ဒီတောကိုမကြာခဏ ရောက်ဖြစ်သည်။ တောလည်၍ သားကောင် ကြီးကြီးမားမားရတိုင်း ခုလိုရွာပြန်လှည်းခေါ်၍ ရွာအထိ သယ်ဆောင်သွားတတ်စမြဲပင်။ ထွန်းမောင်သည် ပျဉ်းမပင်ပေါ်၌ထိုင်၍ လှဖေတို့အား စောင့်မျှော်နေရင်းမှ လက်တွင်းရှိ ဆေးပေါ့လိပ်ကို အဆက်မပြတ် ဖွာရှိုက်နေမိ၏။

သည်လိုနှင့် အချိန်သည် တရွေ့ရွေ့ကုန်ဆုံးလာသည်။ လှဖေတို့ ပြန်ရောက်သင့်ပြီဟု ထွန်းမောင်တွေးမိ၏။ နေအတော်စောင်းပြီမို့ တောနက်လှသော သဖန်းပုတ်တောအတွင်း၌ ထိုင်နေရင်းမှ ကိုယ်ကိုစောင်းလှည့်၍ အညောင်းဖြေလိုက်သည်။ ထိုစဉ်

“ဝူး...ဝူး...”

ခပ်ဝေးဝေးမှ တောအူသံသံ့သဲ့ကြားလိုက်ရသည်။ လှဖေနှင့် စောကြီးတို့ပင်ဖြစ်သည်။ တောထဲတောင်ငှဲမှာက တစ်ယောက်နှင့် တစ်ယောက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ လှမ်း၍ ဆက်သွယ်လိုလျှင် နာမည်မခေါ်ရ။ ယခုလို “ဝူးခနဲ ဝူးခနဲ” အသံပေးရသည်။ ထို့ကြောင့် ထွန်းမောင်ဘည်း ပျဉ်းမပင်ပေါ်မှ နေ၍ နှစ်ချက်မျှပြန်အော်ပြီး နားစွင့်လိုက်သည်။ တစ်ဖက်မှ “ဟေး”ခနဲ အသံတစ်ချက် ခပ်သဲ့သဲ့ကြားရပြီး ပြန်လည်တိတ်ဆိတ်သွား၏။

ထွန်းမောင်က “သိပ်တော့ မဝေးတော့ဘူး” ဟုတွေးရင်း ပျဉ်းမပင်မှနေ၍ မြေပြင်ထက်သို့ ဆင်းလိုက်သည်။ သူ့အပင်အောက်ရောက်ပြီး သိပ်မကြာလိုက်၊ ထမင်းထုပ်များဆွဲလာသော လှဖေနှင့်စောကြီး ချုံများကိုတိုးဝေ့လျှက်လာနေသည်ကို လှမ်း တွေ့လိုက်ရသည်။ အခြားမည်သူမျှပါမလာ။

“ဟ လှဖုန်းတို့အဖွဲ့လည်းပါမလာပါလားကွ၊ လှည်းကရော ဘယ်စခန်းမှာထားခဲ့လဲ...”

ထွန်းမောင်၏အမေးကြောင့် စောကြီးက လေးတွဲ့စွာ ခေါင်းခါသည်။ ပြီးမှ စိတ်ပျက် လက်ပျက်လေသံဖြင့် ဒီနေ့ရွာမှာ လှည်းတစ်စီးမှမရှိဘူးကွ။ ဟိုဖက် ကြူကုန်းရွာက လယ်ရှင်တွေက စပါးတွေ မြို့ကဆန်စက်ကို ပို့ဖို့ဆိုပြီး မနက်က လာငှားသွားကြသတဲ့။ ရွာမှာလည်း အခုတလော ထင်းတိုက်ဝါးတိုက် အလုပ်ပါးနေတော့ အားလုံးလိုက်သွားကြ တာပေါ့ကွာ။”

စောကြီးကပြောရင်း ကုန်းကမူကလေး တစ်ခုပေါ် ခြေပစ်လက်ပစ်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ချလိုက်သည်။ ထို့နောက် ခြေထောက်များကို ဆန့်၍ အညောင်းဖြေနေရင်းမှ ဆတ်သေကြီးကို စိတ်မသက်မသာဖြင့် လှမ်းကြည့်သည်။ လှဖေကတော့ "ကဲဘယ်လိုလုပ်ကြမလဲ"ဟူသောသဘောဖြင့် ထွန်းမောင်အား မေးဆတ်ပြသည်။ ထွန်းမောင်လည်း ရုတ်တရက်ဘာ ပြန်ပြောရမှန်းပင်မသိ။ သည်တောမှာ ညမအိပ်လိုသည်က တော့အမှန်။ သို့ပေမယ့် ဆတ်သေကြီးကိုကလည်း ဒီအတိုင်းထားခဲ့ လို့မဖြစ်။ သည်တော့

"ကဲဖြစ်လာမှတော့ ဘာတတ်နိုင်တော့မှာလဲ။ ဒါကြီးကို လည်း ဒီအတိုင်းထားခဲ့ဖို့က မဖြစ်တော့။ ဒီညဒီမှာပဲလင့်ထိုးပြီး အိပ်လိုက်ကြတာပေါ့ကွာ။ ဘယ်လိုလဲ..."

ထွန်းမောင်၏ စကားကြောင့် လှဖေနှင့် စောကြီးစိတ်ပျက်စွာ ခေါင်းညိတ်သည်။ ထို့နောက်ပါလာသော ထမင်းထုပ်များအား ကျောပိုးပလိုင်းတစ်လုံးအတွင်း၌ ထည့်ထားခဲ့ပြီး လင့်စင်ထိုးရန်အတွက် အပင်ကောင်းကောင်းရှာသူရှာ၊ ဝါးခုတ်သူခုတ်ဖြင့် ချက်ချင်း အလုပ်ရှုပ်သွားကြသည်။ ထို့နောက်ဆတ် သေကြီးနှင့် မနီးမဝေး လျှိုစောင်းတစ်နေရာရှိ သစ်ဖုတ်ပင်ကြီး၏ခွဆုံတွင် လင့်စင်တစ်ခု ထိုးလိုက်ကြသည်။ လင့်စင်ထိုးရသည့် အလုပ်က တစ်ခြားတောတွေမှာ ညအိပ်ဖြစ်တိုင်း လုပ်နေကျမို့ သူတို့အတွက်ဘာမှ အခက်အခဲမရှိလှ။

လင့်စင်ဆောက်လို့ပြီးတော့ တောထဲမှာအမှောင်ထုက သိသိသာသာကြီး ဖုံးလွှမ်းလာခြေပြီ။ သူတို့လင့်စင်ဆောက်ထားသော သစ်ဖုတ်ပင်ကြီး၏ ခွဆုံက မြေပြင်မှ ဆယ့်ငါးပေခန့် အမြင့်တွင် ဖြစ်သည်။ လင့်စင်ကကျယ် ဝန်းလှသည် မဟုတ်ပေမယ့် သုံးယောက်သားသက်တောင့်သက်သာနေနိုင်လောက်အောင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ လင့်စင်ကိစ္စ ပြီးသည်နှင့် ထွန်းမောင်၊ လှဖေနှင့် စောကြီး တို့သုံးဦးသည် ကြွင်းကျန်နေသေးသော အလင်းရောင်မှိန်ပြပြကလေးဖြင့် ကမန်းကတမ်း ထမင်းစားလိုက်ကြသည်။ ဆတ်ကြီးကို ဖျက်[illegible]ချုပ်တင်ဖို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်။ သို့ပေမယ့် ညဖက်ကြီး တောထဲမှ ဒေသွးသံရဲရဲဖြင့် အမဲဖျက်၊ ကျုပ်ဘင်လုပ်ရမည်ကိုတော့ သူတို့ စိတ်မသန်လှ။ ထမင်းစား၍ပြီးသည်နှင့် လှဖေက သူတို့ပုလိုင်းများအတွင်းမှ လိုအပ်သည့် ပစ္စည်းများကို လင့်စင်ပေါ်သို့သယ်ယူနေသည်။ ထွန်းမောင်က လင့်စင်အောက်တည့်တည့်၌ မီးပုံတစ်ပုံဖို၍ မီးအရှိန်ကောင်းလာသည်နှင့် အနီးအပါးမှရသည့် သစ်မြစ်ဆုံ အခြောက်အဆွေးကြီးများကို အုံထားလိုက်သည်။

စောကြီး ကတော့ ညအစာပြေစားဖို့ဟုဆိုကာ ဆတ်ကြီး၏ပေါင်မှ အသားမြှောင် တစ်ချောင်းအား လှီးယူကာ မီးကင်နေသည်။ ထို့နောက်အနီးရှိ သစ်ပင်ချုံနွယ်တို့မှ သစ်ကိုင်းများအား ခါးဖြင့်ဖြတ် တောက်လျက် သစ်[illegible] များကို ဆတ်သေကြီးပေါ်၌ ဖုံး[illegible] ထားလိုက်သည်။ သူတို့ အား[illegible] လင့်ပေါ်ရောက်တော့ အမှောင်ထု[illegible] လုံးဝဖုံးလွှမ်း သွားခဲ့ပြီဖြစ်၏။

လင့်စင်ပေါ်မှာ ရေဗူးများ သေ[illegible] များ၊ ဓာတ်မီးများက အားလုံးသူ့နေ[illegible] နှင့်သူ။ ပြီးတော့ အပေါ်စွန်[illegible] ခုတ်ယူထားသော ဝါးကျည်ထော[illegible] သုံးခု။ လင့်စင်ပေါ်မှာဆိုတော့ ကို[illegible] အိမ်မှာအိပ်သလို နှစ်နှစ်ခြိုက်ခြိုက်[illegible] အိပ်လို့တော့မရ။ နိုးလိုက်၊ ငိုက်လို[illegible] အိပ်လိုက်ဖြင့် တစ်ညတာကို ကျော်ဖြ[illegible] ရမည်သာဖြစ်၏။ ဒါပေသိဒီ တစ်[illegible] တော့ တတ်နိုင်သမျှ အိပ်မပျော်[illegible] စေရန် သူတို့အချင်းချင်း သ[illegible] ပြောဆိုလျှက် စောကြီးမီးကင်လာသော[illegible] ဆတ်သားကို ရေဖြင့်အမြည်းလုပ်[illegible] သေးလိပ်ဖွာလိုက်၊ စကားပြောလိုက်[illegible] အချိန်တို့က တရွေ့ရွေ့ကုန်ဆုံးလာသ[illegible] အောက်ဖက်ရှိ မီးဖိုသည်လည်း မီး[illegible] ပြာဖုံးလျက် ခပ်ရဲရဲသာရှိတော့သ[illegible]

ထိုစဉ်တောသည် ရုတ်တ[illegible] ငြိမ်သက်သွ[illegible] မည်သည့်အ[illegible] မကြားရတော့အောင် တိတ်ဆိ[illegible] သွား၏။ တောကြီးရုတ် ခြည်းဆို[illegible] ငြိမ်သက်တိတ်ဆိတ်သွား၍ သူတို့စိ[illegible] စနောင့်စနင်းဖြစ်နေစဉ် တ[illegible] တအီအီဖြင့် လှည်းသံကို ကြား[illegible] သဖြင့် သုံးဦးသားစကားပြော[illegible] တအံ့တဩ နားစွင့်လိုက်ကြ[illegible] လှည်းသံတင်မဟုတ်။ နွား[illegible]



www.burmeseclassic.com

www.burmeseclassic.com

ငေါက်ငမ်းသံနှင့်အတူ လူအချို့စကား ပြောဆိုလာသံများကိုပါ ကြားလိုက်ရသည်။ ခဏအကြာ သစ်ပင်ခြုံနွယ်များအကြားမှ နီမှိန်မှိန်ရှိ မှိတ်ချီလင်းချီ မီးတုတ်များ၏ အလင်းရောင်ကိုပါ မြင်လာရသည်။

ထွန်းမောင်တို့သုံးဦး အချင်းချင်း ကြည့်လျက် မည်သည့်စကားမျှမဆို ဖြစ်ကြသေး။ သိပ်မကြာလိုက် မီးတုတ်များကို ကိုင်ဆောင်ထားသည့် လူလေးငါးယောက်ခန့်ကို တင်ဆောင်လာသော လှည်းတစ်စီးသည် မြင်ကွင်းရှင်းသော လျှိုစောင်းဆီသို့ ရောက်ရှိလာပြီး သစ်ခက်များဖုံးအုပ်ထားသည့် ဆတ်သေကြီးအနီးတွင် ရပ်လိုက်သည်။ မီးတုတ်များ ကိုင်ဆောင်လာသူ လူငါးဦးခန့်က လှည်းပေါ် မှ ခုန်ဆင်းလိုက်ကြသည်။ ဒီအချိန်အထိ ထွန်းမောင်တို့ သုံးဦး စကားမဆိုဖြစ်ကြသေး။ မီးတုတ်ကိုင်ဆောင်ထားသော လူတစ်ယောက်က လင့်စင်ပေါ်သို့မော့ကြည့်လျက်

"ကိုလှဖေ··· ဗျို့··· ကိုလှဖေ"

လှဖေက ပြန်ထူးရန်ဟန်ပြင်စဉ် ထွန်းမောင်က လက်ကာပြီး

"ဘာကိစ္စတုန်းကွ မင်းတို့ ဘယ်သူတွေလဲ···"

ထွန်းမောင်၏ ခပ်ခပ်ဆတ်ဆတ် အမေး ကို စောစောကလူက ···"

"ကျွန်တော်တို့လက်ပံတောကပါ။ ညနေက ကိုလှဖေတို့ လှည်းလာခေါ်တယ်ကြားလို့၊ အဲဒါကြုံကုန်းရွာက ပြန်ရောက်ရောက်ချင်း တန်းလိုက်လာတာပဲ။ ဒီဆတ်သေကြီးကို တင်ဖို့မဟုတ်လား။ လာလေဗျာ။ ခင်ဗျားတို့ပါ လိုက်ခဲ့ကြပေါ့။"

ယိုစကားကြောင့် လှဖေက ဝမ်းသာအားရဖြင့် လင့်စင်ပေါ်မှ ဆင်းဖို့ပြင်သည်။ ဒါပေမဲ့ သူ့ပခုံးကို စောကြီးက လှမ်းဆွဲထားလိုက်သဖြင့် လှဖေကြောင်သွား၏။ လှဖေကစောကြီး၏လက်ကို ပုတ်ထုတ်လိုက်ရင်း···

"ဟေ့ကောင် စောကြီး။ ဘာလုပ်တာလဲ ဆင်းလေကွာ။ ဟိုမှာတကူးတက တောထဲ အထိလိုက်လာ··· ဟာ···"

လှဖေက သူ့ဘာသာ စကားပြောရင်းမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ···ဟာ··· ခနဲ ရေရွတ်လျက် လင့်ပေါ်မှ တွဲလောင်းချထားသော ခြေထောက်ကို အလျင်အမြန် တင်လိုက်၏။ ဟုတ်သည်။ ဒီအဖွဲ့တကူးတက တောထဲအထိလိုက်လာတာကတော့မှန်သည်။ သို့ပေမယ့် ရွာကနေ ဒီသဖန်း ပုတ်တောအထိ လှည်းဖြင့်ဘယ်လိုမှ လာ၍မရနိုင်။ သစ်ပင်ခြုံနွယ်တွေကြားထဲ အတင်းတိုးမောင်း၍ လာနိုင်သည်ထားဦးတော့ သ ဖန်းပင်တောအစပ်ရှိ တကွေ့တပတ်ဖြင့် နက်စောက်စွာရှိနေသော လျှိုကြီးကိုတော့ လှည်းဖြင့်ဘယ်လိုမှ ဖြတ်ကျော်နိုင်မည်မဟုတ်။ ဒါ ကိုလှဖေယခုမှ သတိပြုမိခြင်းဖြစ်၏။

"ကိုလှဖေတို့ လာလေဗျာ။ ဒီဆတ်သေကြီး လှည်းပေါ်တင်ရအောင်။

အောက်မှလူခေါ်သံက ကြက်သီးထစရာပင်။ ဒီအဖွဲ့ကို အရင်ကရွာမှာ တစ်ခါမှမတွေ့ မမြင်ဖူးခဲ့။ သူတို့မျက်နှာပုံသဏ္ဍာန်တွေကလည်း ထွန်းမောင်တို့ အမြင်မှာ ခပ်ဆန်းဆန်းဖြစ်နေ၏။

"ဟိတ်ကောင်တွေ"

ထွန်းမောင်က သေနတ်ကို မောင်းတင် ကျည်ထိုးလျက် ခပ်ငေါက်ငေါက် ခေါ်လိုက်သည်။ အောက်မှ အဖွဲ့က ကြောင်ငေးငေးဖြင့် မော့ကြည့်၏။

"မင်းတို့ ဒီသဖန်းပုတ်တောက မဟုတ်လားကွ ဟေ···"

"ဟုတ်တယ်·· ဟင်မဟုတ်ပါဘူး။ ကျုပ်တို့ လက်ပံတောရွာကပါ။"

"ငါကိုမှုား လာစမ်းသလားကွ ကဲကွာ···"

"ဒိုင်း···"

မီးတုတ်ကိုင်ထားသူ၏ ဖြေသံအဆုံးတွင် ထွန်းမောင်ကလက်တွင်းရှိ သေနတ်ဖြင့် လူအုပ်အလယ်ရှိ လှည်းဆီသို့ ချိန်ရွယ်၍ပစ်ချ လိုက်သည်။ "ဒိုင်း" ခနဲ မြည်ဟီးသွားသော သေနတ်သံအဆုံးတွင် လူတွေ၊ လှည်းတွေ၊ မီးတုတ်တွေဘာတစ်ခုမျှ မတွေ့မမြင်ရတော့။ ဝန်းကျင်တစ်ခွင်သည် စောစောကဘာမျှမဖြစ်ခဲ့သလို လုံးဝငြိမ်သက်တိတ်ဆိတ်သွား၏။

ထွန်းမောင်သည် စိတ်မောသွားဟန်ဖြင့် သေနတ်ကိုချ၍ လေပူတစ်ချက်ကို ဝူးခနဲ မှုတ်ထုတ်လိုက်သည်။

"ဒီတော မခေဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com

စောကြီးက ခေါင်းတရမ်းရမ်းဖြင့် မှတ်ချက်ချသည်။ လုဖေကတော့ မျက်နှာသေကလေးဖြင့် . . . ။

သည့်နောက်သုံးဦးသား စကားမဆိုဖြစ်ကြတော့။

အချိန်တို့ တစ်စတစ်စကုန်ဆုံးသွားသည်။ လဆုတ်ရက်မို့ ညည့်နက်မှ ထွက်ပြူလာသော လမင်း၏ အလင်းရောင်ကလည်း သစ်ရွက်သစ်ခက်တို့ ကာဆီးထားသည့်ကြား မှ မြေပြင်သို့ ဟိုတစ်ကွက်သည်တစ်ကွက်ဖြာ ကျနေသည်။ ညဦးပိုင်းက ဆူညံစွာအော်မြည်ခဲ့သော ပိုးကောင်မွှားကောင်ကလေးများ၏ အသံသည်ပင် လုံးဝပျောက်ကွယ်သွားလေပြီ။ ခပ်ဝေးဝေးမှ တစ်ချီတစ်ချီ ထွက်ပေါ်လာ တတ်သော တောကောင်ကြီးငယ် အချို့၏ အော်မြည်သံမှအပ တောသည်ပကတိတိတ်ဆိတ်ငြိမ်သက်၍နေ၏။ ထွန်းမောင်က ငိုက်မြည်းစပြုနေသော သူ့စိတ်ကို ပြန်တင်း၍ မှေးစင်းစပြုနေသော မျက်လုံးအစုံကို ကြိုးစားဖွင့်ကာ လုဖေနှင့်စောကြီးအား လှမ်းကြည့်လိုက်သည်။

ဘယ်အချိန်က ဘယ်လို အိပ်ပျော်သွားသည်မသိ။ လင့်စင်ကို အနားသတ်ကာရံထားသည့် ဝါးလုံးတန်းများကိုမှီ၍ တရှူးရှူးဖြင့် အိပ်မောကျနေလေပြီ။ သူတို့နှစ်ယောက်ကို နှိုးဦးမည်ပြုပြီးမှ မနိုးဖြစ်တော့။ တစ်နေ့လုံးတောထဲလှည့် သားကောင်ရှာခဲ့သည့်အပြင် ရွာဆီသို့အသွားအပြန် ခြေလျင် လျှောက်ခဲ့ရသောကြောင့် မှဆိုးများပေမယ့် သူတို့ပင်ပန်းကြမည်သာဖြစ်၏။

ထွန်းမောင်က သည်လိုတွေးပြီး လုဖေနှင့်စောကြီးအား မနိုးတော့ဘဲ သေနတ်ကို ပိုက်၍ဝါးလုံးတန်းကို မှီကာ ထိုင်နေလိုက်သည်။ ဆေးလိပ်သောက်ရန် စိတ်ကူးရမိသဖြင့် ကိုယ်နှင့်မကွာ လွယ်ထားသော လွယ်အိတ်အတွင်းမှ ဆေးလိပ်တိုကို ထုတ်ယူမီး ညှိလိုက်သည်။ တစ်ဖွာ . . . နှစ်ဖွာ . . . ။

"ဒုန်း . . . ဝုန်း"

"ဟာ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ . . ."

နားနားကပ်၍ မိုးကြိုးပစ်ချလိုက်သလို ကျယ်လောင်စွာ မြည်ဟီးသွားသော အသံကြီးကြောင့် ထွန်းမောင်၏ ပါးစပ်မှ ဖွာလက်စ ဆေးလိပ်ပြုတ်ကျသွားရသလို ဝါးလုံးတန်းများကိုမှီ၍ အိပ်ပျော်နေသော လုဖေနှင့် စောကြီးပါ အလန့်တကြားထ၍ သူတို့နံဘေး ရှိပြီးသား သေနတ်များကို စွဲကိုင်လိုက်ကြသည်။ အလေ့အကျင့်ရှိပြီးသော မှဆိုးများ ဖြစ်ခြင်းကြောင့် သေနတ်ကို ဆွဲကိုင်လိုက်သည်နှင့် တစ်ပြိုင်နက် မောင်းတင်ပြီးသားဖြစ် သွားတော့သည်။

ထိုအခါစောစောက အောက်ဖက် တောထဲမှ ကျယ်လောင်စွာ ထွက်ပေါ်လာသော အသံကြီးသည် တိခနဲ တိတ်ဆိတ်ပျောက် ကွယ်သွား၏။ တောသည်ပကတိ တိတ်ဆိတ်လျက်။ ယုတ်စွအဆုံး သစ်ရွက်လေတိုး သံမျှ[illegible] မကြားရ။

သုံးဦးသား သေနတ်များကိုင်လျ[illegible] ကျောက်ရုပ်များပမာ မလှုပ်မယှ[illegible] အနေအ[illegible]မှ မသဲမကွဲ အလင်[illegible] ရောင်ဖြင့် တစ်ယောက်မျက်နှ[illegible] တစ်ယောက် ကြည့်လိုက်မိကြသည်။

အတန်ကြာမှ ထွန်းမောင်[illegible] သေနတ် ကိုင်ထားသော လက်ကို[illegible] ဖြေလျှော့လျက်

"ကဲ လုဖေနဲ့စောကြီးရေ။ တို့တို့[illegible] သဖန်း ပုတ်တောကတော့ ပညာပြ[illegible] ပြန်ပြီထင်တယ်ဟေ့။ အခုကတော့[illegible] ဒီလင့်စင်ပေါ်ကနေ မဆင်းဖို့ပဲကွ။ တို့[illegible] ဒီလင့်ပေါ်မှာ ရှိနေသရွေ့ သူတို့ဘာမှ[illegible] လုပ်လို့မရဘူး။"

ထွန်းမောင်ပြောနေရင်းမှ တော[illegible] သည် ရုတ်တရက်မှောင်ကျသွား၏[illegible] စောစောက ဖိုးတဝါးမြင်ခဲ့ရသော[illegible] လရောင်သည်ပင်မရှိတော့။ ဘာများဖြ[illegible] ဦးမလဲဟု သုံးဦးသားစိတ် တထင့်ထင့်[illegible] ဖြင့် တွေးနေမိသည်။ ဝေါခနဲ ဝေါခနဲ[illegible] လေပြင်းတိုက်ခတ်သံများ ကြားလိုက်[illegible] ရပြီး တစ်တောလုံး သိမ့်သိမ့်တုန်သွား[illegible] သည်။ ရုတ်တရုတ် ချက်ချင်းဆိုသလို[illegible] ပြင်းထန်စွာ သဲသဲမဲမဲ တိုက်ခတ်[illegible] လာသော လေကြောင့် နံဘေးရှိသစ်ပင်[illegible] များ တဝုန်းဝုန်းတဖြောင်းဖြောင်းလဲပြိ[illegible] ကျ သွားသံများကို အတိုင်းသားကြား[illegible] နေရ၏။ သို့ပေမယ့်သူတို့အဖွဲ့ လင့်စင်[illegible] ထိုးထားရာ သစ်ဖုတ်ပင်ကြီးကတော့[illegible] တုပ်တုပ်ပင်မလှုပ်။ နံဘေး၌ သဲသဲမဲမဲ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လှည့်ပတ်၍ တိုက်ခတ်နေသော လေပြင်းသည် သူတို့သုံးယောက်ထံသို့ လေပြေလေညင်းက လေးအဖြစ်ဖြင့်ပင် ရောက်ရှိမလာ။ ထွန်းမောင်က နှုတ်ခမ်းတွန့်ရုံတစ်ချက်ပြုံးလိုက်သည်။ ထို့နောက် မောင်ထဲရှိ လှဖေနှင့် စောကြီးအား လှမ်းပြောလိုက်၏။

"ဟော့ကောင်တွေ လင့်ပေါ်က ခုန်မချနဲ့နော်။ လင့်စင်ပေါ်က လုံးဝ မဆင်းနဲ့···ဒါပဲ။ လင့်စင်ပေါ်မှာ ငြိမ်နေ သရွေ့ တို့ဘာမှမဖြစ်ဘူး··· စိတ်ချ"

လှဖေ၏အသံက စိုးထိတ်မှုတို့ဖြင့် အဖျားခတ်၍ တုန်ရီနေသည်။

စောကြီးက ဘာစိတ်ကူးပေါက်သည်မသိ။ သူ့ပါးစပ်ထဲရှိသမျှ အယုတ္တ အနတ္တအား လုံးအော်ဟစ်လျက် မအေ ထောင်၍ ဆဲလေတော့သည်။ စောကြီး၏ ဆဲသံက လေပြင်းသံ၊ သစ်ပင်သစ်ကိုင်းကျိုးကျသံများကို ဖောက်ထွင်းလျက်ကျယ်လောင်စွာထွက်ပေါ်လာ၏။ သည့်နောက်မှာတော့ လေပြင်းက တဖြည်းဖြည်း အရှိန်လျော့၍ လုံးဝပျောက်ကွယ်သွားသလို လရောင်သည်လည်း တိမ်တိုက်များအကြားမှ ပြန်လည်ထွက်ပြူလာ၏။

ဒီတစ်ခါတော့ လှဖေနှင့် စောကြီး ပြန်မအိပ်ကြပါ လေတော့။ တစ်မှေးမှေး လိုက်ရ၍ လန်းဆန်းသွားခြင်းကြောင့်လား၊ နောက်ထပ် ထပ်မံရောက်ရှိလာဦးမည့် သဖန်းပုတ် တော၏ မာယာပြကွက်များကို စိုးထိတ်၍ပဲလားတော့မသိ။

သို့သော် နံနက်လင်းအရုဏ်တက်သည်အထိ မည်သည့် အန္တရာယ်၊ မည်သည့် အနှောက်အယှက်မျှ မကြုံရပါလေတော့။

သူတို့အဖွဲ့ အလင်းရောင်လုံလုံလောက်လောက်ပေါ်လာသည်အထိ စောင့်ဆိုင်းရင်းမိုးစင်စင်လင်းမှ လင့်စင်ပေါ်မှ ဆင်းသက်လိုက်ကြ၏။ ကျေးငှက်ကလေးများသည် သစ်ပင်ခြုံနွယ်များပေါ်၌ ဟိုသည်ခုန်လွှားကူး ပျံရင်း တကျီကျီတကျာကျာ အော်မြည်နေကြသည်။ အစာရှာထွက်လာသော သားကောင်ကြီးငယ်တို့၏ အော်မြည်သံများကိုလည်း ဟိုမှသည်မှကြားလာရ၏။ တောတစ်ခွင်သည် ညက ဖြစ်ရပ်များနှင့် မည်သို့မျှမသက်ဆိုင်ခဲ့သလိုပင်။ ညက လှည်းတစ်စီးလာခဲ့သော်လည်း လှည်းဘီးရာလည်းမတွေ့၊ နွားခြေရာလည်းမတွေ့။ သို့သော်···

"ဟာ ထွန်းမောင်တို့·· တို့ဆတ်ကြီး···"

လှဖေက ခပ်လှမ်းရှိ မနေ့က သူတို့ပစ်ခဲ့သော ဆတ်သေကောင်ကြီးကိုလက်ညှိုးထိုးလျက် ထစ်ထစ် ငေါ့ငေါ့ဖြင့်ရေရွတ်လိုက်သည်။ ထွန်းမောင်နှင့်စောကြီးက လှဖေညွှန်ပြရာသို့ ကြည့်လိုက်ကြသည်။ ဘာမျှမထူးဆန်း။ ဆတ်ကြီးသည် မြေပြင်ပေါ်တွင် တုံးလုံးလဲကျလျက် အနေအထားပင်။

သို့ပေမယ့် ဆတ်ကြီးလဲကျနေသည်က မနေ့က နေရာမှာမဟုတ်။ ဆတ်သေကြီး ပေါ်တင်ထားခဲ့သော သစ်ခက်များက ဒီဖက်မှာကျန်ခဲ့သည်။ ခုဆတ်သေကြီးက အတော်လှမ်းလှမ်းမှာ။

သုံးဦးသား ကမန်းကတမ်း ပြေးကြည့်လိုက်တော့ မနေ့ကဆိတ်ကြီး လဲကျခဲ့သော နေရာနှင့် ယခုဆတ်ကြီး ရောက်ရှိနေသော နေရာအကြား၌ ဆတ်ခြေရာကြီးများက ထင်ရှားစွာ၊ စောကြီးပေါင်သားလှီးယူခဲ့သော ဆတ်ကြီးသည် ယခုကဲ့သို့ လမ်းလျှောက်နိုင်သည်ဆိုခြင်းမှာ တောခြောက်တောမှောက်ခြင်းဆိုသည့် အဆင့်ကိုကျော်လွန်နေလေပြီ။

တောခြောက်တော မှောက်ခြင်းဆိုသည် ကံ-အမြင်အာရုံ တို့ကိုလှည့်စားခြင်းသက်သက်။ အခု ဖြစ်ရပ်က···

ထွန်းမောင်ကတော့ မည်သူ့ကိုမျှ ဘာမျှ မပြောပေမယ့် သူ့သဘောနှင့်သူ ဘယ်လိုမှမလှုပ်ရှားနိုင်သော ဆတ်သေကြီးနေရာရွှေ့နေသည့်အဖြစ်ကို တွေးမိပြီး ကျောချမ်းသွားမိ၏။


နောက်နောင် ဤသဖန်းပုတ်တောနှင့် မည်သို့မျှ မပတ်သတ်တော့ဟု၍ စိတ်ပိုင်းဖြတ် လိုက်လေသည်။

စောထူးပွဲ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ရှူးပြွတ်တောမှာ တောင်ပံကြွေ

● ဗညားဦး (ဒီပါဖါ)

"ကျား . . ."

"ကျား . . ."

အားမာန်အပြည့်နှင့် အော်လိုက်သော အသံလှိုင်းရိုက်ခတ်မှုကြောင့် ရှူးပြွတ်တောရွာ၏ စိမ်းစိမ်းညို့ညို့ တောအုပ်ခင်တန်းများသည် ယိမ်းယိမ်းနွဲ့နွဲ့ ဖြစ်ကုန်ကြသည်၊ တောအုပ်ခင်တန်းများပေါ်မှ ငှက်ကလေးများလည်း ထပျံကုန်ကြသည်။

ကျားတစ်ကောင်ကဲ့သို့ လျှင်မြန်ဖျတ်လတ်ပြီး လေပေါ်သို့ ခုန်ပျံတက်သွားပြီး လေထုထဲတွင် တိုက်စစ်ထိုးစစ်ကို အားမာန်ထည့်ကာ တိုက်ခိုက်လိုက်၏။ လေထုထဲတွင် ကျားတစ်ကောင်နှယ် တိုက်ခိုက်ပြီး မြေပြင်ပေါ်သို့ ပြန်ကျလာသည်။

နှစ်ယောက်သား မျက်နှာချင်းဆိုင် အပြုံးသိသိလေးလျက် တူတူညီညီ ဖွဲ့ဖက်ထားလိုက်ကြ၏။ ထိုနှစ်ယောက်မှာ မြန်မာ့ရိုးရာ သိုင်းပညာကစားနည်းကို ဆည်းပူးလေ့ကျင့်နေသော မိုးယံလင်းနှင့် မိုးယံမင်းတို့ ညီအစ်ကိုနှယောက်ပင် ဖြစ်သည်။

"ကောင်း . . . ကောင်း . . ကောင်း"

မိုးယံလင်းနှင့် မိုးယံမင်းတို့ သိုင်းကစားကွက်ကို လှမ်းကြည့်နေသော မြန်မာ့ရိုးရာ သိုင်းဆရာကြီး မင်းမဟာနန္ဒာသည် အားရကျေနပ်စွာ လက်ခုပ်တီးကာ ပြုလိုက်၏။ သိုင်းဆရာကြီး မင်းမဟာနန္ဒာသည် မိုးယံလင်းနှင့် မိုးယံလင်းတို့ ညီအစ်ကိုနှစ်ယောက်ထံ လျှောက်လာပြီး

"ကောင်းတယ်၊ သိပ်ကောင်းတယ်။ မင်းတို့ရဲ့ ကစားကွက်က လျှင်မြန်ဖျတ်လတ်တယ်။ မင်းတို့ရဲ့ လက်ရည်တွေ တော်တော်တိုးတက်လာတယ်"

မိုးယံလင်းနှင့် မိုးယံမင်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com

သိုင်းဆရာကြီး မင်းမဟာနန္ဒာရှေ့သို့ ဒူးထောက်ဦးညွတ်လျက်။ သိုင်းဆရာကြီး မင်းမဟာနန္ဒာသည် မိုးယံလင်းနှင့် မိုးယံမင်းတို့ ပခုံးကို ဆွဲယူမလိုက်ပြီး လှမ်းဖက်ထားလိုက်သည်။

"မင်းတို့ညီအစ်ကိုနှစ်ယောက်ရဲ့ ကြိုးစားလာမှုကြောင့် လက်ရည်တွေ၊ ကစားကွက်တွေ သိပ်တိုးတက်လာပါတယ်။ ဒီနေ့ မင်းတို့ကို ဆရာကြီး စကားလက်ဆောင်ပါးချင်တာကတော့ တို့မြန်မာ့ရိုးရာသိုင်းပညာဟာ နိုင်ငံနဲ့ လူမျိုးအတွက်ပဲ ဖြစ်ရမယ်။ ကျူးကျော်စော်ကားလာတဲ့ ရန်သူဟူသမျှကို ရဲရဲဝံ့ဝံ့ တိုက်ခိုက်ရမယ်။ ရိုးရာသိုင်းပညာဟာ သူတစ်ပါးကို စော်ကားဖို့၊ အနိုင်ကျင့်ဖို့၊ ရန်မူဖို့ မဟုတ်ဘူးဆိုတာ မင်းတို့နှလုံးသားထဲ စွဲစွဲမြဲမြဲ မှတ်ထားရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

သစ်ပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် အနားယူလိုက်ကြသည်။

"ကဲ ... တပည့်တို့ ရေနွေးကြမ်းလည်းသောက်၊ ကောက်ညှင်းပေါင်းလည်း စားကြကွာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မိုးယံလင်းနှင့် မိုးယံမင်းတို့သည် ကောက်ညှင်းပေါင်းစားရင်း ဆရာကြီး မင်းမဟာနန္ဒာ၏ ဆုံးမစကားများကို နားထောင်နေကြလျက်။

"မင်းတို့ညီအစ်ကိုနှစ်ယောက် ချစ်ချစ်ခင်ခင်နေကြပါ။ မင်းတို့မှာ အဖေမရှိတော့ဘဲ အမေအိုကြီးကို ရှာကျွေး ဂရုစိုက်ပြုစုနေတာကိုလည်း ဆရာကြီး ဝမ်းသာဝမ်းမြောက် ဖြစ်မိပါတယ်၊ ရှေ့ဆက်ပြီးတော့လည်း ချစ်ချစ်ခင်ခင်နဲ့ အမေအိုကို ရှာကျွေးပြုစုကြပါ။ မိုးယံမင်းကို ဆရာကြီး အထူးပြောချင်တာက နေရာတိုင်းမှာ စိတ်မြန်လက်မြန် မလုပ်ဖို့ပဲ၊ ဒေါသတရားကို ရှေ့တန်းမတင်ရဘူး။ ဒေါသတရားဆိုတာ လောကမှာ အပူပြင်းဆုံးမီးပဲ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီး မင်းမဟာနန္ဒာသည် မိုးယံမင်းကို တစ်ချက်ပြန်ကြည့်ပြီး -

"မိုးယံမင်း ... အမေအိုနဲ့ အစ်ကိုကြီးကို အမြဲတမ်း လေးစားချစ်ခင်ပါ။ အမေအိုနဲ့ အစ်ကိုကြီးရဲ့စကားတွေကိုလည်း မြေဝယ်မကျ နားထောင်ရမယ်။ ကြားလား မိုးယံမင်း"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မိုးယံမင်းသည် သွက်လက်စွာ ဆရာကြီး မင်းမဟာနန္ဒာကို ပြောရင်း ခေါင်းညိတ်ပြလိုက်၏။

နေလုံးကြီးသည် ရိုးပြတ်တောရွာ၏ အနောက်ဘက်တွင် မေးတင်စ ပြုနေပါပြီ။

"ကဲ ... ငါ့တပည့်တို့ မှောင်ရိပ်ပျိုးလာပြီ။ ပြန်ကြပေတော့။ အိမ်ရောက်ရင် အမေအိုကြီးကို ပြုစုနော်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

မိုးယံလင်းနှင့် မိုးယံမင်းတို့သည် ဆရာကြီး မင်းမဟာနန္ဒာကို ကန်တော့လိုက်ပြီး အိမ်ဘက်သို့ ပြန်လာကြ၏။ ရွာအလယ်ပိုင်းကိုရောက်တော့ မိုးယံမင်းက

"အစ်ကို ... ကျွန်တော် ထွေးနုဆီကို ဝင်လိုက်ဦးမယ်"

"အေး ... အေး၊ မိုးသိပ်မချုပ်စေနဲ့။ စောစောပြန်လာခဲ့နော်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

မိုးယံမင်းသည် ထွေးနုတို့အိမ်ဘက်သို့ သွက်သွက်လက်လက် လျှောက်သွားသည်။ မိုးယံမင်း၏ ရင်ထဲ သူသိပ်ချစ်မြတ်နိုးရသော ထွေးနုတစ်ယောက် သူ့လာရာလမ်းကို မျှော်တလင့်လင့် ဖြစ်နေမည်ကို မြင်ယောင်လျက် ...။

*****

နွားစာရိတ်ပြီး နွားစာစဉ်းလိုက်သည်၊ မနက်အရုဏ်ကျင်းတွင် လယ်ယာခင်းသို့သွားရန် ထွန်ယက်များကို လှည်းပေါ်တင်လိုက်ပြီး ရေချိုးနေသူမှာ မိုးယံလင်း။

"မောင်ကြီးရေ ... ထမင်းပွဲပြင်ပြီးပြီ"

ဇနီးဖြစ်သူ မအေးဘုံက အိမ်ထဲမှ လှမ်းအော်ပြောလိုက်သည်။

"ညီလေးကို စောင့်လိုက်ဦးမယ်။ အမေ့ကို အရင်ကျွေးလိုက်ပါ"

မိုးယံလင်းသည် မအေးဘုံကို လှမ်းပြောပြီး ရေချိုးနေလိုက်သည်။ ရေချိုးပြီး အိမ်ပေါ်ပြန်တက်ပြီးနောက် မိုးယံမင်းအလာကို စောင့်နေလျက်။ အပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေရင်း မိုးယံမင်းပြန်လာသည်ကို တွေ့လိုက်ရ၏။

"ညီလေးရေ ... ထမင်းစားဖို့ အစ်ကိုကြီးစောင့်နေတာ"

"ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ရေချိုးလိုက်ဦးမယ်"

မိုးယံမင်းသည် ရေချိုးလိုက်ပြီး ထမင်းဝိုင်းတွင် ထိုင်လိုက်ကြသည်။

မိုးယံမင်းက မိုးယံလင်းအတွက် ထမင်းဟင်းများ ခူးခပ်ပေးလိုက်သည်။ မိုးယံလင်းကလည်း -

"ညီလေး ... ဒါက ညီလေး ကြိုက်တဲ့ ဘဲဥချဉ်ဟင်း"

"ဟုတ်ကဲ့အစ်ကို၊ စားပါ အစ်ကိုရဲ့ ..."

မိုးယံမင်းက ထမင်းစားရင်း မိုးယံလင်းကို လှမ်းကြည့်လိုက်၏။

"အစ်ကို ..."

"ဘာလဲ ညီလေး"

"အစ်ကို့ကို စကားတစ်ခွန်းပြောချင်တယ်"

"ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ညီလေးရာ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ထွေးနုကို လက်ထပ်ချင်တယ်။ အဲဒါ ထွေးနုမိဘတွေဆီမှာ တောင်းပေးပြီး မင်္ဂလာပွဲ လုပ်ပေးပါလား အစ်ကို"

မိုးယံလင်းသည် အတန်ကြာနှုတ်ဆိတ်နေသည်။ ပြီးမှ မိုးယံမင်းကို ပြုံးပြုံးသီလျက် လှမ်းကြည့်ပြီး –

"ကဲပါ ညီလေးရာ ... ဒီကိစ္စကို အမေနဲ့ ဆရာကြီးကို တိုင်ပင်ပြီး အမြန်ဆုံး ဆောင်ရွက်ပေးပါ့မယ်"

"ဒါကြောင့် အစ်ကိုကြီးကို ချစ်ရတာ"

မိုးယံလင်းနှင့် မိုးယံမင်းတို့ ကြည်နူးပြုံးရွှင်လျက် ထမင်းစားရင်း ပျော်တသိမ့်သိမ့်။ ထမင်းစားကြပြီး အိမ်ရှေ့ကွပ်ပျစ်တွင် မိသားစု စကားဝိုင်းလေး ဖြစ်တည်လျက်။

"သားလေးရယ် ... သားလေး စိတ်ချမ်းသာအောင် အမေတို့ ဆောင်ရွက်ပေးပါ့မယ်"

မိုးယံမင်းက အမေ့ရင်ခွင်ထဲ တိုးဝှေ့ဝင်ရောက် နားခိုနေလျက်။ မိုးယံလင်းနှင့် မအေးဘုံ၏ မျက်နှာပေါ်တွင်လည်း ကြည်နူးရိပ် ရွှန်းရွှန်းလဲ့လဲ့။ အပြင်ဘက်တွင် လပြည့်ဝန်းကြီး ထွန်းလင်းတောက်ပနေသည်မှာ ဝိုင်းဝိုင်းစက်စက်။

နောက်ရက်တွင် မိုးယံလင်းသည် မိုးယံမင်းနှင့် ထွေးနု မင်္ဂလာပွဲကို သိုင်းဆရာကြီးမင်းမဟာနန္ဒာနှင့် တိုင်ပင်ကြသည်။ နောက်ဆုံးတော့ မိုးယံမင်းနှင့် ထွေးနုတို့ မင်္ဂလာပွဲကို ရွာဦးဘုန်းကြီးကျောင်းမှာ မင်္ဂလာဆွမ်းကပ်လှူဒါန်းပြီး ရွာသူရွာသားများကို ဖိတ်လျက် မင်္ဂလာဆွမ်းကျွေးပွဲကို အလှဆုံးဖြစ်အောင် ကျင်းပသွားခဲ့သည်။ စည်စည်ကားကားနှင့် မင်္ဂလာပွဲလေးမှာ ရိုးပြတ်တော၏ အလှဆုံးဖြစ်နေသည်။

မိုးယံမင်းနှင့် ထွေးနုတို့ မျက်ဝန်းပေါ်မှာ ပြုံးပျော်ကြည်နူးပန်းပွင့်တွေ အလှဆုံး ဖူးပွင့်နေလျက်။ အမေနှင့် ဆရာကြီးမင်းမဟာနန္ဒာသည်လည်း မိုးယံမင်းတို့ကို တစိမ့်စိမ့်ကြည့်ရင်း တသိမ့်သိမ့် ပြုံးရိပ်တွေ ဝေနေလျက်။ မိုးယံလင်းနှင့် မအေးဘုံတို့လည်း ချမ်းမြေ့ကြည်နူးနေပြန်သည်။

မိုးယံမင်းနှင့် ထွေးနုတို့သည် လူကြီးများကို ထိုင်ကန်တော့ကြရင်း တစ်ဦးမျက်နှာတစ်ဦး ရှုမဝ ချစ်မြတ်နိုးစွာ လှမ်းကြည့်ရင်း ရင်ထဲ မေတ္တာသင်းသင်းဝေနေလျက်။

ရိုးပြတ်တောမှာ မိုးယံမင်းနှင့် ထွေးနုတို့ ချစ်ခရီးလမ်းသည် လှပနုသွဲ့နေလျက်။

*****

ရိုးပြတ်တောမှာ မကြာမီ နွေဦးကြိုပန်းများ ဖူးပွင့်တော့မည်။ နွေဦးပေါက် လတပေါင်းမှာ တပေါင်းဘုရားပွဲကို ရိုးပြတ်တော၌ ကျင်းပလေ့ရှိသည်မှာ ခြိမ့်ခြိမ့်သဲသဲ။ ရိုးပြတ်တော၏ ၁၂ လရာသီမှာ အထူးစည်ပင်လျက်ရှိသည့် ပွဲတော်။ ရိုးပြတ်တော၏ ကျေးလက်ဓလေ့ ချစ်မြတ်နိုးစရာ အလှဆုံးပွဲတော်။

တပေါင်းဘုရားပွဲမှာ ရွာသူရွာသားများ လှူကြတန်းကြ၊ သူ့ထက်ငါ အလှပွင့်ကြ။ တပေါင်းလမရောက်ခင် ရွာသူရွာသားများသည် လုပ်ငန်းခွင်မှ ရရှိပိုင်ဆိုင်ခဲ့သည့် ရိုးစင်းသော ငွေကြေးများကို စုဆောင်းလေ့ရှိကြသည်။

"အစ်ကို ..."

"ဘာလဲ ထွေးနု"

ထွေးနုက မိုးယံမင်းကို ပြောရန် စကားလုံးကို ရှာနေမိသည်။ အပြင်ဘက်မှာတော့ လဝန်းကြီး၏အရိပ် ဖြာကျလျက်ရှိသည်မှာ အေးအေးမြမြ ...။

"ပြောလေ ထွေးနု"

"ဒီလိုပါ အစ်ကို။ တပေါင်းလဘုရားပွဲလည်း ရောက်တော့မယ်။ ထွေးနုမှာ ဝတ်စားစရာ ဘာမှမရှိသေးဘူး။ အဲဒါ ဆွဲကြိုးလေးတစ်ကုံးလောက် ဝယ်ပေးပါလား"

မိုးယံမင်းသည် ထွေးနုမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း –

"ဝယ်ပေးရမှာပေါ့ ထွေးနုရယ်။ အစ်ကိုကြီးကိုပြောပြီး ဒီတစ်ရက်နှစ်ရက် မြို့ကိုတက်ပြီး သွားဝယ်ပေးမယ်နော်"

ထွေးနုသည် ရွှန်းဝေပြုံးသီလျက် မိုးယံမင်းရင်ခွင်ထဲသို့ တိုးတိုးဝှေ့ဝှေ့ဝင်လိုက်သည်။ မိုးယံမင်းက ထွေးနုကို ကြင်နာယုယစွာ ပွေ့ဖက်ထားလိုက်သည်။ လကတော့ သာနေဆဲ။

မနက်လယ်ထဲဆင်းပြီး လုပ်ငန်းခွင်မှာ ရောက်နေကြသူမှာ မိုးယံလင်းနှင့် မိုးယံမင်း။ နေ့လယ် လယ်တဲမှာ ထမင်းစာကြရင်း –

"အစ်ကို ... ထွေးနုက တပေါင်းဘုရားပွဲမှာ ဆွဲကြိုးလေးဝတ်ချင်လို့ ဒီတစ်ရက်နှစ်ရက် မြို့တက်ပြီး ဆွဲကြိုးလေးတစ်ကုံးလောက် ဝယ်ပေးပါလား"

မိုးယံမင်းက ထမင်းစားနေရာမှ မိုးယံလင်းကို ပြောလိုက်သည်။

မိုးယံလင်းသည် အတန်ကြာနှုတ်ဆိတ်နေပြီးမှ –

"အေးပါ ညီလေးရာ။ အစ်ကို ဖြစ်အောင် ကြည့်စီစဉ်ပေးပါ့မယ်"

မိုးယံလင်း၏ စကားကြောင့် စိတ်အေးချမ်းပျော်မွေ့သွားသူမှာ မိုးယံမင်း။ ညနေလယ်တောမှ အိမ်ပြန်ရောက်တော့

"ထွေးနု၊ အစ်ကိုကြီးက ထွေးနုအတွက် ဆွဲကြိုးဝယ်ပေးမယ်လို့ပြောတယ်"

"ဟုတ်လား အစ်ကို"

သနပ်ခါးပါးကွက်ကျားနှင့် လှသွေးကြွယ်နေသည့် ထွေးနုမျက်နှာဝိုင်းလေးကိုကြည့်ရင်း စိတ်ချမ်းမြေ့သွားသူမှာ မိုးယံမင်း။



www.burmeseclassic.com

www.burmeseclassic.com

ရက်များ တစ်ရက်ပြီးတစ်ရက် ကြွေ ...။

ထွေးနုမျက်နှာပေါ်မှာ လမိုက်ညများ ...။

"ထွေးနု ... ဘာလို့လဲ၊ နေမကောင်းလို့လား"

"မဟုတ်ပါဘူး အစ်ကို၊ ထွေးနုလိုချင်တဲ့ ဆွဲကြိုးက ဘယ်မှာလဲ။ ခုထိ ဝယ်မပေးသေးဘူး မဟုတ်လား"

"ဝယ်ပေးပါလိမ့်မယ် ထွေးနု။ အစ်ကိုကြီးလည်း အလုပ်များနေလို့ ဖြစ်ပါလိမ့်မယ်"

မိုးယံမင်းသည် ထွေးနုစိတ်ချမ်းသာအောင် နှစ်သိမ့်ရသည်။ ထွေးနုမျက်နှာပေါ်မှာ အေးမြသည့် လတစ်စင်းကို မြင်လိုက်ရတော့ မိုးယံမင်းရင်ထဲ လရိပ်အောက်မှာ စမ်းရေစီးဆင်းလျက်။

မအေးဘုံ မြို့ကပြန်လာသည့်နေ့က ဖြစ်သည်။ လယ်တောထဲကပြန်ရောက်လာသည့် မိုးယံမင်းကို ထွေးနုက တိုးတိုးလျလျ ပြောနေသည်။

"ညနေက မအေးဘုံ မြို့ကပြန်လာတယ်။ မမအေးဘုံလည်ပင်းမှာ ဆွဲကြိုးအသစ်လေးတွေ့ရတယ်။ ထွေးနုအတွက်တော့ မပါဘူး အစ်ကို"

"နေပါဦး ထွေးနုရယ်။ အစ်ကိုကြီးကို မေးကြည့်ပါဦးမယ်"

ထွေးနုကိုပြောရင်း ရေချိုးရန်ထွက်သွားသည်။ ထွေးနုမှာ နှုတ်ခမ်းစူလျက် ကျန်ရစ်ခဲ့သည်။

ညကျတော့ ကွပ်ပျစ်ပေါ်မှာ ထိုင်ပြီး လမင်းကြီးကို ငေးစိုက်ကြည့်နေသူမှာ ထွေးနု။ စကားလည်းမပြော။ နှုတ်ဆိတ်နေလျက်။ အတန်ကြာတော့ အိမ်ခန်းထဲသို့ ဝင်သွားသည်။ ဆွဲကြိုးမရတော့ စိတ်ကောက်နေသည့် ထွေးနုကို လှမ်းကြည့်ရင်း စိတ်မချမ်းမြေ့သူမှာ မိုးယံမင်း။

"မနက်ဖြန်ကျရင် ထွေးနုကို ဆွဲကြိုးဝယ်ပေးဖို့ အစ်ကိုကြီးကို ထပ်ပြောရဦးမယ်"

မိုးယံမင်းရင်ထဲ စကားလုံးများ ကြွေကျနေသည်။

*****

သည်နေ့ လယ်ထဲမှာ မိုးယံမင်း စိတ်မရွှင်။ မိုးယံလင်းကိုလည်း ပြုံးပျော်ရွှင်ပျ စကားမပြော။ ညနေစောစော အိမ်ပြန်ခဲ့သည်။

"ညီလေး နေမကောင်းလို့လား။ ဘာဖြစ်နေတာလဲ"

လယ်တောထဲမှ အိမ်ပြန်ရောက်လာသည့် မိုးယံလင်းက အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်နေသည့် မိုးယံမင်းကို လှမ်းမေးလိုက်သည်။ မိုးယံမင်းက မိုးယံလင်းကို ဒူးစိုက်ကြည့်ရင်း -

"အစ်ကိုကြီးကို မကျေနပ်လို့"

"ဘာဖြစ်လို့လဲ ညီလေး"

"ထွေးနုအတွက် ဆွဲကြိုးဝယ်ခိုင်းတာ ခုထိ မဝယ်ပေးလို့"

"ဝယ်ပေးမှာပေါ့ ညီလေးရာ"

"ဘာလဲ ... ဘုရားပွဲပြီးမှ ဝယ်ပေးမှာလား"

မိုးယံမင်းမျက်နှာပေါ်တွင် မကျေမနပ် ပေါက်ကွဲနေလျက်။ ဒေါသရိပ်တွေ ယှက်ဖြာနေပြန်သည်။

"မဟုတ်သေးပါဘူး ညီလေးရာ။ ဒီတစ်ခါမြို့သွားရင် ဝယ်ခိုင်းလိုက်ပါ့မယ်"

"တော်စမ်းပါ အစ်ကိုရာ၊ အစ်ကိုက မတရားဘူး။ အစ်ကိုမိန်းမကျတော့ ဆွဲကြိုးအသစ်နဲ့။ အစ်ကိုက မိန်းမစကားပဲ နားထောင်နေတာ"

"မဟုတ်ပါဘူး ညီလေး။ အစ်ကိုကို တစ်မျိုးမထင်ပါနဲ့"

"တော်စမ်းပါ အစ်ကိုရာ။ ထင်နေတာ မဟုတ်ပါဘူး။ မြင်နေတာ။ အစ်ကိုတို့လင်မယားက အတ္တသမားတွေပဲ။ ကိုယ်ကျိုးပဲ ကြည့်နေကြတာ"

"ညီလေး ... ဘယ်လိုပြော တာလဲ"

မိုးယံမင်းသည် ဝုန်းခနဲ ထ လိုက်သည်။ မိုးယံလင်းကို ကျောခိုင် နေလိုက်သည်။ ပြီးမှ မိုးယံလင်းဘက် ပြန်လှည့်ကြည့်ပြီး -

"ဒီမှာအစ်ကို၊ ထွေးနုအတွက် ကြိုးဝယ်ခိုင်းတာ အကြိမ်ပေါင်းမနည် တော့ပါဘူး။ ဒါကို အစ်ကိုတို့လင်မယ က အတ္တဆန်ဆန် မေ့ချင်ဟန်ဆေ နေတယ်"

"တော်စမ်း ညီလေး။ မင်းစ တွေ လွန်လာပြီ။ နားထောင်ကောင် နားထောင်နေတယ် ထင်သလား"

မိုးယံမင်းသည် မိုးယံလင်းကို စိုက်ပြီး စိမ်းစိမ်းလှမ်းကြည့်နေသ သူ့မြင်ကွင်းထဲမှာ ထွေးနုတစ်ယောက် ကြိုးမရတော့ စိတ်မချမ်းမြေ့သည့် ပုံ မျက်နှာညှိုးနွမ်းပုံရိပ်ကို မြင်နေလျ ရင်ထဲဒေါသမီးတွေ တလိမ့်လိမ့်လော မြိုက်နေပြီ။

"မှန်တာပြောတော့ အစ်ကိုမ ဘူးမဟုတ်လား။ ကျွန်တော်ကတော့ ထဲက ခံစားတာတွေ ပြောရမှာပဲ"

"အစ်ကို့စကားကို ဘယ်တုန်း ပြန်ပြောဖူးလို့လဲ"

"အရင်တုန်းကတော့ ဟုတ်တ ခုတော့ မိန်းမစကားကို နားထော အတ္တကြီးနေတဲ့ အစ်ကို့လိုလူစား စကားကို နားမထောင်နိုင်ဘူး"

"မင်းတော်တော်ရိုင်းလိုက်တ"

"ရိုင်းတော့ ဘာဖြစ်သလဲ"

မိုးယံမင်းသည် ကွပ်ပျစ်ရှေ့ ပုံနားက ထင်းခုတ်ဓားကို လှမ်းဆွဲ သည်။ မိုးယံလင်းက -

"မင်းက မိန်းမစကားကြောင် စိတ်တွေ ဝင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါ ကျွန်တော်မဟုတ်ဘူး။ ခင်ဗျားကြီးကသာ မိန်းမစကားတွေကို နားထောင်ပြီး အတ္တဘီလူးဆန်နေတာ''

''မင်းမတော်ဘူးလား''

''မတော်တော့ ဘာဖြစ်သလဲ''

မိုးယံလင်းသည် မိုးယံမင်းရှေ့ဘက်သို့ တစ်လှမ်းတိုးလိုက်သည်။ ထိုအခါ မိုးယံမင်းသည် မိုးယံလင်းကို ထင်းခုတ်ဓားနှင့် ခုတ်ချလိုက်သည်။

''အား ...''

မိုးယံလင်း၏ အော်လိုက်သောအသံကြောင့် မအေးဘုံ ရေချိုးနေရာမှ ပြေးလာသည်။

''အို ... မောင်ကြီး ဘယ်လိုဖြစ်တာလဲ။ ဟဲ့ ... မိုးယံမင်း ဘယ်လိုလုပ်လိုက်တာလဲ။ အမေရေ .. လာကြပါဦး''

အိမ်ထဲမှ အမေနှင့် ထွေးနုတို့ ပြေးထွက်လာကြသည်။

''ဟဲ့ ... ဟဲ့၊ ဘယ်လိုဖြစ်ကြတာလဲကွယ်။ အမေ့ရင်တွေတုန်လိုက်တာ''

''မိုးယံမင်းလေ ... မောင်ကြီးကို ထင်းခုတ်တဲ့ဓားနဲ့ ခုတ်လိုက်တယ်အမေရေ ...''

ထင်းခုတ်ဓားကို တင်းတင်းဆုပ်ကိုင်ပြီး ငူငူကြီးရပ်နေသူမှာ မိုးယံမင်း။ ရွာထဲမှလူများ ဝိုင်းအုံလာကြသည်။ ရဲတွေလည်း ရောက်လာကြသည်။ ရဲတွေရောက်လာတော့ မိုးယံမင်းသည် ထင်းခုတ်ဓားကို လွှင့်ပစ်လိုက်ပြီး ရွာအနောက်ပိုင်းဘက်ကို ပြေးထွက်သွားသည်။ မိုးယံမင်းနောက်ကို ရဲတွေလိုက်ကြ၏။ အမေနှင့် ထွေးနုလည်း ပြေးလိုက်သွားကြသည်။

''သား ... သားလေး၊ မပြေးနဲ့လေ''

အမေက တကြော်ကြော် ခေါ်ရင်း ပြေးလိုက်သည်။ မိုးယံမင်းသည် ရွာအနောက်ပိုင်း တောအုပ်နက်နက်ကြီးထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။

''သား ... သား .. ထွက်လာပါကွယ်''

အမေက လှမ်းအော်ပြောလိုက်သည်။

''မိုးယံမင်း ... အဖမ်းခံပါ''

ရဲတွေကလည်း အော်ပြောနေသည်။ သို့ပေမဲ့ တောအုပ်နက်နက်ကြီးမှာ ငြိမ်သက်နေလျက်။ တိတ်တိတ်ဆိတ်ဆိတ်။ ထိုစဉ် သိုင်းဆရာကြီး မင်းမဟာနန္ဒာသည် ကဝိုက်ကရိုက် ပြေးပြေးလွှားလွှား ရောက်လာသည်။ ဆရာကြီးမင်းမဟာနန္ဒာသည် တောအုပ်နက်နက်ကြီးကို လှမ်းမျှော်ကြည့်ရင်း –

''မိုးယံမင်း ... မိုးယံမင်း၊ ဆရာကြီးခေါ်နေတယ်။ မင်းထွက်လာခဲ့ပါ''

တောအုပ်နက်နက်ကြီးသည် တိတ်ဆိတ်ငြိမ်သက်နေလျက်။

''မိုးယံမင်း ... ယောက်ျားကောင်း ယောက်ျားမြတ်တို့ရဲ့ နှလုံးသားဟာ ကိုယ်လုပ်ရဲရင် ကိုယ်ခံရဲရမှာပေါ့။ မင်း ... ယောက်ျားပဲ၊ မင်းထွက်ခဲ့စမ်းပါ''

ဆရာကြီးမင်းမဟာနန္ဒာ၏ အသံ စူးစူးနစ်နစ်သည် တောအုပ်နက်နက်ကြီးကို ဖုံးလွှမ်းသွားချေသည်။ တောအုပ်နက်နက်ကြီးကတော့ ငြိမ်ငြိမ်သက်သက်။

''မိုးယံမင်း ... ထွက်လာခဲ့ပါ လူလေး။ လူလေးဘက်က ဆရာကြီးရပ်တည်ပေးပါမယ်။ ထွက်ခဲ့ပါ ...''

အတန်ကြာတော့ တောအုပ်နက်နက်ကြီးထဲမှ တစ်လှမ်းချင်း ဖြည်းညင်းစွာ ထွက်လာသူမှာ မိုးယံမင်း။ ရဲများက မိုးယံမင်းကို လက်ထိတ်ခတ်လိုက်သည်။

''အမေ ... သားကိုခွင့်လွှတ်ပါ။ ဆရာကြီး ကျွန်တော့်ကို ခွင့်လွှတ်ပါ''

အမေနှင့် ဆရာကြီးမင်းမဟာနန္ဒာရှေ့တွင် ဒူးညွှတ်လျက် ငိုရှိုက်နေသူမှာ မိုးယံမင်း။ ဆရာကြီးမင်းမဟာနန္ဒာသည် မိုးယံမင်းခေါင်းကို ပွတ်သပ်ရင်း –

''မိုးယံမင်း ... ဆရာကြီး မင်းကို အမြဲဆုံးမလေ့ရှိတဲ့ စကားကို မေ့သွားပြီလား။ လောကမှာ ဒေါသတရားဟာ အပူပြင်းဆုံးမီးပဲဆိုတာ။ မင်းအခု ဒေါသမီးဟာ မင်းနှလုံးသားကို လောင်မြိုက်သွားတာပဲ။ ဒေါသတရားကြောင့် ကိုယ့်ရဲ့အစ်ကိုကြီးကို ဓားနဲ့ခုတ်လိုက်မိတယ်။ ချကြည့်စမ်း ... မိုးယံမင်း၊ မင်းဓားချက်ကြောင့် မင်းအစ်ကိုကြီးကို ဆေးရုံပို့ရင်းလမ်းမှာ ဆုံးသွားပြီ မင်းသိရဲ့လား။ အဲဒါဘာလဲ ... ဒေါသမီးကြောင့်။ ဘယ်လောက်ကြေကွဲစရာကောင်းသလဲ''

ဆရာကြီးမင်းမဟာနန္ဒာ၏အသံသည် တုန်ခါတိမ်ဝင်သွားသည်။ မျက်နှာပေးတွင်လည်း ကြေကွဲတိမ်တောင် ပြိုဆင်းနေချေပြီ။ မိုးယံမင်းသည် အမေ့ကိုဖက်ရင်း ငိုကြွေးရှိုက်ငင်နေ၏။ အမေလည်း ကြေကွဲပက်လက်ငိုရှိုက်နေလျက်။ ရဲများခေါ်ဆောင်သွားရာသမ်းကို လိုက်သွားရသူမှာ မိုးယံမင်း။


ဆရာကြီးမင်းမဟာနန္ဒာသည် မိုးယံမင်းကို လှမ်းကြည့်ရင်း မျက်ရည်တွေ တလိမ့်လိမ့် စီးရစ်နေလေသည်။ ရိုးပြတ်တော၏ တောအုပ်ခင်တန်းများလည်း မျက်ရည်များကြွေသက်ရင်း ကြေကြေကွဲကွဲ ယိမ်းယိမ်းနွဲ့နွဲ့ ရှိနေပါတော့သည်။

ဗညားဦး[ဘိမ်မဲ]



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မနှင်းပိတောက် ရဲ့ ဆုတောင်းများ

❊ ကိုဖိုးတင်အောင်

မတင်မြဲဆုံးတော့ ကိုသိန်းမောင်ကနောက်အိမ်ထောင်ထူလိုက်တယ်။ နောက်အိမ်ထောင်ထူလိုက်တဲ့ မိန်းမရဲ့ နာမည်က အနင်းတဲ့၊ သူ့သားဖိုးတုတ်နဲ့ အရွယ်တွေကလဲ မတိမ်းမယိမ်းပါပဲ၊ မနှင်းအသက်က မသကာရှိမှ ၂၆,၂၇ နှစ်ပါ။ ဖိုးတုတ်က သည်အချိန်မှာ အသက် ၂၀ တွင်းကို ချဉ်းနင်းလို့ဝင်ရောက်ခဲ့ပြီပဲ။

မနှင်းက ဖိုးတုတ်ရဲ့ မိထွေးတော်စပ်ပါတယ်၊ ဖိုးတုတ်ကလဲ အဖေ့ကိုချစ်လေတော့ အဖေဘာပဲလုပ်နေ လုပ်နေ ကြည်ဖြူစိတ်နဲ့ လက်ခံခဲ့သလို၊ မနှင်းကိုလဲ ကိုယ့်အစ်မတစ်ယောက်နဲ့မခြားပြုစုစောင့်ရှောက်ခဲ့တယ်၊ တရားကိုစောင့်ရှောက်တော့လဲ တရားကကိုယ့်ကိုပြန်ပြီးစောင့်ရှောက်တာပေါ့။ မနှင်းက မိထွေးဆိုပေမဲ့ ဖိုးတုတ်တို့အပေါ်မှာ ကောင်းရှာပါတယ်။

နာမည်ခေါ်တာတောင်မှ မောင်လေးဘဲ့၊ ထမင်းစားလဲအတူတူ၊ ဘုရားကျောင်းကန်သွားတော့လဲ အတူတူ၊ ရွာထဲမှာ အလှူပွဲရှိရင်တောင် ဖိုးတုတ်နဲ့ပဲ အတူတူသွားခဲ့ကြတယ်၊ မနှင်းရဲ့ဘာဝကကံမကောင်းရှာပါဘူး။

သူလဲပဲ တစ်ခုလတ်မုဆိုးမလေးပါ။ လက်ရှိယောကျ်ားဆုံးသွားလို့ အားကိုးရာမရှိတာနဲ့ ဖိုးတုတ်တို့အဖေ ကိုသိန်းမောင်နဲ့ အကြောင်းပါခဲ့ရတာပါ၊ တစ်ပင်လဲမှ တစ်ပင်ထူပေါ့လေ၊ ဖိုးတုတ်တို့အဖေကလဲ အသောက်အစား လုံးဝကင်းတဲ့သူ၊ ကိုယ့်အသိတရားနဲ့အတူကိုယ့်ဘဝကို လျှောက်လှမ်းနေလေတော့ မနှင်းတို့ ဖိုးတုတ်တို့ရဲ့အပေါ်မှာ မျှတစွာနဲ့ ဆက်ဆံခဲ့ပါတယ်။

မနှင်းကလဲ တော်ရှာပါတယ်။ အစ်ကိုကြီး၊ အစ်ကိုကြီးနဲ့ နှုတ်ကတောင်မချပါဘူး။ ပြီးတော့ လင်သားရဲ့ အလိုကျကို လုပ်ပေးလိုက်တာ ပတ်ဝန်းကျင်ကတောင်မှ မနာလိုဖြစ်ရတယ် မနာလိုပေမပေါ့ သူတို့မှ မနှင်းလို စိတ်ထားမျိုးမရှိတာ။

မိသားစုဖြစ်ခဲ့ရင် မိသားစုစိတ်ကို မရ,ရအောင် မွေးယူတတ်တဲ့ မနှင်းပါ။ စကားကိုလဲ မွှန်မွှန်ရည်ရည်နဲ့ တခက် လှနားဝင်အောင် ပြောတတ်တယ်၊ အများနဲ့လဲ အလိုက်အထိုက်ပေါင်းသင်း ဆက်ဆံတတ်တယ်။ တဖက်လူက အားမလိုအားမရစွာနဲ့ မကောင်းတာတွေ ပြောခဲ့ရင်တောင်မှ ကောင်းတဲ့စိတ်တွေပေါ်မှာ အခြေခံပြီး ခွင့်လွှတ်ခဲ့တယ်။

သည်လောက်တောင်မှ စိတ်ကောင်းရှိတဲ့ မနှင်းပါ။ သည်တော့ ဖိုးတုတ်ရဲ့ အဖေ ကိုသိန်းမောင် မနှင်းရဲ့ အပေါ်မှာ သဘောကျတာ ကျလောက်စရာပေပဲပေါ့။ တစ်ခုတော့ ရှိတယ်။ သူတို့နေတာက လူရပ် လူရွာ လူတော



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာဆိုတော့ လူဆိုတာကလဲ သိတဲ့ အတိုင်းပါပဲ။

ကောင်းတဲ့လူရှိသလို ဆိုးတဲ့လူလဲ ရှိပါ့၊ ဒါက သဘာဝပါပဲ။ အကျိုးမရှိတဲ့ ပတ်ဝန်းကျင်ရဲ့ ပြောစကားတွေကို ဂရုစိုက်နေခဲ့ရင်တော့ သူ့ကို ပါးစပ်အပေါက်ဝမှာပဲ ကိုယ့်ဘဝတွေ ဆုံးရှုံးရမှာပါ။

ဖိုးတုတ်တို့ မိသားစုကလဲ သည်စရိုက် သည်အကျင့်မျိုးတွေနဲ့ ပတ်ဝန်းကျင်ကို ဆက်ဆံခဲ့တယ်။ ဒါတောင်မှ မကောင်းတာ ပြောချင်သူတွေရဲ့ စက်ကွင်းကတောင် လွတ်ချင်တာမဟုတ်ဘူး။

ပါးစပ်ဆိုတာ ပိတ်ထားလို့ရတဲ့ အရာမှမဟုတ်ပဲ။

**သင်္ကြန်အကျနေ့က ဖိုးတုတ်တစ်**ယောက် ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ပြီးလို့ ပြန်အလာမှာပဲ၊ ရွာရဲ့အပြင်ဖက်ထန်းတောနားရောက်တော့ ညိုကြီးတို့အုပ်စုနဲ့ အမှတ်မထင် သွားတွေ့လိုက်ရတယ်၊ ဖိုးတုတ်ရဲ့ အိမ်ကလဲ သည်ထန်းတောကိုဖြတ်ပြီးမှ ပြန်ရတာမဟုတ်လား။

ညိုကြီးတို့အုပ်စုက ဖိုးတုတ်ကိုမြင်တော့ ထန်းရည်ဝိုင်းဖွဲ့သောက်ရာကနေ မူးမူးနဲ့ ဖိုးတုတ်ရှိရာကို လာခဲ့ကြတယ်။ ညိုကြီးက သည်အဖွဲ့ထဲမှာ အုပ်စုခေါင်းဆောင်ဆိုတော့ ပမာမခန့်နဲ့ ဖိုးတုတ်ကို ပြောလိုက်တယ်။

"ဟေ့ကောင်ဖိုးတုတ်၊ မင်းအဖေယူတဲ့ နောက်မိန်းမ မင်းမိထွေးနဲ့ မင်းအတော်ကြည်နေတယ်လို့ ငါတို့သိထားတယ်နော် တော်နေကြာ မင်းအဖေကြီး ကျန်ရစ်ဖြစ်ခဲ့မှ မင်းလဲ ငရဲရောက်နေဦးမယ်"

ပထမပိုင်းမှာတော့ ဖိုးတုတ်ဒေါသထွက်သွားခဲ့တယ်၊ ဒါပေမဲ့ ထွက်ပေါ်လာတဲ့ဒေါသကို အစွမ်းကုန်ချုပ်ထိန်းပြီး သူတို့ရှေ့တင် ဘာစကားမှ ပြန်မပြောပဲ အိမ်ရှိရာကို ပြန်ချလာတယ်၊ ရင်ထဲကတော့မကောင်းပေဘူးပေါ့၊ သူ့ရဲ့နောက်မှာတော့ ညိုကြီးတို့အုပ်စုက ရယ်ပွဲဖွဲ့ပြီး ကျန်ရစ်ခဲ့တယ်။

အကုသိုလ် ဖြုံဟ်ဆိုးတွေ ဝင်မလာသေးတော့လဲ ညိုကြီးတို့အုပ်စု ရယ်နိုင်ကြပေမပေါ့၊ ရယ်ထားကြပါ၊ ရယ်ထားကြပါ၊ သူ့အချိန် သူ့အခါကျခဲ့ရင် သူ့အလိုလို ရယ်သံတွေကလဲ ပပျောက်လို့သွားမှာပါပဲ။

အဲသည်လောက်ထိအောင် ပတ်ဝန်းကျင်ကလူတွေကလဲ ဖိုးတုတ်တို့မိသားစုကို ဒုက္ခပေးတာ၊ သည်ကိစ္စကိုသာ အဖေသိခဲ့ရင်တော့ ညိုကြီးတို့အုပ်စုမပြောနဲ့ ခုလောက်ဆို တစ်ရွာလုံးပြာကျလောက်ပြီထင်ပါတယ်။

သည်တော့၊ သည်ကိစ္စ၊ သည်ဖြစ်ရပ်တွေကို အဖေ့ကိုလဲ အသိမပေး၊ မနှင်းကိုလဲ မပြောပဲနှင့် ဖိုးတုတ်တစ်ယောက်ထဲကြိတ်ပြီး သူ့ရင်ထဲမှာ သိမ်းဆည်းထားလိုက်တယ်။သည်အကြောင်းတွေကို ဝိတောက်ရယ် သင်္ကြန်ရယ် သိခဲ့ရင် ဖိုးတုတ်ကျေနပ်ပါပြီ။

အေးလေ အလှည့်ဆိုတာ တစ်နေ့တော့ ကြုံရဦးမှာပေါ့၊ ပေဘာဝမှာချည်းဘယ်ပြီးဦးမှာတဲ့လဲ၊ တူ့အလှည့်လဲ တစ်နေ့တော့ ရောက်လာဦးမှာပါ၊ သည်လိုပဲ ညိုကြီးတို့အပေါ်မှာ ဖိုးတုတ်တွက်ထားလိုက်တယ်။

သည်လိုနဲ့ သင်္ကြန်အတက်နေ့မှာ ဖိုးတုတ်နဲ့ မနှင်းတို့ သီတင်းသီလဆောက်တည်ဖို့ ရွာဦးဘုန်းကြီးကျောင်းရှိရာကို ထွက်ချလာတယ်၊ အဖေကတော့ နေမကောင်းဖြစ်နေလို့ အိမ်စောင့်အဖြစ်ပဲ ကျန်ရစ်ခဲ့တယ်။

ဘုန်းကြီးကျောင်းနားကို ရောက်မယ်လို့ကြံ့ကာရှိသေးတယ်၊ ညိုကြီးတို့အုပ်စုနဲ့ ထိပ်တိုက်တိုးလိုက်ရတယ်၊ ကုသိုလ်လုပ်မယ်လို့ စိတ်ကနေဘယ်လိုပဲဆုံးဖြတ်ထားပါစေ၊ အကုသိုလ်တွေနဲ့ကြုံလိုက်ရတော့ မဂ်လာမရှိသလိုဖြစ်သွားရတယ်။ ဘာတတ်နိုင်ပါ့မလဲ၊ လာမဲ့ဘေးပြေးတွေ့လိုက်ရုံသာပဲ ရှိတာပေါ့။

ထုံးစံအတိုင်း ညိုကြီးကလဲ ခပ်မူးမူးရယ်၊ သူ့နောက်ပါ အပေါင်းအသင်းတွေကလဲ အားလုံးလို ငမူးချည်းပဲဆိုတော့ ဖိုးတုတ်တို့တောင်မှ အနေရကြပ်လာတယ်၊ ညိုကြီးကတော့ သူ့ထုံးအတိုင်းပေါ့လေ၊ မိုက်တိမိုက်ကန်းနဲ့ ဖိုးတုတ်ကိုကြည့်ပြီး လှမ်းရိလိုက်တယ်။

မူးနေတော့လဲ လူ့စိတ်ဆိုတာ ဘယ်ရှိတော့မှာလဲ။

"ပြောတော့အဟုတ်၊ လုပ်တော့တလွဲလုပ်မနေစမ်းပါနဲ့ ဖိုးတုတ်ရာ၊ တို့လဲပဲ ငယ်ရာကနေ ကြီးလာတဲ့ ကောင်တွေပါကွ၊ ရှက်နေစရာမလိုပါဘူး မင်းမိထွေးကသဲ အရွယ်ကောင်းဆိုတော့ ရှေ့သွားနောက်လိုက် ညီပါ့ကွာ၊ ဟား . . .ဟား"



www.burmeseclassic.com

www.burmeseclassic.com

သည့်မှာတင် ဖိုးတုတ်စိတ်တွေ ဘာဖြစ်သွားသည်မသိ၊ မနှင်းတားနေတဲ့ကြားထဲကနေ၊ မရမကရုန်းထွက်ပြီး အနားမှာရှိတဲ့ ဆူးခက်ကိုင်းကြီးကို ကောက်ယူလို့ ညီကြီးရော၊ သူနောက်ပါ အုပ်စုတွေကို ဒလမန်းကြမ်းရိုက်ပစ်လိုက်တာ။

ဖိုးတုတ်တို့က ကြမ်းပြီဟေ့ဆိုရင် ကောင်းကင်ထိအောင် တက်ပြီး ကြမ်းတတ်တာ၊ ညီကြီးတို့အုပ်စုခမျာ လဲသူကလဲ၊ ကွဲသူကကွဲ၊ ပြဲသူကပြဲ၊ ပြေးသူကပြေးနှင့် ရှုပ်ယှက်ခတ်နေလိုက်ကြတာ ပျားတွေဝိုင်းတုတ်ထားသလိုပါပဲ။

ကိုယ့်မှာတင် အဆိပ်ရှိတာ မဟုတ်ဘူး။ သူ့မှာလဲ အဆိပ်ရှိတာပါပဲ၊ ကိုယ့်အဆိပ် ဘယ်လောက်ရှိတာကို မခန့်မှန်းတတ်ပဲနှင့် သူ့အဆိပ်ကိုသွားပြိုင်လေတော့၊ ကိုယ့်မှာရှိတဲ့ အဆိပ်တွေဟာ ရေဖြစ်ကုန်ရဝဘပေါ့။

ခုလဲပဲ သည်အတိုင်းလိုပါပဲ၊ ညီကြီးရဲ့ အဆိပ်တွေက ရေဖြစ်သွားပြီလေ၊ သူ့အပေါင်းအသင်းတွေဆိုတာ တကယ်တမ်း အရေးရယ်၊ အကြောင်းရယ်လို့ ကြုံလာရော၊ ညီကြီးကို တစ်ယောက်ထဲထားပြီး ထွက်ပြေးသွားလိုက်ကြတာ။

ဘယ်သူမဆို ကိုယ့်အသားနားမှာကြတော့ ကြောက်တတ်ကြတာချည်းပါပဲ။

ဒါတွေကို ညီကြီးမသိနိုင်တော့ပါဘူး။ သူ့ခမျာ ဖိုးတုတ်ကနေဆင့်ကာဆင့်ကာ ရိုက်တားလို့လားတော့ မသိ၊ မြေကြီးပေါ်မှာ ဆန့်ဆန့်ကြီးကိုမှောက်လို့ လူမိုက်တို့သွားရာလမ်းက ဒါပဲရှိတာ မဟုတ်လား။

သူတို့ရဲ့ အကြောင်းတွေကိုကြားလိုက်ရတော့ ရွာဦးကျောင်း ဆရာတော်ကလဲ မနေနိုင်ရှာပါဘူး၊ တပည့်က ဒါယကာတွေနှင့်အတူ ချက်ခြင်းဆိုသလို ဖိုးတုတ်တို့ရှိရာ အပြေးရောက်ချလာတယ်။

ညီကြီးကတော့ သည်အချိန်မှာ ဖိုးတုတ်လက်ချက်နဲ့ အသက်ပျောက်ခဲ့ရတယ်၊ မိုက်တဲ့သူဆိုတာ ကမ္ဘာမြေကြီးကတောင်အလေးခံပြီး ထမ်းပိုးထားချင်တတ်တာမဟုတ်ပါဘူး။

တအောင့်လောက် ကြာတော့ ရပ်ရွာလူကြီးတွေနဲ့အတူ ဖိုးတုတ်ရဲ့ အဖေလဲ ရောက်ချလာတယ်။

သားဖြစ်သူရဲ့အဖြစ်ကို မြင်လိုက်ရတော့ မချိတင်ကဲဖြစ်သွားပုံရပါတယ်။ မနှင်းကလဲ ဖိုးတုတ်လက်မောင်းကို ကိုင်လို့ ငိုမဲ့မဲ့ဖြစ်နေလိုက်တာ ပြီးကာမှတော့ ဘာလုပ်လို့ ရတော့မှာလဲ။

ဖိုးတုတ်ကတော့ ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ငြိမ်ငြိမ်းနေလိုက်တယ်၊ မငြိမ်လို့ကလဲ မဖြစ်ဘူးလေ၊ ပွဲကပြီးနေပြီမဟုတ်လား။

လောကကြီးမှာ ဖြစ်သင့်ဖြစ်ထိုက်တာတွေကတော့ ဖြစ်နေမှာပါပဲ၊ ဒါတွေကအဆန်းမဟုတ်ပါဘူး။ အဲသည့်ဖြစ်သင့်ဖြစ်ထိုက်တဲ့ အရာတွေရဲ့ အပေါ်မှာ ကိုယ့်ရဲ့ အသိတွေနဲ့အတူ လုပ်သင့်လုပ်ထိုက်သလားလို့ စဉ်းစားဆင်ခြင်မှ ကိုယ့်အနေနဲ့ လူကောင်းစာရင်းဝင်မှာပါ။

ရပ်ရွာလူကြီးတွေက သူ့လူတွေနဲ့အတူ ဖိုးတုတ်ကို မြို့ပေါ်ရဲစခန်းကို ခေါ်ဆောင်သွားမလို့ လုပ်နေခိုက်မှာပဲ ဖိုးတုတ်ကို သူ့အဖက စကားတစ်ခွန်းတော့ အသည်းပေါက်အောင် ပြောလိုက်ပါရဲ့ . . .

"ဘယ်အမှု ဘယ်ကိစ္စမျိုးမဆို သူ့သဘောသူဆောင်၊ ကိုယ့်သဘော ကိုယ်ဆောင်နေတာချည်းပါပဲသား။ တရားကို နတ်စောင့်ပါတယ်ကွာ၊ အဖေ့သားက ယောကျ်ားပဲဥစ္စာ၊ လုပ်ရဲရင် ခံရဲတဲ့ သတ္တိကိုတော့ မင်္ဂလာရှိရှိနဲ့ မွေးလိုက်စမ်းပါသားရယ်"

ဘာပဲပြောပြော လူဆိုးအယောက်တစ်ရာ ပျက်စီးဆုံးရှုံး သွားတာထက်၊ လူကောင်းတစ်ယောက် ပျက်စီးဆုံးရှုံး သွားရတာကတော့ ဝမ်းနည်းစရာ မဟုတ်ပါလားလေ။

ဖိုးတုတ်တစ်ယောက် သူ့ရဲ့အပြစ်တွေကို ချွေးနဲ့ဆေးကြောပြီး အချိန်တန်လို့အိမ်ပြန်လာခဲ့ရင်တော့လူကောင်း တစ်ယောက်အဖြစ် စိတ်သစ် လူသစ်၊ ဘဝသစ်တွေနဲ့အတူ သည်မိသားစုနဲ့ နေနိုင်ကောင်း နေနိုင်ပါစေလို့ ပွင့်နေတဲ့ ပိတောက်တွေကတောင် ကြိတ်ပြီးတော့ ဆုတောင်းနေမိပါရဲ့။

ကိုဖိုးတင်အောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းပြာနဲ့ ရဖြ

(သံလျှင်)

www.burmeseclassic.com

www.burmeseclassic.com

# တောင်တန်းပြာနဲ့ ဂျင်

## ရဲဘော်ရောချမ်း (သန်လျင်)

မြင်စေချင်စမ်းလှသည်၊ တောင်တန်းပြာစစ်စခန်းမှ ကျောပိုးအိတ်ကိုလွယ်ချိစစ်သည်များစွာ အားမာန်တက် အသက်ပေးကြသည်။

ဟင်. . . တောင်တန်းပြာနဲ့ ကျောပိုးအိတ်သီချင်းသံပါလား၊ ဒါ ဒါ ရေဒီယိုကလာတာပဲ ဖြစ်ရမယ်၊ (ရုပ်မြင်သံကြားမပေါ်သေး၊)

အတိတ်က ပန်းချီကားတစ်ချပ်က ချက်ချင်းပေါ်လာသည်။ သည်အခါ ချက်ချင်းသတိရလာသည်။

မြင်စေချင်စမ်းလှသည်၊ တောင်တန်းပြာစစ်စခန်းမှာ ကျောပိုးအိတ်ကို လွယ်ချိ စစ်သည်များစွာ. . .

ဟော့. . သံချောင်း၊ အဲဒီရေဒီယိုပိတ်ထားလိုက်စမ်း။

ဘာဖြစ်လို့လဲ ဗိုလ်မှူး၊

ဘာဖြစ်ရမလဲ သံချောင်းရဲ့၊ အဲဒီ ကျောပိုးအိတ်လောက်ကတော့ ပျင်းတောင်ပျင်းသေးတယ်လို့ ပြောလိုက်စမ်းပါဗျာ၊ ယူဂိုဆလပ် ၇၆ မမ၊ အမြောက်ကြီးတစ်လက်ကို တစ်စစီဖြုတ်ပြီး လွယ်လို့ကျွန်တော်ဆိပ်တို့ ပွိုင့် ၄၅၆၁၊ တောင်ကုန်း၊ နန့်ဖတ်ခါ တောင်ကုန်း၊ အဲဒီတောင်ကုန်းပေါ်တွေကို တက်နေကြရတယ် မဟုတ်လား၊ ဆရာကြီး ဘာထွန်းအောင်သိပါတယ်၊ ဒီ ကျောပိုးအိတ်လောက်ကတော့ လာမပြောနဲ့ ရယ်ဖို့မအားသေးဘူးကွ၊

ဟဲ. . . ဟဲ. . . ဟဲ. . . ဗိုလ်မှူးကတော့ ဒီလောက် ပင်ပန်းနေတာတောင် ရယ်စရာပြောသေးတာပဲနော်"

ကျွန်တော်တို့ တပ်မတော်သားဆိုတာ ပရစ်တွေလိုပဲပေါ့ ဆရာကြီးရယ်၊ ပရစ်ဆိုတာမျိုးဟာ မသေခင်လည်း မျက်လုံးပြူးပြူး၊ သေတော့လည်း မျက်လုံးပြူးပြူးပဲမဟုတ်လား၊ ဒီတော့ ပျော်ပျော်ရွှင်ရွှင်ပဲပေါ့၊ ဆရာကြီးပဲ စဉ်းစားလေ ငိုနေဖို့ မဲ့နေဖို့ဆိုတာ ကျွန်တော်တို့ ခင်ဗျားတို့သမိုင်းမှာရှိတောရှိရဲ့လား၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာသေကြရမယ့် လူတွေချည်းပဲ မဟုတ်လား၊ ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်အတွက် ,အသက်ပေးသေရတာ အမြတ်ဆုံးသေခြင်း၊ ဂုဏ်ယူစရာ အကောင်းဆုံး သေခြင်းပဲလေ၊ ဒီတော့ ထာဝရပျော်ရွှင်ခြင်းဆိုတာ တို့တစ်တွေ တို့တပ်မတော်သားတွေရဲ့ ဒဿနတွေ၊ သီအိုရီတွေ၊ အဘိဓမ္မာတွေပဲဖြစ်ရမှာပေါ့။

ဗျာ. . . .။

ဝေဒ်တိုင်းရှုံ အဲ ပြီးတော့ ပုပ္ပနိမိတ်ဆိုတာရှိတယ်လေ. . . ။

မြင့်စေချင်စမ်းလှသည်။

ဗိုလ်မှူးမှတ်မိဦးမလား မသိဘူး။

ဒီမှာ ဆရာကြီး ယောက်ျားနဲ့ မိန်းမ တန်းတူအခွင့်အရေးရှိတယ်ဆိုပြီး တွယ်ကပ်နေကြမယ်ဆိုရင်၊ ဒီကမ္ဘာကြီးမှာ မျိုးဆက်သစ်လူငယ်ဆိုတာတွေပေါ်ထွန်းပါတော့မလား၊ ဟား ဟား ဟား"

ဒီလိုနဲ့ ဗိုလ်မှူးကျဆုံးခဲ့တာ အဲ အခင်းနှစ်ပေါင်း ၃၀ ရှိသွားပြီလေ. . . ။

မြင်စေချင်စမ်းလှသည်။

ဗိုလ်မှူး မြင်မသွားရှာတဲ့ အမျိုးသမီးရေးရာအဖွဲ့၊ အမျိုးသမီးရေးရာဥပဒေ။

တောင်တစ်ကုန်း ကျော်မှာ လှည်းတစ်စီးလာနေတယ်ဆရာကြီး၊ ဒုတပ်ကြပ်ဖိုးထူးက သည်လိုသတင်းပို့လိုက်သောအခါ. . . ။

"ဟော့ ဖိုးထူး၊ သူဟာ သူလာနေတာ ဘာဖြစ်လဲကွ သူ့လမ်းသူသွားတာပဲ သွားပါစေ"

"ဟာ လှည်းတစ်စီးလုံး အမျိုးသမီးချည်းပဲ ဗိုလ်မှူး"

"ဟင် ဟုတ်လား၊ ဒါဆို ဆရာကြီး သွားစစ်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဆရာဖိုးထူး၊ ခပ်မြန်မြန်သွား၊ လှည်းကို ခဏတားထားလိုက်၊ ကျွန်တော့်နောက်က လိုက်လာခဲ့မယ်၊ ဆက်မသွားစေနဲ့။

အမျိုးသမီးတွေ ချည်းပဲ ဆိုရင် ဒါစဉ်းစားရမယ်ဆရာကြီး၊ ဥပဒေနဲ့ မလွတ်ကင်းတာ တစ်ခုခုလုပ်နေတာလားမသိဘူး။

ဟုတ်တယ်ဗိုလ်မှူး၊ ဘိန်းမှောင်ခို၊ ဆေးခြောက်မှောင်ခို၊ မူးယစ်ဆေးဝါးမှောင်ခိုတွေလည်းဖြစ်နိုင်တယ်၊ တချို့ဆိုရင် မိုးကုတ်ကကျောက်သံပတ္တမြားတွေတောင်ပါသွားကြတယ်။ (ထိုစဉ်က မှောင်ခိုစနစ်ထွန်းကားချိန်ဖြစ်သည်)

လှည်းအနီးသို့ ကျွန်တော်ရောက်သွားသောအခါ အထုပ်အပိုးများစွာနှင့် အမျိုးသမီးအချောအလှလေးများကို တအံ့တဩ တွေ့လိုက်ရသဖြင့် စစ်ဆေးမေးမြန်းခြင်းပြုလုပ်လိုက်ရပါသည်။

၁။ ဒေါ်ညွန့်ညွန့် (မကွေး) ၅၆နှစ်
၂။ မနန်းစိန်ဟန် (ဘိုကလေး) ၁၈နှစ်
၃။ မစောနန်းခမ်း (သံတောင်) ၂၁နှစ်
၄။ မစောကလျာ (မန္တလေး) ၂၀နှစ်
၅။ မစပယ်မြင့် (မင်္ဂလာဒုံ) ၁၉နှစ်
၆။ ဦးဘထွန်း (လှည်းသမား)

စုစုပေါင်း ၆ ယောက်ဖြစ်ပြီး ဗိုလ်မှူးကို တင်ပြကာ မုန်းပေါ်ရဲစခန်းသို့လွှဲပြောင်းပေးလိုက်ပြီး တစ်ပတ်ခန့်ကြာသွားသောအခါ နန့်ဖတ်ကာ ရုံးသို့သိရှိရန် ရုံးတံဆိပ်နှိပ်ထားသော ချိတ်ပိတ်စာတစ်စောင် ရောက်လာသဖြင့် ကျွန်တော်တို့၏ ဗိုလ်မှူးသည်အောက်ပါအတိုင်း ကျွန်တော့်အား မှတ်ချက်ပေးလေသည်။

ဒီမှာ ဆရာကြီး၊ ဆရာကြီးဟာ အင်မတန် အတွေးအခေါ်ကောင်းတဲ့လူ တစ်ယောက်ပဲ တစ်နေ့ (oneday) အင်္ဂလိပ်လိုညှပ်ပြောပါသည်၊ ရဲတပ်ဖွဲ့ထဲရောက်ကို ရောက်စေရမယ်။

ရဲဆိုတာ တိုက်ရှုံနိုက်ရှုံနဲ့ မလုံလောက်ဘူး၊ မှန်ကန်ဘိကျတဲ့ အတွေးအခေါ် အယူအဆက ပိုပြီးတောင် အရေးကြီးတယ်ဗျ။

သည်လိုနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အမိန့်ထွက်လာသောအခါ ကျွန်တော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့လိုက်ရပါသည်။ ကျွန်တော်တို့ ချစ်ခင်လေးစားရပါသော ဗိုလ်မှူးသောင်းမြမှာလည်း နန့်ခိုင်တံတားအတွက်၊ မူးတောင်းရွာအနီး ပစောက်ကွေ့၌ ၃.၅ လောင်ချာကျည်ထိမှန်ပြီး ကျဆုံးသွားသဖြင့် ကျွန်တော်ရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့သွားသည်ကိုမသိရှိ၊ မမြင်လိုက်ရပါ။

♣♣♣

ကျွန်ုပ်ချစ်ခင်လေးစားရပါသော ဗိုလ်မှူးခင်ဗျား၊ ဗိုလ်မှူးဟာ ဆိုရင် ကျွန်တော်တို့ ...ပ်မတော်သား၊ သွေးသောက်ရဲဘော်တွေကို ခွဲခွာပြီးသွားခဲ့တာ ၁၉၇၀ ခုနှစ်မှာ ဗိုလ်မှူးကျဆုံးခဲ့တာဆိုတော့ ခု ဇွန်လ ၃၀ ရက်နေ့ နှစ်ပေါင်း ၃၀ ရှိသွားပြီ ခွင့်လွှတ်ပါ ဗိုလ်မှူးခင်ဗျား။

ပျောက်သောသူ ရှာရင်တွေ့ သေသောသူ ကြာရင်မေ့ ဆိုတဲ့ အတိုင်းပဲပေါ့ ဗိုလ်မှူးရယ်၊ ကျွန်တော်တို့တွေဟာ ပုထုဇဉ်လူသားတွေဆိုတော့ ဗိုလ်မှူးကို ကျွန်တော်တို့အမြဲပဲ သတိရနေခဲ့ပါတယ်။ ကြာလာတော့လည်းမေ့တစ်ချက်၊ သတိရတစ်ချက်ပေါ့၊ အဲဒီတုန်းက တပ်မ၉၉ကွက်ခိုင်မှာရှိတယ်၊ နည်းဗျူဟာမှူးက နန့်ဖတ်ခါမှာလေ စစ်ဆင်ရေးက ရဲမာန်ဟုန်၊ ကွမ်းလုံ ရက် ၄၀ တိုက်ပွဲပြီးစ။

## တောင်တန်းပြာနဲ့ ရှမ်း

၇၆ အမြောက်ကြီးကို တစ်စပြီဖြုတ်၊ ထမ်းကြရပြန်တယ်၊ လွယ်လုံကျန်တောင်ကုန်းကိုပစ်ကူပေးဖို့၊ တာဝန်တောင်ကြောတက်ကြရပြန်တယ်။

မြင်စေချင်စမ်းလှသည့် တောင်တန်းပြာစစ်စခန်းမှာ ၇၆ ကို သယ်ချီ၊ အဲဒါမှ အမှန်ကွ၊ မှတ်ထားကြ။

ချွေးတစ်လုံးလုံးနဲ့ အဲဒီလို ဗိုလ်မှူးက အော်ဆိုလိုက်တော့ ကျွန်တော်တို့ စစ်သည်အားလုံးပြုံးကြရပြန်သည်။

(မောလွန်း၍ခရယ်နိုင်ကြခြင်းသာဖြစ်သည်) ခြေလျင်တပ်ရင်းတစ်ရင်းက ပထမဦးဆုံး လွယ်လုံကျန်စခန်းသိမ်းပိုက်မိသောအခါ စစ်ကြောင်းတစ်ခုက စီစီဝမ်ရွာဖက်မှ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၊ တရုတ်နွယ်ဖွားများပင် ပါလာကြသည်။ အထုပ်အပိုးများနှင့်၊ တချို့ခြင်းတောင်းရှည်ရှည်ကြီးထဲ ထည့်၍ယူလာကြသည်။

ဟော့ ဟော့၊ အဲဒါ အဲဒါ ဘာတွေလဲ ဆရာကြီး၊ အမျိုးသမီးတွေ အများကြီး ပါပဲလား၊ စုံစမ်းကြည့်ပါဦး၊ ဘယ်က ဘယ်လိုဖြစ်လာကြတာလဲ။

ကျွန်တော့်မှာ ကမန်းကတန်း ကာဘိုင်သေနတ်ဆွဲပြီး ထွက်သွားရပြန်သည်။

ခြေလျင်စစ်ကြောင်းနှင့်ပါသွား၊ တပ်ခွဲ ၁၊ တပ်စု ၁ မှ ရဲဘော် ဆရာများဖြစ်လေသည်၊ ထိုအမျိုးသမီးများ၊ နန့်ခိုင်တံတားထိပ်မှ ...ောင့်နေကြရန် စီစဉ်ထားပြီးဖြစ်လေသ...၊ အသေးစိပ် ဗိုလ်မှူးမသိ၊ ကျွန်တော်...ည်း ရှင်းရှင်းလင်းလင်းသတင်းမပို့ရဲ၊ သို့...ာ် ဗိုလ်မှူးသိသွားသောအခါ တပ်ခွဲအားလုံး အရေးပေါ်တန်းစီပြီး ဆူပါလေတော့သည်။

အဆူခံရသောအထဲတွင် ဗိုလ်ကြီးအောင်ဝင်းလည်းပါလေသည်။

ဗိုလ်ကြီး ဗမာပြည်လိုက်မယ်ဆိုရင် နန့်ခိုင်တံတားထိပ်ကစောင့်ဆိုပြီး ခေါ်လာတာပါ။

"အဲဒါ ဘယ်သူလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com

"သိတယ်ဗိုလ်ကြီး ဘောင်းဘီ အရှည်ကြီးဝတ်ထားပြီး အထုပ်ကြီး ကျောမှာပိုးထားတယ်"

"ဝါး ဟား ဟား ဟား"

ရဲဘော်များ စိတ်မထိန်းနိုင်ကြဘဲ ရယ်ပစ်လိုက်ကြသည်။

ကဲ အားလုံးကြားကြတဲ့အတိုင်းပဲ ဒီတော့ ကိုယ့်ပစ္စည်းကိုယ်ယူကြရမယ်၊ ယောင်ဝါးဝါးလုပ်နေတဲ့အကောင်တွေ တပ်ရင်းပြန်ရောက်တာနဲ့ ကွာတားထဲ ဝင်ဖို့သာပြင်ကြ၊ မယူနိုင်ရင် အစကကို စိတ်မဝင်စားကြနဲ့ပေါ့၊ ဒါ ကိုယ့်တိုင်းရင်းသားတွေပဲမဟုတ်လား၊ မရဘူး ကိုယ်ခေါ်တာလာ ကိုယ်ယူရမယ် ဆရာကြီး ဘထွန်းအောင် သေသေချာချာလုပ်၊

ကျွန်တော်တို့ တပ်ရင်း နေရာကတန်းသို့ ပြန်ရောက်သွားသောအခါ အလွန်စည်ကားလှသော မင်္ဂလာပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ဖြစ်သွားပါသည်။ ကျွန်တော်မှတ်မိသလောက် ဗိုလ်ကြီးယူလိုက်သော အမျိုးသမီး၏ အမည်မှာ ခင်နှင်းဖြူဖြစ်လေသည်။

ကျွန်တော်သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ပခုံးပြောင်းတာဝန်ဖြင့် ရောက်ရှိလာပြီး တစ်နှစ်မပြည့်မီ ဒုရဲအုပ်အဆင့် တိုးမြှင့်ခံရသည်။ သန်လျင်မြို့ ရန်ကုန်တိုင်းခွဲရုံး၌ တာဝန်ကျနေစဉ် တစ်နေ့သောအခါ ရုံးရှေ့ဆင်ဝင်အောက်သို့ မာစတာဂျစ်အစိမ်းရောင်ကားတစ်စီး ထိုးဆိုက်လိုက်ပြီး အလေးပြုဟု ကျယ်လောင်စွာ ထွက်ပေါ်လာသော အသံကြောင့် ပြူတင်းပေါက်တစ်ချပ်ကို ကမန်းကတန်းဖွင့်ကြည့်လိုက်သောအခါ

ဟာ - ဗုဒ္ဓေါ

ကားပေါ်မှ ရာထူးဝတ်စုံအပြည့်နှင့် ဆင်းလာပြီး ရုံးထဲဝင်လာသော တပ်မတော်အရာရှိကြီး တစ်ဦးကို တွေ့မြင်လိုက်ရသောကြောင့် သေသေချာချာ စူးစူးစိုက်စိုက် ကြည့်လိုက်မိပါသည်။ အံ့လည်းအံ့ဩသွားပါသည်။

"ဟင်..ဒါ..ဗိုလ်ကြီးအောင်ဝင်း ပါလား"

ချက်ချင်းရုံးပေါ်မှ ပြေးဆင်းလာပြီး အလေးပြုနှုတ်ဆက်လိုက်ရပါသည်။ ရာထူးက ဒုဗိုလ်မှူးကြီး တာဝန်က ဘာမှန်းမသိသေး။

ခု ကျွန်တော်က တိုင်းရုံးမှာရောက်နေတယ်လေ၊ ဒီမှာ ခင်ဗျားရှိတယ်၊ သတင်းရလို့ လာနှုတ်ဆက်တာပါ။

ဪ... ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ဗိုလ်မှူးကြီး၊ ဒီလကုန်ရင် တာချီလိတ် လူဝင်မှုကြီးကြပ်ရေး အထူးအရာရှိအဖြစ်နဲ့ပေါ့၊ ဖြူလည်း အဆင်ပြေသွားတယ်လေ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ယောက်ဆိုပါတော့၊

"ဗျာ"

အဲ ဟုတ်ပေသားပဲ၊ လာ ခဏ ကားဆီလိုက်ခဲ့၊

ကျွန်တော်ကားနားရောက်သွားသောအခါ၊

ဆရာကြီး အဲ ဗိုလ်ကြီး နေကောင်းလား၊ ဖြူလေ၊

ကျွန်တော့်ပခုံးပေါ်မှ တစ်ပွင့်ကို လှမ်းကြည့်ပြီး ဗိုလ်ကြီးဟုခေါ်လိုက်ခြင်း ဖြစ်ပွယ်ရှိသည်၊ (တပ်မတော်တွင်တစ်ပွင့်ရှိသူအား ဗိုလ်ကြီးဟုယေဘုယျခေါ် ကြပါသည်)

ကျွန်မ၊ ခင်နှင်းဖြူလေ...၊

ဟာ ဪ ဗိုလ်မှူးကြီးကတော်ကို ကျွန်တော်မေ့နေတယ်ဗျာ...၊ ခုမှပဲ သတိရတော့တယ်၊ စီစီဝမ်က မဟုတ်လား၊

အဲ...ဟို....ဗိုလ်မှူးသောင်း မြကျဆုံးသွားတာ၊

နှစ်ပေါင်း ၃၀ ကျော်သွားပြီ၊ ဗိုလ်မှူးကြီးကတော်၊

ဆရာကြီး ရဲတပ်ဖွဲ့မှာအမှုထမ်းရတာပျော်ရဲ့လားရှင့်၊

ကောင်းကောင်းစကားပြောတတ်နေပြီဖြစ်သော တရုတ်နွယ်ဖွား စီစီဝမ်သူ ခင်နှင်းဖြူအား အတွေးပေါင်းများစွာနှင့် စူးစိုက်၍ကြည့်နေမိသည်၊

ပျော်ပါတယ်၊ ဗိုလ်မှူးကြီးကတော်၊ စီစီဝမ် ဘာပန်ကို ရောက်သေးသလား၊ လွတ်မြောက်နယ်မြေဖြစ်နေပြီလေ၊

မြင်စေချင်စမ်းလှသည်၊

လေးစားရပါသော ဗိုလ်မှူးခင်ဗျား ဒီနေ့ နိုင်ငံတော်မှာဆိုရင် ခိုင်မာသော သေချာသော အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးရေးရာဥပဒေတွေပေါ်နေပြီ ဗိုလ်မှူးအမိန့်ချမှတ်လိုက်တဲ့ ဒုဗိုလ်မှူး ကြီးကတော် ဒေါ်ခင်နှင်းဖြူတစ်ယောက် လွတ်လပ်သော အမျိုးသမီးတစ်ယောက် ရဲ့ အခွင့်အရေးကို လက်တွေ့ခံစားနေရ ပြီဖြစ်သည့်အတွက် သေချာရေရာသော အမျိုးသမီးထု ကိုယ်စား ဗိုလ်မှူးကိုတင် ပြလိုက်ရပါသည်၊ ကျွန်တော်လည်း ဇူလိုင်လ ၃ ရက်နေ့မှာ ကျင်းပပြုလုပ်မည့် လူမှောင်ခိုကူးတိုက်ဖျက်ရေး ဥပဒေ အရ သက်ဆိုင်ရာမှ ချီးမြှင့်တဲ့ဆုတံဆိပ် ကိုပါ တက်ယူရမည်ဖြစ်သည့်အကြောင်း ဗိုလ်မှူးကိုတင်ပြအပ်ပါသည်၊

မှတ်ချက်၊ လှည်းပေါ်တွင် ပါလာကြသော အမျိုးသမီးတစ်စုမှာ တစ်ဖက်နိုင်ငံတွင် သွားရောက် အလုပ်လုပ်ကြမည့် လူမှောင်ခိုကူးသမားများ၏ အစီအစဉ်ဖြစ်သော်လည်း ခိုင်မာသော သေချာသော ဥပဒေမရှိသေးသဖြင့် မိဖများထံ ပညာပေးဆုံးမ၍အပ်နှံခဲ့ရသည်၊

★★★

ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်သော အမျိုးသမီးများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရခြင်းဖြစ်ပါသည်၊ ရင်းအပြင်သန်လျင်မြို့နယ်၊ လက်ယက်စမ်း ကျေးရွာအုပ်စု၊ အမျိုးသမီးရေးရာ ဥက္ကဋ္ဌကြီးနှင့်အဖွဲ့သို့လည်း အမှတ်တရ ဂုဏ်ပြုရေးသားလိုက်ရပါကြောင်း၊

ရဲဘော်ရေချမ်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နောင်တမျက်ရည်

မောင်ထည်ဝါ(ပျော်ဘွယ်)

မာလာမြိုင်မြို့လေးသည် ရန်ကုန်–ပြည် အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိနေ၏။ မိုးလေဝသရာသီဥတု ကောင်းမွန်သော ဒေသဖြစ်၍ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်နေ၏။ သီးနှံများ၊ အထွက်ကောင်းသဖြင့် အရောင်းအဝယ်ကုန်သွယ်စီးပွားကြီးထွားဖွံ့ဖြိုးတိုးတက်နေသော မြို့လေးတစ်မြို့ပင် ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန် ချောမွေ့နေပြီဖြစ်လို့ ရန်ကုန်သို့လည်း၊ အလွယ်တကူသွားရောက်နိုင်သလို၊ ပြည်မြို့သို့လည်း နေ့ချင်းပြန် သွားရောက်နိုင်သဖြင့် နေထိုင်လပ်ကိုင်စားသောက်သူများအတွက် ရေကြည်ရာ မြက်နုရာ ပဋိရူပဒေသတစ်ခုဟု ဆိုရမည်။

မာလာမြိုင်မြို့ မြူနီစီပယ်ဈေးကြီးအနီးမှာတော့ 'ငွေသော်တာ'ဟူသော အမည်ဖြင့် ဦးကျော်ထွန်းပိုင်ဆိုင်သော ဆန်ပွဲရုံကြီး ထီးထီးမားမား ရှိနေသည်။ ဆိုင်ထဲမှာ ဆန်အိတ်များကို အဆင့်လိုက် အထပ်လိုက် ပုံထား၏။ စားသုံးသူများ၊ ဖောက်သည်များကို လက်လီလက်ကား ရောင်းချပေးသည်။ ဆိုင်၌ ဦးကျော်ထွန်း၏ဇနီး ဒေါ်ငွေစိန်က ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်စီမံပါသည်။ လူမှုဆက်ဆံရေး ကောင်းမွန်သဖြင့် ဒေါ်ငွေစိန်တို့ ဆန်ဆိုင်သည် အခြားသောဆန်ဆိုင်များထက် ရောင်းအားပို၍ကောင်းမွန်၏။ ဆန်ခြင်တွယ်ရာတွင်လည်း ပြည့်ပြည့်ဝဝ ခြင်တွယ်ပေး၏။ ဆန်အိတ်လိုက်ဆွဲယူသူများအတွက် ဝယ်ယူမှုများလျှင် အိမ်အထိ လိုက်ပို့ပေးသည်။ လူကိုယ်တိုင်မလာဘဲ ဖုန်းဆက်လိုက်လျှင်လည်း အိမ်အရောက် လာပို့ပေးသည်။ ဆိုင်တွင် အလုပ်လုပ်သော အလုပ်သမားကိုလည်း ပျော်ရွှင်အောင်ထားသည်။ ကျေညီပံ့ပိုးမှုများလည်း မကြာခဏပေးလေ့ရှိ၏။ အေးချမ်းပျော်ရွှင်စရာ စီးပွားဥစ္စာ ဖြစ်ထွန်းရာနေရာကောင်းလေးတစ်ခုပင် ဖြစ်သည်ဟု ဆိုရပေမည်။

ညနေ ၅ နာရီထိုးလျှင် ဆန်အရောင်း ရပ်နား၍ ဆိုင်ပိတ်၏။ ထိုသို့ဆိုင်ပိတ်ပြီးနောက် အလုပ်သမားသုံးယောက်လည်း လုပ်အားခများ ထုတ်ယူကြပြီး မိမိတို့အိမ်သို့ အသီးသီးပြန်ကြသည်။ မောင်ဦးနှင့် မာဒင်တို့ကတော့ တစ်နေ့လုံး ဆန်အိတ်တွေ ထမ်းရ၊ သယ်ပေးရ၊ ကားပေါ်တင်ပေးရ၊ အိမ်အထိလိုက်ပို့ပေးရခြင်းများကြောင့် ပင်ပန်းနွမ်းနယ်နေကြသည်။ ထိုပင်ပန်းမှုတွေ ပြေပျောက်စေရန် အကြောင်းပြချက်ဖြင့် အဆင်းရန့် သင်းပျံ့နေသည့် ဇလပ်ဝါစားသောက်ဆိုင်ဆီသို့ တက်ညီလက်ညီ



www.burmeseclassic.com

www.burmeseclassic.com

ချီ[illegible]သွားကြလေသည်။ ကိုမောင်မြ တစ်ယောက်ကသာ မိသားစုအတွက် ဟင်းချက်စရာများ ဝယ်ယူပြီး အိမ်သို့ ပြန်သွားလေ၏။

ဇလပ်ဝါစားသောက်ဆိုင်သို့ မောင်ဦး နှင့် မာဒင်တို့ ရောက်ရှိသွားချိန်တွင် ဆိုင် အတွင်းစားပွဲတိုင်းမှာ စားသောက်သူများ ပြည့်နေသည်။ ထောင့်စွန်းတွင် ရှိသော စားပွဲတစ်လုံးသာ လွတ်နေသည်။ ထိုစား ပွဲ၌ ဝင်ထိုင်လိုက်သည်နှင့် စားပွဲထိုး ကောင်လေးတစ်ယောက်က –

"အစ်ကိုတို့ . . . ဘာသုံးဆောင်ကြ မလဲ"

"ထုံးစံအတိုင်းပေါ့ ညီလေးရာ။ ဇေတစ်လုံးနဲ့ ဂိုက်လန်တစ်ပွဲ၊ ပြီးတော့ ကြက်သားချဉ်စပ်တစ်ပွဲ၊ အမြန်လုပ်ပေး ကွာ"

ခဏကြာလျှင် စားပွဲပေါ်သို့ မှာ ထားသမျှ စားသောက်ဖွယ်ရာများ ရောက် လာသည်။

"ကဲ . . . ကိုဦးက စဖွင့်ပေတော့။ ကျွန်တော်က သိပ်မရဘူး။ အိမ်ရောက်ရင် မိန်းမက ပြဿနာရှာတယ်ဗျ"

ဟု မာဒင်က ဆို၏။

"မင်းက မိန်းမချောချောရထားလို့ ကြောက်ချစ်ရှိသေ လုပ်နေတယ်ပေါ့ ဟုတ်လား။ မယားရစ ကြောင်သေမှလို့ ဆိုစကားရှိတယ်လေ။ အဲဒီစကားအတိုင်း ကျင့်သုံးစမ်းပါကွာ"

"ကြောက်တယ်လို့တော့ မဟုတ် ပါဘူး။ ရည်းစားဘဝတုန်းက အိမ်ထောင် ပြုပြီးရင် အရက်မသောက်ပါဘူးလို့ ကတိ ပေးထားလို့ပါ"

"တော်စမ်းပါ မာဒင်ရာ။ မိန်းမ ကြောက်ရင် ကြောက်တယ်ပေါ့။ ပွင့်ပွင့် လင်းလင်း ပြောစမ်းပါကွာ"

ထိုစဉ်အချိန်တွင် လျှာထိုးဦးထုပ် အနီ ဆောင်းထားသော လူငယ်တစ်ဦး ရောက်လာ၏။ ထိုလူငယ်က –

"လေးမောင်ဦး . . . ရွာမှာ ဘကြီး သာအောင် ဆုံးသွားပြီ၊ အဲဒီကိစ္စအတွက် ကျွန်တော် လာခေါ်တာ။ အခု ကျွန်တော် နဲ့ တစ်ခါတည်း လိုက်ခဲ့ပေတော့။ ဆိုင် ကယ်ယူလာတယ်"

ဟု ပြောသည်။

"ဟေ . . . ဟုတ်လား။ ဒါဆို ငါ လိုက်ခဲ့မယ်။ ကဲ . . . မာဒင်ရေ မင်း ငါ့အိမ်ကိုသွားပြီး ငါ့မိန်းမကို ပြောပေး ကွာ။ ရွာမှာ ဘကြီးဆုံးလို့ လိုက်သွား တယ်"

ထို့နောက် မောင်ဦးက အရက်ဖိုး ကျသင့်ငွေများကို ရှင်းပေးလိုက်၏။ ပြီး လျှင် ရွာမှ လာရောက်ခေါ်ယူသော လူ ငယ်နှင့်အတူ ဆိုင်ကယ်ဖြင့် သပြေပင်ရွာ ဆီသို့ ထွက်လာခဲ့သည်။ မောင်ဦး၏ ဘကြီးသာအောင် နေထိုင်သော သပြေ ပင်ရွာကား မာလာမြိုင်မြို့မှ ၁၅ မိုင်ခန့် ကွာဝေး၏။ မောင်ဦးတို့တစ်ဝရီးနှစ်ယောက် ဆိုင်ကယ်ဖြင့် အမြန်ထွက်လာခဲ့ရာ ညနေ ၆ နာရီခွဲအချိန်တွင် သပြေပင်ရွာသို့ ရောက်ရှိသည်။

"ဟယ် . . . မောင်ဦး၊ မင်းက အခုမှ ရောက်လာတယ်"

"ဗိုမောင်ဦးကြီးကလည်း ဘကြီး ဆုံးတာ ရက်လည်တော့မယ်။ အခုမှ ရွာ ကို ပြန်လာတယ်။ နေနိုင်လိုက်တာ"

"မင်းကို ဘကြီးသာအောင် မဆုံး ခင်က မောင်ဦးမလာဘူးလားတဲ့။ တွေ့ ချင်တယ်လို့ ပြောနေသေးတယ်။ ဘကြီး က မင်းကို တော်တော်ချစ်တယ်ကွ"

ရွာက ဆွေမျိုးသားချင်းတွေ၊ ကျောင်းနေဘက် သူငယ်ချင်းတွေက ဝိုင်း အုံရောက်လာကြပြီး တစ်ယောက်တစ် ပေါက် ပြောဆိုမေးမြန်းနေကြခြင်း ဖြစ် သည်။

အသုဘအိမ် ထုံးစံအတိုင်း ဖဲဝိုင်း ကလည်း ကောင်းမှကောင်း။ လောင်းကြေး က သိန်းဂဏန်းအထက်မှာ ရှိ၏။ နာမည် ကြီး ဖဲဝိုင်များကို ဖိတ်ကြားပြီး အကျအညီ တောင်းခံ ပြုလုပ်ခြင်းဖြစ်လို့ ဖဲဝိုင်းမှာ လူတွေက တိုးမပေါက်အောင် စည်ကား နေ၏။

ယိုညက အခွယ်ကောင်းသည့် အတွက် မောင်ဦးလည်း ဖဲဝိုင်းမှာ ဝင် ကစားဖြစ်ခဲ့သည်။ ဖဲဝိုင်းအစပိုင်းမှာတော့ မောင်ဦး ကံကောင်းစွာပင် အနိုင်ပွဲတွေ ဆက်ကာဆက်ကာ ရရှိနေ၏။ မောင်ဦး ၏ လက်ထဲ၌ ငွေစက္ကူတွေက အထပ် လိုက်။ သိန်းဂဏန်းအထိ တက်လာ သည်။ ညီဝမ်းကွဲဖြစ်သူ မောင်ထွန်းချစ် က အနိုင်နဲ့ရပ်ဖို့အတွက် ခေတ္တလူချင်းလဲ ကစားရန် မောင်ဦးကို သတိပေးအချက် ပြ၏။ သို့သော်လည်း ဖဲအပင်အလှည့် ကောင်းနေသော မောင်ဦးက ဖဲဝိုင်းမှ ထ ချင်စိတ် လုံးဝမရှိ။ ဖဲဝိုင်း၌ ရှိသမျှပိုက်ဆံ တွေကို သူတစ်ဦးတည်း အကုန်လိုချင် သော လောဘစိတ်က ငယ်ထိပ်သို့ ရောက်နေသည်။

မည်သူမျှ အမြဲ ကံမကောင်းနိုင်ပါ။ ဖဲကစားခြင်းဖြင့် ကြီးပွားချမ်းသာသော ပုဂ္ဂိုလ်ဟူ၍ မတွေ့ခဲ့ဖူးပါ။ ညဉ့်နက်ပိုင်း ရောက်လာတော့ မောင်ဦး၏ ဖဲလက်က ကျရှုံးပြလာခဲ့လေပြီ။

ညဦးပိုင်းက အနိုင်ရထားသော ပိုက်ဆံများသည် တဖြည်းဖြည်း တစ်ပွဲ ပြီးတစ်ပွဲ ရှုံးနိမ့်ကာ မိုးလင်းပိုင်းရောက် လာသောအခါ မောင်ဦးမှာ အဆိုးဆုံး အခြေအနေသို့ ရောက်ရှိခဲ့လေ၏။ မနက် လေးနာရီထိုးချိန်ရောက်တော့ မောင်ဦး လက်ထဲ၌ ပိုက်ဆံဆို၍ လက်ဖက်ရည် ဖိုးပင် မရှိတော့ပါ။ ညီဖြစ်သူ မောင်ထွန်း အုံ့ဆံမှ ခေတ္တခဏချေးယူထားသော ငွေကျပ် နှစ်သိန်းက အကြွေးစာရင်းအဖြစ် ကျန်[illegible] နေ၏။



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို ... အခု အစ်ကိုယူထားတဲ့ ငွေတွေက ကျွန်တော့်ကိုယ်ပိုင်ငွေ မဟုတ်ဘူး။ ကျွန်တော့်ယောက္ခမရဲ့ငွေတွေ။ ဒီငွေတွေက တစ်ပတ်အတွင်း ပေါင်ထားတဲ့ လက်ဝတ်ရတနာတွေ ပြန်ရွေးဖို့ စုထားတာ။ မရွေးနိုင်ရင် လက်ဝတ်ရတနာတွေ အဆုံးခံရတော့မှာ သေချာတယ်။ အဲဒီ အစ်ကိုယူထားတဲ့ ဒီငွေတွေကို တစ်ရက်နှစ်ရက်အတွင်း ပြန်ရမှဖြစ်မယ်။ ဒီကိစ္စကို ယောက္ခမသိသွားရင် အစ်ကိုရော၊ ကျွန်တော်ရော ဒုက္ခရောက်နိုင်တယ်"

ဟု မောင်ထွန်းအုံက စိတ်မကောင်းစွာနှင့် ပြောသည်။

"အေးပါကွာ ... ဒီရက်အတွင်း အဆင်ပြေအောင် ငါစီစဉ်ပါ့မယ်"

ဟု မောင်ဦးက ခပ်တည်တည် ပြောဆိုသည်။ ထိုသို့ ဟန်မပျက်ပြောဆိုနေရသော်လည်း မောင်ဦး၏ ခေါင်းထဲ၌ မီးတောက်တမျှ ပူလောင်ဆူဝေနေ၏။ လောလောဆယ်တွင် ကျပ်နှစ်သိန်းငွေဖို့ အခွင့်အလမ်းများကို မောင်ဦး ကြံဆတွေးတော ရှာဖွေကြည့်မိ၏။ မည်သူ့ထံမှ ပံ့ပိုးကူညီမှုများ ရနိုင်မလဲဟု မျှော်လင့်ကြည့်သော်လည်း မောင်ဦးအဖို့ကား မိုးကောင်းကင်ကို လက်လှမ်းမမီသလို ဝေးကွာလွန်းလှနေလေ၏။

နောက်ဆုံးမှာတော့ မိမိအလုပ်လုပ်သည့် ဆန်ပွဲရုံပိုင်ရှင်ထံ တင်ပြအကူအညီတောင်းခံရကောင်းမလား။ တောင်းခံလျှင်ကော ငါ့အား ယုံကြည်စွာ ထုတ်ပေးပါ့မလား။ ပွဲရုံပိုင်ရှင်က အကူအညီမပေးခဲ့လျှင် ငါဘာလုပ်မလဲ။ စဉ်းစား၍မရဘဲ မောင်ဦး၏ခေါင်းထဲမှာ ကမ္ဘာကြီးပတ်ချာလည်နေတော့သည်။ မောင်ဦး ခေတ္တမျှ မျက်လုံးမှိတ်ထားရင်း တစ်စုံတစ်ခုကို တွေးတောကြံဆနေ၏။ မောင်ဦးမျက်လုံးတဲ့၌ ဆန်ပွဲရုံမှ ဆန်ရောင်းရငွေတွေကို မြင်ယောင်နေမိသည်။

ooo

ငွေသော်တာဆန်ပွဲရုံပိုင်ရှင် ဦးကျော်ထွန်းသည် နံနက် ၅ နာရီတွင် ပုံမှန်အိပ်ရာမှထပြီး မျက်နှာသစ်၊ ကိုယ်လက်သန့်စင်။ ပြီးလျှင် သူ၏ နေ့မပျက်အလုပ်က ဘုရားရှိခိုးခြင်းပင် ဖြစ်၏။ နံနက် ၆ နာရီထိုးလျှင် မိမိဆန်ဆိုင်တံခါးများကို ဖွင့်လှစ်၏။ ဆိုင်မျက်နှာစာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ပြုလုပ်၏။ ဆိုင်အတွင်း အမွှေးနံ့သာတိုင်များကိုလည်း ထွန်းညှိပူဇော်၏။ မိမိထိုင်နေကျ စားပွဲဗီရိုအား သန့်ရှင်းရေးပြုလုပ်ရန် ကြည့်လိုက်သည့်အခါ ဗီရို၏သော့မှာ ပျက်စီးနေကြောင်း တွေ့ရသည်။ ဦးကျော်ထွန်း ရင်ထဲမှာလည်း ဒိန်းခနဲ ထိတ်လန့်သွားသည်။ စားပွဲဗီရိုအတွင်း စစ်ဆေးကြည့်ရှုလိုက်တော့ ဆန်ရောင်းရငွေများ လုံးဝမရှိတော့ဘဲ ပျောက်ဆုံးနေသည်ကို တွေ့ရသည်။ ဖောက်ထွင်းသူသည် စားပွဲဗီရိုအော့ကို ရိုက်ချိုးဖျက်ဆီး၍ အတွင်းမှငွေများကို ယူဆောင်သွားခြင်း ဖြစ်သည်။ ကျပ်(၃)သိန်းကျော် ပါသွားလေ၏။

ဦးကျော်ထွန်းက ထိုဖြစ်စဉ်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားခဲ့ရာ အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော် ချက်ချင်းရောက်ရှိလာ၏။ ဖောက်ထွင်းခံရမှု အခြေအနေကို ကြည့်ရှုပြီးနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်လည်း မြို့နယ်ရဲစခန်းသို့ သွားရောက်၍ ဖောက်ထွင်းခံရမှုဖြစ်စဉ်သတင်းကို ပေးပို့ခဲ့သည်။

ထိုသတင်းတိုင်ကြားချက်ရသည်နှင့် အချိန်မဆိုင်းဘဲ မြို့နယ် ရဲစခန်းမှူးသည်။ ရပ်ကွက်အပိုင် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် တင်မောင်အေးနှင့် အဖွဲ့အား မှုခင်းဖြစ်ပွားရာ ဆန်ပွဲရုံသို့ စေလွှတ်လိုက်သည်။ ငွေသော်တာဆန်ပွဲရုံသို့ ရောက်ရှိလာရာ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်အေးက -

"ဦးလေး ဦးကျော်ထွန်း ... ဖြစ်စဉ်ကို ပြောပါဦး။ ဘယ်လိုအဖောက်ခံရတာလဲ"

"ဖြစ်စဉ်က မနက် ၆ နာရီလောက်မှာ ဦးလေးဆိုင်ဖွင့်ပါတယ်။ ဆိုင်ရှေ့အမှိုက်လှဲတယ်။ ပြီးတော့ ဆိုင်အတွင်း အမွှေးတိုင်ထွန်းညှိပူဇော်တယ်။ အဲဒီနောက် ဦးထိုင်နေကျ စားပွဲဗီရိုကိုကြည့်လိုက်တော့ သော့ပျက်စီးနေတာ တွေ့ရတယ်။ ဗီရိုထဲမှာထားတဲ့ ဆန်ရောင်းရငွေတွေကို ကြည့်လိုက်တော့ မနေ့ကထားတဲ့ ငွေ(၃)သိန်းကျော် မရှိတော့ဘူး။ ဗီရိုသော့ကို သံတုတ်နဲ့ ကလန့်ဖွင့်ထားတာ သော့ခလောက်ပျက်စီးနေတာတွေ့ရတယ်"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်အေးနှင့် အဖွဲ့ဝင်များက မှုခင်းဖြစ်ပွားသည့် ဆိုင်အတွင်း နေရာအနှံ့လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ ပျက်စီးနေသော စားပွဲဗီရို၊ သော့ခလောက်စသည်တို့ကို မှတ်တမ်းဓာတ်ပုံရိုက်ခြင်း၊ မှတ်တမ်းယူခြင်းတို့ကို ရဲလုပ်ထုံးလုပ်နည်းများအရ အပြည့်အစုံ ပြုလုပ်ကြသည်။ ဖောက်ထွင်းမှုနှင့်စပ်လျဉ်း၍ မည်သည့်သဲလွန်စကိုမျှ မတွေ့ရပါ။ သို့သော်လည်း စားပွဲဗီရိုနှင့် မလှမ်းမကမ်းရှိ ဆန်အိတ်ပုံပေါ်တွင် လက်ပတ်နာရီတစ်လုံးကိုတွေ့ရသည်။ ထိုနာရီကို ရှာဖွေပုံစံတွင် ရေးသွင်း၍ သိမ်းယူခဲ့သည်။ ထိုသို့ ရဲလုပ်ငန်းစဉ်များကို လုပ်ဆောင်နေစဉ် ရပ်ကွက်လူကြီးများနှင့် ဦးကျော်ထွန်းတို့ မိသားစုဝင်များက စောင့်ကြည့်နေကြသည်။ ဆိုင်အတွင်း ကြည့်ရှုစစ်ဆေးပြီးသောအခါ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်အေးက -

"ရပ်ကွက်လူကြီးများ တွေ့[illegible]



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း မှုခင်းနဲ့ပတ်သက်တဲ့ သက်သေခံ ပစ္စည်း ဘာတစ်ခုမှ မတွေ့ရဘူး။ ဒီတော့ ဒီအိမ်မှာ လူဝင်လူထွက် ဘယ်သူရှိသလဲ''

ဦးကျော်ထွန်း၏ဇနီး ဒေါ်ငွေစိန်က

''အစ်မကြီးတို့က ဆန်ဆိုင်ဆိုတော့ ဆန်ဝယ်လာတဲ့လူတွေတော့ ရှိတာပေါ့''

ဟု ဆို၏။

''အခုတလော ၃-၄ ရက်အတွင်း ဆွေမျိုးထဲကဖြစ်စေ၊ ဧည့်သည်ဖြစ်စေ လာတဲ့လူ ရှိသလား''

''၃-၄ ရက်အတွင်း ဘယ်သူမှ မလာဘူး။ ဆိုင်မှာအလုပ်လုပ်တဲ့ အလုပ်သမားသုံးယောက်တော့ရှိတယ်''

''သူတို့က ဘယ်သူတွေလဲ''

''မောင်ဦးရယ်၊ မာဒင်ရယ်၊ ပြီးတော့ ကိုမောင်မြတို့ပါပဲ''

''ဒါဆိုရင် ဦးကျော်ထွန်းနဲ့ အစ်မကြီးတို့ ဒီမှာတွေ့ထားတဲ့နာရီကို သေချာစွာ ကြည့်စမ်းပါ။ ဘယ်သူပတ်တဲ့နာရီ ဖြစ်နိုင်မလဲ၊ အလုပ်သမားထဲက နာရီပတ်တဲ့သူ ရှိသလား''

ထိုစဉ် ဒေါ်ငွေစိန်က -

''ဦးကျော်ထွန်း ... ရှင်စဉ်းစားကြည့်ပါဦး။ ကျွန်မတော့ , ဒီနာရီမျိုး မောင်မာဒင် ဝတ်တာ တွေ့မိသလိုပဲတော့''

ဟု ပြော၏။

''ကဲ ... ဒါဆိုရင် အလုပ်သမားသုံးယောက်ကို ခေါ်မေးလိုက်ရင် အဖြေမှန်ပေါ်လာမှာပါ။ သူတို့ဘယ်မှာနေကြသလဲ''

''သူတို့က တိုက်ကြီးရပ်ကွက်မှာ နေပါတယ်''

''ဒါလောက်သိရရင် လမ်းစတွေ့ရပါပြီ။ ဦးကျော်ထွန်းနဲ့ အစ်မကြီးတို့က အခြေအနေထူးခြားရင် ချက်ချင်း စခန်းကို သတင်းပို့ပါ။ အမှုမှန်ပေါ်အောင် လုပ်ရမှာပဲ။ ဒုစရိုက်သမားရဲ့ ပြေးလမ်းက တိုတိုလေးပါ။ ရပ်ကွက်လူကြီးမင်းများကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဆက်လုပ်စရာရှိလို့ ခွင့်ပြုပါဦးခင်ဗျာ''

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်အေးနှင့်အဖွဲ့လည်း ရပ်ကွက်လူကြီးများကို နှုတ်ဆက်စကားဆိုပြီး ဆန်ပွဲရုံမှ ပြန်ထွက်လာခဲ့သည်။

၀ ၀ ၀

မာလာမြိုင်မြို့နယ် ရဲစခန်း ...။

အချိန်ကား နံနက်(၀၈း၃၀)နာရီ။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်အေးသည် ရုံးခန်းထဲ၌ တာဝန်ကျ ... ကြပ်ကြီးလှမိုးနှင့်အတူ ထိုင်၍ အမှုကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးနေကြသည်။ ထိုအချိန်တွင် ရဲတပ်သားလှဝင်း ဝင်လာပြီး သတင်းပို့သည်။

''ဆရာ ... တိုက်ကြီးကုန်းမှ မာဒင်ဆိုသူ ရောက်လာပါပြီ''

''ရုံးခန်းထဲခေါ်ခဲ့ကွာ''

မာဒင်ရုံးခန်းထဲဝင်လာပြီး စားပွဲရှေ့မှခုံတွင် ဝင်ထိုင်လိုက်၏။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်အေးက မာဒင်၏ တစ်ကိုယ်လုံးကို စူးစိုက်အကဲခတ်လိုက်ပြီးနောက်-

''မင်းနာမည်က မာဒင်လား''

''ဟုတ်ပါတယ်ဆရာ''

''ကျောင်းပညာ ဘယ်အထိ သင်ခဲ့လဲ''

''အဋ္ဌမတန်းအထိ သင်ခဲ့ပါတယ်''

''အခု ဘယ်မှာအလုပ်လုပ်သလဲ''

''ငွေသော်တာ ဆန်ပွဲရုံမှာ လုပ်ပါတယ်''

''မင်းနဲ့အတူတူ ဘယ်သူတွေလုပ်သေးလဲ''

''ကျွန်တော်နဲ့ မောင်ဦးရယ် ...၊ ကိုမောင်မြရယ် လုပ်ပါတယ်''

''ကဲ ... ဟုတ်ပြီ။ ငါမေးတာကို မှန်မှန်ပြောပါ။ မှန်တာပြောရင် မှန်တာဖြစ်မယ်။ လိမ်ညာပြောရင် ဒုက္ခရောက်မယ်''

''ဒီမှာကြည့်စမ်း။ ဒီနာရီဟာ မင်းနာရီလား မှန်မှန်ပြောပါ''

မာဒင်က ခေါင်းခါ၍ ငြင်းဆန်သည်။

''ဒီနာရီက ကျွန်တော့်နာရီမဟုတ်ဘူး။ မောင်ဦးနာရီပါ''

''ဒါဆို မောင်ဦး အခုဘယ်မှာနေသလဲ''

''ဟိုတစ်နေ့က သူ့ဘကြီးဆုံးသွားလို့ သပြေပင်ရွာကို ပြန်သွားတယ်''

''မောင်ဦး သပြေပင်ရွာကိုပြန်သွားတာ သေချာတယ်နော်''

''သေချာပါတယ်''

''ဟေ့ ... တပ်သားကျော်မြင့် မာဒင်ကို ခဏအနားယူပါစေ။ ပြန်ခေါ် သွားတော့''

မာဒင်လည်း တပ်သားကျော်မြင့် ခေါ်ရာသို့ လိုက်ပါသွားလေ၏။

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်တင်မောင်အေးသည် သပြေပင်ရဲကင်း တာဝန်ခံထံသို့ Hand Phone ဖြင့် ဆက်သွယ်၍ မှုခင်းအခြေအနေကို ပြောပြီး မောင်ဦးအား စုံစမ်းဖမ်းဆီးပေးရန် အကူအညီတောင်းခံလိုက်လေ၏။

ထိုနေ့ နေ့လယ်(၁)နာရီတွင် သပြေပင်ရဲကင်းမှ ဆန်ပွဲရုံဖောက်ထွင်းမှုနှင့် စပ်လျဉ်း၍ အလိုရှိနေသော မောင်ဦးအား မြို့နယ်ရဲစခန်းသို့ သပြေပင်ရဲကင်းမှ ကိုယ်တိုင် လာရောက်ပို့ဆောင်ပေးသည်။ စခန်းသို့ရောက်လျှင်ရောက်ချင်း ပင် နယ်ထိန်းခေါင်းဆောင် တင်မောင်အေးနှင့်အဖွဲ့က မောင်ဦးအား စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"မင်းနာမည်က ..."

"မောင်ဦးပါ"

"မင်းအခု ဘယ်မှာနေလဲ"

"တိုက်ကြီးကုန်းမှာပါ"

"မင်း အခု ဘယ်မှာ အလုပ်လုပ်သလဲ"

"ကျွန်တော် ငွေသော်တာပွဲရုံမှာ လုပ်ပါတယ်"

"မင်း သပြေပင်ရွာမှာ ဘာတွေ လုပ်ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ငါတို့အားလုံး သတင်းရပြီးပြီ၊ မင်းနဲ့ အတူ တူလုပ်တဲ့ မာဒင်နဲ့ ကိုမောင်မြတို့ကိုလည်း စစ်မေးပြီးဖြစ်တယ်။ မေးတာကို မှန်မှန် ဖြေဆိုပါ။ လိမ်ညာဖို့ မကြိုးစားပါနဲ့"

မောင်ဦးမှာ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး၊ မကြုံဖူးလို့ အတော်ပင် တုန် လှုပ်ထိတ်လန့်နေသည်။ မောင်ဦးက အရက်မသောက်သည့်အခါ စကားများ များ ပြောလေ့မရှိ၊ အေးအေးပင်နေတတ် သည်။ အရက်သောက်ပြီးလျှင်တော့ အာ သွက်လျှာသွက် စကားပြောတတ်သည်။

"မောင်ဦး ... ဒီမှာကြည့်စမ်း။ ဒီ နာရီဟာ မင်းနာရီမဟုတ်လား။ မှန်မှန် ပြောနော်"

"ဟုတ် ... ဟုတ်ပါတယ်"

"မင်းဒီနာရီ ဘယ်မှာထားခဲ့သလဲ"

"ကျွန်တော် ဘယ်မှာထားမိခဲ့မှန်း မသိတော့ပါဘူး"

"ဒီနာရီက လုံခြုံစွာ သော့ခတ်ပြီး ထားတဲ့ ဆန်ပွဲရုံထဲကို ဖြေထောက်ပေါက်ပြီး ရောက်မလာနိုင်ဘူး။ မင်း အသုဘ အိမ်ဖဲဝိုင်းမှာ ဖဲရှုံးပြီး အကြွေးနှစ်သိန်း ကျော်တင်ခဲ့တယ်လို့ မင်းနဲ့ ဖဲအတူတူ ကစားခဲ့တဲ့ ဖဲသမားတွေဆီက ငါတို့ သတင်းရပြီးပြီ။ အဲဒီ ဖဲအကြွေးနှစ်သိန်း ကလည်း မင်းနဲ့ညီဝမ်းကွဲတော်စပ်တဲ့ ထွန်းအုံထံက ယူထားတဲ့ ကြွေးပူဖြစ်နေ တယ်လို့ သိထားတယ်။ အဲဒီတော့ ... အကြွေးနှစ်သိန်းပြန်ဆပ်နိုင်ဖို့အတွက် မင်းဆန်ပွဲရုံကို ဖောက်ထွင်းပြီး ငွေသုံး သိန်းကျော်ကို ယူပြေးသွားကြောင်း ဒီ နာရီလေးက သက်သေခံပြနေတယ်။ မင်း ဘာပြောဦးမလဲ"

နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် တင်မောင်အေးက တစ်ဖက်လူအတွက် ရှောင်ထွက်လို့မရအောင် ပိတ်ဆို့ပြီး အထပ်ထပ်ကာရံ၍ မေးထားသော မေး ခွန်းများက မောင်ဦးအတွက် ထွက်ပေါက် မရှိအောင် ဖြစ်နေလေသည်။

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော် အမှန် ကို ဝန်ခံပါတယ်။ ဖဲဝိုင်းမှာ ဖဲရှုံးပြီး တင်ရှိ ခဲ့တဲ့ အကြွေးနှစ်သိန်းက အရေးတကြီး ပြန်ဆပ်ရမှာ ဖြစ်နေတယ်။ ရပေါက်ရ လမ်းကလည်း ဘယ်လိုမှ အဆင်မပြေ ဘူး။ နောက်ဆုံးမှာတော့ သေချာပေါက် ငွေရရှိနိုင်မယ့် ဆန်ပွဲရုံကို ဖောက်ဖို့ ဆုံး ဖြတ်ချက် ချလိုက်တယ်"

"ဘယ်လို ဖောက်ထွင်းခဲ့တာလဲ"

"အဲဒီညက လမိုက်ညလည်းဖြစ် တယ်။ မိုးကလည်း တဖွဲဖွဲရွာနေတယ်။ အိမ်နောက်ဘက် ခြံတိုင်ကြားကဝင်ခဲ့ပြီး အိမ်နောက်ဘက်ထွက်တဲ့ တံခါးကို တွန်း ကြည့်လိုက်တော့ တံခါးက ချက်မမိလို့ ပွင့်လာတယ်။ အဲဒီအပေါက်ကဝင်လိုက် ပြီး ငွေတွေသိမ်းဆည်းထားတဲ့ စားပွဲဗီရို က သော့ခလောက်ကို သံတုတ်တစ် ချောင်းနဲ့ ကလန့်လိုက်တော့ ဗီရိုသော့ ခလောက် ပျက်စီးသွားတယ်။ တံခါးဖွင့် ပြီး အထဲက ငွေကျပ်သုံးသိန်းကျော်ကို ယူပြီး နောက်ဘက်တံခါးပေါက်ကပဲ ပြန် ထွက်ခဲ့တယ်။ တံခါးကိုလည်း ပြန်ပိတ် ထားခဲ့တယ်။ ညတွင်းချင်းပဲ သပြေပင် ရွာကို ပြန်လာခဲ့တယ်၊ အဲ ... ဒီနေ့ ၁၁ နာရီမှာ ရဲကင်းကလာဖမ်းတာ ခံရတာပဲ"

မောင်ဦးလည်း အမှန်ကိုဝန်ခံလိုက် ပြီး ဖြစ်စဉ်များကို ပြောချလိုက်ရသော ကြောင့် ရင်ထဲမှာ ပေါ့သွားသလို ခံစားနေ ရသည်။

"ဒီမှာ မောင်ဦး၊ မင်းအခုလို ဝန်ခံ ထွက်ဆိုတဲ့အတွက် ကျေးဇူးတင်တယ်။ ဒါပေမဲ့ စိတ်ထဲမှာတော့ မကောင်းပါဘူး။ ဖဲရိုက်ခြင်း၊ ခလောင်းကစားပြုလုပ်ခြင်း၊ နှစ်လုံးထီထိုးခြင်း စတဲ့ ဒုစရိုက်လုပ်ငန်း တွေဟာ လောဘ၊ ဒေါသတွေ ဖုံးလွှမ်း နေပြီး လူ့ရဲ့ကိုယ်ကျင့်တရားနဲ့ စိတ်ဓာတ် ကို ပျက်စီးစေပါတယ်။ လောဘ၊ ဒေါသ ဆိုတဲ့ တရားဆိုးတွေဟာ လူကို ကောင်း ကျိုးမပေးဘဲ မကောင်းကျိုးကိုသာ ပေး တတ်တယ်။ မင်းတို့လို လူငယ်တွေရဲ့ လှပသစ်လွင်တဲ့ ဘဝတွေကို မည်းညစ် ဆိုးသွမ်းစေပါတယ်။ ကျူးလွန်မိတဲ့ ပြစ်မှု အတွက် ဥပဒေကချမှတ်တဲ့ ပြစ်ဒဏ်ကို ခံယူပါ။ ပြစ်ဒဏ်မှ လွတ်မြောက်လာတဲ့ အခါ စိတ်သစ်လူသစ်နဲ့ ဘဝသစ်ကို ထူ ထောင်ပါ။ အမှားကိုသိတဲ့ အချိန်ကစပြီး ပြုပြင်ရင် နောက်ကျတယ်ဆိုတာ မရှိပါ"

ဟု နယ်ထိန်းဒုရဲအုပ်တင်မောင် အေးက အားပေးစကားပြောကြားပြီး စစ် ဆေးမှုကို ရပ်နားလိုက်သည်။ ထိုအခါ ရဲတပ်သားတစ်ဦးက မောင်ဦးအား ဆွဲ ခေါ်သွားကာ အချုပ်ခန်းထဲသို့ သွင်းလိုက် ပါတော့သည်။ မောင်ဦးမှာ မိမိပြုခဲ့သည့် အပြစ်ဒဏ်ခံရမည်ကို တွေးမိရင်း ဝမ်း နည်းကြေကွဲလျက် နောင်တကြီးစွာရမိပြီး မျက်လုံးအိမ်မှ မျက်ရည်များ ပိုးပိုးပေါက် ပေါက် ကျဆင်း၍ လာပါတော့သည်။

ဒုစရိုက်ဘေး ကင်းစင်ဝေး ငြိမ်း အေးကြပါစေ ...။

---

မောင်ထည်ဝါ(ပျော်ဘွယ်)

---



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာနိမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

**ဒေါက်တာစောယုနွယ်**



ယ်ဆိုတော့…
မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို
ဘာ့ကိုမှ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင်
ပုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို
တင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွေ့တာပါပဲ။
ပြုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ
စ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊
စ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း
ရတတ်ပါတယ်။
အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ပုံးကားကို
စ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာ
မှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း
စ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံ
မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ
ပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်…

အမှတ်(၂၀၅/က)၊
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



# တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်းတာလေးတွေ သက်သာပြီး ပျော်ရွှင်စရာလေးတွေ ကြုံတွေ့လာနိုင်ပါတယ်။ ဆွေမျိုးသားချင်းထဲက မင်္ဂလာပွဲတစ်ခု ကြုံရတတ်တယ်။ စေ့စပ်မင်္ဂလာ ပြုလုပ်ရတတ်တယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ စီးပွားသိသိသာသာ တက်မယ်။ သိကြားမင်းလိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက်အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ အမှုအခင်းများနှင့် ကြုံရတတ်သော်လည်း စိုးရိမ်စရာမရှိပါ။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ သေနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း ကျန်းမာရေးညံ့ခြင်း၊ နူးနား၊ ဒုက္ခပေးခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဖွာင်း(၁)ညွှန့်၊ ကံ့ကော်(၁၅)ညွှန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

## ကံကောင်းသောရက်

ကြာသပတေး၊ အင်္ဂါ

## ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

## ကံကောင်းသောနံပါတ်

၅၃၊ ၃၅၊ ၅၄၊ ၃၂

## အထူးသတိပြုရန်

ယခုလအတွင်း ထောင်ဝင်စာ မတွေ့ရ၊ လှူနာမေးခြင်း၊ အသုဘပို့ခြင်းများ မပြုလုပ်ရပါ။

## ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း ဆီထမင်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ငွေအစုလိုက် အပုံလိုက် ရလိမ့်မယ်။ အလုပ်မှသော်လည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်တယ်။ ယခုကာလတွင် အိမ်နေရာ၊ အလုပ်နေရာ ပြောင်းရတတ်တယ်။ ငွေကြေးအခက်အခဲလည်း ဖြစ်တတ်တယ်။ ဘာပဲလုပ်လုပ် နှစ်ခါပြန်လုပ်ရခြင်း။ အခက်အခဲတွေ့ပြီးမှ အောင်မြင်တတ်တယ်၊ အိမ်သုံးပစ္စည်းများ ဝင်တတ်တယ်။ ဘုရားဆင်းတုတော်၊ မြတ်စွာဘုရားရဲ့ ဆံတော်တွေ၊ ရဟန္တာတွေ ကြွလာတတ်တယ်။ မိမိအိမ်မှာ ရှိနေတဲ့ စက်ပစ္စည်းတွေ လဲလှယ်ခြင်း၊ ထွက်နေတဲ့ စက်ပစ္စည်းတွေ ပြန်ဝင်တတ်တယ်။ ငယ်ရွယ်သူများ အချစ်ရေးမှာ ပြဿနာ ဖြေရှင်းရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့လည်း အဆင်မပြေ ဖြစ်တတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေလက်မှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ကားမှတ်တိုက်မိတတ်တယ်။ ယာဉ်အန္တရာယ် သတိထားပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တနင်္ဂနွေကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၁)ညွန့်၊ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ငြုပ်ရွက်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၆၄၊ ၄၂၊ ၄၆

**အထူးသတိပြုရန်**

ယခုကာလအတွင်း အိမ်သစ်ဝယ်၍ ရသော်လည်း အိမ်မပြောင်းပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များတွင် သရက်သီးနှင့်ပြုလုပ်ထားသောမုန့်ကို လှူပေးပါ။

လူစည်ကားသောနေရာတွင် သောက်ရေသန့်များ လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းနေပါတယ်။ မရသေးတာတွေ ရလာလိမ့်မယ်။ ရပြီးသားပစ္စည်းတွေလည်း တိုးပွားလာလိမ့်မယ်။ အလှူအတန်းကိစ္စတွေလည်း ပြုလုပ်ရတတ်တယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ မိမိ၏အလုပ်မှလည်းကောင်း၊ ထီပေါက်၍သော်လည်းကောင်း ဝင်လာတတ်ပါတယ်။ လက်ရှိအခြေအနေထက် အဆပေါင်းများစွာ စီးပွားတက်လိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လူမျိုးခြား နိုင်ငံခြားနှင့် ပတ်သက်သော ကိစ္စများ အကျိုးပေး အောင်မြင်လိမ့်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင်တော့ လုပ်ငန်းတွေ အများကြီး တိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရှေ့ထွက်ခြင်း၊ ရှေ့အတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ရှေ့ထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက် အဟောင်း မဝယ်သင့်ပါ။ ဆွေမျိုးအကြီးအကဲနှင့် ပတ်သက်ပြီး ကျန်းမာရေးညံ့တဲ့သတင်းတွေလည်း ကြားရတတ်ပါတယ်။ သက်ကြီးရွယ်အိုထဲမှ တနင်္ဂနွေ ဗုဒ္ဓဟူး အမည်ပါတဲ့လူတွေရှိရင် တခြားကို ခဏရွှေ့ထားလိုက်ပါ။ လက်အောက်ငယ်သား တပည့်သားသမီးနဲ့ ပတ်သက်ပြီး စိတ်ပူပင်ရတတ်တယ်။ ဒီကာလမှာ မိမိလုပ်ငန်းတွေကို အင်နဲ့အားနဲ့ တိုးချဲ့ပြီး လာသမျှစီးပွားရေးတွေကို ငြင်းမလွှတ်ဘဲ တိုးချဲ့လုပ်ကိုင်သင့်ပေမယ့် ဖြတ်လမ်းနည်းတော့ မလိုက်ပါနှင့်။ ဆုံးရှုံးမှုတွေ တွေ့ရတတ်ပါတယ်။ လက်ရှိလုပ်နေတဲ့ အလုပ်က ကောင်းနေပေမယ့် ထပ်ပြီးတိုးချဲ့လုပ်ပါ။ ဒါပေမဲ့ တခြားအလုပ်ပြောင်းပြီး မလုပ်ပါနှင့်။ ပြည်ပခရီးသွားရကိန်းရှိတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ လာဘ်ရွှင်နေပေမယ့် ကျန်းမာရေး ဂရုစိုက်ပါ။ ဝမ်းဗိုက်နဲ့ ဦးခေါင်းပိုင်း ဖောက်ပြန်ပေးတတ်တယ်။ မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ကနုတ္တခန်ထီးဖြူ(၁)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| |
|---|
| **ကံကောင်းသောရက်** |
| တနင်္လာ၊ စနေ |
| **ညံ့သောရက်** |
| တနင်္ဂနွေ ဗုဒ္ဓဟူး |
| **ကံကောင်းသောနံပါတ်** |
| ၂၁၊ ၂၇၊ ၇၂၊ ၇၆ |

### အထူးသတိပြုရန်

မိမိအိမ်အနီးတွင် ကလေးတစ်ယောက် ရေနစ်သောနိမိတ်တွေ့ပါကလည်းကောင်း၊ အရူးတစ်ယောက် ကခုန်သောနိမိတ်တွေ့ပါကလည်းကောင်း သင့်ထံ ဝင်လာစရာရှိသော လာဘ်လာဘများ၊ လုပ်ငန်းများ နှောင့်နှေးတတ်သောကြောင့် ကျွန်ုပ်နှင့် လာရောက်တွေ့ဆုံလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ငွေထီး ၉ လက်နှင့် ဆွမ်းကို ငွေပန်းကန်နှင့်ထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စိတ်ပူပန်စရာလေးတွေ၊ စိတ်သောကဖြစ်စရာလေးတွေ အနည်းငယ် ဖြစ်တတ်ပါတယ်။ ကိုယ်စိတ်ကူးထားတာကတခြား၊ ဖြစ်လာတာက တခြား ကြုံတွေ့ရတတ်ပါတယ်။ ရှိနေသော ပစ္စည်းများကို ထုခွဲရောင်းချသည်အထိ ငွေကုန်ကြေးကျ များတတ်သည်။ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ် လာတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ အိမ်တွင် ကိုယ်ဝန် ဆောင်သည် ရှိပါက ဆေးရုံ၌ မွေးပါ။ အိမ်၌မွေးလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်း တစ်ခုခုသို့ ဝင်ရောက်ရခြင်းများ ပြုလုပ်ရ တတ်တယ်။ ယခုကာလတွင် နားချိန်မရလောက်အောင် အလုပ်ရှုပ်မယ်။ လွန်စွာ ပင်ပန်းနေလိမ့်မယ်။ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်တတ်တယ်။ အလျှုရက် မင်္ဂလာရက် ရွှေ့ရတတ်တယ်။ လူငယ်လူရွယ်များ မိန်းမနိုးခြင်း.ယောကျ်ားနှောက် လိုက်ခြင်းများလုပ်လျှင် ဆွေခန်းမျိုးခန်းပြတ် ဖြစ်ကုန်တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ခြေထောက်၊ ခါးတို့နှင့်ပတ်သက်၍ ဝေဒနာခံစားရတတ်တယ်။ မကောင်းသော အတတ်များနှင့်လည်း နှောင့်ယှက်ခြင်း ခံရတတ်တယ်။ ဒါကြောင့်လည်း၊ ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

BURMESE CLASSIC .com

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၃၃၊ ၃၇၊ ၇၃၊ ၇၅

**အထူးသတိပြုရန်**

မိမိအိမ်သို့ ငှက်၊ အတောင်ပါသော သတ္တဝါများ ဝင်လာသော နိမိတ်တွေ့ပါက ယာဉ်တိုက်မှုဖြစ်ခြင်း၊ ကျန်းမာရေးညံ့ခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ ယခုကာလအတွင်း အမှုအခင်းနှင့် ကြုံတွေ့ရတတ်တယ်။ အထူးဂရုစိုက်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**


မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့၌ ထမင်းပူပူပေါ်တွင် ထောပတ်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ဆန္ဒအတိုင်း အောင်မြင်ချင်သော ကိစ္စမှန်သမျှ ဉာဏ်၊ ဝီရိယ၊ လုံ့လ စိုက်ထုတ်ပြီး လက်တွေ့ဆောင်ရွက်လျှင် မိမိလိုချင်သော ကိစ္စအားလုံး အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီကာလဟာ သင့်အတွက် အောင်မြင်မယ့် ကာလဖြစ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြင်ဆင်မွမ်းမံခြင်း၊ ပြောင်းရွှေ့ခြင်းများ ပြုလုပ်ရတတ်တယ်။ လူလွတ်တွေအဖို့ အိမ်ထောင်ပြုရန် အကောင်းဆုံး အချိန်ဖြစ်ပါတယ်။ မိမိပတ်ဝန်းကျင်မှာလည်း ဩဇာရှိနေမယ်။ အမွေဆိုင် ပစ္စည်း၊ မြေ ရောင်းဖို့ ကြံရွယ်ထားရင် ခဏစောင့်ပါ။ ငွေစုရတာ လွယ်ကူနေပါလိမ့်မယ်။ အိမ်သစ်ရနိုင်တဲ့ ကာလဖြစ်ပါတယ်။ လုပ်ငန်းအသစ်ပေါ်ခြင်း(သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ ဝန်ထမ်းများအဖို့လည်း ရာထူးတိုးတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းများ တိုးချဲ့ရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ ဘုရားဖူးခရီး သွားရတတ်ယတ်။ ပြည်ပခရီးဝေးသွားဖို့ ကြံရွယ်ထားသူများလည်း ဒီအချိန်မှာ သွားရတတ်ပါတယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံရမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ သူခိုး၊ခိုးခံရတတ်တယ်။ သတိထားပါ။ သွပ်၊ သံ၊ သစ် စသော သောကြာနံ ပစ္စည်းများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန် ရတနာပစ္စည်းများ ဝင်လိမ့်မယ်။ မိသားစုအကြီးအကဲ၊ လုပ်ငန်းအကြီးအကဲတို့ကြောင့် စိတ်ညစ်ရတတ်တယ်။ အထူးသဖြင့် ဖခင် ကျန်းမာရေးညံ့တတ်တယ်။ အိမ်ထောင်သည်တွေအဖို့ မိသားစုနှင့် ခွဲခွာပြီး အလုပ်လုပ်ရသော ကာလဖြစ်ပါတယ်။ စက်ပစ္စည်း ဝယ်ရင်တော့ ဂရုစိုက်ပြီးဝယ်ပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှား ဖြစ်တတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ကိုယ်ခန္ဓာတွင် အဖုအပိမ့်များ ပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိ၏မွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီး ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ထန်း(၆)ညွန့်၊ အုန်း(၆)ညွန့်၊ ကြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၄၁၊ ၄၆၊ ၆၁၊ ၆၄

### အထူးသတိပြုရန်

မိမိအိမ်သို့ မုဆိုးဖို၊ မုဆိုးမများ လာရောက်တည်းခိုလျှင် မြေ-အမွေနှင့် ပတ်သက်ပြီး အမှုအခင်း ဖြစ်တတ်ပါတယ်။ ကိုယ်တိုင် ကားမောင်းခြင်း ဆင်ခြင်ပါ။

### ကံကောင်းပြီး-လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ရွှေသက်န်း ဆက်ကပ်လှူဒါန်းပေးပါ။ လပြည့်နေ့တိုင်း ဓာတ်ကြီးလေးပါးဆွမ်း ကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ညံ့ပေမယ့်လည်း လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလုပ်နေရာ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေဝင်နည်းပေမယ့်လည်း ငွေအနည်းငယ်တော့ ဝင်တတ်ပါသေးတယ်။ ဒါပေမဲ့လည်း စုလို့ဆောင်းလို့ ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ ရွှေထည်ပစ္စည်း ဒီအချိန်မှာ ပြန်ဝင်တတ်တယ်။ ခွဲခွာနေတဲ့ ဆွေမျိုးဟောင်း မိတ်ဆွေဟောင်းတွေနဲ့ ပြန်လည်တွေ့ဆုံတတ်ပါတယ်။ အိမ်မှ သားပျို၊ သမီးပျိုများ ရှိပါကလည်း အိမ်ထောင်ကျခြင်း၊ အိမ်မှခွဲထွက်ခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေလည်း ဖြစ်ပေါ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ ကိုယ့်လက်အောက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့်လည်း အဆင်မပြေ ဖြစ်တတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များ မိတ်ဆွေများနှင့် အဆင်မပြေ လမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်တဲ့ ဝေဒနာခံစားရတတ်တယ်။ အစာအိမ်နှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ အစာအိမ်ရောဂါ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| တနင်္လာ၊ ဗုဒ္ဓဟူး |

| အထူးသတိပြုရန် |
|---|
| မြောက်အရပ်ရှိ ရေလမ်းခရီး မသွားရ။ |

| ညံ့သောရက် |
|---|
| အင်္ဂါ၊ သောကြာ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံ့ရည်(၆)ခွက် လှူဒါန်းပေးပါ။ |

| ကံကောင်းသောနံပါတ် |
|---|
| ၂၄၊ ၄၂၊ ၄၆၊ ၆၄ |

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညံ့တတ်ပါသေးတယ်။ လုပ်... လုပ်ငန်းတွေမှာ အခက်အခဲ၊ အကြပ်အတည်းနဲ့ တွေ့ရပြီး အလုပ်အကိုင်တွေလည်း အဆင်မပြေမှုလေးတွေ ကြုံရတတ်ပါတယ်။ အထူးသဖြင့် အလုပ်အပြောင်းအလဲတွေကို ဒီကာလအတွင်း ဘာမှမလုပ်ပါနှင့်။ အထက်လူကြီးတွေကလည်း ကိုယ့်ကို မြင်... တတ်တယ်။ ကိုယ့်ကို မနှာလိုတဲ့သူတွေကလည်း ကိုယ့်ကို အပြစ်... လေလွင့် ပြောဆိုခံရတတ်တယ်။ ယခုရောက်ရှိနေတဲ့ အပိုင်းအခြား... ပြာသိုလများ ပါရင်တော့ ပိုပြီးဂရုစိုက်ပါ။ အလုပ်အကိုင် ငွေကြေးဝ... စိတ်ကောင်းလာဘ်ကောင်းဝင်ခြင်း၊ အချစ်ရေး ကံကောင်းခြင်း။ သင်သည် ယောက်ျားလေးဖြစ်ရင် ဇနီးကောင်း...တယ်။ သင်သည် အမျိုးသမီး ဖြစ်နေရင်တော့ သားသမီးကောင်းရတနာများ ထွန်းကားတတ်ပါတယ်။ ပြည်ပနဲ့ အဆက်...ယ်ကောင်း ရရှိပြီး ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူများ အောင်မြင်ပါလိမ့်မယ်။ မြေတစ်ကွက်လည်း ဝင်တတ်ပါသေးတယ်။ မြေကောင်း မြေသန့် ဖြစ်ပါတယ်။ ထိုမြေကွက်နဲ့ပတ်သက်ပြီးတော့ ငွေဝင်ကိန်း ရှိပါတယ်။ သင်တန်းတစ်ခု တက်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဝမ်းဗိုက်နဲ့ ပတ်သက်တဲ့ဝေဒနာ ခံစားရခြင်း၊ ခြေထောက်တွင် ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက် (၉း၄၅)နာရီတွင် တနင်္ဂနွေ ဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဖယောင်းတိုင်(၁)တိုင်ရှိနေ ကန်တော့(၁၅)ညွှန့်၊ ပ...(၁၈) ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၁၂၊ ၁၇၊ ၇၄၊ ၇၅

### အထူးသတိပြုရန်

ဒီကာလအတွင်းမှာ ရွှေငွေပေါင်နှံခြင်း၊ ချေးငှားခြင်း၊ အာမ...လုံးဝမပြုလုပ်ပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

ဓာတ်ပုံတွင် မိမိ၏ဓာတ်ပုံကပ်ပြီး ထီးမိုးကာ ဘီဒိုပေါ်တွင်...ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် ဘာလုပ်လုပ် ယောင်လည်လည် ဖြစ်နေတတ်တယ်။ ဘာလုပ်ရမှန်းမသိ စိတ်လေနေတတ်တယ်။ အရှုပ်အထွေး အမှုအခင်း အသေး အမွှားလေးတွေ ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ အမွေကိစ္စ၊ ခြံမြေ၊ အိမ်ယာ၊ မြေယာ တ[illegible]မှု[illegible]င်းများ ကြုံနေရင်တော့ အနည်းငယ် နှောက်ဆုတ်နေလိုက်ပါ။ ဒါပေမဲ့ စက်[illegible]ညှည်းတစ်မှုတော့ ဝင်လိမ့်မယ်။ မမျှော်လင့်ဘဲ စက်ရုံဆောက်ဖို့ကိစ္စ စပ်တူလုပ် ရလိမ့်မယ်။ လုပ်ငန်းသစ်လုပ်ဖို့ အဆက်အသွယ်ကောင်းတွေ ရတတ်တယ်။ အထူး သဖြင့် တနင်္ဂနွေသားသမီး၊ အင်္ဂါသားသမီးတွေက အကူအညီ ပေးတတ်တယ်။ စာချုပ်စာတမ်း လက်မှတ်ရေးထိုးဖို့ကိစ္စတွေ ပေါ်ပေါက်လာတတ်တယ်။ မသွားချင် သောခရီး၊ စိတ်ညစ်စရာခရီးတွေလည်း မကြာခဏ သွားနေရတတ်ပါတယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်ပြီး ငွေလိမ်ခံရတတ်ပါတယ်။ မိတ်ဆွေအပေါင်းအသင်းတွေနဲ့လည်း မမျှော်လင့်ဘဲ လမ်းခွဲရတတ်ပါတယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ကုံကော်(၂)ညွန့်၊ ဆီးညွှန့်(၈)ညွန့်(ဆူးဖြတ်)၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်သွားစေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

ကားပွတ်တိုက်မိနိုင်သောကြောင့် တနင်္လာသားသမီး၊ ကြာသပတေးသားသမီးများနှင့် ပူးတွဲ၍ ကားနံပါတ် (၂၊ ၅)ပါသော ကားစီးမိပါက အထူးဂရုပြု စီးစေလိုပါသည်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့နှင့် တနင်္ဂနွေနေ့တိုင်း ဆွမ်းပေါ်တွင် အုန်းသီးဖြူပြီး ဆွမ်းအုပ်နှင့်ထည့်၍ လှူဒါန်းပေးပါ။

www.burmeseclassic.com